မွေ့ရှံသီတာစဉ်(၃)

မိုးကုတ်၊ မန္တလေး၊ မုံရွာ မွေ့ရှံသီမိုးကုတ်ရိပ်သာကျောင်းတိုက်ကြီးများ၏
ဦးစီးပဓာန နာယက

နိုင်ငံတော် ကမ္မဋ္ဌာနာစရိယ ပြည်တွင်းပြည်ပသာသနာပြု ဓမ္မကထိက

# ဘဒ္ဒန္တ သုနန္ဒ

# ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပျောက်


## ပဋိစ္စသမုပ္ပါဒ် သင်တန်းတရားတော်





အရှင်ဇောတိသာရ(စဉ့်ကူး)
စီစဉ်ပူဇော်သည်


သစ္စာလိုလား ဓမ္မကထိကများအတွက် အထူးသင်တန်းပို့ချချ

GRAPHIC
NAY WINN AUNG
09906159?





ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး



**ပဓာနနာယက ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက**

မိုးကုတ်မြို့ ကူန်းမြင့်သာယာရပ်၊ ဓမ္မရုံသိရိပ်သာကျောင်းတိုက်

**ဘဒ္ဒန္တ သုနန္ဒ**

မိုးကုတ် မန္တလေး မုံရွာ
ဓမ္မရုံသီရိပ်သာကျောင်းတိုက်ကြီးများ၏
ဦးစီးပဓာနနာယက
နိုင်ငံတော်ကမ္မဋ္ဌာနာစရိယ
ပြည်တွင်းပြည်ပသာသနာပြု နယ်လှည့်ဓမ္မကထိက

# ဘဒ္ဒန္တသုနန္ဒ

# ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပျောက်
# ပဋိစ္စသမုပ္ပါဒ်သင်တန်း တရားတော်

သစ္စာလိုလား ဓမ္မကထိက ပုဂ္ဂိုလ်များအတွက်
အထူးသင်တန်းပို့ချချက်

အရှင်ဇောတိသာရ (စဉ့်ကူး)
စီစဉ်ပူဇော်သည်

# ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပျောက်
# ပဋိစ္စသမုပ္ပါဒ်သင်တန်းတရားတော်

## မာတိကာ

### ပထမနေ့ဟောစဉ်


| | |
|---|---|
| တရားအဖွင့် ပဏာမ | ၁ |
| သစ္စာသိမှ ဘုရားဖြစ်ရတယ် | ၂ |
| သစ္စာတရား ဘုရားဟောပါတယ် | ၆ |
| ပဋိစ္စသမုပ္ပါဒ် အခြေခံရသည့်မှတ် | ၇ |
| စက်ဝိုင်းဆိုတာ ခန္ဓာဉာဏ်ရောက် သာကေပါ | ၁၀ |
| ဗုဒ္ဓဘာသာအစ ပဋိစ္စသမုပ္ပါဒ်က | ၁၂ |
| အရိယာနယ်သို့ တက်လှမ်းတာ ဝိပဿနာပါ | ၁၄ |
| ဗုဒ္ဓဘာသာမှာပဲ ဝိပဿနာရှိတယ် | ၁၆ |
| ကုသိုလ်ပြုမှုနောက်ထား၊ ဒိဋ္ဌိဖြုတ်မှုရှေ့ထား | ၁၉ |
| အဝိဇ္ဇာ တဏှာပေါင်း ဆုတွေတောင်းခဲ့ကြတယ် | ၂၂ |
| အရေးကြီး ဝိဇ္ဇာ တဏှာ အလယ်ကောင်မှာ အနီးရောင်ခြယ်ပါ | ၂၅ |
| ဆုတောင်းနေတာ သစ္စာမသိလို့ပါ | ၃၀ |

ကုသိုလ်၊ အကုသိုလ် ရောခဲ့ကြတယ် ၃၃
ကုသိုလ်ပြုရင်း ဘုရားရှေ့မှာ လျှာရှည်တယ် ၃၆
ဆုတောင်းခြင်းသည် သမုဒယသစ္စာ ပွားနေ၏ ၄၀
မူလနှစ်ဖြာကြောင့် သစ္စာနှစ်ပါးနဲ့ လည်နေရ ၄၃

## ဒုတိယနေ့ ယောစဉ်

တရားအဖွင့်ပဏာမ ၄၈
သံသရာဟူသည် ၅၀
တစ်ယောက်တည်းလား၊ တစ်ပြုံကြီးလား ၅၃
ဆွမ်းတော်တင်တာကုသိုလ်၊ ဆုတောင်းရှည်တာအကုသိုလ် ၅၈
သဏ္ဍာန်တော်ဘုရားနဲ့ ဉာဏ်တော်ဘုရား ၆၁
ခန္ဓာကိုသာ ကိုင်ဟောပါ ၆၅
ပြုလုပ်ခဲ့သမျှဟာ အတိတ်ပါ ၆၈
သစ္စာသိပြီးမှ ကောင်းမှုလုပ်ကြပါ ၇၃
အလွှာဆိုတာ ခန္ဓာထဲမှာ ရှိသည် ၇၈
ကိုးကွယ်မှား ဒိဋ္ဌိကပ်က နိဗ္ဗာန်မရနိုင်ပါ ၈၂
နာမ်ခိုင်းစေရာ ရုပ်က လုပ်ရတာ ၈၆
သစ္စာသိပြီး လုပ်သမျှ သုခ ၉၀
နိဗ္ဗာန်လိုချင် သစ္စာသိအောင်လုပ်ပါ ၉၃

## တတိယနေ့ယောစဉ်

တရားအဖွင့်ပဏာမ ၉၇
ဒေသနာခွက် သင်္ကေတများ ၉၉
ဝမ်းထဲမှာ ဉာဏ်ဘုရားပွင့်ပါစေ ၁၀၃
အပါယ်ဆွဲချတာ ဒိဋ္ဌိပါ ၁၀၉
ဘဝသံသရာမြင်မှ သံဝေဂဉာဏ်ရ ၁၁၄

သံသရာနှစ်မျိုး ဉာဏ်နှစ်မျိုး ၁၂၀
သစ္စာမသိဘဲနဲ့ ရမ်းလုပ်တဲ့ကုသိုလ် ၁၂၃
ဘယ်ခန္ဓာရရ ဒုက္ခသစ္စာပါ ၁၂၈
ကံဆောင်တရားနဲ့ ဉာဏ်ဆောင်တရား ၁၃၃
သစ္စာမသိတဲ့ အလုပ်မှန်သမျှ ဆင်းရဲကြောင်း ၁၃၆
ကြောင်းကျိုးဉာဏ်ရှင်းမှ ဒိဋ္ဌိဝိစိကိစ္ဆာသေတယ် ၁၄၀


## စတုတ္ထနေ့ဟောစဉ်


တရားအဖွင့် ပဏာမ ၁၄၃
သံသရာကလွတ်ရာသိမ်းရာ နိဗ္ဗာန်သာ ၁၄၆
လမ်းစဉ်မှန်ရင် ပထမနိဗ္ဗာန်ရရမယ် ၁၄၉
ဒိဋ္ဌိသုံးဖြာ ဖြုတ်ပယ်စရာ ၁၅၃
ကိုယ့်အဆင့်အတန်း ကိုယ်သိပါ ၁၅၄
ကမ္မဿကတဉာဏ် အခြေခံ ၁၆၀
ကိုးကွယ်မှား အယူမှား စွန့်ပယ်ရှား ၁၆၅
ကြောက်လို့ကိုးကွယ် လိုချင်လို့ကိုးကွယ် ၁၆၉
လာဘ်လာဘတိုးတာ ကိုးကွယ်မှုနဲ့မဆိုင်ပါ ၁၇၂
မှားမှန်းသိလျှင် ရဲရဲပြင် ၁၇၅
စွဲလန်းပြီး လိုချင် အယူမှားဝင်ရသည် ၁၇၇


## ပဉ္စမနေ့ဟောစဉ်


တရားအဖွင့်ပဏာမ ၁၈၂
သီလ သမာဓိမျှသာ မတင်းတိမ်ပါနဲ့ ၁၈၃
ရဟန်းများလည်း တရားအားထုတ်ပါ ၁၈၆
ကိုယ့်အကြောင်း ကိုယ်သိအောင် ဟောပေးတဲ့တရား ၁၈၉
ခွေးလို နွားလို ကျင့်ပေမယ့် လာဘ်မရခဲ့ ၁၉၃

ပြိတ္တာ့ကိုးကွယ်ရင် ပြိတ္တာပဲဖြစ်မယ် ၁၉၆
ချစ်လို့ဟောတယ်မှတ်ပါ ၂၀၀
အိမ်ပေါ်တင်တော့ နတ်ကတော်
မောင်းထုတ်တော့ ကမ္မဝါစာ ၂၀၅
ဘုရားအယူ ယူရင် ဒိဋ္ဌိအယူ ပယ်ပါ ၂၀၉

## ဆဋ္ဌမနေ့ဟောစဉ်

တရားအဖွင့်ပဏာမ ၂၁၅
ဉာဏ်အမိ ဉာဏ်အဖ သတိရပါ ၂၁၉
အကုသိုလ်ရောရင် မသန့်ရှင်းတဲ့ ကုသိုလ်ပဲ ၂၂၂
အဖြူကံကလည်း ဆင်းရဲကျိုးပဲပေးတယ် ၂၂၄
ကံမှန်ရင် ခန္ဓာပဲ အကျိုးပေးသည် ၂၂၆
ဒါနသည် အားကိုးရာမဟုတ်ပါ ၂၂၉
မည်းသောအကျိုးပေးတဲ့ အမည်းကံ ၂၃၂
လှူတာ အဖြူကံ၊ ဆိုင်းတည့်တာ အမည်းကံ ၂၃၅
အဖြူ၊ အမည်း မရောမှ နိဗ္ဗာန်ရမည် ၂၃၈
ကံအားကိုးပါမှ တဏှာအစပ်ခံရသည် ၂၄၂
သားသမီးကို ခွေးတောင်မှ ချစ်တတ်တယ် ၂၄၅
စပ်မှာလား၊ ဖြတ်မှာလား ၂၄၉

## သတ္တမနေ့ဟောစဉ်

တရားအဖွင့်ပဏာမ ၂၅၄
သာဓုမခေါ်နိုင်တဲ့ဘဝ ၂၅၆
သံသရာချိန်ခွင်လျှာ အောက်စိုက်နေပြီ ၂၅၉
ဥပနိဿယအတိုင်းသာ ဟောပြပါ ၂၆၁
အာသန္နကံ အကုသိုလ်နဲ့ စပ်မိလျှင် ၂၆၅

ပြုလုပ်တာက ကမ္မ၊ အကျိုးပေးတာက ဘဝ ၂၆၈
ဝဋ်သုံးပါးနှင့် လည်ခဲ့ရပုံ ၂၇၆
ဒုက္ခမီးတောင် အမြဲလောင် ၂၇၉
အနှိပ်စက်ခံရတာ ခန္ဓာရဲ့အလုပ် ၂၈၄
သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ၂၈၈
ဉာဏ်သုံးမျိုးရလျှင် သောတာပန် ၂၉၂

## အဋ္ဌမနေ့ဟောစဉ်

တရားအဖွင့်ပဏာမ ၂၉၆
ဇရာဝင်အရွယ်ထောက်တော့ ၂၉၉
ဝဋ်ကောင်လေးနဲ့ ဝဋ်ကောင်ကြီး ၃၀၂
ခန္ဓာရပေမယ့် ဉာဏ်မရခဲ့ပါ ၃၀၆
ညစ်နွမ်းကြောင်းနဲ့ အချိန်ကုန်ခဲ့ကြ ၃၀၉
ညစ်နွမ်းကြောင်းလုပ်မှတော့ ဆင်းရဲကြောင်းပေါ့ ၃၁၂
အမြင်မှန်ရစေရာ မေတ္တာနဲ့သာ ဟောပေးပါ ၃၁၉
ကိုယ်ကျိုးမျှော် မတော်တရော် ဘုရားလှူနေကြ ၃၂၁
ခဏတာလူ့ဘဝ အနှစ်ရှိအောင် ကြိုးစားကြ ၃၂၆
သစ္စာသိမှ ဝဋ်ကျွတ်မယ် ၃၂၉

## နဝမနေ့ဟောစဉ်


တရားအဖွင့်ပဏာမ ၃၃၅
ကာလနှစ်ဖြာ သိဖွယ်ရာ ၃၃၇
ကာလက ဝါးမြိုစားသောက်ခဲ့တယ် ၃၄၁
နုံးမြေသာမြင် ကြက် မမြင်တဲ့ တီကောင်ပမာ ၃၄၄
ခန္ဓာကိုယ် အသုဘဂူ သတိမူစေချင် ၃၄၉
မာနခံက တရားထူးမရနိုင် ၃၅၂

ကလေးလိမ္မာမှ လူကြီးတရားမြန်မြန်ရ ၃၅၆
အတိတ်အကြောင်းဆိုတာ မမ္မပါ ၃၅၉
မွေးသေ သစ်ဟောင်း ဖြစ်ပျက် ကာလရဲ့လက်ချက် ၃၆၄
အဆိပ်ဗင်ခန္ဓာ မျိုးတွေပြန့်ပွားလာခဲ့ ၃၇၀

## ဒသမနေ့ဟောစဉ်

တရားအဖွင့်ပဏာမ ၃၇၅
ခန္ဓာပြောတာ ယုံလိုက်ပါ ၃၇၈
အစွဲဥပါဒါန် ကင်းပါစေ ၃၈၂
ခန္ဓာဉာဏ်ရောက်လျှင် ဥပါဒါန်ကင်းစင် ၃၈၅
အစွဲအလန်းနဲ့ လှူတဲ့ အလှူကြီး ၃၉၂
ရမ်းလုပ်တဲ့ ပုညာဘိသင်္ခါရ ၃၉၄
အဆိပ်မျိုးက အဆိပ်ပင်ပဲပေါက်မယ် ၃၉၉
အဖြူထဲမှာ အမည်းမရောပါနဲ့ ၄၀၁
သိမှ သံသရာ အဝိုင်းပြေးဓာတ် ရပ်မယ် ၄၀၄
သစ္စာနှစ်ပါးနဲ့သာ လည်ခဲ့တာ ၄၀၈
နိဗ္ဗာန်နန်းတော် ဉာဏ်ဖြင့်မျှော် ၄၁၂
အလှူရှင်များစာရင်း ၄၁၇

*



# နိဒါန်းကထာ ကျေးဇူးတင်လွှာ

သစ္စာလိုလား သူတော်စင်များလက်ဝယ် ရောက်ရှိလာသော ဤကျမ်းစာသည် (၁၅) နှစ်တာ ကာလအတွင်း မြန်မာပြည်အနှံ့ သာသနာပြု ဟောပြောပို့ချချက်မှ မှတ်တိုင်တစ်ခုဖြစ်သော ရန်ကုန်မြို့၊ အမှတ် (၈၂)၊ နတ်မောက်လမ်း၊ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၌ "သစ္စာလိုလား ရှင်လူများတွက်" အထူးပို့ချထားသော "နံနက်ပိုင်းသင်တန်း" တရားများ ဖြစ်ပါသည်။

ဤကျမ်းစာအုပ် ဖြစ်ပေါ်လာရေးအတွက် သဒ္ဓါအား၊ ဓမ္မအား၊ ဓနအား၊ လူအား၊ ဉာဏ်အား ဟူသော အားငါးပါးဖြင့် ဖြည့်စွမ်းခဲ့ကြသော စီစဉ်ရေးသားပူဇော်သူ အရှင်ဇောတိသာရ (စဥ့်ကူး)၊ စာမူဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြသော အရှင်စိန္တိတ နှင့် နည်းပညာတက္ကသိုလ် (အင်/ယာ ရူပဗေဒ)၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန (ရန်ကုန်) DCM မှ ဆရာမများ၊ ဒေါ်တင်သန္တာဇော်၊

ဒေါ်စမ်းမြင့်တင်၊ ဒေါ်ယဉ်မင်းပိုက်၊ ကွန်ပျူတာစာစီ **Dream City**၊ **Graphic Design** ကိုနေဝင်းအောင်၊ **Film** ကိုမျိုးညွန့်၊ ကျမ်းစာအုပ်ခန့်ညားသပ်ရပ်စွာ ဖြစ်ပေါ်ဘာရေးအတွက် စေတနာ သဒ္ဒါတရားထက်သန်စွာဖြင့် ရိုက်နှိပ်ပူဇော်ပေးသော "ဆုလာဘ်ပြည့် ပုံနှိပ်တိုက်" မိသားစု၊ မိုးကုတ်၊ မန္တလေး၊ မုံရွာ၊ ဓမ္မရံသီ မိုးကုတ်ဝိပဿနာပြန့်ပွားရေး သာသနာ့နုဂ္ဂဟ ပင်မ ဝေယျာဝစ္စ အဖွဲ့နှင့် "ဓမ္မရံသီစာစဉ်ပြန့်ပွားရေး" ဓမ္မဒါန မတည်အလှူရှင်များ အပါအဝင် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား အထူးပင် ကျေးဇူးတင်ပါကြောင်းနှင့် "ငါကောင်းစားရေးဝါဒကို စွန့်လွှတ်နိုင်ပြီး မြင့်မြတ်သူတို့ရဲ့ နှလုံးသားဖြင့် လောကကြီးကို အလှဆင်နိုင်ကြပါစေ" ဟု ဆန္ဒပြုလျက်–

ဘဒ္ဒန္တ သုနန္ဒ
ဓမ္မရံသီဆရာတော်

## စာရေးသူ၏ ရင်တွင်းစကား

စာရှုသူ ဓမ္မမိတ်ဆွေများ ယခု လေ့လာမှတ်သားနေကြသော "ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပျောက် ပဋိစ္စသမုပ္ပါဒ်သင်တန်း တရားတော်" ကျမ်းစာမှာ မိုးကုတ်မြို့ ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရား ရန်ကုန်မြို့ အမှတ် (၈၂) နတ်မောက်လမ်း မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီးတွင် (၅-၇-၂၀၀၇)မှ (၁၄-၇-၂၀၀၇)အထိ (၁၀)ရက်တိုင်တိုင် သင်တန်းပေး ဟောကြားတော်မူခဲ့သော တရားတွဲဖြစ်ပါသည်။

စားရေးသူအနေဖြင့် မိုးကုတ်မြို့ ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရား၏ "ဗုဒ္ဓဘာသာ ငါးမျိုးနှင့် သစ္စာလေးပါး တရားတော်" ကျမ်းစာကို ၂၀၀၅ ခုနှစ်က ဓမ္မရံသီရိပ်သာမှာ တရားစခန်းဝင် တရားအားထုတ်ရင်း စီစဉ်ထုတ်ဝေခဲ့ပါသည်။ ယခု "ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပျောက် ပဋိစ္စသမုပ္ပါဒ်သင်တန်း တရားတော်" ကျမ်းစာကိုလည်း ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီးတွင် တရားအားထုတ်စဉ် စာရေးသူတို့အား သင်တန်းပေးပို့ချချက်များကို စီစဉ်ထုတ်ဝေလိုက်ရခြင်း ဖြစ်ပါသည်။

မိုးကုတ်မြို့ ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရားသည် ပရိယတ္တိ အကျော်အမော် အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးနှင့်

ပဋိပတ္တိအကျော်အမော် အမရပူရမြို့ မင်္ဂလာရိပ်သာ မိုးကုတ်ဆရာတော်ဘုရားကြီးတို့မှ မွေးထုတ်ပေးလိုက်သော သာသနာ့ဝန်ထမ်းကောင်းပီသစွာ ပရိယတ်ရော၊ ပဋိပတ်ပါ အခြေခိုင်ကျွမ်းကျင်ပိုင်နိုင်သော ပုဂ္ဂိုလ်မြတ်ဖြစ်ပါသည်။ မိုးကုဝ်မြို့ ဓမ္မရံသီ ရိပ်သာကြီးကို တည်ထောင်လျက် တရားစခန်းဖွင့်လှစ် ဟောကြားနည်းပြလျက်ရှိသလို မြန်မာပြည် အရပ်ရပ်သို့ မနားမနေ ကြွရောက်ဟောပြောလျက် တပည့်ယောဂီသာဝက မြောက်မြားစွာတို့၏ လေးစားကြည်ညိုမှု ရရှိကာ မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရားတော်များကို သဘောပေါက်နားလည်အောင် ဟောပြောပြသရာတွင် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်မြတ်လည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိ ပရိယတ္တိ သာသနာတော်သမိုင်းတွင် ကျေးဇူးတော်ရှင်မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး (အရှင်ဇနကာဘိဝံသ) ကို ချန်လှပ်ထားခဲ့လျှင် ပြည့်စုံလုံလောက်သည့် သမိုင်းတစ်ရပ်ဖြစ်လာမည် မဟုတ်ပါ။ ဆရာတော်ဘုရားကြီးသည် အမရပူရမြို့တွင် မဟာဂန္ဓာရုံကျောင်းတိုက်ဟူသော စံပြသာသနာ့ပျိုးခင်းကြီးကို စနစ်တကျ ပြုစုကာ သာသနာပြုပုဂ္ဂိုလ် အကျော်အမော် မြောက်မြားစွာ မွေးထုတ်ပေးခဲ့ပါသည်။ ပရိယတ္တိသာသနာတော်တစ်ရပ်လုံး အရှည်ခံ၍ တည်တံ့စေရန်အတွက် အခြေခံဖြစ်သော အခြေပြုသဒ္ဒါ၊ အခြေပြုသင်္ဂြိုဟ်၊ ကစ္စည်းဘာသာဋီကာ၊ သင်္ဂြိုဟ်ဘာသာဋီကာ၊ ပါတိမောက်ဘာသာဋီကာ စသော ကျမ်းစာများ၊ အဆင့်မြင့် ပါဠိတော် အဋ္ဌကထာဋီကာဖွင့် ဘာသာဋီကာကျမ်းစာများကို ရေးသားပြုစုတော်မူခဲ့ပါသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်အားလုံး သိရှိလေ့လာ မှတ်သားနိုင်ကြစေရန် ကိုယ်ကျင့်အဘိဓမ္မာ၊ ရတနာ့ဂုဏ်ရည်၊ ဘာသာသွေး၊ အနာဂတ်သာသနာရေး၊ ဗုဒ္ဓဘာသာသင်ခန်းစာ လက်စွဲကျမ်းစာများ၊ မဟာဗုဒ္ဓဝင် စသော ကျမ်းစာများကိုလည်း ရေးသားကာ သာသနာပြုတော်မူခဲ့ပါသည်။ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ ကျမ်းစာများ

က မျက်မှောက်ခေတ် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးအတွက် မီးရှူး တန်ဆောင်သဖွယ် အလင်းရောင်ပေးလျက်ရှိပါသည်။ သာသနာ့ ဝန်ထမ်း ရဟန်းသာမဏေများ၊ ဗုဒ္ဓဘာသာဝင် ဥပါသကာ၊ ဥပါသိကာမ များ အားလုံးတို့၏ အားထားမှီခိုရာ အဆောက်အအုံကြီးသဖွယ်လည်း ရှိနေပါသည်။ နောင်နှစ်ပေါင်းများစွာ သာသနာတော် တည်တံ့နေသမျှ ကာလပတ်လုံး အလင်းဆောင် ထောက်တည်ရာကို ပေးစွမ်းနေပါလိမ့် ဦးမည်။

ပဋိပတ္တိ အကျော်အမော် မိုးကုတ်ဆရာတော်ဘုရားကြီးမှာ ပဋိစ္စ သမုပ္ပါဒ် သစ္စာလေးပါး တရားတော်များကို ကိုယ်တော်တိုင် ကျင့်ကြံ အားထုတ်၍ ပိုင်နိုင်စွာ တရားထူး အသိမြတ် ရရှိတော်မူပြီးနောက် ရဟန်းရှင်လူ ယောဂီသူတော်စင်များအား နှစ်ပေါင်းများစွာ ဟောကြား ပြသ ချီးမြှင့်တော်မူခဲ့ပါသည်။ မှတ်တမ်းတင်ကျန်ရစ်သော တရားပွဲ ပေါင်းကပင် ၁၅၀၀ ကျော် ရှိခဲ့ပါ၏။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဟောဖော် ညွှန်ပြမှုဖြင့် သစ္စာလေးပါး တရားသိမြင်ကြကာ တရားတော်၏ အမြိုက်ရသကို ခံစားရရှိကြသည့် ပုဂ္ဂိုလ်များစွာ ပေါ်ထွန်းလာခဲ့သလို ဆရာတော်ဘုရားကြီး ခန္ဓာဝန်ချတော်မူသွားသည့် နောက်ပိုင်းမှာလည်း နိုင်ငံတကာနှင့် မြန်မာပြည်အနှံ့ မိုးကုတ်ဝိပဿနာ တရားစခန်းပေါင်း မြောက်မြားစွာ ပေါ်ထွက်လျက် ပဋိပတ္တိသာသနာတော်ကြီး ထွန်းလင်း စည်ပင်စွာ ရှိနေဆဲ၊ ရှိနေဦးမည် ဖြစ်ပါသည်။

ဓမ္မရံသီ ဆရာတော်ဘုရားသည် အထက်ပါ ပရိယတ်၊ ပဋိပတ် အကျော်အမော် ဆရာတော်ကြီးနှစ်ပါးမှ မြစ်ဖျားခံခဲ့သော ပုဂ္ဂိုလ်မြတ် ပီသစွာ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ သာသနာတော်ပြုပြင်ရေး စိတ်ဓာတ်၊ မိုးကုတ်ဆရာတော်ဘုရားကြီး၏ လူသားအားလုံးတို့တွင် သံသရာအဆက်ဆက်က စွဲကပ်ခဲ့သော မှားယွင်းသည့် ဒိဋ္ဌိ အယူအစွဲ ကို အမြစ်ပြုတ်အောင် ဖြုတ်ပေးလိုသော စိတ်ဓာတ်များကို အမွေခံ

ရရှိခဲ့သည်။ သာသနာတော် သန့်ရှင်းစင်ကြယ်အောင် ပြုပြင်ရေးနှင့် ဒိဋ္ဌိအယူအစွဲ ပြုတ်ရေးတို့အတွက် ထက်သန်ပြင်းပြ အားကောင်းလှသော စေတနာ မေတ္တာ ဆန္ဒ ဝီရိယဓာတ်တို့ဖြင့် ငှိုက်ဖျက်ကြိုးပမ်း စွမ်းဆောင်ဟောပြောတော်မူလျက် ရှိပါ၏။

အထူးအားဖြင့် ဗာရှုသူ ဓမ္မမိတ်ဆွေများ လက်ဝယ်ရောက်ရှိနေသော "ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပျောက် ပဋိစ္စသမုပ္ပါဒ် သင်တန်းတရားတော်"မှာ တရားတော်အမည်နှင့် လိုက်လျောညီထွေစွာ ဒိဋ္ဌိပြုတ်ရေးကို အလေးပေး ဟောကြားတော်မူခဲ့ပါသည်။ လောကီလူသားတို့မှာ ဝမ်းတစ်ထွာအတွက် စီးပွားဥစ္စာ ဖြည့်တင်းရှာဖွေနေကြရင်းက တံခွန်ကုက္ကား မလေးပွားနဲ့ ဟိုဘုံ ဒီဘဝ ဆုတောင်းရှည်နေသောကိစ္စ၊ ဓာတ်ရိုက်ဓာတ်ဆင်၊ ဂြိုဟ်ပြေနံ့ပြေဘုရား ကိုးကွယ်၊ အင်းအိုင်ခလှဲ့ လက်ဖွဲ့ဆောင်၊ ယတြာချေ၊ ဘိုးတော်ဘွားတော်၊ ၃၇ မင်းနတ်များက ကယ်မစောင့်ရှောက်နိုးဖြင့် အားကိုးရာ မှားနေခဲ့ကြပါသည်။ လှူရေးတန်းရေးမှာလည်း ဆိုင်းဝိုင်းကနား အပျော်အပါး စားသောက်ပွဲများဖြင့် ပကာသန အကြွားအဝါ လွှမ်းခြုံကာ ညှော်ခံပွဲသဖွယ် လုပ်ဆောင်နေခဲ့ကြပါသည်။ ထိုသို့သော အယူအဆ အပြုအမူ အမှားများကို ဆရာတော်ဘုရားက ပါဠိတော်သာဓက လက်တွေ့ သဘာဝယုတ္တိများဖြင့် ခိုင်လုံစွာ ထောက်ပြလျက် အပြင်းအထန် ချေဖျက်တားမြစ်ဆုံးမထားပါသည်။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း "ဒိဋ္ဌိမပြုတ်ဘဲနှင့် လုပ်က နိဗ္ဗာန်မရနိုင်"ဟု အတိအလင်းပင် မိန့်မှာတော်မူခဲ့သည် မဟုတ်ပါလား။

"ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပျောက် ပဋိစ္စသမုပ္ပါဒ်သင်တန်း တရားတော်"ကို ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီးတွင် ဝါတွင်းကာလ၌ ဟောကြားတော်မူထားသည့်အလျောက် ဝါးတွင်းကာလ မိုးကုတ်ဝိပဿနာ ဓမ္မကထိက သင်တန်းအတွက် လာရောက်ပါဝင် သင်ယူကြသော ရဟန်းတော်

များအတွက် အထူးဦးစားပေး ဟောပြတော်မူခဲ့ပါသည်။ ဓမ္မကထိက များ ဟောရေး၊ ပြောရေးတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ရှိစေဖို့အတွက် "ပဋိစ္စသမုပ္ပါဒ် ဟောမည်ဆိုလျှင် ခန္ဓာကိုင်ဟော၊ လိုသလောက်ပွိုင့် ပါဠိလေးတွေ ကောက်ထား၊ သူတို့ အမှားကို သိအောင်လည်း ပြော၊ ပေါ့ပျက်ပျက်ဖြစ်နေတာ ပေါ်လွင်အောင်ပြော" စသည်ဖြင့် ကျနပီပြင်စွာ နည်းလမ်း ပေးတော်မူပါသည်။ မိုးကုတ်ဝိပဿနာ ဓမ္မကထိက အရှင်မြတ်တိုင်း လက်စွဲပြုထားသင့်သော ကျမ်းစာလည်း ဖြစ်ပါသည်။

ယခုကျမ်းစာမှာ မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီးတွင် နံနက်ပိုင်း ၇ နာရီမှ ၈ နာရီအတွင်း ဟောပြောချက်များ ဖြစ်ပါသည်။ ဆရာတော်ဘုရားသည် အဖွဲ့ချုပ်ကြီးမှာပင် ညနေပိုင်းမှာလည်း ၁၀ ရက်တိုင်တိုင် ဟောပြောတော်မူခဲ့ပါသေးသည်။ ထိုဟောပြောချက်များကိုလည်း မကြာမီ ဓမ္မမိတ်ဆွေ စာရှုသူများလက်ဝယ်သို့ ကျမ်းစာအုပ်အသွင်ဖြင့် ဆက်လက်ကြိုးပမ်း စီစဉ်တင်ဆက်ပေးပါဦးမည်။

ဓမ္မရံသီ ဆရာတော်ဘုရား၏ နည်းလမ်းပြသ ဟောကြားမှုများဖြင့် စာရေးသူအဖို့ ဓမ္မအသိဉာဏ်လင်းပွင့်လျက် ဟောဉာဏ်၊ ပြောဉာဏ် ထက်သန်သော စွမ်းအားရရှိခဲ့သလို စာရှုသူ ဓမ္မမိတ်ဆွေများ အတွက်လည်း နှလုံးပီတိ ဂွမ်းဆီထိ ရွှန်းအိကျေနပ်နှစ်သိမ့်မှု ပေးဆပ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ဤကျမ်းစာ ပြုစုအားထုတ်ရသော အကျိုးအားဖြင့် ကျေးဇူးတော်ရှင် ဆရာတော်ကြီးများ၊ ဓမ္မရံသီ ဆရာတော်ဘုရားတို့ ရည်သန်တော်မူချက်နှင့်အညီ စာရေးသူ အပါအဝင် စာရှုသူ မိတ်ဆွေအားလုံး ဒိဋ္ဌိအယူ အမြင်ကင်းစင် ချုပ်ပျောက်၍ နိဗ္ဗာန်သွားရာ တံခါးလမ်းမကြီး ဟင်းလင်းပွင့်ပေါ်နိုင်ပါစေသောဟု ဆုတောင်းပတ္ထနာ ပြုအပ်ပါ၏။

သမ္မာဆန္ဒဖြင့်

**အရှင်ဇောတိသာရ (စဉ့်ကူး)**

# ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပျောက်
# ပဋိစ္စသမုပ္ပါဒ်သင်တန်းတရားတော်

## ပထမနေ့ဟောစဉ်

### တရားအဖွင့် ပဏာမ

ယနေ့ သာသနာတော်(၂၅၅၁)နှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉) ခုနှစ် ဝါဆိုလပြည့်ကျော် (၆)ရက်နေ့၊ ခရစ်သက္ကရာဇ် (၂၀၀၇)ခုနှစ် ဇူလိုင်လ (၅)ရက် နံနက်ပိုင်း ၇ နာရီ။ ရန်ကုန်မြို့ အမှတ်(၈၂) နတ်မောက်လမ်း မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွား ရေးအဖွဲ့ချုပ်ကြီး၌ နှစ်စဉ်မပြတ်၊ လစဉ်မပြတ် ဆင်ယင်ကျင်းပပြုလုပ် အပ်သော မိုးကုတ်ဝိပဿနာ ၁၀ ရက် အဓိဋ္ဌာန် အလုပ်သင် အလုပ်ပေး အထူးတရားစခန်းပွဲကြီး၏ ပထမဦးဆုံးသောနေ့။

ဤနေ့အဖို့ နံနက်ပိုင်း ၇ နာရီမှ ၈ နာရီအချိန်အထိ နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၊ ပဋိစ္စသမုပ္ပဒအခန်း၊ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ဓမ္မသင်္ဂဏီပါဠိတော်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နှင့် မဟာဋီကာ၊ မဟာသတိပဋ္ဌာနသုတ်ပါ ပါဠိတော်တို့ကို အခြေခံ၍ ဟောကြားအပ်သော “ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် ဒိဋ္ဌိဖြုတ် သင်တန်း” တရားတော်။

ဒီသင်တန်းတရားတော်ကြီးကို မဟောကြားသေးမီ၊ မနာကြားကြသေးမီ တရားတော်ပိုင်ရှင် ဖြစ်တော်မူသော သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်ကို အာရုံပြုပြီးတော့ နမောတဿ (၃)ကြိမ်ဖြင့် ညီညာဖြဖြ ကန်တော့လိုက်ကြပါဦးစို့။

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

(သုံးကြိမ်)

ဟောသူရော၊ နာသူပါ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဉာဏ်တော်ကို ဦးထိပ်မှာထားပြီး ဟောကြ၊နာကြမှာဖြစ်လေသောကြောင့်ဆရာတော်ဘုရားကြီး ရေးသား သီကုံးတော်မူခဲ့သော မူလနှစ်ဖြာ လင်္ကာဆောင်ပုဒ်ကို ညီညာဖြဖြ ရွတ်ဖတ်ပူဇော်ပြီး တရားပွဲ စလိုက်ကြရအောင်။

* မူလနှစ်ဖြာ၊ သစ္စာနှစ်ခု
လေးခုအလှာ၊ အင်္ဂါဆယ့်နှစ်ပါး
တရားကိုယ်များနှင့်၊ သုံးပါးအစပ်
နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်
ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်
ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်
သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

အားလုံး လက်အုပ်ချီကလေးတွေ ချထား၊ မျှတသော ဣရိယာပုထ်ဖြင့် စိတ်ချမ်းသာသလို ထိုင်ပြီး ဟောကြားလတ္တံ့သော တရားဓမ္မများကို အာရုံတစ်ပါး စိတ်မသွားဘဲ ဆက်လက်နာယူ မှတ်သားနိုင်ကြပါပြီ။

## သစ္စာသိမှ ဘုရားဖြစ်ရတယ်

ရပ်ဝေးရပ်နီး အသီးသီးကနေပြီးတော့ တရားစခန်းဝင်၊ တရားထိုင်၊ တရားနာရန် ကြွရောက်လာကြကုန်သော အားလုံးသော ယောဂီသူတော်စင်အပေါင်းတို့...

ယောဂီတို့အားလုံးသည် ဘာသာဝင်အရ ပြောရမယ်ဆိုရင် ဘယ်ဘာသာဝင်တွေပါလိမ့်?

"ဗုဒ္ဓဘာသာဝင်တွေပါ ဘုရား"

ယောဂီအားလုံး မေးရင်ဖြေရပါလိမ့်မယ်။ ခေါင်းငုံ့ပြီး မျက်လုံး မှိတ်မနေပါနဲ့။ နားလည်အောင် ဟောမှာမို့လို့ မျက်လုံးကိုဖွင့်၊ နား ကို စွင့်၊ ပါးစပ်အသင့်ပြင်ထားကြပါ။

မေးရင် ဘာလုပ်ရမှာလဲ။

"ဖြေရမှာပါဘုရား"

မေးရင် ဖြေပါ။ နှုတ်သွက်တော့ ဉာဏ်ထက်တယ်။ ဉာဏ်ထက် တော့ ကိုယ်အလုပ် လုပ်တဲ့အချိန်မှာ သံသယကင်းရင် ဉာဏ်အလင်း ဝင်လာတတ်တယ်တဲ့။ ဒါကြောင့် မေးရင် ဖြေပါ။

တို့ဒကာ၊ ဒကာမတွေ ဘယ်ဘာသာဝင်လဲ?

"ဗုဒ္ဓဘာသာဝင်ပါဘုရား"

ကမ္ဘာပေါ်မှာ၊ လောကကြီးမှာ ဗုဒ္ဓဘာသာဝင်ဆိုတဲ့ အဖွဲ့အစည်း တစ်ရပ် ဖြစ်ပေါ်လာတာသည် ဘယ်သူကို အမှီပြုဖြစ်တာလဲလို့ မေး ရင်?

"ဘုရားကို အမှီပြုဖြစ်တာပါ ဘုရား"

လောကမှာ ဘုရားသာ မပေါ်ခဲ့ဘူးဆိုရင် ဗုဒ္ဓဘာသာဆိုတဲ့ အဖွဲ့အစည်းတစ်ရပ် လောကမှာ ပေါ်လာနိုင်စရာ အကြောင်းမရှိဘူး။ လောကမှာလည်း သူ့ဘုရား၊ ငါ့ဘုရား အစရှိသဖြင့် ကိုးကွယ်ဆည်း ကပ်တာရော အများကြီး မရှိဘူးလား?

"ရှိပါတယ်ဘုရား"

အဲဒီတော့ တို့ဒကာ၊ ဒကာမတွေ သူ့တရား၊ ငါ့တရား၊ သူ့ ဘုရားကို ဝေဖန်နေရင် သူများဘုရားပဲဖြစ်မယ်။ ကိုယ်ကိုးကွယ်တဲ့ ဘုရား၊ ကိုယ်နေ့တိုင်း ဆွမ်းတော်တင်နေတဲ့ ဘုရား၊ ကိုယ်လေးစား ရသော ဘုရား၊ ကိုယ်တန်ဖိုးထားရသော ဘုရား။ အဲဒီ ဘုရားကရော

ဘယ်လိုဘုရားမျိုးလဲ။ ဒါ နားလည်ဖို့လိုတယ်။ သူများဘုရားအကြောင်း မသိရင်နေ၊ ကိုယ့်ဘုရားအကြောင်းတော့ သိရမယ်။ ဒါဖြင့် တို့ကိုးကွယ်တဲ့ ဘုရားဟာ ဘယ်လိုဘုရားမျိုးလဲလို့ မေးရင် "သစ္စာသိပြီးမှ ပွင့်တော်မူတဲ့ မြတ်စွာဘုရား"။

ကဲ။ ယောဂီတို့၊ ဘုန်းကြီးတို့ ကိုးကွယ်တဲ့ဘုရားသည် ဘာကို သိပြီး ပွင့်တော်မူတာပါလိမ့်?

"သစ္စာသိပြီးမှ ပွင့်တော်မူတဲ့ဘုရားပါ ဘုရား"

သစ္စာကို သိတယ်လို့ ဆိုတဲ့နေရာမှာလည်း သူပြော လူပြောနဲ့ သိတာလား၊ ခန္ဓာဉာဏ်ရောက် ကျင့်ပြီး သိတာလား?

"ခန္ဓာဉာဏ်ရောက် ကျင့်ပြီးမှ သိတာပါဘုရား"

ပါရမီပြည့်လို့ ဘုရားဖြစ်တာလား၊ သစ္စာသိလို့ ဘုရားဖြစ်တာလား?

"သစ္စာသိလို့ ဘုရားဖြစ်တာပါ ဘုရား"

ဘယ်လောက်ပဲ ပါရမီတွေပြည့်ပါစေ၊ သစ္စာမသိရင် ဘုရားကို မဖြစ်ဘူး။ မဟာဓနဝတ္ထုတို့၊ ဘာတို့ သွားကြည့်ပေါ့။ မဟာဓန ဇနီးမောင်နှံတို့ဆိုရင်လည်း ပါရမီရှင်တွေပဲ။ ဘုရားရှင်ကိုယ်တော်မြတ် အရှုယ်သုံးပါး သေချာဟောခဲ့ပြီးသားပဲ။

ဒီအထဲမှာ မဟာဓန ဇနီးမောင်နှံတို့ဟာ သောတာပန်တည်နိုင်လောက်တဲ့ သကဒါဂါမ်၊ အနာဂါမ် တည်နိုင်လောက်တဲ့ ပါရမီမျိုးစေ့တွေ ရှိပေမယ့်လည်း အပျော်အပါး၊ အမော်အကြွား လောကီအာရုံ ခိမ်ယစ်မူးခဲ့လို့ အရှုယ်တွေသာ ဟိုင်းသွားကြတယ်၊ တရားထူးမရခဲ့ကြဘူး။

ဘုရားက ပြောတာပဲ။ ဒါ ပါရမီရှင်တွေတဲ့။ တစ်ခါ ဒေဝဒတ် ပါရမီရှင်ပါပဲဗျာ။ အဇာတသတ် ပါရမီရှင်ပါပဲ။

ဘုရားရှင် သာမညဖလသုတ်ဟောတော့ အဇာတသတ် မနာရဘူးလား?

"နာရပါတယ် ဘုရား"

တရားပွဲပြီးတော့ ဘုရားက ပြောလိုက်သေးတယ်။ "အကယ်၍များ အဇာတသတ်ဟာ အဖကိုသတ်ထားတဲ့ ပဉ္စာနန္တရိယကံကြီး မရှိရင် တရားပွဲဆုံးရင် သောတာပန်တည်မှာ"တဲ့။ ကဲ... ပါရမီရှင်ပါပဲ။

ဒါပေမဲ့ တရားက မဦးဘူး။ တရားမဦးတော့ ဘာဖြစ်လဲ။ အမှားကျူးလွန်သွားတာ။ "သစ္စာမသိ၊ တရားမဦး၊ အမှားကျူးတယ်"တဲ့။ မှန်သောတရား မဦးရင် မှားသောတရား ငါစွဲ ဒိဋ္ဌိဝင်တော့မယ်။ ဝင်တဲ့အခါကျတော့ "ငါရှင်ဘုရင်ဖြစ်ချင်တယ်၊ ငါခံစားချင်တယ်" ဆိုတဲ့ အဓိပ္ပာယ်တွေ ဝင်လာတဲ့အခါကျတော့ အပြိုင်အဆိုင်တွေနဲ့ မိဘကိုပြန်ပြီး လုပ်ကြံသတ်ဖြတ်တာ တခြားရဲ့ သတ္တိလား ဒိဋ္ဌိရဲ့ သတ္တိလား?

"ဒိဋ္ဌိရဲ့ သတ္တိပါဘုရား"

အင်မတန် ကြောက်စရာကောင်းပါတယ်။ သူလည်း ပါရမီရှင်ပဲနော်။

ပြီးတော့ အာဠာရတို့၊ ဥဒကတို့ ပြန်ကြည့်ပေါ့။ အလောင်းတော် သိဒ္ဓတ္ထ တောထွက်ပြီးတော့ အာဠာရ၊ဥဒကတို့ဆီမှာ နည်းနာနိဿယ ယူလိုက်တာ၊ မဟဂ္ဂုတ်ဈာန် ရတယ်။ ဒီလောက်နဲ့ မတင်းတိမ်နိုင်ဘူးဆိုပြီး အဲဒီကနေ တောထွက်ပြီး သစ္စာသိလို့ ဘုရားဖြစ်တော်မူတယ်။

ဘုရားဖြစ်ပြီးတော့ "ငါ ဘယ်သူ့ကို ဗျောဒူးဆပ်ရမလဲ" ပြန်ကြည့်တော့ အာဠာရကလည်း အသေစောသွားပြီ၊ ဥဒကကလည်း အသေစောသွားပြီ။

"မဟာဈာနိယော ခေါ် အာဠာရော ဥဒကော ရာမပုတ္တော"

သွားပြီ။ အာဠာရနဲ့ ဥဒကသည် ရှုံးပြီတဲ့။ အကယ်၍ ငါဘုရားရဲ့ သစ္စာတရားသာ နာရမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်တွေ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်မှာတဲ့။

ဒါဖြင့် သူတို့မှာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်နိုင်လောက်တဲ့ ပါရမီမျိုးစေ့တွေ ရှိသလား၊ မရှိဘူးလား?

"ရှိပါတယ်ဘုရား"

ဘာတရား မနာရလို့?

"သစ္စာတရား မနာရလို့ပါ ဘုရား"

ခန္ဓာပေါ် ဘာရောက်မသွားလို့?

"ဉာဏ်ရောက်မသွားလို့ပါ ဘုရား"

## သစ္စာတရား ဘုရားဟောပါတယ်

တချို့ကပြောတယ်။ ပါရမီပြည့်လို့ ဘုရားဖြစ်တာပါတဲ့။ ပါရမီပြည့်လို့ဆိုရင် အိပ်နေကြည့်ပေါ့။ ဘုရားဖြစ်မလား?

"မဖြစ်ပါဘူး ဘုရား"

ဒါကြောင့် ပါရမီရှင်တွေ သစ္စာမသိဘဲနဲ့ လွဲချော်သွားရတာ အများကြီးပါ။ ပါရမီဆိုတာ ဘာလဲ။

ပရမံ ဘာဝံ ပါရမီ။

ပရမံ- မြင့်မြတ်သူတို့၏၊ ဘာဝံ-ဘာဝေါ- အလုပ်။ မြင့်မြတ်သူတို့၏ အလုပ်ကို ပါရမီလို့ ခေါ်တာဗျ။

မြင့်မြတ်သူတို့၏ အလုပ်ကို ဘာတဲ့တုန်း?

"ပါရမီလို့ခေါ်တာပါ ဘုရား"

ဒါဖြင့် ခန္ဓာဉာဏ်ရောက်အလုပ်ကို လုပ်နေတယ်ဆိုတာ ပါရမီမြောက်တဲ့ အလုပ်ကို လုပ်နေတာ။ ပါရမီဖြည့်နေတာ။ ဒါကြောင့် ပါရမီဆိုတာ မြင့်မြတ်သူတို့ရဲ့ အလုပ်။

ကောင်းပြီ။ ဒါဖြင့်ရင် တို့ဘုရားရှင် ကိုယ်တော်မြတ်သည် ဘာသိပြီး ပွင့်တာပါလိမ့်?

သစ္စာသိပြီးပွင့်တာပါ ဘုရား"

သစ္စာသိပြီး ပွင့်တော်မူတဲ့ မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးတာနဲ့ တစ်ပြိုင်နက် မိဂဒါဝုန်ကို ကြွပြီးတော့ တခြား တရားဟောတာလား၊ သစ္စာတရား ဟောတာလား?

"သစ္စာတရားဟောတာပါ ဘုရား"

ဘုရားဖြစ်လို့ ရိုရိုသေသေ လေးလေးစားစားနဲ့ သစ္စာတရားဟောတယ်လို့ ဆိုရတာပါဗျ။ အရပ်သုံးနဲ့ ပြောရရင် သစ္စာစကားပြောတာပဲ။ ဘာစကား ပြောတာလဲ?

"သစ္စာစကားပြောတာပါ ဘုရား"

ဒါဖြင့် ဗုဒ္ဓက ဘုရား၊ ဘာသာက စကား၊ ဝင် ဆိုတာက နားထောင်တာ။ ဗုဒ္ဓဘာသာဝင်ဆိုတာ ဘယ်သူ့စကား နားထောင်တာလဲ?

"ဘုရားစကား နားထောင်တာပါ ဘုရား"

ဘုရားစကား နားထောင်တဲ့ ပုဂ္ဂိုလ်ကို ဘယ်ဘာသာဝင်လို့ ပြောတာလဲ?

"ဗုဒ္ဓဘာသာဝင်လို့ ပြောတာပါဘုရား"

ကောင်းပြီ။ ကမ္ဘာပေါ်မှာ ဗုဒ္ဓဘာသာဝင်ဆိုတဲ့ အဖွဲ့အစည်းတစ်ရပ် ပေါ်လာတာသည် ဘယ်သူ့ကိုမှီပြီး ဖြစ်တာတုန်း?

"ဘုရားကိုမှီပြီး ဖြစ်တာပါဘုရား"

ဒါဖြင့် ယောဂီတို့၊ ဘုန်းကြီးတို့ ကိုးကွယ်တဲ့ ဘုရားသည် ဘာသိပြီး ပွင့်တာလဲ?

"သစ္စာသိပြီး ပွင့်တာပါဘုရား"

## ပဋိစ္စသမုပ္ပါဒ် အခြေခံရသည့်မှတ်

သစ္စာသိဖို့ရာအတွက် တို့ဘုရား ဘာကို အခြေခံရသလဲဆိုတာ သဘောပေါက်ဖို့တော့ လိုလာပြီ။ အဲဒီတော့ သူများပြောတာတွေဆိုရင်တော့ တစ်မျိုးစဉ်းစားရမှာပေါ့။ ဘုရားကိုယ်တော်တိုင် ရွှေနှုတ်တော်ကနေပြီးတော့ ဗောဓိပင်နဲ့ ရွှေပလ္လင်က မခွာခင်ကိုပဲ ရှင်တော်မြတ်ပြောလိုက်တဲ့ စကားလေး။ အဲဒါ ဘယ်သူမှ မပယ်နိုင်တဲ့ စကားပါ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ။
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ။
ယတော ပဇာနာတိ သဟေတုဓမ္မံ။
မြန်မာလိုပြန်ရင် "အကြောင်းဖြစ်ရင် အကျိုးဖြစ်ရမယ်လို့၊ ငါသည် မြတ်သောအကျင့်ဖြင့် သိရ၏"။ ဒါဖြင့် အကြောင်းသည် ပဋိစ္စ၊ အကျိုးသည် သမုပ္ပါဒ်။ အကြောင်းဖြစ်ရင် အကျိုးဖြစ်ရမယ်။ ဒါပဲ။
၃၁ ဘုံလောကမှာ အကြောင်းကင်းပြီး ဖြစ်တဲ့ ဘုံရယ်လို့ ရှိရဲ့လား?
"မရှိပါဘူး ဘုရား"
အဲဒါကို အတိုကောက်ပြောတော့ အကြောင်းသည်?
"ပဋိစ္စ"
အကျိုးသည်?
"သမုပ္ပါဒ်"
ပါဠိလိုပြောရင် အကြောင်းသည် ပဋိစ္စသမုပ္ပါဒ၊ အကျိုးသည် ပဋိစ္စသမုပ္ပန္န။ ပါဒနဲ့ ပန္န နှစ်မျိုး။ မြန်မာလိုပြန်ရင် အကြောင်းနဲ့ အကျိုး။
ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် အနုလောမနည်းအရ အကြောင်းဖြစ်ရင်?
"အကျိုးဖြစ်ပါမယ် ဘုရား"
အဲဒါကို အကျယ်ဖြန့်လိုက်တော့ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"။ အဲဒါတွေ ညသင်တန်းကျမှ သွားကြစို့။ ကောင်းပြီ။ ဒါဖြင့် အကြောင်းသည် ပဋိစ္စ၊ အကျိုးသည် သမုပ္ပါဒ်။ ဒါက အနုလောမ တစ်ချက်မှတ်ထားနော်။
နောက်တစ်ခါ ဘာပြောသလဲ?
ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ။

ကတာပိနော ဗျာယတော ဖြဟ္မဏာသ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ။
ယတော ခယံ ပစ္စယာနံ အဝေဒီ။
အကြောင်းချုပ်ရင် အကျိုးချုပ်မယ်။ ဒါလည်း ပဋိစ္စသမုပ္ပါဒ်ပဲ။

အကြောင်းချုပ်ရင်?
"အကျိုးချုပ်ပါမယ် ဘုရား"
အကြောင်းသည်?
"ပဋိစ္စ"
အကျိုးသည်?
"သမုပ္ပါဒ"
ဒါ ပဋိစ္စသမုပ္ပါဒ် ပဋိလောမပဲဗျ။ နှစ်ချက်ရှိပြီနော်။ နံပါတ်တစ်– အကြောင်းဖြစ်ရင် အကျိုးဖြစ်တယ်။ နံပါတ်နှစ်– အကြောင်းချုပ်ရင် အကျိုးချုပ်မယ်။ နှစ်ဂါထာ ရှိသွားပြီနော်။
"မှန်ပါဘုရား"
ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ။
အာတာပိနော ဈာယတော ဗြဟ္မဏာသ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ။
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။
အကြောင်းအကျိုးဖြစ်ပုံ နားလည်လို့ ငါဘုရားဖြစ်တယ်ကွ။ သေချာ သဘောပေါက်တာ။ "ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊ သူရိယောဝ ဩဘာသယ မန္တလိက္ခံ"တဲ့။ အကြောင်းဖြစ်ရင် အကျိုးဖြစ်မယ်။ အကြောင်းချုပ်ရင် အကျိုးချုပ်မယ်။ ဒီအကြောင်းအကျိုးသဘောကို ငါသည် ပိုင်ပိုင်နိုင်နိုင် ခန္ဓာဉာဏ်ရောက် ကျင့်ပြီးမှ သိခဲ့၏။ ထိုကဲ့သို့ သိပြီးသည့်အခါ၌ ငါသည် "ဝိဓူပယံ တိဋ္ဌတိ" ရဲရင့်သောဘုရားအဖြစ်သို့ ရောက်ပြီဟူ၍ ငါဝန်ခံတယ်ကွတဲ့။

ဒါဖြင့်ရင် တို့ ရဲရဲမှတ်ရမှာက ဘုရား ဘာသိပွင့်တာလဲ?

"သစ္စာသိပြီးပွင့်တာပါ ဘုရား"

တို့ဘုရား သစ္စာသိဖို့ ဘယ်တရားကို အခြေခံရတာလဲ?

"ပဋိစ္စသမုပ္ပါဒ်ကို အခြေခံရတာပါ ဘုရား"

## စက်ဝိုင်းဆိုတာ ခန္ဓာဉာဏ်ရောက် သာဓကပါ

ပဋိစ္စသမုပ္ပါဒ်တရား၊ အကြောင်း အကျိုးဆိုတာ ဘယ်သူ့ အကြောင်းနဲ့ ဘယ်သူ့အကျိုးလဲ မေးလိုက်တော့ ခန္ဓာဖြစ်ကြောင်းနဲ့ ခန္ဓာဖြစ်ကျိုး။

ပြောပါဦး။ ဘာတဲ့တုန်း?

"ခန္ဓာဖြစ်ကြောင်းနဲ့ ခန္ဓာဖြစ်ကျိုးပါ ဘုရား"

အညေ ခန္ဓာ အညေ နိဗ္ဗာနန္တိ ခန္ဓပဋိပတ္တ မေဝါတိ နိဗ္ဗာနံ။

ဒီ ခန္ဓာအကြောင်း မသိဘဲနဲ့ ဘယ်သူမှ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်ရိုးထုံးစံ မရှိပါ။

သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

ဒါဖြင့် ဘုရားဖြစ်ချင်ရင်လည်း ဘယ်သူ့အကြောင်း သိရမှာလဲ?

"ခန္ဓာအကြောင်းသိရမှာပါ ဘုရား"

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်ချင်ရင်လည်း ဘယ်သူ့အကြောင်း သိရမှာလဲ?

"ခန္ဓာအကြောင်းသိရပါမယ် ဘုရား"

ဒီခန္ဓာသည် ယောဂီတို့၊ ဘုန်းကြီးတို့ တရားဟော၊ တရားနာတဲ့ ခန္ဓာ၊ အတိတ်မှာလား၊ ပစ္စုပ္ပန်မှာလား?

"ပစ္စုပ္ပန်မှာပါ ဘုရား"

ကဲ... ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ် အလိုအရဆို ဘယ်အကွက်တုန်း"

"(၂)အကွက်ပါ ဘုရား"

(၂)အကွက်သည် အကြောင်းတရားလား၊ အကျိုးတရားလား?

"အကျိုးတရားပါ ဘုရား"

ဒါဖြင့် "ပဋိစ္စသမုပ္ပါဒ်နားလည်တယ်ဆိုတာ ဟောဒီစက်ဝိုင်းကြီး နားလည်လို့လား"လို့ သွားမထောက်နဲ့။ ခန္ဓာအကြောင်းအကျိုးပြော နေတာ။ ဟောဒီလို ပဋိစ္စသမုပ္ပါဒ်က သာဓက။ ဘယ်သူရဲ့ သာဓက လဲဆိုရင် ခန္ဓာရဲ့ သာဓိက။

ဒီခန္ဓာရဲ့ အကြောင်းအကျိုး နားလည်အောင်လို့ ဟောဒီ ပဋိစ္စ သမုပ္ပါဒ်ကို ဆရာတော်ဘုရားကြီးက ဉာဏ်ကြီးကြီးမားမားနဲ့ နားလည် သဘောပေါက်ပေါက်ပါစေတော့လို့ ဒီမှာ ပြုပြင်ပေးသွားတာဗျ။ သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

သူ့သဘောအတိုင်း သူလုပ်သွားတာ မဟုတ်ဘူး။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အလိုတော်ကျ ခေတ်အဆက်ဆက် အမြင်တတ် အောင် ဆိုပြီးတော့ ကျကျနန စီစဉ်ပေးသွားတာပါ။

အခုပြောနေတဲ့အထိ ဘုန်းကြီးပြောနေတာ ၁၅ မိနစ် ရှိသွား ပြီ။ ဘာကို ရည်ရွယ်ပြီး ပြောနေသလဲဆိုတာ ပြန်ချုပ်ရင် ယောဂီတို့ ဘယ်ဘာသာဝင်တွေလဲ?

"ဗုဒ္ဓဘာသာဝင်တွေပါ ဘုရား"

လောကမှာ ဗုဒ္ဓဘာသာရယ်လို့ ပေါ်လာတာ ဘယ်သူ့ကိုမှီပြီး ပေါ်လာတာလဲ?

"ဘုရားကိုမှီပြီး ပေါ်လာတာပါ ဘုရား"

ဘုန်းကြီးတို့၊ ယောဂီတို့ ကိုးကွယ်တဲ့ အဲဒီ ဘုရားရှင်ကိုယ်တော် မြတ်ကြီးက ဘာသိပြီး ပွင့်တာလဲ?

"သစ္စာသိပြီး ပွင့်ပါတယ်ဘုရား"

အဲဒီသစ္စာသိဖို့အတွက် ဘယ်တရားကို အခြေခံရသလဲ?

"ပဋိစ္စသမုပ္ပါဒ်ကို အခြေခံရပါတယ် ဘုရား"

ဘယ်ဘာသာဝင်လဲ။ ဘယ်သူ့ကိုမှီပြီး ဗုဒ္ဓဘာသာ ဖြစ်လာတာလဲ။ ဘုရား ဘာသိပြီး ပွင့်တာလဲ။ သစ္စာသိဖို့ ဘယ်တရားကို အခြေခံရတာလဲ။ လေးခွန်းနော်။

အဲဒီ ပဋိစ္စသမုပ္ပါဒ်တရား ဆိုတာဟာ ဟောဒီစက်ဝိုင်းစာရွက်ကြီးပြောတာလား၊ ခန္ဓာဉာဏ်ရောက် ပြောတာလား?

"ခန္ဓာဉာဏ်ရောက် ပြောတာပါဘုရား"

## ဗုဒ္ဓဘာသာအစ ပဋိစ္စသမုပ္ပါဒ်က

ပဋိစ္စသမုပ္ပါဒ်တရားသည် ခန္ဓာအကြောင်းကို ပြောတာဖြစ်တဲ့အတွက် ခန္ဓာအကြောင်း၊ ခန္ဓာအကျိုး။

အကြောင်းသည်?

"ပဋိစ္စ"

အကျိုးသည်?

"သမုပ္ပါဒ်"

ပေါင်းလိုက်တော့ ပဋိစ္စသမုပ္ပါဒ်။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘယ်သူ့အကြောင်းနဲ့ ဘယ်သူ့အကျိုးလဲ?

"ခန္ဓာအကြောင်းနဲ့ ခန္ဓာအကျိုးပါ ဘုရား"

တိတိကျကျပြောရရင် ခန္ဓာဖြစ်ကြောင်းနဲ့ ခန္ဓာဖြစ်ကျိုး။ ကောင်းပြီ။ ပဋိစ္စသမုပ္ပါဒ် နားလည်လို့ ဘာဖြစ်တုန်း?

"သစ္စာသိပါတယ် ဘုရား"

သစ္စာသိလို့ ဘာဖြစ်တုန်း?

"ဘုရားဖြစ်ပါတယ် ဘုရား"

ဘုရားဖြစ်လာလို့၊ ဘုရားစကားနားထောင်လို့ လောကမှာ ဘယ်ဘာသာဝင်လို့ ပေါ်လာရသလဲ?

"ဗုဒ္ဓဘာသာဝင်ပေါ်လာတာပါ ဘုရား"

အရင်းစစ်တော့ အမြစ်မြေက။ ဘုရားမှအစ ပဋိစ္စသမုပ္ပါဒ် ခန္ဓာဉာဏ်ရောက် မသိဘဲနဲ့ သစ္စာသိတယ်လို့ ထုံးစံမရှိပါ။ ဘုရားလည်း သူ့ခန္ဓာပေါ် ဉာဏ်ရောက်အောင်လို့ မလုပ်ရဖူးလား?

"လုပ်ရပါတယ် ဘုရား"

ဘယ်ပုဂ္ဂိုလ်မှ မငြင်းရဲဘူး။ ဘယ်သံဃာတော်၊ ဘယ်ဆရာတော်မှ မငြင်းဆိုရဲပါဘူး။ ခန္ဓာဉာဏ်ရောက်အလုပ်ကိုလုပ်လို့ ဘုရားဖြစ်တာပါ။ တို့ဘုရားက လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေဖြည့်လို့၊ အိပ်နေရင်းနဲ့ ဘုရားဖြစ်တယ်လို့ သွားမယူလိုက်ပါနဲ့။ သဘောကျရဲ့လား။

လုပ်သင့် လုပ်ထိုက်တဲ့ အလုပ်တွေ မလုပ်ရဘူးလား?

"လုပ်ရပါတယ် ဘုရား"

ခန္ဓာဉာဏ်ရောက်အောင် မလုပ်ရဖူးလား?

"လုပ်ရပါတယ် ဘုရား"

ကျင့်ရလို့၊ သူ့ခန္ဓာပေါ် ဉာဏ်ရောက်လို့၊ အကြောင်းအကျိုးသိ၊ သစ္စာသိလို့ ဘာဖြစ်တာတုန်း?

"ဘုရားဖြစ်တာပါ ဘုရား"

ဒါ ဒီနေ့ပြောလိုက်တဲ့ point စကားလုံးက ဘာကိုလိုချင်တာလဲ မေးလိုက်ရင် "ဗုဒ္ဓဘာသာအစ၊ ပဋိစ္စသမုပ္ပါဒ်က"။ ဒါကို လိုချင်တာ။ "အရှင်ဘုရား၊ပဋိစ္စသမုပ္ပါဒ် နားမလည်ရင် တပည့်တော်တို့ သောတာပန်မတည်နိုင်တော့ဘူးလား" မေးရင် မတည်နိုင်တော့ဘူး။ ပဋိစ္စသမုပ္ပါဒ် နားမလည်ရင် နိဗ္ဗာန်မရနိုင်ဘူး။ မရတော့ဘူး။ သဘောကျရဲ့လား?။

"ကျပါတယ် ဘုရား"

ပါရမီပြည့်ကြွားသော်လည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင်တောင်မှ ခန္ဓာအကျိုးအကြောင်း နားလည်မှ ဘာဖြစ်ရတာလဲ"

"ဘုရားဖြစ်ရတာပါ ဘုရား"

အဘိဓမ္မာတရားတော်က . . .

အဓိစ္စ သမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိ ဝိစိကိစ္ဆတိ။

တဲ့။ ဟောဒီ ပဋိစ္စသမုပ္ပါဒ် တရားတော်မှာ သံသယဝင်နေပြန်ရင်လည်း နိဗ္ဗာန်မရနိုင်ဘူးတဲ့။ နားမလည်ရင် သံသယဝင်မှာပဲနော်။ သံသယဝင်ရင် နိဗ္ဗာန်မရနိုင်ဘူး။ ဒီ အဓိကကျတဲ့ ပဋိစ္စသမုပ္ပါဒ်တရားအပေါ်မှာ သံသယ မရှိပါနဲ့တဲ့။

ဒါကြောင့် သံသယကင်း ဉာဏ်အလင်းရစေချက် ဆရာတော်ဘုရားကြီးဟောထားခဲ့တာ ရှိပါတယ်။

## အရိယာနယ်သို့ တက်လှမ်းတာ ဝိပဿနာပါ

ပဋိစ္စသမုပ္ပါဒ် နားလည်မှ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်မယ်လို့ ပြောလိုက်တော့ ယောဂီတို့က မေးစရာရှိလာပြီ။ "ဖြစ်နိုင်ပါ့မလား ဘုရား"။ ဆက်စပ်မှုလေးတွေ အရှင်ဘုရားတို့ ပြောပြပါဦး ဘုရား" ဟုတ်လား။

ယောဂီတို့ တရားအားထုတ်တာ ဘာလိုချင်လို့တုန်း?

"နိဗ္ဗာန်လိုချင်လို့ပါ ဘုရား"

နိဗ္ဗာန်လိုချင်လို့ဆိုတော့ နိဗ္ဗာန်က ဒီနေရာမှာ မဂ်ဉာဏ်အားဖြင့် ပြားသော နိဗ္ဗာန် လေးမျိုးရှိတယ်။ နိဗ္ဗာန် ဘယ်နှစ်မျိုးလဲ?

"လေးမျိုးပါ ဘုရား"

အဲဒီ နိဗ္ဗာန်လေးမျိုးက ဘာလဲဆိုရင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ။ အခုနက ဘုန်းကြီးပြောတယ်လေ။ ဉာဏ်ပြားလို့။ ဘာပြားလို့လဲ?

"ဉာဏ်ပြားလို့ပါ ဘုရား"

ဆိုလိုတာကတော့ဗျာ . . .

၁။ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် အာရုံပြုသော နိဗ္ဗာန်။

၂။ သကဒါဂါမိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် အာရုံပြုသော နိဗ္ဗာန်။

၃။ အနာဂါမိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် အာရုံပြုသော နိဗ္ဗာန်။
၄။ အရဟတ္တ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် အာရုံပြုသော နိဗ္ဗာန်။

နိဗ္ဗာန် ဘယ်နှစ်မျိုးလဲ?

"လေးမျိုးပါ ဘုရား"

နိဗ္ဗာန် လေးမျိုးနော်။ မဂ်အားဖြင့် သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်။ အဲဒီမှာ သောတာပတ္တိမဂ်ဖြင့် မျက်မှောက်ပြုအပ်သော နိဗ္ဗာန်ကို ပဌမနိဗ္ဗာန်တဲ့။

ဘာနိဗ္ဗာန်လဲ?

"ပဌမနိဗ္ဗာန်ပါ ဘုရား"

ဒါဖြင့် ပဌမနိဗ္ဗာန်မှ မျက်မှောက်မပြုနိုင်ဘဲနဲ့ ဒုတိယ၊ တတိယ၊ စတုတ္ထ မဂ်ဉာဏ်တွေ ရပ့ါမလား?

"မရပါဘူး ဘုရား"

သောတာပန်ကိုမှ မသိရင် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတွေကို သိပ့ါမလား?

"မသိပါဘူး ဘုရား"

ကောင်းပြီ။ ဒါဖြင့် ဝိပဿနာလုပ်တယ်၊ ဝိပဿနာရှုတယ်ဆိုတာ ဘာလုပ်တာလဲ? လာပြီနော်။ စခန်းတော့ ဝင်တာပဲ။ ကိုယ်တိုင်လည်း တရားစခန်းဝြီးကော့ အားထုတ်တယ်။ သူများ 'ဝိ'ဆိုတိုင်း 'ဝိ'၊ သူများ 'စခန်း'ဆိုတိုင်း 'စခန်း'လိုက်တာ။ ဘာဖြစ်လို့ အားထုတ်တာလဲဆိုရင် အားထုတ်ချင်လို့ အားထုတ်တာပေ့ါ။ ဘာဖြစ်လို့ အားထုတ်မှန်းကို မသိဘူး။

မသိတော့ ဘာဖြစ်လဲ။ ဂုဏ်တု ဂုဏ်ပြိုင်တွေ ဖြစ်လာပြီး "နင်က ဘယ်နှစ်ကြိမ်လဲ၊ ငါက ဘယ်နှစ်ကြိမ်ရှိပြီ။ နင်က ဘယ်နှစ်နာရီ ထိုင်နိုင်တယ်။ ငါက ဘယ်နှစ်နာရီထိုင်နိုင်တယ်နဲ့ လျှောက်ပြောကုန်ပြီ။ မပြိုင်ကောင်းတာတွေ ပြိုင်ပြီး အကာကို အနှစ်လုပ်ကုန်ကြပြီ။

ထားတော့။ "ဝိပဿနာတရား ဘာကြောင့် အားထုတ်တာလဲ၊ ဝိပဿနာ ဘာကြောင့် ရှုတာလဲ" မေးရင် အဓိကအကျဆုံးကတော့ "ဝိပဿနာအလုပ် ဆိုတာ ဘာလုပ်တာလဲ" မေးရင် ပုထုဇဉ်နယ်မှ အရိယာနယ်သို့ တက်လှမ်းတဲ့အလုပ်လို့ မှတ်ပါ။

ဝိပဿနာအလုပ်ဆိုတာ ဘာအလုပ်လဲ?

"ပုထုဇဉ်နယ်ကနေ အရိယာနယ်ကို တက်လှမ်းတာပါဘုရား"

ဝိပဿနအလုပ်ဆိုတာ ဘာလုပ်နေတာလဲ မေးရင် ပုထုဇဉ်နယ်မှ အရိယာနယ်သို့ တက်လှမ်းနေတာ။

ပုထုဇဉ်နယ်ကနေ အရိယာနယ်ကို တက်လှမ်းနေတာ ဘာအလုပ်ပါလိမ့်?

"ဝိပဿနာအလုပ်ပါ ဘုရား"

## ဗုဒ္ဓဘာသာမှာပဲ ဝိပဿနာရှိတယ်

ဘာဖြစ်လို့ ပုထုဇဉ်နယ်ကနေ အရိယာနယ် တက်လှမ်းတဲ့ အလုပ်ကို လုပ်နေရတာတုန်းဆိုရင် ပုထုဇဉ်ရဲ့နယ်က ဂတိမမြဲလို့။

ပုထုဇဉ်ရဲ့ သေခြင်းက?

"ဂတိမမြဲလို့ပါ ဘုရား"

အရိယာတို့ရဲ့ သေခြင်းက?

"ဂတိမြဲလို့ပါ ဘုရား"

ဒီအချက် မှတ်ထားပါ။ ဒါဖြင့် ပုထုဇဉ်နယ်ကနေ အရိယာနယ်ကို တက်လှမ်းတဲ့အလုပ်၊ ဝိပဿနာအလုပ်ကို လုပ်တယ်ဆိုတော့ ဒါနနဲ့ရော အရိယာ မဖြစ်နိုင်ဘူးလား။ သီလနဲ့ရော အရိယာ မဖြစ်နိုင်ဘူးလား။ သမထနဲ့ရော အရိယာ မဖြစ်နိုင်ဘူးလားလို့ မမေးသင့်ဖူးလား။ မေးသင့်လား?

"မေးသင့်ပါတယ် ဘုရား"

ဒါနသက်သက်နဲ့ အရိယာဖြစ်၊ သောတာပန်တည်မယ်ဆိုရင် မလ္လိကာ ငရဲကျစရာမရှိ။ သီလတစ်မျိုးတည်းနဲ့ အရိယာဖြစ်မယ်ဆိုရင် မဟာတိဿတို့ နဂါးဖြစ်စရာ အကြောင်းမရှိ။ သမထသန့်သန့်လေးနဲ့ အရိယာဖြစ်နိုင်မယ်ဆိုရင် ဒေဝဒတ်တို့ ဘုရားကိုစော်ကား၍ မြေမျိုစရာ အကြောင်းမရှိ။ ဟုတ်ပြီနော်။

ဒါန၊ သီလ၊ သမထနဲ့ အရိယာဖြစ်နိုင်တယ်ဆိုရင် ဝိပဿနာ၊ မဟာသတိပဋ္ဌာန်တရားတော်ကြီး၊ ခန္ဓဝဂ္ဂသံယုတ်၊ သစ္စသံယုတ် စသည်ဖြင့် ဒီတရားတော်ကြီးတွေကို ဘုရားရှင်ကိုယ်တော်မြတ် သီးသန့်ချင်း ဟောနေစရာ အကြောင်းမရှိပါ။ ဒါန၊ သီလ၊ သမထလောက်နဲ့ မလုံလောက်လို့ ဝိပဿနာတရားတော်ကြီး ဟောရတယ်လို့ မှတ်ပါ။

ဒါကို အထောက်အပံ့ယူသောအားဖြင့် ပဋ္ဌာန်းပါဠိတော် ကမ္မပစ္စည်းမှာ ပြန်ကြည့်ပါ။

ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

မြန်မာလိုပြောရင် ကုသလာ ကုသလံ ကမ္မံ– ကုသိုလ်၊ **အကု**သိုလ်ကံသည်၊ ဝိပါကာနံ ခန္ဓာနံ– ခန္ဓာပဲအကျိုးပေးမယ်၊ နိဗ္ဗာန် **အကျိုး**မပေးဘူးတဲ့။ ရှင်းနေတာပဲ။ သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

ကုသိုလ်၊ အကုသိုလ်ကံသည် ဘာကို အကျိုးပေးတာလဲ?

"ခန္ဓာကိုအကျိုးပေးတာပါ ဘုရား"

ဟိုမှာ ပါဠိက တိုက်ရိုက်ပြထားတာဗျ။ ဝိပါကာနံ ခန္ဓာနံ– လို့ပဲ ပါတယ်။ ဝိပါကာနံ နိဗ္ဗာနံ–လို့ မပါဘူး။ သဘောကျရဲ့လား။ ဒါပေမဲ့ ဒါန၊ သီလ၊ သမထသည် နိဗ္ဗာန်ရောက်ရာ၌ အထောက်အပံ့ မပြုဘူးလား၊ ပြုသလား?

"ပြုပါတယ်ဘုရား"

ဒါန၊ သီလ၊ သမထသည် နိဗ္ဗာန်ရောက်ကြောင်းတရား၌ ဝေးသော အကြောင်း။

ဘာအကြောင်းလဲ?

"ဝေးသောအကြောင်းပါ ဘုရား"

ဟောဒီ ဝိပဿနာတရားသည် နိဗ္ဗာန်ရောက်ကြောင်း တရား၌ နီးသောအကြောင်း။ သူ့ကို ပယ်တာလည်း မဟုတ်ဘူးနော်။ ဒါနလည်း လုပ်ပါ။ သီလလည်း ဆောက်တည်ပါ။ သမထလည်း ပွားပါ။

အဲဒီ ဒါန၊ သီလ၊ သမထက ကျေးဇူးပြုလိုက်လို့လည်း ဒီကနေ့ ယောဂီတို့၊ ဘုန်းကြီးတို့ လူ့ခန္ဓာ မရဘူးလား၊ ရသလား?

"ရပါတယ် ဘုရား"

လူ့ခန္ဓာရလို့လည်း ဒီကနေ့ သစ္စာတရားနဲ့ လာတွေ့တာ။ အဲဒါ အကုသိုလ်က အကျိုးပြုတာလား၊ ကုသိုလ်က အကျိုးပြုတာလား?

"ကုသိုလ်က အကျိုးပြုတာပါ ဘုရား"

ဒါနလည်း လုပ်ပါ၊ သီလလည်း ဆောက်တည်ပါ၊ သမထလည်း ပွားပါ။ ဒါန၊ သီလ၊ သမထလောက်နဲ့ အရိယာမဖြစ်နိုင်လောက်သေးတဲ့အတွက် မြတ်စွာဘုရားက ခန္ဓာပေါ် ဘာရောက်အောင် သင်ခဲ့တာလဲ?

"ဉာဏ်ရောက်အောင် သင်ခဲ့တာပါ ဘုရား"

အဲဒီလို ခန္ဓာပေါ် ဉာဏ်ရောက်အောင်လုပ်တာကို ဝိပဿနာ အကျင့်လို့ ခေါ်ပါတယ်။

ဘာအကျင့်တဲ့လဲ?

"ဝိပဿနာအကျင့်ပါ ဘုရား"

"ဉာဏ်ထဲမှာရော ရှင်းရဲ့လား"

"ရှင်းပါတယ် ဘုရား"

ပြန်မေးမယ်။ ဝိပဿနာ ဘာလို့ အားထုတ်ရတာလဲ?

"ပုထုဇဉ်နယ်မှ အရိယာနယ်သို့ တက်လှမ်းနေတာပါ ဘုရား"

ဘာဖြစ်လို့ ပုထုဇဉ်နယ်ကနေ အရိယာနယ်ကို တက်လှမ်းနေရတာလဲဆိုရင် ပုထုဇဉ်တို့ရဲ့ သေခြင်းသည်?

"ဂတိမမြဲလို့ပါ ဘုရား"

အရိယာတို့ရဲ့ သေခြင်းသည်?

"ဂတိမြဲလို့ပါ ဘုရား"

ကောင်းပြီ။ ကမ္ဘာပေါ်မှာ ရှိသမျှ ဘာသာကြီးလေးရပ်မှာလည်း ဟောဒီ ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားကို ဘယ်ဘာသာမှာပဲ တရားဝင် ပြဋ္ဌာန်းတာလဲ?

"ဗုဒ္ဓဘာသာမှာပါ ဘုရား"

ဒီဗုဒ္ဓဘာသာမှာပဲ တရားဝင်ပြဋ္ဌာန်းတာ ရှိတယ်။

အုတ်ရောရောရော၊ ကျောက်ရောရော သွားမကြိတ်နဲ့။ သဘောကျလား?

"ကျပါတယ် ဘုရား"

## ကုသိုလ်ပြုမှုနောက်ထား၊ ဒိဋ္ဌိပြုတ်မှု ရှေ့ထား

ပုထုဇဉ်နယ်ကနေ အရိယာနယ်ကို တက်လှမ်းတယ်ဆိုပြန်တော့လည်း အရိယာက ဘယ်နှစ်မျိုးရှိတာလဲ?

"လေးမျိုးပါ ဘုရား"

လေးမျိုးက ဘာတွေတုန်း၊ ပြောပါ?

"သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပါ ဘုရား"

တို့ ဒကာ၊ ဒကာမတို့ ဝိပဿနာအားထုတ်တာ ဘာလိုချင်လို့လဲ?

"နိဗ္ဗာန်လိုချင်လို့ပါ ဘုရား"

နိဗ္ဗာန် ဘယ်နှစ်မျိုးရှိလဲ?

"လေးမျိုးရှိပါတယ် ဘုရား"

အဲဒီ နိဗ္ဗာန်လေးမျိုး ပြားရတာ တခြားအရလား၊ ဉာဏ်အရလား?

"ဉာဏ်အရပါ ဘုရား"

ဝိပဿနာအလုပ် အားထုတ်တယ်ဆိုတာ ဘယ်နယ်ကနေ ဘယ်နယ်ကို တက်လှမ်းတာလဲ?

"ပုထုဇဉ်နယ်ကနေ အရိယာနယ်ကို တက်လှမ်းတာပါဘုရား"

အရိယာနယ်က ဘယ်နှစ်မျိုးရှိတုန်း?

"လေးမျိုးရှိပါတယ် ဘုရား"

ဘာတွေလဲ။ ပြောပါ?

"သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပါ ဘုရား"

အဲဒီ အရိယာလေးမျိုးမှာ အရင်ဆုံးဖြစ်မည့် အရိယာက ဘာအရိယာတုန်း?

"သောတာပန်အရိယာပါ ဘုရား"

သောတာပန် မတည်ဘဲနဲ့ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ် ချင်လို့ ရမလား?

"မရပါဘူး ဘုရား"

ဒါဖြင့် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ကိလေသာသည် ဘာနဲ့ ဘာတုန်း?

"ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပါ ဘုရား"

သောတာပန်တည်ချင်ရင်ရော ဘာနဲ့ဘာ ပယ်ရမှာလဲ?

"ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ပယ်ရမှာပါ ဘုရား"

မိုးကုတ်ဆရာတော်ဘုရားကြီးက "ခင်ဗျားတို့ ရန်သူသတ်တာ ရမ်းမသတ်နဲ့ဗျ။ မရဘူး"တဲ့။ သောတာပန်မှ မတည်ဘဲနဲ့ဗျာ၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်ချင်လို့ ရမလား?

"မရပါဘူး ဘုရား"

ခင်ဗျားတို့အရာ မဟုတ်ဘူးတဲ့။ ဒါကြောင့် ဗာဟိယသုတ္တန်မှာ ရှင်ဗာဟိယက ဘုရားကို လျှောက်တယ်လေ။ "အရှင်ဘုရား၊ တပည့်တော်တို့ ဒီဘဝ ဒီခန္ဓာနဲ့ သောတာပန်တည်ချင်ရင် ဘယ်လိုကျင့်ရမလဲ ဘုရား" ဆိုတော့ ဘုရားက "သောတာပန်တည်ချင်ရင် ချစ်သားရယ်...

တသ္မာတိဟ တွံ ဗာဟိယ အာဒိမေဝ ကုသလေသု
ခမ္မေသု ကုသလာနံ ဓမ္မာနံ သီလံ သုဝိသုဒ္ဓံ ဒိဋ္ဌိက ဥဇုကာ။

မြန်မာလိုပြောရရင်တော့ ဘယ်ကုသိုလ်ကောင်းမှုကိုပဲလုပ်လုပ်၊ မင်း သီလစင်ကြယ်အောင် အရင်လုပ်၊ ပြီးရင် ဒိဋ္ဌိကို အရင်ခွာလိုက်တဲ့။

ဒါကတော့ ယောဂီတို့ နားလည်အောင် အသိဉာဏ်နဲ့ အရင်ခွာလို့ ပြောတာ။ ဒိဋ္ဌိက ဥဇုကာ၊ မင်း အယူဖြောင့်ပြီးမှ လုပ်လို့ ပြောတာ။

ဒါကြောင့်မို့ ဒါကို ကောက်ပြီးတော့ ဆရာတော်ဘုရားကြီးက "ကုသိုလ်လုပ်မှုကို နောက်ထား၊ ဒိဋ္ဌိဖြုတ်မှုကို ရှေ့ထား"လို့ ပြောတာဗျ။ ဗန္ဓနာဂါရသုတ်ထဲမှာလည်း ပြန်ကြည့်၊ ဒိဋ္ဌိတန်းလန်းနဲ့ အားထုတ်နေလို့ကတော့ ဘယ်တော့မှ တရားမရဘူးကွတဲ့။ သဘောကျရဲ့လား။

ဒါကြောင့် အရေးကြီးဆုံးက ယောဂီတို့ရေ... သောတာပန်တည်ချင်ရင် ဘယ်သူနဲ့ ဘယ်သူ့ကို ဖြုတ်ရမှာလဲ?

"ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပါ ဘုရား"

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ဖြုတ်ချင်ပြန်ရင်လည်း ဘာနားလည်ရမှာလဲ မေးတဲ့အခါကျတော့?

"ပဋိစ္စသမုပ္ပါဒ် နားလည်ရမှာပါ ဘုရား"

ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ အသိဉာဏ်နဲ့ ခွာပြီး ဖြုတ်စမ်း၊ ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာ အသိ

ဉာဏ်နဲ့ ကွာရိုးထုံးစံ မရှိပါဘူး။ အသိဉာဏ်နဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာ မဖြုတ်ဘဲနဲ့ အပွားဉာဏ်နဲ့ ကွာတဲ့ထုံးစံ မရှိပါဘူး။

အပွားဉာဏ်နဲ့ ဒိဋ္ဌိ မဖြုတ်နိုင်ဘဲနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတဲ့ ဆိုက်ရောက်တဲ့ဉာဏ်နဲ့ရော ဖြုတ်နိုင်ပါ့မလား?

"မဖြုတ်နိုင်ပါဘူး ဘုရား"

ဒါကြောင့်မို့လို့ပြောတာ။ မရွေးချယ်သမျှ ကာလပတ်လုံး ကြိုက်သလောက် အားထုတ်၊ လူမြင်တာပဲ အဖတ်တင်မယ်။ ရှင်းရဲ့လား?

"ရှင်းပါတယ် ဘုရား"

အဲဒါ ရန်သူကို အကွက်ချ မသတ်တတ်လို့ မှတ်ပါ။

## အဝိဇ္ဇာ တဏှာပေါင်း ဆုတွေတောင်းခဲ့ကြတယ်

ပရိယတ္တိဝန်ဆောင် အရှင်ကောင်း၊ အရှင်မြတ်တွေကို မေးကြည့်ပါ။ "အရှင်ဘုရား၊ အရိယာ ဘယ်နှစ်မျိုးရှိသလဲ" မေးရင် "လေးမျိုးပဲရှိတယ်"လို့ ပြောမှာ။

အရင်ဆုံး ဘာအရိယာလဲ?

"သောတာပန် အရိယာပါ ဘုရား"

အဲဒီ သောတာပန် အရိယာ ပယ်အပ်တဲ့ ကိလေသာက ဒိဋ္ဌိနဲ့ **ဝိစိကိစ္ဆာ**။ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို ဖြုတ်ချင်ရင် ဘာနားလည်ရမလဲဆိုတော့...

ဒေသနာဉာဏာ နုသာရေန ဉာဏံ ပေသဥ္စသဉာဏုတ္တ-
ရသ ဟောတိ။

ဒေသနာ အစဉ်နားလည်မှ၊ ဒေသနာက္ကမ ဒေသနာ အစဉ် နားမလည်ဘဲနဲ့ ရမ်းလုပ်နေလို့ကတော့ ရကို မရဘူးလို့ ဆုံးဖြတ်ပါ။

ဒါ ဘယ်သူ့အလိုကျ ပြောနေတာလဲဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အလိုတော်ကျ ပြောနေတာပါ။ ပဋိစ္စသမုပ္ပါဒ်သင်တန်း

ကို ဘာဖြစ်လို့ တက်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်ကို နားလည်စေချင်လို့ ပြောနေတာပါ။

ဒါဖြင့် ကောင်းပြီ။ ယောဂီတို့ တရားအားထုတ်တာ ဘာလိုချင်လို့ပါလိမ့်?

"နိဗ္ဗာန်လိုချင်လို့ပါ ဘုရား"

နိဗ္ဗာန် ဘယ်နှစ်မျိုးပါလိမ့်?

"လေးမျိုးပါ ဘုရား"

နိဗ္ဗာန် ဘာကြောင့် လေးမျိုးပြားရပါလိမ့်။ ဉာဏ်လေးမျိုးပြားလို့။ အဲဒီ ဉာဏ်လေးမျိုးက ဘာတွေလဲ?

"သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ပါ ဘုရား"

သောတာပတ္တိမဂ်ကျချင်ရင် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ကိလေသာသည် ဘယ်သူနဲ့ ဘယ်သူပါလိမ့်?

"ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပါ ဘုရား"

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ပြုတ်ချင်ရင်လည်း ဘာနဲ့ ဘာကို နားလည်ရမလဲ?

"ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရပါမယ် ဘုရား"

ပဋိစ္စ ဆိုတာက?

"အကြောင်းပါ ဘုရား"

သမုပ္ပါဒ် ဆိုတာက?

"အကျိုးပါ ဘုရား"

ဘာဖြစ်ကြောင်းနဲ့ ဘာဖြစ်ကျိုးလဲ?

"ခန္ဓာဖြစ်ကြောင်းနဲ့ ခန္ဓာဖြစ်ကျိုးပါ ဘုရား"

အခု ယောဂီတို့၊ ဘုန်းကြီးတို့ တရားဟောတာ၊ တရားနာနေတာ ခန္ဓာ ဘယ်နှစ်ပါးလဲ?

"ငါးပါးပါ ဘုရား"

အတိတ်မှာလား၊ ပစ္စုပ္ပန်မှာလား?

"ပစ္စုပ္ပန်မှာပါ ဘုရား"

ပစ္စုပ္ပန်တရားနေတဲ့ ဟောဒီခန္ဓာသည် အကြောင်းတရားလား၊ အကျိုးတရားလား?

"အကျိုးတရားပါဘုရား"

အကျိုးတရားခန္ဓာသည် ရကတည်းက မအိုချင်လည်း?

"အိုရမှာပါ ဘုရား"

မနာချင်လဲ?

"နာရမှာပါ ဘုရား"

မသေချင်လည်း?

"သေရမှာပါ ဘုရား"

တို့ ဘယ်ဘုံ၊ ဘယ်ဘဝ၊ ဘယ်ခန္ဓာရရ ဒီလို အိုနာသေ၊ အိုခြင်းဆိုး၊ နာခြင်းဆိုး၊ သေခြင်းဆိုး ရမှာပါလားလို့ အတိတ်က သိခဲ့ရဲ့လား?

"မသိခဲ့ပါဘူး ဘုရား"

မအို၊ မနာ၊ မသေဘဲနဲ့ မသိတာလား။ အို၊ နာ၊ သေရက်နဲ့ မသိတာလာ?

"အို၊ နာ၊ သေရက်နဲ့ မသိတာပါ ဘုရား"

မသိအောင်ဖုံးထားတာ၊ မသိတာ ဘယ်သူပါလိမ့်?

"အဝိဇ္ဇာပါ ဘုရား"

ကဲ... မသိဘဲနဲ့ 'ဟိုဘုံ ဒီဘဝ ရပါစေ'ဆိုပြီး ဘုရားရှေ့မှာ ဆုရှည်ကြီး မတောင်းဘူးလား၊ တောင်းလား?

"တောင်းပါတယ် ဘုရား"

တံခွန်၊ ကုက္ကား၊ မလေးပွား စုံနေတာပဲ။ ခေတ်ရိုက်ခေတ်ဆင်၊ အင်းအိုင် ခလုတ် လက်ဖွဲ့တွေနဲ့၊ ဒါတွေနဲ့မှ သွားပြီးတော့ ဆုအရှည်ကြီး တောင်းတာ မလိုချင်လို့လား၊ လိုချင်လို့လား?

"လိုချင်လို့ပါ ဘုရား"

လိုချင်တာက?

"တဏှာပါ ဘုရား"

ဘယ်ဘဝရရ အိုနာသေကြီး ရမယ်မှန်းသိလို့ လိုချင်တာလား၊ မသိလို့ လိုချင်တာလား?

"မသိလို့ လိုချင်တာပါ ဘုရား"

မသိတာက?

"အဝိဇ္ဇာပါ ဘုရား"

လိုချင်တာက?

"တဏှာပါ ဘုရား"

ဟောဒီ အဝိဇ္ဇာနဲ့ တဏှာပေါင်းပြီးတော့ ယောဂီတို့၊ ဘုန်းကြီးတို့ ဘုရားရှေ့မှာသွားပြီး ဆုတွေ မတောင်းခဲ့လား၊ တောင်းခဲ့လား။


"တောင်းခဲ့ပါတယ် ဘုရား"

## အရေးကြီး အဝိဇ္ဇာ တဏှာ အလယ်ကောင်မှာ အနီရောင်ခြယ်ပါ

ဒါဖြင့် ဘုန်းကြီးက မေးတော့မယ်။

ဘုရားရှေ့ ဆွမ်းတော်တင်၊ ပန်းကပ်ရင်းနဲ့ ဘုရားရွှေချ၊ တန်ခိုးကြီးဘုရားတွေမှာ ဂြိုဟ်ပြေ နံ့ပြေရှေ့မှာ ဘုရားကို တောရွှေး ကောင်ရွှေး ရွှေးပြီးသကာလ...

"အရှင်ဘုရား ဤကဲ့သို့ လှူဒါန်းရတဲ့ အကျိုးအားကြောင့် လောကီစည်းစိမ်လည်း တိုးတက်ပါရစေ။ ဒီဘဝလည်း ချမ်းသာပါရစေ၊ နောင်ဘဝလည်း ချမ်းသာပါရစေ။ ရာထူးလည်း တိုးပါရစေ။ ဖြစ်လေရာ ဘဝမှာ ဒီသား ဒီမြေး ဒီမြစ်တွေနဲ့ ဥမကွဲ သိုက်မပျက် ငှက်ဖြစ်သော်လည်း တစ်ကိုင်းတည်း၊ ဝက်ဖြစ်သော်လည်း တစ်ကျင်းတည်း၊ ငံပြာရည်ဖြစ်သော်လည်း တစ်ပုလင်းတည်း..."




မူလနှစ်ဖြာထည့်ပုံ

(က) အဝိဇ္ဇာနှင့် တဏှာသည် သတ္တဝါတို့ သံသရာ ကြင်လည်ရာ၌ ကာလသုံးပါးနှင့် သက်ဆိုင်သော ကြောင့် စက်ဝိုင်း အလယ်ခေါင်တည့်တည့်တွင် ရေးထားရပါသည်။

(ခ) အနီရောင်နှင့် ရေးရခြင်းမှာ သတ္တဝါတွေ သံသရာ ကြင်လည်သော ပုထုဇဉ်မှစ၍ အနာဂါမ်တိုင်အောင် ခန္ဓာအမျိုးမျိုးရ၍ သံသရာ ကြင်လည်ရခြင်း၏ အဓိကသော့ချက်မှာ အဝိဇ္ဇာတဏှာ ဖြစ်ပါသည်။ ၎င်း အဝိဇ္ဇာ တဏှာသည် ကိလေသာတရားများ ဖြစ်သောကြောင့် မီးနှင့်ပမာ တူ၏။ ထို့ကြောင့် အနီရောင်ဖြင့် ရေးထားပါသည်။

အကြိမ်ကြိမ် ဘုရားမျက်စိလည်အောင် ဆုတောင်းတာ ဘယ်သူနဲ့ ဘယ်သူ ပေါင်းတောင်းတာလဲ?

"အဝိဇ္ဇာနဲ့ တဏှာ ပေါင်းတောင်းတာပါ ဘုရား"

တောင်းခဲ့လို့လည်း အခု ဒီဘဝ ဒီခန္ဓာ မရခဲ့လား၊ ရခဲ့လား?

"ရခဲ့ပါတယ် ဘုရား"

ဒါဖြင့် အတိတ်တုန်းက သတ္တဝါမှန်သမျှ၊ အတိတ်တုန်းက ဘုန်းကြီးတို့၊ ယောဂီတို့ ခန္ဓာရခဲ့တာလည်း ဘယ်သူနဲ့ ဘယ်သူ့ကြောင့်လဲ?

"အဝိဇ္ဇာနဲ့ တဏှာကြောင့်ပါ ဘုရား"

အခု ပစ္စုပ္ပန်မှာလည်း ခန္ဓာရနေတာ ဘယ်သူနဲ့ ဘယ်သူ့ကြောင့်?

"အဝိဇ္ဇာနဲ့ တဏှာကြောင့်ပါ ဘုရား"

အနာဂတ်မှာ ခန္ဓာရနေတာလည်း ဘယ်သူနဲ့ ဘယ်သူ့ကြောင့်?

"အဝိဇ္ဇာနဲ့ တဏှာကြောင့်ပါ ဘုရား"

ယုတ်စွအဆုံး အနာဂါမ်တည်ပြီးတဲ့ ဗြဟ္မာကြီးတွေတောင် သုဒ္ဓါဝါသဘုံမှာ ခန္ဓာရနေတာ ဘယ်သူနဲ့ ဘယ်သူ့ကြောင့်တုန်း?

"အဝိဇ္ဇာနဲ့ တဏှာကြောင့်ပါ ဘုရား"

အဲဒီ အဝိဇ္ဇာနဲ့ တဏှာကို အပြီးတိုင် ပယ်တာက အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဗျ။ ဒါဖြင့် အနာဂါမ်တောင်မှ အဝိဇ္ဇာနဲ့ တဏှာကို ပယ်သတ်နိုင်ရဲ့လား?

"မပယ်သတ်နိုင်ပါဘူး ဘုရား"

ဒါကြောင့် ယောဂီတို့ အသုဘကို သုဘ ထင်နေတာဗျ။ သဘောကျရဲ့လား?

"ကျပါတယ် ဘုရား"

ကဲ... ထားတော့။ ဘုန်းကြီးပြောချင်တာက အတိတ်တုန်းက ခန္ဓာရခဲ့တာလည်း ဘယ်သူနဲ့ ဘယ်သူ့ကြောင့်?

"အဝိဇ္ဇာနဲ့ တဏှာကြောင့်ပါ ဘုရား"

အခု ခန္ဓာရတာလဲ?

"အဝိဇ္ဇာနဲ့ တဏှာကြောင့်ပါ ဘုရား။

အနာဂတ် ခန္ဓာရမှာလဲ?

"အဝိဇ္ဇာနဲ့ တဏှာကြောင့်ပါ ဘုရား"

ဒါဖြင့် ယောဂီတို့ ဘယ်ဘဝ၊ ဘယ်ခန္ဓာ၊ ဘယ်ကာလ၊ ဘယ်တုန်းက အတိတ် အနာဂတ် ပစ္စုပ္ပန် ဘယ်ကာလမှာ ခန္ဓာရရ၊ ဘယ်သူနဲ့ ဘယ်သူ့ကြောင့်လဲ?

"အဝိဇ္ဇာနဲ့ တဏှာကြောင့်ပါ ဘုရား"

ဒါဖြင့် အဝိဇ္ဇာနဲ့ တဏှာသည် ကာလသုံးပါးနဲ့ ဆိုင်သလား၊ မဆိုင်ဘူးလား?

"ဆိုင်ပါတယ် ဘုရား"

အဲဒီ ကာလသုံးပါးနဲ့ ဆိုင်နေတဲ့အတွက်ကြောင့်မို့ အဝိဇ္ဇာနဲ့ တဏှာကို စက်ဝိုင်းဘယ်နေရာမှာ သုံးတာလဲ။ ဒီမှာ စက်ဝိုင်းရဲ့ အလယ်မှာ ရေးထားတယ်။ ဘာဖြစ်လို့ အလယ်မှာ ရေးထားတာလဲ ဆိုရင် ကာလသုံးပါးနဲ့ သက်ဆိုင်နေလို့။

ပြော၊ ဘာတဲ့တုန်း?

"ကာလသုံးပါးနဲ့ သက်ဆိုင်နေလို့ပါ ဘုရား"

မူလနှစ်ဖြာ တရားကိုယ်ကောက်တော့ ဘယ်သူနဲ့ ဘယ်သူတုန်း?

"အဝိဇ္ဇာနဲ့ တဏှာပါ ဘုရား"

နှစ်ရပ်မူလ တရားကိုယ်ကော ်တော့?

"တဏှာနဲ့ အဝိဇ္ဇာပါ ဘုရား"

မူလနှစ်ဖြာနဲ့ နှစ်ရပ်မူလ ဘာထူးသလဲဆိုရင် တရားကိုယ်အားဖြင့် မထူးဘူး။ အဝိဇ္ဇာနဲ့ တဏှာပဲ။ ဒါပေမဲ့ ကာလအားဖြင့်တော့ ထူးတယ်။

ဘာထူးသလဲ?

"ကာလအားဖြင့် ထူးပါတယ်ဘုရား"

အတိတ်က အဝိဇ္ဇာသည် ပစ္စုပ္ပန်မှာ ခန္ဓာရခြင်း၏ အကြောင်းတရား။ မှတ်ထားနော်။ ပစ္စုပ္ပန်မှာ တဏှာသည် အနာဂတ် ခန္ဓာရခြင်း၏ အကြောင်းတရား။

ဒါဖြင့်ရင် မူလနှစ်ဖြာနဲ့ နှစ်ရပ်မူလ ဘာကွာသလဲလို့ မေးရင် ကာလအားဖြင့် ကွာတယ်။ ရှင်းပြီနော်။

မူလနှစ်ဖြာဆိုတဲ့ အဝိဇ္ဇာနဲ့ တဏှာသည် ကာလအားဖြင့် အပိုင်းအခြား ရှိရဲ့လား?

"မရှိပါဘူး ဘုရား"

မရှိဘူး။ ကာလသုံးပါးလုံးနဲ့ သက်ဆိုင်တယ်။ အတိတ်ခန္ဓာရတာလည်း ဘယ်သူနဲ့ ဘယ်သူကြောင့်တုန်း?

"အဝိဇ္ဇာနဲ့ တဏှာကြောင့်ပါ ဘုရား"

ပစ္စုပ္ပန်မှာ ခန္ဓာရတာလဲ?

"အဝိဇ္ဇာနဲ့ တဏှာကြောင့်ပါ ဘုရား"

ဒါဖြင့် သူက ကာလသုံးပါးလုံးနဲ့ မဆိုင်ဘူးလား?

"ဆိုင်ပါတယ်ဘုရား"

ဒါကြောင့် ဘယ်နေရာ ရေးတာလဲ?

"အလယ်မှာ ရေးတာပါဘုရား"

ဘာအရောင်နဲ့ ရေးထားတာတုန်း?

"အနီရောင်နဲ့ ရေးထားတာပါ ဘုရား"

အနီရောင်နဲ့ ရေးထားတာ သာမန်မို့လား၊ အရေးကြီးလို့လား?

"အရေးကြီးလို့ပါဘုရား"

ယောဂီတို့ ကျောင်းသားဘဝက စာမေးပွဲ အဖြေလွှာမှာ ဘာအရောင်နဲ့ ခြစ်တာလဲ?

"အနီရောင်နဲ့ ခြစ်တာပါဘုရား"

ကျောင်းသားတစ်ယောက် အပြစ်ရှိနေလို့ မှတ်ချက်ပေးရင် ဘာအရောင်နဲ့ ပေးတုန်း?

"အနီရောင်နဲ့ ပေးပါတယ်ဘုရား"

မင်နီ မတားဘူးလား၊ တားသလား?

"တားပါတယ်ဘုရား"

သာမန်မို့လား၊ အရေးကြီးလို့လား?

"အရေးကြီးလို့ပါ ဘုရား"

အခုလည်း ယောဂီတို့၊ ဘုန်းကြီးတို့ သတ္တဝါတွေ သံသရာမှာ ကျင်လည်ရခြင်းတွင် တကယ့်အရေးအကြီးဆုံး ပို့ဆောင်သည် အဝိဇ္ဇာနဲ့ တဏှာမှန်း သိစေချင်လို့ ဘာအရောင်နဲ့ ရေးတာလဲ?

"အနီရောင်နဲ့ ရေးတာပါဘုရား"

အရောင်ကအစ ကွဲတယ်ဗျ။ သဘောကျရဲ့လား?

"ကျပါတယ်ဘုရား"

ဒါကြောင့် ဆရာတော်ဘုရားကြီးကို 'ဉာဏ်ကောင်းလိုက်တာ၊ ဉာဏ်ထက်လိုက်တာ' လို့ သိလေ ကြည်ညိုလေ၊ တချို့က နားမလည်ဘဲနဲ့ အနီရောင်ကို အဝါရောင် သုံးလို့ သုံး၊ အနက်ရောင်၊ အပြာရောင် ရေးလို့ရေးနဲ့။ ရမ်းရမ်းရေးတယ်။ အဓိပ္ပာယ်နဲ့ ရေးထားတာကို ဘာမှလည်း မသိဘဲနဲ့ စွတ်စွတ်ပြီး လုပ်တာတွေ မရှိဘူးလား?

"ရှိပါတယ်ဘုရား"

အေး... အဲဒီအထဲမှာ တို့ယောဂီတွေ မပါစေနဲ့နော်"

## ဆုတောင်းနေတာ သစ္စာမသိလို့ပါ

ယောဂီတို့၊ ဘုန်းကြီးတို့ ဘုရားစင်ရှေ့မှာ ကုသိုလ်ကောင်းမှု ပြုပြီးတော့မှ 'ဟိုဘုံဘဝ ရပါစေ၊ စီးပွားရေး တက်ပါစေ၊ လူ့ဘဝ၊ နတ်ဘဝ ရပါစေ' လို့ ဆုတောင်းနေတာသည် သစ္စာသိလို့ တောင်းတာလား၊ မသိလို့ တောင်းတာလား?

"မသိလို့တောင်းတာပါ ဘုရား"

မသိတာက?

"အဝိဇ္ဇာပါဘုရား"

လိုချင်တာက?

"တဏှာပါဘုရား"

ကဲ... ဘုရားရှေ့မှာ ဆုတောင်းနေရင်း ရင်ထဲ နှလုံးသားထဲမှာ ဘယ်သူကိန်းနေတုန်း?

"အဝိဇ္ဇာနဲ့ တဏှာ ကိန်းနေပါတယ် ဘုရား"

သန္တာန်ကိုလှစ်၊ အနှစ်ကိုရှာ၊ ပုံသဏ္ဌာန်ကတော့ ကြည်ညို စရာပါ။ ဒူးလေးတုပ်ကာ ဦးညွှတ်ကာနဲ့ ဆွမ်းတော်ပွဲ ကန်တော့ပွဲ တွေနဲ့ ဆွမ်းတော်ကပ်၊ ပန်းတော်ကပ်နေတာ အကုသိုလ်လား၊ ကုသိုလ် လား?

"ကုသိုလ်ပါဘုရား"

ဟိုဘုံ ဒီဘဝ ရပါစေ ဆုတောင်းတာ သိလို့တောင်းတာလား၊ မသလို့ တောင်းတာလား?

"မသိလို့ တောင်းတာပါဘုရား"

မသိတာက?

"အဝိဇ္ဇာပါဘုရား"

လိုချင်တာက?

"တဏှာပါဘုရား"

အဝိဇ္ဇာ တရားကိုယ်ကောက်?

"မောဟပါဘုရား"

တဏှာကို တရားကိုယ်ကောက်?

"လောဘပါဘုရား"

မောဟနဲ့ လောဘ။ ကုသိုလ်လား၊ အကုသိုလ်လား?

"အကုသိုလ်ပါဘုရား"

မောဟနဲ့ လောဘကို ဘယ်ဘုန်းကြီးမှ ကုသိုလ်လို့ မဟောရဲဘူး။ အဲဒီ အကုသိုလ် မိုးပေါ်ကလာတာလား?

"မဟုတ်ပါဘူး ဘုရား"

သူများက အမွေပေးတာလား?

"မဟုတ်ပါဘူး ဘုရား"

အဲဒီတော့ ဆုတောင်းရှည်တဲ့ အဝိဇ္ဇာနဲ့ တဏှာ ဘယ်အချိန်မှာ ပေါ်လာတာလဲ။ ကုသိုလ်ပြုနေတဲ့အချိန်၊ ဟုတ်ပြီလား။

ဘုန်းကြီးက မေးမယ်လေ။ ဆွမ်းတော်ကပ်တာနဲ့ ဆုတောင်းတာ ဘယ်ဟာက အရင်လဲ?

"ဆွမ်းတော်ကပ်တာက အရင်ပါဘုရား"

ဘယ်သူက နောက်တုန်း?

"ဆုတောင်းတာက နောက်ပါဘုရား"

ဆွမ်းတော်ကပ်တာ အကုသိုလ်လား၊ ကုသိုလ်လား?

"ကုသိုလ်ပါဘုရား"

ဆုတောင်းတာ ဘယ်သူနဲ့ ဘယ်သူ ပေါင်းတာလဲ?

"အဝိဇ္ဇာနဲ့ တဏှာပေါင်းတာပါ ဘုရား"

မဂ်ဖိုလ်နိဗ္ဗာန်ကို တောင်းတာလား၊ လောကီအာရုံကို တောင်းတာလား?

"လောကီအာရုံကို တောင်းတာပါဘုရား"

ငါးဖြာအာရုံ ကာမဂုဏ် ဘုံဘဝကို လိုချင်တဲ့ အဝိဇ္ဇာနဲ့ တဏှာသည် လောဘနဲ့ မောဟ။ လောဘနဲ့ မောဟသည် ကုသိုလ်လား၊ အကုသိုလ်လား?

"အကုသိုလ်ပါ ဘုရား"

ဒါဖြင့် ဆွမ်းတော်၊ ပန်းတော် ကပ်တာက ကုသိုလ်၊ အဝိဇ္ဇာနဲ့ တဏှာပေါင်းတော့ ဟိုဘုံ ဒီဘဝ ရောက်ရပါစေ၊ ပစ္စုပ္ပန်စီးပွားရေး တက်ပါစေ၊ ရာထူးတိုးပါရစေ လုပ်နေတာက အကုသိုလ်၊ ရှင်းပြီ နော်။

မှတ်ထား။ ဆုတောင်းတာကို ဘယ်သူမှ အကုသိုလ်လို့မပြော ရဲဘူး။ အဲဒါကြောင့်မို့ တို့ ဗုဒ္ဓဘာသာတွေ ပေါ့ပျက်ပျက်နဲ့ ဘုရားရှေ့ သွားပြီးတော့ ဟိုတောင်း ဒီတောင်း တောင်းနေကြတာ။ သဘောကျ ရဲ့လား။

ဒါဖြင့် အဝိဇ္ဇာနဲ့ တဏှာပေါင်းပြီး ဘုရားရှေ့မှာ ပွတ်တွတ် ပွတ်တွတ် လုပ်နေတာ ကုသိုလ်ထဲမှာ ဘာရောနေတာလဲ?

"အကုသိုလ် ရောနေတာပါဘုရား"

မေးချင်တာက အကုသိုလ်နဲ့ ကုသိုလ် ဘယ်သူက အရင်တုန်း?

"ကုသိုလ်ကအရင်ပါ ဘုရား"

ဘယ်သူက နောက်က?

"အကုသိုလ်ကနောက်ပါ ဘုရား"

ဘာကြောင့် ဒီလိုဖြစ်ရတာလဲ?

"သစ္စာ မသိလို့ပါ ဘုရား"

## ကုသိုလ်၊ အကုသိုလ် ရောခဲ့ကြတယ်

မြတ်စွာဘုရားက ပါဠိတော်မှာ ဒဲ့ပြောပြီးသား။ တို့က ဝေ့ဝိုက် ပြီး ဘာသာပြန်နေကြလို့ ခက်နေတာ။ ပဋ္ဌာန်းပါဠိတော် ဥပနိဿယ ပစ္စည်းမှာ—

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ
အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

အဲဒီပါဠိ ဒကာ ဒကာမတွေ ကြားဖူးတယ်။ နားလည်းထောင် ဖူးတယ်။ တချို့များ ဘုရားရှေ့မှာ ကိုယ့်ဟာကိုယ်တောင် စာရွက် ကလေးချပြီး မရွတ်ဖူးလား?

"ရွတ်ပါတယ်ဘုရား"

အဲဒီ ပါဠိက ဘာပြောတာလဲ။ ရွက်သာ ရွတ်တယ် ဘာမှ နားမလည်ဘူး။ အဲဒါကြောင့်မို့ ဝါးတားတား ယောင်တောင်တောင်နဲ့ သူများပြောတာနဲ့တင် လမ်းဆုံးနေကြတယ်။

ပုရိမာ ပုရိမာ– ရှေးရှေး၊ ကုသလာနံ ဓမ္မာနံ– သားရှင်ပြု သမီးနားသ ရွှေကျောင်းကြီးဆောက် ရွှေဘုရားကြီးတည်း ဟူသော ကုသိုလ်ကို အကြောင်းပြု၍၊ ပစ္ဆိမာနံ ပစ္ဆိမာနံ– နောက်နောက်သော ကာလ၌၊ အကုသလာနံ ဓမ္မာနံ– သစ္စာမသိတဲ့ အဝိဇ္ဇာဘုံဘဝလိုချင်တဲ့ တဏှာ၊ ငါလုပ် ငါရမှာပဲဆိုတဲ့ စွဲလမ်းတဲ့ ဒိဋ္ဌိတည်းဟူသော အကုသိုလ် တရားတို့သည်၊ ကေသဥ္စိ– သစ္စာမသိတဲ့ အချို့ အချို့သူတို့၏ သန္တာန်၌၊ ဥပနိဿယ ပစ္စယော– ရှေးက ကုသိုလ်ကို အမှီပြု၍ နောက်က အကုသိုလ်တို့သည် ဖြစ်ပေါ်လာကြကုန်၏။

ကုသိုလ်ကို မှီပြီးတော့ ဘာတွေဖြစ်တာလဲ?

"အကုသိုလ်တွေဖြစ်တာပါ ဘုရား"

ဘာမသိလို့လဲ?

"သစ္စာမသိလို့ပါဘုရား"

နားလည်မှုကို ရှေ့ကထားတယ်။ ပါဠိကို နောက်ကထားတာ။ သဘောပေါက်ရဲ့လား ယောဂီတို့။

နားလည်ပြီးမှ ပါဠိရွတ်ပြီး ဘာသာပြန်ပြတာ တို့ဖြစ်စဉ်နဲ့ မကိုက်သလား၊ ကိုက်သလား"

"ကိုက်ပါတယ် ဘုရား"

အဲဒီတော့ ကုသိုလ်ထဲမှာ ဘာရောတာလဲ?

"အကုသိုလ်ရောပါတယ် ဘုရား"

ရောခဲ့၊ မရောခဲ့?

"ရောခဲ့ပါတယ် ဘုရား"

ရောခဲ့ပါတယ်လို့ ဘယ်သူက သက်သေပြသလဲ။ ဒီမှာ ခန္ဓာကြီး ငုတ်တုတ်ကြီး။ ဘယ်သူမှ ငြင်းမရဘူးဗျ။

ရသလား?

"မရပါဘူး ဘုရား"

အခု ယောဂီတို့ရနေတဲ့ ခန္ဓာဟာ ဒုဂ္ဂတိလား၊ သုဂတိလား?

"သုဂတိပါဘုရား"

ဒုဂ္ဂတိ ဆိုတာ ဘာတုန်း?

"အပါယ်လေးဘုံပါ ဘုရား"

သုဂတိက လူနတ်နှစ်ဖြာ၊ အဲဒါက ဘာတုန်း။

"သုဂတိပါ ဘုရား"

အခု ယောဂီတို့၊ ဘုန်းကြီးတို့ ရနေတဲ့ ခန္ဓာသည် ဒုဂ္ဂတိလား၊ သုဂတိလား?

"သုဂတိပါ ဘုရား"

သုဂတိခန္ဓာရတာ အကုသိုလ်က အကျိုးပေးတာလား၊ ကုသိုလ်က အကျိုးပေးတာလား?

"ကုသိုလ်က အကျိုးပေးတာပါ ဘုရား"

အဲဒီတော့ သုဂတိခန္ဓာရတော့ အိုခြင်းဆိုး၊ နာခြင်းဆိုး၊ သေခြင်းဆိုး လွတ်ပြီလား?

"မလွတ်သေးပါဘူး ဘုရား"

လောကဓံရှစ်ပါး မကောင်းလောကဓံ၊ ကောင်းလောကဓံနဲ့ လွတ်ပြီလား?

"မလွတ်သေးပါဘူး ဘုရား"

ဒါဖြင့် တို့ အပူတွေနဲ့တွေ့တာ ကုသိုလ်က အကျိုးပေးတာလား၊ အကုသိုလ်က အကျိုးပေးတာလား?

"အကုသိုလ်က အကျိုးပေးတာပါ ဘုရား"

ရှင်းနေတာပဲ ယောဂီတို့။ အတိတ်က ကုသိုလ်ရော၊ အကုသိုလ်ရော ရောခဲ့ပါတယ်ဆိုတာ ယနေ့ဖြစ်စဉ်က သက်သေပြနေတာပဲ။ စာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ။ ကိုယ့်ဖြစ်စဉ်နဲ့ ကိုယ် ကိုက်ကြည့်ပေါ့။

အပါယ်လေးပါးနဲ့စာရင် လူ့ဘဝရတာ မကောင်းဘူးလား?

"ကောင်းပါတယ် ဘုရား"

ကုသိုလ်က အကျိုးပေးတာ၊ အိုနာသေ ကင်းရဲ့လား?

"မကင်းပါဘူး ဘုရား"

အိုရ၊ နာရ၊ သေရတာ ချမ်းသာရဲ့လား?

"မချမ်းသာပါဘူး ဘုရား"

ဆင်းရဲတာက ဒုက္ခ၊ မှန်တာက သစ္စာ၊ ခန္ဓာကြီးက ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

ဆင်းရဲကျိုးနဲ့ တွေ့ရတာ ကုသိုလ်ကြောင့်လား၊ အကုသိုလ်ကြောင့်လား?

"အကုသိုလ်ကြောင့်ပါ ဘုရား"

တရားကိုယ်ကောက်တော့ ဘာနဲ့ ဘာတုန်း?

"အဝိဇ္ဇာနဲ့ တဏှာပါ ဘုရား"

## ကုသိုလ်ပြုရင်း ဘုရားရှေ့မှာ လျှာရှည်တယ်

တို့ မြန်မာက တဲ့ပြောမှ ရမှာ။ ဗိုလ်ချုပ်အောင်ဆန်းပြောသလို "ပျော့နေရင် မရဘူး"တဲ့။ "နားမလည်ဘူး၊ တဲ့သာပြော"တဲ့။ မြန်မာလို တဲ့ပြောရင် ဘုရားရှေ့မှာ လျှာရှည်တာပဲ။ ကုသိုလ်လုပ်ရင်း ဘုရားရှေ့မှာ လျှာရှည်တာ။

ဘယ်သူနဲ့ ဘယ်သူပေါင်း လျှာရှည်တာတုန်း?

"အဝိဇ္ဇာနဲ့ တဏှာပေါင်းပြီး လျှာရှည်တာပါ ဘုရား"

ဒါဖြင့် တို့ဒကာ၊ ဒကာမတွေ သင်တန်းလည်း တက်သေးတယ်။ စခန်းလည်း ဝင်သေးတယ်။ ငြိုဟ်ပြေ နံပြေရှေ့သွားပြီး ဘုရားရွေးနေတာ ဘုရားကိုတောင် ဘုရားလို့ အောက်မေ့ရဲ့လား မသိဘူး။ စဉ်းစားဗျ။

**မှတ်ထား။** **ခန္ဓာဉာဏ်မရောက်၊** သစ္စာမသိလို့ကတော့ ဘုရားတွေ ရွေးလို့ကို **မပြီးနိုင်ဘူး။** **မြန်မာနိုင်ငံ** တန်ခိုးကြီးဘုရားမှန်သမျှ လှည့်ပြီးတော့ ဖူးတော့မှ "ဘုရားဖူး**သွားကြ**စို့ဟေ့"တဲ့။ အိမ်ကဘုရား

မျက်နှာငယ်နေတာ 'ငါ့ကို ဘုရားများ မှတ်ကြသေးရဲ့လား မသိဘူး' ပေါ့လေ။

တစ်နိုင်ငံလုံး ဘုရားကျတော့ ရွှေချချင်တာ၊ ကိုယ့်အိမ်က ဘုရားကျတော့ ရေသပ္ပာယ်ဖို့ သတိမရဘူး။ ဟုတ်ရော ဟုတ်ရဲ့လား။ ဘာဖြစ်လို့ ဟိုဘုရားကျတော့ ရွှေသင်္ကန်းကပ်တာလဲ မေးတော့၊ ဟိုဘုရားက တန်ခိုးကြီးတယ်၊ ဆုတောင်းပြည့်တယ်တဲ့။ တန်ခိုး မကြီးတဲ့ ဘုရားများ ရှိသေးရဲ့လား။ ဒါကို ဆရာတော်ဘုရားကြီးက ခဏခဏ ပြောတယ်။ "ခင်ဗျားတို့ တော်တော်ရူးတာပဲ"တဲ့။ "တို့ ဒကာကြွယ်တို့၊ ဒကာလှဘော်တို့ တော်တော်ရူးတာပဲ"တဲ့။

သိလို့ ရူးတာလား၊ မသိလို့ ရူးတာလား?

"မသိလို့ ရူးတာပါ ဘုရား"

မသိတာက?

"အဝိဇ္ဇာပါဘုရား"

ရူးတာက?

"တဏှာပါဘုရား"

ပုထုဇ္ဇနော?

"ဥမ္မတ္တကောပါ ဘုရား"

ပုထုဇ္ဇနော ဥမ္မတ္တကော- လူတွေက ရူးပေါပေါတဲ့။ ရူးရ၊ ပေါရတာ ဘယ်သူရဲ့ သတ္တိတုန်း?

"အဝိဇ္ဇာနဲ့ တဏှာရဲ့ သတ္တိပါဘုရား"

အဲဒီလို ဘုရားရှေ့မှာ ဆုတောင်းနေတာ ဘယ်သူနဲ့ ဘယ်သူ ကိန်းပြီး တောင်းနေတာလဲ?

"အဝိဇ္ဇာနဲ့ တဏှာကိန်းပြီး တောင်းနေတာပါဘုရား"

နောက် ဘုရားရှေ့သွားရင် အရှုးထဦးမှာလား?

"မထတော့ပါဘူး ဘုရား"

လျှာရှည်ဦးမှာလား?

"မရှည်တော့ပါဘူး ဘုရား"

ဘုန်းကြီးရှေ့တော့ ဖြေလိုက်တာပဲ။ ကွယ်ရာကျရင် ပြောတော့မှာ ကြည့်နေ။ ပြီးတော့မှ လက်တို့ပြီးတော့ "သူက ဘုန်းကြီးပဲ ပြောမှာပေါ့။ ကိုယ့်မှာတော့ ဘယ်ဖြစ်မလဲ၊ သားနဲ့ သမီးနဲ့ ဘုရားသွားရမှာပဲ။ တောင်းစရာရှိ တောင်းရမှာပဲ။ လုပ်စရာရှိ လုပ်ရမှာပဲ။ ယောဂီတို့ ဘုန်းကြီးရှူးနဲ့ လေ့လူးဆိုတာလို အရှူး အရှူးချင်း လက်တို့ပြီးတော့၊ ဟုတ်တယ်–ဟုတ်တယ် လုပ်နေတာဗျ။

ဘယ်သူနဲ့ ဘယ်သူပေါင်းလို့ နေကြတာတုန်း?

"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"

အဝိဇ္ဇာနဲ့ တဏှာပေါင်းလို့ နေကြတော့ ခန္ဓာမရဘူးလား၊ ရသလား?

"ရပါတယ်ဘုရား"

ဘယ်နှစ်ပါးရတုန်း?

"ငါးပါးပါ ဘုရား"

ဆိုပြစမ်းပါဦး။ ဘာတွေတဲ့တုန်း?

"ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ"

ရတဲ့ခန္ဓာ အကြောင်းလား၊ အကျိုးလား?

"အကျိုးပါဘုရား"

အလိုလိုရတာလား၊ အကြောင်းတရားကြောင့်လား?

"အကြောင်းတရားကြောင့်ပါ ဘုရား"

အကြောင်းတရားကို ကြည့်လိုက်စမ်း၊ ဘယ်သူနဲ့ ဘယ်သူတုန်း?

"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"

အဝိဇ္ဇာနဲ့ တဏှာကြောင့် အခု တခြားရတာလား၊ ခန္ဓာရတာလား?

"ခန္ဓာရတာပါ ဘုရား"

ဒါဖြင့် အဝိဇ္ဇာနဲ့ တဏှာသည် ဘာဖြစ်ကြောင်းတရားတုန်း?

"ခန္ဓာဖြစ်ကြောင်း တရားပါဘုရား"

အဖျားအနားလား၊ အရင်းအမြစ်လား?

"အရင်းအမြစ်ပါဘုရား"

အတိတ်က ခန္ဓာရတာလည်း ဘယ်သူနဲ့ ဘယ်သူ့ကြောင့်?

"အဝိဇ္ဇာနဲ့ တဏှာကြောင့်ပါ ဘုရား"

ပစ္စုပ္ပန် ခန္ဓာရတာလည်း ဘယ်သူနဲ့ ဘယ်သူ့ကြောင့်?

"အဝိဇ္ဇာနဲ့ တဏှာကြောင့်ပါဘုရား"

အနာဂတ်ခန္ဓာရတာလည်း ဘယ်သူနဲ့ ဘယ်သူ့ကြောင့်?

"အဝိဇ္ဇာနဲ့ တဏှာကြောင့်ပါဘုရား"

အဖျားအနားလား၊ အရင်းအမြစ်လား?

"အရင်းအမြစ်ပါဘုရား"

အရင်းအမြစ်မို့ စာလိုသုံးတော့ မူလ။

ဘာတဲ့တုန်း?

"မူလပါ ဘုရား"

မြန်မာလိုပြန်တော့ ခန္ဓာဖြစ်ကြောင်း အရင်းအမြစ်။

မူလဆိုတာ ဘာပါလိမ့်?

"ခန္ဓာဖြစ်ကြောင်းအရင်းအမြစ်ပါ ဘုရား"

ကောင်းပြီ။ ဒါဖြင့် ဒကာ၊ ဒကာမတွေ၊ ယောဒီ အဝိဇ္ဇာနဲ့ တဏှာသည် ဘာဖြစ်ကြောင်း အရင်းအမြစ်လဲ?

"ခန္ဓာဖြစ်ကြောင်း အရင်းအမြစ်ပါ ဘုရား"

ခန္ဓာဖြစ်ကြောင်း အရင်းအမြစ်မို့လို့ စာလို ဘယ်လိုသုံးသလဲ?

"မူလလို့ သုံးပါတယ် ဘုရား"

မြန်မာလိုပြန်လိုက်တော့ ခန္ဓာဖြစ်ကြောင်း အရင်းအမြစ်။

နှစ်ဖြာဆိုတာ ဘယ်သူနဲ့ ဘယ်သူတုန်း?

"အဝိဇ္ဇာနဲ့ တဏှာပါ ဘုရား"

အဝိဇ္ဇာနဲ့ တဏှာကြောင့် ခန္ဓာ ဘယ်နှစ်ပါးရတုန်း?

"ငါးပါးပါ ဘုရား"

အဝိဇ္ဇာနဲ့ တဏှာကို မြန်မာလိုပြန်တော့ အရပ်သုံးနဲ့ 'တဲ့'ပြော ရရင် 'ဘုရားရှေ့မှာ ကုသိုလ်ပြုရင်းနဲ့ ဆုတောင်းရှည်တာ'ဆိုတာ ပျော့ပျော့ ဘာသာပြန်တာ။ 'ဘုရားရှေ့မှာ ကုသိုလ်ပြုရင်းနဲ့ လျှာရှည် တယ်'ဆိုတာ တဲ့ဘာသာပြန်တာ။ အဲဒီတော့ ဘယ်သာဘာပြန်ကြိုက် သလဲ။ ကိုယ်ကြိုက်တာ ကိုယ်ယူနော်။

## ဆုတောင်းခြင်းသည် သမုဒယသစ္စာပွားနေဆဲ

ဒါဖြင့် ဘုရားရှေ့မှာ ဟိုဘုံ ဒီဘဝ ဆုတောင်းနေတာ ဘယ်သူနဲ့ ဘယ်သူ ပေါင်းနေတာလဲ?

"အဝိဇ္ဇာနဲ့ တဏှာ ပေါင်းနေတာပါ ဘုရား"

ကဲ့ကပ်ပြောလိုက်ဦး။ ကုသိုလ်နဲ့ ဘာနဲ့ ရောနေတာတုန်း?

"အကုသိုလ်နဲ့ ရောနေတာပါ ဘုရား"

ကုသိုလ်ကိုမှီပြီး ဘာတွေဖြစ်နေတာလဲ?

"အကုသိုလ်တွေ ဖြစ်နေတာပါဘုရား"

ဘာမသိခဲ့လို့လဲ?

"သစ္စာမသိခဲ့လို့ပါ ဘုရား"

ဟုတ်မှ ဟုတ်ရဲ့လား?

"ဟုတ်ပါတယ် ဘုရား"

ဟုတ်ပါတယ်လို့ ဘယ်သူ့သက်သေပြ?

"ခန္ဓာက သက်သေပြတာပါဘုရား"

သုဂတိခန္ဓာရတာ အကုသိုလ်ရဲ့ သတ္တိလား၊ ကုသိုလ်ရဲ့သတ္တိ လား?

"ကုသိုလ်ရဲ့ သတ္တိပါဘုရား"

အိုနာသေ ဒုက္ခနဲ့ တွေ့ရတာ ကုသိုလ်ရဲ့သတ္တိလား။ အကုသိုလ်ရဲ့ သတ္တိလား?

"အကုသိုလ်ရဲ့ သတ္တိပါဘုရား"

ဒါဖြင့် အခုအကျိုးပေးတာ သန့်သန့်လေးလား၊ ရောနေတာလား?

"ရောနေတာပါဘုရား"

လူ့ဘဝရတာက ကုသိုလ်၊ ဆင်းရဲကျိုးနဲ့ တွေ့ရတာက အကုသိုလ်ကံ။ ခွဲလို့ရရင် ခွဲစမ်း။ စာတတ်တယ်ကွ၊ ခွဲလိုက်စမ်း၊ စာမတတ်ဘူးကွ ခွဲလိုက်စမ်း?

"မရပါဘူးဘုရား"

စာတတ်တတ်၊ မတတ်တတ်ဗျ၊ ရှင်းပြီးလား။ ခန္ဓာက သက်သေမပြဘူးလား။ ပြသလား?

"ပြပါတယ်ဘုရား"

ဒါ ဘာမသိလို့ ဖြစ်တာလဲ?

"သစ္စာမသိလို့ ဖြစ်တာပါဘုရား"

ကဲ... ကောင်းပြီ။ ဒါဖြင့် သစ္စာမသိဘဲနဲ့ ရနေတဲ့ ခန္ဓာသည် သစ္စာနဲ့ကြည့်စမ်း၊ ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

မြန်မာလိုပြန်လိုက်စမ်းပါ။ ဒုက္ခက ဆင်းရဲကျိုး၊ သစ္စာက အမှန်၊ ပေါင်းလိုက်စမ်းပါဦး?

"ဆင်းရဲကျိုးအမှန်ပါ ဘုရား"

ဆင်းရဲကျိုးအမှန် ဒုက္ခသစ္စာ အလိုလိုရတာလား၊ အကြောင်းတရားကြောင့်လား?

"အကြောင်းတရားကြောင့်ပါ ဘုရား"

အကျိုးက ဆင်းရဲကျိုးနော်။ အကျိုးက ဆင်းရဲကျိုးဆိုရင် အကြောင်းက?

"ဆင်းရဲကြောင်းပါ ဘုရား"

ကောင်းပြီ။ တို့ဒကာ၊ ဒကာမတို့ အကျိုးက ဆင်းရဲကျိုးလား၊ ချမ်းသာကျိုးလား?

"ဆင်းရဲကျိုးပါဘုရား"

အကျိုးက ဆင်းရဲကျိုးဆိုရင် အကြောင်းက?

"ဆင်းရဲကြောင်းပါဘုရား"

ဆင်းရဲကြောင်းက ဘာသစ္စာလဲ?

"သမုဒယသစ္စာပါ ဘုရား"

ဆင်းရဲကြောင်းမို့ ဘာသစ္စာလဲ?

"သမုဒယသစ္စာပါဘုရား"

သမုဒယက ဆင်းရဲကြောင်း၊ သစ္စာကအမှန် ပေါင်းလိုက်ပါဦး?

"ဆင်းရဲကြောင်း အမှန်ပါဘုရား"

ပါဠိလိုပြော ဘာသစ္စာလဲ?

"သမုဒယသစ္စာပါ ဘုရား"

မြန်မာလိုပြော?

"ဆင်းရဲကြောင်းအမှန်ပါဘုရား"

ဘုရားရှေ့မှာ ပွတ်တွတ်ပွတ်တွတ်နဲ့ သွားဆုတောင်းနေတာ ဘာသစ္စာလဲ?

"သမုဒယသစ္စာပါဘုရား"

ရဲရဲပြော။ ဘာသစ္စာပွားနေတာလဲ?

"သမုဒယသစ္စာ ပွားနေတာပါဘုရား"

ဘယ်သူ့ရှေ့ ပွားနေတာလဲ?

"ဘုရားရှေ့ပွားတာပါဘုရား"

ဘုရားက သမုဒယသစ္စာကို ပွားလို့ ဟောတာလား၊ ပယ်လို့ ဟောတာလား?

"ပယ်ဖို့ဟောတာပါဘုရား"

တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗန္တိ
မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု။

ဓမ္မစကြာမှာ သွားကြည့်ပါ။ ဘုရားက သမုဒယသစ္စာကို ပွားလို့ဟောတာလား၊ ပယ်လို့ ဟောတာလား။

“ပယ်လို့ဟောတာပါဘုရား”

တို့က ဘာလုပ်ခဲ့?

“ပွားခဲ့တာပါဘုရား”

## မူလနှစ်ဖြာကြောင့် သစ္စာနှစ်ပါးနဲ့ လည်နေရ

ယောဂီတို့က ဘယ်ဘာသာဝင်တုန်း?

“ဗုဒ္ဓဘာသာဝင်ပါဘုရား”

ဗုဒ္ဓဘာသာဝင်ဆိုတာ ဘာပြောတာပါတုန်း?

“ဘုရားစကား နားထောင်တာပါဘုရား”

ဘုရားက သမုဒယသစ္စာကို?

“ပယ်ရမှာပါဘုရား”

တို့က?

“ပွားနေတာပါဘုရား”

ဘယ်ဘာသာဝင်တုန်း?

“ဗုဒ္ဓဘာသာဝင်ပါဘုရား”

မရှက်လို့ကို ဖြေနေတာ။ ဘုရားက ပယ်ဆိုရင် တို့က?

“ပွားနေပါတယ်ဘုရား”

ဘုရားက အရှေ့ဆို တို့က?

“အနောက်ပါဘုရား”

ဘုရားကတောင်ဆို တို့က?

“မြောက်ပါဘုရား”

ဘုရားက အထက်ဆို တို့က?

"အောက်ပါဘုရား"

အတော်ကြည်ညိုတာကိုဗျ။ ဘုရားက မလုပ်နဲ့ဆိုရင် လုပ်တယ်။ လုပ်တာတောင် ကွယ်ရာလုပ်တာလား၊ ရှေ့တင်လုပ်တာလား?

"ရှေ့တင်လုပ်တာပါ ဘုရား"

ကိုယ့်စကားနားမထောင်တဲ့ သားသမီးကိုကျတော့ 'မင်း ငါ့ကို အရွဲ့တိုက်တာလား' လို့ မပြောဘူးလား၊ ပြောလား?

"ပြောပါတယ်ဘုရား"

ဘာလို့ပြောတာတုန်း၊ ကိုယ့်စကား နားမထောင်လို့။ ဘယ်လို ပြောတာတုန်း?

"ငါ့ကိုအရွဲ့တိုက်တာလားလို့ ပြောတာပါဘုရား"

မပြောဘူးလား၊ ပြောလား?

"ပြောပါတယ်ဘုရား"

အခု မြတ်စွာဘုရားက သမုဒယသစ္စာကို ဘာတဲ့လဲ?

"ပယ်ရမှာပါဘုရား"

တို့က ဘာသွားလုပ်တာလဲ?

"ပွားနေတာပါဘုရား"

ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ နဲ့ ပြည့်စုံတဲ့ မြတ်စွာဘုရားကိုတောင် အရွဲ့တိုက်သေးရင် ဘုန်းကြီးတို့ကိုတော့ ပျင်းတောင် ပျင်းသေးတယ်၊ သူတို့ကနော်။

ကိုင်း... ဘာဖြစ်လို့ အရွဲ့တိုက်တာလဲ?

"သစ္စာမသိလို့ပါ ဘုရား"

သစ္စာမသိတာ ဘယ်သူတုန်း?

"အဝိဇ္ဇာပါဘုရား"

အရွဲ့တိုက်တာများ ပြုံးတိုက်တာလား၊ မဲ့တိုက်တာလား?

"ပြုံးတိုက်တာပါဘုရား"

ဟုတ်တယ်၊ ဆုတောင်းများ ပြုံးနေတာပဲ။ မဲ့တောင်းတာလား၊

ပြုံးတောင်းတာလား?

"ပြုံးတောင်းတာပါဘုရား"

တောင်းတာ တခြားလား၊ တဏှာလား?

"တဏှာပါဘုရား"

မသိတာက?

"အဝိဇ္ဇာပါဘုရား"

တောင်းနေတာက?

"တဏှာပါဘုရား"

ဘုရားကို အရွဲ့တိုက်တာ ဘယ်သူနဲ့ ဘယ်သူ ပေါင်းတိုက်တာလဲ?

"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"

ဘာသစ္စာတွေ ပွားနေတာလဲ?

"သမုဒယသစ္စာပါဘုရား"

ဒါကြောင့် ဘာသစ္စာရတုန်း?

"ဒုက္ခသစ္စာရပါတယ် ဘုရား"

ဒီဘဝ ဒီလိုတရားမျိုး မနာဘူးရင် ဘုရားစုံလှည့်ပြီးတော့ ဘာသစ္စာတွေ ပွားဦးမှာလဲ?

"သမုဒယသစ္စာတွေပွားမှာပါ ဘုရား"

နောက်တော့ ဘာသစ္စာပြန်ရ?

"ဒုက္ခသစ္စာ ပြန်ရပါတယ်ဘုရား"

သူတို့နဲ့ တစ်သံသရာလုံးမှာ သစ္စာ ဘယ်နှစ်ပါးနဲ့ လည်ခဲ့ရလဲ?

"နှစ်ပါးပါ ဘုရား"

ဘယ်သူတွေတုန်း၊ ပြောပါဦး?

"ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာပါ ဘုရား"

ဘယ်သူနဲ့ ဘယ်သူ့ကြောင့် လည်ရတာတုန်း?

"အဝိဇ္ဇာနဲ့ တဏှာကြောင့်ပါ ဘုရား"

အဝိဇ္ဇာနဲ့ တဏှာက ဘာနှစ်ဖြာတုန်း?

"မူလနှစ်ဖြာပါ ဘုရား"

မူလနှစ်ဖြာကြောင့် သစ္စာ ဘယ်နှစ်ပါးနဲ့ လည်ရတာတုန်း?

"နှစ်ပါးပါ ဘုရား"

ဒါကြောင့် မူလနှစ်ဖြာ သစ္စာနှစ်ခု၊ မူလနဲ့ သစ္စာ သွယ်ပုံလေး ပြောပြသွားတာပါ။ ရှင်းပြီလား။

ဒါနားလည်တော့ ဘာဖြစ်တုန်းဆိုတော့ အဝိဇ္ဇာနဲ့ တဏှာဆိုတာ ပုဂ္ဂိုလ်သတ္တဝါလား၊ ဓမ္မလား။

"ဓမ္မပါ ဘုရား"

အကျိုးဓမ္မလား၊ အကြောင်းဓမ္မလား?

"အကြောင်းဓမ္မပါ ဘုရား"

ရတဲ့ခန္ဓာက အကြောင်းဓမ္မလား၊ အကျိုးဓမ္မလား?

"အကျိုးဓမ္မပါ ဘုရား"

အကြောင်းတရားကြောင့် ဘာပေါ်တာလဲ?

"အကျိုးတရားပေါ်တာပါ ဘုရား"

ဒါဖြင့် အိုရ၊ နာရ၊ သေရ၊ ဒုက္ခမျိုးစုံရောက်ရတာ အလိုလိုလား၊ အကြောင်းတရားကြောင့်လား?

"အကြောင်းတရားကြောင့်ပါ ဘုရား"

အကြောင်းအကျိုးပေါ် ဉာဏ်ရှင်းတော့ ဘာသေတုန်း?

"ဝိစိကိစ္ဆာ သေပါတယ် ဘုရား"

ဟာ... ဒါ အကြောင်းအကျိုးကြောင့် ရတာပါလားလို့ ပိုင် ပိုင်နိုင်နိုင် သိတော့ ဘာပြုတ်?

"ဒိဋ္ဌိပြုတ်ပါတယ် ဘုရား"

အကြောင်းတရားပေါ် ဉာဏ်ရှင်းတော့ ဘာသေ?

"ဝိစိကိစ္ဆာ သေပါတယ်ဘုရား"

အကျိုးခန္ဓာပေါ် အမှန်သိတော့ ဘာပြုတ်?

"ဒိဋ္ဌိပြုတ်ပါတယ် ဘုရား"

အကြောင်းကို ဉာဏ်ရှင်းရင် ဝိစိကိစ္ဆာသေ၊ အကျိုးအပေါ် ဉာဏ်ရောက်တော့ ဒိဋ္ဌိပြုတ်၊ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ပြုတ်ရင် ဘာတည်မှာ ပါလိမ့်"

"သောတာပန် တည်မှာပါဘုရား"

သောတာပန်တည်ရင် ပထမနိဗ္ဗာန် မရဘူးလား?

"ရပါတယ်ဘုရား"

ပထမနိဗ္ဗာန်လိုချင်ရင် ဘယ်သူနဲ့ ဘယ်သူ ဖြုတ်ရမှာလဲ?

"ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ဖြုတ်ရမှာပါဘုရား"

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ဖြုတ်ချင်ရင် ဘာကို နားလည်ရမလဲ?

"ပဋိစ္စသမုပ္ပါဒ် နားလည်ရပါမယ် ဘုရား"

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပြုတ်ရင် ဘာတည်မှာလဲ?

"သောတာပန် တည်မှာပါဘုရား"

သောတာပန်တည်ရင် ပထမနိဗ္ဗာန် မရဘူးလား?

"ရပါတယ်ဘုရား"

အဲဒီကျမှ ရည်ရွယ်ချက်ပြည့်မယ်မှတ်ပါ။ ကဲ... နာရီစေ့ပြီ။ တော်ကြဦးစို့ဗျာ။

■

## ဒုတိယနေ့ဟောစဉ်

### တရားအဖွင့် ပဏာမ

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဩဝါဒ်တော်ကို ဦးထိပ်မှာထားပြီး ဟောကြားကြ၊ နာကြားကြမှာ ဖြစ်လေသောကြောင့် ဆရာတော်ဘုရားကြီး ရေးသားသီကုံးတော်မူခဲ့သော မူလနှစ်ဖြာ လင်္ကာဆောင်ပုဒ်ကို ညီညာဖြဖြ ရွတ်ဖတ်ပူဇော်ပြီး တရားပွဲစလိုက်ကြရအောင်

*　မူလနှစ်ဖြာ၊ သစ္စာနှစ်ခု
လေးခုအလွှာ၊ အင်္ဂါဆယ့်နှစ်ပါး
တရားကိုယ်များနှင့်၊ သုံးပါးအစပ်
နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်
ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်
ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်
သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

အားလုံးပဲ လက်အုပ်ချီကလေးတွေချထား။ မျှတသော ဣရိယာပုထ်ဖြင့် စိတ်ချမ်းသာသလို ထိုင်ပြီး၊ ဟောကြားလတ္တံ့သော တရား

ဓမ္မများကို အာရုံတစ်ပါး စိတ်မသွားဘဲ ဆက်လက်နာယူ မှတ်သား နိုင်ကြပါပြီ။

တို့အားလုံး ယောဂီအပေါင်း သူတော်ကောင်းတို့၊ ယောဂီများ ရွတ်ဖတ်ပူဇော်သွားတဲ့ ပဋိစ္စသမုပ္ပါဒ် လင်္ကာထဲမှာ 'အလွတ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း'တဲ့။ တိုရှင်းလိုရင်း ပြောရရင် ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို ပိုင်ပိုင်နိုင်နိုင် သိရှိနားလည်မယ်ဆိုရင် ဘယ်ကလွတ်မှာတဲ့လဲ?

"သံသရာကလွတ်မှာပါ ဘုရား"

အဲဒီတော့ သံသရာရဲ့ လွတ်ရာ သိမ်းရာသည် ဘာပါလိမ့်?

"နိဗ္ဗာန်ပါဘုရား"

သံသရာက လွတ်ချင်တယ်၊ သံသရာလွတ်ပြီး ဝဋ်ဘဝတိုတို့နဲ့ မဂ်ဖိုလ်နိဗ္ဗာန် ရပါရစေလို့ ဗုဒ္ဓဘာသာတွေ ကုသိုလ်လုပ်ပြီးတိုင်း ဆုမတောင်းဘူးလား၊ ဆုတောင်းကြလား?

"တောင်းကြပါတယ်ဘုရား"

အဲဒီတော့ သံသရာက လွတ်ချင်တယ်လို့ တောင်းပေမယ့် သံသရာဆိုတာ ဘာပြောတယ်ဆိုတာကို နားမလည်ရင် သံသရာက တကယ်လွတ်ချင်တဲ့ ပင်ကို ပကတိဆန္ဒ ပေါ်လာနိုင်စရာအကြောင်း ရှိပါ့မလား?

"မရှိပါဘူးဘုရား"

လူပြော သူပြောနဲ့ သူလည်း သံသရာကလွတ်၊ ကိုယ်လည်း သံသရာကလွတ်။ သံသရာ ဘာပြောမှန်းလည်း မသိဘူး။ သံသရာရဲ့ ဆိုးရွားပုံ၊ ယုတ်မာပုံ စသည်အားဖြင့် ဘာတစ်ခုမှ နားမလည်ဘဲနဲ့ သံသရာက လွတ်ချင်တယ်ဆိုတာနော်။ ကျေးရွာရှင်ကြီးက ပြောတယ်။ "ဒကာကြွယ်၊ သံသရာအကြောင်း နားမလည်ဘဲနဲ့ သံသရာက လွတ်ချင်တယ်ဆိုတာ သူပြော လူပြော လွတ်ချင်တယ်လို့သာမှတ်။ တကယ် ရင်ထဲ၊ အသဲထဲက တကယ်လွတ်ချင်တာ မဟုတ်ဘူး ဒကာကြွယ်"တဲ့။

ဒါဖြင့် တို့ ဒကာ၊ ဒကာမတွေက သံသရာက တကယ်လွတ်ချင်တယ်ဆိုရင် သံသရာရဲ့ အနက်အဓိပ္ပာယ်ကို နားလည်ထားဖို့ မလိုဘူးလား?

"လိုပါတယ်ဘုရား"

## သံသရာ ဟူသည်

သံသရာဆိုတာ ဘာပြောတာလဲလို့မေးရင် ဘုန်းကြီးတို့အရပ်သုံးစကားနဲ့ ဘာသာပြန်ရရင် အိုနာသေ ထပ်ကာထပ်ကာဖြစ်နေတာသည် သံသရာ။

ပြန်ပြောပါဦး?

"အိုနာသေ ထပ်ကာထပ်ကာဖြစ်နေတာသည် သံသရာပါ ဘုရား"

အတိတ်တုန်းကလည်း ယောဂီတို့၊ ဘုန်းကြီးတို့ ဘာပွဲနွှဲခဲ့ရသလဲဆိုရင် အိုနာသေပွဲ။ အတိတ်က မသေဘဲနဲ့ အခုခန္ဓာ ရလာတာလား၊ သေပြီးမှ ရလာတာလား?

"သေပြီးမှ ရလာတာပါ ဘုရား"

အခု ဒီမှာ ခန္ဓာရထားပြန်သော်လည်းပဲ အချိန်တန်ရင် ယောဂီတို့ ဘယ်လောက်ဘွဲ့ထူး၊ ဂုဏ်ထူး၊ ရာထူးတွေ ရပါတယ်ပဲ ပြောပြော တစ်ချိန်ကျရင် ဘာဖြစ်ရမှာတုန်း?

"သေရဦးမှာပါ ဘုရား"

ကဲ... သေရပြီးတော့ ဒုတိယဘဝမှာ ခန္ဓာတွေရပြီးတော့ ဘာပွဲတွေ နွှဲရဦးမှာလဲ?

"အိုနာသေပွဲတွေ နွှဲရဦးမှာပါ ဘုရား"

ဒါဖြင့် ယောဂီတို့ အိုနာသေပွဲတွေ နွှဲခဲ့ရတာ တစ်ဘဝတည်းလား၊ ဘဝတိုင်းလား?

"ဘဝတိုင်းပါဘုရား"

တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ်လား?

"အကြိမ်ကြိမ်ပါဘုရား"

အဲဒီလို အကြိမ်ကြိမ် အထပ်ထပ် အိုနာသေ ဖြစ်နေတာကို ဘာလည်တာတဲ့တုန်း?

"သံသရာလည်တာပါ ဘုရား"

ဒါဖြင့် အိုနာသေရတာ ချမ်းသာသလား၊ ဆင်းရဲသလား?

"ဆင်းရဲပါတယ် ဘုရား"

ဆင်းရဲတာက ဒုက္ခ၊ မှန်တာက သစ္စာ။ ဒုက္ခသစ္စာဆိုတာ မြန်မာလိုပြန်ရင် ဆင်းရဲကျိုးအမှန်။

ပြန်ပြောပါဦး?

"ဆင်းရဲကျိုးအမှန်ပါ ဘုရား"

ဒါဖြင့် သံသရာလည်တယ်ဆိုတာ ချမ်းသာကျိုးနဲ့ လည်တာလား၊ ဆင်းရဲကျိုးနဲ့ လည်တာလား?

"ဆင်းရဲကျိုးနဲ့ လည်တာပါဘုရား"

အဲဒါကို မသိတဲ့အခါကျတော့ သံသရာဆွဲဆန့်တဲ့သူကလည်း ရှိသေးတယ်ဗျာ။ မရှိဘူးလား၊ ရှိလား။

"ရှိပါတယ်ဘုရား"

ရှိတယ်ဗျာ။ အမယ်လေး... သံသရာဆွဲဆန့်လို့... ဘယ်သူတုန်း?

"မာမာအေးပါ ဘုရား"

ဘယ်နဲ့ မာမာအေးရမှာတုန်း။ အဲဒါ ယောဂီတို့၊ ဘုရားရှေ့ လျှာရှည်တာ။ သံသရာဆွဲဆန့်တာပဲ။

ဘုရားရှေ့သွားပြီး ဆုတောင်းနေတာ ဘာလုပ်တာတုန်း?

"သံသရာဆွဲဆန့်တာပါ ဘုရား"

ဒါဖြင့် သံသရာဆွဲဆန့်တာ ဘယ်သူတုန်းမေးရင် သစ္စာမသိတဲ့ သူတွေပါဘုရားလို့ ဖြေ၊ ဘယ်သူတုန်း?

"သစ္စာမသိတဲ့သူတွေပါ ဘုရား"

အောင်မာ... မာမာအေး သူ့ဘာသာနေတာကိုများ၊ တချို့က သံသရာဆွဲဆန့်လို့ဆိုတဲ့ အသံကြားတော့ 'ကောင်းလိုက်တာ'တဲ့။ ကြားတဲ့သူက ဘာတဲ့တုန်း?

"ကောင်းလိုက်တာတဲ့ပါ ဘုရား"

သံသရာဆွဲဆန့်လို့မှ အိုခြင်းဆိုး၊ သေခြင်းဆိုး၊ နာခြင်းဆိုး တွေနဲ့ ဒုက္ခတွေ များနေတာကို 'ကောင်းလိုက်တာ'တဲ့။ စဉ်းစားဗျ။ 'ရူးတဲ့လူက မမြင်တာ၊ ဆိုတဲ့လူက အကန်း' ဆိုတာလို နားထောင်တဲ့ လူက အပင်း၊ ဟုတ်လား။ ဘာမှမသိတဲ့လူက ပြောတာကို မတတ်တဲ့ လူက ခေါင်းညိတ်တယ်ဆိုတော့ ဒါပြောတာဗျ။

ဒါကြောင့်မို့ ယောဂီတို့တစ်တွေ သံသရာမှာ ကျွမ်းထိုးမှောက်ခုံ ဒုက္ခတွေ မရောက်ခဲ့ဖူးလား၊ ရောက်ခဲ့လား?

"ရောက်ခဲ့ပါတယ် ဘုရား"

သံသရာရဲ့ ဒုက္ခကို သိလို့လား၊ မသိလို့လား?

"မသိလို့ပါဘုရား"

ဒါဖြင့် အိုနာသေ ထပ်ရတာလည်း ထပ်ချင်လို့ ထပ်တာလား၊ ခန္ဓာရှိလို့ ထပ်ရတာလား?

"ခန္ဓာရှိလို့ ထပ်ရတာပါဘုရား"

ဟော... အိုရ၊ နာရ၊ သေရတာ ဘာရှိလို့ပါလိမ့်?

"ခန္ဓာရှိလို့ပါဘုရား"

ကောင်းပြီ။ ဒါဖြင့်ရင် ခန္ဓာအာယတနဓာတ်တို့ မပြတ်ဖြစ်ပေါ် တာသည် သံသရာ။ အဓိပ္ပာယ်နှစ်ခုရှိသွားပြီ။ စာနဲ့ ပေနဲ့ ခုံခုံညားညား ပြောရင် ခန္ဓာအာယတနဓာတ်တို့၏ မပြတ်ဖြစ်ပေါ်နေတာသည် သံသရာ။

ဟုတ်ပြီနော်။ ဒါ သံသရာအဓိပ္ပာယ်။ ခန္ဓာရှိရင် အာယတန ရှိတယ်၊ ဓာတ်ရှိတယ်။

ဒီခန္ဓာရှိတော့ မအိုချင်လဲ အိုရတာပဲ။ မနာချင်လဲ?

"နာရတာပါဘုရား"

မသေချင်လဲ?

"သေရတာပါဘုရား"

အိုနာသေ ရတာသည် တခြားလား၊ သံသရာလား?

"သံသရာပါဘုရား"

အိုနာသေ ထပ်ရတာသည် ဘာရှိလို့လဲ?

"ခန္ဓာရှိလို့ပါဘုရား"

ဒါ သံသရာရဲ့ အစိပ္ပာယ်ရှင်းလိုက်ပြီနော်။

## တစ်ယောက်တည်းလား၊ တစ်ပြုံကြီးလား

နောက်တစ်ခါ သံသရာ နှစ်မျိုးမှတ်။ သံသရာ ဘယ်နှစ်မျိုးလဲ?

"နှစ်မျိုးပါဘုရား"

အဲဒီ သံသရာနှစ်မျိုးက ဘာလဲလို့မေးရင်...

တစ်– သုဂတိသံသရာ၊

နှစ်– ဒုဂ္ဂတိသံသရာ တဲ့။

သံသရာ ဘယ်နှစ်မျိုးပါလဲ?

"နှစ်မျိုးပါဘုရား"

ဘာတွေတုန်း?

"သုဂတိသံသရာနဲ့ ဒုဂ္ဂတိသံသရာပါ ဘုရား"

ယောဂီတို့၊ ဘုန်းကြီးတို့ အခုရနေတာ ဘယ်သံသရာထဲမှာလဲ?

"သုဂတိသံသရာပါဘုရား"

သုဂတိသံသရာကနေ ယောဂီတို့ ဒီဘဝက သေရင် အပါယ်လေးဘုံ ကျချင်သလား?

"မကျချင်ပါဘူး ဘုရား"

အပါယ်လေးဘုံ မကျချင်ဘူး။ သုဂတိသံသရာကနေ ဒုဂ္ဂတိသံသရာကို မရောက်ချင်ဘူးဆိုရင် ပါဠိတော်က–

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။

ဝဂ္ဂန္တမ္ပိ သမတ္တာ၊ ပုနအာယန္တိ ဒုဂ္ဂတိ။

ဒုက္ခိတ္တာ ပုညတေဇေန– အတိတ်က ကုသိုလ်ရှိန်စော် အာနုဘော်ကြောင့်၊ ကာမရူပ ဂတိဂတာ– ယောဂီတို့, ဘုန်းကြီးတို့ အခုတရားဟော တရားနာနေတာ ခန္ဓာ ဘယ်နှစ်ပါးလဲ?

"ငါးပါးပါဘုရား"

ခန္ဓာငါးပါး အတိတ်မှာ ရတာလား၊ ပစ္စုပ္ပန်မှာ ရတာလား?

"ပစ္စုပ္ပန်မှာပါဘုရား"

ကဲ . . . ပစ္စုပ္ပန်မှာဆိုရင် ပဋိစ္စသမုပ္ပါဒ်အလိုအရ ဘယ်အကွက်မှာတုန်း?

"(၂)အကွက်မှာပါ ဘုရား"

(၂)အကွက် ခန္ဓာငါးပါး အကြောင်းတရားလား၊ အကျိုးတရားလား?

"အကျိုးတရားပါဘုရား"

အကျိုးတရား ခန္ဓာငါးပါး အလိုလိုရတာလား၊ အကြောင်းတရားကြောင့်လား?

"အကြောင်းတရားကြောင့်ပါ ဘုရား"

အကြောင်းတရားကို ကြည့်လိုက်တော့ ဘယ်သူနဲ့ ဘယ်သူပါလိမ့်"

"အဝိဇ္ဇာနဲ့ တဏှာပါ ဘုရား"

သစ္စာလေးပါး အမှန်တရား မသိတာက?

"အဝိဇ္ဇာပါဘုရား"

ဟိုဘုံ ဒီဘဝ လိုချင်ပြီး၊ ဘုရားရှေ့မှာ ပွတ်တွတ်ပွတ်တွတ်နဲ့ ထိုင်ပြီး အရှက်မရှိ ဆုတောင်းခဲ့တာက?

"တဏှာပါဘုရား"

ဒီကြားထဲမှာ တောင်းတဲ့ဆုနဲ့ ပြည့်ပါရစေဆိုပြီး ဘုရားရှေ့မှာ ဆွမ်းတော်တင်၊ ပန်းတော်ကပ်၊ ဘုရားရွှေချ စသည်ဖြင့် မလုပ်ဘူးလား၊ လုပ်သလား?

"လုပ်ပါတယ်ဘုရား"

ဆွမ်းတော်တင်၊ ပန်းတော်တင် လုပ်နေတာ ကုသိုလ်လား၊ အကုသိုလ်လားဟော့?

"ကုသိုလ်ပါဘုရား"

ဒါဖြင့် ကုသိုလ်တွေ လုပ်ခဲ့ပေမယ့် ဝမ်းထဲမှာ ဘယ်သူနဲ့ ဘယ်သူ ကိန်းပြီး လုပ်ခဲ့တာလဲ?

"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"

အဝိဇ္ဇာနဲ့ တဏှာကိန်းပြီးတော့ 'ငါလုပ် ငါရမှာပေါ့'ဆိုတဲ့ အစွဲလေးများ ပါမှ ပါရဲ့လား?

"ပါပါတယ်ဘုရား"

ပါတာပေါ့။ ပါလို့ ဆုတောင်းတာပေါ့။ ဆုတောင်းတွေ ရှည် လိုက်တာ။ ဘယ်သူ့အတွက် တောင်းတာလဲ မေးရင် ငါ့အတွက်ပေါ့၊ ကိုယ့်အတွက်ပေါ့"

ငါလို့ပြောရင် ဒိဋ္ဌိဖြစ်မှာစိုးရင် 'ကိုယ့်အတွက်'လို့ ပြောပေါ့။ ဟို... ရှေးတုန်းက အဘွားကြီး တရားစခန်းဝင်သလို ဖြစ်နေပြီ။ အဘွားကြီး တရားစခန်းဝင်တော့ ဟိုက ဒိဋ္ဌိပြုတ်တရားတွေ ဟော ရော။ ဟောချလိုက်တဲ့အခါကျတော့ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဆိုပြီးတော့ သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာကို ခွဲပြီးဟောတာ။ အခေါ်ရင်းတဲ့အထိ ခွဲပြီးဟောတာကို အဘွားကြီးက နားမလည်ဘူး။ 'ဩော်... ငါလို့ပြောတာ ဒိဋ္ဌိတဲ့' သူက ဒီလိုပဲ မှတ်သွားတယ်။ ဒါနဲ့ အိမ်ပြန်သွားရော။

အိမ်ရောက်တဲ့အခါကျတော့ 'ဘွားဘွားရေ ထမင်းစားရအောင်' လို့ ခေါ်တော့ အဘွားကြီးက 'ဟော့တော့၊ ခေါ်နေပြီ၊ ငါ ဘယ်လို ဖြေရမလဲ။ ငါလို့ပြောရင် ဒိဋ္ဌိဖြစ်တော့မှာပဲ'ဆိုပြီးတော့ စိတ်ထဲမှာ တွေးနေတာ။ ဟိုက ထပ်ခေါ်တော့ 'ဒုက္ခပဲ၊ ငါ ဘယ်လိုဖြေရမလဲ' ပေါ့။ အဲဒါကို ကလေးတွေက 'ဒီအဘွား ရိပ်သာကပြန်လာပြီးမှ ဘယ်လိုဖြစ်နေမှန်း မသိဘူး'တဲ့။

အဲဒါ ထပ်ခေါ်တော့ အဘွားကြီးက 'ငါ ထူးလိုက်တာပဲကောင်းပါတယ်၊ ငါလို့ ပြောပြန်ရင်လည်း ဒိဋ္ဌိဖြစ်ပြန်ဦးမယ်၊ အဲဒီတော့ ပြောလိုက်ပါဦးမယ်၊ ဒိဋ္ဌိပြုတ်အောင်'ဆိုပြီးတော့ 'ကျွန်မ မစားသေးပါဘူး'လို့ ပြောလိုက်သတဲ့။

ငါလို့ပြောရင် ဘာဖြစ်မှာစိုးလို့လဲ?

"ဒိဋ္ဌိဖြစ်မှာစိုးလို့ပါဘုရား"

ဘယ်လိုလှည့်ပြောတုန်း?

"ကျွန်မလို့ ပြောပါတယ်ဘုရား"

အခု ယောဂီတို့လည်းပဲ ငါလိုချင်လို့ ဆုတောင်းတယ်ပြောရင် ဒိဋ္ဌိဖြစ်တယ်ဆိုတော့ 'ကိုယ်လိုချင်လို့'လို့ ပြောနော်။

ဆုတောင်းတယ် ဆိုကတည်းက ယောဂီတို့ရေ... ဘယ်သူ့အတွက် တောင်းတာတုန်း?

"ကိုယ့်အတွက်တောင်းတာပါဘုရား"

တော်ပြီလား၊ မတော်သေးပါဘူး။ ပြုံးစိ ပြုံးစိ လုပ်မနေပါနဲ့၊ ကိုယ်ပြီးတော့ ဘာလာသလဲ။ လာပါတယ်၊ 'ကိုယ့်အိမ်ကလူကြီး' မဟုတ်ဘူးလား။ ကိုယ့်အိမ်က လူကြီးရော၊ ကလေးတွေရော ဥမကွဲ သိုက်မပျက်ဆိုပြီး ဘုရားရှေ့မှာ သွားတောင်းတာလေ။

ဥကလည်း မကွဲချင်ဘူးတဲ့၊ အသိုက်ကလည်း?

"မပျက်ချင်ပါဘူးဘုရား"

ဒါ မတောင်းဘူးလား၊ တောင်းသလား။ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် နိဗ္ဗာန်ကို တစ်ပြုံကြီး သွားချင်တာ။ အမျိုးတွေအကုန် ပါချင်တာ။ နိဗ္ဗာန်ကလည်းပြောတယ်။ 'ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ' တဲ့။ အမေ သစ္စာသိရင် အမေ့လက်ခံမယ်၊ အဖေသစ္စာသိရင် အဖေပဲ လက်ခံမယ်။ သစ္စာသိတဲ့ လူတစ်ယောက်ပဲ လက်ခံမှာတဲ့။ တစ်ပြုံကြီး လက်မခံဘူးတဲ့။

တို့က ဘယ်လိုသွားချင်တာလဲ။ တစ်ပြုံကြီးသွားချင်တာ။ နိဗ္ဗာန်က ဘာပြောတုန်း။

"တစ်ယောက်တည်း လက်ခံမှာ"

တို့ကလည်း ဘယ်လိုသွားချင်တာလဲ?

"တစ်ပြုံကြီးသွားချင်တာပါဘုရား"

ရည်ရွယ်ချက်ချင်း မကိုက်တော့ တစ်ပြုံကြီး လက်ခံတဲ့နေရာ ရှိတယ်။ ဒယ်အိုးပဲ။ ယောဂီတို့က တစ်ယောက်တည်းသွားမလား၊ တစ်ပြုံကြီးသွားမလား?

"တစ်ပြုံကြီးသွားမှာပါဘုရား"

ကြိုက်တာရွေးချယ်ပါ။ တစ်ယောက်တည်းသွားမလား၊ တစ်ပြုံကြီးသွားမလား?

"တစ်ယောက်တည်းသွားပါမယ် ဘုရား"

အဲဒါဆို လောကွတ်မချော်နဲ့။ တချို့က ပြောသေးတယ်။ 'တရားလေး၊ ဘာလေး ထိုင်ပါဦး'ဆိုတော့ 'မင်းသွားတော့ ငါလည်း ရတာပဲ'တဲ့။ လောကွက်က အတော်ချော်တယ်ဗျ။ တချို့ ဒကာကြီးတွေက ပြောတယ်၊ 'မင်းကွာ၊ ဒီသား ဒီမြေးတွေနဲ့ပဲ အချိန်ကုန်နေတာ၊ လာပါကွ၊ မင်းကလည်း လာစမ်းပါ၊ လိုက်စမ်းပါ၊ တရားစခန်းဝင်လိုက်စမ်းပါ'ဆိုတော့ 'တော့်ဘာသာ သွားစမ်းပါတော်၊ တော်သာ ဘုရားဖြစ်မည့် အုတ်ခဲကြီး'တဲ့။

တချို့က ငေါ့သေးတာဗျ၊ 'တော်သွားလည်း ကျုပ်ရတာပဲ။ တော့် ထောက်ပံ့နေတာပဲ'တဲ့။ ဘာဆိုင်လို့လဲ။ ဝေယျာဝစ္စလုပ်ပေးရင် လုပ်ပေးတဲ့ကုသိုလ်ပဲ ရမှာပေါ့။ ဟုတ်ကော ဟုတ်ရဲ့လား?

"ဟုတ်ပါတယ်ဘုရား"

ဒါဖြင့် "အတ္တာဟိ အတ္တနော နာထော၊
ကောဟိ နာထော ပရောသိယာ။
အတ္တနာဟိ သုဒန္တေန၊
နာထံ လဘတိ ဒုလ္လဘံ"တဲ့။

ကိုယ်လုပ်မှ ကိုယ်ရမှာဗျ။ ဟုတ်ကော ဟုတ်ရဲ့လား?

"ဟုတ်ပါတယ်ဘုရား"

## ဆွမ်းတော်တင်တာ ကုသိုလ်၊ ဆုတောင်းရည်တာ အကုသိုလ်

ကဲ... ကောင်းပြီ၊ ဒါပြင်ရင် တို့ဒကာ၊ ဒကာမတွေ ဟောဒီ သုဂတိခန္ဓာက အလိုလိုရတာလား၊ အကြောင်းတရားကြောင့် ရတာ လား?

"အကြောင်းတရားကြောင့် ရတာပါဘုရား"

အကြောင်းတုန်းက ယောဂီတို့၊ ဘုန်းကြီးတို့ ကုသိုလ်မလုပ်ခဲ့ ဘူးလား?

"လုပ်ခဲ့ပါတယ်ဘုရား"

ကုသိုလ်လုပ်တော့ ဆုတွေ မတောင်းဖူးလား၊ တောင်းခဲ့လား?

"တောင်းခဲ့ပါတယ်ဘုရား"

ဘယ်သူနဲ့ ဘယ်သူကိန်းပြီး တောင်းခဲ့တာလဲ?

"အဝိဇ္ဇာနဲ့ တဏှာ ကိန်းခဲ့တာပါဘုရား"

ဒီကြားထဲ 'ငါလုပ် ငါရမှာ'ဆိုတဲ့ အယူကရော မရှိဘူးလား?

"ရှိပါတယ်ဘုရား"

ငါလုပ် ငါရမယ်ဆိုတာ အယူမှန်လား၊ အယူမှားလား?

"အယူမှားပါဘုရား"

အယူမှားတာ တခြားလား၊ ဒိဋ္ဌိလား?

"ဒိဋ္ဌိပါဘုရား"

ကဲ... အဝိဇ္ဇာရယ်၊ တဏှာရယ်၊ ဒိဋ္ဌိရယ်၊ ဟုတ်ရဲ့လား?

"ဟုတ်ပါတယ်ဘုရား"

အဝိဇ္ဇာရယ်၊ တဏှာရယ်၊ ဒိဋ္ဌိရယ်ဆိုတော့ ယောဂီတို့ ပြန် ကြည့်ဗျ။ အကုသိုလ်စိတ် ၁၂ ပါးမှာ တို့အရှင်းကောင်း၊ အရှင်မြတ် တွေကျတော့ သိပါတယ်။ အကုသိုလ်စိတ် ၁၂ ပါးမှာ လောဘမူစိတ် ၈ ပါး ပထမဆုံး လောဘစိတ်ကိုပြန်ကြည့်။

လောဘသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေကံ၊
သသင်္ခါရိက မေကံ။

ဒါ ပါပြီးသား။ မြန်မာလိုပြောတော့ လောဘသဟဂုတ်၊ ဒိဋ္ဌိဂတသမ္ပယုတ်။ လောဘနှင့် အတူတကွ။ ဒိဋ္ဌိနဲ့ ယှဉ်ဖော်ယှဉ်ဖက်ဗျ။ ဒိဋ္ဌိနဲ့ ယှဉ်ဖက် လောဘဗျ။

ဘာတဲ့လဲ?

"ဒိဋ္ဌိနဲ့ယှဉ်ဖက် လောဘပါ ဘုရား"

ဆုတောင်းတာ၊ ဟိုဘုံ ဒီဘဝ လိုချင်တာ ဘယ်သူ့အတွက် တုန်း?

"ကိုယ့်အတွက်ပါဘုရား"

ကိုယ့်အတွက်ဆိုတာ ယောဂီတို့ရေ... တခြားပြောတာလား၊ ခန္ဓာပြောတာလား?

"ခန္ဓာပြောတာပါဘုရား"

အဲဒီခန္ဓာကို သူပဲ၊ ငါပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲ သွားယူလိုက်တာ အယူအမှားလား၊ အယူမှန်လား?

"အယူမှားပါဘုရား"

အယူမှားတာ တခြားလား၊ ဒိဋ္ဌိလား?

"ဒိဋ္ဌိပါဘုရား"

ဒိဋ္ဌိနဲ့ ယှဉ်ဖော်ယှဉ်ဖက် ငါ့အတွက်၊ ငါလိုချင်လို့။ ဟုတ်ရဲ့လား။ လိုချင်တာက ဘာတုန်း?

"တဏှာပါဘုရား"

လောဘသဟဂတံ– လောဘနှင့် အတူတကွ၊ ဒိဋ္ဌိဂတ သမ္ပယုတ္တံ ဒိဋ္ဌိနှင့် ယှဉ်ဖော် ယှဉ်ဖက်။

ယောဂီတို့ အရိယာတွေလား၊ ပုထုဇဉ်တွေလား?

"ပုထုဇဉ်တွေပါ ဘုရား"

ငါးဖြာအာရုံ ကာမဂုဏ်ဆုတောင်းရင်း သူတို့ နှစ်ခုတွဲပြီး ဆုတောင်းတာဗျ။ လောဘနဲ့ ဒိဋ္ဌိ ယှဉ်တော့တာပဲ။

ဒါကြောင့် မြတ်စွာဘုရားက 'တဏှာ အနိဿိတဿ၊ ဒိဋ္ဌိ အနိဿိတဿ' လို့ မိန့်တော်မူတာပေါ့။ ပါရမီခန်းကျတော့ 'ပရမံ ဘာဝံ ပါရမီ'။ ပရမံ– မြင့်မြတ်သူတို့၏၊ ဘာဝံ– သဘောကို၊ ပါရမီ– ပါရမီလို့ခေါ်တယ်၊ မြင့်မြတ်သူတို့ရဲ့အလုပ်ကို ပါရမီလို့ ခေါ်တာ။

မြင့်မြတ်သူတို့ရဲ့ အလုပ်ကို ဘာခေါ်တာလဲ?

"ပါရမီခေါ်တာပါ ဘုရား"

အဲဒီတော့ ယောဂီတို့၊ ဘုန်းကြီးတို့ အတိတ်တုန်းက လုပ်ခဲ့တာက လောဘဒိဋ္ဌိတွေ ဝမ်းထဲမှာ မကိန်းဘူးလား၊ ကိန်းခဲ့လား?

"ကိန်းခဲ့ပါတယ် ဘုရား"

ဒါဖြင့် လောဘဆိုတာ တဏှာ၊ တဏှာဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား?

"အကုသိုလ်ပါဘုရား"

ဟောဒီ ဒိဋ္ဌိကရော ကုသိုလ်လား၊ အကုသိုလ်လား?

"အကုသိုလ်ပါဘုရား"

ဒါဖြင့် ယောဂီတို့ ဘုရားရှိခိုးရင်းနဲ့ ဘုံဘဝမှာ လောကီအာရုံ ကာမဂုဏ်တွေနဲ့ ဆုတောင်းနေတာသည် ဝမ်းတဲမှာ တဏှာနဲ့ ဒိဋ္ဌိ ပေါင်းနေတာဗျာ။ စိတ်ထဲမှာ 'ဩော်... အကုသိုလ်တွေပါလား' လို့ သိလိုက်ရဲ့လား?

"မသိလိုက်ပါဘူး ဘုရား"

ဘာဖြစ်လို့ မသိလိုက်တာလဲမေးရင် ဝမ်းထဲမှာ ဉာဏ်ဘုရား မပွင့်လို့။ ဘာဘုရား မပွင့်လို့လဲ?

"ဉာဏ်ဘုရား မပွင့်လို့ပါဘုရား"

ဘုရားရှင်ကိုယ်တော်မြတ်ကြီး လောကမှာ ပွင့်တော်မူလာတာ ဘာအကျိုးငှာလဲလို့ မေးရင် သတ္တဝါတွေ ကုသိုလ်နဲ့ အကုသိုလ် ခွဲသိဖို့။

ယောဂီတို့၊ ဘုန်းကြီးတို့ ဘာနဲ့ဘာ ခွဲခြားသိဖို့လဲ”

“ကုသိုလ်နဲ့ အကုသိုလ် ခွဲခြားသိဖို့ပါဘုရား”

ဆွမ်းတော်တင်၊ ပန်းကပ်တာက ကုသိုလ်၊ ဆုတောင်းရှည်နေတာက?

“အကုသိုလ်ပါဘုရား”

တစ်သက်လုံးသာ တောင်းလာတာ။ ငါတို့ ကုသိုလ်ထဲ အကုသိုလ်ရောနေတာပါလားလို့ သိရဲ့လား?

“မသိပါဘူးဘုရား”

မသိတာကို ဖုံးထားတာက ဘယ်သူတုန်း?

“အဝိဇ္ဇာပါဘုရား”

ပြုံးပြုံးကြီးနဲ့ တောင်းနေတာက?

“တဏှာပါဘုရား”

ငါလုပ် ငါရမှာပေါ့လို့ စွဲယူလိုက်တာက?

“ဒိဋ္ဌိပါဘုရား”

ကုသိုလ်တွေလား၊ အကုသိုလ်တွေလား?

“အကုသိုလ်တွေပါဘုရား”

ကိုယ့်ဟာကိုယ် လုပ်နေရင်းနဲ့ သိလိုက်ရဲ့လား?

“မသိလိုက်ပါဘူး ဘုရား”

## သဗ္ဗညုတ်တော်ဘုရားနဲ့ ဉာဏ်တော်ဘုရား

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက—

* ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်
လူတော်အများ၊ စိတ်ကောင်းထားလည်း
ဤကား ကုသိုလ်၊ အကုသိုလ်နှင့်
ထိုဘုံဘဝ၊ မသိရ
များလှ အပြစ်တွေ။

မှတ်ထား။ ဝမ်းထဲမှာ ဘုရားသာမပွင့်ရင်တဲ့။ ဒီစကားလုံးလေးနဲ့ စလိုက်တာ။

ယောဂီတို့ ဘုရားနှစ်မျိုးရှိတယ်။ ဘုရား ဘယ်နှစ်မျိုးလဲ?

"နှစ်မျိုးပါဘုရား"

ဘုရားနှစ်မျိုးက ဘာလဲဆိုရင် တစ်– သဏ္ဌာန်တော်ဘုရား၊ တစ်က ဘာလဲ?

"သဏ္ဌာန်တော်ဘုရားပါ ဘုရား"

နှစ်က ဉာဏ်ဘုရား၊ နှစ်က ဘာလဲ?

"ဉာဏ်ဘုရားပါ ဘုရား"

ဘုရားဘယ်နှစ်မျိုးပါလိမ့်?

"နှစ်မျိုးပါဘုရား"

ပြော၊ ဘာနဲ့ ဘာလဲ?

"သဏ္ဌာန်ဘုရားနဲ့ ဉာဏ်ဘုရားပါ ဘုရား"

သဏ္ဌာန်တော်ဘုရားဆိုတာ အခုမြင်နေတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဥဒ္ဒိဿစေတီတော် ရုပ်ပွားတော်ကို ဖူးလိုက်လို့ရှိရင် မျက်နှာ တော်တို့၊ ဆံတော်တို့၊ ဦးခေါင်းတော်တို့၊ အင်္ဂါခြေလက် အပြည့်အစုံ မဖူးရဘူးလား၊ ဖူးရလား?

"ဖူးရပါတယ်ဘုရား"

အင်္ဂါခြေလက် အပြည့်အစုံ ဖူးနေရတာက ပုံသဏ္ဌာန်တော် အပြည့်အစုံ ရှိနေလို့လား၊ မရှိနေလို့လား?

"ရှိနေလို့ပါဘုရား"

အဲဒါ ဘာဘုရားတုန်း?

"သဏ္ဌာန်တော်ဘုရားပါ ဘုရား"

ဒါဖြင့် သဏ္ဌာန်တော်ဘုရားကို ရှိခိုးရင်၊ ကန်တော့ရင်၊ ဆွမ်းတော်ကပ်ရင်၊ ပန်းကပ်ရင် ကုသိုလ်ရမယ်။ ဟုတ်ပြီလား။

သဏ္ဌာန်တော်ဘုရားကို ရှိခိုးရင် ဘာရမယ်?

"ကုသိုလ်ရပါတယ်ဘုရား"

ကုသိုလ်ရဲ့ အကျိုးပေးက?

"ခန္ဓာပါဘုရား"

ခန္ဓာရဲ့လမ်းစဉ်က?

"အိုနာသေ ရှိရာပါဘုရား"

ပြန်ပြောမယ်နော်။ ခေါင်းခါးခြေလက်နဲ့ ပြည့်ပြည့်စုံစုံ ဖူးနေရတာက ဘာဘုရား?

"သဏ္ဌာန်တော်ဘုရားပါ ဘုရား"

သဏ္ဌာန်တော်ဘုရားကို ပူဇော်ရင် ဘာရမယ်?

"ကုသိုလ်ရပါမယ်ဘုရား"

ကုသိုလ်ရဲ့ အကျိုးပေးက?

"ခန္ဓာပါဘုရား"

ခန္ဓာရဲ့လမ်းစဉ်က အိုနာသေရှိရာ၊ သဏ္ဌာန်တော်ဘုရားကို ပူဇော်ရင် ကုသိုလ်ရမယ်။ ဝမ်းထဲမှာ ဉာဏ်ဘုရားပွင့်ရင် နိဗ္ဗာန်ရမယ်။

ဝမ်းထဲမှာ ဉာဏ်ဘုရားပွင့်ရင် ဘာရမလဲ?

"နိဗ္ဗာန်ရပါမယ် ဘုရား"

ဘုန်းကြီးမေးချင်တာကလေ၊ သိဒ္ဓတ္ထမင်းသားကနေ ဂေါတမရှင်တော်မြတ်ဗုဒ္ဓ။ ဒီကြားထဲမှာ သိဒ္ဓတ္ထမင်းသားကနေ ရှင်တော်မြတ်ဗုဒ္ဓဖြစ်အောင် ဖန်တီးပေးလိုက်တာက ဘယ်သူလဲလို့ မေးရင် သစ္စာသိတဲ့ ဉာဏ်ပဲ။ သစ္စာ မသိရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးလည်း သိဒ္ဓတ္ထမင်းသားဘဝကနေ တက်မှာမဟုတ်ဘူး။ ဟုတ်ရဲ့လား?

"ဟုတ်ပါတယ်ဘုရား"

သစ္စာသိတဲ့ဉာဏ်သည် ဉာဏ်ဘုရားပဲ။

သစ္စာသိတဲ့ဉာဏ်သည်?

"ဉာဏ်ဘုရားပါဘုရား"

ကိုင်း . . . ဒါဖြင့် ယောဂီတို့ နှလုံးသားထဲမှာ သစ္စာသိရင် ဘာဘုရား ပွင့်မှာလဲ?

"ဉာဏ်ဘုရားပွင့်မှာပါ ဘုရား"

ကုသိုလ်၊ အကုသိုလ် ခွဲခြားသိရင် ဘာဘုရား ပွင့်မှာလဲ?

"ဉာဏ်ဘုရားပွင့်မှာပါ ဘုရား"

ဒါဖြင့် ဉာဏ်ဘုရားကို ခမ္မနဲ့ ပူဇော်နိုင်ရင် နိဗ္ဗာန်ရနိုင်မယ်။

ဉာဏ်ဘုရားကို ခမ္မနဲ့ပူဇော်နိုင်ရင်?

"နိဗ္ဗာန်ရပါမယ်ဘုရား"

နိဗ္ဗာန်ရရင် နိဗ္ဗာန်မှာ အိုနာသေ ရှိရဲ့လား?

"မရှိပါဘူး ဘုရား"

ဒါကြောင့် ဘုရား ဘယ်နှစ်မျိုးတုန်း?

"နှစ်မျိုးပါဘုရား"

ဘာဘုရားနဲ့ ဘာဘုရား?

"သဏ္ဍာန်တော်ဘုရားနဲ့ ဉာဏ်ဘုရားပါ ဘုရား"

ပြန်ပြောမယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသ အင်္ဂါခြေလက် ဘုရားရှင်ရဲ့ သဏ္ဍာန်တော်ကို ဖူးမြင်နေရတာသည် ဘာဘုရားတုန်း?

"သဏ္ဍာန်တော်ဘုရားပါ ဘုရား"

ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ နှလုံးသားထဲမှာ ကိန်းဝပ်အပ်သော ဉာဏ်တော်သည် သစ္စာသိတဲ့ သမ္မာသမ္ဗောဓိဉာဏ်ကြီးသည် ဘာဘုရားတုန်း?

"ဉာဏ်ဘုရားပါ ဘုရား"

ဒါဖြင့် သစ္စာသိတာက ဉာဏ်ဘုရား၊ ခေါင်းခါးခြေလက်က သဏ္ဍာန်တော်ဘုရား။

သစ္စာသိတာက?

"ဉာဏ်ဘုရားပါ ဘုရား"

ခေါင်းခါးခြေလက်က?

"သဏ္ဌာန်တော်ဘုရားပါ ဘုရား"

## ခန္ဓာကိုသာ ကိုင်ဟောပါ

သိဒ္ဓတ္ထမင်းသားဘဝကနေ သမ္မာသမ္ဗောဓိဘုရား ဖြစ်အောင် ဖန်တီးပေးလိုက်တာဟာ တခြားလား၊ သစ္စာသိတဲ့ ဉာဏ်လား?

"သစ္စာသိတဲ့ ဉာဏ်ပါဘုရား"

အဲဒီ သစ္စာသိတဲ့ဉာဏ်ကို သမ္မာသမ္ဗောဓိဉာဏ်တဲ့။ သမ္မာ- ကောင်းမွန်စွာ၊ သမ္ဗောဓိ- သစ္စာလေးချက် အမှန်တရားတို့ကို မသိခဲ့ဖူးလား။ အဲဒါကြောင့် သမ္မာသမ္ဗောဓိလို့ အမည်တော်ရတာပေါ့။ ဘွဲ့တော်ရတာပေါ့။ ဒီလို ဂုဏ်တော်ရတာပေါ့ဗျ။

ဒါဖြင့်ရင် ယောဂီတို့၊ ဘုန်းကြီးတို့ ရင်ထဲမှာ သစ္စာသိရင် ဘာဘုရားပွင့်မှာလဲ?

"ဉာဏ်ဘုရားပွင့်မှာပါ ဘုရား"

ဒါဖြင့် ဆွမ်းတော်၊ ပန်းတော်ကပ်တာက အကုသိုလ်လား၊ ကုသိုလ်လား?

"ကုသိုလ်ပါဘုရား"

ဟိုဘုံ ဒီဘဝ လိုချင်ပြီး ဆုတောင်းတဲ့ တဏှာနဲ့ ဒိဋ္ဌိက?

"အကုသိုလ်ပါဘုရား"

တဏှာကို တရားကိုယ်ကောက်တော့ လောဘ၊ ဒိဋ္ဌိက ဒိဋ္ဌိ။ လောဘ သဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ- လောဘနဲ့ အတူတကွ ဒိဋ္ဌိနဲ့ ယှဉ်ဖော်ယှဉ်ဖက်။ ဟုတ်ရဲ့လား?

"ဟုတ်ပါတယ်ဘုရား"

ဒါဖြင့် ငါကောင်းစားရေးနဲ့ ဆုတောင်းနေတာကို ကုသိုလ်လို့ ဘယ်သူပြောရဲသလဲ?

"မပြောရဲပါဘူး ဘုရား"

မပြောရဲဘူး။ ဒါ အကုသိုလ်သက်သက်ပဲ။

ဆွမ်းတော်တင်၊ ပန်းတော်ကပ်တာကတော့?

"ကုသိုလ်ပါဘုရား"

ဆုတောင်းရှည်နေတာ?

"အကုသိုလ်ပါဘုရား"

ကုသိုလ်ထဲ ဘာရောနေတာလဲ?

"အကုသိုလ်ရောနေတာပါ ဘုရား"

ကဲ... တစ်သက်လုံး တောင်းလာတာ၊ သိရဲ့လားဟေ့?

"မသိပါဘူး ဘုရား"

'ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်၊ လူတော်အများ၊ စိတ်ကောင်းထားလည်း'။ ဘယ်လောက်စိတ်ကောင်းရှိရှိ၊ ဘယ်လောက်လှူနိုင်ပါတယ် ပြောပြော၊ ဘယ်လောက်သီလရှိရှိ၊ ဘယ်လောက် သမထတွေ ပွားပွားတဲ့။

'ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ မသိရ၊ များလှ အပြစ်တွေ"တဲ့။ မလုပ်ဘူးလား၊ လုပ်ခဲ့လား?

"လုပ်ခဲ့ပါတယ် ဘုရား"

လုပ်ခဲ့တယ်။ များလှအပြစ်တွေတဲ့၊ ပြန်ကြည့်။

အကုသလာ သာဝဇ္ဇ ဒုက္ခဝိပါက လက္ခဏာ။

အကုသလာ– အကုသိုလ်ရဲ့အကျိုးပေးသည်၊ သာဝဇ္ဇ–လုပ်နေတုန်းမှာလည်း အပြစ်ရှိတယ်၊ ဒုက္ခဝိပါက လက္ခဏာ– အကျိုးပေးတော့လည်း ဆင်းရဲတဲ့အကျိုးကို ပေးတတ်တယ်။

အကျိုးပေးတော့ ဘာအကျိုးပေးတုန်း?

"ဆင်းရဲကျိုးပေးပါတယ် ဘုရား"

ကြည့်လေ၊ အခုရထားတာ ခန္ဓာ ဘယ်နှစ်ပါးတုန်း?

"ငါးပါးပါ ဘုရား"

ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

မြန်မာလိုပြောပါ?

"ဆင်းရဲကျိုးအမှန်ပါ ဘုရား"

ပါဠိလို ပြန်ကောက်တော့ 'အကုသလာ သာဝဇ္ဇ ဒုက္ခ ဝိပါက လက္ခဏာ'။ အကုသလာ– အကုသိုလ်သည်၊ သာဝဇ္ဇ–လုပ်နေတုန်းမှာလည်း အပြစ်ရှိတယ်၊ ဒုက္ခဝိပါက လက္ခဏာ– အကျိုးပေးတော့လည်း ဆင်းရဲကျိုးပေးတယ်တဲ့။

အခု ဘာအကျိုးပေးနေတာလဲ?

"ဆင်းရဲကျိုး ပေးနေတာပါ ဘုရား"

အတိတ်က ငါတို့လုပ်ခဲ့တဲ့ အလုပ်ထဲမှာ အကုသိုလ်ရောခဲ့တယ်ဆိုတာ မသေချာဘူးလား၊ သေချာလား?

"သေချာပါတယ် ဘုရား"

သေချာပါတယ်လို့ ဘယ်သူက သက်သေပြတုန်း?

"ခန္ဓာက သက်သေပြပါတယ် ဘုရား"

အရှင်ကောင်း၊ အရှင်မြတ်တို့... သူတို့ကို သဘောပေါက်စေချင်ရင် ခန္ဓာသာ ကိုင်ဟောပါ။ ပဋိစ္စသမုပ္ပါဒ် ဟောမယ်ဆိုရင် ခန္ဓာသာ ကိုင်ထား။ သူ့ကို ဘယ်တော့မှ လက်မလွှတ်နဲ့။

သူ့ကို လက်လွှတ်ရင် ဘေးထွက်ဘော များသွားလိမ့်မယ်။ ဘောလုံးပွဲ တစ်ပွဲလိုပဲ Foul ဘော များသွားရင် ကြည့်မကောင်းဘူး။ တရားကို တရားထဲက မပြောဘူး။ ဘေးကဟာတွေ လျှောက်ပြော၊ ကိုယ်ကောင်းစားရေးတွေ လျှောက်ပြော၊ ကိုယ်လုပ်ခဲ့တာတွေ လျှောက်ပြော၊ ကိုယ်နာမည်ကြီးခဲ့တာတွေ လျှောက်ပြော၊ အခုက အလုပ်လုပ်နေတဲ့ ပုဂ္ဂိုလ်အတွက် အရေးအကြီးဆုံး Point က ဘာလဲ။ ဒါ အရေးကြီး၊ ဟုတ်ပြီနော်။

အဲဒီတော့ ကိုယ်လည်းနားလည်ချင်တယ်။ သူလည်း နားလည်စေချင်တယ်ဆိုရင် ခန္ဓာကိုသာ ကိုင်ဟော။ ဒါကြောင့်–

အသျော ခန္ဓာ အသျော နိဗ္ဗာနန္တိ ခန္ဓ ပဋိပတ္တ မေဝါတိ နိဗ္ဗာနံ။

ခန္ဓာအကြောင်း ကောင်းကောင်းမသိဘဲနဲ့ သံသရာက လွတ်မြောက်တယ်လို့ မရှိ။

လိုသလောက် ပွိုင့်ပါဠိလေးကိုတော့ ကောက်ထားဖို့လိုတာပေါ့။ "အသျော ခန္ဓာ အသျော နိမ္ဗာနန္တိ ခန္ဓပဋိပတ္တမေဝါတိ နိဗ္ဗာနံ" ဒီခန္ဓာနဲ့ ကင်းပြီးတော့မှ ဒီခန္ဓာကို အမှန်မသိဘဲနဲ့၊ ဒီခန္ဓာရဲ့ အကြောင်းအကျိုး မသိဘဲနဲ့ သံသရာက လွတ်မြောက်တယ်၊ နိဗ္ဗာန်ရောက်တယ်ဆိုတာ မဖြစ်နိုင်ဘူး။ ဒါကြောင့် သံသရာက လွတ်မြောက်ချင်တယ်၊ နိဗ္ဗာန်ရောက်ချင်တယ်ဆိုရင် ဘယ်သူ့ကိုင် ဟောရမတုန်း?

"ခန္ဓာကိုင်ဟောရပါမယ် ဘုရား"

ဒါ Point ပဲဗျာ။ ဘုရားရှင်ကိုယ်တော်မြတ် ဓမ္မစကြာဟောတော့ ကြည့်လေ၊ ပဥ္စုပါဒါနက္ခန္ဓာတိ ဒုက္ခသစ္စာ တဲ့။

ဘာကို ကိုင်ဟောတာလဲ။

"ခန္ဓာကို ကိုင်ဟောပါတယ် ဘုရား"

ခန္ဓာသာ အဓိကထားဟော။ မလွဲစေရဘူး။ စိတ်သာချာကွက်တိပဲ။

အခုရနေတဲ့ ခန္ဓာ၊ ချမ်းသာကျိုးလား၊ ဆင်းရဲကျိုးလား?

"ဆင်းရဲကျိုးပါဘုရား"

ဆင်းရဲကျိုးမှန်ရင် ကုသိုလ်က အကျိုးပေးတာလား၊ အကုသိုလ်က အကျိုးပေးတာလား?

"အကုသိုလ်က အကျိုးပေးတာပါ ဘုရား"

## ပြုလုပ်ခဲ့သမျှဟာ အတိတ်ပါ

ဘုရားတပည့်တော် ပခုက္ကူမှာ ဟောတဲ့အခါကျတော့ ပခုက္ကူမှာ မဟာဝိသုတာရာမ ဆရာတော်ဘုရားကြီးက ဦးဇင်းကို မေးတယ်။ "မောင်သုနန္ဒ၊ ခန္ဓာရတာ ကုသိုလ်ကြောင့်လား၊ အကုသိုလ်ကြောင့်

လား”တဲ့။ တဲ့လည်း ပြောချင်တယ်၊ ဆရာတော်လည်း အကဲခတ်ရသေးတာ။

အကဲခတ်တော့ “ဖြေပါကွ၊ မင်းကလည်း၊ ကုသိုလ်ကြောင့်လား၊ အကုသိုလ်ကြောင့်လား၊ ဖြေစမ်းပါ၊ မင်းက သင်တန်းတရားတွေ ဟောနေတာပဲ”ဆိုတော့ “ဆရာပေါ့၊ ဟပည့်တော် တဲ့ပြောရမှာလား၊ သွယ်ဝိုက်ပြီး ပြောရမှာလား။ လူ့အကြိုက်လိုက်ပြီး ဖြေရမှာလား ဘုရား”ဆိုတော့ “ဟာ... မင်းကလည်းကွာ၊ ငါမေးနေမှတော့ တဲ့သာပြောကွာ၊ ဘုရားဟောအတိုင်းသာ ပြောကွာ”

“အကုသိုလ်ကြောင့်ပါဘုရား”၊ “အေး... ဟုတ်တယ်ကွ၊ လူတွေက မပြောရဲဘူးကွာ”တဲ့။

ဘာလို့ အကုသိုလ်ကြောင့်လို့ ပြောတာတုန်းဆိုရင် လျှာရှည်တယ်လေ။ တဲ့ပြော။ လူတွေက ဆုတောင်းတယ်ဆိုရင် ပျော့တယ်။ တို့မြန်မာတွေက တဲ့ပြောမှ ရတာ။

အဲဒီတော့ မရှည်ဘူးလား၊ ရှည်ခဲ့လား။ လျှာရှည်ခဲ့တာ။ ဘုရားရှေ့သွားပြီးတော့ အဝိဇ္ဇာတွေ၊ ဒိဋ္ဌိတွေနဲ့ ပေါင်းပြီးတော့မှ မတောင်းဘူးလား၊ တောင်းခဲ့လား?

“တောင်းခဲ့ပါတယ် ဘုရား”


တောင်းတယ်ဗျ။ ဆုတောင်းတာကို အကုသိုလ်လို့ ဘယ်သူမှ မပြောရဲဘူး။

ပြောရဲလား?

“မပြောရဲပါဘူး ဘုရား”

မပြောရဲကြဘူး။ အမှန်တကယ်တော့ ပြောရမှာ။ မပြောလို့လည်း တို့ ဒကာ၊ ဒကာမတွေ ဘုရားရှေ့မှာ ဂြိုဟ်ပြေ နံပြေတွေနဲ့ ဗြဟ္မဏအယူတွေ ရှုပ်ကုန်တာ။ ဂြိုဟ်ပြေ နံပြေတွေရော၊ ခုနစ်နေ့ ခုနစ်နံတွေရော ရှုပ်ယှက်ခတ်နေတာပဲ။

ဒါ ဘာဖြစ်လို့လဲဆိုတော့ အမှန်တရားကို ဖော်မပြောလို့ရှိရင် အများတွေက လွှမ်းမိုးနေဦးမှာပဲဆိုတာ ဆုံးဖြတ်ပါ။ ရှင်းပြီလား။




**သစ္စာနှစ်ခုထည့်ပုံ**

ဘုရားဟောဒေသနာ (ဟောစဉ်)

သစ္စာလေးပါး ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊

သံသရာကြင်လည်ရပုံ (ဖြစ်စဉ်)

သစ္စာ ၂ ပါး သမုဒယသစ္စာ၊ ဒုက္ခသစ္စာ

သံသရာ ပြတ်ပုံ (ကျင့်စဉ်)

သစ္စာ ၂ ပါး၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာ၊

(က) အဝိဇ္ဇာတဏှာပေါင်း၍ လုပ်သမျှ သမုဒယသစ္စာ ဆင်းရဲကြောင်း တရားကြောင့် ယခု ခန္ဓာငါးပါး၊ ဆင်းရဲကျိုး ဒုက္ခသစ္စာ ရကြသည်။ ဤနည်းဖြင့် သစ္စာ ၂ ပါးနှင့်သာ သံသရာ လည်ကြရသည်။

(ခ) မဂ္ဂသစ္စာနှင့် နိရောဓသစ္စာ ၂ ပါးကို အိပ်မက်မျှ မမက်ခဲ့ကြ။ သို့အတွက် သံသရာကြင်လည်ပုံ ဖြစ်စဉ် ရေးထားရခြင်း ဖြစ်ပါသည်။

ဒါကြောင့် အကုသိုလ်ကြောင့်မို့လို့ အဝိဇ္ဇာ၊ တဏှာတည်းဟူသော အကြောင်းကြောင့် ခန္ဓာဘယ်နှစ်ပါး ရတုန်း?

"ငါးပါးရပါတယ် ဘုရား"

ဘာသစ္စာတုန်း?

"ဒုက္ခသစ္စာပါ ဘုရား"

ဘုရားက "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ"တဲ့။

ဝိညူဟိ– ပညာရှိတဲ့ လူပါး လူနပ် လူလည်တွေကိုသာလျှင် ငါက လက်ခံတယ်ကွတဲ့။ အူတူတူ အတာတာတွေကို ငါက လက်မခံဘူးတဲ့။ ရှင်းပြီလား။

ဒါဖြင့် ယောဂီတွေက လူပါးတွေလား၊ လူအတွေလား?

"လူပါးတွေပါဘုရား"

ဘယ်တုန်းက ပါးသွားတာလဲ။ မှတ်ထား 'ခွင်'တည့်အောင် ထည့်ရတယ်။ သူတို့ အမှားကိုလည်း သိအောင်ပြောရတယ်။ သူတို့ ပေါ့ပျက်ပျက်နေတာကိုလည်း ပေါ်လွင်အောင် ပြောရတယ်။ ဒါမှသာလျှင် "ဩော်...ဟုတ်တယ်နော်၊ ငါတို့ မှားခဲ့ပါလား"ဆိုပြီး အမှားသိမှ အမှန်ပြင်မယ်၊ အမှန်တရားရအောင်လို့ သင်တန်းပို့ချရတာ။ သဘောကျပြီလား။ သင်တန်းပို့ချခြင်းရဲ့ ရည်ရွယ်ချက်က ဒီလို အရိုက်ထိအောင်ပြောမှ။

ကောင်းပြီ။ ယောဂီတို့၊ ဘုန်းကြီးတို့ အတိတ်က ဘာသစ္စာတွေ ပွားခဲ့သလဲ?

"သမုဒယသစ္စာတွေ ပွားခဲ့ပါတယ် ဘုရား"

ဘုရားက သမုဒယသစ္စာကို ပွားလို့ဟောတာလား၊ ပယ်လို့ ဟောတာလား?

"ပယ်လို့ဟောပါတယ် ဘုရား"

တို့က ဘာလုပ်ခဲ့တုန်း?

"ပွားခဲ့ပါတယ်ဘုရား"

ပွားခဲ့တာမှ တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ်လား?

"အကြိမ်ကြိမ်ပါဘုရား"

အကြိမ်ကြိမ် အထပ်ထပ်မို့ အလွှာတဲ့။

ဘာတဲ့တုန်း?

"အလွှာပါဘုရား"

လုပ်ခဲ့တဲ့ အလုပ်တွေက အကျိုးတရားလား၊ အကြောင်းတရားလား?

"အကြောင်းတရားပါ ဘုရား"

ဘယ်တုန်းကများ လုပ်ခဲ့တာတုန်း?

"အတိတ်ကပါ ဘုရား"

ဒါကြောင့်မို့ ဘာအလွှာတဲ့တုန်း?

"အတိတ်အကြောင်းတစ်လွှာပါ ဘုရား"

ပြန်ပြော၊ ဘာအလွှာတဲ့တုန်း?

"အတိတ်အကြောင်းတစ်လွှာပါ ဘုရား"

ယောဂီတို့ရေ... အတိတ်ဆိုတာ ဟိုဘဝ ဒီဘဝ ယူခဲ့လို့ ရသလို ဒီနေ့နဲ့စာရင် မနေ့က ဘာတုန်း?

"အတိတ်ပါဘုရား"

ဒီလထက်စာရင် ပြီးခဲ့တဲ့ လက?

"အတိတ်ပါဘုရား"

ဒီနှစ်ထက်စာရင် ပြီးခဲ့တဲ့နှစ်က?

"အတိတ်ပါဘုရား"

ဒီနာရီထက်စာရင် ပြီးခဲ့တဲ့နာရီက?

"အတိတ်ပါဘုရား"

အတိတ်ဆိုတာ ဒီလောက်ထိ သွားယူလို့ အကုန်မရဘူးလား၊ ရသလား?

"ရပါတယ်ဘုရား"

ဟိုဘဝ ဒီဘဝကျမှ အတိတ်လို့ သွားမယူနဲ့နော်။ ဒီနာရီထက် စာရင် ယောဂီတို့ရော... ၇ နာရီ၊ ၈ နာရီထက်စာလို့ရှိရင် ၅ နာရီနဲ့ ၆ နာရီက အတိတ်ပဲ။ ဟုတ်ပြီနော်။

ဒါဖြင့် ယောဂီတို့၊ ဘုန်းကြီးတို့ အတိတ်တုန်းက ပြုခဲ့သမျှ အလုပ်တွေက အကျိုးတရားလား၊ အကြောင်းတရားလား?

"အကြောင်းတရားပါ ဘုရား"

လုပ်ခဲ့သမျှ အလုပ်တွေက သစ္စာသိ လုပ်ခဲ့တာလား၊ မသိ လုပ်ခဲ့တာလား?

"မသိ လုပ်ခဲ့တာပါ ဘုရား"

မသိတာက အဝိဇ္ဇာ၊ ပြုလုပ်ခဲ့တာက?

"သင်္ခါရပါဘုရား"

## သစ္စာသိပြီးမှ ကောင်းမှုလုပ်ကြပါ

လုပ်သမျှ အကျိုးလား၊ အကြောင်းလား?

"အကြောင်းပါဘုရား"

ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါဘုရား"

တစ်ကြိမ်တည်းလုပ်တာလား၊ အကြိမ်ကြိမ်လုပ်တာလား?

"အကြိမ်ကြိမ်ပါဘုရား"

အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ်လုပ်ခဲ့လို့ ဘာအလွှာ?

"အတိတ်အကြောင်းတစ်လွှာပါ ဘုရား"

သူများလုပ်ခဲ့တာလား၊ ကိုယ်တိုင်လုပ်ခဲ့တာလား?

"ကိုယ်တိုင်လုပ်ခဲ့တာပါ ဘုရား"

ဘယ်သူ ခေါင်းဆောင်ပြီး လုပ်ခဲ့တာလဲ?

"အဝိဇ္ဇာခေါင်းဆောင်ပါ ဘုရား"

ဒါဖြင့် ခေါင်းဆောင်က အဝိဇ္ဇာ၊ နောက်ကလိုက်တာက?

"သင်္ခါရပါဘုရား"

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ။ သူများလုပ်တာလား၊ ကိုယ်တိုင် လုပ်တာလား?

"ကိုယ်တိုင်လုပ်တာပါဘုရား"

အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ် ဆင်းရဲကြောင်းတွေ လုပ်ခဲ့တဲ့အတွက် 'ဪ... ငါလုပ်နေတဲ့ အလုပ်ကြီး ဆင်းရဲကြောင်းကြီးပါလား'လို့ ကိုယ်လုပ်နေရင်းနဲ့ သိခဲ့ရဲ့လား?

"မသိပါဘူးဘုရား"

မသိအောင် ဘယ်သူက ဖုံးထားတာတုန်း?

"အဝိဇ္ဇာပါဘုရား"

အမှန်တရား မသိအောင် ဖုံးဖိတတ်သောကြောင့် ဘာလို့ခေါ်တာတုန်း?

"အလွှာပါဘုရား"

အလွှာဆိုတာ ဘာတဲ့တုန်း?

"ဖုံးဖိတတ်သောတရားပါ ဘုရား"

အလွှာဆိုတာ အဓိပ္ပာယ် နှစ်ခု ပြောခဲ့တယ်။ အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ် လုပ်ခဲ့တာသည် အလွှာ။ အမှန်တရားကို ဖုံးဖိတတ်သောကြောင့် အလွှာ။

အဲဒီ အလွှာမှာ ခေါင်းဆောင်က ဘယ်သူတုန်း?

"အဝိဇ္ဇာပါဘုရား"

နောက်ကလိုက်လုပ်တာက?

"တဏှာပါဘုရား"

တစ်ကြိမ်တည်းလုပ်တာလား၊ အကြိမ်ကြိမ်လား?

"အကြိမ်ကြိမ်ပါဘုရား"

အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ် လုပ်ခဲ့ပေမယ့် အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ် သစ္စာမသိခဲ့ဘူး။ မသိခဲ့အောင် အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ် မသိအောင် ဖုံးဖိထားလို့ ဘာတဲ့ဟုန်း?

"အလွှာပါဘုရား"

ဒါဖြင့် အတိတ်တုန်းက အတိတ်ကြောင်းတစ်လွှာသည် အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ် လုပ်ခဲ့သမျှ အလုပ်တွေသည် သစ္စာမသိတဲ့ အလုပ်တွေ လုပ်ခဲ့တယ်။ ဒါနအလုပ်လည်း သစ္စာမသိခဲ့ဘူး။ သီလ သမထတွေလုပ်လည်း သစ္စာ မသိခဲ့ဘူး။

တချို့က 'သစ္စာသိမှ လှူရမှာလားကွ၊ သစ္စာဆိုတာ ဘုရား၊ ရဟန္တာမှ သိရတာ'ဆိုတော့ မေးလိုက်ချင်တာက သစ္စာသိလို့ ဘုရားဖြစ်တာလား၊ ဘုရားဖြစ်လို့ သစ္စာသိတာလားလို့?

"သစ္စာသိမှ ဘုရားဖြစ်တာပါ ဘုရား"

ကိုင်း... 'ဘုရားမှ သစ္စာသိတာ' ဆိုတော့ အဲဒီစကား ဘယ်လိုရှင်းကြမတုန်း။ 'သစ္စာဆိုတာကွ ရဟန္တာကျမှ သိတာ'တဲ့။

သစ္စာသိလို့ ရဟန္တာ ဖြစ်တာလား။ ရဟန္တာဖြစ်လို့ သစ္စာသိတာလား?

"သစ္စာသိလို့ ရဟန္တာ ဖြစ်တာပါဘုရား"


ဒါဖြင့် ရဟန္တာဖြစ်မှ သစ္စာသိတာဆိုတော့ စဉ်းစားကြည့်ရင် ဒါ အာဘော်လွန်တာပဲ။ သစ္စာဆိုတာ ဘုရားရဟန္တာမှ သိတယ်ဆိုရင် 'အညာသိဝတဘော ကောဏ္ဍညော' ဓမ္မစကြာမှာ သွားကြည့်ပါ။ အရှင်ကောဏ္ဍည သစ္စာတရားနာတော့ သစ္စာသိပြီး သောတာပန် မတည်ဘူးလား?

"တည်ပါတယ်ဘုရား"

အရှင်ကောဏ္ဍည သောတာပန်ပဲ တည်တာဗျ။ ဒါဖြင့် သစ္စာသိလို့ သောတာပန်တည်တာလား၊ သောတာပန်တည်လို့ သစ္စာသိတာလား?

"သစ္စာသိလို့ သောတာပန်တည်တာပါ ဘုရား"

ဒါက ပွိုင့်ဗျ။ ဘုရားရဟန္တာကျမှ သစ္စာ သိတယ်ဆိုတော့ သောတာပန်ကျတော့ ပေါချောင်ကောင်း ဖြစ်လာသလိုလို။ ဒါကြောင့်မို့




**လေးခုအလှာထည့်ပုံ**

(က) အလှာဟူသည် အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ် ပြုလုပ်ခြင်း (အကြောင်းတရား)နှင့် (ဒုက္ခအကြိမ်ကြိမ် အဖန်ဖန်ရခြင်းအကျိုးတရား) ကို အလှာဟုခေါ်သည်။

(ခ) အဝိဇ္ဇာ၊ တဏှာခေါင်းဆောင်ပြီး ကုသိုလ်၊ အကုသိုလ် အလုပ်တွေကို နေ့စဉ်နှင့်အမျှ အကြိမ်ကြိမ် အဖန်ဖန် ထပ်ခါထပ်ခါ (သမုဒယသစ္စာ) ပြုလုပ်ခဲ့သည့်အတွက် ယခုဘဝ ခန္ဓာရသည်မှ စ၍ မွေးခြင်းမှ မသေမခြင်း ဖောက်ပြန်ပျက်စီး ဒုက္ခသစ္စာကြီး နေ့စဉ်နှင့် အမျှ အကြိမ်ကြိမ်အဖန်ဖန် ထပ်ခါထပ်ခါ ပြုပြင်ရင်း ပျက်စီး ရင်းနဲ့ ကြုံတွေ့နေကြရသည်။ အကြောင်းသမုဒယကို အကြိမ်ကြိမ်ပြုလုပ်လို့ အကျိုးဒုက္ခ အကြိမ်ကြိမ်ရခြင်း၊ ထို့ကြောင့် သံသရာမှာ အကြောင်းနှင့် အကျိုး ဓမ္မများ သာ ကြင်လည်နေကြရသည်ကို သိစေလိုသောကြောင့် လေးခုအလှာထည့်သွင်း၍ ရှင်တော်မြတ်ဗုဒ္ဓ အလိုတော် ကျ ရေးသားရခြင်းဖြစ်သည်။

ဆုတောင်းနဲ့ဖြစ်တဲ့ သောတာပန် အင်မတန်မှ ရှားပါတယ်ဗျာ။ သဒ္ဒါနုယာဂ်မ နဲ့ဖြစ်တာ။ အနာထပိဏ်သူဌေးတို့လောက်ပဲ ရှိတာပါဗျ။ ကျန်တဲ့ပုဂ္ဂိုလ် အလွန်ရှားပါတယ်။

ဒါဖြင့် ဒကာ၊ ဒကာမတွေ သစ္စာသိပြီးမှ ကုသိုလ်ကောင်းမှု လုပ်စေချင်တယ်ဆိုတာက ကိုယ်လုပ်သမျှ အလုပ်တွေ ဆင်းရဲကြောင်း ဖြစ်မှာစိုးလို့။

ဘာဖြစ်မှာစိုးလို့လဲ?

"ဆင်းရဲကြောင်းဖြစ်မှာစိုးလို့ပါ ဘုရား"

အခု ယောဂီတို့၊ ဘုန်းကြီးတို့ လုပ်ခဲ့သမျှတွေက ဆင်းရဲကြောင်း လား၊ ချမ်းသာကြောင်းလား?

"ဆင်းရဲကြောင်းပါဘုရား"

တစ်ကြိမ်တည်းလုပ်ခဲ့တာလား၊ အကြိမ်ကြိမ်လား?

"အကြိမ်ကြိမ်ပါဘုရား"

အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ်မို့ ဘာတဲ့တုန်း။

"အလွှာပါဘုရား"

လုပ်ခဲ့သမျှ အကျိုးလား၊ အကြောင်းလား?

"အကြောင်းပါဘုရား"

ဘယ်တုန်းက လုပ်ခဲ့တာလဲ?

"အတိတ်ကလုပ်ခဲ့တာပါ ဘုရား"

အဲဒါကြောင့်မို့ ဘာအလွှာတဲ့တုန်း?

"အတိတ်အကြောင်းတစ်လွှာပါ ဘုရား"

အတိတ်အကြောင်းတစ်လွှာကြောင့် အခု ပစ္စုပ္ပန်အကျိုး ခန္ဓာ ဘယ်နှစ်ပါး ရတုန်း?

"ငါးပါးပါဘုရား"

ဘယ်အကွက်မှာတုန်း?

"(၂)အကွက်မှာပါ ဘုရား"

အတိတ်လား၊ ပစ္စုပ္ပန်လား?

"ပစ္စုပ္ပန်မှာပါ ဘုရား"

ကြည့်ပါဦး။ အကြောင်းလား၊ အကျိုးလား?

"အကျိုးပါဘုရား"

ချမ်းသာကျိုးလား၊ ဆင်းရဲကျိုးလား?

"ဆင်းရဲကျိုးပါ ဘုရား"

ဆင်းရဲကျိုး ခန္ဓာရတာ အခုမှလား၊ မွေးကတည်းကလား?

"မွေးကတည်းကပါ ဘုရား"

နာတာ၊ ထုံတာ၊ ကျဉ်တာ တစ်နေ့တည်းလား၊ နေ့တိုင်းလား?

"နေ့တိုင်းပါဘုရား"

တစ်ကြိမ်တည်းလား၊ အကြိမ်တိုင်းလား?

"အကြိမ်တိုင်းပါဘုရား"

အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ်မို့ ဘာတဲ့တုန်း?

"အလွှာပါဘုရား"

## အလွှာဆိုတာ ခန္ဓာထဲမှာရှိသည်

အရှင်ကောင်း၊ အရှင်မြတ်တွေ တရားအားထုတ်တာ နှစ်ရက်ရှိပြီ။ ယောဂီတွေ တရားအားထုတ်တာ နှစ်ရက်ရှိပြီ။ ခန္ဓာကိုယ်ထဲမှာ သမာဓိပညာလေးနဲ့ စောင့်ကြည့်။ ဟိုနားက ဆစ်ခနဲ၊ ဒီနားက ကျဉ်ခနဲ၊ ဟိုနားက မွှားခနဲ မပြဖူးလား၊ ပြသလား?

"ပြပါတယ် ဘုရား"

ခန္ဓာကပြတော့ ခန္ဓာကြီးက ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

ဟာ... ဒါဖြင့် တုံးပေါ်ပေါက်တဲ့ မှို တုံးမှို၊ ဝါးပေါ်ပေါက်တဲ့ မှို ဝါးမှို၊ နွားချေးပေါ်ပေါက်တဲ့ မှို နွားချေးမှို။ အဲဒီလိုပဲ ခန္ဓာကြီးက ဘာသစ္စာ?

"ဒုက္ခသစ္စာပါဘုရား"

ဒီခန္ဓာမှာ မှီပြီး ဖောက်ပြန်မှုပေါ်သမျှသည် ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

တစ်ရက်တည်း ပေါ်တာလား၊ နေ့တိုင်းပေါ်တာလား?

"နေ့တိုင်းပါဘုရား"

တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ်လား?

"အကြိမ်ကြိမ်ပါဘုရား"

'ဟာ... တော်ပြီလေ၊ တစ်ခါတည်းပေါ်ပေါ့'လို့ တောင်းပန်စမ်း?

"မရပါဘူး ဘုရား"

ဖောက်ပြန်တာ တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ်လား?

"အကြိမ်ကြိမ်ပါဘုရား"

အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ် ဖောက်ပြန်နေလို့ အလွှာ။ အလွှာဆိုလို့ စက်ဝိုင်းထဲမှာ ရှိနေတယ် မမှတ်နဲ့။ ကိုယ်ခန္ဓာထဲမှာ ရှိနေတာနော်။

အလွှာတွေ ဘယ်ထဲမှာ ရှိနေတာတုန်း?

"ခန္ဓာကိုယ်ထဲမှာ ရှိနေတာပါ ဘုရား"

ဖျတ်-ဖျတ်-ဖျတ်-ဖျတ်နဲ့ ဖောက်ပြန်နေတာ ဘာတွေတုန်း။

"အလွှာတွေပါဘုရား"

ချမ်းသာကျိုးတွေလား၊ ဆင်းရဲကျိုးတွေလား?

"ဆင်းရဲကျိုးတွေပါဘုရား"

ဒါဖြင့် ဖြစ်တာလည်း ဒုက္ခ၊ ပျက်တာလည်း ဒုက္ခ။

**ဒုက္ခံဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ-** လိုအပ်တဲ့ ပါဠိထဲ ထည့် လိုက်။ ဟုတ်တယ်နော်။ ဆရာတော်ဘုရားကြီးလည်း လိုအပ်တဲ့ ပါဠိပဲ ထည့်တာ။

ဖြစ်တာလဲ?

"ဒုက္ခ"

ပျက်တာလဲ?

"ဒုက္ခ"

ဖြစ်ပျက်မြင်ရင် ဘာသစ္စာ မြင်တာလဲ?

"ဒုက္ခသစ္စာ မြင်တာပါဘုရား"

ဒါပဲ။ ဖြစ်ပျက်မြင်ရင် ဒုက္ခသစ္စာ မြင်ရတော့တယ်။ ဟုတ်ရဲ့လား။ ဒါ အမြင်ပဲရှိနေတာကိုးဗျ။ မြင်တာက မဂ္ဂင်ငါးပါး၊ ဆုံးဖြတ်ချက်ချတာက မဂ္ဂင်ရှစ်ပါး။ အပွားမဂ္ဂင်က ငါးပါးလို့ အရှုခံ အရှုဉာဏ်ဖက်က ဒီလိုသင်တာဗျ။ ဟုတ်ပြီနော်။

ဒါဖြင့် ဖြစ်တာလည်း ဒုက္ခ၊ ပျက်တာလည်း ဒုက္ခ။

ဖြစ်ပျက်က ဘာသစ္စာ?

"ဒုက္ခသစ္စာပါဘုရား"

ဒါဖြင့် ဖောက်ပြန်ပျက်စီးတာ တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ်လား?

"အကြိမ်ကြိမ်ပါဘုရား"

အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ်မို့ ဘာတဲ့တုန်း?

"အလွှာပါဘုရား"

ဖြစ်ပျက်နေတာ အတိတ်မှာလား၊ ပစ္စုပ္ပန်မှာလား?

"ပစ္စုပ္ပန်မှာပါဘုရား"

ရနေတဲ့ ခန္ဓာ၊ ယောဂီတို့ အကြောင်းလား၊ အကျိုးလား?

"အကျိုးပါဘုရား"

ဒါကြောင့် ဘာအလွှာတဲ့တုန်း?

"ပစ္စုပ္ပန်အကျိုးတစ်လွှာပါ ဘုရား"

အားလုံး ယောဂီတို့ဉာဏ်ထဲ ရှင်းရဲ့လား။

"ရှင်းပါတယ်ဘုရား"

သံဃာတော်များကတော့ ပရိယတ္တိ အခြေခံရှိထားတော့ ခဏလေးနဲ့ သဘောပေါက်သွားပြီ။

ခန္ဓာကိုယ်ထဲမှာ တရားလေးတွေ ဖောက်ပြန်ပျက်စီးနေရာ မရှိဖူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

အဲဒါတွေက ဖောက်ပြန်နေတာလေ။ တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ်လား?

"အကြိမ်ကြိမ်ပါဘုရား"

အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ်မို့ ဘာပြောတာလဲ?

"အလွှာပါဘုရား"

ဒါဖြင့် ဖောက်ပြန်ပျက်စီး တရားလေးတွေက အလိုလိုလား၊ အကြောင်းအကျိုးလေးတွေလား?

"အကြောင်းအကျိုးတွေပါ ဘုရား"

အကြောင်းခမ္မကြောင့် အကျိုးခမ္မတွေ ပေါ်နေတာ။ ဟုတ်ရဲ့လား။

ဖြစ်ချိန်တန်?

"ဖြစ်မှာပါဘုရား"

ပျက်ချိန်တန်?

"ပျက်မှာပါဘုရား"

အကြောင်းဖြစ်ရင်?

"အကျိုးဖြစ်မှာပါဘုရား"

အကြောင်းချုပ်ရင်?

"အကျိုးချုပ်ပါမယ် ဘုရား"

ဘယ်ထဲမှာတုန်း။ ခန္ဓာကိုယ်ထဲမှာပဲ။ အဲဒီ တို့ခန္ဓာကိုယ်ထဲမှာ ဖောက်ပြန်ပျက်စီးနေတာကို 'ဩော်... ပစ္စုပ္ပန်အလွှာတွေပါလား၊ ပစ္စုပ္ပန်အလွှာတွေပါလား' ဒီလိုသိမှ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သင်တန်း ကျေတာဗျ။ ရှင်းရဲ့လား။

အဲဒီလို သိသွားတဲ့အခါကျ 'ဒါ ဒုက္ခသစ္စာ အစစ်ပါလား'လို့ ပိုင်ပိုင်နိုင်နိုင် သိသွားတော့ နောက်ထပ် ဒုက္ခရကြောင်းလေးတွေ လုပ်ဦးမလား?

"မလုပ်တော့ပါဘူး ဘုရား"

အကယ်၍များ မသိရင် လုပ်ဦးမှာပဲ။ မသိတာ ဘယ်သူတုန်း?

"အဝိဇ္ဇာပါဘုရား"

အဝိဇ္ဇာက မသိတာ။ မသိဘဲနဲ့ ယောဂီတို့ရေ... ဟိုဘုံ ဒီဘဝ ရကြောင်း ဆုတောင်းတာက?

"တဏှာပါဘုရား"

မရ ရအောင် ပြုလုပ်တာက?

"သင်္ခါရပါဘုရား"

ကုသိုလ်ကောင်းမှုတွေ မလုပ်ဘူးလား၊ လုပ်သလား?

"လုပ်ပါတယ်ဘုရား"

## ကိုးကွယ်မှား ဒိဋ္ဌိကပ်က နိဗ္ဗာန်မရနိုင်ပါ

အဝိဇ္ဇာရယ်၊ တဏှာရယ်၊ သင်္ခါရရယ်။ လာပြန်ပြီလေ။ 'ဆုတောင်းတိုင်းသာ ပြည့်စေချင်ပါသည်'။ ပြည့်အောင်လည်း မလုပ်ဖူးလား၊ လုပ်ကြလား?

"လုပ်ပါတယ်ဘုရား"

အတိတ်ကလည်း ဆုမတောင်းဖူးလား၊ တောင်းခဲ့လား?

"တောင်းခဲ့ပါတယ်ဘုရား"

တောင်းခဲ့တာပဲ။ သိတောင်းလား၊ မသိတောင်းလား?

"မသိတောင်းပါဘုရား"

မသိဘဲတောင်းခဲ့တော့ ဘာသစ္စာ ပွားခဲ့တာလဲ?

"သမုဒယသစ္စာပွားခဲ့တာပါ ဘုရား"

သမုဒယသစ္စာ ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါဘုရား"

'ငါ ဆင်းရဲကြောင်း သမုဒယသစ္စာတွေ ပွားခဲ့ပါလား'လို့ ကိုယ့်ဟာကိုယ် သိရဲ့လား?

"မသိပါဘူးဘုရား"

'ကုသိုလ်ထဲ အကုသိုလ်ရောပါလား'လို့ သိခဲ့ပါသလား?

"မသိခဲ့ပါဘုရား"

မသိအောင် ဖုံးထားတာက ဘယ်သူတုန်း?

"အဝိဇ္ဇာပါဘုရား"

မသိဘဲနဲ့ ပြုံးပြုံးကြီး လုပ်ခဲ့တာက?

"တဏှာပါဘုရား"

အဝိဇ္ဇာ ပစ္စယာ?

"သင်္ခါရာပါဘုရား"

အဲဒီတော့ ဘာသစ္စာ ပွားခဲ့ရ?

"သမုဒယသစ္စာ ပွားခဲ့တာပါ ဘုရား"

ကိုယ့်ဟာကိုယ်လည်း ဆင်းရဲကြောင်းလုပ်မှန်းရော သိခဲ့လား?

"မသိခဲ့ပါဘူး ဘုရား"

သိအောင်သာ မကြိုးစားတာဗျ။ ကြေးစည်ထုဖို့၊ အမျှဝေဖို့တော့ တော်တော် စောတယ်ဗျ။

ဒကာ၊ ဒကာမတွေ ဆုတွေအမျိုးမျိုး တောင်းတာ ဘာသစ္စာတွေ ပွားတာလဲ?

"သမုဒယသစ္စာတွေ ပွားတာပါဘုရား"

ပြီးတဲ့အခါကျတော့ 'ဒူဝေ-ဒူဝေ' ကြေးစည်မထုဖူးလား၊ ထု သလား?

"ထုပါတယ်ဘုရား"

ပြီးတော့ 'အမျှ-အမျှ-အမျှ ယူတော်မူပါ' ဆိုပြီးတော့ မဝေဖူး လား၊ ဝေသလား?

"ဝေပါတယ်ဘုရား"

ဝေလိုက်တော့ ကြားရသူအပေါင်းက ဘာတဲ့တုန်း?

"သာဓုပါဘုရား"

သာဓုဆိုတာ ဘာတုန်း?

"ကောင်းတယ်ပါဘုရား"

'ကောင်းတယ်'တဲ့။ 'နင်လေ၊ သမုဒယသစ္စာပွားပြီးတော့ အနာဂတ်မှာ အိုခြင်းဆိုး၊ နာခြင်းဆိုး၊ သေခြင်းဆိုးတွေ့မှာ ငါဝမ်းသာတယ်'တဲ့။ ဒါပြောတာပဲဗျ။ ဝမ်းသာတယ်ဆိုတာ အမျှဝေတဲ့လူက အကျိုးအပြည့်ရမယ်တဲ့။ သာဓုခေါ်တဲ့လူက တစ်ဝက်ရမယ်တဲ့။

ကိုင်း... မေးရဦးမယ်။ ဒုက္ခဆင်းရဲကျိုးကို တစ်ဝက်လိုချင်သလား၊ အပြည့်လိုချင်သလား?

"မလိုချင်ပါဘူး ဘုရား"

သေချာရဲ့လား?

"သေချာပါတယ် ဘုရား"

'မလိုချင်ပါဘူး'ဆိုတဲ့ အသံထွက်ဖို့အတွက် သင်တန်းပို့ချပေးတာဗျာ၊ ရှင်းပြီလား။

သင်တန်းပို့ချတဲ့ ရည်ရယ်ချက်က အတွေးအခေါ်တွေ၊ အယူအဆတွေ ပြောင်းကိုသွားရမယ်။ ဒါမပြောင်းပဲနဲ့ ယောဂီတို့ရေ... သင်တန်းလည်း တက်တယ်၊ ဂြိုဟ်ပြေ နံ့ပြေရေ့လည်း ပြေးတယ်ဆိုရင် ဘုန်းကြီးတို့ ညံ့တာဗျ။ ဘယ်သူ့ကိုမှ အပြစ်မပြောနဲ့။ တို့ညံ့တာလို့ မှတ်လိုက်။

ဒါကြောင့် ဘုန်းကြီးက ရန်ကုန်မှာ ထေရဝါဒစစ်စစ် ဟောရမှာ ကြောက်တယ်ဗျ။ ကြိုက်မှ ကြိုက်ပါ့မလား၊ ကြိုက်မှ ကြိုက်ပါ့မလား ပေါ့လေ။ တို့ရန်ကုန်က အိမ်မဆောက်ရသေးဘူး။ နတ်စင်အရင်တည်တာဗျ။ လူကတော်တော်ကြီးကျယ်တယ်။ 'လူက လေ့ကားထစ်၊ စိတ်က ဧကရာဇ်'ဗျာ။

မှတ်သာထား။ ခင်ဗျားတို့ သူများကိုလည်း မလိမ်နဲ့၊ ကိုယ့်ကိုယ်ကိုယ်လည်း မလိမ်နဲ့။ အယူဝါဒ အကိုးအကွယ် မှားနေတဲ့သူက ခါးသောင်းတာပဲ အဖတ်တင်မယ်။ ပြောရတော့မလား၊ ဟင်း... ကိုယ်တော်တို့၊ နည်းနည်းတော့ လျှော့ဦးမှာထင်တယ်။

"မလျှော့ပါနဲ့ ဘုရား"

အေးပါ၊ တပည့်တော်အလှည့်ကျတော့ မလျှော့နဲ့၊ ကိုယ်တော်တို့ အလှည့်ကျမှ တွေ့မယ်။ အရှင်ဘုရားတို့ဟောတဲ့ အခါကျတော့ မလျှော့နဲ့နော်။ ဒကာ၊ ဒကာမတွေကို တကယ်သနားရင် မလျှော့နဲ့။ သူတို့ခမျာ တကယ်မသိရှာလို့ အကိုးအကွယ် မှားတာ။

ယောဂီတို့ မှတ်ထား။ ဒီ ပဋိစ္စသမုပ္ပါဒ် ဟောတယ်ဆိုတာ တခြားပြုတ်ဖို့လား၊ ဒိဋ္ဌိပြုတ်ဖို့လား?

"ဒိဋ္ဌိပြုတ်ဖို့ပါ ဘုရား"

ဟိုဖက်ကို ဘယ်လိုမှ သဘောထားလို့ ပြောတာမဟုတ်ဘူး။ ကိုးကွယ်မှားလို့ ဒိဋ္ဌိကပ်ရင် နိဗ္ဗာန်ရမလား?

"မရပါဘူးဘုရား"

ဒါကြောင့်မို့ ယောဂီတို့ရေ... 'ဒိဋ္ဌိနဲ့ ဒယ်အိုး၊ ဒယ်အိုးနဲ့ ဒိဋ္ဌိ၊ ဒိဋ္ဌိနဲ့ အုန်းသီး' ဟုတ်ရဲ့လား။ သောတာပန်နဲ့ ဒယ်အိုး၊ တဲ့ချင်း မလဲရဲဘူးလားဟင်?

"လဲရဲပါတယ်ဘုရား"

ဘုန်းကြီးရှေ့မို့ ပြောတာပါ။ အိမ်ကျမှ 'ဘုန်းကြီးက ဘုန်းကြီးမို့လို့ သူ့ဘာသာ ပြောချင်ရာပြောတာပဲ။ ကိုယ့်မှာက သားနဲ့၊ သမီးနဲ့ ရှိသေးတာပဲ။ ဘယ်လုပ်မလဲ' နော်။ 'အရှူး၊ အရှူးချင်းမို့ လက်တို့တာတော့ ဟုတ်တာပေါ့။ အဲဒါကြောင့်မို့ ဆင်းရဲကြောင်းတွေ ပြန်ပြန်လုပ်နေတာလည်း အမှန်တွေ မသိလို့ပေါ့။

အဲဒီလို မသိတော့ တစ်ဘဝတည်းလား၊ အကြိမ်ကြိမ် ပြန်လုပ်မိမှာလား?

"အကြိမ်ကြိမ် ပြန်လုပ်မိမှာပါ ဘုရား"

အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ်မို့ ဘာတဲ့တုန်း?

"အလွှာပါဘုရား"

## နာမ်ခိုင်းစေရာ ရုပ်က လုပ်ရတာ

ဒီဘ၀ လုပ်နေတဲ့ အလုပ်တွေက အကျိုးတရားလား၊ အကြောင်းတရားလာ?

"အကြောင်းတရားပါ ဘုရား"

အကြောင်းတရားထဲမှာ သားရေး သမီးရေး စီးပွားရေးတွေ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

သားရေး သမီးရေး စီးပွားရေးတွေ ရှိသလို ကုသိုလ်လုပ်တဲ့ အခါမှာလည်း ဟိုဘုံ ဒီဘ၀ ရပါရစေလို့ ဆုတောင်းရှည်တာတွေ မရှိဘူးလား၊ ရှိလား?

"ရှိပါတယ်ဘုရား"

သိတောင်းလား၊ မသိတောင်းလား?

"မသိတောင်းပါဘုရား"

မသိတာက?

"အဝိဇ္ဇာပါဘုရား"

တောင်းတာက?

"တဏှာပါဘုရား"

တောင်းသမျှ၊ လုပ်သမျှတွေက ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါဘုရား"

တစ်ကြိမ်တည်းလုပ်တာလား၊ အကြိမ်ကြိမ်လုပ်တာဇာ၊?

"အကြိမ်ကြိမ်ပါဘုရား"

အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ်မို့ ဘာတဲ့တုန်း?

"အလွှာပါဘုရား"

ဘယ်တုန်းက လုပ်နေတာလဲ?

"ပစ္စုပ္ပန်မှာ လုပ်နေတာပါ ဘုရား"

ဒါကြောင့် ဘယ်အလွှာမှာတဲ့လဲ?

"ပစ္စုပ္ပန်အကြောင်းတစ်လွှာမှာပါ ဘုရား"

ပစ္စုပ္ပန်အကြောင်းတစ်လွှာမှာကြည့်ရင် ဘယ်အကွက်မှာလဲ?

"(၃)အကွက်မှာပါ ဘုရား"

(၃)အကွက်လုပ်ရင် အနာဂတ် (၄)အကွက်မှာ ဘာအလွှာ ရမှာလဲ?

"အနာဂတ်အကျိုးတစ်လွှာ ရပါမယ် ဘုရား"

ဒါဖြင့် သံသရာမှာ အလွှာဘယ်နှစ်ခုနဲ့ လည်ရသလဲ?

"အလွှာလေးခုနဲ့ လည်ရပါတယ်ဘုရား"

ပြောစမ်းပါဦး၊ ဘာတွေတုန်း?

"အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ၊ ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ အနာဂတ်အကျိုးတစ်လွှာပါ ဘုရား"

အလွှာ ဘယ်နှစ်လွှာလဲ?

"လေးလွှာပါ ဘုရား"

အလွှာလေးလွှာနဲ့ လည်ရတာ ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါ ဘုရား"

ဒါကြောင့် ဆင်းရဲကြောင်းတွေလုပ်လိုက်၊ ဆင်းရဲကျိုးတွေရလိုက်။ ဒီလို ဆင်းရဲကြောင်းတွေလုပ်ပြီး ဆင်းရဲကျိုးတွေ ရနေတာ တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ်လား?

"အကြိမ်ကြိမ်ပါဘုရား"

အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ်မို့ ဘာတဲ့တုန်း?

"အလွှာပါဘုရား"

လုပ်သမျှ ချမ်းသာကြောင်း ချမ်းသာကျိုးလား၊ ဆင်းရဲကြောင်း ဆင်းရဲကျိုးလား?

"ဆင်းရဲကြောင်း ဆင်းရဲကျိုးပါ ဘုရား"

ဆင်းရဲကြောင်း၊ ဆင်းရဲကျိုးနဲ့ လည်ရတာ ဘယ်သူနဲ့ ဘယ်သူ့ ကြောင့်တုန်း?

"အဝိဇ္ဇာနဲ့ တဏှာပါ ဘုရား"

ဒါကြောင့် 'မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ" မူလနဲ့ သစ္စာ၊ သစ္စာနဲ့ အလွှာ ဆက်သွယ်ပုံ ရှင်းသွားတာ ရှင်းပြီလား?

"ရှင်းသွားပါပြီ ဘုရား"

ဤရှစ်သွယ်ဆိုတာ မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ နော်။ အတိတ်အကြောင်းတစ်လွှာမှာ ခေါင်းဆောင်က ဘယ်သူပါ လိမ့်?

"အဝိဇ္ဇာပါဘုရား"

နောက်ကလိုက်လုပ်တာက?

"သင်္ခါရပါဘုရား"

ဒါဖြင့် အဝိဇ္ဇာဆိုတာ ပုဂ္ဂိုလ်သတ္တဝါလား၊ ဓမ္မလား?

"ဓမ္မပါဘုရား"

အဝိဇ္ဇာကို တရားကိုယ်ကောက်တော့?

"မောဟပါ ဘုရား"

သင်္ခါရကို တရားကိုယ်ကောက်တော့?

"စေတနာပါဘုရား"

မောဟ ဆိုတာကလည်း စေတသိက်တရားမို့ နာမ်တရားပဲ။ ဘာတရားတုန်း?

"နာမ်တရားပါဘုရား"

ဒီအတိုင်းပဲ၊ သင်္ခါရဆိုတဲ့ စေတနာကလည်း ဘာတရားတုန်း?

"နာမ်တရားပါဘုရား"

မှတ်ထား။ နာမ်ကခိုင်းလို့ ရုပ်က လုပ်နေရတာ။ ပြော၊ ဘာတဲ့တုန်း?

"နာမ်ကခိုင်းလို့ ရုပ်က လုပ်နေရတာပါဘုရား"

ဝမ်းထဲက အဝိဇ္ဇာတရားက ပြောတယ်။ 'ဟဲ့... ကုသိုလ်ကောင်းမှု လုပ်ပြီးရင် ဆုတောင်းဦးဟဲ့'။ ဘယ်သူက တောင်းခိုင်းတာလဲ?

"အဝိဇ္ဇာပါဘုရား"

အဝိဇ္ဇာက တောင်းခိုင်းတော့ ဘယ်သူက တောင်းရတော့တာတုန်း?

"သင်္ခါရပါဘုရား"

ဒါဖြင့် ဘယ်သူနဲ့ ဘယ်သူက အတင်းတွန်းခိုင်းလိုက်တာလဲဆိုတော့?

"အဝိဇ္ဇာနဲ့ တဏှာပါ ဘုရား"

အဝိဇ္ဇာ၊ တဏှာ နာမ်တရားက 'တောင်းဟဲ့၊ တောင်းဟဲ့' ဆိုတော့ ဟော... ကာယကံကလည်း ဘာလုပ်ရတာတုန်း?

"လက်အုပ်ချီရပါတယ် ဘုရား"

ဝစီကံကလည်း 'ပွတ်တွတ်ပွတ်တွတ်' နဲ့ ပြောနေရပြီ။ လက်အုပ်ချီတဲ့ ကာယကံနဲ့၊ ပွတ်တွတ်ပွတ်တွတ်နဲ့ ဆုတောင်းတဲ့ ဒီဝစီကံကလည်း ရုပ်တရား၊ ရှင်းရဲ့လား?

"ရှင်းပါတယ်ဘုရား"

ဝမ်းထဲက အဝိဇ္ဇာနဲ့ တဏှာက နာမ်တရား၊ နာမ်ကခိုင်းလို့ ဘယ်သူက လုပ်နေတာလဲ?

"ရုပ်တရားပါ ဘုရား"

## သစ္စာသိပြီး လုပ်သမျှ သုခ

ယောဂီများ၊ မိန်းမ ပုဂ္ဂိုလ် သတ္တဝါဆိုတာ အသွင်သဏ္ဍာန် အားဖြင့် ပြောတာနော်။ ၁၂ကယ်တမ်းကျတော့ နာမ်ကခိုင်းလို့ ဘယ်သူက လုပ်နေရတာလဲ?

"ရုပ်က လုပ်နေရတာပါ ဘုရား"

ဒါဖြင့် အတိတ်တုန်းကလည်း ခန္ဓာငါးပါး၊ အကျဉ်းချုပ်တော့ ဘာနဲ့ ဘာ?

"ရုပ်နဲ့ နာမ်ပါဘုရား"

ဒါဖြင့် အတိတ်က အကြောင်းတရားဆိုတာ ပုဂ္ဂိုလ်သတ္တဝါ လား၊ ခမ္မလား?

"ဓမ္မပါဘုရား"

အကျဉ်းချုပ်တော့ ဘာနဲ့ ဘာလဲ?

"ရုပ်နဲ့ နာမ်ပါဘုရား"

အတိတ်ကလည်း ရုပ်နဲ့ နာမ်ပဲ၊ နာမ်ကခိုင်းလို့ ရုပ်ကလုပ်တာ။ ဟုတ်ပြီနော်။ နာမ်က အခိုင်းသမား၊ ရုပ်က အလုပ်သမား။ ဟော... နာမ်ကခိုင်းလို့ ရုပ်က မလုပ်ဘူးလား၊ လုပ်ခဲ့လား?

"လုပ်ခဲ့ပါတယ် ဘုရား"

အဲဒီလိုလုပ်ခဲ့လို့ ယောဂီတို့၊ ဘုန်းကြီးတို့ အတိတ်က အကြောင်း ဓမ္မကြောင့် အခု ပစ္စုပ္ပန်မှာ အကျိုးဓမ္မ ခန္ဓာ ဘယ်နှစ်ပါးရတုန်း?

"ငါးပါးပါဘုရား"

အကျဉ်းချုပ်တော့ ဘာနဲ့ ဘာလဲ?

"ရုပ်နဲ့နာမ်ပါ ဘုရား"

'ကမ္မံ သတ္တေ ဝိပစ္စတိ' တဲ့။ ကမ္မံ– ကံသည်၊ သတ္တေ– သတ္တဝါ တို့ကို၊ ဝိပစ္စတိ– အလားတူ အကျိုးပေး၏တဲ့။ အတိတ်တုန်းလည်း ခန္ဓာ ဘယ်နှစ်ပါးကုန်း?

"ငါးပါးပါ ဘုရား"

အခုရော?

"ငါးပါးပါဘုရား"

အတိတ်တုန်းက အကျဉ်းချုပ် ဘာနဲ့ ဘာ?

"ရုပ်နဲ့ နာမ်ပါ ဘုရား"

အခု အကျဉ်းချုပ်တော့ ဘာနဲ့ ဘာ?

"ရုပ်နဲ့ နာမ်ပါ ဘုရား"

ပိုတာ များပါသေးလား?

"မပါပါဘူး ဘုရား"

အလားတူ အကျိုးပေးတာ။ ရှင်းရော ရှင်းရဲ့လား?

"ရှင်းပါတယ်ဘုရား"

ဒါဖြင့် ယောဂီတို့ အတိတ်အကြောင်း ဓမ္မကြောင့် ပစ္စုပ္ပန် ဘာပေါ်တာလဲ?

"အကျိုးဓမ္မ ပေါ်တာပါဘုရား"

ယောဂီတို့၊ ဘုန်းကြီးတို့ ခန္ဓာရနေတယ်ဆိုတာ အလိုလိုလား၊ အကြောင်းအကျိုးကြောင့်လား?

"အကြောင်းအကျိုးကြောင့်ပါ ဘုရား"

ဒါဖြင့် အတိတ်ကအကြောင်းက ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါဘုရား"

အတိတ်က ဆင်းရဲကြောင်းတွေ လုပ်ခဲ့လို့ အခု ဘာအကျိုး ရတာလဲ?

"ဆင်းရဲကျိုးရတာပါ ဘုရား"

မှတ်သာထား ယောဂီတို့။ ဘယ်လောက် ဘုရားတည်တည်၊ ကျောင်းဆောက်ဆောက်။ ဥပုသ်သီတင်း မှန်ပါတယ်။ ဘယ်လိုပြော ပြော။ သစ္စာမသိတဲ့ အလုပ်မှန်သမျှ ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါ ဘုရား"

သစ္စာမသိတာက?

"အဝိဇ္ဇာပါဘုရား"

လုပ်ချင်ရာ လုပ်ခဲ့တာက?

"သင်္ခါရပါဘုရား"

အကျိုးတရားလား၊ အကြောင်းတရားလား?

"အကြောင်းတရားပါဘုရား"

ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါဘုရား"

ဒါဖြင့် သစ္စာမသိတဲ့ ကုသိုလ်က ချမ်းသာကြောင်း၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါဘုရား"

ဒါကြောင့်မို့ 'လုပ်သမျှ ဒုက္ခ'တဲ့ဗျ။ သစ္စာမသိတဲ့ လုပ်သမျှ?

"ဒုက္ခပါဘုရား"

သစ္စာမသိဘဲ လုပ်ခဲ့လို့ အခု ခန္ဓာဘယ်နှစ်ပါး ရသလဲ?

"ငါးပါးပါဘုရား"

ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

ဘယ်သူငြင်းလို့ရလဲ?

"မရပါဘူး ဘုရား"

ဒါ ငြင်းမရတဲ့စကားကို အပြည့်ပြော။ သစ္စာမသိဘဲ လုပ်သမျှ?

"ဒုက္ခပါဘုရား"

သစ္စာ မသိတာက?

"အဝိဇ္ဇာပါဘုရား"

လုပ်ချင်ရာ လုပ်ခဲ့တာက?

"သင်္ခါရပါဘုရား"

ဟော... ရလာတာ ခန္ဓာ ဘယ်နှစ်ပါးလဲ?

"ငါးပါးပါဘုရား"

ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

ဒါကြောင့် သစ္စာသိပြီး လုပ်သမျှ သုခ။ ပြော ဘာတဲ့တုန်း?

"သစ္စာသိပြီးလုပ်သမျှ သုခပါ ဘုရား"

## နိဗ္ဗာန်လိုချင် သစ္စာသိအောင်လုပ်ပါ

ယောဂီတို့ ကုသိုလ်ကောင်းမှုလုပ်တာ ဆင်းရဲချင်လို့ လုပ်တာလား၊ ချမ်းသာချင်လို့ လုပ်တာလား?

"ချမ်းသာချင်လို့ လုပ်တာပါဘုရား"

ချမ်းသာချင်လို့၊ နိဗ္ဗာန်လိုချင်လို့ လုပ်တယ်ဆိုရင် ဘာသိပြီးမှ လုပ်ရမယ်?

"သစ္စာသိပြီးမှ လုပ်ရပါမယ် ဘုရား"

ဒါကြောင့် 'မြက်ဟောင်းကို မွှေရင် အပုပ်နံ့ထွက်'သတဲ့။ ပြောချင်တာကတော့ အတိတ်အကြောင်းပြန်ပြောတာ အတိတ်ရှုကွက်ကို ရှုစေချင်လို့ မဟုတ်ဘူး။ 'သြော်...အတိတ်က ငါမှားခဲ့တာပဲ။ ဒီလိုမှားလို့ ဒီလိုခံနေရပြီ။ ဒီဘဝမှာ ဒီအမှားမျိုး ထပ်မလုပ်ဘူးဟေ့'။ ဒီလို နားလည်အောင်လို့ ထောက်ဟောရတာ။ ယောဂီတို့ ဉာဏ်ထဲ ရှင်းရော ရှင်းရဲ့လား?

"ရှင်းပါတယ်ဘုရား"

ကောင်းပြီ။ အခု ယောဂီတို့၊ ဘုန်းကြီးတို့ အတိတ်တုန်းက အကြောင်းမမှတွေကြောင့် အခု အကျိုးမမှရတယ်။ အဲဒါဟာ ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းတွေပါ ဘုရား"

အဲဒါကြောင့်မို့ အခု ဘာအကျိုးရနေကာလဲ။ ဆင်းရဲကျိုးရတာ။ နောက်ထပ် ဆင်းရဲချင်သေးလား?

"မဆင်းရဲချင်တော့ပါဘူး ဘုရား"

မဆင်းရဲချင်ဘူး။ အခု လုပ်တော့မယ်ဆိုရင် ခန္ဓာပေါ် ဘာရောက်ရမှာလဲ?

"ဉာဏ်ရောက်ရမှာပါ ဘုရား"

လုပ်လိုက်တဲ့အခါကျတော့ ခန္ဓာဒုက္ခ ဘာသစ္စာ?

"ဒုက္ခသစ္စာပါ ဘုရား"

သိတဲ့ဉာဏ်က?

"မဂ္ဂသစ္စာပါဘုရား"

အဲဒီလိုမျိုးပေါ့။ စိတ်ထဲမှာ ဝင်တဲ့အခါကျတော့ လက်ရှိ ခန္ဓာ ဒုက္ခသစ္စာကို ကိုယ်တိုင်သိ၍ နောင်ခန္ဓာ ဝိပါကဝဋ် ဒုက္ခသစ္စာကို မလိုချင်၊ မရချင်သောဉာဏ်ဖြင့် ဆိုတော့ ဝိပါကဝဋ်၊ ဒုက္ခသစ္စာဆိုတော့ မသိတဲ့ အဝိဇ္ဇာကလည်းချုပ်၊ လှူတဲ့တန်းတဲ့ အချိန်မှာလည်း ဟိုဘဝ ဒီဘဝ ဒုက္ခခန္ဓာဆိုတာပဲ သိတော့ လိုချင်တဲ့ တဏှာ လာဦး မလား?

"မလာတော့ပါဘူး ဘုရား"

လိုချင်တဲ့ တဏှာလည်းချုပ်၊ ဟုတ်ပြီလား။ လိုချင်တဲ့ တဏှာတွေ ချုပ်မှတော့ ဘဝရကြောင်းကံတွေ လာဦးမလား?

"မလာတော့ပါဘူး ဘုရား"

အဲဒီတော့ သူ့ရဲ့ကံက ကံပေါ်မှာ ဘာဆင့်ထားတာလဲ?"

"ဉာဏ်ဆင့်ထားတာပါ ဘုရား"

ဘဝရကြောင်း ကံချုပ်တယ်။ ဆိုလိုတာက ဘဝလိုချင်တဲ့ တဏှာ၊ စွဲလမ်းတဲ့ ဥပါဒါန်၊ ဘဝရကြောင်း အားထုတ်တဲ့ ကံချုပ်တယ်။ ခန္ဓာပေါ် ဘာရောက်လို့လဲ?

"ဉာဏ်ရောက်လို့ပါ ဘုရား"

ဒါဖြင့် ခန္ဓာကြီးက ဘာသစ္စာ?

"ဒုက္ခသစ္စာပါ ဘုရား"

သိတဲ့ဉာဏ်က?

"မဂ္ဂသစ္စာပါဘုရား"

သေသွားတဲ့ တဏှာ၊ ဥပါဒါန်၊ ကံတွေက?

"သမုဒယသစ္စာပါ ဘုရား"

သမုဒယချုပ်မှာတော့ နောက် ဒုက္ခရစရာ ရှိဦးမလား?

"မရှိတော့ပါဘူး ဘုရား"

နောက် အပါယ်လေးပါး ဒုက္ခတို့ရဲ့ ချုပ်ရာ ငြိမ်းရာ သိမ်းရာက?

"နိရောဓသစ္စာပါ ဘုရား"

သစ္စာ ဘယ်နှစ်ချက်လဲ?

"လေးချက်ပါ ဘုရား"

ဒါဖြင့် ယောဂီတို့ နောက်ထပ်ဒုက္ခမရောက်ချင်ရင် အပါယ်လေးပါး သံသရာဒုက္ခက လွတ်မြောက်ချင်တယ်ဆိုရင် ခန္ဓာပေါ် ဘာရောက်ရမလဲ?

"ဉာဏ်ရောက်ရပါမယ် ဘုရား"

အကြောင်းခမ္မကြောင့် အကျိုးခမ္မ ပေါ်တာပဲလို့ ပိုင်ပိုင်နိုင်နိုင် သိတော့ 'ငါဘာကြောင့် လူ့ခန္ဓာရတာလဲ' လို့ သံသယလာစရာလိုသေးလား?

"မလိုတော့ပါဘူး ဘုရား"

ဒါကြောင့် အကြောင်းတရားပေါ် ဉာဏ်ရှင်းရင် ဘာသေတုန်း?

"ဝိစိကိစ္ဆာ သေပါတယ်ဘုရား"

ရတဲ့ အကျိုးတရားက ငါလား၊ ခန္ဓာလား?

"ခန္ဓာပါဘုရား"

အကျိုးတရားပေါ် ဉာဏ်ရှင်းတော့ ဘာပြုတ်?

"ဒိဋ္ဌိပြုတ်ပါတယ် ဘုရား"

အကြောင်းအကျိုး ပိုင်ပိုင်နိုင်နိုင် နားလည်ရင် ဘာနဲ့ဘာ သေမှာလဲ?

"ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ သေပါတယ်ဘုရား"

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ သေရင် အပါယ်လေးပါး ကျစရာလိုဦးမလား?

"မလိုတော့ပါဘူး ဘုရား"

အပါယ်လေးပါး သံသရာတို့ရဲ့ ချုပ်ရာ ငြိမ်းရာ သိမ်းရာသည် တခြားလား၊ နိဗ္ဗာန်လား?

"နိဗ္ဗာန်ပါဘုရား"

နိဗ္ဗာန်ကို လိုချင်ရင် ဘာသိအောင် လုပ်ရမယ်?

"သစ္စာသိအောင် လုပ်ရပါမယ် ဘုရား"

သစ္စာက ဘယ်မှာရှိ?

"ခန္ဓာထဲမှာ ရှိပါတယ်ဘုရား"

ခန္ဓာကိုယ်ကြီးက ဘာသစ္စာ?

"ဒုက္ခသစ္စာပါဘုရား"

သိတဲ့ဉာဏ်က?

"မဂ္ဂသစ္စာပါဘုရား"

သေသွားတဲ့ တဏှာ၊ ဥပါဒါန်ကံတွေက?

"သမုဒယသစ္စာပါ ဘုရား"

သမုဒယသစ္စာ ချုပ်မှတော့ အပါယ်သံသရာ ရစရာလိုဦးမလား?

"မလိုပါဘူးဘုရား"

အပါယ်လေးပါးတို့ရဲ့ ချုပ်ရာ ငြိမ်းရာ သိမ်းရာက?

"နိရောဓသစ္စာပါဘုရား"

သစ္စာ ဘယ်နှစ်ချက်?

"လေးချက်ပါ ဘုရား"

အဲဒီလို သိမ်းရတယ်။ သဘောကျရဲ့လား။ နာရီစေ့ပြီ။ တော်ကြဦးစို့။

■

## တတိယနေ့ဟောစဉ်

### တရားအဖွင့် ပဏာမ

တရားပွဲ မစတင်မီမှာ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဉာဏ်တော်ကို ဦးထိပ်မှာထားပြီး ဟောကြား နာကြားကြမှာ ဖြစ်လေသောကြောင့် ဆရာတော်ဘုရားကြီး ရေးသား သီကုံးတော်မူခဲ့သော မူလနှစ်ဖြာ လင်္ကာဆောင်ပုဒ်ကို ရွတ်ဆို ပူဇော်ကြရအောင်။

* မူလနှစ်ဖြာ၊ သစ္စာနှစ်ခု
လေးခုအလွှာ၊ အင်္ဂါဆယ့်နှစ်ပါး
တရားကိုယ်များနှင့်၊ သုံးပါးအစပ်
နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်
ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်
ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်
သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

အားလုံးပဲ လက်အုပ်ချီကလေးတွေချထား။ မျှတသော ဣရိယာပုထ်ဖြင့် စိတ်ချမ်းသာသလို ထိုင်ပြီး၊ ဟောကြားလတ္တံ့သော တရားဓမ္မများကို အာရုံတစ်ပါး စိတ်မသွားဘဲ ဆက်လက်နာယူ မှတ်သား နိုင်ကြပါပြီ။

တို့အားလုံး ယောဂီအပေါင်း သူတော်ကောင်းတို့... ယောဂီတို့၊ ဘုန်းကြီးတို့ ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားတွေ ကြိုးစားမယုတ် တရားအားထုတ်ကြတယ်ဆိုတာ ဘာလိုချင်လို့ပါလိမ့်?

"နိဗ္ဗာန်လိုချင်လို့ပါ ဘုရား"

ဘုန်းကြီးတို့ ဒီစကားတစ်ခွန်းကို တရားပွဲစတိုင်း စတိုင်း ဘာလို့ မေးရတာလဲဆိုရင် 'ဆန္ဒဝတော ကိံ နာမကမ္မံ န သိဇ္ဈတိ' တဲ့။ ရည်ရွယ်ချက်ဆိုတဲ့ ဆန္ဒဟာ အလွန်အင်မတန်မှ အရေးကြီးပါတယ်။ ရည်ရွယ်ချက်က ယောဂီတို့ရေ... လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ ချမ်းသာလောက်ပဲ ရှိမယ်။ အသက်ရှည်ဖို့၊ အဆင်းလှဖို့၊ ကာမဂုဏ် အာရုံတွေ ချမ်းသာဖို့ ဆုတောင်းတဲ့ဆန္ဒမျိုး ရည်ရွယ်ချက်မျိုးရှိတယ် ဆိုရင် လုပ်ငန်းက ပြီးမြောက်မှာ မဟုတ်ဘူး"

အေး... ဒါကြောင့် တရားအားထုတ်တာ ဘာကြောင့်အားထုတ်တာတုန်း။

"နိဗ္ဗာန်လိုချင်လို့ပါ ဘုရား"

ယောဂီတို့ ခုနကရွတ်ဆိုတဲ့ လင်္ကာထဲမှာ 'အလွတ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း' ဆိုတော့ သံသရာရဲ့ လွတ်ရာ ငြိမ်းရာ သိမ်းရာသည် ဘာပါလိမ့်?

"နိဗ္ဗာန်ပါဘုရား"

အရှင်ဘုရားများရော၊ ယောဂီ ဒကာ၊ ဒကာမတွေပါ ဒေသနာ ခွက်တွေကို နောက်ကျမှ အကုန်ပြောပြမယ်။ ဒေသနာခွက်အရောင် လေးတွေက စပြီး ပြောပြမယ်ဗျ။

နိဗ္ဗာန်က ဖြူစင်တဲ့သဘောတရား၊ ဘာနဲ့မှ မရောစပ်ဘူး။ ဘာအရောင်နဲ့မှ မရောဘူး။ အဖြူနဲ့ရော၊ အမည်းနဲ့ရော၊ အနီနဲ့ရော ဘာနဲ့မှ မရောဘူး။ သင်္ကေတအနေနဲ့ ပြတာ။ အခု သင်္ကေတပြစရာ အသန့်ရှင်းဆုံးမို့လို့ အဖြူရောင်ကို ကိုင်လိုက်တယ်လို့ သဘောပေါက်။

နိဗ္ဗာန်ဆိုတာ သံသရာမှ လွတ်ရာ ငြိမ်းရာ သိမ်းရာတဲ့။ သံသရာကိုတော့ အပြာရောင်နဲ့ပြတယ်။ ဟောဒီမှာ အပြာရောင်ခွက်

ကို ကိုင်ထားတယ်။ ဒါ သံသရာ အဝိုင်းပတ်ကြီးပါ။ ဆရာတော်ဘုရားကြီးက အပြာရောင်နဲ့ သုံးထားတာ၊ သဘောကျရဲ့လား။ သံသရာ ပင်လယ်ပြင်မှာ အမြဲတမ်း လှုပ်ရှားနေတဲ့ သတ္တဝါတွေဟာ မျောချည် မြုပ်ချည် မနေဖူးလား?

"နေပါတယ်ဘုရား"

ပင်လယ်ပြင်ကြီး နက်ရှိုင်းတဲ့ ပင်လယ်ကြီးကို သွားကြည့်ပါ။ အပြာရောင်ပဲ ထွက်လာမယ်။ ဆရာတော်ဘုရား ဘယ်လောက် ဉာဏ်ကောင်းတယ်မှတ်တုန်း။ အဲဒါကြောင့် ဒီမှာ အပြာရောင်ကိုပဲ ကိုင်တယ်။

ယောဂီတို့ ပြန်မေးမယ်။ နိဗ္ဗာန်က ဘာအရောင်လဲ?

"အဖြူရောင်ပါဘုရား"

သံသရာရဲ့အရောင်ကရော?

"အပြာရောင်ပါဘုရား"

## ဒေသနာခွက် သင်္ကေတများ

သံသရာရဲ့ အဓိပ္ပာယ်ကို မနေ့က ပြောလိုက်ပြီ။ အရပ်သုံး စကားနဲ့ ဘာသာပြန်ရင် အိုနာသေ ထပ်ကာ ထပ်ကာ ဖြစ်တာသည် သံသရာ။

ဘာတဲ့တုန်း?

"အိုနာသေ ထပ်ကာထပ်ကာ ဖြစ်နေတာ သံသရာပါဘုရာ"

အဲဒီ အိုနာသေ ထပ်ရတာသည် ဘာရှိလို့တုန်း?

"ခန္ဓာရှိလို့ပါဘုရား"

စာလိုပြောရရင် ခန္ဓာအာယတနဓာတ်တို့ မပြတ်ဖြစ်ပေါ်နေတာ သည် သံသရာ။

ပြောကြည့်စမ်းပါ?

"ခန္ဓာ အာယတနဓာတ်လို့ မပြတ်ဖြစ်ပေါ်နေတာသည် သံသရာ ပါ ဘုရား"

ဒါ နည်းနည်းအဆင့်မြင့်တာပေါ့။ ဒီဘာသာပြန်က အိုနာသေ ထပ်ကာထပ်ကာ ဖြစ်နေတာသည် သံသရာ။ ဒါကျတော့ အရပ်ထဲက လူတိုင်း လူတိုင်း နားလည်တဲ့စကားပေါ့။ အိုနာသေ ထပ်ကာထပ်ကာ ဖြစ်နေတာသည် သံသရာ။ ခန္ဓာအာယတနဓာတ်တို့ မပြတ်ဖြစ်ပေါ် နေတာသည် သံသရာ။

နောက်တစ်ခါ မနေ့က ဘာပြောခဲ့သလဲ။ သံသရာနှစ်မျိုး ပြောခဲ့တယ်။ သုဂတိသံသရာနဲ့ ဒုဂ္ဂတိသံသရာ။

သံသရာ ဘယ်နှစ်မျိုး ပြောခဲ့သလဲ?

"နှစ်မျိုးပါဘုရား"

ယောဂီတို့၊ ဘုန်းကြီးတို့ အခုရနေတဲ့ သံသရာသည် ဘာသံသရာလဲ?

"သုဂတိသံသရာပါ ဘုရား"

သုဂတိသံသရာ ရနေတာသည် ကုသိုလ်ရဲ့ သတ္တိလား၊ အကုသိုလ်ရဲ့ သတ္တိလား?

"ကုသိုလ်ရဲ့သတ္တိပါ ဘုရား"

ယောဂီတို့၊ဘုန်းကြီးတို့ အတိတ်တုန်းက ကုသိုလ်တွေ မလုပ်ခဲ့ဖူးလား?

"လုပ်ခဲ့ပါတယ်ဘုရား"

လုပ်ပင်လုပ်ငြားသော်လည်း သစ္စာသိ လုပ်ခဲ့တာလား၊ မသိဘဲ လုပ်ခဲ့တာလား?

"မသိဘဲလုပ်ခဲ့တာပါ ဘုရား"

မသိတာက?

"အဝိဇ္ဇာပါဘုရား"

ပြုလုပ်တာက?

"သင်္ခါရပါဘုရား"

အဲဒါ သစ္စာမသိဘဲ လုပ်ခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်က အကျိုး ပေးလိုက်တော့ အခု လူ့ခန္ဓာ မရဘူးလား?

"ရပါတယ်ဘုရား"

လူ့ခန္ဓာ ရလိုက်တဲ့အခါကျတော့ တစ်ခါ ဒီဘဝမှာ ပြန်ကြည့်လိုက်စမ်းပါဦး။ ဒီဘဝမှာ ယောဂီတို့၊ ဘုန်းကြီးတို့ နေ့စဉ် လုပ်ရှားနေတာတွေ ပြန်ပြီး ဝေဖန်ကြည့်ရင် ကုသိုလ်မပါဖူးလား?

"ပါပါတယ် ဘုရား"

နေ့တိုင်း ဆွမ်းတော်တင်တယ်၊ ပန်းကပ်တယ်၊ ကုသိုလ်ကောင်းမှု မလုပ်ဖူးလား?

"လုပ်ပါတယ်ဘုရား"

ပြီးတဲ့အခါကျတော့ သားရေး သမီးရေး စီးပွားရေး၊ ဒီအလုပ်တွေလည်း မလုပ်ဖူးလား?

"လုပ်ပါတယ်ဘုရား"

သားရေး သမီးရေး စီးပွားရေးဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား?

"အကုသိုလ်ပါ ဘုရား"

ဒါဖြင့် နေ့စဉ်နဲ့အမျှ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ကြည့်။ ဘယ်သူမှ ရိုက်မစစ်ဘူး။ ကုသိုလ်နဲ့ အကုသိုလ် ဘယ်ဟာက များတုန်း?

"အကုသိုလ်က များပါတယ် ဘုရား"

စီးပွားရှာတယ်။ ဘယ်ဒီဇိုင်းနဲ့ပဲရှာရှာ၊ ရွှေဆိုင်နဲ့ပဲရှာရှာ၊ စတိုးဆိုင်နဲ့ပဲရှာရှာ၊ မီးသွေးရောင်းပြီးတော့ပဲရှာရှာ၊ မှုစ်ချိုးပြီးတော့ပဲရှာရှာ၊ ထရံရက်ပြီးတော့ပဲရှာရှာ၊ ကြိုက်တာနဲ့ရှာ၊ မလိုချင်လို့ ရှာတာလား၊ လိုချင်လို့လား?

"လိုချင်လို့ပါဘုရား"

လိုချင်လို့ စီးပွားရှာတိုင်း အဆင်ပြေရဲ့လား?

"မပြေပါဘူးဘုရား"

စီးပွားရှာတိုင်း အဆင်မပြေတဲ့အခါကျတော့ ဘာဖြစ်လာလဲဆိုတော့ 'စီးပွားရှာရတာ အဆင်မပြေတာကွာ၊ ဝါးလုံးခေါင်းထဲ ဆင်တိုးသလိုပဲ ကျပ်တာကွာ" မလာဘူးလား၊ လာသလား?

"လာပါတယ်ဘုရား"

ကျေနပ်လို့လား၊ မကျေနပ်လို့လား?

"မကျေနပ်တာပါဘုရား"

မကျေနပ်တာက?

"ဒေါသပါဘုရား"

သေချာတယ်၊ 'ဩော်... ငါ အကုသိုလ်ဖြစ်သွားပါလား' လို့ သိလိုက်ရဲ့လား?

"မသိလိုက်ပါဘူး ဘုရား"

မသိတာက?

"မောဟပါဘုရား"

လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်၊ အမှန်တရားတွေလား၊ ကိလေသာတွေလား?

"ကိလေသာတွေပါ ဘုရား"

ကိလေသာက မီးနဲ့မတူဘူးလား?

"တူပါတယ်ဘုရား"

ဒါကြောင့် အနီရောင်လေး ရွေးတာဗျ။ ရှင်းပြီလား။

ဒေသနာခွက် အရမ်းမကိုင်နဲ့ အရှင်ဘုရားတို့၊ ဘယ်တော့ ဟောဟော ကိုယ့်သင်္ကေတနဲ့ ကိုယ်ဟောမှ။ ဘုန်းကြီးတို့ အထက် မြန်မာပြည် တရားပွဲမှာ ဘုန်းကြီးတရားပွဲဆို အမြဲတမ်း လိုက်နေတဲ့ ယောဂီတွေဆိုရင် ကိုင်လိုက်ရင် ဘာဆိုတာ တောက်လျှောက်သိတယ်။ သူတို့က ဘာဖြစ်လို့လဲဆိုတော့ ဉာဏ်ကလိုက်လာတော့၊ အဲဒီမှာ ကိုယ်ကိုယ်တိုင်လည်းပဲ မှတ်ဉာဏ်ကောင်းလာတယ်၊ ယောဂီမှာလည်း မှတ်ဉာဏ်ကောင်းလာတယ်။

သင်ထောက်ကူဆိုတာ အသိပညာ မြန်မြန်ရဖို့အတွက် သင် ကြားတဲ့နေရာမှာ အထောက်အပံ့ဖြစ်ဖို့အတွက် အကူအညီပေးတာကို သင်ထောက်ကူလို့ ပြောတာ။ ဟုတ်ရဲ့လား။ ဟိုဟာကိုင်လိုက်၊ ဒီဟာ ကိုင်လိုက်ဆိုရင် ဘာမှတ်လို့ မှတ်ရမှန်းကို မသိဘူးဖြစ်တတ်တယ်။

ဒါကြောင့်မို့ ကိုယ်ကိုယ်တိုင် သက်ေတရှိထားဖို့ မလိုဘူးလား၊ လိုသလား?

"လိုပါတယ်ဘုရား"

## ဝမ်းထဲမှာ ဉာဏ်ဘုရား ပွင့်ပါစေ

ကဲ... ကောင်းပြီ၊ လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်။ ကုသိုလ်တွေလား၊ အကုသိုလ်တွေလား?

"အကုသိုလ်တွေပါ ဘုရား"

'နေရာတကာ ငါမပါရင်မပြီး' ဆိုတဲ့ ငါ၊ ငါပေးထားတဲ့ အကြွေး၊ ငါကိုယ်တိုင် သွားတောင်းမှ ရမှာပေါ့။ ငါသွားတောင်းတော့လည်း မရဘူး။ ဒီလို ကိုယ့်ပစ္စည်းနဲ့ကိုယ် လောကမှာ မျက်နှာငယ်ရတာ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

မပေးတော့လည်း မပေးလို့၊ ပေးပြန်တော့လည်း နည်းလို့တဲ့။ အမျိုးမျိုး ဝေဖန်ခံနေရတာတွေ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ဒါဖြင့် ငါတကော ကောနေတာ တခြားလား၊ ဒိဋ္ဌိလား?

"ဒိဋ္ဌိပါဘုရား"

ကုသိုလ်တွေလား၊ အကုသိုလ်တွေလား?

"အကုသိုလ်တွေပါ ဘုရား"

သူများလုပ်တာလား၊ ကိုယ်တိုင်လုပ်တာလား?

"ကိုယ်တိုင်လုပ်တာပါ ဘုရား"

အတိတ်မှာလား၊ ပစ္စုပ္ပန်မှာလား?

"အတိတ်မှာပါ ဘုရား"

အတိတ်က ကုသိုလ်ကံအကျိုးပေးလိုက်တော့ အခု လူ့ခန္ဓာ မရဘူးလား?

## စက်ဝိုင်းနှင့် ဒေသနာခွက်ပုံစံပြ၍ ဟောကြားခြင်းအဓိပ္ပာယ်

ဒေသနာခွက်ပုံစံဖြင့် ဟောကြားခြင်းမှာ ဘုရားလက်ထက်ကပင် ရှိခဲ့ပါသည်။ အရှင်ရာဟုလာကို ဆုံးမသော အဘိဏှ ရာဟုလောဝါဒ သုတ်နှင့် ဓမ္မစက္ကပဝတ္တနသုတ်ကို ကြည့်ပါ (သဲနှင့် တစ်မျိုး ခွက်နှင့် တဖုံ လက်ဖြင့် တသွယ် တွေ့ရပါလိမ့်မည်။)

ဒေသနာစက်ဝိုင်းနှင့် ဒေသနာခွက်သည် နက်နဲသော သစ္စာတရားကို နားလည်လွယ်စေရန် ညွှန်းဆိုသော 'သင်ထောက်ကူ' များ ဖြစ်ကြပါသည်။

## အဝါရောင်သင်္ကေတ

**(က) ခန္ဓာငါးပါးနှင့် အတွင်းအာယတန (၆)ပါး**

အဝါရောင်ဟူသည် ပေါ်လွင်ထင်ရှားခြင်း အနက်အဓိပ္ပာယ်ရှိပါသည်။ ထို့အတူ ခန္ဓာ, အာယတနတို့မှာလည်း ကိုယ်စီကိုယ်စီ သဏ္ဌာန်၌ ဖောက်ပြန်မှု၊ ပြောင်းလဲမှုများ ဉာဏ်ဖြင့်ကြည့်က ထင်ရှားသလို မြင်မှု စသော အာရုံကို လက်ခံမှု၌ အာယတနမရှိလျှင် မဖြစ်ပေါ်နိုင်သည်ကို ထင်ရှားစွာ နားလည်စေချင်သောကြောင့် အဝါရောင်သင်္ကေတဖြင့် ပြရပါသည်။


**(သင်ထောက်ကူကို သတိရပါ)**



## အနက်ရောင်သင်္ကေတ

မောဟနှင့် ဒိဋ္ဌိ အပါယ်လေးဘုံတို့ကို အနက်ရောင်ကိုင်၍ ဟောကြားရခြင်းမှာ မောဟ (အဝိဇ္ဇာ)သည် မှောင်မိုက်သော အနက်အဓိပ္ပာယ် ရှိသလို ဒိဋ္ဌိမှာလည်း ထိုနည်းတူစွာပင် အကြောင်းမောဟနှင့် ဒိဋ္ဌိမှောင်မိုက်လျှင် အကျိုးအပါယ်လေးဘုံသားတို့မှာလည်း အမှန်တရား ဘာမျှသိခွင့်မရ၊ မှားယွင်းမှု အမိုက်တောထဲမှာသာလျှင် နေထိုင်ကြရမည်ကို ညွှန်းဆိုသော အားဖြင့် အနက်ရောင်သင်္ကေတကို အသုံးပြုရပါသည်။

**မောဟ, သက္ကာယဒိဋ္ဌိ, သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ အပါယ်**



## အနီရောင် သင်္ကေတ

အပွင့်ခါတ် (၆)ပါးနှင့် တဏှာ, မာန, ဒိဋ္ဌိ စသော ကိလေသာတရားများ၏ ဆက်သွယ်ပုံမှာ မြင်မှု (မြင်စိတ်)ကြောင့် လိုချင်မှု၊ မကျေနပ်မှု၊ တွေဝေမှု၊ မောက်မာမှု၊ အယူမှားမှု စသော ကိလေသာများ တဖွားဖွား ဖြစ်ပေါ်လာရပေသည်။ ကိလေသာ၏သဘောမှာ ပူလောင်ခြင်း အနက်အဓိပ္ပာယ်ရှိ၏။ ပူလောင်ခြင်းဟူသည် မီး၏သဘောတရား၊ မီးအရောင်သည် နီ၏။ သို့အတွက်ကြောင့် ကိလေသာမီးနှင့် ကိလေသာ ဖြစ်ကြောင်း အခြေခံအပွင့်ခါတ်တို့ကို အနီရောင် သင်္ကေတဖြင့် သင်ထောက်ကူ ပြုရပါသည်။



## အပြာရောင် သင်္ကေတ

အပြင် အာယတန (၆) ပါးနှင့် တရားကိုယ်များကို အပြာရောင်ဖြင့် တင်ပြရခြင်းမှာ သံသရာပင်လယ်ပြာမှာ ကြင်လည်ကြရကုန်သော သတ္တဝါ အနန္တတို့သည် (အဆင်း စသော အပြင် အာယတန (၆) ပါး (ဝါ) အာရုံ (၆)ပါးနောက် တကောက်ကောက် အလိုက်မှားမှုကြောင့် အို နာ သေ သံသရာ ပင်လယ်ပြင်မှာ နစ်မြုပ်ကြရပေသည်။ သို့အတွက် အာရုံနှင့် သံသရာသည် ပင်လယ်ပြာနှင့် တူသောကြောင့် အပြာရောင် ကိုင်၍ ဟောကြားရပါသည်။

**(သင်ထောက်ကူကို သတိရပါ)**



## အဖြူရောင်သင်္ကေတ

မဂ္ဂသစ္စာနှင့် နိရောဓသစ္စာ နှစ်ပါးသည် ဖြူစင်ဖြောင့်မတ်သူတို့၏ ဥစ္စာပစ္စည်းသာ ဖြစ်၏။ မဂ္ဂသစ္စာသည် ဥဇုပ္ပဋိပန္နဂုဏ်နှင့် ညီညွတ်စွာ ဖြောင့်မှန် ဖြူစင်သော အကျင့်လမ်းစဉ် ဖြစ်ပါသည်။ ထိုအကျင့်ဖြင့် နိဗ္ဗာန်တည်းဟူသော (နိရောဓသစ္စာ) ကိလေသာ အပေါင်းတို့ ချုပ်ငြိမ်းဖြူစင်ရာသို့ မျက်မှောက်ပြုနိုင်ခြင်းဟူသော သင်္ကေတဖြင့် အဖြူရောင်ကို အသုံးပြုပါသည်။

**(သင်ထောက်ကူကို သတိရပါ)**

"ရပါတယ်ဘုရား"

လူ့ခန္ဓာသည် ဒုဂ္ဂတိလား၊ သုဂတိလား?

"သုဂတိပါ ဘုရား"

ဒီဘဝ လုပ်ထားတာ ကုသိုလ်နဲ့ အကုသိုလ် ဘယ်ဟာကများ?

"အကုသိုလ်က များပါတယ် ဘုရား"

အကျိုးပေးကြစို့။ အကျိုးပေးမယ်။ ဘာအကျိုးပေးမယ်ထင်တုန်း။ အပါယ်လေးဘုံ ဒုဂ္ဂတိ အကျိုးမပေးဖူးလား၊ ပေးမှာလား?

"ပေးမှာပါဘုရား"

ဒီဘဝ ကိုယ်နေတာ ထိုင်တာနဲ့ ချိန်ကြည့်စမ်း။ ကုသိုလ်နဲ့ အကုသိုလ် ဘယ်ဟာက များမလဲ?

"အကုသိုလ်က များပါတယ်ဘုရား"

ဟုတ်ရဲ့လား။အရပ်ထဲကျတော့'အမလေး... တို့ဘာအကုသိုလ်ရှိလို့တုန်း၊ ဒီတရားတွေ ဘာနာစရာလိုသလဲ'တဲ့။ 'တို့မှာ ကုသိုလ်ကောင်းမှုတွေ အများကြီး လုပ်ပြီးပြီ။ ဘာလိုသေးတုန်း'တဲ့။ သေဖို့ပဲလိုတော့တယ်လို့ ပြောလိုက်။

ကုသိုလ်လုပ်ရင် နောက်ထပ် တခြားရမှာလား၊ ခန္ဓာရမှာလား?

"ခန္ဓာရမှာပါ ဘုရား"

ခန္ဓာရရင် ဘာပွဲ နွှဲရမှာလဲ?

"သေပွဲနွှဲရမှာပါ ဘုရား"

ဒါကြောင့်မို့ 'သေဖို့လိုတော့တာပဲ'လို့ ပြောလိုက်တော့။ တချို့က ဘာမှနားမလည်ဘဲ ပြောနေတာတွေ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ဒါဖြင့် တစ်နေကုန် ယောဂီတို့၊ ဘုန်းကြီးတို့ လှုပ်ရှားနေတာ ကုသိုလ်တွေလား၊ အကုသိုလ်တွေလား?

"အကုသိုလ်တွေပါ ဘုရား"

ဒီ အကုသိုလ်တွေက အကျိုးပေးရင် တခြားလား၊ အပါယ်လေးဘုံလား?

"အပါယ်လေးဘုံပါ ဘုရား"

အဲဒါ နားမလည်ဘဲနဲ့ ဒါနလုပ်ပြီးရော၊ သီလဆောက်တည်ပြီးရော၊ သမထဆောက်တည် ပြီးရော၊ စိတ်ကောင်းရှိ ပြီးရော။ ဟို... ကြက်ငယ်ငယ်၊ ငှက်ငယ်ငယ်လေးတွေ ရေထဲချထားရင် ဘာအသံထွက်တုန်း?

"ပြီးရော"

လူစင်စစ်က ဘာသံထွက်၊ ထွက်ချင်တဲ့ အသံထွက်။ လူတစ်ယောက် စစ်မှန်တဲ့ အသိဉာဏ် သူ့မှာရှိသေးရဲ့လား?

"မရှိတော့ပါဘူး ဘုရား"

ဘုရားရှင်ကိုယ်တော်မြတ်ကြီး လောကအလယ်မှာ ပွင့်တော်မူတာ ကုသိုလ်နဲ့ အကုသိုလ် ခွဲခြားသိဖို့နော်။

ဘာနဲ့ ဘာ ခွဲခြားသိဖို့လဲ?

"ကုသိုလ်နဲ့ အကုသိုလ် ခွဲခြားသိဖို့ပါ ဘုရား"

ကုသိုလ်နဲ့ အကုသိုလ် ခွဲခြားပြီး မသိမှတော့ ဒီပုဂ္ဂိုလ်ဝမ်းထဲမှာ ဘုရားပွင့်ပြီလို့ ပြောလို့ရသလား?

"မရပါဘူးဘုရား"

ဒါကြောင့်...

* ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍
ဟောဖော်မြွက်ကြား၊ မြတ်တရားကြောင့်
ဤကားကုသိုလ်၊ အကုသိုလ်နှင့်
ထိုထိုဘုံဘဝ၊ သိကြရ
များလှ ကျေးဇူးတွေ။

တဲ့။ ကုသိုလ်နဲ့ အကုသိုလ် ခွဲခြားဝေဖန်ပိုင်းခြား စိစစ်တတ်တာသည် ဝမ်းထဲမှာ ဘာဘုရားပွင့်လို့လဲ?

"ဉာဏ်ဘုရားပွင့်လို့ပါ ဘုရား"

ဒါကြောင့် အရေးကြီးတာက အပြင်မှာ သဏ္ဌာန်တော်ဘုရားပွင့်ခြင်း၊ မပွင့်ခြင်းထက် ဝမ်းထဲမှာ ဉာဏ်ဘုရားပွင့်ခြင်း၊ မပွင့်ခြင်း

က ပို၍အရေးကြီးတယ်ဆိုတာ ဆုံးဖြတ်ပါ။ သဏ္ဌာန်တော်ဘုရား ပွင့်ပေမယ့်လည်း ဝမ်းထဲမှာ ဉာဏ်တော်ဘုရား မပွင့်ရင် ဘုရားကို အန္တရာယ်အမျိုးမျိုး လုပ်လိမ့်မယ်လို့ ဆုံးဖြတ်ပါ။

ကြည့်လိုက်ပါလား၊ယောဂီတို့။ သုပ္ပဗုဒ္ဓကြီး ဆိုတာ ယသောဓရာရဲ့ အဖေ၊ အရှင်ဒေဝဒတ်ရဲ့ အဖေ၊ အလောင်းတော် သိဒ္ဓတ္ထမင်းသားရဲ့ ယောက္ခမပါဗျာ။ ဆွေမျိုးမှ အရင်းခေါက်ခေါက်ကြီးနော်။ သုပ္ပဗုဒ္ဓနဲ့ သုဒ္ဓေါဒနမင်းကြီးကလည်း သမီးယောက်ဖ၊ မောင်လှယ် နှမလှယ်တွေဆိုတော့ သုပ္ပဗုဒ္ဓဟာ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဦးလေးလည်း ဦးလေး၊ ယောက္ခမလည်း ယောက္ခမ။

ဒါကို ယောဂီတို့ကြည့်စမ်း၊ လောကအလယ်မှာ ဘုရားပွင့်ပေမယ့် သူ့ရဲ့ရင်ထဲမှာ ဘာဘုရား မပွင့်တာလဲ?

"ဉာဏ်ဘုရား မပွင့်တာပါ ဘုရား"

အဲဒီတော့ 'ငါ့သမီးနဲ့ ငါ့မြေးကို လောကအလယ် မျက်နှာငယ်ငယ်နဲ့ ထားခဲ့ရမလား' ဆိုပြီးတော့ ရန်လုပ်လိုက်တာများဗျာ၊ သူ့ဝမ်းထဲမှာ ဘာဘုရား မပွင့်လို့?

"ဉာဏ်ဘုရား မပွင့်လို့ပါဘုရား"

ကိုင်း... ဒါဖြင့် ယောဂီတို့ ဝမ်းထဲမှာလည်း ဉာဏ်ဘုရား မပွင့်ရင် ဘာလုပ်မှာလဲ?

"ရန်လုပ်မှာပါ ဘုရား"

## အပါယ်ဆွဲချတာ ဒိဋ္ဌိပါ

တချို့များ နေမကောင်းရင်ပြပေါ့။ ဗိန္ဓောဆေး၊ အင်္ဂလိပ်ဆေး၊ မဟုတ်ဘူးခေါ်လာပြီ။ နတ်ကတော်တွေ၊ ဓာတ်ကတော်တွေ၊ ကြက်ကတော်တွေ အိမ်ပေါ်တက်လာပြီ။ ဓာတ်ဆရာ၊ နတ်ဆရာတွေကလည်း လူမမာအရင်မကြည့်ဘူး။ ဘုရားစင်အရင်ကြည့်တာ။ ဘုရားတစ်ကိုယ်လုံး ရွှေချထားတဲ့အခါကျတော့ ဘာသာနဲ့ ထုထားမှန်း

မသိတော့ ခြစ်ကြည့်တယ်။ ဘာသားနဲ့ ထုထားမှန်းလည်း သိရော။ 'လူမမာ ဘာနေ့သားလဲ'၊ 'တနင်္လာသားပါ ဆရာရယ်'၊ 'အင်း... ဖြစ်ရမယ်၊ သေမယ်'၊ 'ဆရာရယ် ဘယ်လိုဖြစ်တာလဲ' ဆိုတော့ 'နင်တို့ လူမမာက တနင်္လာသားလေ၊ က–ခ–ဂ–ဃ–င တနင်္လာတဲ့။ နင်တို့ ကိုးကွယ်တဲ့ဘုရားက သီးသားနဲ့ ထုထားတာ။ ဓမ္မာသောက၊ အင်းဝရာဇာ၊ အိမ်ထောင်ဖက်၊ အသက်မရှည်ရာ။ နင်တို့ နားမလည်ဘူးလား'၊ 'ဆရာရယ်၊ လုပ်စမ်းပါဦး၊ ဘယ်လိုဖြစ်တာလဲ'၊ 'သောကြာနဲ့ တနင်္လာ မတည့်ဘူး၊ အတူတူထားလို့ကတော့လေ တနင်္လာသား သေမှာပဲ'၊ 'ဆရာရယ်၊ မသေပါရစေနဲ့၊ အိမ်ဦးနတ်ကြီးမို့'၊ 'သြော်... နင်တို့ကြိုက်တာရွေးလေ၊ မတည့်ဘူးလို့ ငါပြောနေမှ'၊ 'ဆရာရယ် ဘယ်လိုလုပ်ရမလဲ'၊ 'ဟင် နင်တို့ ခုထိ မသိသေးဘူးလား၊ တနင်္လာသား အသက်ရှည်စေချင်ရင် ဒီဘုရားကို တစ်နေရာမှာ ပို့ရမယ်' ဟုတ်လား။

ကိုင်း... သီးသားနဲ့ ပူဇော်မိတဲ့ ဘုရားရယ်၊ အိမ်ဦးနတ်ကြီးရယ်၊ ဒီလိုများ ကြုံလာပြီဆိုရင် ကြိုက်ရာရွေး။ ကဲ... ဒကာမကြီးတွေ ကြိုက်ရာရွေး။, ဘုရားနဲ့ အိမ်ဦးနတ်ကြီး အရွေးခိုင်းနေပြီ။ ဘယ်သူ့ရွေးမတုန်း။ မှန်မှန်ပြော၊ ဘယ်သူ့ကို ရွေးမလဲ?

"ဘုရားရွေးမှာပါ ဘုရား"

မရွေးပါဘူး။ မရွေးလို့ တို့ဘုရားက ညောင်ပင်ကြို ညောင်ပင်ကြား ရောက်သွားတာပေါ့။ ဟို... မယ်လမုဘုရားတို့၊ ရွှေတိဂုံဘုရားတို့မှာ သွားကြည့်။ ညောင်ပင်ကြို ညောင်ပင်ကြားမှာ ဘုရားငုတ်တိုတွေ ပြည့်လို့။ အဲဒါ ဘယ်သူတွေ လာပစ်ထားတာလဲ။ ဘုရားနဲ့ ရန်ဖြစ်တဲ့လူတွေ လာပစ်ထားတာလေ။

ကိုယ်တော်ကြီးနဲ့ ပြောရတာ အကျိုးမပေးဘူး။ ကိုယ်တော်ကြီး ကွဲတော့တဲ့။ နောက်မှ ကိုယ်တော်တစ်ပါး ကွဲခဲ့တော့တဲ့။ ကဲ... ရှိတဲ့ဘုရားကို အပြင်ထုတ်ပစ်တယ်။ တချို့က ကျောက်ဆင်းတု

မကိုးကွယ်ကောင်းရတာနဲ့၊ ဟိုအသားနဲ့ ဒီအသားနဲ့၊ ဆင်ခံနဲ့ မြင်းခံနဲ့၊ တို့ဘုရား ဆင်စီးပွင့်တာလည်း မဟုတ်ဘူး၊ မြင်းစီးပွင့်တာလည်း မဟုတ်ဘူး။

ဖလ်ပေါင်းချောင်နဲ့ အလုပ်ကို ရှုပ်နေတာတွေ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ဟိုဘုရားရွေး၊ ဒီဘုရားရွေး၊ ရွေးနေတာတွေက ဘာဘုရားမပွင့်လို့လဲ?

"ဉာဏ်ဘုရားမပွင့်လို့ပါ ဘုရား"

ဒါဖြင့် အိမ်ကဘုရား ညောင်ပင်ကြို ညောင်ပင်ကြား ရောက်ရောက်သွားတာဟာ ဘုရားနဲ့ ဘာလုပ်လိုက်တာတုန်း?

"ရန်ဖြစ်လိုက်တာပါ ဘုရား"

သူ့ဝမ်းထဲ ဘာဘုရားမပွင့်လို့လဲ?

"ဉာဏ်ဘုရား မပွင့်လို့ပါ ဘုရား"

သစ္စာအရင်းခံ ရင်မှာကပ်လို့ တကယ့်ကို အနှစ်သာရ သိထားတဲ့သူက ဘုရားရွေးပါဦးမလား?

"မရွေးပါဘူး ဘုရား"

သူ့နှလုံးသားထဲမှာ ဘုရားတစ်ဆူတည်း ရှိတော့တယ်။ ဘုရားမရွေးတော့ဘူး။ တို့ အခု ဘုရားရွေးတဲ့ပုဂ္ဂိုလ်က ရွေရှိတဲ့ဘုရားကျမှသွားတာဗျ။ ရွှေမရှိတဲ့ လမ်းဘေးက ဘုရားကျတော့ အတွဲချောင်းဖို့လောက်ပဲ စိတ်ကူးတာဗျ။ တို့ ဗုဒ္ဓဘာသာတွေ အဲဒီလို ပေါ့ပျက်ပျက်တွေ။

ဘာသာရေး အနှစ်သာရကို မသိလို့ သာသနာကွယ်သွားရတာတွေ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ဒါဖြင့် တို့ဒကာ၊ ဒကာမတွေ မှတ်ထားပါ။ သုဂတိကနေ ဒုဂ္ဂတိ ပြန်မကျချင်ဘူးဆိုရင် အခု ယောဂီတို့၊ဘုန်းကြီးတို့ ရထားတဲ့ ခန္ဓာ ဒုဂ္ဂတိလား၊ သုဂတိလား?

"သုဂတိပါဘုရား"

အခုဘဝကနေ အချိန်တန် ဒီအတိုင်းနေမှာလား၊ သေမှာလား?

"သေမှာပါဘုရား"

ကဲ... လူ့ဘဝကနေ သေပြီးရင် အပါယ်ရောက်ချင်လား?

"မရောက်ချင်ပါဘူး ဘုရား"

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်များ ဖြစ်ချင်သလား?

"မဖြစ်ချင်ပါဘူး ဘုရား"

မဖြစ်ချင်ဘူးဆိုရင် အပါယ်လေးဘုံကို ဆွဲချတာ ဘယ်သူလဲလို့ မေးရင်?

"ဒိဋ္ဌိပါဘုရား"

ဒါကြောင့်မို့...

ဥက္ခိတ္တာ ပုညတေဇေန၊
ကာမရူပ ဂတိံ ဂတာ။
ဘဝဂ္ဂံ တမ္ပိ သမ္ပတ္တာ၊
ပုန အာယန္တိ ဒုဂ္ဂတိံ။

ဘဝဂ္ဂံ တမ္ပိသမ္ပတ္တာ- အထက်ဘဝဂ်ပေါ့ဗျာ။ ဘယ်လောက်ပဲ ဗြဟ္မာစည်းစိမ်ထိ ချမ်းသာပါတယ်ပြောပြော၊ ပုန- တစ်ဖန်၊ ဒုဂ္ဂတိံ- အပါယ် ဒုဂ္ဂတိကို၊ အာယန္တိ- ပြန်ကျလိမ့်ဦးမယ်တဲ့။

ဘာဖြစ်လို့ ပြန်ကျတာလဲမေးတော့ ဝမ်းထဲက ဘယ်သူ့ရဲ့ သတ္တိတုန်း?

"ဒိဋ္ဌိရဲ့ သတ္တာပါဘုရား"

လူ့ဘဝကနေ သေရင် အပါယ်လေးဘုံကျချင်သလား?

"မကျချင်ပါဘူး ဘုရား"

ဒါကြောင့် ယောဂီတို့ အပါယ်မကျချင်လို့...

'ဩကာသ၊ ဩကာသ အပါယ်လေးပါးက လွတ်ပါစေ' ဆု မတောင်းဘူးလား၊ တောင်းသလား?

"တောင်းပါတယ်ဘုရား"

မလွတ်ဘူး၊ ဘုရား ဆုတောင်းလည်း မလွတ်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ဆုတောင်းတိုင်းသာ လွတ်မယ်ဆိုရင် အရှင်ဒေဝဒတ် မြေမျိုစရာ အကြောင်းမရှိဘူး။ သဘောကျရဲ့လား။ လုပ်တုန်းက လုပ်ပြီးမှ ခေါင်းခေါက်ပြီးတော့ ခွင့်လွှတ်ပါ မရဘူး။ ကိုယ်နေချင် သလို နေပြီးမှ ဘုရားနားသွား၊ မျက်နှာချိုသွေး 'အပါယ်လေးပါ လွတ်ပါစေ' ဆုတောင်းမလွတ်ဘူး။ ဒါ တဲ့ပြောတာဗျ။

ဘာဖြစ်လို့လဲဆိုတော့ အပါယ်လေးပါးက ဘုရားလုပ်ထားတာ ရော ဟုတ်ရဲ့လား?

"မဟုတ်ပါဘူးဘုရား"

ဘယ်သူ့ကိုများ မကျေနပ်လို့ ဘုရားက ဆွဲချတယ်လို့များ ကြားဖူးသလား?

"မကြားဖူးပါဘူး ဘုရား"

အပါယ်လေးပါး ကျနေတဲ့ ငါ့အမျိုးတွေ လာကြဆိုပြီးတော့ ကယ်တာ ကြားဖူးသလား?

"မကြားဖူးပါဘူး ဘုရား"

အပါယ်လေးဘုံ ဘုရားမလုပ်ဘူး၊ ဘုရားကလည်း ဆွဲမချဘူး။ ကျတဲ့သူတွေလည်း မကယ်ဘူး။ အဲဒါများ ဘုရားနားသွားပြီးတော့ ဆုတောင်းတာက ဘာလုပ်တာလဲ။ တောင်းနေကျမို့လို့ တောင်းတာပါ ဘုရား။ ရမလားလို့ တောင်းတာပါဘုရား။ ဟုတ်ကော ဟုတ်ရဲ့လား။

ဒါဖြင့် အပါယ်လေးပါးက ဘုရားနဲ့ ဘာမှ မဆိုင်ဘူး။ ဘုရား လုပ်ထားတာလည်း မဟုတ်ဘူး။

အပါယ်လေးပါးကို ဆွဲချတာ ဘယ်သူတုန်း?

"ဒိဋ္ဌိပါဘုရား"

ဒါဖြင့် အပါယ်လေးပါးက လွတ်ချင်ရင် ဘယ်သူ့နာနာ ဖြုတ်ရမယ်?

"ဒိဋ္ဌိနာနာဖြုတ်ရမှာပါ ဘုရား"

ဒိဋ္ဌိနာနာဖြုတ်ချင်ရင် ခန္ဓာပေါ် ဘာရောက်အောင် လုပ်ရမလဲ?

"ဉာဏ်ရောက်အောင် လုပ်ရပါမယ် ဘုရား"

သုဂတိ သံသရာကနေ ဒုဂ္ဂတိသံသရာ မရောက်ချင်ရင် ဘယ်သူ့ နာနာဖြုတ်ရမယ်?

"ဒိဋ္ဌိနာနာဖြုတ်ရပါမယ် ဘုရား"

ဒိဋ္ဌိနာနာဖြုတ်ချင်ရင် ခန္ဓာပေါ် ဘာရောက်အောင် လုပ်ရမလဲ?

"ဉာဏ်ရောက်အောင် လုပ်ရပါမယ် ဘုရား"

## ဘဝသံသရာမြင်မှ သံဝေဂဉာဏ်ရ

ဒီကနေ့ သံသရာနှစ်မျိုး ထပ်တိုးပြီးတော့ မှတ်ပါ။ တစ်– ဘဝသံသရာ၊ နှစ်– ခန္ဓာသံသရာ။

ဟောခဲ့တာလေးတွေ သတိထားပါ။ ဒီကနေ့ သုံးရက်မြောက် ပါပြီ။ ပထမနေ့မှာ သံသရာအကြောင်း ပြောခဲ့တယ်။ ဒုတိယနေ့မှာ သုဂတိနဲ့ ဒုဂ္ဂတိ ခွဲခဲ့တယ်။ ဒီကနေ့မှာ ဘဝသံသရာနဲ့ ခန္ဓာသံသရာ ရှေ့တစ်လှမ်းတိုးမှာမို့လို့ နောက်ကိုပြန်ဆုတ်ပြီး အခြေခံ ခင်းရတယ်လို့ မှတ်ပါ။

အရှင်ဘုရားတို့ ဟောရင်လည်း အဲဒီလို ပြန်ပြန်ခင်းပေးပါ ဘုရား။ ငါးမိနစ်၊ ဆယ်မိနစ်ယောက် ခင်းပေးပါဘုရား။ ပြီးရင် ရှေ့တိုး၊ နောက်ကျရင် သူတို့ဉာဏ်ချင်း ဆက်သွားပါလိမ့်မယ်ဘုရား။

သေချာမှတ်ပါ။ သံသရာ ဘယ်နှစ်မျိုးပါလိမ့်?

"နှစ်မျိုးပါ ဘုရား"

နှစ်မျိုးက ဘာတွေလဲ၊ ပြောပါဦး?

"ဘဝသံသရာနဲ့ ခန္ဓာသံသရာပါ ဘုရား"

အထည်ကျန်တဲ့ အိုနာသေသည် ဘဝသံသရာလို့ ခေါ်ပါတယ်။ ပြောပါဦး?

"အထည်ကျန်တဲ့ အိုနာသေသည် ဘဝသံသရာပါ ဘုရား"

အထည်မကျန်တဲ့ အိုနာသေသည် ခန္ဓာသံသရာ။ မှတ်ထားပါ။ သံသရာ ဘယ်နှစ်မျိုးပါလိမ့်?

"နှစ်မျိုးပါဘုရား"

ကောင်းပြီ။ တို့ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်တော့မယ်ဆိုတဲ့ အခါကျတော့ နိမိတ်ကြီး ဘယ်နှစ်ပါးမြင်တုန်း။

"လေးပါးမြင်ပါတယ် ဘုရား"

အဲဒီ နိမိတ်ကြီးလေးပါးက ဘာတွေလဲ၊ ပြောစမ်းပါဦး?

"သူအို၊ သူနာ၊ သူသေ၊ ရဟန်းပါ ဘုရား"

သိဒ္ဓတ္ထမင်းသားကို ဘုရင် သုဒ္ဓေါဒနမင်းကြီးက ငယ်ငယ်ကတည်းက ဘုရားသော်လည်းကောင်း၊ စကြဝတေးမင်းသော်လည်းကောင်း ဖြစ်ကို ဖြစ်ရမယ်လို့ တချို့က လက်နှစ်ချောင်း မထောင်ဘူးလား?

"ထောင်ပါတယ် ဘုရား"

ကောဏ္ဍည ပုဏ္ဏားကတော့?

"တစ်ချောင်းပဲ ထောင်ပါတယ် ဘုရား"

လက်နှစ်ချောင်း ထောင်လိုက်တော့ အဲဒီတုန်းက ဘုရင်သုဒ္ဓေါဒနဲ့တို့ ဘုရားဆိုတာ ကောင်းကောင်းတောင် မကြားဖူးဘူး။ ဘုရားဘယ်လိုဆိုတဲ့ အနှစ်သာရ သူ သိရဲ့လား?

"မသိပါဘူး ဘုရား"

စကြဝတေးမင်းကိုပဲ သိတယ်။ စကြဝတေးမင်းဆိုတာ တစ်ကမ္ဘာလုံးကို အစိုးရတယ်။ ဘယ်နိုင်ငံသွားသွား သူ့ကို အလေးအမြတ်ပြုနေရတယ်။ သူဘာလိုချင်လဲ။ သူပြောတဲ့နိုင်ငံက သူလိုချင်တာ

ဖြည့်ဆည်းပေးရတယ်။ အဲဒီလောက် ဘုန်းတန်ခိုး အာနုဘော်ကြီးတော့ သူ့သားကို ဘုရားဖြစ်စေချင်မှာလား၊ စကြဝတေးမင်း ဖြစ်စေချင်မှာ လား?

"စကြဝတေးမင်း ဖြစ်စေချင်တာပါ ဘုရား"

ဒါ မိဘချင်း ကိုယ်ချင်းစာကြည့်ပေါ့ဗျာ။ ယောဂီတို့အိမ်မှာ ထက်ထက်မြက်မြက် ဆယ်တန်းကို တစ်နှစ်တည်းအောင်အောင် 'ဒီ'လေးလုံးနဲ့ ဆရာဝန်ဖြစ်စေချင်လား?

"ဆရာဝန် ဖြစ်စေချင်ပါဘုရား"

ကိုင်း...အရှင်ဘုရားတို့ လူတွေက တပည့်တော်တို့ကို မြင်တာ သိစေချင်တယ်နော်။ အရှင်ဘုရားတို့ တပည့်တော်တို့တော့ သွားပြီ။ ဆယ်တန်းကို တဘုန်းဘုန်းကျ၊ မိဘကို ဘာမှ မကူညီ၊ လယ်ယာ ပြန်စား လုပ်နေတဲ့ အပျင်းထူတဲ့ ကောင်မျိုးကျတော့ 'သွား၊ နင် ဒီလောက် အပျင်းထူတာ'။ အဲဒီကျတော့ ဘယ်လွှတ်တုန်း?

"ဘုန်းကြီးကျောင်းလွှတ်ပါတယ် ဘုရား"

တို့ဘုန်းကြီးတွေများ ပျင်းလို့ဝတ်တယ်ထင်နေသလား၊ ယောဂီ တို့ ရည်ရွယ်ချက်အတိုင်း အပျင်းတွေသာ တို့သာသနာထဲ ရောက် လာရင် တို့သာသနာ ဒီလိုတရားမျိုး နာရဖို့ စိတ်တောင်မကူးနဲ့။ ထက်ထက်မြက်မြက်တွေမို့ ဝတ်တာပေါ့။

မယုံရင် ဒကာကြီးတို့ ဝတ်မလား၊ ဝါဆိုသင်္ကန်းတွေ မနည်း ဘူးနော်။ ဘုန်းကြီးလာလှူထားတာ။ ပျင်းလို့ဝတ်တယ်လို့ လောက ကြီးက မြင်နေကျတာ။ တော်တော်မှားယွင်းတဲ့ အတွေးအခေါ်ပဲ။ 'ပျင်းတဲ့ကောင် ဘုန်းကြီးသွားဝတ်ပါလား'ဆိုတာ သာသနာကို အထင် သေးတာပဲ။ အထင်မသေးပါနဲ့၊ တို့ဘုရားက အိမ်ရှေ့မင်းသား၊ ရှင်ဘုရင်စစ်ကနေ ဝတ်တာပါ။ ဝန်ကြီးသား၊ အမတ်ကြီးသား၊ ခုံခုံ ညားညားကြီးတွေ ဝတ်ကြတာပါဗျ။

ကဲ... ထားပါတော့။ တောထွက်မယ်ဆိုတော့ နိမိတ်ကြီး ဘယ်နှစ်ပါး မြင်လဲ?

"လေးပါးပါ ဘုရား"

အအို၊ အနာ၊ အသေတွေ သူ့သားနားကပ်ရင် သံဝေဂဉာဏ်ရပြီး တောထွက်မှာစိုးလို့ ဘုရင်သုဒ္ဓေါဒနက ရမ္မ၊ သုဘ၊ သုရမ္မ ဆိုတဲ့ နန်းဆောင် သုံးဆောင်ပေါ်မှာ မထားဘူးလား?

"ထားပါတယ်ဘုရား"

သိဒ္ဓတ္ထမင်းသား အအိုဆို မြင်ကို မမြင်ဖူးဘူး။ အနာ မမြင်ဖူးဘူး။ အသေ မမြင်ဖူးဘူး။ အနားမလာနဲ့၊ ငါ့သား သံဝေဂရ တောထွက်သွားလိမ့်မယ်။ သူ့သား တောထွက်မှာစိုးလို့တဲ့။ အချိန်တန်တော့ တောထွက်တာပဲ။

ဥယျာဉ်တော်ထွက်ရင်းနဲ့ မျက်စိမှုန်၊ နားထိုင်း၊ ခါးကိုင်း၊ ပါးရေ နားရေတွန့်နေတဲ့ဟာကြီး မြင်တော့ "ဟာ... ဒါ ဘာကြီးတုန်း'၊ 'အအိုခေါ်တယ် ကိုယ်တော်'၊ 'အဲဒီလို ငါရော အိုဦးမှာလား'၊ 'အိုမှာပေါ့ ကိုယ်တော်၊ အိုမှာ၊ မအိုချင်လို့ မရဘူး'၊ 'မအိုချင်လို့ ဘာလို့ မရတာလဲ'၊ 'ခန္ဓာရှိလို့ ကိုယ်တော်၊ ခန္ဓာရှိလို့'။

ခန္ဓာရှိ အိုမှာပဲ။ ရိုးရိုးဟော လူတိုင်းသိတာပေါ့။ စိတ်ဝင်စားအောင်ပြောမှ စိတ်ဝင်စားတာ၊ မှတ်ထား။ လက်တွေ့သင်ပေးနေတာနော်။ ဆရာစား မချန်ဘူးဆိုတာ အဲဒါတွေပြောတာ။ အဓိကက သူတို့ စိတ်ဝင်စားဖို့ အရေးကြီးတယ်၊ ကြည်ညိုတာ၊ မကြည်ညိုတာ ထည့်မတွက်နဲ့။

'မဟောခင် မေတ္တာ၊ ဟောလျှင် သစ္စာ၊ ဟောပြီးတော့ ဥပေက္ခာ' ငါ့ကြည်ညိုမှ ကြည်ညိုပါ့မလား တွေးမနေနဲ့။ ဒါတွေ တွေးနေရင် ဓမ္မကထိကလုပ်လို့ မရတော့ဘူး။ ဘုန်းကြီးငယ်ငယ်တုန်းက မြစကြာ ဆရာတော် ဦးလက္ခဏာကို လျှောက်ဖူးတယ်။ "ဆရာတော်ဘုရား၊ တပည့်တော် ဓမ္မကထိက ဖြစ်ချင်တယ်၊ ဘယ်လိုလုပ်ရမလဲ" ဆိုတော့ "မင်း မရှက်တတ်ရင် ဖြစ်တယ်"တဲ့။

ဒီကလည်း အရှက်ကို မရှိတာ။ ငယ်ငယ်တုန်းက အမေက ချက်ကြောနဲ့ ရှက်ကြော မှားပြီးဖြတ်လိုက်တာ။ အရှင်ဘုရားတို့ ဓမ္မ

ကထိကကောင်းတစ်ပါး ဖြစ်ချင်ရင် နံပါတ်တစ်က မရှက်တတ်မှ။ ရှက်တတ်လို့ကတော့ ဘာစာတတ်နေနေ ဘာမှ လုပ်မရဘူးဗျ။ အများကို သာသနာပြုတဲ့နေရာမှာ ကြောက်ခြင်း၊ ရှက်ခြင်း၊ လိုချင်ခြင်းတွေ များနေလို့ကတော့ ဘာမှ ဖြစ်မလာဘူးဗျ။

ကောင်းပြီ။ ဒါဖြင့် ရှေ့ဆက်သွားမယ်။ ဒီအအိုကြီးတွေ မသိချင်ဘူး။ ရှေ့ဆက်သွား၊ ရှေ့ကျတော့ အနာကြီးတွေနဲ့ တအီးအီးနဲ့ ညည်းနေတာ။ 'ဒါ ဘာတုန်း' မေးတော့၊ 'အနာခေါ်တယ် ကိုယ်တော်'၊ 'အနာ၊ ငါရော အဲဒီလို နာမှာလား'၊ 'ဟာ... နာမှာပေါ့ကိုယ်တော်'၊ 'ဟင်... မနာချင်ဘူး'၊ 'ခန္ဓာရှိရင်တော့ နာရမှာပဲ'၊ 'မကြိုက်ဘူး မောင်' ရှေ့ဆက်မောင်းပြန်တော့ ဘာတွေ့လဲ?

"အသေတွေ့ပါတယ် ဘုရား"

အဲဒီတော့ အသေခေါ်တယ်ဆိုတာလည်း သိလိုက်ရော၊ 'ဟာ... ငါလည်း ဒီလိုသေရဦးမှာလား'၊ 'သေရမှာပေါ့'၊ 'ဟာ... မသေချင်ဘူး၊ ဒါမျိုးကြီး မကြိုက်ဘူး'၊ 'မသေလို့ မရဘူးကိုယ်တော် သေရမှာပဲ'၊ 'ရှေ့မောင်းကွာ'၊ မောင်းတော့ ဘာတွေ့ပါလိမ့်"

"ရဟန်းနဲ့တွေ့ပါတယ် ဘုရား"

"ဟာ... ကြည်ညိုစရာကောင်းတယ်ကွာ၊ အဲဒါ ဘာလဲဟေ့၊ အရှည်အဝေးကြီး ပြောမနေနဲ့၊ တိုတိုပြော၊ ဒိုင်းဒိုင်းဒိုင်းသာ ပြောလိုက်။ 'အဲဒါဘာတုန်း'၊ 'အဲဒါ ရဟန်း ကိုယ်တော်'၊ 'အမလေး... ဣန္ဒြေရှိလိုက်တာ၊ သိက္ခာရှိလိုက်တာ၊ သူက ဘာလုပ်တာတုန်း'၊ 'ဘာလုပ်ရမှာတုန်း၊ ကိုယ်တော် အခုနက တွေ့ခဲ့တဲ့ အအိုတွေ၊ အနာတွေ၊ အသေတွေ လွတ်အောင်လို့ ကျင့်နေတာ ကိုယ်တော်'၊ 'အေး... ဟုတ်တယ်နော်၊ အိုနာသေ ရှိသလို မအိုရာ၊ မနာရာ၊ မသေရာလည်း ရှိမှာ။ ဒီလိုကျင့်ရတာပေါ့၊ အေး... ပြန်မောင်း၊ နန်းတွင်းထဲကို'။

ကဲ... မြန်တာဗျာ၊ နန်းတွင်းထဲ ပြန်ရောက်သွားပြီ။ မှတ်ထား။ သိပ်မရစ်နဲ့။ သူတို့ သိပြီးသားတွေကို အကြာကြီးမပြောနဲ့၊ ပျင်းတယ်

ဗျ။ မှတ်ထား။ စကားလုံးဆိုတာ ခွင်ဆိုတာ နားလည်မှ။ ဘာဖြစ်လို့ ဒါထည့်တာလဲ။ ပဋိစ္စသမုပ္ပါဒ် ဝင်ချင်လို့။ ပဋိစ္စသမုပ္ပါဒ်က ဝင်တော့ မလို့။ ဒါ သင်နေတာနော်။

နန်းတွင်းထဲ ပြန်မောင်း။ အချိန်တန်တော့ တောမထွက်ဘူး လား၊ ထွက်သလား?

"ထွက်ပါတယ်ဘုရား"

ဆိုလိုချင်တဲ့ အဓိပ္ပာယ်က တို့အလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်တယ်ဆိုတာ ဘာတွေ အရင်မြင်တာလဲ။ အိုနာသေ၊ ကောင်းပြီ။ အိုနာသေကို သူမြင်လိုက်တာ ဉာဏ်မျက်လုံးနဲ့လား၊ ကံ မျက်လုံးနဲ့လား?

"ကံမျက်လုံးနဲ့ပါ ဘုရား"

အဲဒီတော့ ကံမျက်လုံးနဲ့ မြင်လိုက်တော့ အိုရမှာကို သူဘာဖြစ် လာသလဲ?

"ကြောက်လာတာပါဘုရား"

အဲဒီ 'ကြောက်'ဆိုတဲ့ စကားလုံးလေး ပေါ်ချင်လို့၊ အိုရမှာကို ဘာဖြစ်လာတုန်း။

"ကြောက်လာပါတယ် ဘုရား"

သေရမှာကို?

"ကြောက်လာပါတယ် ဘုရား"

အိုနာသေကြီး မြင်သွားပြီးတော့ ပျော်သွားတာလား၊ လန့်သွာ တာလား?

"လန့်သွားတာပါဘုရား"

အဲဒီ ထိတ်လန့်တဲ့ဉာဏ်ကို ဘာဉာဏ်တဲ့တုန်း?

"သံဝေဂဉာဏ်ပါဘုရား"

ဒါကြောင့် ဘဝသံသရာကိုမြင်ရင် သံဝေဂဉာဏ်။ ရှင်းပြီလား။ ဘဝသံသရာကိုမြင်ရင် ဘာဉာဏ်လဲ?

"သံဝေဂဉာဏ်ပါ ဘုရား"

## သံသရာနှစ်မျိုး ဉာဏ်နှစ်မျိုး

သံဝေဂဉာဏ်နဲ့ တောထွက်လိုက်တော့ ကိုင်း... တိုတိုပြော။ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ခန္ဓာပေါ် ဘာရောက်အောင်လုပ်တော့တာတုန်း?

"ဉာဏ်ရောက်အောင် လုပ်လိုက်တာပါ ဘုရား"

ကဲ... သူ့ရဲ့ ခန္ဓာက ဖောက်ပြန်ပျက်စီးတဲ့သဘော မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ခန္ဓာဖြစ်ပျက် ရှုတဲ့ဉာဏ်က?

"မဂ်ပါဘုရား"

ဒါဖြင့် ဖြစ်တာ၊ ပျက်တာ၊ ဖောက်ပြန်တာ မှန်သမျှ ဘယ်ဓမ္မလေး ပေါ်လာပေါ်လာ ပေါ်လာတဲ့ ဓမ္မမှန်သမျှ တခြားလား၊ ခန္ဓာလား?

"ခန္ဓာပါဘုရား"

အထည်လား၊ သဘောလေလား?

"သဘောပါဘုရား"

ပေါ်ပြီးတာနဲ့?

"ပျောက်ပါတယ်ဘုရား"

ဖြစ်ပြီးတာနဲ့?

"ပျက်ပါတယ်ဘုရား"

ဖြစ်တာက?

"မွေးတာပါဘုရား"

ပျက်တာက?

"သေတာပါဘုရား"

မွေးသေ ဘယ်မှာရှိ?

"ခန္ဓာမှာရှိပါတယ် ဘုရား"

ခန္ဓာထဲက ဖြစ်ပျက် မွေးသေ အထည်ကျန်သလား?

"မကျန်ပါဘူး ဘုရား"

ဒါဖြင့် ခန္ဓာထဲက ဖြစ်ပျက် အထည်မကျန်တဲ့ ဖြစ်ပျက်မွေးသေ မို့ ဘာသံသရာလဲ?

"ခန္ဓာသံသရာပါ ဘုရား"

အရပ်ထဲက အလောင်းကောင်တွေနဲ့ ဖြစ်လိုက်၊ သေလိုက်၊ အိုလိုက်၊ နာလိုက်နဲ့ နေကြတာ ဘာသံသရာ?

"ဘဝသံသရာပါ ဘုရား"

ဟုတ်ပြီ။ ခန္ဓာကိုယ်ထဲက ဖြစ်ပျက်သံသရာက ဘာသံသရာ?

"ခန္ဓာသံသရာပါ ဘုရား"

သံသရာ ဘယ်နှစ်မျိုးတုန်း?

"နှစ်မျိုးပါ ဘုရား"

အလောင်းတော် သိဒ္ဓတ္ထ တောထွက်တာ ဘယ်သံသရာကို မြင်?

"ဘဝသံသရာကို မြင်တာပါဘုရား"

ဘဝသံသရာကို မြင်ပြီးတော့ ဘာဉာဏ်နဲ့ တောထွက်?

"သံဝေဂဉာဏ်နဲ့ တောထွက်ပါတယ် ဘုရား"

ဗောဓိပင်နဲ့ ရွှေပလ္လင်ရောက်တော့ ခန္ဓာပေါ် ဘာရောက်အောင် လုပ်?

"ဉာဏ်ရောက်အောင် လုပ်ပါတယ်ဘုရား"

လုပ်လိုက်တော့ ခန္ဓာက တခြားလား၊ ဖြစ်ပျက်လား?

"ဖြစ်ပျက်ပါဘုရား"

ဖြစ်တာက မွေးတာ၊ ပျက်တာက?

"သေတာပါဘုရား"

ဖြစ်လိုက်၊ ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်သည် တောတောင် ကလား၊ ခန္ဓာထဲကလား?

"ခန္ဓာထဲကပါ ဘုရား"

ဒါဖြင့် မွေးလိုက်၊ သေလိုက်။ မွေးလိုက်၊ သေလိုက်နဲ့ ခန္ဓာကိုယ်ထဲ အဖြစ်အပျက် အထည်ကျန်သလား?

"မကျန်ပါဘူး ဘုရား"

အထည်ပါသလား?

"မပါပါဘူး ဘုရား"

ဒါဖြင့် အထည်မပါသော မွေးသေသည် ဘာသံသရာလဲ?

"ခန္ဓာသံသရာပါ ဘုရား"

ဒါဖြင့် ယောဂီတို့၊ ဘုန်းကြီးတို့ ဖြစ်ပျက်ကိုမြင်ရင် ဘယ်သံသရာကို မြင်တာလဲ?

"ခန္ဓာသံသရာကို မြင်တာပါဘုရား"

ခန္ဓာသံသရာကို မြင်ရင် ဝိပဿနာဉာဏ်၊ ဘဝသံသရာကို မြင်ရင်?

"သံဝေဂဉာဏ်ပါ ဘုရား"

ဒါဖြင့် သံဝေဂဉာဏ်နဲ့ တောထွက်ပြီးတော့မှ ခန္ဓာပေါ် ဉာဏ်ရောက် ဝိပဿနာမှတစ်ဆင့် မဂ်ဉာဏ်ကိန်းလို့ ဘာဖြစ်တာတုန်း?

"ဘုရားဖြစ်တာပါ ဘုရား"

ဒါကြောင့် ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက ပြောတယ် 'သံဝေဂဉာဏ် မပါရင် တရားမရှာနဲ့' တဲ့။ သဘောကျရဲ့လား။

ယောဂီတို့၊ ဘုန်းကြီးတို့ တရားစခန်းဝင် တရားထိုင်တယ်၊ တရားအားထုတ်တယ်ဆိုတာ တကယ့် အိုနာသေဘေးက လွတ်ချင်တယ်၊ တကယ့် အပါယ်လေးပါးက လွတ်ချင်တယ်။ စိတ်ဆန္ဒသဒ္ဓါတရား ထက်နေမှသာလျှင် ကိုယ့်ရဲ့အလုပ်ပေါ်မှာ ဖွဲ့ရှိတယ်လို့ မှတ်။

ဒီလိုမှမဟုတ်ဘဲ ဝတ်ကျေရုံလောက် စခန်းဝင်ရင်တော့ 'ဟင်၊ နင်က ဘယ်နှစ်ကြိမ်၊ ငါက ဘယ်နှစ်ကြိမ်' အကြိမ်အရေအတွက် ပြိုင်နေတာတွေရော မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ် ဘုရား"

ဒီမှာပြောတာ မဟုတ်ဘူး။ မန္တလေးမှာ ပြောတာ။ စဉ်းစားဖို့။

ဉာဏ်က ဘယ်နှစ်မျိုးပါလိမ့်?

"နှစ်မျိုးပါဘုရား"

ဘာဉာဏ်နဲ့ ဘာဉာဏ်?

"သံဝေဂဉာဏ်နဲ့ ဝိပဿနာဉာဏ်ပါဘုရား"

ဒါဖြင့် သံသရာနဲ့ပြောရင် ဘယ်နှစ်မျိုးလဲ?

"နှစ်မျိုးပါဘုရား"

ဘာသံသရာနဲ့ ဘာသံသရာ?

"ဘဝသံသရာနဲ့ ခန္ဓာသံသရာပါ ဘုရား"

အဲဒီတော့ အိုရ နာရ သေရတာသည် တခြားရှိလို့လား၊ ခန္ဓာရှိလို့လား?

"ခန္ဓာရှိလို့ပါ ဘုရား"

## သစ္စာမသိဘဲ ရမ်းလုပ်တဲ့ ကုသိုလ်

ယောဂီတို့၊ ဘုန်းကြီးတို့ အတိတ်တုန်းကလည်း ခန္ဓာတွေမရဘူးလား၊ ရခဲ့လား?

"ရခဲ့ပါတယ်ဘုရား"

အဲဒီလို ရခဲ့ပေမယ့် ဘယ်ဘဝ ဘယ်ခန္ဓာရရ၊ အိုရ နာရ သေရဦးမှာပါလားလို့ အမှန်အတိုင်း သိခဲ့ရဲ့လား?

"မသိခဲ့ပါဘူး ဘုရား"

မသိတာက ဘယ်သူပါလိမ့်?

"အဝိဇ္ဇာပါဘုရား"

ဒါဖြင့် ယောဂီတို့၊ ဘုန်းကြီးတို့ အိုနာသေ သံသရာလည်ရတာ လည်ချင်လို့ လည်တာလား၊ အကြောင်းအကျိုးကြောင့် လည်ရတာ လား?

"အကြောင်းအကျိုးကြောင့် လည်ရတာပါဘုရား"

အကြောင်းအကျိုးကြောင့် လည်ရတဲ့ အရင်းအမြစ်အင်္ဂါ ၁၂ ပါး ရှိတယ်။

အင်္ဂါ ဘယ်နှစ်ပါးပါလိမ့်?

"၁၂ ပါးပါ ဘုရား"

အင်္ဂါဆိုတာ အစိတ်အပိုင်းတဲ့။ ဟုတ်ပြီလား။

အင်္ဂါဆိုတာ ဘာလဲ?

"အစိတ်အပိုင်းပါ ဘုရား"

အစိတ်အပိုင်းဆိုတာ ဘာ၏ အစိတ်အပိုင်းလဲဆိုရင် သံသရာ လည်ခြင်း၏ အစိတ်အပိုင်း။

ဘာ၏ အစိတ်အပိုင်းလဲ?

"သံသရာလည်ခြင်း၏ အစိတ်အပိုင်းပါ ဘုရား"

သံသရာလည်ခြင်း၏ အစိတ်အပိုင်း အားလုံး ဘယ်နှစ်ပါး ရှိတုန်း?

"၁၂ ပါး ရှိပါတယ်ဘုရား"

ဒီစက်ဝိုင်းကြီးက အင်္ဂါ ၁၂ ပါးပဲ။ အင်္ဂါ ၁၂ ပါးမှာ ခေါင်း ဆောင်တာ ဘယ်သူပါလိမ့်?

"အဝိဇ္ဇာပါဘုရား"

အဝိဇ္ဇာဆိုတာ သစ္စာလေးပါး အမှန်တရားကို သိတဲ့တရားလား၊ မသိတဲ့ တရားလား?

"မသိတဲ့တရားပါ ဘုရား"

ဒါဖြင့် နေရာတကာတိုင်းမှာ မသိတိုင်း အဝိဇ္ဇာလို့ ပြောတာ မှန်ရဲ့လား?

"မမှန်ပါဘူး ဘုရား"

သိကောင်းတာကို မသိ။ မသိကောင်းတာကို သိတာ ဘယ်သူ တုန်း?

"အဝိဇ္ဇာပါဘုရား"

သိကောင်းတဲ့ ခန္ဓာအာယတန ဓာတ်သစ္စာကို မသိတာမှ?

"အဝိဇ္ဇာပါဘုရား"

ရောဝတီမြစ်ထဲ ရေဘယ်နှစ်ဂါလန် ရှိတုန်း?

"မသိပါဘုရား"

အဲဒါကို အဝိဇ္ဇာပြောတာ မဟုတ်ဘူး။ မသိတိုင်း အဝိဇ္ဇာလို့ ပြောတာမဟုတ်ဘူး။ ဘာကို မသိတာမှ အဝိဇ္ဇာလဲ။ ကိုယ့်ခန္ဓာ အကြောင်း ကိုယ်မသိတာမှ အဝိဇ္ဇာ။ မသိတိုင်း အဝိဇ္ဇာပြောလို့ ရပါ့ မလား။

ဒါဖြင့် သစ္စာလေးချက် သဘောနက် အမှန်အတိုင်း မသိတာ ကမှ ဘာတဲ့တုန်း?

"အဝိဇ္ဇာပါ ဘုရား"

မသိဘဲနဲ့ ယောဂီတို့၊ ဘုန်းကြီးတို့ အတိတ်တုန်းက ကုသိုလ် ကောင်းမှု စသည်အားဖြင့် မလုပ်ဘူးလား၊ လုပ်ခဲ့လား?

"လုပ်ခဲ့ပါတယ် ဘုရား"

ဒါကြောင့် ပြုလုပ်တာက?

"သင်္ခါရပါဘုရား"

သင်္ခါရဆိုတာ ဘယ်နှစ်မျိုးရှိတုန်း?

"သုံးမျိုးပါ ဘုရား"

သင်္ခါရ သုံးမျိုးက ဘာတွေတုန်း?

"ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိ သင်္ခါရ"

ပုည– ကုသိုလ်၊ အဘိ– အလွန်၊ သင်္ခါရ– ရမ်းလုပ်တာတဲ့။ အရှင်ဘုရားတို့ ဘာသာပြန်ရင် တဲ့သာပြန်ဗျာ။ ကုသိုလ်လုပ်တယ်

ရိုးရိုးသွားမပြောနဲ့။ အထဲမှာ အဝိဇ္ဇာတွေ ရှိနေလို့ ဘာကြောင့်လဲ ဆိုရင် သစ္စာမသိဘဲ လုပ်လို့။

သစ္စာ မသိတာက?

"အဝိဇ္ဇာပါဘုရား"

ရမ်းလုပ်တာက?

"သင်္ခါရပါဘုရား"

ဒါကြောင့် ပုညာဘိသင်္ခါရ။ သစ္စာမသိတဲ့ ကုသိုလ်က ကောင်းကောင်း လုပ်တာလား၊ ရမ်းလုပ်တာလား?

"ရမ်းလုပ်တာပါ ဘုရား"

ကုသိုလ်ကို ရမ်းလုပ်လိုက်တော့ အဲဒီကုသိုလ်က အကျိုးပေးချလိုက်တော့ သင်္ခါရဆိုတာ ပြုပြင်မှာလေ။

သင်္ခါရဆိုတာ ဘာတုန်း?

"ပြုပြင်မှာပါ ဘုရား"

ဘာတွေကို ပြုပြင်မှာလဲ မေးရင် ခန္ဓာရအောင် ပြုပြင်ပေးမယ်။

ဘာရအောင် ပြုပြင်မှာလဲ?

"ခန္ဓာရအောင် ပြုပြင်ပေးမှာပါ ဘုရား"

အတိတ်က သစ္စာမသိတဲ့ ကုသိုလ်က အခု ယောဂီတို့၊ ဘုန်းကြီးတို့ကို ပြုပြင်ပေးလိုက်ပြီ။ တခြားလား၊ ခန္ဓာလား?

"ခန္ဓာပါဘုရား"

ဒုဂ္ဂတိခန္ဓာလား၊ သုဂတိခန္ဓာလား?

"သုဂတိခန္ဓာပါဘုရား"

သုဂတိခန္ဓာ ရနေတာ ကုသိုလ်ရဲ့ သတ္တိလား၊ အကုသိုလ်ရဲ့ သတ္တိလား?

"အကုသိုလ်ရဲ့ သတ္တိပါဘုရား"

ဘာမသိတဲ့ ကုသိုလ်ပါလိမ့်?

"သစ္စာမသိတဲ့ ကုသိုလ်ပါဘုရား"

သစ္စာမသိတာက?

"အဝိဇ္ဇာပါဘုရား"

ကုသိုလ်ပြုလုပ်ခဲ့တာက?

"သင်္ခါရပါဘုရား"

အဝိဇ္ဇာ ပစ္စယာ?

"သင်္ခါရာပါ ဘုရား"

အကျိုးတရားလား၊ အကြောင်းတရားလား?

"အကြောင်းတရားပါ ဘုရား"

"သမုဒယသစ္စာပါ ဘုရား"

ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါ ဘုရား"

ငါတို့ သစ္စာမသိတဲ့ ကုသိုလ်ကြီးဟာ ဆင်းရဲကြောင်းပါလား လို့ သိခဲ့ရဲ့လား?

"မသိခဲ့ပါဘူး ဘုရား"

ကိုယ်လုပ်တဲ့အလုပ် မသိဘဲနဲ့ လုပ်တာကို အရပ်က ဘာပြော တုန်း?

"ရမ်းလုပ်တယ်လို့ ပြောပါတယ်ဘုရား"

ဒါကြောင့် မြန်မာစကား မြန်မာလို ရှင်းလင်းရတာ တော်တော် ကောင်းတယ်။ ဒါကြောင့်မို့ နိုင်ငံခြားသွားပြီး ပဋိစ္စသမုပ္ပါဒ် နားလည် အောင် ဟောဖို့ ဘယ်လွယ်လိမ့်မလဲဗျာ။ မြန်မာအချင်းချင်းတောင် နားမလည်တဲ့ဟာ။

ဒါဖြင့် သစ္စာမသိတဲ့ ကုသိုလ်က ကောင်းကောင်းလုပ်တာလား၊ ရမ်းလုပ်တာလား?

"ရမ်းလုပ်တာပါ ဘုရား"

ရမ်းလုပ်တဲ့ အလုပ်က ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်း လား?

"ဆင်းရဲကြောင်းပါ ဘုရား"

## ဘယ်ခန္ဓာရရ ဒုက္ခသစ္စာပါ

သစ္စာမသိတဲ့ ကုသိုလ်လုပ်တဲ့အချိန်မှာ သားရေး၊ သမီးရေး၊ စီးပွားရေးတွေ မလုပ်ခဲ့ဘူးလား၊ လုပ်ခဲ့လား?

"လုပ်ခဲ့ပါတယ် ဘုရား"

မလိုချင်လို့ လုပ်တာလား။ လိုချင်လို့ လုပ်တာလား?

"လိုချင်လို့ လုပ်တာပါဘုရား"

လိုချင်တာက လောဘပေါ့ဗျာ။ စိတ်တိုင်းမကျဘဲနဲ့ မကျေမနပ် ဖြစ်နေတာက?

"ဒေါသပါဘုရား"

ဒီကြားထဲ တွေတွေဝေဝေနဲ့ သက်ပြင်းကြီးချနေတာက?

"မောဟပါ ဘုရား"

ကုသိုလ်တွေလား၊ အကုသိုလ်တွေလား?

"အကုသိုလ်တွေပါ ဘုရား"

တစ်ရက်တည်းလား၊ နေ့တိုင်းလား?

"နေ့တိုင်းပါဘုရား"

သူများလုပ်တာလား၊ ကိုယ်တိုင်လုပ်နေတာလား?

"ကိုယ်တိုင်လုပ်နေတာပါ ဘုရား"

အိမ်ထဲမှာတင် လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ ဖြစ်သွားတာက နှုံးညံ့သော အကုသိုလ်။

ဘာ အကုသိုလ်လဲ?

"နှုံးညံ့သော အကုသိုလ်ပါ ဘုရား"

ဟိုဘက်က အပြင်ထွက်ပြီးဖြစ်တဲ့ အကုသိုလ်က ကြမ်းတမ်းတဲ့ အကုသိုလ်။

ဘာအကုသိုလ်လဲ?

"ကြမ်းတမ်းတဲ့ အကုသိုလ်ပါ ဘုရား"

ကိုယ့်အိမ်ထဲတင် ကိုယ်ဖြစ်နေတာက အေးအေးနေတဲ့ အကုသိုလ်။ ဟိုဟာ၍ ဆူဆူပူပူဖြစ်တဲ့ အကုသိုလ်။ အေးအေးအကုသိုလ်နဲ့ ဆူဆူအကုသိုလ်။ ကြမ်းကြမ်း အကုသိုလ်နဲ့ နုနုအကုသိုလ်။

အကုသိုလ်မှန်ရင် အကျိုးပေးရင် တခြားလား အပါယ်လေးဘုံလား?

"အပါယ်လေးဘုံပါ ဘုရား"

ဒါဖြင့် မေးရဦးမယ်။ အပါယ်လေးဘုံကို အေးအေးနဲ့ သွားမလား၊ ပူပူနဲ့သွားမလား။ ခွင်တည့်သွားပြီ။ အေးအေးနဲ့ သွားမလား၊ ပူပူလောင်လောင်နဲ့ သွားမှာလား။ ဘာနဲ့သွားမလဲ။ ဘာနဲ့မှ မသွားဘူး။ ဒါ ဘာနဲ့မှ မသွားဘူးဆိုတာ ဒီလိုသိလို့လေ။

ဒီလိုတရားမျိုး မနာဘူးတဲ့ ပုဂ္ဂိုလ်များကျတော့ စဉ်းစားကြည့်၊ ကိုယ်ရှိတဲ့ အကုသိုလ်တောင်မှ ရှိမှန်းသိရဲ့လား?

"မသိပါဘူးဘုရား"

မသိလို့ အေးအေးနေတာပေါ့ဗျ၊ သိရင် ခန္ဓာဉာဏ်ရောက် အလုပ် လုပ်မှာပေါ့။ သဘောကျရဲ့လား။

ဒါဖြင့် ဝိပဿနာအလုပ်၊ ဝိပဿနာအလုပ်ဆိုတာ ဘာအလုပ်လဲလို့ မေးရင် ကံဖြတ်တဲ့ အလုပ်။

ဘာအလုပ်ပါလိမ့်?

"ကံဖြတ်တဲ့အလုပ်ပါ ဘုရား"

ဘာဖြစ်လို့ ကံဖြတ်ခိုင်းတာလဲ။ တစ်နေကုန် လုပ်ထားတဲ့ ကုသိုလ်နဲ့ အကုသိုလ်၊ ဘယ်ဟာက များလဲ?

"အကုသိုလ်က များပါတယ်ဘုရား"

အဲဒီ အကုသိုလ်က အကျိုးပေးရင် တခြားလား၊ အပါယ်လေးဘုံလား?

"အပါယ်လေးဘုံပါ ဘုရား"

အဲဒီ အပါယ်လေးဘုံ သွားရမှာစိုးလို့ ဘာနဲ့ ဖြတ်ခိုင်းတာတုန်း?

"ဉာဏ်နဲ့ ဖြတ်ခိုင်းတာပါ ဘုရား"

ဉာဏ်နဲ့ ဖြတ်ခိုင်းဆို ခန္ဓာပေါ် ဘာရောက်အောင် လုပ်ရမှာလဲ?

"ဉာဏ်ရောက်အောင် လုပ်ရမှာပါ ဘုရား"

ခန္ဓာဉာဏ်ရောက် အလုပ်သည် တခြားလား၊ ဝိပဿနာလား?

"ဝိပဿနာပါ ဘုရား"

မှတ်ထား။ သူတို့ပြုလုပ်ထားတဲ့ အကုသိုလ်ကံကို ပေါ်လွင်အောင် ပြောပြီးမှသာလျှင် ဉာဏ်ကို ဖျတ်ခနဲထည့်၊ ကံနဲ့ ဉာဏ်နဲ့ ဆတ်ခနဲ။ အဲဒီလိုဖြစ်သွားအောင် ထည့်ရတယ်။ အားလုံး သဘောပေါက်ရဲ့လား။ ယောဂီတို့ဉာဏ်ထဲ ရှင်းရဲ့လား။

ကောင်းပြီ။ ဒါဖြင့်ရင် ယောဂီတို့၊ ဘုန်းကြီးတို့ အတိတ်တုန်းက အကုသိုလ်အမှု လုပ်ထားတာတွေ မရှိဘူးလား၊ ရှိလား?

"ရှိပါတယ် ဘုရား"

အာနေဉ္ဇာဘိသင်္ခါရတဲ့။ ဗြဟ္မာပြည်ရောက်ကြောင်းကံ။ ဘာကံတွေလဲ?

"ဗြဟ္မာ့ပြည်ရောက်ကြောင်းကံပါ ဘုရား"

ဒါကြောင့် ပုညာဘိသင်္ခါရက အကျိုးပေးတော့ သူသည် လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ အပုညာဘိသင်္ခါရ အကုသိုလ်က အကျိုးပေးလိုက်ရင် အပါယ်လေးပါ ခန္ဓာ။ အာနေဉ္ဇာဘိသင်္ခါရ သမထကံတွေက အကျိုးပေးရင် ဗြဟ္မာခန္ဓာ။ ကံ ဘယ်နှစ်မျိုးလဲ။ သုံးမျိုး။

ကုသိုလ်ရယ်၊ အကုသိုလ်ရယ်၊ သမထရယ်။ သင်္ခါရ ဘယ်နှစ်မျိုးလဲ?

"သုံးမျိုးပါဘုရား"

ဒါဖြင့် ပုညာဘိသင်္ခါရကို ကံစကားနဲ့ပြောရင် ဘာကံလဲ?

"ကုသိုလ်ကံပါ ဘုရား"

အပုညာဘိသင်္ခါရက?

"အကုသိုလ်ကံပါ ဘုရား"

အာနေဉ္ဇာဘိသင်္ခါရက?

"သမထကံပါဘုရား"

ကံမှန်ရင် အကျိုးမပေးဘဲနေမှာလား၊ အကျိုးပေးမလား?

"အကျိုးပေးမှာပါ ဘုရား"

ကံမှန်ရင် နိဗ္ဗာန်အကျိုးပေးမှာလား၊ ခန္ဓာအကျိုးပေးမှာလား?

"ခန္ဓာအကျိုးပေးမှာပါ ဘုရား"

ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မ ပစ္စယေန ပစ္စယော။

လို့ ပဋ္ဌာန်းမှာ ပါသလား၊ မပါဘူးလား?

"ပါပါတယ်ဘုရား"

ကုသိုလ်ကံက အကျိုးပေးတော့ လူ့ခန္ဓာ ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

အကုသိုလ်ကံက အကျိုးပေးတော့ အပါယ်လေးပါးခန္ဓာ၊ ဘာသစ္စာ?

"ဒုက္ခသစ္စာပါ ဘုရား"

သမထကံက အကျိုးပေးလိုက်တော့ ဗြဟ္မာခန္ဓာ၊ ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

ဘယ်ခန္ဓာရရ ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

## ကံဆောင်တရားနဲ့ ဉာဏ်ဆောင်တရား

ကုသိုလ်က အကျိုးပေးတော့ လူဒုက္ခ၊ နတ်ဒုက္ခ၊ အကုသိုလ်က အကျိုးပေးလိုက်တော့ အပါယ်လေးပါးဒုက္ခ၊ သမထကံက အကျိုးပေး

တော့ ဖြဟ္မာဒုက္ခ။ ဘယ်ဒုက္ခကြိုက်တုန်း?

"ဘယ်ဒုက္ခမှ မကြိုက်ပါဘူး ဘုရား"

ဘယ်ဒုက္ခမှ မကြိုက်ဘူးဆိုရင် ကံကို ဘာနဲ့ဖြတ်ရမှာတုန်း?

"ဉာဏ်နဲ့ဖြတ်ရမှာပါ ဘုရား"

ဒါဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး လောကမှာ ပွင့်ပေါ်လာတာ ကံအတွက်လား၊ ဉာဏ်အတွက်လား?

"ဉာဏ်အတွက်ပါ ဘုရား"

အရှင်ဘုရား အာဘော်မလွန်နဲ့လို့ ပြောရဲလား။ မဆိုနဲ့ မဆိုနဲ့၊ ယောဂီတို့။ ကံအလုပ်က ဘုရားမပွင့်လည်း ရှိတယ်ဗျ။ တို့ဘုရား အလောင်းတော် ဝေဿန္တရာမင်း ဘာတွေလုပ်သွားတုန်း။ ဒါနပါရမီ မလုပ်ဘူးလား၊ လုပ်သလား?

"လုပ်ပါတယ်ဘုရား"

ထမင်းရည်ချောင်းစီး လှူတဲ့အပြင် ဆင်ဖြူတော်လှူလို့ တိုင်းပြည်က နှင်ထုတ်ခံခဲ့ရတယ်။ ဒါလည်း ကဏှာနဲ့ ဇာလီပါ ဆက်လှူတာပဲ။ အဲဒီလို လှူတတ်အောင် ဘယ်ဘုရားက ဟောသလဲ?

"မဟောပါဘူး ဘုရား"

ဒါဖြင့် ဒါနတရားသည် ဘုရားမပွင့်လည်း ရှိတယ်။ ဒါန ဆိုတာ တခြားလား၊ ကံလား?

"ကံပါဘုရား"

ဝေဿန္တရာမင်း တိုင်းပြည်ကို မင်းကျင့်တရားနဲ့အညီ မအုပ်ချုပ်ဘူးလား?

"အုပ်ချုပ်ပါတယ်ဘုရား"

မင်းကျင့်တရား ဆယ်ပါးဆိုတာ ဘာတုန်း?

"သီလပါ ဘုရား"

သူ့ကို သီလတရားတွေထိန်းအောင် ဘယ်ဘုရားက လာဟောလဲ?

"မဟောပါဘူး ဘုရား"

ဘုရားမပွင့်လည်း ဒါနတရား၊ သီလတရား ရှိတယ်နော်။ သမထဆိုရင်လည်း အလောင်းတော် သိဒ္ဓတ္ထမင်းသားလည်း ရျာန်ရတာပဲ။ ကာဠဒေဝိလ ရသေ့ကြီးလည်း ရတာပဲ။ ဈာန်ရပုဂ္ဂိုလ်တွေ ဂန္ဓမာနဟောင်ကနေ လူတွေရဲ့ ရပ်ရွာကို လာကြတော့ မြေကြီးက လာတာလား၊ ကောင်းကင်က လာတာလား?

"ကောင်းကင်က လာတာပါ ဘုရား"

ကောင်းကင်က ရျာန်လမ်းခရီးနဲ့ လာတယ်ဆိုတာ ဘာရဲ့ သတ္တိတုန်း?

"သမထရဲ့ သတ္တိပါဘုရား"

အဲဒီ သမထတွေ၊ ကာဠဒေဝိလ ရသေ့ကြီးကို ဘယ်ဘုရားက လာဟောတုန်း?

"မဟောပါဘူး ဘုရား"

ဒါဖြင့် ဒါန သီလ သမထသည် ဘုရားမပွင့်လည်း ရှိတယ်၊ ဘုရားပွင့်လဲ?

"ရှိပါတယ်ဘုရား"

ဒါဖြင့် သစ္စာတရားနဲ့ ဝိပဿနာတရားဆိုတာ ဘယ်သူပွင့်မှ သိခွင့်ရပါလိမ့်?

"ဘုရားပွင့်မှ သိခွင့်ရပါတယ် ဘုရား"

ဘယ်သူပွင့်မှ ကျင့်ခွင့်ရလဲ?

"ဘုရားပွင့်မှ ကျင့်ခွင့်ရပါတယ် ဘုရား"

ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး လောကအလယ် ပွင့်တော်မူတာ ကံအတွက်လား၊ ဉာဏ်အတွက်လား?

"ဉာဏ်အတွက်ပါ ဘုရား"

သို့သော်လည်း လောကမှာ ဉာဏ်နု၊ ဉာဏ်လတ်၊ ဉာဏ်ရင့်လို့ မရှိဘူးလား၊ ရှိလား?

"ရှိပါတယ်ဘုရား"

ဒါကြောင့် အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်တော်မှာ သွားကြည့်ပါလား။

"ကျွတ်ထိုက်ကြလေ၊ များဝေနေတို့
ဣန္ဒြေအလိုက်၊ သူ့အကြိုက်ကို
နှိုက်ချွတ်စုံလင်၊ အကုန်မြင်၍
ခြောက်တန်လျှင်ခြောက်၊ မြှောက်တန်မြှောက်၍
အောက်အောက်ထက်ဂုဏ်၊ ဆင့်ဆင့်စုံဖို့
ဖုံဖုံသင်ပေး၊ အစဉ်ဖေးလျက်
ယဉ်ကျေးလေအောင်
သွေးဆောင်ဆုံးမတော်မူတတ်သော"

ဤအကြောင်းကြောင့်လည်း အနုတ္တရော ပုရိသ ဒမ္မသာရထိ– အနုတ္တရော ပုရိသ ဒမ္မသာရထိ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍ မကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လှိုင်ထင်ရှား ကျော်ကြားပါပေသည် တကား။

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးရဲ့ ရတနာ့ ဂုဏ်ရည်က ဂုဏ်တော်အဖွင့်က သိပ်ထင်ရှားတယ်။ ဆိုလို့လည်း ကောင်းတယ်။ ရင်ထဲ အသဲထဲ လှိုက်ခနဲ လှိုက်ခနဲနေတယ်။

ကဲ... ကောင်းပြီ။ ထားတော့။ ဆိုလိုချင်တဲ့ အဓိပ္ပာယ်က ဉာဏ်အနု၊ ဉာဏ်အလတ်၊ ဉာဏ်အရင့် မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ဉာဏ်ချင်း မတူတော့ သိပ်ပြီးဆိုင်းနေတဲ့ ပုဂ္ဂိုလ်၊ ရတနာ သုံးပါးနဲ့ သိပ်ဝေးလွန်းတဲ့ ပုဂ္ဂိုလ်ကျတော့ ဘုရားက ကံဆောင်ဟော တယ်။

ဘာဆောင်ဟောသလဲ?

"ကံဆောင်ဟောပါတယ် ဘုရား"

ကံဆောင်ပြီးတော့ ဟောတယ်။ ရိုင်းတဲ့ ပုဂ္ဂိုလ်ကို ကံကို ဦးစားပေး ဟောတယ်။ ရတနာသုံးပါးနဲ့ နီးလာတဲ့ ပုဂ္ဂိုလ်ကျတော့ ဉာဏ်ဆောင်ပြီး ဟောတယ်။

ဘာဆောင်ပြီး ဟောသလဲ?

"ဉာဏ်ဆောင်ပြီး ဟောပါတယ်ဘုရား"

ကံဆောင်ပြီးဟောတဲ့ တရားကိုတော့ နိယတ္တဒေသနာတဲ့။ ဉာဏ်ဆောင်ပြီး ဟောတဲ့ ဒေသနာကျတော့ နိတတ္တဒေသနာတဲ့။ နိယတ္တဒေသနာဆိုတာ ဆောင်ဟောတဲ့ တရား။ နိတတ္တဒေသနာ ဆိုတာ တိုက်ရိုက်ဟောတဲ့ တရား။ တရားနှစ်မျိုးဗျ။ သိပ်ရိုင်းနေရင် ကံဆောင်ဟောရတယ်။ နူးညံ့သိမ်မွေ့လာရင် ဉာဏ်ဆောင်ဟောရ တယ်။

အဲဒီတော့ ယောဂီတို့က လူရိုင်းတွေလား၊ လူယဉ်ကျေးတွေ လား?

"လူယဉ်ကျေးတွေပါ ဘုရား"

ဘယ်နှစ်ရက် ယဉ်ကျေးမှာတုန်း?

"ဆယ်ရက်တည်းပါ ဘုရား"

ဟင်... ဆယ်ရက်တည်းလား။ ဘယ့်နှယ် ဆက်ရက်တုန်း။ တစ်သက်လုံး ယဉ်ကျေးပါ။ ယောဂီတို့ရဲ့ အိမ်ရောက်ရင်လည်း အာစိဏ္ဏကံ ပုံမှန်အားထုတ်ဖို့ လိုသလား၊ မလိုဘူးလား?

"လိုပါတယ်ဘုရား"

လိုတယ်၊ ယောဂီတို့ရဲ့။ အရှင်ဘုရားများ တရားဟောတယ် ဆိုတာ ရှင်လည်း ရှင်ရမယ်။ မှတ်လည်း မှတ်မိရမယ်။ သဘာဝ လည်း ကျရမယ်။ ရှင်ပြီးတော့မှ မှတ်ကို မှတ်မိနေရမယ်။ မှားတာ လည်း သိ၊ မှန်တာလည်း သိ၊ လိုတာလည်း သိ၊ ပိုတာလည်း သိ။ အဲဒီလို နားလည်နေအောင်ကို ကျေးဇူးဆပ်ရမယ်။ အားလုံး သဘောကျ ရဲ့လား?

"ကျပါတယ်ဘုရား"

ကိုယ်တတ်တာချည်း စွတ်မပြောနဲ့။ သူတို့ နားလည်အောင်ပဲ ဦးစားပေးရမယ်။ ဟောတဲ့နေရာမှာနော်။

## သစ္စာမသိတဲ့ အလုပ်မှန်သမျှ ဆင်းရဲကြောင်း

ဒကာ၊ ဒကာမတွေ တရားဘယ်နှစ်မျိုးပါလိမ့်?

"နှစ်မျိုးပါဘုရား"

ဘာတရားနဲ့ ဘာတရား?

"ကံတရားနဲ့ ဉာဏ်တရားပါ ဘုရား"

ကံတရားကို ဦးစားပေးတာက သူ့ရဲ့စိတ်က ဘာဖြစ်နေလို့လဲ?

"ရှိင်းစိုင်းနေလို့ပါ ဘုရား"

ဉာဏ်တရားကို ဦးစားပေးတာက သူ့နှလုံးသားက နူးညံ့နေလို့၊ ယဉ်ကျေးနေလို့။ ဒါကြောင့် ယောဂီတို့က ရိုင်းနေတာလား၊ ယဉ်ကျေးနေတာလား?

"ယဉ်ကျေးနေတာပါ ဘုရား"

ယဉ်ကျေးလိုက်စမ်း၊ ယုံတယ်။ ကဲ... ကောင်းပြီ။

ယောဂီတို့ရေ... ဘယ်လိုပဲဖြစ်ဖြစ် သင်္ခါရက အကျိုးပေးလိုက်ရင် တခြားလား၊ ခန္ဓာလား?

"ခန္ဓာပါဘုရား"

သင်္ခါရ ဘယ်နှစ်မျိုးတုန်း?

"သုံးမျိုးပါဘုရား"

ခန္ဓာရရင် ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

ဒုက္ခသစ္စာ ရမယ်မှန်း အတိတ်က သိခဲ့လား?

"မသိခဲ့ပါဘူး ဘုရား"

မသိတာက?

"အဝိဇ္ဇာပါဘုရား"

ပြုလုပ်တာက?

"သင်္ခါရပါဘုရား"

အဝိဇ္ဇာ ပစ္စယာ?

"သင်္ခါရာပါဘုရား"

ဒါဖြင့် အဝိဇ္ဇာရဲ့ ဖုံးအုပ်ခြင်းကို ခံခဲ့ရတာလည်း တစ်ဘဝတည်းလား၊ ဘဝတိုင်းလား?

"ဘဝတိုင်းပါဘုရား"

ဘဝတိုင်း ဖုံးအုပ်ခံခဲ့ရလို့ ကံအလုပ်တွေနဲ့ချည်း အချိန်မကုန်ခဲ့ဖူးလား၊ ကုန်ခဲ့လား?

"ကုန်ခဲ့ပါတယ်ဘုရား"

ဒါကြောင့် အဝိဇ္ဇာပစ္စယာ?

"သင်္ခါရာပါ ဘုရား"

အတိတ်တုန်းက ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်တွေ လုပ်ရမယ်လို့ စိတ်ကူးထဲတောင် ထည့်ခဲ့လား?

"မထည့်ခဲ့ပါဘူး ဘုရား"

အတိတ်တုန်းက ခန္ဓာဉာဏ်ရောက်အလုပ်တွေ လုပ်ခဲ့မယ်ဆိုရင် ခုချိန်မှာ ဘုန်းကြီးတို့၊ ယောဂီတို့ ဝဋ္ဋာဘိရတ– ဘုံစဉ်စံ အရိယာပုဂ္ဂိုလ်တွေ ဖြစ်နေပြီဗျာ။ အခုအချိန် နတ်ပြည်မှာ သောတာပန်နတ်သား နတ်သမီးတွေအဖြစ်နဲ့ နေနေကြပြီဗျ။ အခုတော့ ပုထုဇဉ်အဖြစ်နဲ့ ဒုက္ခငုတ်တုတ်၊ ဟုတ်ကော ဟုတ်ရဲ့လား?

အဲဒါ အတိတ်က သစ္စာသိခဲ့လို့လား၊ မသိခဲ့လို့လား?

"မသိခဲ့လို့ပါဘုရား"

မသိအောင် ဖုံးထားတာက?

"အဝိဇ္ဇာပါဘုရား"

ပြုလုပ်ခဲ့တာက?

"သင်္ခါရပါဘုရား"

ဉာဏ်အလုပ်လား၊ ကံအလုပ်လား?

"ကံအလုပ်ပါ ဘုရား"

ကံအလုပ်နဲ့ချည်း အချိန်ကုန်လိုက်တော့ ယောဂီတို့ရေ... သင်္ခါရပစ္စယာ?

"ဝိညာဏ်ပါဘုရား"

ဝိဉာဏ်အစ ခန္ဓာ ဘယ်နှစ်ပါးတုန်း?

"ငါးပါးပါဘုရား"

ဒီ ခန္ဓာငါးပါး အလိုလိုဖြစ်တာလား၊ အကြောင်းတရားကြောင့်လား?

"အကြောင်းတရားကြောင့်ပါ ဘုရား"

အကြောင်းတရားကိုကြည့်တော့ ဘယ်သူနဲ့ ဘယ်သူတုန်း?

"အဝိဇ္ဇာနဲ့ သင်္ခါရပါဘုရား"

အဝိဇ္ဇာ တရားကိုယ်ကောက်တော့?

"မောဟပါဘုရား"

သင်္ခါရကို တရားကိုယ်ကောက်တော့?

"စေတနာပါဘုရား"

ဒါဖြင့် ယောကျ်ား မိန်းမ သတ္တဝါ ရှာကြည့်စမ်း?

"မရှိပါဘူး ဘုရား"

သိကြား ဗြဟ္မာ ဖန်ဆင်းတာလား?

"မဟုတ်ပါဘူး ဘုရား"

ထာဝရဘုရားက ဖန်ဆင်းတာလား?

"မဟုတ်ပါဘူးဘုရား"

အလာကြီးက ဖန်ဆင်းတာလား?

"မဟုတ်ပါဘူးဘုရား"

ဒါဖြင့် ဒီခန္ဓာကြီးက အလိုလိုရတာလား?

"မဟုတ်ပါဘူး ဘုရား"

ဘာကြောင့် ဘာပေါ်တာလဲ?

"အကြောင်းကြောင့် အကျိုးခမ္မ ပေါ်ပါတယ်ဘုရား"

အကြောင်းဓမ္မက ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါဘုရား"

ဘာမသိတဲ့ ကုသိုလ်ပါလိမ့်?

"သစ္စာမသိတဲ့ ကုသိုလ်ပါဘုရား"

ဘာမသိတဲ့ အကုသိုလ်ပါလိမ့်?

"သစ္စာမသိတဲ့ အကုသိုလ်ပါဘုရား"

ဘာမသိတဲ့ သမထပါလိမ့်?

"သစ္စာမသိတဲ့ သမထပါဘုရား"

ခေါင်းဆောင်တာမှန်သမျှ ဘယ်သူက ခေါင်းဆောင်ပါလိမ့်?

"အဝိဇ္ဇာပါဘုရား"

အဝိဇ္ဇာခေါင်းဆောင်ပြီး လုပ်တဲ့အလုပ်မှန်သမျှ ကောင်းကောင်း လုပ်တာလား၊ ရမ်းလုပ်တာလား?

"ရမ်းလုပ်တာပါဘုရား"

သစ္စာမသိတဲ့ အလုပ်မှန်သမျှ ချမ်းသာကြောင်းလား၊ ဆင်းရဲ ကြောင်းလား?

"ဆင်းရဲကြောင်းပါဘုရား"

ဆင်းရဲကြောင်းကို ယောဂီတို့၊ ဘုန်းကြီးတို့ အတိတ်တုန်းက လုပ်ခဲ့တာ တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ်လား?

"အကြိမ်ကြိမ်ပါဘုရား"

အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ်မို့ ဘာဘဲ့တုန်း?

"အလွှာပါဘုရား"

လုပ်သလောက် သစ္စာသိခဲ့သလား?

"မသိခဲ့ပါဘူး ဘုရား"

မသိအောင် ဖုံးထားတာက?

"အဝိဇ္ဇာပါဘုရား"

ပြုလုပ်တာက?

"သင်္ခါရပါဘုရား"

အဝိဇ္ဇာ ပစ္စယာ?

"သင်္ခါရာပါ ဘုရား"

အကျိုးတရားလား၊ အကြောင်းတရားလား?

"အကြောင်းတရားပါဘုရား"

ပဋိစ္စသမုပ္ပါဒ် အလိုအရ ဘယ်အကွက်တုန်း?

"(၁)အကွက်ပါ ဘုရား"

(၁)အကွက်သည် အတိတ်လား၊ ပစ္စုပ္ပန်လား?

"ပစ္စုပ္ပန်ပါဘုရား"

အတိတ်အကြောင်း အင်္ဂါ ဘယ်နှစ်ပါးတုန်း။

"နှစ်ပါးပါ ဘုရား"

ဒါကြောင့် ပစ္စုပ္ပန်အင်္ဂါ ဘယ်နှစ်ပါးရ?

"နှစ်ပါး ရပါတယ်ဘုရား"

အကြောင်းကြောင့် ဘာဖြစ်တာတုန်း?

"အကျိုးဖြစ်တာပါဘုရား"

## ကြောင်းကျိုးဉာဏ်ရှင်းမှ ဒိဋ္ဌိဝိစိကိစ္ဆာ သေတယ်

ဒါဖြင့် လူ့ဘဝ လူ့ခန္ဓာ ဘာကြောင့်ရတာလဲ။ ဘာကြောင့်ဖြစ်တာလဲ။ ဗြဟ္မာကြီးကဖြစ်တာလား၊ မျောက်ကြီးကဖြစ်တာလား။ တချို့က ဒါတွေ သံသယဖြစ်တာ မရှိဘူးလား၊ ရှိလား?

"ရှိပါတယ်ဘုရား"

အခုတော့ ဗြဟ္မာ သိကြား ဖန်ဆင်းတာလား၊ အကြောင်းကြောင့် အကျိုးခန္ဓာ ပေါ်တာလား?

"အကြောင်းခန္ဓာကြောင့် အကျိုးခန္ဓာ ပေါ်တာပါဘုရား"

အကြောင်းဓမ္မက ဘယ်သူနဲ့ ဘယ်သူတုန်း?

"အဝိဇ္ဇာနဲ့ သင်္ခါရပါဘုရား"

ပုဂ္ဂိုလ် သတ္တဝါလား၊ ဓမ္မလား?

"ဓမ္မပါဘုရား"

အကြောင်းဓမ္မကြောင့် ဘာပေါ်?

"အကျိုးဓမ္မ ပေါ်ပါတယ်ဘုရား"

ဒါဖြင့် အကြောင်းအကျိုးပဲလို့ ပိုင်ပိုင်နိုင်နိုင် သိလိုက်တော့ ဘာကြောင့် လူဖြစ်တယ်ဆိုတာ သံသယလာစရာ အကြောင်းရှိသေးလား?

"မရှိတော့ပါဘူးဘုရား"

အကြောင်းတရားပေါ် ဉာဏ်ရှင်းတော့ ဘာသေ?

"ဝိစိကိစ္ဆာ သေပါတယ်ဘုရား"

အကျိုးတရားက ပုဂ္ဂိုလ်သတ္တဝါလား၊ ဓမ္မလား?

"ခန္ဓာပါဘုရား"

အကျိုးတရားပေါ် ဉာဏ်ရှင်းတော့ ဘာပြုတ်?

"ဒိဋ္ဌိပြုတ်ပါတယ်ဘုရား"

အကြောင်းတရားပေါ် ဉာဏ်ရှင်းတော့ ဘာသေ?

"ဝိစိကိစ္ဆာ သေပါတယ်ဘုရား"

အကျိုးတရားပေါ် ဉာဏ်ရှင်းတော့ ဘာပြုတ်?

"ဒိဋ္ဌိ ပြုတ်ပါတယ်ဘုရား"

ကွက်တိပဲ။ မင်းသားလေး ကနေသလိုပဲ။ မှတ်ထား။ ဒါတွေက အထက်ဓမ္မကထိတွေပဲ ရမယ်။ အောက်ပြည်မှာ မရနိုင်ဘူး။ ဆရာတော်တို့က အထက်ရော အောက်ရော ရတယ်ဆိုတာ အတော်ဘုန်းကြီးတာ။ အရှင်ဘုရားတို့ရော၊ ယောဂီတို့ရော သိပ်ဘုန်းကြီးတာ။ ကြီးတာပေါ့။ 'သာသနံ ပုညတေဇေနံ'။

အခု တရားဟောတဲ့ဘုန်းကြီးရယ်၊ အရှင်ဘုရားတို့ရယ်၊ ယောဂီတို့ရယ်။ ဘယ်သူက ဘုန်းပိုကြီးသလဲ။ ဘုန်းကြီးက ဘုန်းကြီးတယ်

ဆိုရင် ဘုန်းကြီးရှိတဲ့ မိုးကုတ်ကို လာရမှာလေ။ ယောဂီတို့က ဘုန်းကြီးတော့ ဘုန်းကြီးက ယောဂီတို့ရှိတဲ့ဆီ လာနေရတယ်။ အဲဒါ ဘယ်သူက ဘုန်းကြီးတုန်း။ အဲဒါပြောတာပေါ့။ လူမင်း ဘုန်းကြီးတော့?

"နတ်မင်းမနေနိုင်ပါဘုရား"

ဘယ်နဲ့ နတ်မင်းရမှာလဲ၊ ဘုန်းကြီးမနေနိုင်၊ ဟုတ်လား။

ကဲ... ပြောမယ်။ အကြောင်းတရားပေါ် ဉာဏ်ရှင်းတော့ ဘာသေ?

"ဝိစိကိစ္ဆာ သေပါတယ်ဘုရား"

အကျိုးတရားပေါ် ဉာဏ်ရှင်းတော့ ဘာပြုတ်?

"ဒိဋ္ဌိပြုတ်ပါတယ်ဘုရား"

အကြောင်းအကျိုးပေါ် ဉာဏ်ရှင်းရင် ဘယ်သူနဲ့ ဘယ်သူ သေတုန်း?

"ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ သေပါတယ်ဘုရား"

ကဲ... ဒါဖြင့် အကျိုးတရား ခန္ဓာငါးပါး ဘာသစ္စာ?

"ဒုက္ခသစ္စာပါဘုရား"

သိတဲ့ဉာဏ်က?

"မဂ္ဂသစ္စာပါဘုရား"

သေသွားတဲ့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာက?

"သမုဒယသစ္စာပါဘုရား"

သမုဒယတို့ရဲ့ ချုပ်ရာငြိမ်းရာ သိမ်းရာက?

"နိရောဓသစ္စာပါဘုရား"

သစ္စာ ဘယ်နှစ်ချက်တုန်း?

"လေးချက်ပါဘုရား"

သစ္စာလေးချက်နဲ့ ပဋိစ္စသမုပ္ပါဒ် အမှန်ဆိုင်ရင် မိုးကုတ် ဥပနိဿယ အမှန်ပေါ့။ ကဲ... နာရီလည်းစေ့ပြီ။ တော်ကြဦးစို့ဗျာ။

■

## စတုတ္ထနေ့ဟောစဉ်

### တရားအဖွင့် ပဏာမ

အထူးသင်တန်းမှာ သင်ပေးထားတဲ့ ဆိုရိုးကို ဆိုပြီးတော့ တရား စဖွင့်ရအောင်။

မူလနှစ်ဖြာဆိုသည်မှာ အဝိဇ္ဇာနှင့် တဏှာ။
သစ္စာနှစ်ခုဆိုသည်မှာ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ။
လေးခုအလွှာဆိုသည်မှာ အတိတ်ကြောင်းတစ်လွှာ၊
ပစ္စုပ္ပန်အကျိုးတစ်လွှာ၊
ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊
အနာဂတ်အကျိုးတစ်လွှာ။

အင်္ဂါ တစ်ဆယ့်နှစ်ပါးဆိုသည်မှာ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ။

တရားကိုယ်များနှင့် ဆိုသည်မှာ—
အဝိဇ္ဇာဆိုတာ မသိတာကို ခေါ်ပါတယ်။
သင်္ခါရဆိုတာ ပြုလုပ်တာကို ခေါ်ပါတယ်။
ဝိညာဏ်ဆိုတာ အသိစိတ်ကို ခေါ်ပါတယ်။

နာမ်ရုပ်ဆိုတာ သွားချင်တာက နာမ်၊ သွားတာက ရုပ်၊ စားချင်တာက နာမ်၊ စားတာက ရုပ်၊ အိပ်ချင်တာက နာမ်၊ အိပ်တာ ရုပ်လို့ ခေါ်ပါတယ်။

သဠာယတနဆိုတာ အာယတနခြောက်ပါးကို ခေါ်ပါတယ်။

အာယတနခြောက်ပါးဆိုတာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်။

ဖဿ ဆိုတာ တွေ့ထိတာကို ခေါ်ပါတယ်။
ဝေဒနာ ဆိုတာ ခံစားတာကို ခေါ်ပါတယ်။
တဏှာ ဆိုတာ ကြိုက်နှစ်သက်တာကို ခေါ်ပါတယ်။
ဥပါဒါန် ဆိုတာ စွဲလမ်းတာကို ခေါ်ပါတယ်။
ကမ္မဘဝ ဆိုတာ ပြုလုပ်အားထုတ်တာကို ခေါ်ပါတယ်။
ဇာတိ ဆိုတာ ပဋိသန္ဓေနေတာကို ခေါ်ပါတယ်။
ဇရာ ဆိုတာ အိုတာကို ခေါ်ပါတယ်။
မရဏ ဆိုတာ သေတာကို ခေါ်ပါတယ်။
သောက ဆိုတာ စိုးရိမ်တာကို ခေါ်ပါတယ်။
ပရိဒေဝ ဆိုတာ ငိုကြွေးတာကို ခေါ်ပါတယ်။
ဒုက္ခ ဆိုတာ ကိုယ်ဆင်းရဲတာကို ခေါ်ပါတယ်။
ဒေါမနဿ ဆိုတာ စိတ်ဆင်းရဲတာကို ခေါ်ပါတယ်။
ဥပါယာသ ဆိုတာ ပြင်းစွာပူလောင်တာကို ခေါ်ပါတယ်။

သုံးပါးအစပ် ဆိုသည်မှာ—

သင်္ခါရနှင့် ဝိညာဏ် တစ်စပ်၊
ဝေဒနာနှင့် တဏှာ တစ်စပ်၊
ကမ္မဘဝနှင့် ဇာတိ တစ်စပ်။

နှစ်ရပ်မူလ ဆိုသည်မှာ—

တဏှာနှင့် အဝိဇ္ဇာ။

ဝဋ်သုံးဝ ဆိုသည်မှာ—

ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်။

ကိလေသဝဋ် သုံးပါးဆိုသည်မှာ–

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။

ကမ္မဝဋ် နှစ်ပါးဆိုသည်မှာ–

သင်္ခါရနှင့် ကမ္မဘဝ။

ဝိပါကဝဋ် ရှစ်ပါးဆိုသည်မှာ–

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊

ဝေဒနာ၊ ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာ၊ မရဏ။

ကာလသုံးဖြာ ဆိုသည်မှာ–

လွန်လေပြီးသော အတိတ်ကာလ၊

ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊

နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ။

ခြင်းရာ နှစ်ဆယ် ဆိုသည်မှာ–

အတိတ်အကြောင်းအခြင်းအရာ ငါးပါး၊

ပစ္စုပ္ပန်အကျိုးအခြင်းအရာ ငါးပါး၊

ပစ္စုပ္ပန်အကြောင်းအခြင်းအရာ ငါးပါး၊

အနာဂတ်အကျိုးအခြင်းအရာ ငါးပါး။

အတိတ်အကြောင်း အခြင်းအရာ ငါးပါးဆိုသည်မှာ–

အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။

ပစ္စုပ္ပန်အကျိုးအခြင်းအရာ ငါးပါးဆိုသည်မှာ–

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

ပစ္စုပ္ပန်အကြောင်းအခြင်းအရာ ငါးပါးဆိုသည်မှာ–

တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ။

အနာဂတ်အကျိုး အခြင်းအရာ ငါးပါးဆိုသည်မှာ–

ပိဉာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

ဤရှစ်သွယ် ဆိုသည်မှာ–

မူလနှစ်ဖြာတစ်သွယ်၊

သစ္စာနှစ်ခုတစ်သွယ်၊
လေးခုအလှာတစ်သွယ်၊
အင်္ဂါတစ်ဆယ့်နှစ်ပါးတစ်သွယ်၊
သုံးပါးအစပ်တစ်သွယ်၊
ဝဋ်သုံးဝတစ်သွယ်၊
ကာလသုံးဖြာတစ်သွယ်၊
ခြင်းရာနှစ်ဆယ်တစ်သွယ်။
ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်
သိစေအပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း။

## သံသရာက လွတ်ရာ သိမ်းရာ နိဗ္ဗာန်သာ

တို့အားလုံး ယောဂီအပေါင်း သူတော်ကောင်းတို့။ ဤခန္ဓာ ဉာဏ်ရောက် ဓမ္မဒေသနာတွေကို ပိုင်ပိုင်နိုင်နိုင် သိရှိနားလည်သဘော ပေါက်မယ်ဆိုရင် ဘယ်က လွတ်မှာပါလိမ့်?

"သံသရာကလွတ်မှာပါ ဘုရား"

သံသရာရဲ့ လွတ်ရာ သိမ်းရာ ငြိမ်းရာသည် ဘာပါလိမ့်?

"နိဗ္ဗာန်ပါဘုရား"

ကိုင်း... တို့ယောဂီအပေါင်းတို့ တရားဝင် တရားနာ တရားထိုင် တရားအားထုတ်ကြတယ်ဆိုတာ ဘာလိုချင်လို့ပါလိမ့်?

"နိဗ္ဗာန်လိုချင်လို့ပါ ဘုရား"

နိဗ္ဗာန်လိုချင်တယ်ဆိုရင် ပဋိစ္စသမုပ္ပါဒ် ခန္ဓာဉာဏ်ရောက် တရား နားမလည်လို့ ဖြစ်ကို မဖြစ်ဘူး ဆိုတာကို ဆုံးဖြတ်ပါနော်။ သံသရာဆိုတဲ့ အဓိပ္ပာယ်ကို ယောဂီတို့ကို ဘုန်းကြီးသင်ထားပေးပါပြီ။ သံသရာ ဘယ်နှစ်မျိုးပါလိမ့်?

"နှစ်မျိုးပါဘုရား"

သံသရာရဲ့ အစိပ္ပာယ်ကတော့ အိုနာသေ ထပ်ကာ ထပ်ကာ ဖြစ်နေတာသည် သံသရာ။ နောက်တစ်ခါ ခန္ဓာအာယတနဓာတ်တို့ မပြတ်ဖြစ်ပေါ်နေတာသည် သံသရာ။

အဲဒါက သံသရာရဲ့ အစိပ္ပာယ်။ နောက်တစ်ခါ သံသရာ နှစ်မျိုးက ဘာနဲ့ ဘာလဲမေးတော့ သုဂတိသံသရာနဲ့ ဒုဂ္ဂတိသံသရာ။ 'နောက် ယောဂီတို့ကို မနေ့က ထပ်သင်ပေးလိုက်တာက ဘဝသံသရာနဲ့ ခန္ဓာသံသရာ'။

ဘဝသံသရာကို မြင်ရင် ဘာဉာဏ်ရမလဲ?

"သံဝေဂဉာဏ် ရပါတယ်ဘုရား"

ခန္ဓာသံသရာကိုမြင်ရင်?

"ဝိပဿနာဉာဏ်ရပါတယ် ဘုရား"

ဒါဖြင့် တရားရှာရင် ဘယ်ဉာဏ်ကို အခြေခံထားရမလဲ?

"သံဝေဂဉာဏ်ကို အခြေခံထားရပါမယ် ဘုရား"

သိဒ္ဓတ္ထမင်းသား တို့ဘုရားအလောင်းတောထွက်တာ ဘာဉာဏ်နဲ့ တောထွက်တုန်း?

"သံဝေဂဉာဏ်နဲ့ တောထွက်ပါတယ် ဘုရား"

ဘဝသံသရာကို မြင်ပြီး သံဝေဂဉာဏ်နဲ့ တောထွက်၊ ခန္ဓာသံသရာ ဖြစ်ပျက်မြင် မုန်ဆုံး ဝိပဿနာဉာဏ်အဆုံးမှာ တခြားလား၊ မဂ်ဉာဏ်လား?

"မဂ်ဉာဏ်ပါဘုရား"

ဒါဖြင့် ယောဂီတို့ရေ... သံဝေဂဉာဏ်ကို အခြေခံထားပြီး တရားရှာထွက်တဲ့ တို့ဘုရား၊ ဝိပဿနာဉာဏ်မှတစ်ဆင့် သစ္စာလေးချက် သဘောနက် အမှန်သိပြီးတဲ့သကာလ ဘုရားအဖြစ် မရဘူးလား၊ ရသလား?

"ရပါတယ်ဘုရား"

ဘယ်ဉာဏ် အရင်းခံပြီး တရားရှာတာလဲ?

"သံဝေဂဉာဏ် အရင်းခံပြီး တရားရှာတာပါ ဘုရား"

ဒါကို ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက မိန့်တော်မူတယ်။ သံဝေဂဉာဏ်မပါရင် တရားမရှာနဲ့တဲ့။ ဒါဖြင့် တရားလိုချင်ရင် ဘယ်ဉာဏ် အခြေခံထားရမယ်?

"သံဝေဂဉာဏ် အခြေခံထားရပါမယ် ဘုရား"

အားလုံး သဘောပေါက်ပြီနော်။ ကဲ... နောက်တစ်ဆင့် တက်လိုက်ဦး။ ယောဂီတို့ တရားအားထုတ်တာ၊ တရားဘာဝနာ ပွားများတာ ဘာလိုချင်လို့လဲ?

"နိဗ္ဗာန်လိုချင်လို့ပါ ဘုရား"

နိဗ္ဗာန်နဲ့ ပတ်သက်ပြီးတော့လည်း ဘုန်းကြီး ရှင်းခဲ့ပါတယ်။ ယောဂီတို့ နိဗ္ဗာန်နှစ်မျိုး။ သဥပါဒိသေသနိဗ္ဗာန်နဲ့ အနုပါဒိသေသ နိဗ္ဗာန်။ အဲဒါကို မြန်မာလိုပြန်ရရင် 'ရှင်တုန်းမြင်ရတဲ့ နိဗ္ဗာန်နဲ့၊ သေမှရမည့် နိဗ္ဗာန်'၊ ဟုတ်ပြီနော်။ နောက်တစ်ခါ သဥပါဒိသေသ နိဗ္ဗာန်ဆိုတာ ကိလေသာချုပ်တဲ့ နိဗ္ဗာန်၊ အနုပါဒိသေသ နိဗ္ဗာန်က ခန္ဓာချုပ်တဲ့ နိဗ္ဗာန်။ ရှင်းခဲ့တယ်နော်။

အေး... ဒါကြောင့် ကိလေသာချုပ်တဲ့ နိဗ္ဗာန်နဲ့ ခန္ဓာချုပ်တဲ့ နိဗ္ဗာန်၊ ရှင်တုန်းမြင်နေရတဲ့ နိဗ္ဗာန်နဲ့ သေမှရမည့် နိဗ္ဗာန်။ အဲဒါကို စာလိုသုံးတော့ သဥပါဒိသေသနိဗ္ဗာန်နဲ့ အနုပါဒိသေသနိဗ္ဗာန်။

အဲဒီတော့ ရှင်တုန်းမြင်ရတဲ့နိဗ္ဗာန် မရဘဲနဲ့ သေမှရမည့်နိဗ္ဗာန်မျိုး ရမည့်အကြောင်း ရှိပါ့မလား?

"မရှိပါဘူး ဘုရား"

ဒါဖြင့် သံသရာတို့ရဲ့ လွတ်ရာ ငြိမ်းရာ သိမ်းရာသည် ဘာပါလိမ့်?

"နိဗ္ဗာန်ပါဘုရား"

ဒီနေရာမှာ ခန္ဓာချုပ်တဲ့ နိဗ္ဗာန်ဆိုတဲ့နေရာမှာ ခန္ဓာကို နှစ်ပိုင်း ခွဲလိုက်။ သင်္ခတခန္ဓာနဲ့ ဒုက္ခတခန္ဓာ။ ပြော... ဘာတဲ့တုန်း?

"သုဂတိခန္ဓာနဲ့ ဒုဂ္ဂတိခန္ဓာပါ ဘုရား"

ဒီအတိုင်း သံသရာလည်း နှစ်မျိုးပြောပေါ့။ သုဂတိသံသရာနဲ့ ဒုဂ္ဂတိသံသရာ။ သံသရာတို့ရဲ့ လွတ်ရာ ငြိမ်းရာ သိမ်းရာသည် ဘာပါလိမ့်?

"နိဗ္ဗာန်ပါဘုရား"

ခန္ဓာချုပ် နိဗ္ဗာန်၊ သံသရာငြိမ်း နိဗ္ဗာန်၊ ဒုက္ခသိမ်း နိဗ္ဗာန်၊ ဖြစ်ပျက်ဆုံး နိဗ္ဗာန်။ ဒီစကား အားလုံးသည် ခန္ဓာကို အခြေခံပြီး ပြောသွားတဲ့ စကားလုံးတွေချည်းပဲ မှတ်ပါ။

## လမ်းစဉ်မှန်လျှင် ပထမနိဗ္ဗာန် ရရမယ်


ခန္ဓာချုပ် နိဗ္ဗာန်ဆိုတော့ ခန္ဓာက သုဂတိခန္ဓာ၊ ဒုဂ္ဂတိခန္ဓာ နှစ်မျိုးရှိတဲ့အထဲမှာ တို့ အရေးအကြီးဆုံး ဘယ်ခန္ဓာ ချုပ်ငြိမ်းအောင် အရင်လုပ်ရမလဲ။ ဒုဂ္ဂတိခန္ဓာချုပ်ငြိမ်းအောင် အရင်လုပ်ရမယ်။ ဆိုလိုတာက အရပ်သုံးစကားနဲ့ ပြောရရင် နောက်ထပ် အပါယ်လေးဘုံ မကျအောင်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် မကျသော် လုပ်ရမှာ ရှင်းပြီလား။

သုဂတိခန္ဓာရရင် အခွင့်အရေးတွေ အများကြီးရှိတယ်။ ဒုဂ္ဂတိခန္ဓာရရင် အခွင့်အရေးတွေ ဆုံးရှုံးသွားပြီ။ အဲဒီအခွင့်အရေးတွေ ဆုံးရှုံးတာကို . . .

> ခဏော လောကောတိ ခဏော လောကောတိ ဘန္တေ ဝုစ္စတိ။ ကိတ္တာဝတာ နုခေါ ခဏော လောကော ဘန္တေ ဝုစ္စတိ။

အရှင်ဘုရား၊ ခဏ ခဏ ခဏလို့ လောကမှာ ပြောနေပါတယ် ဘုရား။ ခဏဆိုတာ ဘာကိုပြောတာလဲတဲ့။ အက္ခဏသုတ္တန်မှာ သွားကြည့်ပါ။ 'ချစ်သားရေ၊ ခဏဆိုတာ အခွင့်အရေး'တဲ့။

ခဏဆိုတာ ဘာတဲ့လဲ?




## အင်္ဂါ (၁၂) ပါးထည့်ပုံ

အင်္ဂါဟူသည် သံသရာလည်ခြင်း၏ အစိတ်အပိုင်း ဖြစ်၏။ အကြောင်း အစိတ်အပိုင်းနှင့် အကျိုးအစိတ်အပိုင်း ဖြစ်သည်။ အတိတ်က အမှားမျိုး ယခုပစ္စုပ္ပန် မမှားကြရန် နှင့် အကြောင်းတရားပေါ် ဉာဏ်ရှင်းလျှင် အဟေတုက ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိလေသာ စင်ကြယ်စေပါသည်။ အကျိုး တရားပေါ် ဉာဏ်ရှင်းလျှင် သက္ကာယဒိဋ္ဌိနှင့် အကိရိယာဒိဋ္ဌိ စင်ကြယ်စေပါသည်။ အကြောင်းအကျိုး နှစ်မျိုးလုံး ဉာဏ် ရှင်းလျှင် နတ္ထိကဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ စင်ကြယ်စေပါသည်။ အကြောင်းအကျိုး ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါး ကာလ အလိုက် နားလည်ပါက ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ အသိဉာဏ် အပွားဉာဏ် အပါယ်ဉာဏ်နှင့် ဖြတ်နိုင်ပါက ဤဘဝ သောတာပန်တည်၍ အောက်သံသရာတည်း ဟူသော အပါယ်လေးပါးမှ အပြီးအတိုင် လွန်မြောက်နိုင်ပါစေခြင်း အကျိုးငှာ အင်္ဂါ ၁၂ ပါးကို အလွှာလိုက် အကွက်လိုက် ထည့်သွင်း၍ ကြောင်းကျိုး ခွဲပြထားပါသည်။

"အခွင့်အရေးပါဘုရား"

ဘာအခွင့်အရေးလည်း ဆိုတဲ့အခါကျတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရမည့် အခွင့်အရေး။ အဲဒီ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရမည့် အခွင့်အရေးတွေ ဆုံးရှုံးနေတဲ့ အရပ်ကို ရပ်ပြစ် တဲ့ဗျာ။

မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရမည့် အခွင့်အရေးတွေ ဆုံးရှုံးနေတဲ့ အရပ်ကို ဘာခေါ်တာလဲ?

"ရပ်ပြစ်ပါ ဘုရား"

ယောဂီတို့ ပြန်ကြည့်ပါလား။

* ပါယ်သုံးရွာနှင့်၊ ဒီဃာယုနတ်
ဖြစ်လတ်ပစ္စန်၊ မိစ္ဆာဉာဏ်ရှိ
ဉာဏ်မရှိငြား၊ ဉာဏ်ရှိငြားလည်း
ဘုရားမဖြစ်၊ ကျမ်းဂန်လှစ်သည်
ရပ်ပြစ်ရှစ်ပါး သရုပ်တည်း။

ရပ်ပြစ် ဘယ်နှစ်ပါးလဲ?

"ရှစ်ပါးပါ ဘုရား"

အဲဒီ ရပ်ပြစ်ရှစ်ပါး ပြန်ကြည့်။ 'ပါယ်သုံးရွာနှင့်'တဲ့။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ နိုင်ငံရာစားဘဝတွေ။ ငရဲကျလည်း အမြဲတမ်း ဆင်းရဲဒုက္ခရောက်တယ်။ အမြဲ ဒေါသဖြစ်နေရတာ။

ငရဲခံနေရတာ၊ အမယ်လေးတပြီး အော်နေရတာ တခြားလား၊ ဒေါသလား?

"ဒေါသပါဘုရား"

ဒေါသက ကုသိုလ်လား၊ အကုသိုလ်လား?

"အကုသိုလ်ပါဘုရား"

ပြိတ္တာကျပြန်တော့ လောဘဇောကြီးနဲ့ လိုက်ရှာနေရပြန်တော့ အကုသိုလ်ပဲ။ လောဘဆိုတာ အကုသိုလ်ပဲလေ။ တိရစ္ဆာန်ကျတော့လည်း တစ်ခါပြန်ကြည့်လိုက်ပါလား။ 'မေထုန်မှီ အိပ်, စားတဲ့၊

ယောကျ်ားနဲ့ နွားမှာ။ သိပညာ တတ်တစ်ပါး၊ နွားထက် ပိုတာ'၊ 'အအိပ်အစား၊ အပျော်အပါးက၊ လူ နွားတိရစ္ဆာန်၊ သဏ္ဌာန်များသာ၊ ခြားကြကုန်၏။ လူမှာ သီလ၊ အာစာရနှင့်၊ ဉာဏကျေးဇူး၊ ဂုဏ်မှာ ထူး၏'တဲ့။ စဉ့်ပါဆရာတော်ကြီးနဲ့ လယ်တီဆရာတော်ကြီးတို့ စပ်ဆို ထားတာ ရှိတယ်။

ခမ္မကထိက လုပ်ချင်ရင် စာစုံရမှာ။ ကျမ်းညှိတတ်ရမယ်။ စာစုံရမယ်။ လေ့လာမှတ်သားမှုတွေ များရမယ်တဲ့။ ဆိုင်ရာ ဆိုင်ရာ လေးတွေမှာ ထည့်သွား၊ ဟုတ်လား။ အများကြီး ထည့်စရာမလိုဘူး။

ပြောသလောက်လေး ခရီးရောက်ဖို့က မလိုဘူးလား၊ လိုသလား?

"လိုပါတယ်ဘုရား"

တိရစ္ဆာန်များကြည့်ရင် အိပ်တာရယ်၊ စားတာရယ်၊ ပျော်ပါး တာရယ်၊ သူ့မှာလည်း လောဘ ဒေါသ မောဟနဲ့ချင်း အချိန်ကုန် နေတာ၊ တခြားလား၊ အကုသိုလ်လား?

"အကုသိုလ်ပါဘုရား"

အပြစ်ကင်းတာလား၊ အပြစ်ရှိတာလား?

"အပြစ်ရှိတာပါဘုရား"

ဒါကြောင့်မို့ ရပ်ပြစ်ရှစ်ပါး ဌာနရှစ်မျိုးဆိုတာ ယောဂီတို့ရေ၊ ဘယ်နည်းနဲ့ပဲ ပြောပြော ကုသိုလ်တိုးပွားစရာ အကြောင်းမရှိဘဲနဲ့ အကုသိုလ်တွေသာ တိုးပွားနေတဲ့အတွက်ကြောင့် အပြစ်ရှိတဲ့အရပ် မို့လို့ ရပ်ပြစ်တဲ့။

အကုသိုလ်ဆိုတာ အပြစ်ကင်းတာလား၊ အပြစ်ရှိတာလား?

"အပြစ်ရှိတာပါ ဘုရား"

အပြစ်ရှိတဲ့ အရပ်မို့လို့ ဘာတဲ့တုန်း?

"ရပ်ပြစ်ပါဘုရား"

မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ရမည့် အခွင့်အရေးတွေ ဆုံးရှုံးနေလို့ ရပ်ပြစ်တဲ့။ အပါယ်လေးဘုံများ သွားကြမယ်ဆိုရင် ဒီလို မဂ်ဉာဏ်

ဖိုလ်ဉာဏ် နိဗ္ဗာန်ရမည့် အခွင့်အရေးတွေ ဆုံးရှုံးသွားတဲ့ အရပ်မို့လို့ ဘာတဲ့တုန်း?

"ရပ်ပြစ်ပါ ဘုရား"

တို့ ဒကာ၊ ဒကာမတွေ အပါယ်လေးပါးများ ကျသွားမယ် ဆိုလို့ရှိရင် ဒီလိုအခွင့်အရေးရစရာ အကြောင်းမရှိကော့ဘူး။

နိဗ္ဗာန်ဆိုတဲ့ စကားကို ကိုယ့်အတိုင်းအတာနဲ့ ကောက်လိုက်ရင် ယောဂီတို့ ဘုန်းကြီးတို့အတွက် ပထမနိဗ္ဗာန်ဆိုတာ သိဖို့လိုလာတယ်။ ပထမနိဗ္ဗာန်ဆိုတော့ လူပြိန်းနားပေါက် နားမလည်နိုင်ဘူး။ နားလည်အောင်ပြောရင် ပထမနိဗ္ဗာန်ဆိုတာ အပါယ်လေးပါး တံခါးလုံးလုံးပိတ်တဲ့ နိဗ္ဗာန်။ အပါယ်လေးပါးကို လုံးဝ မကျနိုင်တော့တဲ့ နိဗ္ဗာန်၊ အပါယ်လေးပါးက လုံးဝ လွတ်မြောက်သွားတဲ့ နိဗ္ဗာန်။

ယောဂီတို့ကို ဘုန်းကြီးမေးမယ်၊ ဒီဘဝက သေပြီးရင် အပါယ်လေးပါး ကျချင်သလား?

"မကျချင်ပါဘူးဘုရား"

## ဒိဋ္ဌိသုံးဖြာ ဖြုတ်ပယ်စရာ

အပါယ်လေးပါးကို ကျအောင် ဆွဲချလိုက်တာ တခြားလာ ဒိဋ္ဌိလား?

"ဒိဋ္ဌိပါဘုရား"

အပါယ်လေးပါးက အပြီးတိုင် လွတ်ချင်တယ်၊ ပထမနိဗ္ဗာန် လိုချင်တယ်ဆိုရင် ဘယ်သူ့နာနာဖြုတ်ရမယ်?

"ဒိဋ္ဌိနာနာဖြုတ်ရပါမယ် ဘုရား"

ပထမနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ ဉာဏ်သည် သောတာပတ္တိမဂ်ဉာဏ်။

ဘာဉာဏ်ပါလိမ့်?

"သောတာပတ္တိမဂ်ဉာဏ်ပါ ဘုရား"

ပထမနိဗ္ဗာန် ရတယ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုး ပြောတာလဲ ဆိုရင် သောတာပန်ပုဂ္ဂိုလ်။ အပါယ်လေးပါးက အပြီးတိုင် လွတ်မြောက်တာလည်း ဘယ်လိုပုဂ္ဂိုလ်လဲ။ သောတာပန်ပုဂ္ဂိုလ်။ ဘယ်လို အရိယာလဲ သောတာပန်အရိယာ။

ကောင်းပြီ။ ဒါဖြင့် သောတာပတ္တိမဂ်ဉာဏ်ဖြင့် အပြီးတိုင် ပယ်အပ်တဲ့ ကိလေသာသည် ဘာနဲ့ ဘာလဲ?

"ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပါ ဘုရား"

ဒါဖြင့် အပါယ်လေးပါး တံခါးလုံးလုံးပိတ်တဲ့ ပထမနိဗ္ဗာန် တကယ်လိုချင်ရိုးမှန်ရင် ဘယ်သူနဲ့ ဘယ်သူ အရင်ဖြုတ်ရမှာလဲ?

"ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို အရင်ဖြုတ်ရမှာပါ ဘုရား"

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို ဖြုတ်ချင်ရင် ဘာကို နားလည်ရမှာလဲ?

"ခန္ဓပဋိစ္စသမုပ္ပါဒ် နားလည်ရပါမယ် ဘုရား"

ဒါဖြင့် ခန္ဓာ ပဋိစ္စသမုပ္ပါဒ်တရားသည် ဘယ်လိုတရားမျိုးပါ လိမ့်လို့ မေးရင် ဒိဋ္ဌိဖြုတ်တဲ့တရား၊ မှတ်ထား။

ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်တရားသည် ဘယ်လိုတရားပါ လိမ့်?

"ဒိဋ္ဌိဖြုတ်တဲ့တရားပါ ဘုရား"

အပါယ်လေးပါး အပြီးတိုင်လွတ်မှ ပထမနိဗ္ဗာန်ရမယ်။ အဲဒီကျမှ ရည်ရွယ်ချက်အမှန်၊ လမ်းစဉ်အမှန်လို့ မှတ်ပါ။

## ကိုယ့်အဆင့်အတန်း ကိုယ်သိပါ

ပါးစပ်ကတော့ 'နိဗ္ဗာန်–နိဗ္ဗာန်'တဲ့ မိုးလား ကဲလားလျှောက် ပြောနေလိုက်တာ။ နိဗ္ဗာန်ရောက်ကြောင်း မေးကြည့်လိုက်တဲ့အခါကျတော့ ကွက်ကြား လျှောက်လုပ်နေတယ်။ အစဉ်အတန်း မေးကြည့်လိုက်တဲ့အခါကျတော့ ဘာအစဉ်မှ မကျတဲ့အတွက် ယောဂီတို့ လိုရာခရီး ရောက်ပါ့မလား?

"မရောက်ပါဘူး ဘုရား"

ဒါဖြင့် ကိုယ့်အဆင့်အတန်း ကိုယ်သိပါ။ လူဟာ အောင်မြင်ချင်ရင် ကိုယ့်အဆင့်အတန်း ကိုယ်သိ။ ကိုယ့်အရည်အချင်းကို ကိုယ်သိ။ ကိုယ့်အနေအထားကို ကိုယ်နားလည်။ ကိုယ့်အဆင့်အတန်း ကိုယ့်အတိုင်းတာ နားမလည်ရင် အဲဒီလူ ဘယ်တော့မှ မကြီးပွားဘူးတဲ့။

ကြီးပွားချင်တယ်၊ လောကီ လောကုတ္တရာ တိုးပွားချင်တယ်၊ လောကုတ် လောကီ ရတနာတွေ တိုးတက်ချင်တယ်ဆိုရင် ကိုယ့်အဆင့်အတန်းကို ကိုယ်နားလည်။ ကိုယ့်အတိုင်းအတာကို ကိုယ်နားလည်။ အရာရာတိုင်းမှာ လောကီမှာပဲဖြစ်ဖြစ်၊ လောကုတ္တရာမှာပဲဖြစ်ဖြစ် ကိုယ့်အဆင့်အတန်းကို ကိုယ်နားလည်ထားဖို့ မလိုဘူးလား၊ လိုသလား?

"လိုပါတယ်ဘုရား"

ဒါဖြင့် ယောဂီတို့ အဆင့်အတန်းက ပုထုဇဉ်လား၊ အရိယာလား?

"ပုထုဇဉ်ပါ ဘုရား"

သောတာပန်တောင် မသိသေးဘဲနဲ့ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ပိုပြောမနေနဲ့။ ကိုယ်နဲ့ ဘာမှမဆိုင်ဘူး။ သဘောကျရဲ့လား။

ဒိဋ္ဌိက အတုံးလိုက် အတစ်လိုက် ရှိသေးတယ်။ လောဘကုန်အောင်၊ ဒေါသကုန်အောင် ကြွားမနေနဲ့။ အရှင်ဗာဟိယက ဘုရားကို လျှောက်တယ်။ "အရှင်ဘုရား၊ တပည့်တော် ဒီဘဝ သောတာပန်တည်ချင်ပါတယ်၊ အရိယာဖြစ်ချင်တယ်။ ဘယ်ကို ကျင့်ရမလဲဘုရား"၊ "ချစ်သား၊ မင်း သောတာပန်တည်ချင်ရင် ဝေးဝေးလုပ်မနေနဲ့၊ ဒိဋ္ဌိအရင်ဖြုတ်"တဲ့။

ဘာအရင်ဖြုတ်ရမှာလဲ?

"ဒိဋ္ဌိအရင်ဖြုတ်ပါ ဘုရား"

အဲဒီတော့ သောတာပန် မတည်သေးတဲ့ ဗာဟိယကတော့ ဘုရားကို သောတာပန်တည်ချင်လို့၊ 'အရှင်ဘုရား သောတာပန် တည်ချင်ရင် ဘာလုပ်ရမလဲ'ဆိုတော့ 'ဒိဋ္ဌိဖြုတ်ကွာ'တဲ့။

အခု ယောဂီတို့ရော သောတာပန် တည်ပြီလား?

"မတည်သေးပါဘူး ဘုရား"

မတည်သေးရင် သောတာပန် မတည်ချင်ဘူးလား?

"တည်ချင်ပါတယ် ဘုရား"

တည်ချင်ရင် သယ်သူ့နာနာဖြုတ်ရမလဲ?

"ဒိဋ္ဌိနာနာဖြုတ်ရပါမယ် ဘုရား"

ဒါမှ ဘုရားအာဘော်နဲ့ ကိုက်တာဗျ။ သဘောကျရဲ့လား။

ကိုင်း... ဒိဋ္ဌိဖြုတ်ချင်ရင် ဘာနားလည်ရမှာလဲ?

"ခန္ဓပဋိစ္စသမုပ္ပါဒ် နားလည်ရမှာပါ ဘုရား"

ဒါဖြင့် ခန္ဓပဋိစ္စသမုပ္ပါဒ် တရားသည် ဘယ်လိုတရားမျိုးလဲ မေးရင် ဒိဋ္ဌိဖြုတ်တဲ့ လက်နက်ကြီး။ ဒီ ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ ကတော့ ဒိဋ္ဌိပြုတ်ကို မပြုတ်ဘူး။ စိတ်ချ။

ဒါဖြင့်ရင် ပဋိစ္စသမုပ္ပါဒ် နားလည်သောအားဖြင့် ဘယ်လို ဒိဋ္ဌိ တွေ ပြုတ်နိုင်သလဲမေးရင် 'နိယတမိစ္ဆာဒိဋ္ဌိ' ဖြုတ်နိုင်တယ်လို့ မှတ် ပါ။ နိယတမိစ္ဆာဒိဋ္ဌိ ဘယ်နှစ်မျိုးရှိသလဲမေးရင် သုံးမျိုးရှိတယ်။

ဘယ်နှစ်မျိုးပါလိမ့်?

"သုံးမျိုးပါဘုရား"

ဘုန်းကြီးတို့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ ပဋိစ္စသမုပ္ပါဒ် ဒီပနီကို ပြန်ကြည့်မယ်ဆိုရင် ပထမစာမျက်နှာကတည်း က ပဋိစ္စသမုပ္ပါဒ်နဲ့ ပတ်သက်တာတွေ ပါသွားပြီ။ အဲဒီမှာ ဒိဋ္ဌိသုံးမျိုး သေသေချာချာ ရှင်းပြပြီးပြီ။ ပါဠိတော်မှာလည်း ပါပါတယ်။

ဒါဖြင့် တို့ဒကာ၊ ဒကာမတွေ မှတ်ထား။ ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ရှိရင် ပထမဖြစ်နိုင်တဲ့ ဒိဋ္ဌိက ဘာလဲဆိုရင် 'အဟေတုက ဒိဋ္ဌိ' မြန်မာလိုပြန်ရင် အကြောင်းပယ်ဝါဒ။

ဘာဝါဒလဲ?

"အကြောင်းပယ်ဝါဒပါ ဘုရား"

နှစ်– အကိရိယဒိဋ္ဌိ။ ဘာတဲ့လဲ?

"အကိရိယဒိဋ္ဌိပါ ဘုရား"

မြန်မာလိုပြောရင် အကျိုးပယ်ဝါဒ။ ဘာဝါဒလဲ?

"အကျိုးပယ်ဝါဒပါ ဘုရား"

သုံး– နတ္ထိကဒိဋ္ဌိ။ သုံးက ဘာလဲ?

"နတ္ထိကဒိဋ္ဌိပါ ဘုရား"

အကြောင်းအကျိုး နှစ်မျိုးစလုံးပယ်တဲ့ ဝါဒ။

ဘာဝါဒလဲ?

"အကြောင်းအကျိုး နှစ်မျိုးစုံးပယ်တဲ့ ဝါဒပါဘုရား"

နတ္ထိက ဆိုတော့ မရှိတာ။ အကြောင်းလည်း မရှိဘူး။ အကျိုးလည်း မရှိဘူး။ သူ့ဘာသာသူ အလိုလိုဖြစ်တာတဲ့။ 'ဖြစ်ချင်တာဖြစ်နေတာဟော့၊ ကောင်းတာလုပ်လည်း အကျိုးမပေးပါဘူး၊ မကောင်းတာလုပ်လည်း အကျိုးမပေးပါဘူး'တဲ့။ သူဖြစ်ချင်သလို ဖြစ်တာတဲ့။

'သက်တမ်းတိုတဲ့ဘဝမှာ ပျော်ပျော်နေလိုက်၊ ပျော်ပျောက်နေရင် တစ်ဘဝ တစ်ခါ သေတာ၊ ကြီးကြီးသေရင် ငယ်ငယ်ဖြစ်တယ်'တဲ့။ ဂျပန်တွေ ယူထားတာ။ ဒီအယူပေါ့။ ဒါ နတ္ထိကဒိဋ္ဌိ။

ဘာဒိဋ္ဌိလဲ?

"နတ္ထိကဒိဋ္ဌိပါ ဘုရား"

ဒိဋ္ဌိ ဘယ်နှစ်မျိုးလဲ?

"သုံးမျိုးပါဘုရား"

ဘာတွေလဲ ပြော?

"အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိပါ ဘုရား"

အဟေတုကဒိဋ္ဌိဆိုတာ မြန်မာလို ဘာတုန်း?

"အကြောင်းပယ်ဝါဒပါ ဘုရား"

"အကိရိယဒိဋ္ဌိက?
"အကျိုးပယ်ဝါဒပါ ဘုရား"
"နတ္ထိကဒိဋ္ဌိက?
"အကြောင်းအကျိုးပယ်တဲ့ ဝါဒပါ ဘုရား"
ဘာကြောင့် ဒီလို ဒိဋ္ဌိဖြစ်ရတာလဲဆိုရင် အကြောင်းသည် ပဋိစ္စ၊ အကျိုးသည် သမုပ္ပါဒ်။ ပဋိစ္စသမုပ္ပါဒ်ကို နားလည်လို့လား၊ နားမလည်လို့လား?
"နားမလည်လို့ပါဘုရား"
ပဋိစ္စသမုပ္ပါဒ်ကို လက်မခံဘူး။ အကြောင်းအကျိုးနဲ့ သံသရာလည်တာ။ အကြောင်းအကျိုးနဲ့ ဖြစ်တယ်ဆိုတာ လက်မခံဘူး။ အဲဒီကျတော့ အကြောင်းပယ်ဝါဒတွေ ဖြစ်လာပြီဆိုတဲ့ အခါကျတော့ ဗြဟ္မာ၊ သိကြားစသည်များက ထင်ရှားပြုပြင် စီရင်ထားလို့၊ ထာဝရဘုရားက ဖန်ဆင်းလို့ လူဖြစ်တယ်ဆိုတော့ အတိတ်က မိမိပြုလုပ်တဲ့ အကြောင်းအရာတွေကို ဘာလုပ်လိုက်တာလဲ?
"ပယ်လိုက်တာပါ ဘုရား"
အခု ဘုန်းကြီးတို့၊ ယောဂီတို့ တရားဟော တရားနာနေတာ ခန္ဓာဘယ်နှစ်ပါးလဲ?
"ငါးပါးပါ ဘုရား"
ပဋိစ္စသမုပ္ပါဒ် အလိုအရ ဘယ်အကွက်လဲ?
"(၂)အကွက်ပါ ဘုရား"
(၂)အကွက်က အတိတ်လား၊ ပစ္စုပ္ပန်လား?
"ပစ္စုပ္ပန်ပါ ဘုရား"
ပစ္စုပ္ပန်ရနေတဲ့ ခန္ဓာသည် အကြောင်းလား၊ အကျိုးလား?
"အကျိုးပါဘုရား"
အလိုလိုရတာလား၊ အကြောင်းတရားကြောင့်လား?
"အကြောင်းတရားကြောင့်ပါ ဘုရား"

အကြောင်းတရားကို အင်္ဂါလိုကြည့်လိုက်တော့ ဘာနဲ့ ဘာပါလိမ့်?

"အဝိဇ္ဇာနဲ့ သင်္ခါရပါ ဘုရား"

သစ္စာလေးပါး အမှန်အတိုင်း မသိတာက?

"အဝိဇ္ဇာပါဘုရား"

လုပ်ချင်ရာတွေ လုပ်ခဲ့တာက?

"သင်္ခါရပါဘုရား"

အဝိဇ္ဇာ ပစ္စယာ?

"သင်္ခါရပါ ဘုရား"

ဘာမသိတဲ့ အလုပ်တွေလဲ?

"သစ္စာမသိတဲ့ အလုပ်ပါဘုရား"

သစ္စာမသိတာက?

"အဝိဇ္ဇာပါဘုရား"

လုပ်ချင်ရာ လုပ်တာက?

"သင်္ခါရပါဘုရား"

အဝိဇ္ဇာပစ္စယာ?

"သင်္ခါရပါဘုရား"

အကျိုးတရားလား၊ အကြောင်းတရားလား?

"အကြောင်းတရားပါဘုရား"

အကြောင်းခမ္မကြောင့် ဘာပေါ်တာလဲ?

"အကျိုးခမ္မ ပေါ်တာပါဘုရား"

အကြောင်းတရားပြန်ကြည့်။ သစ္စာမသိတဲ့ အလုပ်မှန်သမျှ ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါဘုရား"

ဆင်းရဲကြောင်းမို့ ဘာသစ္စာ?

"သမုဒယသစ္စာပါဘုရား"

သမုဒယသစ္စာကို မြန်မာလိုပြန်တော့?

"ဆင်းရဲကြောင်းအမှန်ပါဘုရား"

အပြန်ပြန် အလှန်လှန် မေးနေတာ တရားရှေ့မတိုးနိုင်လို့လား၊ မှတ်မိစေချင်လို့လား?

"မှတ်မိစေချင်လို့ပါဘုရား"

အရှင်ဘုရားများ မှတ်ထား၊ တရားဟောရင် ဒီအတိုင်းသာဟော။

အခု ဘာသစ္စာရ?

"ဒုက္ခသစ္စာ ရပါတယ်ဘုရား"

ဒုက္ခသစ္စာကို မြန်မာလိုပြန်ပါဦး?

"ဆင်းရဲကျိုးအမှန်ပါဘုရား"

ဒါဆို လောကသမုတိသစ္စာနဲ့ ပြောမယ်ဆိုရင် လောကီပစ္စည်း ဉစ္စာ ချမ်းသာကြွယ်ဝတယ်ဆိုတာ အလိုလိုလား၊ အကြောင်းအကျိုးလား?

"အကြောင်းအကျိုးပါဘုရား"

## ကမ္မဿကတဉာဏ် အခြေခံ

ဒါနလုပ်ရင် ချမ်းသာတယ်ကွလို့ ဘုရားဟောလာတာ မရှိဘူးလား?

"ရှိပါတယ်ဘုရား"

ဒါနလုပ်တာက အကြောင်းတရား။ လောကီစီးပွားဉစ္စာ ရတနာ တိုးတက်လာတာက အကျိုးတရားပဲပေါ့။

အကြောင်းကြောင့် ဘာဖြစ်တာလဲ?

"အကျိုးဖြစ်တာပါဘုရား"

ဒါကြောင့်

* မလှူမတန်း၊ မပေးကမ်း
ခြောက်ခန်း ဉစ္စာဆို။

စွန့်ကြဲလေတုံ၊ ပြုပါကုန်
ကုံလုံ ကြွယ်ဝလို။

တဲ့ဗျ။ တောဒေသျရဲ့သား သုဘပုဏ္ဏားကို ဟောတဲ့တရားကို ပြန်ကြည့်။ မပါဘူးလား၊ ပါလား?

"ပါပါတယ်ဘုရား"

အဲဒီလို လိုအပ်သလို စာတိုပေစလေး 'ဖပ်'ခနဲ ဆိုထည့်လိုက်။ ဒါ ထောက်ခံချက်လို့ ခေါ်တယ်။

တစ်ခါ ပြန်ကြည့်လိုက်ပါဦး။ သီလ၊ သီလနဲ့ပတ်သက်လို့လည်း ယောဂီတို့၊ ဘုန်းကြီးတို့ အတိတ်က သီလတရားတွေ မရှိခဲ့ဖူးလား၊ ရှိခဲ့လား?

"ရှိခဲ့ပါတယ်ဘုရား"

သက်ရှည်ချမ်းသာတာက အကျိုးတရား။

အကြောင်းကြောင့် ဘာဖြစ်တာလဲ?

"အကျိုးဖြစ်တာပါဘုရား"

အတိတ်တုန်းက ယောဂီတို့၊ ဘုန်းကြီးတို့ ဗြဟ္မစိုရ်တရား လက်ကိုင်ထား ပွားများခဲ့တာက အကြောင်းတရား။ ဒီဘဝမှာ သူတော်ကောင်းတရားကို ဆိုက်ဆိုက်မြိုက်မြိုက်၊ ဉာဏ်ထက်ထက်မြက်မြက် တည်တည်တံ့တံ့နဲ့ တန်ခိုးရှိန်စော် အာနုဘော် ကြီးမားနေတာက အကျိုးတရား။

မှတ်ထား။ အာဏာရှင်ဖြစ်လာတာပဲဖြစ်ဖြစ်၊ ရာထူးကြီးလာတာပဲဖြစ်ဖြစ်၊ အကြီးအကဲဖြစ်တာပဲဖြစ်ဖြစ်၊ အလိုလိုဖြစ်တာ မဟုတ်ဘူး။ ဣဿာ မစ္ဆရိယ သွားမဖြစ်နဲ့။ သူ့အတိတ်က အကြောင်းတရား ရှိတယ်ဗျ။ အတိတ်က အကြောင်းတရား မရှိရင် ဒီဘဝ ဘာပဲလုပ်လုပ် မဖြစ်ဘူးဗျ။ အတိတ်က အကြောင်းတရားရှိခဲ့လို့ အကြီးအကဲဖြစ်ရတယ်။ ဩဇာအာဏာ ညောင်းရတယ်။ ဒါက အတိတ်ကအကြောင်းတရားလေ။

ဒါကြောင့်မို့လို့ ကုသိုလ်ကလည်း အကျိုးပေးမှာပဲ။ အကုသိုလ်ကလည်း အကျိုးပေးမှာပဲ။ ယောဂီတို့ ဘယ်ဘာသာဝင်တွေတုန်း?

"ဗုဒ္ဓဘာသာဝင်တွေပါဘုရား"

ဗုဒ္ဓဘာသာဝင်ဆိုရင် ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်တဲ့ ကမ္မဿကတာဉာဏ် မရှိဖူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ကမ္မဿကတာဉာဏ်ဆိုတဲ့ အခြေခံသဘောတရား ရှိကို ရှိရမယ်။ ကမ္မဿကတာဉာဏ်ဆိုတာ တို့ ဗုဒ္ဓဘာသာဝင်တွေမှာ အောက်ထစ်ဆုံး အခြေခံရှိရမယ့် ဉာဏ်။ ဒီ ကမ္မဿကတာဉာဏ် မရှိဘဲနဲ့ သစ္စာနုလောမိကဉာဏ် လိုချင်လို့ ရမလား?

"မရပါဘူးဘုရား"

လောကီ လောကုတ္တရာ ဥစ္စာစီးပွား တိုးချင်ရင် ကိုယ့်ရဲ့ ကံ, ဉာဏ်, ဝီရိယဆိုတဲ့ အကြောင်းတရားကို အားကိုးပါလို့ ဘုရားက သေချာ မဟောဘူးလား?

"ဟောပါတယ်ဘုရား"

ပစ္စုပ္ပန်ကြီးပွားခြင်းရဲ့ အကြောင်းတရားသည် ကံ, ဉာဏ်, ဝီရိယ။ ပစ္စုပ္ပန်စီးပွားရေး တိုးတက်နေတာ ဘုရားနဲ့ ဘာမှမဆိုင်ဘူး။ ကံ, ဉာဏ်, ဝီရိယနဲ့ပဲ ဆိုင်တယ်။

ယောဂီတို့ အတိတ်က ပေးကမ်းစွန့်ကြဲခဲ့တဲ့ ကံသတ္တိ၊ ပစ္စုပ္ပန်ကံရဲ့ သတ္တိ၊ အတိတ်က ကံကောင်းလို့ ချမ်းသာတဲ့မိခင်ရဲ့ ဝမ်းကြာတိုက်မှာ ရောက်လည်း ပစ္စုပ္ပန် ကံ, ဉာဏ်, ဝီရိယ မရှိရင် မွဲမှာပဲ။ မဟာဓနေ ဇနီးမောင်နှံ ပြန်ကြည့်။ လင်ဖက် မယားဖက် ကုဋေ ၁၆၀ ဗျ။ နည်းတဲ့ ငွေတွေလား။

အတိတ်ကံ အကြောင်းတရားကြောင့် ချမ်းသာတဲ့မိဘ ဝမ်းကြာတိုက် သန္ဓေခပြီးတော့ တစ်ဦးတည်းသောသား၊ တစ်ဦးတည်းသောသမီး နှစ်ယောက်သား အိမ်ထောင်ကျတော့ ကုဋေ ၁၆၀ ကံက ကျေးဇူးပြုလိုက်တော့ မရဖူးလား၊ ရလား?

"ရပါတယ်ဘုရား"

မဟာခေနသူဌေးဘွဲ့တွေ ရတာပဲ။ ဒါပေမဲ့ သူတို့မှာ ပစ္စုပ္ပန် ကြိုးစားတဲ့ ကံ, ဉာဏ်, ဝီရိယ ဘာမှမရှိတော့ဘူး။ သောက်စား သုံးဖြုန်း မူးယစ်ပျော်ပါး နေလိုက်ကြတယ်။ 'လောကီအာရုံ ဖိမ်တစ်မူး လို့၊ ပျော်မကျူးနဲ့ ခြိုးခြံလေ'၊ ဘုရားဟောတဲ့ မင်္ဂလာတရားတော် နော်။

ဘုန်းကြီး လားရှိုးမှာ (၃၈)ဖြာ မင်္ဂလာကို ပွဲ (၃၀)ဟောခဲ့ တယ်။ ပရိသတ်ကို ကြိတ်ကြိတ်တိုးနေတာ။ လူငယ်တွေ အများကြီး လာတာ ဝမ်းသာစရာကောင်းလိုက်တာ။ ဘာသာ၊ သာသနာအတွက် လာတာပဲ ဟုတ်လား။

ကြော်ငြာပေးထားတာက "လူကြီး လူငယ် လူလတ်မရွေး ခရစ်ယာန် အစ္စလာမ် ဗုဒ္ဓဘာသာမရွေး မည်သူမဆို ပွားများရင် ပွားများသလောက် အကျိုးများစေသော ခန္ဓာဉာဏ်ရောက် (၃၈)ဖြာ မင်္ဂလာ၊ အသုံးချမင်္ဂလာ' ဆိုပြီးတော့မှ ကြော်ငြာပေးလိုက်တာ၊ ဘာသာပေါင်းစုံ အကုန်လာတယ်။

"ဟာ... မင်းတို့လာသလား"လို့ မေးတော့ "လာမှာပေါ့ကွ၊ မင်းတို့ဘုန်းကြီးက ဘယ်သူလာလာ အကန့်အသတ်မရှိဘူးတဲ့"၊ သူတို့က ထိုင်ချင်သလို ခြေချိတ်ပြီးတော့ ထိုင်တယ်။ ဦးလည်းမချ ဘူး။ ဒီကလည်း မချချင်နေပစေ။ ဘုန်းကြီးမေးရင်တော့ အော်ပြီး ဖြေကြတယ်။ ခရစ်ယာန်ဘုရားကျောင်းနဲ့ မျက်နှာချင်းဆိုင်မှာ ဟော ရတာနော်။

ဒီလိုနဲ့ ဟောလာလိုက်တာ သုံးရက်နေတော့ သူတို့ရဲ့ ဒူးခေါင် လေး ကျသွားတယ်။ လေးရက်နေတဲ့အခါကျတော့ ဦးခေါင်းလေးက နည်းနည်းပုသွားပြီ။ ငါးရက်နေတော့ လက်အုပ်ချီလာပြီ။ ခြောက်ရက် နေတော့ ဝါဆိုသင်္ကန်း လာကပ်တယ်။

ဆိုလိုတာက သူများနဲ့ ဆန့်ကျင်ဖက် ဘယ်တော့မှ မပြောနဲ့။ သူ့ကို ကြီးပွားအောင်သာ ကြိုးစားပေးလိုက်၊ ဟုတ်ပြီနော်။ ခရစ်ယာန်

တွေ ကြီးပွားအောင်မြင်နေတာလည်း ကံ, ဉာဏ်, ဝီရိယကြောင့်ပါပဲ။ ကံ, ဉာဏ်, ဝီရိယမှာ ကိုးကွယ်တဲ့ ဘာသာတရား ခွဲခြားထားတာ မရှိဘူး။

ကံ, ဉာဏ်, ဝီရိယ ဆိုတာလေ၊ သွားနေတာ ကာယကံ၊ ပြော နေတာ ဝစီကံ၊ ဒီကုန် ဒီလောက်ရောင်းရင် ဒီလောက်ကျန်မယ်ဆိုတဲ့ ဉာဏ်။ မနက်မိုးလင်းတာနဲ့ အလုပ်လုပ်နေရတဲ့ ဝီရိယ၊ ဟုတ်ပြီလား။

နေ့တိုင်း တကုပ်ကုပ် လုပ်နေရတာ အကြောင်းဘယ်နှစ်ပါးလဲ။

"သုံးပါးပါဘုရား"

ပြော၊ ဘာတွေတုန်း?

"ကံ၊ ဉာဏ်၊ ဝီရိယပါ ဘုရား"

အခု ဒီခန္ဓာရတာတောင်မှ အလိုလိုရတာလား၊ အကြောင်း တရားကြောင့်လား?

"အကြောင်းတရားကြောင့်ပါ ဘုရား"

အခု ပစ္စုပ္ပန်ခန္ဓာ (၂)အကွက် မရဘူးလား၊ ရသလား?

"ရပါတယ်ဘုရား"

ဒီခန္ဓာကိုယ်ကြီး နေရဖို့၊ ထိုင်ရဖို့၊ စားရဖို့ လူချင်းတူတူ၊ သူချင်းမျှမျှ ဖြစ်ဖို့အတွက် (၂)အကွက် ခန္ဓာငါးပါးကို အခြေခံပြီး တော့မှ (၃)အကွက်ထဲမှာ တဏှာနဲ့ ခေါင်းဆောင်ပြီးတော့ အလုပ်တွေ မလုပ်ဖူးလား?

"လုပ်ပါတယ်ဘုရား"

အကြောင်းတရား ဘယ်နှစ်ပါးလုပ်?

"သုံးပါးပါ ဘုရား"

ပြော၊ ဘာတွေတုန်း?

"ကံ၊ ဉာဏ်၊ ဝီရိယပါ ဘုရား"

ဒါဖြင့် ကံ၊ ဉာဏ်၊ ဝီရိယက အကြောင်းတရား၊ စီးပွားဖြစ် ရတာက?

"အကျိုးတရားပါဘုရား"

ကံ၊ ဉာဏ်၊ ဝီရိယ မရှိရင် ယောဂီတို့ရေ... ကံပေးသမျှ ဉာဏ်မရှိရင် မွဲမှာပဲ။ ဒါကြောင့်မို့ နောက်ဆုံးကျတော့ မဟာဓနသူဌေးသားတို့ အသက် (၇၀)ကျော် (၈၀)ကျမှ ခွက်တစ်လုံးဆွဲ၍ တောင်းစားနေရတဲ့ သူတောင်းစားဘဝ ရောက်ရတာ အကြောင်းတရား ဘယ်နှစ်ပါး ချို့ယွင်းလို့လဲ?

"သုံးပါးပါဘုရား"

ဘာတွေလဲ၊ ပြော?

"ကံ၊ ဉာဏ်၊ ဝီရိယပါ ဘုရား"

ဒါကြောင့် ယောဂီတို့ စီးပွားတက်နေတာ ကံ၊ ဉာဏ်၊ ဝီရိယ ကြောင့်ပဲဆိုတာ ယုံပြီလား?

"ယုံပါတယ်ဘုရား"

## ကိုးကွယ်မှား၊ အယူမှား စွန့်ပယ်ရှား

ယောဂီတို့က ဘုန်းကြီးရှေ့မှာပြောတော့ 'ယုံပါတယ်'တဲ့။ အိမ်သွားကြည့်ရင် ဘိုးတော်တွေရော၊ ဘွားတော်တွေရော၊ ခတ်တွေရော၊ နတ်တွေရော၊ ကြက်တွေရော စုံနေတာပဲ။ ယောဂီတို့ အိမ်ပေါ် ဘုရားစင်သွားကြည့်။

အဲဒါဘာလဲ။ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးကို ပယ်၊ စီးပွားတက် လာတော့ ဘိုးတော်က မ,တယ်၊ ဘွားတော်က မ,တယ်၊ ဆေးဖယောင်းတိုင်ထွန်းလို့ ဖြစ်လာပြီ။ အမယ်... ဆေးဖယောင်းတိုင်ကလည်း သူ့နာမည်နဲ့သူ ရှိတယ်နော်။ 'လျှောက်လောင်တို'တဲ့။ ဆေးဖယောင်းတိုင်ရဲ့ အစွမ်းက ဘာတုန်း?

"လျှောက်လောင်တိုပါဘုရား"

လျှောက်လောင်ပြီး တိုသွားတာပဲ။ တချို့ကလည်း ဒီခတ်လုံးလေး ဆောင်ထားလို့တဲ့။ ဒီခတ်လုံးလေးကို နေ့တိုင်း ရေစိမ်သောက်လို့ စီးပွားဖြစ်တာတဲ့။ ခတ်လုံးမှာလည်း သူ့အစွမ်းနဲ့သူ မရှိဘူးလား?

"ရှိပါတယ်ဘုရား"

ခါတ်လုံးအစွမ်း လေးမျိုးရှိတယ်။ ဓာတ်လုံးအစွမ်း လေးမျိုး မှတ်ထား။ တစ်– ပွတ်ပြောင်တဲ့။ ပွတ်လိုက်ရင် ပြောင်လက်လာ တယ်။ နှစ်– ဆောင်လေးတဲ့။ ဆောင်ထားရင် လေးတယ်။ သုံး– ရေစိမ်သောက် သေးပေါက်တဲ့။ မယုံရင် သောက်ကြည့်လေ။ နောက်ဆုံး နံပါတ်လေးက ခွေးပစ်တော့ ပြေးတယ်တဲ့။ ဒီဓာတ်လုံးနဲ့ပစ်ရင် ခွေး ဘာဖြစ်တုန်း?

"ပြေးပါတယ်ဘုရား"

အဲဒါ ဓာတ်လုံးအစွမ်း လေးမျိုးပဲ။ မှတ်ထား။ တချို့က ဒါတွေ လွန်လွန်ကဲကဲ အားကိုးနေတာတွေ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ကိုယ်နေ့တိုင်း လုပ်နေရတဲ့ ကံ၊ ဉာဏ်၊ ဝီရိယ အကြောင်း တရား သုံးပါးကို ဘာဖြစ်နေတာတုန်း။

"ပယ်နေတာပါ ဘုရား"

ဘယ်သူ့သွား အားကိုးတုန်း။ ဘိုးတော်၊ ဘွားတော်၊ ဓာတ် ကတော်၊ နတ်ကတော်၊ ကြက်ကတော်၊ ဟုတ်လား။ ဒါတွေ အားကိုး နေတယ်။ အားကိုးမှန်လား၊ အားကိုးမှားလား?

"အားကိုးမှားပါဘုရား"

ဒါတွေ အိမ်ပေါ်ရောက်လာတာ ဘယ်ဒိဋ္ဌိရဲ့ သတ္တိတုန်း?

"အဟေတုကဒိဋ္ဌိရဲ့ သတ္တိပါဘုရား"

ဘာပယ်တဲ့ဝါဒ?

"အကြောင်းပယ်တဲ့ ဝါဒပါဘုရား"

ကိုယ်နေ့တိုင်း နဖူးကချွေး ခြေမကျအောင် ရှန်းကန်လှုပ်ရှား နေတဲ့ အကြောင်းတရား သုံးပါးစလုံးကို ဘာလုပ်လိုက်တာလဲ?

"ပယ်လိုက်တာပါဘုရား"

တချို့ ဘွဲ့တွေရနေတာ B.A, B,Sc, Ph.D, L.L.B ဒေါက်တာ ဘွဲ့တွေသာ ရနေတာ။ သူတို့အိမ်ပေါ်သွားကြည့်။ ဓာတ်တွေ၊ နတ်

တွေ၊ ကြွတ်တွေနဲ့နော်။ ရထားတဲ့ ဘွဲ့တွေ မြောင်းထဲလွှင့်ပစ်လိုက်။ မတန်ဘူး။ ကိုယ်ပိုင်ဉာဏ် မရှိကြဘူး။ အဲဒီ ဆရာဝန်အိမ်တွေ သွားကြည့်။

ကိုယ်ကိုယ်တိုင် ငယ်ငယ်ကတည်းက အမေ့မေတ္တာစော်ကား၊ အဖေ့မေတ္တာစော်ကား။ မိဘကတော့ ငါ့သားလေး ဆယ်တန်းအောင်ဖို့ D တွေရဖို့ ထားလိုက်ရတာ။ ထားလိုက်ရတဲ့ကျောင်း၊ ကုန်လိုက်ရတဲ့ ငွေ။ ရင်းနှီးလိုက်ရတဲ့ အရင်းအနှီးတွေ၊ မိဘမေတ္တာနဲ့ ရင်းနှီးပေးလိုက်ရတာ။ နောက်ဆုံးကျတော့ ဘယ်သူ့သွားပူဇော်လဲ။ ဘိုးတော်သွားပူဇော်တယ်။ မိဘပူဇော်ရကောင်းမှန်း မသိဘူး။

မိဘရဲ့ မေတ္တာတွေ၊ အကြောင်းတရားတွေ အကုန်ပယ်ချ။ ကိုယ်ကိုယ်တိုင် မျက်လုံးပေါက်မတတ်၊ သူများနဲ့မတူအောင်၊ D တွေရအောင်၊ အမှတ်တွေကောင်းအောင်၊ ကိုယ်ကိုယ်တိုင် စာကျက်ခဲ့တုန်းက ဘယ်ဘိုးတော်မှ မပါဘူး။ ဘယ်ဘွားတော်မှလည်း မပါဘူး။ ဘယ်နတ်ကတော်မှလည်း မပါဘူး။

အောင်မြင်လာပြီဆိုတော့မှ နတ်ကြောင့်လိုလို၊ ဓာတ်ကြောင့်လိုလို အကြောင်းတရားကို ဘာလုပ်နေတာလဲ?

"ပယ်နေတာပါဘုရား"

မှတ်ထား။ ဒီရန်ကုန်မှာ လူပါး ပုလင်းရှုတွေ ပိုတောင်ပေါသေးတယ်။ တဲ့တဲ့ဟောတာရယ်၊ သွယ်ဝိုက်ဟောတာရယ်။ ဘယ်ဟာက ကောင်းတုန်း။ စဉ်းစား ယောဂီတို့။

တရားအားထုတ်တာ ဘာလိုချင်လို့လဲ?

"နိဗ္ဗာန်လိုချင်လို့ပါ ဘုရား"

မူရင်း မပျောက်အောင် ပြန်ကိုင်ရဦးမှာပဲ။ တော်ကြာ ဘုန်းကြီးစွတ်ပြောတယ် အောက်မေ့နေမယ်။ ဘာလိုချင်လို့လဲ?

"နိဗ္ဗာန်လိုချင်လို့ပါဘုရား"

နိဗ္ဗာန်မရအောင် ကန့်ကွက်မှာ ဘယ်သူတုန်း?

"ဒိဋ္ဌိပါဘုရား"

ဒါဖြင့် နိဗ္ဗာန်နဲ့ ဒိဋ္ဌိ ဒွဲချင်းရော လဲရဲ့လား?

"မလဲရဲပါဘူးဘုရား"

မလဲချင်ဘူး။ မလဲရဲဘူး ဟုတ်လား။ နိဗ္ဗာန်လိုချင်ရင် ဒိဋ္ဌိဖြုတ်ရမယ်လေ။ ဒါကြောင့် ဒွဲခြင်း လဲရဲလားလို့ မေးတာ?

"လဲရဲပါတယ် ဘုရား"

တို့ ဒကာ၊ ဒကာမတွေက ဘယ်လိုဖြစ်နေတာလဲ ဆိုတော့ စာပေးစာယူလို ဖြစ်နေတာဗျ။ စာပေးစာယူ ကလေးမတစ်ယောက်ကို 'ဟဲ့... ကလေး၊ ဘယ်လိုတုန်း၊ စာမေးပွဲအောင်ရဲ့လား' ဆိုတော့ 'ကျတယ်ဘုရား' တဲ့။ 'ဟဲ့... နင်တို့ စာပေးစာယူက ကျသလား'၊ 'ကျတယ်ဘုရား'၊ 'ငါ အံ့သြပါရဲ့ဟယ်၊ နင်တို့ စာပေးစာယူကလည်း ခုံနံပါတ်ထိုး ၃၉၊ တောင်ခြစ် မြောက်ခြစ် ၄၁ ဆိုတယ် မဟုတ်လား။ ဒါနဲ့တောင် ကျသလားဟဲ့' ဆိုတော့ 'မေးခွန်း မဖတ်တတ်လို့' တဲ့။ ကိုင်း... အေးတာပဲ။

ဘာ မဖတ်တတ်လို့လဲ?

"မေးခွန်း မဖတ်တတ်လို့ပါဘုရား"

အခုလည်းကြည့်လေ၊ စာပေးစာယူလို ဖြစ်နေတာ။ နိဗ္ဗာန်နဲ့ ဒိဋ္ဌိကို ဒွဲချင်း လဲရဲလားဆိုတော့ မလဲရဲပါဘူး ဘုရားတဲ့။ အဲဒါ ဘာ နားမလည်တာလဲ?

"မေးခွန်းနားမလည်တာပါ ဘုရား"

ယောဂီတို့ရေ... နိဗ္ဗာန်လိုချင်ရင် ဘာနဲ့ လဲရမှာလဲ?

"ဒိဋ္ဌိနဲ့ လဲရမှာပါဘုရား"

အပါယ်လေးပါးက လုံးလုံးလွတ်ချင်ရင် ဘယ်သူ့ဖြုတ်ရမှာလဲ?

"ဒိဋ္ဌိဖြုတ်ရမှာပါ ဘုရား"

မေးရဦးမယ် ယောဂီတို့။ အချိန်တန်ရင် မသေမှာလား၊ သေမှာလား?

"သေမှာပါဘုရား"

သေလို့ ယောဂီတို့ ဒုတိယဘဝ လူဖြစ်ရင်တောင်မှ ဆွံ့အ ပင်းကန်း ရူးသွပ် မိစ္ဆာဒိဋ္ဌိ ဖြစ်ချင်သလား?

"မဖြစ်ချင်ပါဘူးဘုရား"

မေးလို့ ဖြေရတာလား၊ တကယ်မဖြစ်ချင်လို့ ဖြေတာလား?

"တကယ်မဖြစ်ချင်လို့ ဖြေတာပါဘုရား"

တကယ်လို့ မဖြစ်ချင်ရင် ဘယ်သူ့နာနာဖြုတ်ရမလဲ?

"ဒိဋ္ဌိနာနာဖြုတ်ရမှာပါ ဘုရား"

## ကြောက်လို့ကိုးကွယ်၊ လိုချင်လို့ ကိုးကွယ်

မှတ်ထားနော်၊ ဒဲ့ပြောလိုက်မယ်။ တရားစခန်းလည်း အကြိမ်ကြိမ် ဝင်ပြီးပြီ။ မိုးကုတ်၊ မဟာစည်၊ ဝေဘူ၊ စွန်းလွန်း၊ လယ်တီ၊ ဦးဂိုအင်ကာ။ ဘယ်နေရာဝင်ဝင် ကြိုက်တဲ့နေရာဝင်၊ တရားစခန်းဝင်တာမှန်သမျှ နိဗ္ဗာန်လိုချင်လို့ ဝင်တာ။

ဘာလိုချင်လို့လဲ?

"နိဗ္ဗာန်လိုချင်လို့ပါဘုရား"

နိဗ္ဗာန်လိုချင်ရင် ဘယ်သူ့ဖြုတ်ရမှာလဲ?

"ဒိဋ္ဌိဖြုတ်ရမှာပါဘုရား"

တရားစခန်းလည်း ဝင်သေးတယ်၊ နိဗ္ဗာန်စကားလည်း ပြောသေးတယ်၊ ယောဂီလည်း လုပ်သေးတယ်၊ အိမ်မှာလည်း နတ်အုန်းကြီးတန်းလန်းနဲ့ဆိုရင် ကိုယ့်ကိုယ်ကိုလည်း လိမ်တယ်၊ ပတ်ဝန်းကျင်ကိုလည်း လိမ်တယ်။ ဆွမ်းဒကာ၊ ဆွမ်းအမကိုလည်း လိမ်စားနေတာပဲ။ အဲဒီအထဲမှာ ယောဂီတို့ပါလား?

"မပါပါဘူး ဘုရား"

ဦးအောင်ဖြေပေးမှ။ တော်ကြာ ဆရာ့ကိုလိမ်ပြီး မိုးကအုံ့တုံ့တုံ့နဲ့။ အယူမှားတာက တစ်ပြစ်၊ ဆရာ့လိမ်တာက တစ်ပြစ်၊ ဆက်ဟောလို့မှ ဖြစ်ပါ့မလား မသိဘူး။ ဒီနေ့တော့ ချစ်ချစ်မုန်းမုန်း ဟော

ရတော့မှာပဲ။ အမုန်း အချစ်တွေ သေးဖယ်ရတော့မှာ။ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့အကျိုးကို လိုလားလို့ပါ။

တချို့က အောက်မေ့တယ်။ ဒီဘုန်းကြီးတွေကလည်း ဒါမပါရင် မဟောတတ်တော့ဘူးလား မသိဘူးလို့။ ဘုန်းကြီးကို အပြောခံရတယ်။ 'အရှင်ဘုရားက ဒီလောက် နာမည်ကြီးနေတာပဲ။ တော်ပါပြီ။ ကိုယ့်တရား ကိုယ်ပဲဟောပါ။ ဒါတွေ ပြောစရာ လိုသေးလား။ အရှင်ဘုရား ဒါတွေ မပါရင် မဟောတတ်တော့ဘူးလား'တဲ့။ 'မဟောတတ်တော့ဘူး'လို့ ပြောလိုက်တယ်။ ဟုတ်တယ်လေ။ ဘုန်းကြီးဟောတဲ့ တရားက ဘယ်ရောက်ကြောင်း တရားလဲ?

"နိဗ္ဗာန်ရောက်ကြောင်းတရားပါ ဘုရား"

အဲဒီ နိဗ္ဗာန်မရောက်အောင် ကန့်လန့် ကန့်လန့် လိုက်လုပ်မှာက ဘယ်သူတုန်း?

"ဒိဋ္ဌိပါဘုရား"

သူ့မရှင်းဘဲနဲ့ နိဗ္ဗာန်ရောက်ကြောင်း ဟောနေရင် လိမ်ရာရောက်မှာပေါ့။ ဒိဋ္ဌိ မဖြုတ်ဘဲနဲ့ တို့ဒကာ၊ ဒကာမတွေ နိဗ္ဗာန်ရောက်ကြောင်း လာပြောမနေနဲ့။ အလကားသက်သက် အပိုပြောနေတာ၊ အဓိက နိဗ္ဗာန်မရောက်အောင် ကန့်ကွက်မှာက ဘယ်သူတုန်း?

"ဒိဋ္ဌိပါဘုရား"

ကိုယ့်ဒကာ၊ ဒကာမတွေ အယူမှားနေတာကတော့ ပြင်ပေးရမှာပေါ့။ ဒါဖြင့် အများအကြိုက် လိုက်ဟောရမှာလား၊ ဘုရားအကြိုက်လား?

"ဘုရားအကြိုက် ဟောရမှာပါဘုရား"

ချော့ပြောတာနဲ့၊ ဒဲ့ပြောတာ ဘယ်ဟာကြိုက်တုန်း?

"ဒဲ့ပြောတာ ကြိုက်ပါတယ်ဘုရား"

ဟုတ်ပြီ။ ဒီကလည်း အဲဒီလို လိုချင်လို့ လာတာဗျ။ ဒါမျိုး ဟောရင် မပင့်ဘူးဆိုရင် နောက်မလာရုံရှိတာပဲ။ တို့ဒကာ၊ ဒကာမတွေ အားလုံးအတွက် ဟောနေတာ။ အားလုံးသဘောကျရဲ့လား?

"ကျပါတယ်ဘုရား"

ဘယ့်နှယ့်ဗျာ၊ တရားရိပ်သာတွေ ဝင်ပြီးတော့ အိမ်က ဓာတ်အုန်း၊ နတ်အုန်း၊ ကြတ်အုန်းတွေ မဖြုတ်ဘူးဆိုရင် ဒါသက်သက်လိမ်နေတာဗျ။ အဲဒီ ဗြောင်လိမ်ဗြောင်စားထဲမှာ ယောဂီတို့ ပါသေးလား?

"မပါပါဘူး ဘုရား"

သိတယ်၊ တချို့မျက်နှာက မကြိုက်တော့ဘူး။ တချို့က မျက်နှာလေးတွေ အောက်ကျသွားတယ်။ တချို့က အရိုက်ထိနေပြီ။ ဘယ်လိုမှကို မရဘူး။ အစွဲကို ကြီးနေတာ။ ဘာဖြစ်လို့ ဒါတွေ ကိုးကွယ်နေတာလဲ။ ဖြတ်လမ်းသဘောကနေ စီးပွားရေးများ တက်မလားလို့။

ကံ၊ ဉာဏ်၊ ဝီရိယ အကြောင်းသုံးပါးကို ပယ်နေကြတာနော်။ ဘုရားက အကြောင်းတရား သုံးပါးကို သေချာဟောတယ်။ ကံ၊ဉာဏ်၊ ဝီရိယ ပြောနေရက်သားနဲ့ လာဘမုန့်လေးမှ၊ ဖလ်ပန်းချောင်မှ၊ ဆင်ခံဘုရားမှ၊မြင်းခံဘုရားမှ။ဒီဘုရားကို ကိုးကွယ်လို့ ငါတို့ စီးပွားတက်တာလို့ ယူနေကြတယ်။ ဒီဘုရားကို မကိုးကွယ်တဲ့ ခရစ်ယာန်တွေ ဘာလို့ စီးပွားဖြစ်နေတာလဲ။ တို့ဘုရားကို နာမည်မဖျက်နဲ့။ တို့ဘုရားက 'ငါ့ကို ကိုးကွယ်ရင် မင်းတို့ လာဘ်လာဘပေါလိမ့်မယ်' လို့ ပိဋကသုံးပုံ လိုက်ကြည့်ပါ။ တစ်ခွန်းမှ မပြောခဲ့ပါဘူး။

ဘုရားက အနာဂတံသ ဉာဏ်တော်နဲ့ ပြောခဲ့တာ။ 'သံကို သံဖျက်၊ သံချေးတတ်တဲ့'။ ငါဘုရားရဲ့ သာသနာကို တခြား ဘာသာခြားက ဖျက်ဆီးလို့ မရဘူးကွ။ ငါဘုရားရဲ့ သာသနာကို ငါဘုရားရဲ့ သားတော်၊ သမီးတော်လို့ပြောတဲ့ ဗုဒ္ဓဘာသာတွေကပဲ ဖျက်ဆီးမယ်ကွ'တဲ့။ အခု သူတို့ပဲ ဖျက်ဆီးနေတာလေ။

တကယ့် အရေးအကြောင်းဆို ဘုရားကုန်းတော်ပေါ်မှာ ကြည့်လေ။ မြန်မာနိုင်ငံသားတို့ရဲ့ အဓိကကျေးဇူးရှင်ဖြစ်တဲ့ အရှင်အရဟံပုံ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပြီးရင် သာသနာရဲ့ အဓိကကျေးဇူး

ရှင်တွေဖြစ်တဲ့ ပထမ သင်္ဂါယနာတင်ခဲ့တဲ့ အရှင်မဟာကဿပပုံ။ လက်ဝဲတော်ရံ၊ လက်ျာတော်ရံ အရှင်သာရိပုတ္တရာတို့၊ အရှင်မဟာမောဂ္ဂလာန်တို့ ပုံတော်တွေ ဘုရားပေါ်မှာ မရှိဘူး။

ဘာပုံတွေ ရှိနေတုန်း။ ဘိုးတော်ပုံတွေ၊ ဘွားတော်ပုံတွေ။ ပဋိကတ်သုံးပုံမှာ မပါတဲ့ ရှင်ဥပဂုတ်။ မဟုတ်တာတွေ မြန်မာပြည်မှာ အများကြီးရောက်နေတယ်။ ဒါတွေ မပြင်နိုင်သမျှ ကာလပတ်လုံး တို့မြန်မာပြည် သာသနာ မတိုးတက်ဘူး။ ဟိုနေရာ ဘုရားတစ်ဆူ၊ ဒီနေရာ ဘုရားတစ်ဆူနဲ့ အထည်တွေသာ ပေါ်လာတာဗျ။ သာသနာက တိုးတက်မလာဘူး။

၂၀ ရာစုကုန်လို့ ၂၁ ရာစုတောင် ရောက်နေပြီ။ လပေါ်မှာတောင် လူတွေ လမ်းလျှောက်နေပြီ။ ဒီအချိန်မှာ အတွေးတွေက ကမ္ဘာဦးရောက်နေလို့ မတော်ဘူးနော်။ ကြောက်လို့ ကိုးကွယ်ရတာနဲ့။ လိုချင်လို့ ကိုးကွယ်ရတာနဲ့၊ စဉ်းစားနော် ယောဂီတို့။

## လာဘ်လာဘတိုးတာ ကိုးကွယ်မှုနဲ့ မဆိုင်ပါ

ကိုးကွယ်မှုတွေ ဘယ်ကလာတာလဲ ပြန်ကြည့်ပါ။ လူတွေက သဘာဝဘေးအန္တရာယ်တွေ၊ လေတိုက်တာ၊ မိုးကြိုးတာ၊ တောင်ပြိုတာတွေ ကြောက်ပြီးတော့မှ သစ်ပင်ကြီးတွေ၊ ကျောက်တောင်ကြီးတွေ ခိုအောင်းလိုက်တော့ အန္တရာယ်ကင်းသွားတဲ့ အခါကျတော့ 'ဒီကျောက်တုံး ငါ့ကို ကာကွယ်တာ၊ ကိုးကွယ်ဦးမှပဲ။ ဒီသစ်ပင်ကြီးက ငါ့ကို ကယ်တင်တာ' ဆိုပြီး ကိုးကွယ်ရာအဖြစ် သတ်မှတ်လာခဲ့ကြတာပဲ။

ကိုးကွယ်တယ်ဆိုတာ အားကိုးရာ၊ အန္တရာယ်ကာကွယ်အောင်လို့ အားကိုးတာ။ အားကိုးကနေပြီးမှ 'ကိုး'တစ်ခု ယူတယ်။ ကာကွယ်ကနေပြီးမှ 'ကွယ်'တစ်ခု ယူတယ်။ ဒါကြောင့် 'ကိုးကွယ်'တဲ့။ သဘောကျရဲ့လား။ အားကိုးရာကနေ၊ အကာအကွယ်ယူရာကနေ ကိုးကွယ်ဆိုပြီး ဖြစ်လာတာ ရှင်းရဲ့လား။

ဒါကြောင့်မို့ ဗုဒ္ဓဘာသာ အထက်တန်းစားတို့ရဲ့ ရတနာသုံးပါးကို ကိုးကွယ်ခြင်းသည် "မသေရာကိုပြတတ်လို့ ဘုရားကို ကိုးကွယ်ပါ၏။ မသေရာကို ပို့ဆောင်တတ်လို့ တရားကို ကိုးကွယ်ပါ၏။ မသေရာ အမတမြတ်နိဗ္ဗာန်ရောက်ကြောင်း တရားတွေကို ဆောင်ထားတတ်လို့ သံဃာတော် ကိုးကွယ်ပါ၏'။ ဒါ အထက်တန်းစား ဗုဒ္ဓဘာသာ တစ်ဦးရဲ့ ကိုးကွယ်မှု၊ သဘောကျရဲ့လား။

အောက်တန်းစား ဗုဒ္ဓဘာသာတို့ရဲ့ ကိုးကွယ်မှုကတော့ ဒီလိုမဟုတ်ဘူး။ 'လာဘ်လာဘပေါလို့ ဘုရားကို ကိုးကွယ်ပါ၏'။ ဟောလာပြီဗျ။ လာဘ်လာဘ ပေါမယ်ဆိုတော့ ဟိုဘုရားကိုးကွယ်၊ ဒီဘုရားကိုးကွယ်။ လာဘမုန်တဲ့။ သူတို့က လာဘမုန် လုပ်နေတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဝေရဉ္ဇာမှာ တစ်ပါးတည်း ကြွတော်မူလာတော့ ငတ်မွတ်ခေါင်းပါးတဲ့ ဒုဗ္ဘိက္ခန္တရကပ် ဆိုက်လို့လေ။ ဘုရားတောင်မှ မုယောဆန်ကြမ်းကြီးတွေ ဘုဉ်းပေးနေရတာနော်။ ဒါတောင် သံဃာတော်တွေ ထုထောင်းပေးလို့ ဘုဉ်းပေးတော်မူရတာတဲ့။

အဲဒီအခါမှာ အရှင်မဟာမောဂ္ဂလာန်က "အရှင်ဘုရား၊ လူတွေလည်း ဆင်းရဲတယ်ဘုရား၊ သံဃာတော်တွေလည်း ဆင်းရဲတယ်ဘုရား၊ တပည့်တော် မြေကြီးကို လှန်ပစ်လိုက်မယ်။ မြေကြီးအောက်မှာ ဩဇာအဆီအနှစ်ပြည့်တဲ့ မြေဆီတွေ ရှိပါတယ်ဘုရား"လို့လျှောက်တယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက "ချစ်သား၊ မလုပ်နဲ့။ လောကဓံတရားဆိုတာ လူတိုင်း ကြုံရမှာပဲ။ ငါလည်း ကြုံရမယ်၊ ချစ်သားလည်း ကြုံရမှာပဲ။ ချစ်သားက လုပ်နိုင်လို့ လုပ်တာ၊ ချစ်သားသေတော့ ဘယ်သူ လာလုပ်မလဲ။ အဲဒီမြေကြီးထဲမှာရှိတဲ့ သတ္တဝါတွေ ဘယ်လိုလုပ်မတုန်း၊ မြေကြီးလှန်တော့ သတ္တဝါတွေ သေကုန်မှာပေါ့"၊ "တပည့်တော် လက်တစ်ဖက်က သတ္တဝါတွေထားမယ်၊ တစ်ဖက်က မြေကြီးလှန်မယ်ဘုရား"တဲ့။ တန်ခိုးရှင်ကိုးဗျ။

"ကောင်းဆိုးနှစ်တန် သဘာဝ၊ တွေ့ကြုံနေကြ လူတိုင်းပေ" ၃၈ ဖြာ မင်္ဂလာတရားမှာ ဆိုထားတာ သိပ်ကောင်းတဲ့ တရား။ အဲဒီ

မှာ လူကြီး၊ လူလတ်၊ လူငယ် အကုန်လုံး၊ ခန္ဓာဉာဏ်ရောက်၊ အကုန်လုံး ပါပြီးသား။

စဉ်းစားကြည့်။ ဘုရားကိုးကွယ်လို့ လာဘ်ပေါဘပေါတယ်ဆိုရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးတောင်မှ လာဘ်လာဘ ရှားတဲ့အခါ မရှိဖူးလား၊ ရှိလား?

"ရှိပါတယ်ဘုရား"

ဟို... ကောသမ္ဗီသုတ်မှာ တို့ဘုရား ကြံရည်တွေညှစ်ပြီး ရေအဖြစ် ဘုဉ်းပေးရတဲ့အခါလည်း ရှိသေးတာပဲ။ ဗုဒ္ဓဝင်တွေ လိုက်ကြည့်ပါ။ တို့ဒကာ၊ ဒကာမတွေက စာအဖတ်နည်းတာကိုး။ စာအဖတ်နည်းတော့ ဘာဖြစ်တုန်း။ အလိမ်ခံရတာပေါ့။ တို့ ရန်ကုန်က ဒကာ၊ ဒကာမတွေ အလွန်ရိုးတယ်၊ အလွန်အင်မတန် ရိုးသားတယ်။ ရိုးတယ်ဆိုလို့ ပြုံးမနေနဲ့။ ရိုးတယ်ဆိုတာ အ,တယ်လို့ ပြောတာ။ မြို့ကြီးပေါ်မှာ နေပြီးတော့ အ,နေတာတွေ အများကြီးဗျ။

မြို့ကြီးမှာ နေပြီးတော့ တောဆန်နေတာတွေ မရှိဖူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

အတွေးအခေါ်က တောဆန်တယ်၊ အယူအဆတွေက တောဆန်တယ်။ ကိုးကွယ်မှုတွေက အဆင့်မရှိဘူး။ သဘောကျရဲ့လား။ အလွန်အင်မတန် အောက်တန်းကျတယ်။ ဒီဘုရားကိုးကွယ်ရင် လာဘ်လာဘ ပေါတယ်ဆိုတော့ ဒီဘုရား မကိုးကွယ်တဲ့ ဘာသာခြားတွေ ဘာလို့ လာဘ်လာဘပေါလဲဆိုတာ စဉ်းစားပါ။

ဘာသာခြားတွေမှာလည်း စီးပွားဖြစ်ဖို့အတွက် အကြောင်းတရား ဘယ်နှစ်ပါး?

"သုံးပါးပါ ဘုရား"

ဘာတွေလဲ ပြော?

"ကံ၊ ဉာဏ်၊ ဝီရိယပါ ဘုရား"

ဗုဒ္ဓဘာသာတွေမှာလည်း စီးပွားတက်ဖို့ အကြောင်းတရား ဘယ်နှစ်ပါး?

"သုံးပါးပါ ဘုရား"

ဘာတွေလဲပြော?

"ကံ၊ ဉာဏ်၊ ဝီရိယပါ ဘုရား"

အမေရိကန်၊ ရုရှ၊ ဂျပန် အောင်မြင်နေတဲ့ ပုဂ္ဂိုလ်တွေမှာ အကြောင်းတရား ဘယ်နှစ်ပါး?

"သုံးပါးပါ ဘုရား"

ပြော ဘာတွေတုန်း?

"ကံ၊ ဉာဏ်၊ ဝီရိယပါ ဘုရား"

ကံ၊ ဉာဏ်၊ ဝီရိယက တပြေးညီဗျ။ တခြားဘာသာတွေ ကိုးကွယ်မှ စီးပွားရေး လာဘ်လာဘ ရတယ်ဆိုရင် တို့ဗုဒ္ဓဘာသာတွေ အဲဒါတွေ မကိုးကွယ်ပါဘူး။ ဗုဒ္ဓဘာသာတွေ စီးပွားဖြစ်နေတာ မရှိဖူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

အကြောင်းတရား ဘယ်နှစ်ပါးလဲ?

"သုံးပါးပါ ဘုရား"

## မှားမှန်းသိလျှင် ရဲရဲပြင်

ကံ၊ ဉာဏ်၊ ဝီရိယ အကြောင်းတရားတွေ ပယ်ပြီးတော့မှ ဟိုဟာလိုလို၊ ဘာလိုလို လုပ်တာနော်။ တို့ဘုရားက ဖန်ဆင်းရှင်လည်း မဟုတ်ဘူး။ ဖန်လည်း မဖန်ဆင်းနိုင်ဘူး။ ငါဘုရားကို ကိုးကွယ်ရင် လာဘ်လာဘ တိုးမယ်လို့လည်း မပြောဖူးလား၊ ပြောသလား?

"မပြောပါဘူး ဘုရား"

ဘုရားကတော့ မပြောဘူး၊ ကျန်တဲ့လူ ပြောရင်တော့ မတတ်နိုင်ဘူး။ ဘာသာရေး စားဖားတွေကတော့ ပြောမှာပဲ။ ဒါကြောင့်မို့

တို့ဒကာ၊ ဒကာမတွေ မှတ်ပါ။ နိဗ္ဗာန်လိုချင်ရင် ဘယ်သူ့နာနာဖြုတ်ရမှာလဲ?

"ဒိဋ္ဌိနာနာဖြုတ်ရမှာပါ ဘုရား"

အဟေတုကဒိဋ္ဌိကို ပယ်ချင်ရင်လည်း အကြောင်းတရားကို ပိုင်ပိုင်နိုင်နိုင် နားလည်ထားဖို့ မလိုဘူးလား?

"လိုပါတယ်ဘုရား"

အကြောင်းတရားပေါ် ဉာဏ်ရှင်းရင် အဟေတုကဒိဋ္ဌိ စင်တယ်။ အကြောင်းတရားပေါ် ဉာဏ်မရှင်းရင် အိမ်ပေါ်မှာ အုန်းပွဲတွေရောက်မယ်။ ဒါပဲ။ ရှင်းနေတာပဲ။ သူတို့အိမ်ပေါ်မှာက ဒူးထောင်ပေါင်ကားတွေနဲ့။ ဘိုးဘိုးအောင်ရော၊ ဘိုးဘိုးလှောင်ရော၊ ဘိုးဘိုးပြောင်ရော ရှုပ်နေတယ်။ ဘုန်းကြီးက အချစ် အမုန်းကို အဓိကမထားဘဲ အမြင်မှန်ရဖို့ ဟောပေးနေတာနော်။

ဒီတရားတွေ စာပေတွေ လေ့လာတယ်ဆိုတာ ဒကာ၊ ဒကာမတွေ အမြင်မှန်ရအောင်၊ အမှန်မြင်အောင် ဟောဖို့ပါပဲ။ စာတွေလည်း သင်ထားပြီးတော့၊ တရားတွေလည်း လေ့လာထားပြီးတော့ လူတွေမှားနေတာကိုမှ မပြင်ရဲရင် ဒီစာ ဘာလုပ်ဖို့ သင်တာလဲ။ ဘာအတွက် သင်တာလဲ။ သင်တဲ့ရည်ရွယ်ချက် ရှိဖို့လိုပါတယ်။ အရှင်ဘုရားတို့။

တရားဟောတဲ့နေရာမှာ သတ္တိရှိစမ်းပါ။ ဘာဖြစ်လဲ။ ရန်ကုန်က မကြည်ညိုရင် မန္တလေး ဟောမှာပေါ့။ မန္တလေးက မကြည်ညိုရင် မိုးကုတ်ပြန်ဟောမယ်ဗျာ။ မိုးကုတ်က မကြည်ညိုရင် ဘယ်မှ မဟောတော့ဘူး။ သပိတ်တစ်လုံးနဲ့ ဆွမ်းခံထွက်တော့မယ်။ ဘုရားက သပိတ်ပေးထားပြီးသား။ "ငါ့သား မပူနဲ့၊ မှန်တာပြော၊ သပိတ်တစ်လုံးပေးထားတယ်၊ မငတ်ဘူး"တဲ့။ ဒါကြောင့် ရဲရဲကြီးပြောနေတာ ယောဂီတို့။ မာနတက်တယ်လို့ မယူပါနဲ့။ အမြင်မှန် ရစေချင်လို့ ကျေးဇူးဆပ်တယ်လို့ မှတ်ပါ။

ယောဂီတို့ဆီက ဘာမှ မျှော်လင့်ထားတာ မဟုတ်ဘူး။ အချစ် အမုန်းတွေ ငဲ့နေရင် ဒီအသံတွေ မထွက်ဘူး။ မှန်တာတွေပြောရင်

ငါ့ကြည်ညိုမှ ကြည်ညိုပါ့မလားလို့ အကြည်ညိုတွေ ငံ့နေရင် ဒီ အသံတွေ မထွက်ဘူး။

လောကကြီးမှာ အမှန်နဲ့အမှား ဘယ်ဟာက များတုန်း?

"အမှားက များပါတယ်ဘုရား"

'သတ္တဝါတစ်ယောက်၊ ယူမှားမှောက်က၊ သိန်းလောက်ဘုရား၊ ချွတ်သော်ငြားလည်း၊ မရတုံလင့်၊ ဖြစ်တုံဘိ၏'တဲ့။ 'အမှားကြာတော့ အမှန်ဖြစ်၊ အမှန်စင်စစ် အမှားထင်၊ ဘုရားရှင်ပင် ဟောလို့မကျွတ်' တဲ့။ မှားတာက များလာပြီဆိုတဲ့အခါကျတော့ အခုလို အမှန်တရား ဒဲ့ပြောတော့ 'ဘုန်းကြီးတရားဟောတာ ကိုယ့်တရား ကိုယ်မဟောဘူး' တဲ့။ ကိုယ်မှားတာကျ မှားတာလို့ မယူဘူး။ အမှားကြာတော့ အမှန် ဖြစ်သွားတတ်တယ်။ အမှန်ကိုလည်း အမှားထင်လာတတ်တယ်။

ဘုရားရှင်ပင် ဟောလို့မကျွတ် ဆိုတဲ့အထဲမှာ ယောဂီတို့ ပါသေးလား?

"မပါပါဘူး ဘုရား"

ဒီတရားစခန်းပွဲပြီး အိမ်ပြန်တဲ့အခါကျတော့ အိမ်က ဘုရားစင် ကို ကြည့်ပါ။ ဘိုးတော်၊ ဘွားတော်၊ နတ်ရုပ်၊ ကြွက်ရုပ် ရတနာ သုံးပါးမှလွဲ၍ ကိုးကွယ်စရာတွေ ဘုရားစင်ပေါ်မှာ ရှိနေတယ်။ တင် ထားသေးတယ်။ စွန့်ရမှာကို မဝံ့မရဲ ဖြစ်နေသေးတယ်ဆိုရင် ဘုရား ဟောလို့ ကျွတ်တဲ့အထဲမှာ ငါ မပါဘူးလို့မှတ်။ အဲဒါ အခုမပြောနဲ့၊ ကိုယ့်အိမ်ကိုပြန်၊ ဘုရားစင်ရှေ့ရောက်မှ အဲဒါတွေပြော။ ဒီကနေ ဒီတစ်လုံးကျွတ်ရင်ကို ကျေနပ်ပြီ။

ဒါပဲ။ ပဋိစ္စသမုပ္ပါဒ်ဟောတာ ဒါ အဓိကပဲ။ ဒိဋ္ဌိပြုတ်ဖို့ပဲဗျ။

## စွဲလမ်းပြီး လိုချင်၊ အယူမှား ဝင်ရသည်

အကြောင်းတရားပေါ် ဉာဏ်ရှင်းမှ အဟေတုကဒိဋ္ဌိ စင်တယ်။ အကျိုးတရားပေါ် ဉာဏ်ရှင်းမှ အကိရိယဒိဋ္ဌိ စင်တယ်။ ဒါဖြင့် ကောင်းတာလုပ်ရင် ကောင်းကျိုးပေးတယ်။ မကောင်းတာလုပ်ရင်?

"မကောင်းကျိုးပေးပါတယ် ဘုရား"

အခုရနေတဲ့ အကျိုးတရားတွေကကွာ၊ ကောင်းကြောင်း၊ မကောင်းကြောင်းကြောင့် မဟုတ်ပါဘူး။ သူ့ဟာသူ အလိုလိုဖြစ်တာပါ။ ဟုတ်ရဲ့လား။ အဲဒီလို ပယ်သတ်လိုက်တာ 'ကောင်းတာလုပ်လည်း အကျိုးမပေးပါဘူး၊ မကောင်းတာလုပ်လည်း အကျိုးမပေးပါဘူး။ ကောင်းတာ၊ မကောင်းတာ ပြောမနေနဲ့၊ ပျော်ပျော်သာနေကွ' ဆိုပြီးတော့မှ အကျိုးတရားပေါ် ပယ်ချလိုက်တာ ဘာဒိဋ္ဌိ"

"အကိရိယဒိဋ္ဌိပါ ဘုရား"

အဟေတုကဒိဋ္ဌိနဲ့ အကိရိယဒိဋ္ဌိ က နေပြီးတော့ သီလဗ္ဗတပရာမာသဒိဋ္ဌိ၊ ဣဿရနိမ္မာနဒိဋ္ဌိတွေ ဆင်းသက်လာတယ်။ အကြောင်းတရားကို ပယ်လိုက်တဲ့အထွက် အဟေတုကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိကနေ ဆင်းသက်လာတော့ အမှန်ကိုပယ်ရင် အမှားကို ယူမှာလေ။ မဖြူရင် မည်း၊ မမှန်ရင် မှားမှာပဲ။

အဲဒီတော့ အကြောင်းမှန်ကို ပယ်ရင် အမှားယူ ယူမယ်နော်။ ခုနကပြောခဲ့တဲ့ ၃၇ မင်းတွေဆိုတာ ပြန်ကြည့်လိုက်တော့ ၃၇ မင်းမှာ ၂၇ မင်းက သူများသတ်လို့ သေတာ။ ၁၀ မင်းက ရောဂါဘယနဲ့ သေတာ။ သေခါနီးမှာ သားစွဲ၊ သမီးစွဲ၊ အမျိုးစွဲနဲ့ သေတော့ ပြိတ္တာဖြစ်တာကို နတ်ဖြစ်တယ်ဆိုပြီး ကိုးကွယ်နေကြတာပဲ။

အရက်သမား မောင်ကျော်က စပြီး နတ်ဖြစ်တာတဲ့။ မောင်ကျော်ဘယ်လိုသေတာတုန်း။ မောင်ကျော်ဆို သူတို့က မကြိုက်ဘူး။ ကိုကြီးကျော်၊ ကိုကြီးကျော်။ သူတို့ခေါ်တဲ့အတိုင်းဆို ဖေကြီးကျော်တဲ့။ မောင်ကျော် ဘယ်လိုသေတာတုန်းဆိုတော့ အန်ဖတ်ဆို့သေတာပဲ။ ဘာလို့ အန်ဖတ်ဆို့ သေတာတုန်း?

"အရက်သောက်လို့ပါဘုရား"

"ဩော်... မသိပါဘူးဗျာ၊ ကျုပ်က အစာမကျေလို့လားလို့။ ဒီအရက်သောက်တယ်ဆိုကတည်းက သီလနဲ့ ယှဉ်တာလား၊ သီလနဲ့ ဆန့်ကျင်တာလား?

"သီလနဲ့ ဆန့်ကျင်တာပါဘုရား"

ဒါကြောင့်မို့ သီလ က သီလ၊ ဆန့်ကျင်တာက ဗတ၊ ကျင့်သုံးတာက ပရာမာသ။ သီလနဲ့ ဆန့်ကျင်ပြီးမှ လုပ်ချင်သလို လုပ်ပြီးတော့ အနိဖတ်ဆို့သေသွားတာ။ သူ့ဘာသာ သေချင်သလိုသေ၊ သေခြင်းဆိုးနဲ့ သေပြီးတော့မှ ပြိတ္တာဖြစ်သွားတာကြီးကို နတ်စိမ်းလိုလို လုပ်နေတာတဲ့။

သူများစိမ်းဆို စိမ်း၊ သူများနီဆို နီ၊ သူများပြာဆို ပြာ။ အိမ်တွင်း မင်းမဟာဂီရိ မောင်တင့်တယ်လေ။ ဘယ်လိုသေတုန်း။ မီးရှို့ခံပြီး သေတာ။ ဖိုကျင်ထိုးသတ်လို့ သေတာဗျ။ အဲဒီလို သေခြင်းဆိုးနဲ့ သေတာကို ဘာဖြစ်တာတဲ့တုန်း?

"နတ်စိမ်းဖြစ်တာပါ ဘုရား"

ဒီလောက် မီးဖုတ်သေတာနော်။ ဖြစ်ခြင်းဖြစ်ရင် နတ်ကျက်ပေါ့ဗျာ။ အဲဒါကို နတ်စိမ်းတဲ့။ သူများစိမ်းရင် စိမ်းလိုက်ပေါ့ဗျာ။ ဘယ်လောက် ကိုယ်ပိုင်ဉာဏ်မရှိလည်းဆိုတာ ကြည့်စမ်း။ တို့မြို့ကြီးသားတွေက ဟန်တွေ ပန်တွေ အတော်များတယ်ဗျ။ နှလုံးသားထဲဝင်ကြည့်၊ အခွံချည်းပဲ။ ဒီလိုပြောရတာ အားတော့နာပါရဲ့။

တကယ့် မြန်မာနိုင်ငံရဲ့ ပထမဆုံးသော မြို့တော်ကြီးအလယ်ခေါင်တည့်တည့်ကိုမှ အားမနာ လျှာမကျိုး လာပြောရတယ်လို့ မဆိုနဲ့ဗျ။ လူလည်တွေ ဖြစ်စေချင်လို့ ပြောနေတယ် မှတ်ပါ။

ဒါကြောင့်မို့ အကြောင်းတရားကို ပယ်တဲ့ အဟေတုကဒိဋ္ဌိ က ဆင်းသက်လာတဲ့ သီလဗ္ဗတပရာမာသ။ အဲဒီက ဘိုးတော်က ဖန်ဆင်းတယ်။ ဘုရားတော်က ဖန်ဆင်းတယ်လို့ ယူလိုက်တာက ဣဿရနိမ္မာနဒိဋ္ဌိ။

မှတ်ထား။ ၃၇ မင်းသော နတ်တို့ကို ကိုးကွယ်ရင် သီလဗ္ဗတပရာမာသဒိဋ္ဌိ။ ဘိုးတော်တွေ၊ ဘုရားတော်တွေ တင်ပြီးကိုးကွယ်ရင် ဣဿရနိမ္မာနဒိဋ္ဌိ။ ဒီ ဒိဋ္ဌိနှစ်မျိုး ဘယ်ကဆင်းသက်လာတာလည်းဆိုရင် အဟေတုကဒိဋ္ဌိက ဆင်းသက်လာတာ။

အဟေတုကဒိဋ္ဌိဆိုတာ အကြောင်းပယ် ဒိဋ္ဌိပဲ။ အကြောင်း ဘာကြောင့် ပယ်တုန်း။ ပဋိစ္စသမုပ္ပါဒ် နားမလည်လို့။ ဒီအခြေခံကို သိထားပါ။ ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲ ဒါတွေနဲ့ သေသွားလို့ကတော့ ဘာဖြစ်မယ် ထင်သလဲ။ ခုဒ္ဒကနိကာကယ်ဝင် သုတ္တန္တပိဋက ဝိမာန ပေတဝတ္ထု ပြန်ကြည့်။ နတ်ကတော်များ သေသွားရင် မစင်စား ပြိတ္တာတဲ့။

နတ်ကတော်သေတော့ အကျိုးပေးက ဘာတဲ့တုန်း?

"မစင်စား ပြိတ္တာပါဘုရား"

နက်ကိုယုံကြည်ပြီး နတ်အုန်း၊ ဓာတ်အုန်း၊ ကြတ်အုန်းတန်းလန်း နဲ့ သေတဲ့ ပုဂ္ဂိုလ်တွေကျတော့ အန်ဖတ်စား ပြိတ္တာတဲ့။ နတ်ကတော် သေတော့ မစင်စား ပြိတ္တာ၊ နတ်ကိုယုံကြည်ပြီးတော့သေတဲ့ ပုဂ္ဂိုလ် ကျတော့ အန်ဖတ်စား ပြိတ္တာတဲ့။ ဘယ်ပြိတ္တာ ဖြစ်ချင်လဲ?

"ဘယ်ပြိတ္တာမှ မဖြစ်ချင်ပါဘူး ဘုရား"

ဘယ်ပြိတ္တာမှ မဖြစ်ချင်ဘူးဆိုရင် အိမ်က ဓာတ်အုန်း၊ နတ်အုန်း၊ ကြတ်အုန်းတွေ ဘယ်လိုလုပ်မှာတုန်း။ တွေ့လား၊ အသံတွေ တိုးကုန် ပြီ။ တချို့က မရှိလို့ ကိုးတာပါ။ တချို့က ရှိရက်နဲ့ ကိုယ်တော်ကြီးနဲ့ ဒီတစ်ခါ တို့စခန်းဝင်တာ မှားပြီထင်တယ်။ စဉ်းစားဗျ။ အကြောင်း မှန်ကို ပိုင်ပိုင်သိမှ အယူမှားကို ပယ်စွန့်နိုင်မယ်လို့ ဆုံးဖြတ်ပါ။ သဘောကျရဲ့လား?

"ကျပါတယ်ဘုရား"

အဲဒီတော့ ဒီအစွဲအလမ်းတွေနဲ့ လိုချင်လွန်းလို့ အယူမှားနေတာ။

လိုချင်တာက?

"တဏှာပါဘုရား"

အယူမှားလို့ စွဲလန်းတာက?

"ဥပါဒါန်ပါဘုရား"

ဒိဋ္ဌုပါဒါန်ကို ဖြတ်နေတာပါဗျ။ ဒီကြားထဲ 'ငါ့လှေငါထိုး ပဲခူးရောက်ရောက်၊ ငါ့မြင်း ငါ့စိုင်း စစ်ကိုင်းရောက်ရောက်' ငါတို့

တစ်သက်လုံး ကိုးကွယ်လာတာ၊ ဒီဘုန်းကြီးက အခုမှ တွေ့တာဟော့၊ အတ္တဝါဒုပါဒါန်က ရှိသေးတယ်ဗျ။ ဒါမျိုးကျတော့ ဘုန်းကြီးက ကလေးတွေသာ ဟောလိုက်ချင်တယ်။ လူကြီးတွေ မဟောချင်ဘူးဗျ။ ဘာဖြစ်လို့လဲဆိုတော့ ကလေးဆိုတာက မှားတာသိရင် အမှန်ပြင်တယ်။

မှားမှန်းသိရင် အမှန်ပြင်တာက ကလေး၊ မှားတာကို သိရက်နဲ့ အဲဒီ အမှားလမ်းကြောင်းကြီးကို မပြင်တာသည် လူကြီး။

အဲဒီတော့ ယောဂီတွေက ကလေးတွေလား၊ လူကြီးတွေလား?

"လူကြီးတွေပါဘုရား"

ခွင်က တည့်တည့်သွားတယ်။ ကိုင်း... ကလေးတွေဆိုရင် ဦးအောင်သိန်းရေ... တရားပွဲသိမ်းရင် ချိုလိမ်လေးတွေ ဆောင်ထား။ ကဲ... ကောင်းပြီ။ ဒါဖြင့် ဒိဋ္ဌိပြုတ်ရင် ဘာရမလဲ?

"နိဗ္ဗာန်ရပါမယ် ဘုရား"

နိဗ္ဗာန်ရချင်ရင် ဒိဋ္ဌိဖြုတ်ဖို့ မလိုဘူးလား?

"လိုပါတယ်ဘုရား"

ကိုင်း... ဒါကြောင့်မို့ ဒိဋ္ဌိနာနာဖြုတ်ရအောင် နောက်နေ့ကျတော့ ပဋိစ္စသမုပ္ပါဒ်ကို ဆက်ပြီးတော့ ဟောကြဦးစို့။ ဒီနေ့တော့ နာရီစေ့ပြီ။ တော်ကြဦးစို့ဗျာ။

■

## ပဋ္ဌမနေ့ယောစဉ်

### တရားအဖွင့် ပဏာမ

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ မူလနှစ်ဖြာ လင်္ကာလေးကို ရွတ်ဆိုပူဇော်ရအောင်။ အားလုံး လက်အုပ်ကလေး တွေ ချီပြီး လိုက်ဆိုကြပါ။

* မူလနှစ်ဖြာ၊ သစ္စာနှစ်ခု
လေးခုအလွှာ၊ အင်္ဂါဆယ့်နှစ်ပါး
တရားကိုယ်များနှင့်၊ သုံးပါးအစပ်
နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်
ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်
ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်
သိစေအပ်သည်
သံသရာမှ လွတ်ကြောင်းတည်း။

လက်အုပ်ချီကလေးတွေ ချထား။ မျှတသော ဣရိယာပုတ်ဖြင့် စိတ်ချမ်းသာသလို ထိုင်ပြီး ဟောကြားလတ္တံ့သော တရားဓမ္မများကို အာရုံတစ်ပါး စိတ်မသွားဘဲ ဆက်လက်နာယူ မှတ်သားနိုင်ကြပါပြီ။

တို့အားလုံး ဟောဂီအပေါင်း သူဟော်ကောင်းတို့၊ ဒီ ခန္ဓာ ဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် ဓမ္မဒေသနာတော်ကြီးကို ပိုင်ပိုင်နိုင်နိုင် သိရှိနားလည် သဘောပေါက်မယ်ဆိုရင် ဘယ်က လွတ်မှာပါလိမ့်?

"သံသရာက လွတ်မှာပါဘုရား"

ကိုင်း... သံသရာဆိုတဲ့နေရာမှာ သုဂတိသံသရာရယ်၊ ဒုဂ္ဂတိသံသရာရယ် ဆိုပြီးတော့ သံသရာ နှစ်မျိုးမရှိဘူးလား?

"ရှိပါတယ်ဘုရား"

ယောဂီတို့၊ ဘုန်းကြီးတို့အတွက် အရေးအကြီးဆုံး လွတ်ရမည့် သံသရာသည် ဘယ်သံသရာပါလိမ့်?

"ဒုဂ္ဂတိသံသရာပါ ဘုရား"

ဒုဂ္ဂတိသံသရာက အဓိကထားပြီး လွတ်အောင် ကြိုးစားရမယ်လို့ မှတ်နော်။ ဘာဖြစ်လို့လဲဆိုတော့ သုဂတိသံသရာမှာဆိုရင် ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ် သံဃာမှန်တွေနဲ့ တွေ့ပြီးတော့မှ သံသရာဝဋ်ဒုက္ခမှ လုံးလုံးလွတ်မြောက်နိုင်တဲ့ နိဗ္ဗာန်ရောက်ကြောင်း အကျင့်တွေကို သုဂတိသံသရာမှာ ကျင့်လို့ မရဘူးလား၊ ရသလား?

"ရပါတယ်ဘုရား"

ဒီဖက်က ဒုဂ္ဂတိသံသရာရောက်သွားပြီး အပါယ်လေးဘုံ ကျသွားပြီဆိုရင် လောကအလယ် ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ် သံဃာမှန်တွေ ဘယ်လောက်ပဲ ပေါ်ထွန်းပေါ်ထွန်း ကိုယ် အပါယ်လေးပါး ကျနေရင် ဘုရားဟောတဲ့ သစ္စာတရားနဲ့ ကိုယ်နဲ့ ဆိုင်သေးလား?

"မဆိုင်တော့ပါဘူး ဘုရား"

## သီလ သမာဓိမျှသာ မတင်းတိမ်ပါနဲ့

ဒုဂ္ဂတိ အပါယ်လေးပါး ရောက်နေပြီဆိုရင် သစ္စာတရားနဲ့ ကိုယ်နဲ့ မဆိုင်တော့ဘူးတဲ့။ ဝေးဝေးမကြည့်နဲ့။ ရေကာပဗ္ဗ နဂါးကြည့်ပေါ့။ မဂ္ဂန္တရာယ် ငါးပါးထဲမှာ ဝိပါကန္တရာယ်ဆိုတာ ပါပါတယ်။ 'အန္တရာယ်ငါးသွယ်၊ ရှောင်ရှားဖွယ်'တဲ့။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊

နိဗ္ဗာန်ကို ကန့်ကွက်တတ်တဲ့ အန္တရာယ်ငါးပါးထဲမှာ ဝိပါကန္တရာယ် ဆိုတာ ပါတယ်။ အဲဒီ ဝိပါကန္တရာယ်မှာ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကြောင့် ဒုဂ္ဂတိဝိပါကဝဋ်ဆိုတဲ့ အပါယ်လေးပါး ခန္ဓာကျသွားပြီဆိုရင် ဘုရားနဲ့တွေ့တောင် ကျွတ်တမ်းမဝင်နိုင်ဘူးတဲ့။

ဒါကြောင့် ဧရကပတ္တနဂါးကိုကြည့်ပေါ့။ မဟာတိဿ ရဟန်းဘဝတုန်းက ကဿပဘုရား လက်ထက်တော်မှာ အနှစ်နှစ်သောင်းလုံးလုံး ရဟန်းတော်တို့ ကျင့်သုံးရမည့် ၂၂၇ သွယ်သော သိက္ခာပုဒ်တွေကို ကျင့်သုံးလာလိုက်တာ၊ တစ်ရက်မှာ ဘုရားဖူးမယ်ဆိုပြီး ရေလမ်းခရီးကနေ လောင်းလှေကလေးစီးလို့ သွားတော့ လှိုင်းအပုတ်မှာ လှေအလှုပ် လန့်ပြီးတော့ သမန်းမြက်ကလေးကို သွားဆွဲလိုက်မိသတဲ့။ အဲဒီမှာ ပါစိတ်အာပတ်သင့်ရော။

ဒါနဲ့ ဘုရားသွားဖူးတယ်။ ခုနက သမန်းမြက်ကို ဆွဲမိလို့ သင့်တဲ့ ပါစိတ်အာပတ်ကိုလည်း လဟုကအာပတ်လေးဆိုပြီး ခပ်ပေါ့ပေါ့ နေလိုက်မိတယ်။ ဒါနဲ့ ဘုရားဖူးပြီး ပြန်လာ၊ နေတော့လည်း တစ်ပါးတည်း ဧကစာရီနေဟာ။ တောရဆောက်တည်နေတဲ့ အခါကျတော့ သူလည်း ခန္ဓာရှိပြီး မသေမှာလား၊ သေမှာလား?

"သေမှာပါဘုရား"

သေခါနီးအခါကျတော့ သူ့သီလကို ပြန်ပြီးစစ်တယ်။ 'ငါ့ဘဝတစ်သက်တာ နေခဲ့တဲ့နေရာမှာ သီလတွေ ဘယ်လောက်ပြည့်စုံပြီလဲ'လို့ ပြန်ပြီး စစ်တယ်။ ရှေ့ပိုင်းတွေမှာ တော်တော်ကြည်ညိုဖို့ ကောင်းတာ။ ဂရုကအာပတ်တွေ ဘာမှမရှိဘူး။ လဟုကအာပတ်တွေ ကြည့်လိုက်တဲ့အခါကျတော့ တော်တော်များများ လဟုကအာပတ်တွေ လုံခြုံပြီးနေတယ်။ ဟော... ဖပ်ဆို သွားသတိရလိုက်ပြီ။ ဘုရားဖူး သွားတုန်းက သမန်းမြက် သွားဆွဲမိတာ တစ်ခုရှိတယ်တဲ့။

အဲဒါ ရဟန်းတော်များမှာ စိမ်းစိုသော မြက်သစ်ပင် ခုတ်မိ ထစ်မိ ဖြတ်မိမယ်ဆိုရင် အာပတ်သင့်စေလို့ ဘုရားရှင်ကိုယ်တော်

မြတ်ကြီး ပညတ်ထားတာရှိတော့ အဲဒီတုန်းက သမန်းမြက်ဆွဲမိလို့ အာပတ်ကြီးတန်းလန်းနဲ့ပါလားဆိုပြီးတော့ ဝိနယကုက္ကုစ္စ ဖြစ်တယ်။

ဒါကြောင့် ဝိနည်းဒေသနာက မသင်ပြန်ရင်လည်း အာပတ်သင့်တယ်၊ သင်ပြီးတော့ ကုက္ကုစ္စ ဖြစ်နေမယ်ဆိုရင်လည်း အာပတ်သင့်မယ်ဆိုတာ သတိထားရမယ်။ အဲဒီတော့ ဝိနယကုက္ကုစ္စ ဖြစ်ပြီး သကာလ သေလည်းသေရော ကုက္ကုစ္စက ဆွဲချလိုက်ရာမျှား နဂါးကို ဖြစ်ရော။

သေခါနီးမှာ ကျူးလွန်ခဲ့တဲ့ အာပတ် အရိပ်အယောင်လေး သွားမြင်လိုက်တော့ ရေထဲမှာ ကျူးလွန်ခဲ့တာမို့ ရေကိုသွားပြီး အာရုံပြုလိုက်တာကိုးဗျ။ အဲဒီကျတော့ ရေအောက်မှာသွား နဂါးဖြစ်တော့တာပဲ။ တိုတိုပြောရင် ကဿပဘုရားရှင် လက်ထက်တော်ကနေပြီးတော့ စုတိစိတ်ကျပြီး နဂါးဖြစ်သွားတဲ့ တိဿရဟန်း။ တို့ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူတာတောင်မှ နဂါးဘဝက မကျွတ်သေးဘူး။ ကြောက်စရာကောင်းလိုက်တာ။ ဘုရားတစ်ဆူနဲ့ တစ်ဆူစပ်ကြားမှာ သားစိမ်းစား၊ ဖားစိမ်းစား၊ ငါးစိမ်းစားဘဝနဲ့ နေရတယ်။

ရဟန်းကြီးသေတော့?

"နဂါးကြီးပါဘုရား"

အဲဒါ လက်သည်ရှာလေ။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲလို့။ အဲဒါ သေခါနီး ခန္ဓာပေါ် ဘာမရောက်လို့လဲ?

"ဉာဏ်မရောက်လို့ပါဘုရား"

ပေါ်လာတဲ့ ကုက္ကုစဆိုတဲ့ စိတ်ကလေးကို နောက်ကဉာဏ်နဲ့ ရှုတတ်လို့လား၊ မရှုတတ်လို့လား?

"မရှုတတ်လို့ပါဘုရား"

ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ထားခဲ့တဲ့ သာသနာက သီလ သမာဓိ ပညာ၊ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ။ သီလရော၊ သမာဓိရော၊ ပညာရော ညီတူညီမျှ ကျင့်ရမှာ။ တချို့ကျတော့ ဝိနည်းနဲ့တင် ရောင့်ရဲတင်းတိမ်နေတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။

ဝိနည်းလောက်နဲ့တင် သံသရာလွတ်မြောက်ပြီလို့ တင်းတိမ်ရောင့်ရဲမနေဘဲနဲ့ ဝိနည်းလည်း လေးစား၊ သမာဓိတည်အောင်လည်း လုပ်၊ ခန္ဓာပေါ် ဉာဏ်ရောက်အောင်လည်း ကြိုးစားဖို့ မလိုဘူးလား၊ လိုသလား?

"လိုပါတယ်ဘုရား"

ယောဂီတို့ သီလကိုလည်း လုံလောက်အောင်လုပ်၊ တချို့က သီလလောက်နဲ့ပဲ တင်းတိမ်ရောင့်ရဲနေတာတွေ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

သမာဓိတည်အောင်လည်း ကြိုးစား။ ဒီလောက်ကလေးနဲ့ တင်းတိမ်မနေနဲ့။ တချို့က သမာဓိလောက်ကလေးနဲ့ ပုတီးကလေး 'ဂျောက်ဂျက် ဂျောက်ဂျက်'လုပ်၊ မေတ္တာပို့၊ ဒါလေးနဲ့တင် အချိန်ကုန်ကြသူတွေ လောကမှာ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ဒါကြောင့်မို့ ခန္ဓာပေါ် ဘာရောက်အောင် လုပ်ရမယ်?

"ဉာဏ်ရောက်အောင် လုပ်ရပါမယ်ဘုရား"

## ရဟန်းများလည်း တရားအားထုတ်ပါ

တချို့ကလည်း အစွန်းရောက်ဝါဒလေးတွေ စွဲလာပြီ။ ဖြစ်ပျက်မင်္ဂကိုက်နေတော့ 'အမလေး... တရားအားထုတ် ပြီးတာပဲ၊ ဘာဒေသနာကြားစရာ လိုသလဲ'။ ဒါမျိုးတွေက လာသေးတာဗျ။ တွေ့ဖူးတယ်။ တပည့်တော်တို့ အများကြီးလျှောက်လှမ်းခဲ့ရတော့ အတူတူသာသနာပြုဖက်တွေပါပဲ။ သွားရင်း လာရင်းကနေပြီးတော့မှ ဒေသနာလေး ကြားမလို့လျှောက်တော့ 'ကိုယ် တရားအားထုတ်နေတယ်၊ ဒေသနာကြားနေစရာ မလိုပါဘူး'တဲ့။ သွားပါပြီ။ ဒီအတိုင်းဆိုသာသနာ ကွယ်တော့မှာ။

'ဝိနယော နာမ သာသနဿ အာယု' သာသနာတော်ရဲ့အသက်ဟာ ဝိနည်းပဲဗျ။ 'ပရိယတ္တိ မူလ သာသနဿ အာယု' မှန်ကန်တဲ့

ဓမ္မဓာတ် အမွေတွေကို စောင့်ရှောက်ပေးထားရာ ပရိယတ္တိ။ ပရိယတ္တိ ကွယ်ရင် သာသနာကွယ်ပြီဗျ။

အဲဒီတော့ ဘုရားထားတဲ့ သာသနာက သီလ၊ သမာဓိ၊ ပညာ သုံးရပ်လုံးထားတာ။ သီလဆောက်နဲ့ တင်းတိမ်သွားတဲ့ မဟာတိဿ ရဟန်းကြီး သေတော့?

"နဂါးကြီးပါဘုရား"

အဲဒါ ခန္ဓာပေါ် ဘာမရောက်လို့?

"ဉာဏ်မရောက်လို့ပါ ဘုရား"

ဝိပဿနာအလုပ် အားထုတ်ရကောင်းမှန်း မသိဘူး။ ပွင့်ပွင့် လင်းလင်းပြောရရင် လူနဲ့ ဘုန်းကြီး တရားအားထုတ်တာ ဘယ်ဟာက များတုန်း?

"လူကများပါတယ် ဘုရား"

လူကများမှာပေါ့။ တို့မြန်မာနိုင်ငံမှာ ဘုန်းကြီးက နည်းနည်း လေးကို။ တို့ရှိတဲ့ဘုန်းကြီးကလည်း သဒ္ဒါတရားနဲ့ အားထုတ်နေတာကို ဟုတ်တယ် မဟုတ်လား။ မိုးကုတ်ဆရာတော်ဘုရားကြီး ပြောသွားတာ ရှိတယ်။ ဆရာတော်ဘုရားကြီးက "ဒကာကြွယ်ရေ... ဘုရားရှင် ကိုယ်တော်မြတ်လက်ထက်တုန်းက လူနဲ့ ဘုန်းကြီး ဘယ်ဟာများလဲ ဆိုရင် လူကများတယ်၊ ဘုန်းကြီးက နည်းတယ်'တဲ့။ ဘာတဲ့လဲ?

"ဘုန်းကြီးက နည်းပါတယ်ဘုရား"

ဟုတ်တယ်လေ။ မြန်မာပြည်မှာ ပြန်ကြည့်လိုက်ပါလား။ လူ သန်းပေါင်း ဘယ်လောက်ရှိတုန်း။ သန်းငါးဆယ်ကျော်ပြီဗျ။ လူက သန်းပေါင်း ၅၇၊ ဘုန်းကြီးက ဘယ်နှစ်ပါးလောက်ရှိတုန်း။ လေးသိန်း ငါးသိန်းလောက် ရှိတာဗျ။ အစွန်းထွက်တောင် မရှိဘူး။ ဒါကြောင့် လူနဲ့ ဘုန်းကြီး တရားအားထုတ်တာ ဘယ်ဟာက များတုန်း။

"လူက များပါတယ်ဘုရား"

လူတွေ အရေအတွက်များလို့ များရတာပါဗျ။ တို့ဘုန်းကြီးတွေ သဒ္ဒါတရားလည်း ရှိတယ်။ တရားလည်း အားထုတ်တယ်။ ခန္ဓာ

ဉာဏ်ရောက်လည်း လုပ်တယ်။ စာလည်း ချတယ်။ စာလည်း သင်တယ်။ ဒီလိုပြောရင် ကြိုက်တယ်နော်။

ဒါကြောင့် ဘုရားရှင်က...

ဗဟုံ ပိစေ ဘ. ဟိသ ဘာသမာနော နတက္ကရော
ဟောတိ၊ နရော ပမတ္တော ဂေါပေါ၀ ဂါဝေါ အနေယံ ပရေသံ
န ဘာဂဝါ သာမညဿ ဟောတိ။

စာတွေ ဘယ်လောက်တတ်တတ်၊ တရားတွေ ဘယ်လောက်ပဲဟောဟော၊ ဘယ်လောက်တရားတွေ နာနိုင်တယ်ပဲပြောပြော ခန္ဓာဉာဏ်ရောက် အလုပ် မလုပ်ရင် နွားကျောင်းသားပဲတဲ့။ ဘယ်သူကပြောတာတုန်း။

"ဘုရားက ပြောတာပါ ဘုရား"

အဲဒီစကားကို တချို့ဘုန်းကြီးတွေက မကြိုက်ဘူး။ ဘယ်သူ့ကို မကြိုက်တာတုန်း?

"ဘုရားကို မကြိုက်တာပါ ဘုရား"

ဘုရားမကြိုက်တော့မှတော့ သင်္ကန်း၀တ်မနေနဲ့တော့။ သဘောကျရဲ့လား။ ဒီနောက်က ဆရာသမားတွေက ဘယ်သူ့အလိုကျ ဟောရတာလဲ?

"ဘုရားအလိုကျ ဟောရတာပါဘုရား"

အဲဒါပြောတာကို မကြိုက်ဘူးတဲ့။ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးက...

"ရဟန်းကိစ္စ၊ နှစ် ခုရ ၌
လုံ့လအားသည်း၊ ဟိတ်ဟန်နည်း၍
ပစ္စည်းမသို၊ စိတ်မတို
ခင်ပျိုကြီးပွားကြောင်း"

ခင်အိုလည်း ကြီးပွားကြောင်းပဲ။ ရဟန်းကိစ္စ နှစ်ခုရ၌ ဆိုတာက ဂန္ထဓုရ– စာပေသင်ကြားပို့ချခြင်း၊ ဝိပဿနာဓုရ– ကိုယ်တိုင်

သိထားတဲ့ တရားအပေါ်မှာ ခန္ဓာပေါ် ဘာရောက်အောင် လုပ်ထားရမယ်?

"ဉာဏ်ရောက်အောင် လုပ်ထားရပါမယ် ဘုရား"

## ကိုယ့်အကြောင်း ကိုယ်သိအောင် ဟောပေးတဲ့တရား

တိုတိုပြောတော့ နဂါးဖြစ်နေတဲ့ ဧရကပတ္တက သူ့သမီးလေးကို ဂါထာမန္တန် သီချင်းလေးလုပ်ပြီး သင်ပေးတယ်။ ဒီသီချင်းလေး ဆိုခိုင်းပြီး ဘုရားပွင့်၊ မပွင့် စုံစမ်းတာ။ ဘုရားပွင့်မှ ဒီမေးခွန်းကြီး အဖြေသိရမှာကိုး။ သီချင်းက မေးခွန်းလေးတွေ ရေးထားတယ်။ နဂါးမလေးဆိုတဲ့ သီချင်းကို ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလာတော့ ဥတ္တရလုလင်ကကြားပြီး ဘုရားဆီလာလျှောက်တာ။

ဥတ္တရလုလင်ကို ဘုရားက သင်ပေးလို့ အဖြေလည်းပေါ်လာရော၊ ဧရကပတ္တ နဂါးကြီး ဝမ်းမြောက်ဝမ်းသာနဲ့ 'လောကအလယ်မှာ ဘုရားပေါ်ပြီ၊ ဒီမေးခွန်းကို ဖြေနိုင်တာ ဘုရားပဲရှိတယ်'ဆိုပြီး ဘုရားဆီ လူယောင်ဖန်ဆင်းပြီး မပြေးဖူးလား၊ ပြေးသလား?

"ပြေးပါတယ်ဘုရား"

ဒီဝတ္ထုကို အရှင်ကောင်း အရှင်မြတ်တွေ သိပြီးသားပါ။ ဧရကပတ္တနဂါး လူယောင်ဖန်ဆင်းပြီး ဘုရားဆီပြေးပြီး ဟိုကျတော့ ဘုရားနဲ့ သူနဲ့ အမေးအဖြေ လုပ်တော့တာပဲ။ သူမေးတဲ့ မေးခွန်းတွေက ခန္ဓာဉာဏ်ရောက် မေးခွန်းတွေ။

ဘာမေးခွန်းလဲ?

"ခန္ဓာဉာဏ်ရောက် မေးခွန်းပါဘုရား"

ဘုရားဖြေလိုက်တာကလည်း ခန္ဓာပေါ် ဘာရောက်အောင် ဖြေလိုက်တာလဲ?

"ဉာဏ်ရောက်အောင် ဖြေလိုက်တာပါ ဘုရား"

သူမေးတဲ့ မေးခွန်း ဖြေရင်းနဲ့ ဥတ္တရတောင် သောတာပန်တည်တယ်လေဗျာ။

"မှန်ပါဘုရား"

ဘုရားနဲ့ နဂါး အမေးအဖြေ လုပ်တဲ့ပွဲမှာ လာလိုက်ကြတဲ့ ပရိသတ်ဆိုတာ နည်းတာမှ မဟုတ်ဘဲ။ အဲဒီမှာ ဘုရားရှင်ကိုယ်တော် မြတ်က ဖြေလိုက်၊ သူက မေးလိုက်။ ခန္ဓာဉာဏ်ရောက် နားထောင်တဲ့ ဒကာ၊ ဒကာမတွေကလည်း ခန္ဓာကို ဉာဏ်လှည့်လို့။ လှည့်ရင်းနဲ့ ခန္ဓာကို ဉာဏ်ရောက်တဲ့ ဒကာ၊ ဒကာမတွေက သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတွေ ဖြစ်ကြပေမယ့် ဧရကပတ္တ ကတော့ ပုထုဇဉ်ကကို မတက်ဘူး။ အမေး အဖြေသာ ပြီးသွားရော သူကတော့ ပုထုဇဉ် ပုထုဇဉ်ပဲ။

သူက 'အရှင်ဘုရား၊ တပည့်တော်ကို အရိယာဖြစ်အောင် ဟောပေးပါဦးဘုရား။ သောတာပန်တည်အောင် ဟောပေးပါဦးဘုရား' လို့ တောင်းပန်တယ်။ ဒီတော့ ဘုရားက 'ဧရကပတ္တ၊ သင် အရိယာ ဖြစ်ချင်လို့လား'။ 'ဖြစ်ချင်ပါတယ် ဘုရား'။ 'မင်း အရိယာဖြစ်ချင် ရင် လူ့ဘဝရောက်အောင် ဆုတောင်းဦး'တဲ့။

ဘယ်ဘဝရောက်အောင် ဆုတောင်းဦးတဲ့လဲ?

"လူ့ဘဝရောက်အောင်ပါဘုရား"

အဲဒီကျတော့ ငိုလိုက်တာ။ ဒါကြောင့် အပါယ်လေးဘုံများ ကျသွားရင် ဘုရားနဲ့တွေ့တောင် ကျွတ်တမ်းဝင်ဖို့ လွယ်သလား?

"မလွယ်ပါဘူးဘုရား"

ဒါကြောင့် တို့အရေးတကြီး လွတ်မြောက်အောင် ကြိုးစားရ မှာက ဘာသံသရာလဲ?

"ဒုဂ္ဂတိသံသရာပါ ဘုရား"

ဒုဂ္ဂတိသံသရာဆိုတာ တခြားလား၊ အပါယ်လေးဘုံလား?

"အပါယ်လေးဘုံပါ ဘုရား"

ဒါကြောင့် အဲဒီ အပါယ်လေးဘုံကို ဆွဲချတဲ့ ဒုဂ္ဂတိသံသရာက လွတ်ချင်တယ်ဆိုရင် အပါယ်လေးဘုံကို ဆွဲချတာ တခြားလား၊ ဒိဋ္ဌိ လားဟေ့?

"ဒိဋ္ဌိပါဘုရား"

အပါယ်သံသရာက လွတ်ချင်ရင် ဘယ်သူ့ကို နာနာဖြုတ်ရမလဲ?

"ဒိဋ္ဌိကို နာနာဖြုတ်ရပါမယ် ဘုရား"

ဒိဋ္ဌိနာနာဖြုတ်ချင်ရင် ဘာနားလည်အောင် အရင်လုပ်ရမလဲ?

"ပဋိစ္စသမုပ္ပါဒ် နားလည်အောင် လုပ်ရပါမယ်ဘုရား"

ပဋိစ္စသမုပ္ပါဒ်တရားဆိုတာ ဘာလုပ်တဲ့ တရားပါလိမ့်?

"ဒိဋ္ဌိဖြုတ်တဲ့ တရားပါဘုရား"

အကြောင်းသည်?

"ပဋိစ္စပါ ဘုရား"

အကျိုးသည်?

"သမုပ္ပါဒ်ပါ ဘုရား"

ပဋိစ္စသမုပ္ပါဒ်ဆိုတာ တခြားလား၊ အကြောင်းနဲ့ အကျိုးလား?

"အကြောင်းနဲ့ အကျိုးပါ ဘုရား"

ဘာဖြစ်ကြောင်းနဲ့ ဘာဖြစ်ကျိုးလဲ?

"ခန္ဓာဖြစ်ကြောင်းနဲ့ ခန္ဓာဖြစ်ကျိုးပါ ဘုရား"

ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ ဒိဋ္ဌိဖြုတ်ဖို့ လွယ်မလား?

"မလွယ်ပါဘူး ဘုရား"

အကြောင်းအကျိုးမှ နားမလည်၊ ပဋိစ္စသမုပ္ပါဒ်မှ လက်မခံရင် ယောဂီတို့ မှတ်သာထား။ ဗုဒ္ဓဘာသာဝါဒသည် ဘာဝါဒရှိသလဲမေးရင် အကြောင်းအကျိုးကို လက်ခံယုံကြည်ရသော ဝါဒ။

ပြော၊ ဘာဝါဒတုန်း?

"အကြောင်းအကျိုးကို လက်ခံယုံကြည်ရတဲ့ ဝါဒပါဘုရား"

အကြောင်းသည်?

"ပဋိစ္စပါ ဘုရား"

အကျိုးသည်?

"သမုပ္ပါဒ်ပါ ဘုရား"

ပေါင်းလိုက်တော့?

"ပဋိစ္စသမုပ္ပါဒ်ပါ ဘုရား"

ဗုဒ္ဓဘာသာအစ ဘယ်ကလဲလို့ မေးရင် ပဋိစ္စသမုပ္ပါဒ်ကလို့ ဖြေရင် လွဲမလား?

"မလွဲပါဘူး ဘုရား"

ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သောဓမ္မံ ပဿတိ။

ယော ဓမ္မံ ပဿတိ၊ သော မံ ပဿတိ ပဏ္ဍိတော။

အကြင်ပုဂ္ဂိုလ်သည် ပဋိစ္စသမုပ္ပါဒ်ကို သိ၏။ ထိုပုဂ္ဂိုလ်သည် သစ္စာသိ၏။ ၎င်းသစ္စာသိသော ပုဂ္ဂိုလ်သည် သူ့နှလုံးသား၌ ငါဘုရား ပွင့်တော်မူ၏ဟု ဟောတော်မူ၏။

ပဋိစ္စသမုပ္ပါဒ် နားလည်ရင် သစ္စာသိမယ်၊ သစ္စာသိတဲ့ ပုဂ္ဂိုလ်ရဲ့ နှလုံးသားမှာ ဉာဏ်ဘုရားပွင့်မယ်။

သစ္စာသိတဲ့ ပုဂ္ဂိုလ်ရဲ့ နှလုံးသားမှာ ဘာဘုရားပွင့်မှာပါလိမ့်?

"ဉာဏ်ဘုရားပွင့်မှာပါ ဘုရား"

သစ္စာသိချင်ရင် ဘယ်တရား နားလည်အောင် လုပ်ရမယ်?

"ပဋိစ္စသမုပ္ပါဒ် နားလည်အောင်လုပ်ရပါမယ် ဘုရား"

နှစ်ဆင့်၊ နှစ်ဆင့်။ ယောဂီတို့ဝမ်းထဲမှာ ဉာဏ်ဘုရားပွင့်ချင်ရင် ဘာသိအောင် လုပ်ရမယ်?

"ပဋိစ္စသမုပ္ပါဒ်သိအောင် လုပ်ရပါမယ် ဘုရား"

သစ္စာသိချင်ရင် ဘယ်တရားကို နားလည်အောင် လုပ်ရမယ်?

"ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင် လုပ်ရပါမယ်ဘုရား"

ပဋိစ္စသမုပ္ပါဒ်တရားဆိုတာ တခြားလား၊ အကြောင်းနဲ့ အကျိုး လား?

"အကြောင်းနဲ့ အကျိုးပါ ဘုရား"

ဘာဖြစ်ကြောင်းနဲ့ ဘာဖြစ်ကျိုးလဲ?

"ခန္ဓာဖြစ်ကြောင်းနဲ့ ခန္ဓာဖြစ်ကျိုးပါ ဘုရား"

ယခု တရားဟော တရားနာနေကြတာ တခြားလား၊ ခန္ဓာလား?

"ခန္ဓာပါဘုရား"

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ဆိုတာ တခြားအကြောင်းလား၊ ခန္ဓာအကြောင်းလား?

"ခန္ဓာအကြောင်းပါ ဘုရား"

ဒါဖြင့် ကိုယ့်အကြောင်း ကိုယ်သိအောင် ဟောပေးတဲ့ တရားပဲဗျ။ အဲဒါ အကျိုးအကြောင်း နားလည်မှ ဘာပြုတ်မှာပါလိမ့်?

"ဒိဋ္ဌိပြုတ်မှာပါ ဘုရား"

ပဋိစ္စသမုပ္ပါဒ်တရားသည် ဘာဖြုတ်တဲ့ လက်နက်ကြီးပါလိမ့်?

"ဒိဋ္ဌိဖြုတ်တဲ့ လက်နက်ကြီးပါ ဘုရား"

## ချေးလို နွားလို ကျင့်ပေမယ့် လာဘ်မရခဲ့

မနေ့ကပြောခဲ့တဲ့ ဒိဋ္ဌိ ဘယ်နှစ်မျိုးပါလိမ့်?

"သုံးမျိုးပါဘုရား"

အဲဒီ ဒိဋ္ဌိသုံးမျိုးကို နိယတမိစ္ဆာဒိဋ္ဌိ သုံးမျိုးလို့ ခေါ်တယ်။ ဘာဒိဋ္ဌိတဲ့လဲ?

"နိယတမိစ္ဆာဒိဋ္ဌိပါ ဘုရား"

နိယတ ဆိုတာ မြဲတာ။

နိယတက ဘာတဲ့တုန်း။

"မြဲတာပါဘုရား"

မိစ္ဆာက မှားသော။

မိစ္ဆာက?

"မှားသောပါဘုရား"

ဒိဋ္ဌိက?

"အယူပါဘုရား"

အဲဒါကို တိုက်ရိုက်ဘာသာပြန်ရင် အမြဲတမ်း မှားတဲ့ အယူတဲ့။ ပြော၊ ဘာတဲ့တုန်း?

"အမြဲတမ်း မှားတဲ့အယူပါ ဘုရား"

ဒါက တိုက်ရိုက်ဘာသာပြန်ခြင်း။ နောက်တစ်မျိုး ထပ်ပြောမယ်။ ဟောဒီ နိယတမိစ္ဆာဒိဋ္ဌိက အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ။ ဘယ်နှစ်မျိုးတုန်း။

"သုံးမျိုးပါဘုရား"

အဟေတုကဒိဋ္ဌိဆိုတာ ဘာပယ်တဲ့ ဒိဋ္ဌိလဲ?

"အကြောင်းပယ်တဲ့ ဒိဋ္ဌိပါဘုရား"

အခု ယောဂီတို့၊ ဘုန်းကြီးတို့ တရားဟော၊ တရားနာတာ ခန္ဓာ ဘယ်နှစ်ပါးလဲ?

"ငါးပါးပါဘုရား"

ဒီခန္ဓာငါးပါး အလိုလိုရတာလား၊ အကြောင်းတရားကြောင့်လား?

"အကြောင်းတရားကြောင့်ပါ ဘုရား"

အကြောင်းခမ္ဘကြောင့် ဘာပေါ်တာလဲ?

"အကျိုးခမ္ဘပေါ်တာပါ ဘုရား"

အဲဒါကို လက်မခံဘူး။ ယောဂီတို့ရေ... ဗြဟ္မာကြီးက ဖန်ဆင်းတာ၊ မျောက်ကဖြစ်တာပါနဲ့ ရှုပ်ယှက်ကို ခတ်နေတာပဲ။ တကယ်တော့ လူ့ခန္ဓာရတာ တခြားလား၊ အကြောင်းအကျိုးလား?

"အကြောင်းအကျိုးပါ ဘုရား"

ဒါကို လက်မခံရင် အကြောင်းအကျိုးကို ပယ်တာပဲ။

အကြောင်းပယ်ရင် ဘာဒိဋ္ဌိရ?

"အဟေတုကဒိဋ္ဌိပါဘုရား"

ဒါက အကြောင်းပယ်တဲ့ ဒိဋ္ဌိနော်။ ပြီးတဲ့အခါကျတော့ ကံ ဉာဏ် ဝီရိယဆိုတဲ့ အကြောင်းသုံးပါးကို ပယ်၊ တစ်ပါးသူကို အားကိုး။ အားကိုးမှားနေတာ မရှိဘူးလား?

"ရှိပါတယ်ဘုရား"

ဒါကြောင့် အားကိုးမှားလို့ သီလဗ္ဗတ ပရာမာသဒိဋ္ဌိဆိုတဲ့ နတ်အုန်းတွေ ယောဂီတို့အိမ်ပေါ်မှာ တင်ပြီး ၃၇ မင်းနတ်တွေ ကိုးကွယ်တာ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

အဲဒါ ဘယ်ဒိဋ္ဌိက သွားတာလဲ မေးရင် အဟေတုကဒိဋ္ဌိ၊ အဲဒီကနေ သွားပြီးတော့ သီလဗ္ဗတ ပရာမာသဒိဋ္ဌိ။ သီလက ကိုယ်ကျင့်တရား၊ ဗတက– ဆန့်ကျင်တာ။ ပရာမာသက– ကျင့်သုံးတာ။ သီလနဲ့ ဆန့်ကျင်တဲ့အကျင့်။ ဒါကို စာလိုပြောတော့ ခွေးလိုကျင့်တဲ့အကျင့်၊ နွားလိုကျင့်တဲ့ အကျင့်။ ဒီလိုပြောပါတယ်။

ဘုန်းကြီးတို့ မိုးကုတ်ဆရာတော်ဘုရားကြီးလည်း ကျကျနန ဟောထားတာ ရှိပါတယ်။ (၂၃–၃–၆၀)၊ (၂၄–၃–၆၀) 'ပြုံးသေမဲ့သေ' ဆိုပြီးတော့ ကျေးရူးရှင်ကြီး ဟောထားတာ ရှိပါတယ်။ 'ကံလေးမျိုးတရား'တဲ့။ ကုက္ကုတဝတီသုတ်မှာ ပုဏ္ဏနဲ့ သေနိယကို အကြောင်းပြုပြီးတော့ ဟောထားတယ်။

ပုဏ္ဏက နွားလိုကျင့်၊ သေနိယက ခွေးလိုကျင့်တာ။ ပုဏ္ဏက နွားလိုကျင့်ပြီးတော့ နွားလိုလည်း ချိုတပ်တယ်၊ လေးဘက်ထောက်သွားတယ်။ နွားလိုပဲ မြက်စားတယ်။ နွားတွေလိုပဲ နွားချင်းတွေ့ရင် တွန်တယ်။ လူတွေ တွေ့တဲ့အခါကျတော့ နွားတွေလိုပဲ သူ့ကိုယ်လုံးနဲ့ ပွတ်တယ်၊ နွားတွေ အမူအရာ သူက အကုန်လုပ်တယ်။

သေနိယက ခွေးလိုကျင့်တယ်၊ ခွေးလို အမြီးတပ်တယ်။ ဘာအဝတ်မှ မဝတ်ဘူး။ ခွေးတွေလိုပဲ ပစ်ကျွေးမှ သူက စားတယ်။ ခွေးတွေလို ပြာပုံပေါ် အိပ်တယ်။ ခွေးမြင်ရင် ခွေးအချင်းချင်းလိုပဲ သူက ဟောင်တယ်၊ အူတယ်။ လူတွေတွေ့ရင် လူတွေရဲ့ ခြေသလုံးတို့၊ ခြေဖမိုးတို့ကို လျှာနဲ့ လျက်တယ်။ ခွေးရဲ့ အမူအရာ အကုန်ကျင့်တာ။ ကျင့်လာလိုက်တာမှ နှစ်ပေါင်း ၃၃ နှစ်တောင် ကြာတယ်။

ခွေးလို၊ နွားလို ကျင့်တာ ဘယ်နှစ်နှစ်?

"၃၃ နှစ်ပါ ဘုရား"

ဒီအကြောင်းနှစ်ချက်ကို အခြေခံပြီးတော့မှ ကျင့်နေတာ။ ဒါပေမဲ့ နှစ်ပေါင်း ၃၃ နှစ်သာ ကြာလာတယ်။ လာဘ်လာဘလည်း မပေါဘူး။ ဂုဏ်သတင်းလည်း မကျော်စောဘူး။ ဒီလိုနဲ့ နေလာလိုက်တဲ့အခါကျတော့ သူငယ်ချင်းနှစ်ယောက် စဉ်းစားပြီ။

'ပုဏ္ဏ'၊ 'ဘာလဲ သေနိယ'၊ 'ငါတို့ကျင့်လာတာ ဒီအကျင့်ကို နှစ်ပေါင်း ၃၃ နှစ် ရှိပြီ'၊ 'ဟုတ်တယ်လေ'၊ 'ခု ဒီလိုကျင့်နေတာ ဘာလာဘ်လာဘမှလည်း မပေါဘူး၊ ဘာဂုဏ်သတင်းမှလည်း မကျော်စောဘူး။ ငါတို့လုပ်နေတာ မှားလား၊ မှန်လား သိရအောင်၊ ပြင်သင့်ပြင်ထိုက်တာလေးတွေ ပြင်ရအောင်လို့ အခု တို့ သာဝတ္ထိရောက်တုန်း ရဟန်းကြီးဂေါတမဆီကို သွားမေးရအောင်' ဆိုပြီးတော့ ဘုရားဆီကို သွားကြတယ်။

## ပြိတ္တာကိုးကွယ်ရင် ပြိတ္တာပဲဖြစ်မယ်

ပုဏ္ဏနဲ့ သေနိယတို့ နှစ်ယောက်သား ဘုရားဆီရောက်တော့ ပုဏ္ဏက သူ့ကိုယ်လုံးနဲ့ပွတ်၊ သေနိယက လျှာနဲ့ လျက်ပြီး ဘုရားကို မော့တဲ့ မော့တဲ့ ကြည့်ပြီး မေးလိုက်တာများ 'အို ရှင်ကြီးဂေါတမ' နေစမ်းပါဦး၊ ခဏလေး မေးချင်လို့'၊ 'မင်းတို့ကလည်း ဒါ ဆွမ်းခံချိန်ကြီးကွ၊ နောက်မှမေး' ဘုရားက ရှေ့ဆက်ကြွ၊ ဟိုကလည်း လိုက်တာပဲ။

လိုက်ပြီးတဲ့အခါကျတော့ 'နေပါဦး ရှင်ကြီးဂေါတမရဲ့၊ မေးစရာ ရှိလို့ပါ'။ တတွတ်တွတ်နဲ့ မေးနေတယ်၊ ဘုရားကလည်း 'နောက်မှမေး'လို့ တားတာပဲ။ အဲဒီလို သုံးကြိမ် သုံးခါလောက် တားမြစ်ပြီးတော့ လေးကြိမ်မြောက်တဲ့အခါမှာ မေးခွင့်ပြုလိုက်တယ်။

'ဒီဟာ တပည့်တော် သူငယ်ချင်းပါ။ သူက နွားလိုကျင့်တယ် ဘုရား'၊ 'မင်းသူငယ်ချင်းက ဘာလို့ နွားလိုကျင့်တာလဲ'၊ 'ပစ္စုပ္ပန်

မှာလည်း စီးပွားရေးတက်မယ်၊ သံသရာမှာလည်း သုဂတိမှတစ်ဆင့် နိဗ္ဗာန်ရောက်မယ် ဆိုပြီးတော့ ဆရာ့ဆရာကြီးတွေက ပြောခဲ့တယ်။ တကယ်ဖြစ်မလား သိချင်လို့ပါ'ဆိုတော့ 'ဒီမေးခွန်း ငါ့ကို မမေးနဲ့' တဲ့။

'သိချင်လို့မေးတာ၊ ဖြေစမ်းပါ၊ မှားရင်လည်း ပြင်မလို့ပါ'။ မေးတာ သုံးကြိမ် ပယ်ချတယ်။ နောက်လေးကြိမ်မြောက် မေးတော့မှ ဘုရားက 'မင်းသူငယ်ချင်း ပုဏ္ဏာ နွားလိုကျင့်ပြီး သေရင် နွားလိုပဲ ဖြစ်မယ်။ ဒီအကျင့်သည် ပစ္စုပ္ပန် လာဘ်လာဘတိုးမယ်၊ သေရင်လည်း သုဂတိမှတစ်ဆင့် နိဗ္ဗာန်ရောက်မယ်ဆိုတဲ့ အယူကို မစွန့်ဘဲနဲ့ သေရင် နွားဘဝမှာ ဖြစ်ပြီးတော့ အဝီစိမှာ ကျမယ်ကွ'။ ဘုရားဆိုတာ ပညာဦးစီးတာဖြစ်လို့ ဒဲ့ပဲဖြေလိုက်တယ်။

ဒီအဖြေကို ကြားရတော့ ပုဏ္ဏာ ငိုလိုက်တာတဲ့။ 'အရှင်ဂေါတမ၊ အရှင်ဂေါတမရဲ့ အဖြေကြောင့် ငိုတာမဟုတ်ပါဘူး၊ တပည့်တော် ကျင့်ခဲ့တာ နှစ်ပေါင်း ၃၃ နှစ်၊ ဒီလောက်ကျင့်ပြီးမှ သေတော့လည်း နွားဖြစ်မယ်၊ နွားဘဝက သေတော့ အဝီစိကျမယ်ဆိုတော့ ကုန်သွားတဲ့ အချိန်တွေ နှမြောလို့ပါ ဘုရား'တဲ့။

နောက်တစ်ခါ ပုဏ္ဏာက 'တပည့်တော်လည်း မေးချင်ပါတယ်'၊ 'မင်းက ဘာမေးမှာလဲ'၊ 'တပည့်တော် သူငယ်ချင်း သေနိယက ခွေးလို ကျင့်တယ်ဘုရား'။ ခေတ်စကားနဲ့ပြောရင် တစ်ယောက်နဲ့ တစ်ယောက် ချွန်တာပေါ့။ ဘုရားက 'မင်းသူငယ်ချင်းက ဘာလို့ ခွေးလိုကျင့်တာတုန်း'၊ 'တပည့်တော်လိုပါပဲဘုရား'၊ ဆိုပြီးတော့ ရှင်းပြတော့ ဒီမေးခွန်း မမေးဖို့ တားတာပေါ့။ သုံးကြိမ် တားပြီးတဲ့ နောက် လေးကြိမ်မြောက် ထပ်မေးတော့မှ ဘုရားက ဖြေတယ်။ 'မင်းသူငယ်ချင်း သေနိယ ခွေးလိုကျင့်ပြီးသေရင် ခွေးပဲဖြစ်မယ်၊ ခွေးဘဝက သေရင် အဝီစိကျမယ်'တဲ့။

ခွေးဘဝက သေရင် ဘာကျမှာလဲ?

"အဝိစိကျမှာပါ ဘုရား"

သေနိယလည်း ပုဏ္ဏလိုပဲ ငိုတယ်။ ပုဏ္ဏအတိုင်းပဲ။ ဒီစကားလုံးထည့်တာ နားထောင်ကောင်းအောင် မဟုတ်ဘူးနော်။ ပြောစရာရှိလို့။ အခု ပြောတော့မယ်။ နွားလိုကျင့်ရင် နွားလိုဖြစ်မယ်။ နွားဘဝက သေရင် အဝိစိရောက်မယ်။ ခွေးလိုကျင့်ရင်?

"ခွေးဖြစ်မယ်ပါ ဘုရား"

ခွေးဘဝက သေရင်?

"အဝိစိကျမှာပါ ဘုရား"

၃၇ မင်းက ဘာတွေတုန်း?

"ပြိတ္တာတွေပါ ဘုရား"

ဝေမာနိက ပြိတ္တာတွေဗျ။ အသုရာနွယ်ဖွား ဝေမာနိက ပြိတ္တာတွေကို ကိုးကွယ်ရင် ပြိတ္တာဖြစ်မယ် ဒါပဲ။ ပြိတ္တာဘဝက သေရင် အဝိစိကျမယ်။ ဒါထည့်ချင်လို့ ဒီဇာတ်လမ်းထုတ်တာ။ နားထောင်ကောင်းလို့ ဒီဇာတ်လမ်းထုတ်တာ မဟုတ်ဘူး။ ဒီလိုအကျိုးကို မြင်လို့။

တရားဆိုတာ နာယူသူမှာ အကျိုးတစ်ခုခုတော့ ရမှဖြစ်မှာ။ ဒီတရားက နားထောင်ကောင်းလိုက်တာ၊ ဒီတရားက သာဓု၊ သာဓု ဆိုပြီး ပြန်သွား၊ ကိုယ့်အတွက် ဘာမှမကျန်ဘူး၊ ကိုယ့်အတွက် ပြင်စရာ ဆင်စရာလည်း မရှိဘူးဆိုရင် ကျေးဇူးမများဘူးဗျ။

ဒါဖြင့် ယောဂီတို့ အိမ်ပေါ်မှာတင်ပြီး ကိုးကွယ်ထားတာ တခြားလား၊ ပြိတ္တာတွေလား?

"ပြိတ္တာတွေပါ ဘုရား"

ဘာအမှတ်နဲ့ ကိုးကွယ်ကြတာတုန်း မေးရင် လာဘ်လာဘပေါ်အောင်လို့၊ ပစ္စုပ္ပန်စီးပွားရေးတက်မလားလို့ ဟုတ်လား။ ဒကာကြီးတွေ မဖြေရဲဘူး၊ နောက်က ဒကာမကြီးတွေ ဟုတ်ရဲ့လား?

"ဟုတ်ပါတယ်ဘုရား"

ပြောရဦးမယ်။ ဘုန်းကြီး ခုလိုစခန်းပွဲကြီး ခင်ဦးမှာ သွားတရားဟောတော့ ဘုန်းကြီးက ဒီ ဒိဋ္ဌိပြုတ်တရားတွေ ဟောတာပေါ့။ ဟောတဲ့အခါကျတော့ အသက်ရှစ်ဆယ်ကျော်အရွယ် အဘွားကြီးတွေ ပါတယ်။ သူတို့က မေးလိုက်လို့ရှိရင် 'မှန်ပါဘုရား၊ တင်ပါဘုရား၊ ဟုတ်ပါတယ်ဘုရား၊ ဖြုတ်ရမှာပါဘုရား' လိုက်ဖြေရတာကိုး။ သူတို့က ရှေ့တည့်တည့်မှာ နေတာဆိုတော့ မဖြေရင် အအော်ခံရဦးမှာ။ ကြောက်ကြောက်နဲ့ စိတ်ထဲက မပါလည်း လိုက်ဖြေနေရတာပေါ့။ ဒါနဲ့ တရားပွဲပြီးတော့ ပြန်သွားကြရော။

ဘုန်းကြီးလည်း သင်္ကန်းလေးရုံ ယပ်တောင်ကလေးကိုင်ပြီး နောက်မှာ ကပ္ပိယကြီးတစ်ယောက်နဲ့ မြို့ထဲကို သာသနာရေးကိစ္စရှိတာနဲ့ ကြွသွားရတယ်။ ကြွသွားတော့ ဘုန်းကြီးရှေ့က ယောဂီဝတ်စုံနဲ့ အဘွားကြီးနှစ်ယောက် တော်တော်လှမ်းလှမ်းမှာ သွားနေတယ်။ ဘုန်းကြီးက နောက်ကနေလိုက်လို့ မကြာပါဘူး။ ရှေ့မှာ ညောင်ပင်ကြီးတစ်ပင်နားရောက်တော့ အဘွားကြီးနှစ်ယောက်က ဇွေ့ခနဲဆို ဝင်သွားတယ်။ ဘုန်းကြီးကလည်း နောက်ကနေ လိုက်သွားလို့ အသာကလေးရပ်ပြီးတော့ ကြည့်ရင်း ခြေသံလုံလုံနဲ့ နားထောင်နေတယ်။ အောင်မယ်... အဘွားကြီးနှစ်ယောက် လက်ကလေးကတုန်သေးတာ 'အမိုက်အမဲလေးမို့ ခွင့်လွှတ်ပါ'တဲ့။

သူတို့အသက်က ဘယ်လောက်တုန်း?

"ရှစ်ဆယ်ပါဘုရား"

သူတို့အသက်က ရှစ်ဆယ်ကျော်နေပြီ။ အမိုက်အမဲလေးဆိုတော့ ဘယ်တော့ လိမ္မာမှာလဲ။ အမိုက်အမဲလေးမို့ ခွင့်လွှတ်ပါ။ သူ့တရားပွဲ သွားနာမိလို့ စိတ်ထဲကတော့ မပါပါဘူး။ မကောင်းတတ်လို့ ဖြေရတာပါ။ အမှားရှိရင် ခွင့်လွှတ်ပါ။ ကိုင်ခြင်းကိုင် အဲဒီဟောတဲ့ ကိုယ်တော်ကြီးကို သွားကိုင်ပါ'တဲ့။ အဲဒါနဲ့ ကျုပ်ကလည်း ယပ်တောင်ကလေး ကိုင်ရင်းနဲ့ 'ကျုပ်ကလည်း အကိုင်ခံချင်လို့ ဟောနေတာဗျ'

လို့ ပြောလည်းပြောလိုက်ရော အဘွားကြီးနှစ်ယောက် ဆတ်ခနဲ မော့ကြည့်ပြီး 'အောင်မယ်လေးတော့'ဆိုပြီး ပြေးလိုက်ရာ ဆယ့်ခြောက်နှစ်သမီးလေးတွေကျနေတာပဲ။

တချို့ သက်သက်ကို ကြောက်နေတာတွေ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ရှိတယ်၊ ရှိတယ်။ ယောဂီတို့ ဒါ ဘုန်းကြီးက ခြောက်ဟောတာလည်း မဟုတ်ဘူး။ မြှောက်ဟောတာလည်း မဟုတ်ဘူး။ ဟိုဘက်ကို ဘယ်ကိုမှ သဘောထားလို့ ပြောနေတာလည်း မဟုတ်ဘူး။

ယောဂီတို့ဝမ်းထဲက ဘယ်သူ့ကို ဖြုတ်ပေးနေတာလဲ?

"ဒိဋ္ဌိကို ဖြုတ်ပေးနေတာပါ ဘုရား"

ယောဂီတို့ တရားအားထုတ်တာ ဘာလိုချင်လို့လဲ?

"နိဗ္ဗာန်လိုချင်လို့ပါဘုရား"

ဒါန၊ သီလ၊ သမထ၊ ဝိပဿနာဘာဝနာ ကုသိုလ်ကောင်းမှုလေးမှု လေးလီကို စွမ်းနိုင်သမျှ ကြိုးစားနေကြတာ ဘာလိုချင်လို့လဲ?

"နိဗ္ဗာန်လိုချင်လို့ပါ ဘုရား"

နိဗ္ဗာန်လိုချင်ရင် နိဗ္ဗာန်မရအောင် ကန့်ကွက်မှာက ဘာပါလိမ့်?

"ဒိဋ္ဌိပါ ဘုရား"

ဒီ ဒိဋ္ဌိရှိနေသမျှ ကာလပတ်လုံး သောတာပန် တည်မလာ?

"မတည်ပါဘူး ဘုရား"

စဉ်းစား။ သောတာပန် မတည်တဲ့အပြင် အပါယ်လေးပါးကို ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ ကျဦးမှာဗျ၊ ရှင်းပြီလား။

## ချစ်လို့ဟောတယ် မှတ်ပါ

မနေ့ညနေက ဘုန်းကြီး သေချာပေါက်ပြောခဲ့ပါတယ်။ အလုပ်ပေးထဲမှာ ဖြစ်ပျက် မမြင်လို့ ယောဂီတို့ရေ၊ သေခါနီးမှာ စာဂါနုဿတိ

ကုသိုလ်လေး သတိရဦးတောင်မှ လှူခဲ့တန်းခဲ့တာလေး သတိရပေဦး တော့ သုဂတိဘဝ ရသေးတယ်ဗျ။ ဒီခေတ်အုန်းတန်းလန်း၊ နတ်အုန်း တန်းလန်း၊ ကြွတ်အုန်းတန်းလန်းနဲ့ သေလို့ကတော့ သွားပြီ၊ အပါယ် လေးပါးပဲဗျ။

ဖြစ်ပျက် မမြင်ရင် ယောဂီတို့ ကုသိုလ်က ထောက်ပံ့လို့ အပါယ်မကျနိုင်သေးပါဘူး။ ဘုရား သရဏဂုံပျက်စီးရင်တော့ ကျမယ်။ အယူမှားရင်တော့ ကျမယ်လို့ ပြောတာ၊ သဘောကျရဲ့လား။ ဘုရားကို ကိုးကွယ်လို့ မကိုးကွယ်လို့ အပါယ်ကျမယ်၊ မကျမယ် မပြောဘူး။ အယူမှားရင် အပါယ်ကျမယ်။

တို့ဘုရားကလည်း 'မင်းတို့ ငါကို ကိုးကွယ်ရင် အပါယ်မကျ ပါဘူးကွာ' လို့ မဟောခဲ့ဘူးဗျ။ ဘုရားကတော့ မဟောပါဘူး။ သို့သော် ဆရာတော်များကတော့ လူငယ်များကို စည်းရုံးတဲ့အနေနဲ့ 'ဘုရား ကိုးကွယ်၊ တန်ခိုးကြွယ်၊ အပါယ်မကျ၊ နိဗ္ဗာန်ရ' လို့ ကလေးတွေအတွက် သင်ရတာပေါ့ဗျာ။ ဘုရားကတော့ ဒီလိုမျိုး တိုက်ရိုက်မပြောပါဘူး။ ဘယ်ဘာသာမှ မနှိမ်နင်းတာသည် တို့ဘုရားရဲ့ ဝါဒ။

အခုကတော့ မိစ္ဆာဒိဋ္ဌိအယူ ယူရင်တော့ ဘာကျမှတုန်း?

"အပါယ်ကျမှာပါ ဘုရား"

မိစ္ဆာဒိဋ္ဌိအယူ အယူမှားရင်တော့ အပါယ်ကျမှာပဲ။ ယောဂီတို့၊ ဘုန်းကြီးတို့ ဘုရားကိုးကွယ်တာ ဘာကြောင့်ကိုးကွယ်တာလဲ မေး ရင် အဲဒီ အပါယ်လေးပါးက လွတ်ရာလွတ်ကြောင်း အသေလွတ်ရာ ကို ပြတတ်လို့ ကိုးကွယ်တာမှတ်ပါ။

အသေလွတ်ရာကို ပြတတ်လို့ ဘယ်သူ့ကို ကိုးကွယ်တာလဲ?

"ဘုရားကို ကိုးကွယ်တာပါ ဘုရား"

အခု သစ္စာတရားဆိုတာ တခြားလွတ်မြောက်ကြောင်းတရား လား၊ အသေလွတ်မြောက်ကြောင်း တရားလား?

"အသေလွတ်မြောက်ကြောင်းတရားပါ ဘုရား"

ဒါဖြင့် အိုနာသေ လွတ်ချင်ရင် ဘာသိအောင် လုပ်ရမယ်?

"သစ္စာသိအောင် လုပ်ရမှာပါ ဘုရား"

အဲဒီတော့ ဘာမှ နားမလည်ဘဲနဲ့ ကိုးကွယ်တာလားလို့ရှိရင် ပြိတ္တာကို ကိုးကွယ်ရင် ဘာဖြစ်မှာလဲ?

"ပြိတ္တာဖြစ်မှာပါ ဘုရား"

ပြိတ္တာဘဝက သေရင် ဘာကျမှာလဲ?

"အပါယ်ကျမှာပါ ဘုရား"

အခုနက ပုဏ္ဏနဲ့ သေနိယ ခွေးအကျင့်၊ နွားအကျင့်တွေ ကျင့်ခဲ့ကြတာ ဘယ်နှစ်နှစ်တုန်း။

"၃၃ နှစ်ပါ ဘုရား"

မှားမှန်းသိလိုက်တဲ့အခါကျတော့ မငိုဘူးလား?

"ငိုပါတယ်ဘုရား"

ငိုပြီးတော့မှ၊ ပြင်ပါ့မယ်ဆိုပြီးတော့မှ အာမ မခံဘူးလား၊ ခံသလား?

"ခံပါတယ်ဘုရား"

အဲဒီကျတော့မှ ပုဏ္ဏနဲ့ သေနိယက 'အရှင်ဘုရား၊ တပည့်တော်တို့ကို နိဗ္ဗာန်ရောက်ကြောင်း တရားလေး ဟောပေးပါဦး ဘုရား' ဆိုတော့ 'ငါ မင်းတို့ကို နိဗ္ဗာန်ရောက်ကြောင်း တိုက်ရိုက်မဟောနိုင်ဘူး၊ မင်းတို့က မိစ္ဆာဒိဋ္ဌိတွေ၊ မိစ္ဆာဒိဋ္ဌိတန်းလန်းရှိတဲ့ သူတွေကို ငါ နိဗ္ဗာန်ရောက်ကြောင်းတရား မဟောနိုင်ဘူး' တဲ့။

အခု ယောဂီတို့လည်း ဘုရားနဲ့တွေ့ရင် 'မင်းတို့အိမ်က ဓာတ်အုန်းကြီးတန်းလန်းနဲ့မို့ ငါ နိဗ္ဗာန်ရောက်ကြောင်း တရားမဟောနိုင်ဘူးကွ'လို့ ပြောမှာ။ ယောဂီတို့အိမ်က ဟိုထောင့် ဒီထောင့်၊ အနီစ အပြာစ တန်းလန်းကြီးနဲ့ ဓာတ်အုန်း နတ်အုန်းတန်းလန်းကြီးနဲ့ မရှိမသေ ဒူးထောင် ပေါင်ကားကြီးတွေ အိမ်ပေါ်တင်ထားတဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့ရင် 'ငါ နိဗ္ဗာန်ရောက်ကြောင်းတရား တိုက်ရိုက်မဟောနိုင်ဘူး'လို့ ပြောမှာပဲ။

ဘာဖြစ်လို့လဲဆိုတော့ ဝမ်းထဲမှာ ဘယ်သူရှိနေလို့လဲ?

"မိစ္ဆာဒိဋ္ဌိ ရှိနေလို့ပါဘုရား"

မင်းတို့ ငါ နိဗ္ဗာန်ရောက်ကြောင်းတရား တိုက်ရိုက်မဟောနိုင်ဘူး။ ကံဝေဖန်ပြီးတော့ တရားဟောမယ်တဲ့။

ဘာဝေဖန်ပြီးမှ ဟောမှာလဲ?

"ကံဝေဖန်ပြီးမှ ဟောမှာပါဘုရား"

အဲဒီကျတော့ ဘုရားက ကံဘယ်နှစ်မျိုး ဟောတာလဲ?

"လေးမျိုးပါဘုရား"

ကံအကြောင်းကို အကြောင်းတိုက်ဆိုင်တော့ ဟောတာပေါ့။ ဒီနေရာမှာ ဒိဋ္ဌိဖြုတ်တာကိုပဲ ဟောမယ်။ ဒိဋ္ဌိတစ်လုံး ဝမ်းထဲမှာ ရှိနေလို့ရှိရင် ဘုရားနဲ့ ကျွတ်တန်းဝင်မလား?

"မဝင်ပါဘူး ဘုရား"

အလွန်အင်မတန် ကြောက်စရာကောင်းလွန်းလို့ သတိပေးနေတယ် မှတ်ပါ။ အိုးဖုတ်သမား အိုးကို ထုတယ်၊ ရိုက်တယ်၊ နှက်တယ်ဆိုတာ အိုးကွဲစေချင်လို့လား၊ ခိုင်ခံ့စေချင်လို့လား?

"ခိုင်ခံ့စေချင်လို့ပါ ဘုရား"

ဒီအတိုင်းပဲပေါ့ ယောဂီတို့ရယ်။ ဒီ ခေတ်အုန်း၊ နတ်အုန်း၊ ကြတ်အုန်းတွေနဲ့ ပတ်သက်ပြီးတော့ နာနာနင်းနင်း ပြောနေရတယ်ဆိုတာ ယောဂီတို့ဘဝ နစ်မွန်းအောင်ပြောတာလား၊ လှပစေချင်လွန်းလို့လား?

"လှပစေချင်လွန်းလို့ပါ ဘုရား"

ဒီထက်မြင့်စေပြီးမှ ဘုံစဉ်စံ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်စေချင်လွန်းလို့ နာနာပြောတယ်မှတ်။ ရှင်းပြီလား။ တချို့က ဒါမျိုးပြောရင် မကြိုက်ဘူးဗျ။ ဒါတော့ မတတ်နိုင်ဘူး။ ဆရာတော်ဘုရားကြီးက ဥပမာပေးတယ်။ လေးဖက်သွားအရွယ် ကလေးတစ်ယောက်ဟာ ဘာမှသိတာ မဟုတ်တော့ မြင်သမျှကောက်ပြီး မျိုတာပဲ။ သံတွေလည်း မျိုတာပဲ။

ခဲတွေလည်း မျိုတာပဲ။ နေကြာစေ့အခွံတွေလည်း မျိုတာပဲ။ အဲဒါ မျိုပစ်လိုက်တော့ ဗိုလ်ထဲရောက်ရင် အူအသဲတွေ အကုန်ဖောက်ပြီး တော့ ဒီကလေး သေမှာ။

အဲဒါ အန္တရာယ်မကောင်းတဲ့ တွယ်ချိတ်လိုဟာမျိုးကို ဒီကလေး ကောက်မျိုလိုက်ပြီ ဆိုပါစို့။ တွေ့တဲ့ လူကြီးက ဒီအတိုင်းကြည့်နေ မှာလား၊ ကော်ထုတ်မှာလား?

"ကော်ထုတ်မှာပါ ဘုရား"

ကလေးကို ရင်ခွင်ထဲမှာထည့်၊ လက်မနဲ့ လက်ညှိုးကို ကောက်ပြီးတော့ ကလေးပါးစပ်ကို အားကုန်ညှစ်ပြီးတော့မှ ဆွဲမထုတ် ဘူးလား၊ ဆွဲထုတ်မှာလား?

"ဆွဲထုတ်မှာပါ ဘုရား"

ကလေးက သူမျိုချင်လို့ မျိုတာကို ဒီက အတင်းဆွဲထုတ်တော့ ကြိုက်မလား၊ မကြိုက်ဘူးလား?

"မကြိုက်ပါဘူး ဘုရား"

အဲဒီကျတော့ ကလေးက ဟိုထု ဒီထု၊ ဆံပင်တွေဆွဲ၊ ခြေထောက် နဲ့ ဆောင့်ကန်၊ ဆဲဆိုမယ်။ ကလေးက ရုန်းတော့ ကလေးနှုတ်ခမ်းနဲ့ လက်သည်းနဲ့ ထိမိပြီးတော့ သွေးထွက်လာမယ်။ သူ မကြိုက်ရှာပါ လား။ နှုတ်ခမ်းလည်း သွေးထွက်ကုန်ပြီ။ သူ မကြိုက်ရင် ငါဆွဲမထုတ် တော့ပါဘူး ဆိုပြီး ဒီအတိုင်း လွှတ်ထားလိုက်လို့ ကလေးဝမ်းထဲ အဲဒီပစ္စည်း ရောက်သွားရင် ဘာဖြစ်မှာတုန်း?

"သေမှာပါဘုရား"

ကလေးသေမှာကို စိုးရိမ်တဲ့ ကရုဏာကြီးမားတဲ့ မေတ္တာရှိတဲ့ မိဘမှန်ရင် သေမှာထက် သွေးထွက်တာက တော်သေးတယ်၊ ကလေး ဆိုတော့ ကလေးအတိုင်း မိဘရဲ့ စေတနာ မေတ္တာကို နားမလည်လို့ ထုပါစေ၊ ရိုက်ပါစေ ကိစ္စမရှိဘူးဆိုပြီး အတင်းဆွဲပြီးတော့ မထုတ် ဘူးလား၊ ထုတ်သလား?

"ထုတ်ပါတယ်ဘုရား"

အဲဒါမှ မိဘမေတ္တာအမှန်ဗျ။ အခုလည်း ယောဂီတို့၊ ဘုန်းကြီးတို့ ဘာထူးတုန်း။ မသိဘဲ နဲ့ ကောက်မျိုထားတဲ့ ဒိဋ္ဌိအပင်းတွေက မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

အဲဒါကို ဘုရားကိုယ်တော်မြတ်ကြီးက သဒ္ဓါလက်ကလေးနဲ့ ကောက်ပြီးတော့ ပညာလက်ကလေးနဲ့ အတင်းဆွဲထုတ်နေရတာ။ တချို့က မကြိုက်ဘူး။ 'ကိုယ့်တရား ကိုယ်မဟောဘူး၊ ဒီပဲ ထိခိုက်နေတာပဲ'လို့ အပြစ်ပြောတာ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ် ဘုရား"

ဘုန်းကြီးတို့ကလည်း နှလုံးသွင်းမှန်မှန်နဲ့ ဟောနေရပါတယ်။ အပါယ်လေးပါး ကျသွားမှာထက်စာရင် ငါ့ကို မကြည်ညိုတာကမှ တော်သေးတယ်ဆိုပြီး ဟောနေတာဗျ။ မကြည်ညိုလို့ ဆွမ်းမလောင်းရင် ကုသိုလ်မရရုံပဲရှိမှာ။ ကိုယ့်ကို မကြည်ညိုလို့ ထိုင် မကန်တော့ရင် ကုသိုလ်မရရုံပဲရှိမှာ၊ အပါယ်တော့ မကျဘူး။

ဟောဒီ မိစ္ဆာဒိဋ္ဌိနဲ့ သေရင် ဘယ်ကျမှာလဲ?

"အပါယ်ကျမှာပါ ဘုရား"

ဒါကြောင့် ဟောနေတာဗျ။ ဒါကြောင့် ပြောနေတာဗျ။ ကန်ချင်လည်း ကန်၊ ဆဲချင်လည်း ဆဲ။ မတတ်နိုင်ဘူး။ ဟောရမှာပဲ။ မေတ္တာစစ်တို့မည်သည် ဒီအတိုင်းသွားတယ်မှတ်ပါ။

## အိမ်ပေါ်တင်တော့ နတ်ကတော်၊ မောင်းထုတ်တော့ ကမ္ဘဝါစာ

အကြောင်းတရားအပေါ် ဉာဏ်မရှင်းရင် အဟေတုကဒိဋ္ဌိ။ အကြောင်းကိုပယ်ရင် ဘာဒိဋ္ဌိ?

"အဟေတုကဒိဋ္ဌိပါ ဘုရား"

အကျိုးကိုပယ်ရင်?

"အကိရိယာဒိဋ္ဌိပါ ဘုရား"

အကြောင်းလည်း မရှိ၊ အကျိုးလည်း မရှိ။ နိယတိ သူဖြစ်ချင်သလို ဖြစ်တာပဲဆိုပြီးတော့ ယူလိုက်ရင်?

"နတ္ထိကဒိဋ္ဌိပါ ဘုရား"

ဒိဋ္ဌိ ဘယ်နှစ်မျိုးပါလိမ့်?

"သုံးမျိုးပါ ဘုရား"

အကြောင်းပယ်ဝါဒ၊ အကျိုးပယ်ဝါဒ၊ အကြောင်းအကျိုးနှစ်မျိုးစလုံးပယ်တဲ့ ဝါဒ၊ ဒါဖြင့် ဒီ ဒိဋ္ဌိသုံးမျိုးကို ဘာဒိဋ္ဌိလို့ ခေါ်လဲဆိုတော့ နိယတမိစ္ဆာဒိဋ္ဌိ။ နိယတက မြဲတာ၊ မိစ္ဆာက မှားတာ၊ ဒိဋ္ဌိက အယူ။ အမြဲတမ်းမှားတဲ့ အယူ။

အမြဲတမ်းမှားတဲ့ အယူဆိုတာကို ဥပမာနဲ့ ပြောရရင် သားသမီးက မိဘကို စော်ကားတယ်။ ပဉ္စာနန္တရိယကံကြီး ထိုက်တယ်ဆိုပါတော့။ ဒီကလေး မိဘကို စော်ကားမိတယ်။ 'ဖပ်'ခနဲဆို သေတော့ ငရဲကျပြီ။ ဒီကနေ့ ငရဲကျပြီး နက်ဖြန်မှာ ကမ္ဘာပျက်ပြီ ဆိုကြပါစို့။ ဗြဟ္မာ့ပြည် ပထမဈာန်ဘုံထိ ပျက်တာ။ ကမ္ဘာဟောင်း ပျက်တယ်ပေါ့။

ကမ္ဘာဟောင်း ပျက်တယ်ဆိုရင် ကမ္ဘာသစ် မပေါ်ဘူးလား၊ ပေါ်လာသလား?

"ပေါ်လာပါတယ် ဘုရား"

ကောင်းပြီ။ မိဘကို စော်ကားလို့ ပဉ္စာနန္တရိယကံ ထိုက်ထားတဲ့ အဲဒီ သူငယ်တစ်ယောက်သည် ဒီနေ့ ငရဲကျတယ်။ မနက်ဖြန် ကမ္ဘာပျက်တာနဲ့ကြုံရင် ငရဲခံစရာ မလိုတော့ဘူး။ လွတ်သွားပြီ။ ဥပမာ– ဒီနေ့ ပြစ်မှုတစ်ခုကြောင့် ထောင်ကျသွားတဲ့လူ နောက်တစ်နေ့ နိုင်ငံတော်ရဲ့ နေ့ထူးတစ်ရက်နဲ့ ကြုံပြီး လွတ်ငြိမ်းချမ်းသာခွင့်ဆိုရင် အဲဒီ ပုဂ္ဂိုလ် ဘာဖြစ်သွားပြီလဲ?

"လွတ်သွားပါပြီဘုရား"

နောက်ထပ် ထောင်ဆက်ခံစရာ မလိုဘူး။ လွတ်သွားပြီ။ အဲဒီလိုပဲ ပဋ္ဌာနန္တရိယကံ ထိုက်သူက ကမ္မာပျက်ရင် လွတ်နိုင်တယ်။ ဟောဒီ နိယတမိစ္ဆာဒိဋ္ဌိကံနဲ့သေတဲ့ နတ်အုန်း၊ ခတ်အုန်း၊ ကြွတ်အုန် တန်းလန်းနဲ့ သေတဲ့သူ ဘယ်ကျမှာလဲ?

"ငရဲကျမှာပါ ဘုရား"

ဒီကနေ့ မိစ္ဆာဒိဋ္ဌိနဲ့ သေ၊ ငရဲကျ။ မနက်ဖြန် ကမ္ဘာပျက်ပြီနော်။ ကမ္ဘာဟောင်းပျက်ရင် ကမ္ဘာသစ် မပေါ်ဖူးလား?

"ပေါ်မှာပါဘုရား"

သူက ကမ္ဘာသစ်မှာ ရွှေ့ခံ။ လွတ်ရက်မရှိဘူး သူက။ ဒါကြောင့် ငရဲမှာ မြဲလို့ နိယတ တဲ့ဗျ။ ဘယ်မှာ မြဲတာလဲ?

"ငရဲမှာမြဲတာပါ ဘုရား"

ဒါတွေကို စိုးရိမ်လို့ ယောဂီတို့ကို သတိပေးတာ။ ဘာဖြစ်လို့ သူများအလိမ်ကို ခံနေရတာလဲ။ ဘာဖြစ်လို့ ဒီသားသမီးတွေကို ဒီ အမွေဆိုးကြီးတွေ ပေးချင်တာလဲ။ ပေးဦးမလား?

"မပေးပါဘူး ဘုရား"

အောက်ပြည်မှာ ဟောရတာ မလွယ်ဘူး။ တောင်ပြုံးလာရင် မန္တလေးကလူ နည်းတယ်။ အောက်ပြည်ကလူက များတယ်။ ရထားစင်းလုံးပြည့် သူတို့ချည်းများတာပဲ။ ဗာလနက္ခတ်သဘင်ပွဲ၊ လူမိုက်ပျော်တဲ့ပွဲ။ ဟိုမှာ နွမချင်းမစာနာ၊ အစ်မချင်းမစာနာ၊ မူးရူးသောက်စားပြီး လျှောက်အော်ချင်တာတွေ အော်နေကြတယ်။

ကိုယ်အန္တရာယ်ကင်းဖို့ မပြောနဲ့၊ တလောက မီးလောင်သွားတာ တောင်ပြုံး ကုန်တော့မလို့၊ နည်းနည်းလိုတော့တယ်။ တော်သေးရဲ့ မန္တလေးဘုန်းကြီးတွေ သူတော်ကောင်းတွေပေါ်လို့၊ ကားတွေ အစီးလိုက်၊ အစီးလိုက် ပြေးပြီး ငြိမ်းရတာဗျ။ အိမ်တွေလောင်သွားတာ နည်းမှတ်လို့။ အဲဒါ မင်းကြီးတို့၊ မင်းလေးတို့၊ ဘာတို့ နန်းစိုက်တဲ့

နေရာပါဗျာ။ ကိုင်း . . . သူတို့ ဘာတတ်နိုင်လဲ။ ဘာမှမတတ်နိုင်ဘူး။ မီးလောင်တော့ ဘယ်ရောက်နေတာတုန်း။ စဉ်းစားနော်။

အဓိပ္ပာယ်မရှိတာတွေ သွားပြီးကိုးကွယ်နေတာတွေ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ် ဘုရား"

စဉ်းစားဗျ။ မြို့ကြီးသားပြောပေမယ့် လူက ပစ္စန္တရာဇ်။ ၂၀ ရာစု၊ ၂၁ ရာစုမှာ လူဖြစ်ပေမယ့် အတွေးအခေါ်က ကမ္ဘာဦး။ အတွေးအခေါ်တွေက Undate လို့ ခေါ်တယ်။ သုံးမဖြစ်တော့ဘူး။ အဲဒီအတွေးအခေါ်တွေ မြောင်းထဲပစ်လိုက်လေ။

တို့ ဒကာ၊ ဒကာမတွေ မှတ်ထား။ အောင်မြင်တယ်၊ တိုးတက်တယ်၊ ကြီးပွားတယ်ဆိုတာ အလိုလိုလား?

"မဟုတ်ပါဘူး ဘုရား"

ကိုင်း . . . ဒီလောက်ပြောနေမှာတော့ ယောဂီတို့ရေ . . . အိမ်က မိစ္ဆာဒိဋ္ဌိတွေ ဒီအတိုင်းထားဦးမှာလား။ မထားရင် ဘယ်လိုလုပ်မလဲ။ တချို့ဆို ဘယ်လိုပစ်ရမှန်း မသိဘူး။ မပစ်ရဲဘူးတဲ့။ လာသေးတာ။ သူတို့က လူမိုက်ငှားသေးတာ။ တင်ထားတဲ့အခါကျတော့ သူတို့ပဲ။ ဒီနတ်စုတ် နတ်ပွဲတွေကို တင်ထား။ တင်ပြီးတဲ့အခါကျတော့ သကြံန် အခါရောက်ရင် လာပြီ၊ နှစ်ဆန်းတစ်ရက်တို့၊ နှစ်ရက်တို့ 'ဘုန်းဘုန်း ဘုရား၊ အိမ်မှာ အန္တရာယ်ကင်းပရိတ် ရွတ်ပေးပါဦးဘုရား၊ ဆွမ်းလည်း ကပ်ချင်လို့ပါဘုရား၊ သင်္ကန်းလည်း ကပ်ချင်လို့ပါ ဘုရား"တဲ့။ ဘုန်းကြီးတွေက ခပ်ပြုံးပြုံးပေါ့။ 'အရှင်ဘုရား၊ ကမ္မဝါစာလေးပါ၊ ရွတ်ပေးပါဦး ဘုရား'တဲ့။ သူ့ဆန်စား ရဲရတော့မှာပေါ့။

သူကပ်တဲ့ဆွမ်း ဘုဉ်းပေးပြီးမှတော့ သူခိုင်းတာ မလုပ်ရဘူးလား၊ လုပ်ရမှာလား?

"လုပ်ရမှာပါ ဘုရား"

ဟော့ . . . လာပြီ၊ ဖတ်တော့မယ်။ 'လူကို မူးအောင် ဝေအောင် နှလုံးတုန်အောင် ပြုတတ်ကုန်သော သင်းကွဲပြိတ္တာ ဘီလူး နတ်မိစ္ဆာ

များ ဤအိမ်၌သော်လည်းကောင်း၊ ဤအိမ်ဝန်းကျင်၌သော်လည်းကောင်း ရှိခဲ့ကြသူအား၊ ဤကဲ့သို့ နတ်မိစ္ဆာများ ရှိနေသည်ကို ဤအိမ်ရှင်နှင့်တကွ ကြွလာသော ပရိသတ်များ နှစ်သက်ကြပါသလော' ဖြေလေ။ မဖြေရင် မဟောတော့ဘူး၊ အခုဆင်းမှာ။

"မနှစ်သက်ပါ ဘုရား"

မနှစ်သက်ရင် ဖယ်လိုက်လေ၊ ရှင်းနေတာပဲ။

မနှစ်သက်ရင် ဘာလုပ်မလဲ?

"ဖယ်ရမှာပါ ဘုရား"

အဲဒီကျတော့ ဖယ်ရဲသလား?

"မဖယ်ရဲပါဘူး ဘုရား"

ပင့်တုန်းကတော့ နတ်ကတော်နဲ့ပေါင်းပြီးတော့ ပင့်ထားတာ။ ဖယ်လိုက်ပါလားဆိုတော့ မဖယ်ရဲဘူး။ နောက်တစ်ခါ မေးပြန်ပြီ။ မနှစ်သက်ပါဘူးဘုရား၊ သုံးကြိမ် သုံးခါ မေးပြီး မနှစ်သက်ပါဘူးဆိုတော့ ကိုင်း... လာရော့လဟယ် 'သုဏာတု မေ ဘန္တေ သံဃော' သွားရော့လဟယ်။ ခါးတောင်းမြှောင်အောင် မကျိုက်ရုံတမယ် ကျန်တော့တာ။ ဆောင့်ကြောင့်ထိုင်ပြီးတော့ကို လုပ်လိုက်ရတာ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

တို့ဒကာ၊ ဒကာမတွေ လုပ်တော့ ကိုယ်ကလုပ်တယ်။ **မောင်း** ထုတ်တော့ ဘယ်သူက လုပ်ရသလဲ။ ကိုင်း... အရှင်ဘုရားတို့၊ တပည့်တော်ပြောတာ သဘာဝမကျဖူးလား၊ ကျသလား?

"ကျပါတယ် ဘုရား"

## ဘုရားအယူ ယူရင် ဒိဋ္ဌိအယူ ပယ်ပါ

ဒကာ၊ ဒကာမတွေကို မေတ္တာ စေတနာ တကယ်ရှိတယ်ဆိုရင် ဖြစ်ပျက်ဆိုတာ ခဏထား။ ဝမ်းထဲမှာရှိတဲ့ မိစ္ဆာ အပင်းကို အရင်

ထုတ်ပေးပါ။ ဒီအပင်းကြီး ရှိနေသမျှကာလပတ်လုံးကတော့ 'ယောဂီ အထက်တန်းစား၊ ဝိပဿနာ ဖြစ်ပျက်၊ ဖြစ်ပျက်က ဘာသစ္စာ၊ ဒုက္ခသစ္စာ' သစ္စာတရားလည်း နာတယ်၊ ဖြစ်ပျက်လည်း ရှုပါတယ်၊ တရားလည်း ထိုင်တယ်ဆိုတော့ အထက်တန်းစား တရားတော့ နာပါရဲ့၊ ခေါင်းမှာတော့ ကျက်သရေခေါင်းပေါင်းကြီး ဆောင်းပြီးတော့ ပေါ့လေ။

အိမ်ကြည့်တဲ့အခါကျတော့ ခတ်အုန်းနဲ့၊ နတ်အုန်းနဲ့၊ ကြတ်အုန်းနဲ့။ ဝမ်းထဲမှာကျတော့ မိစ္ဆာဒိဋ္ဌိနဲ့။ အထက်တန်းတရားတွေ နာပြီးတော့ အောက်ခြေကိုးကွယ်မှုက မမှန်တော့ ဘာနဲ့တူသလဲဆိုရင် မောင့်ကျက်သရေခေါင်းပေါင်း ပေါင်းပြီးတော့မှ ပုဆိုးမပါဘဲ လန်ကွက်တီနဲ့ သွားနေသလိုပဲ။ ကိုင်း... မှန်းသာကြည့်ဗျာ၊ ကြည့်ဖြစ် မဖြစ်။

ဒကာကြီးတွေ ကြည့်ဖြစ်သလား။ မောင့်ကျက်သရေခေါင်းပေါင်းနဲ့ လန်ကွက်တီနဲ့သွားတဲ့ ပုဂ္ဂိုလ်တွေထဲမှာ တို့ဒကာကြီးတွေ ပါသလား?

"မပါပါဘူး ဘုရား"

ဘုရားစင်ရှေ့ကျမှပြော။ ဒီတရားကို ပြန်နာကြည့်၊ ပြန်နှလုံးသွင်း။ အိမ်ဘုရားစင်မှာ ဒူးထောင်၊ ပေါင်ကားကြီးတွေ တွေ့ရင်။ ဒူးထောင်၊ ပေါင်ကားကြီးတွေဆိုတာ ဘယ်သူလဲ သိလား။ ဘိုးဘိုးအောင်တို့၊ ဘိုးဘိုးပြောင်တို့၊ ဘိုးမင်းခေါင်တို့၊ ရုပ်ယှက်ကိုခတ်နေတာပဲ။ မသေဘူးတဲ့။ ထွက်ရပ်ပေါက်တဲ့။ အရှင်ထွက်တဲ့။ လုပ်ပြီ။

အရှင်ထွက်ဆိုတာ ဘာကိုပြောတာလဲ။ အရှင်ထွက်ဆိုတာ ဒုလ္လဘ ပြောနေတာ။ ဟုတ်တယ်လေ။ သင်္ကြန်တွင်းကျရင် ဆယ်ရက်တော့ သင်္ကန်းဝတ်ဦးမှ ဆိုပြီးတော့ မဝတ်ဖူးလား၊ ဝတ်သလား?

"ဝတ်ပါတယ် ဘုရား"

ဆယ်ရက် အဓိဋ္ဌာန်တရားပွဲပြီးတော့ သူ ဘာလုပ်လဲ?

"ထွက်ပါတယ် ဘုရား"

အသေထွက်တာလား၊ အရှင်ထွက်တာလား?

"အရှင်ထွက်ပါဘုရား"

အဲဒါပြောတာ။ 'အရှင်ထွက်ဆိုတာ ဒုလ္လဘ၊ အသေထွက်ဆိုတာ ဘုန်းကြီးပျံ'။ အဲဒါတွေကို သွားပြီး အရှင်ထွက်တာ၊ အသေထွက်တာတဲ့။ ရုပ်သာသေတာ၊ နာမ်က မသေဘူးတဲ့။ လောကကြီးကို စောင့်ရှောက်နေတာတဲ့။ သဿတဒိဋ္ဌိ။ ပြောတော့ ဗုဒ္ဓဘာသာ၊ ယူထားတာက ဒိဋ္ဌိ။

တို့ ဒကာ၊ ဒကာမတွေ ဘယ်ဘာသာဝင်တုန်း?

"ဗုဒ္ဓဘာသာဝင်ပါ ဘုရား"

ဗုဒ္ဓဘာသာဆိုတာ ဘယ်သူ့အယူ ယူရမယ်?

"ဘုရားအယူ ယူရမှာပါ ဘုရား"

ဘုရားအယူ ယူချင်ရင် ဘယ်သူ့အယူ ပယ်ရမယ်?

"ဒိဋ္ဌိအယူ ပယ်ရမှာပါ ဘုရား"

ဒိဋ္ဌိအယူ ပယ်ချင်ရင် ခန္ဓာပေါ် ဘာရောက်ရမယ်?

"ဉာဏ်ရောက်ရမှာပါ ဘုရား"

ပဋိစ္စသမုပ္ပါဒ် နားလည်ရမယ်လို့ ပြောတာဗျ။ အကြောင်းအကျိုး ဆက်စပ်မှု မရှိဖူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

အခုလုပ်နေကြတာတွေက အတိတ်မှာလား၊ ပစ္စုပ္ပန်မှာလား?

"ပစ္စုပ္ပန်မှာပါ ဘုရား"

ဟောနေတာလည်း ပစ္စုပ္ပန်ပဲ၊ ကိုးကွယ်နေတာလည်း ပစ္စုပ္ပန်ပဲ၊ ပစ္စုပ္ပန်ဆိုတာ ပဋိစ္စသမုပ္ပါဒ် အလိုအရ ပြန်ကြည့်လိုက်စမ်း ယောဂီတို့ရေ။ ဘယ်အကွက်မှာလဲ?

"(၃)အကွက်မှာပါ ဘုရား"

(၃)အကွက်၊ ပစ္စုပ္ပန်မှာ။ (၃)အကွက်မှာ အကြောင်းတရားတွေ လုပ်နေတာ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ခန္ဓာနဲ့တိုက်ရင် ဘယ်အကွက်တုန်း?

"(၂)အကွက်ပါ ဘုရား"

နေ့တိုင်း ကိုးကွယ်နေတာ၊ သွားလာလှုပ်ရှားနေတာနဲ့ တိုက်ရင်?

"(၃)အကွက်ပါ ဘုရား"

"(၃)အကွက်ဗျ။ အကိုးကွယ် မှားနေကြတာ။ ဘာဖြစ်လို့ **အကိုးအကွယ်** မှားနေကြတာလည်းဆိုရင် လိုချင်လို့။ လိုချင်ရင် **အလိမ်**ခံရမယ်။

လိုချင်တာသည် တခြားလား၊ လောဘလား?

"လောဘပါ ဘုရား"

လောဘကြီးတော့ မလိုချင်ဘူးလား?

"လိုချင်ပါတယ် ဘုရား"

လိုချင်တော့ ဘာအလုပ်ခံရ?

"အလိမ်ခံရပါတယ် ဘုရား"

လောဘက လောလည်း လနဲ့ လောတယ်၊ လိုချင်တဲ့ လိုလည်း လနဲ့ လိုတယ်။ လိမ်လည်း လနဲ့ပဲ လိမ်တာ။ လောဘကြီးလို့ လိုချင်ရင် အလိမ်ခံရမယ်။ အခုလည်း အလိမ်ခံနေရတာပဲ။ ဟိုမှာက ပုပ်ဆွေးပြီးတော့ ဘယ်မှာရောက်နေမှန်းတောင် မသိဘူး။ ဒီမှာက စောင့်ရှောက်တုန်းရှိသေးတယ်။ ပြီးတော့ကျ ဘိုးမင်းခေါင်ဝင်တယ်တဲ့၊ ပြောမကောင်းပါဘူး။

'ဘိုးမင်းခေါင်ဝင်တယ်၊ ဘိုးမင်းခေါင်ဝင်တယ်' ဆိုပြီး တင်ပလ္လင်လေးချိတ်ပြီး ထိုင်နေတာ၊ ကြည့်လိုက်တော့ ယောကျ်ားတွေမဟုတ်ဘူး။ အမျိုးသမီးကို ဘိုးမင်းခေါင်စီးတယ်တဲ့။ ပြောမကောင်းပါဘူး၊ ဘုန်းကြီးပြောတာ လွန်သလား?

"မလွန်ပါဘူး ဘုရား"

တချို့က ကဲကဲသဲသဲလုပ်နေတာတွေ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ကိုင်း... ဒိဋ္ဌိဖြုတ်တာနဲ့တင် တစ်နာရီက ပြည့်သွားပြီ။ ဒိဋ္ဌိကတော့ ဖြုတ်မှာပဲ။ ဒိဋ္ဌိပြုတ်မှ ရှေ့ဆက်ဟောမယ်။ ဘုရားကပြောတယ်လေ။ ပုဏ္ဏာ၊ သေနိယတို့ကို နိဗ္ဗာန်ရောက်ကြောင်း တရားကို မင်း ငါတိုက်ရိုက်မဟောနိုင်ဘူးတဲ့။ ဘာလို့ တိုက်ရိုက်မဟောတာလဲ။ မိစ္ဆာဒိဋ္ဌိ ဖြစ်နေလို့။

အခုလည်း ယောဂီတို့ရေ... နိဗ္ဗာန်ရောက်ကြောင်း ဟောမလို့၊ ပလ္လင်ပေါ်တက်လာတာဗျ။ ဒါပေမဲ့ မဟောနိုင်ဘူး။ ဘာဖြစ်လို့တုန်း?

"ဒိဋ္ဌိရှိနေလို့ပါ ဘုရား"

ဒိဋ္ဌိရှိရင် မဟောနိုင်ဘူး၊ ဟောလည်းပဲ ပါးစပ်အမြှုပ်ထွက်တာပဲရှိမှာ။ ဒါကြောင့် လိုချင်တာက တဏှာ၊ စွဲလမ်းတာက ဥပါဒါန်၊ အဲဒီအထဲမှာ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန် မပါဘူးလား၊ ပါသလား?

"ပါပါတယ်ဘုရား"

ငါးဖြာအာရုံ ကာမဂုဏ်စွဲလမ်းတာက ကာမုပါဒါန်၊ ငါမှ ငါ၊ လိုချင်တယ်၊ စွဲလန်းတာက ဒိဋ္ဌုပါဒန်၊ ဓာတ်အုန်း နတ်အုန်း ကြွတ်အုန်းတွေ ဆွဲထားတာက သီလဗ္ဗတုပါဒါန်၊ ဘယ်ဘုန်းကြီးမှ သာခကေ အာဂမ သဘာဝ ယုတ္တိလေးချက် ပြဟောလို့မှ မရနိုင်တာက အတ္တဝါဒုပါဒါန်။

ဥပါဒါန် ဘယ်နှစ်မျိုးလဲ?

"လေးမျိုးပါ ဘုရား"

အလကားဟောတာ မဟုတ်ဘူး။ ဒါ ထောက်ဟောနေတာဗျ။ ရှင်းပြီလား။ အဲဒီကနေ ကံတွေမြောက်တော့ ပွဲတွေပြင်တာ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ကံတွေပြု၊ ပွဲတွေပြင်ပြီး အဲဒီအတိုင်း သေလို့ကတော့ ဒယ်အိုးဘဝက သေချာသလောက်ပဲ။ ဘာဘဝလည်း မေးတော့ ဒုဂ္ဂတိဘဝ၊ ဇာတိဆိုရင် ငရဲဇာတိ၊ ယူချင်သလား?

"မယူချင်ပါဘူး ဘုရား"

မလိုချင် ဘယ်သူ့နာနာ ဖြုတ်ရမယ်?

"ဒိဋ္ဌိနာနာ ဖြုတ်ရမှာပါ ဘုရား"

ဒိဋ္ဌိဖြုတ်ချင်ရင် ခန္ဓာပေါ် ဘာရောက်ရမယ်?

"ဉာဏ်ရောက်ရပါမယ် ဘုရား"

ကဲ... အားလုံး သဘောကျပြီဆိုရင်တော့ နာရီလည်းစေ့ပြီ။ တော်ကြဦးစို့ဗျာ။

■

## ဆဌမနေ့ဟောစဉ်

### တရားအဖွင့် ပဏာမ

ယောဂီ သူတော်ကောင်းအပေါင်းတို့။ မူလနှစ်ဖြာ ဆိုသည်မှာ အစရှိတဲ့ ဆိုရိုးလေးတွေကို ဆိုပြီး ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဉာဏ်တော်ကို ပူဇော်ကြမယ်။ အားလုံး လက်အုပ်ကလေးတွေ ချီပြီး ဆိုကြ။

(မူလနှစ်ဖြာ ဆိုသည်မှာ (ပ) သံသရာမှ လွတ်ကြောင်းတည်း–ဆိုရိုး၊ ဒုတိယနေ့ ဟောစဉ်မှာ ဖော်ပြပြီးပါပြီ။)

အားလုံးပဲ လက်အုပ်ချီကလေးတွေချထား။ မျှတသော ဣရိယာပုတ်ဖြင့် စိတ်ချမ်းသာသလို ထိုင်ပြီး၊ ဟောကြားလတ္တံ့သော တရားဓမ္မများကို အာရုံတစ်ပါး စိတ်မသွားဘဲ ဆက်လက်နာယူ မှတ်သားနိုင်ကြပါပြီ။

တို့အားလုံး ယောဂီအပေါင်း သူတော်ကောင်းတို့၊ သတ္တဝါတွေ သံသရာကျင်လည်ရတာ အလိုလိုလား၊ အကြောင်းအကျိုးလား?

"အကြောင်းအကျိုးပါ ဘုရား"

အကြောင်းအကျိုးနဲ့ လည်တဲ့နေရာမှာ အင်္ဂါ ဘယ်နှစ်ပါးတဲ့တုန်း?

"၁၂ ပါးပါ ဘုရား"

**အဲဒီ အင်္ဂါ ၁၂ ပါးကို အနှစ်ချုပ်လိုက်ရင် အကြောင်းနဲ့အကျိုး။** အကြောင်းအင်္ဂါကို ကြည့်လိုက်တော့ အတိတ်အကြောင်းအင်္ဂါက ဘယ်နှစ်ပါးတုန်း။ နှစ်ပါး။ ဘယ်သူနဲ့ ဘယ်သူပါလိမ့်?

"အဝိဇ္ဇာနဲ့ တဏှာပါ ဘုရား"

ဒီ ပစ္စုပ္ပန်အကြောင်းအင်္ဂါကို ကြည့်လိုက်တော့ အင်္ဂါ ဘယ်နှစ်ပါးတုန်း?

"သုံးပါးပါ ဘုရား"

ဘယ်သူတွေလဲ ပြော?

"တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝပါ ဘုရား"

အတိတ်အကြောင်း အင်္ဂါက နှစ်ပါး၊ သစ္စာဖွဲ့တော့ ဘာသစ္စာ?

"သမုဒယသစ္စာပါဘုရား"

ပစ္စုပ္ပန် အကြောင်းအင်္ဂါ သုံးပါး၊ သစ္စာဖွဲ့တော့ ဘာသစ္စာ?

"သမုဒယသစ္စာပါဘုရား"

ဒါဖြင့် (၁)အကွက်နဲ့ (၃)အကွက်သည် အကြောင်းချင်းလည်း မတူဘူးလား?

"တူပါတယ်ဘုရား"

သစ္စာချင်းလည်း မတူဘူးလား?

"တူပါတယ်ဘုရား"

ကဲ... တူရင် ပေါင်းလိုက်တော့၊ နှစ်နဲ့ သုံးပေါင်း ငါး။ ဒါဖြင့် အကြောင်းအင်္ဂါ ဘယ်နှစ်ပါးတုန်း?

"ငါးပါးပါဘုရား"

အကျိုးအင်္ဂါကို ကြည့်လိုက်တဲ့အခါကျတော့ ပစ္စုပ္ပန် (၂)အကွက် အကြောင်းလား၊ အကျိုးလား?

"အကျိုးပါဘုရား"

ခန္ဓာ ဘယ်နှစ်ပါးတုန်း?

"ငါးပါးပါ ဘုရား"

ဘာသစ္စာ?

"ဒုက္ခသစ္စာပါ ဘုရား"

(၄)အကွက်ကို ကြည့်လိုက်တော့ အကျိုးအင်္ဂါ ဘယ်နှစ်ပါး တုန်း?

"နှစ်ပါးပါ ဘုရား"

နှစ်ပါးက ဘာတွေတုန်း?

"ဇာတိ၊ ဇရာ၊ မရဏပါ ဘုရား"

အနာဂတ်အကျိုးအင်္ဂါ ဘယ်နှစ်ပါး?

"နှစ်ပါးပါ ဘုရား"

သစ္စာဖွဲ့တော့ ဘာသစ္စာ?

"ဒုက္ခသစ္စာပါဘုရား"

(၂)အကွက်နဲ့ (၄)အကွက်သည် သစ္စာချင်းလည်း မတူဘူး လား?

"တူပါတယ်ဘုရား"

အကျိုးချင်းလည်း မတူဘူးလား?

"တူပါတယ်ဘုရား"

တူတော့ ငါးနဲ့ နှစ်ပေါင်း?

"ခုနစ်ပါဘုရား"

ဒါဖြင့် အကျိုးအင်္ဂါက ခုနစ်ပါး၊ အကြောင်းအင်္ဂါက ငါးပါး၊ ငါးနဲ့ ခုနစ်ပေါင်း?


"ဆယ့်နှစ်ပါးပါ ဘုရား"

ဘာ ဆယ့်နှစ်ပါးတုန်း?

"အင်္ဂါ ဆယ့်နှစ်ပါးပါ ဘုရား"

အဲဒီတော့ အင်္ဂါ ဆယ့်နှစ်ပါး လည်ရတာ လည်ချင်လို့ လည် တာလား၊ အကြောင်း အကျိုးလား?

"အကြောင်းအကျိုးပါ ဘုရား"




**သုံးပါးအစပ် (မြား)ထည့်ပုံ**

သုံးပါးအစပ်၊ သင်္ခါရနှင့် ဝိညာဏ် တစပ်၊ ဝေဒနာနှင့် တဏှာ တစပ်၊ ကမ္မဘဝနှင့် ဇာတိ တစပ်၊ သတ္တဝါများ သံသရာလည်ရခြင်းသည် စပ်လို့လည်ရခြင်း သာဖြစ်၏။ သင်္ခါရတည်းဟူသော ကံကြောင့် ဝိညာဏ် စသော ခန္ဓာရခြင်းဖြစ်သည်။ ရအောင်တဏှာက စပ်ပေးပါသည်။

သင်္ခါရနှင့် ↔ ဝိညာဏ် အစပ်သည် သေချာပေါက် စပ်ပြီးသား ဖြစ်၍ ကေန်အစပ်၊ ဤအစပ်၌ သင်္ခါရများကို နားလည်လျှင် သဿတဒိဋ္ဌိ စင်ကြယ်စေပါသည်။ ဝိညာဏ်များကို နားလည်လျှင် ဥစ္ဆေဒဒိဋ္ဌိ စင်ကြယ်စေပါသည်။ (အတိတ်အစပ်)

ကမ္မဘဝနှင့် ↔ ဇာတိ အစပ်သည် ဤဘဝ မသေသေးလျှင် မည်သည့် ကံနှင့် စပ်သေမည်ကို သေချာပေါက် မပြောနိုင်သေးသောကြောင့် အနေကန် အစပ် မသေချာသေး (အနာဂတ်အစပ်)

ဝေဒနာနှင့် ↔ တဏှာအစပ်သည် ပုထုဇ္ဇဉ်သဘာဝ သားရေး သမီးရေး စီးပွားရေးနှင့် အချိန်ကုန်နေခြင်းသည် ဤအစပ်အတိုင် ၂ မှ ၃ သို့ အကျိုးထဲမှ အကြောင်းတရားတွေ ပြန်လုပ်လျှင် သံသရာလည်မည်။ အကျိုးတရား ခန္ဓာကို ဉာဏ်ဖြင့်ရှုနိုင်လျှင် သံသရာမှ ထွက်မြောက်မည်။ ဘုရား အရိယာများ ဤပစ္စုပ္ပန် အစပ်မှ ဉာဏ်ဖြင့်ဖြတ်၍ သံသရာမှ ထွက်တော်မူကြသည်။ သို့အတွက် အတိတ် အစပ်ကို သံဝေဂယူ၊ အနာဂတ်အစပ် ထပ်မမှားဘဲ ပစ္စုပ္ပန်ခန္ဓာကို တဏှာနှင့် မစပ်မိစေရန် ဉာဏ်နှင့်ဖြတ်၍ ထွက်မြောက်နိုင်ရန် ဤစပ်သည် ထွက်လို့လည်းရ၊ ဖြတ်လို့လည်းရသောကြောင့် ထွက်ရာပတ်လည်အစပ် ဟု ခေါ်သည်။ သုံးပါးအစပ် နားလည်းခြင်းအားဖြင့် ဒိဋ္ဌိပြုတ်၍ အပါယ် သံသရာမှ လွတ်မြောက်နိုင်ပါစေခြင်း အကျိုးငှာ သုံးပါးအစပ်ကို ရှင်တော် မြတ်ဗုဒ္ဓ၏အလိုတော်ကျ သင်္ကေတပြ၍ ထည့်သွင်းရေးထားခြင်း ဖြစ်ပါသည်။

အကြောင်းအကျိုးတွေ လည်နေရတာက ဖြတ်လို့လည်တာလား၊ စပ်လို့ လည်တာလား?

"စပ်လို့လည်တာပါ ဘုရား"

အဲဒါကြောင့် အင်္ဂါဆယ့်နှစ်ပါး တရားကိုယ်များနဲ့" ပြီးတော့ ဘာလာသလဲ။ သုံးပါးအစပ်။ အင်္ဂါနဲ့ အစပ်နဲ့ ဆက်ပုံသွယ်ပုံကို သွားချင်လို့ စ,နေတာ မှတ်ပါ။ အင်္ဂါဆယ့်နှစ်ပါးနဲ့ အကြောင်းအကျိုး ဆက်စပ်တာ စကားလုံးအစပ်အကူးလေးကို သတိထားလိုက်။ အမေးလေးတွေ သတိထား။

အင်္ဂါဆယ့်နှစ်ပါး အကြောင်းအကျိုး လည်ရတာ လည်ချင်လို့ လည်ရတာလား။ စပ်လို့ လည်တာလား၊ ဖြတ်လို့ လည်တာလား?

"စပ်လို့လည်တာပါ ဘုရား"

ဆက်ပေးလိုက်တဲ့ အစပ် ဘယ်နှစ်ပါးလဲ?

"သုံးပါးပါ ဘုရား"

ဘာတွေလဲ ပြော?

"သင်္ခါရနဲ့ ဝိညာဏ် တစ်စပ်၊ ဝေဒနာနဲ့ တဏှာ တစ်စပ်၊ ကာမဘဝနဲ့ ဇာတိ တစ်စပ်"

ကိုင်း... ယောဂီတို့၊ ဘုန်းကြီးတို့ အတိတ်တုန်းကလည်း ခန္ဓာဘယ်နှစ်ပါး ရခဲ့တာလဲ?

"ငါးပါးပါ ဘုရား"

ခန္ဓာရရင် အိုနာသေပွဲတွေ မနွှဲဘူးလား၊ နွှဲရမှာလား?

"နွှဲရမှာပါ ဘုရား"

## ဉာဏ်အမိ ဉာဏ်အဖ သတိရပါ

ခန္ဓာရှိရင်တော့ အချိန်တန် သေရမှာဗျနော်။ သေခါနီးပြီဆိုတော့ အိပ်ရာ ဖျာကပ်ရောက်ပြီပေါ့ဗျာ။ ရောက်တဲ့အခါကျတော့ ရပ်နာယက၊ ရွာနာယက ဆွေကြီးမျိုးကြီး ရပ်ထဲ ရွာထဲက လူကြီးတွေ

အိမ်ပေါ်တက်လာပြီး လူမမာကို ကြည့်လိုက်တဲ့အခါကျတော့ အခြေအနေက သိပ်မကောင်းဘူး။ အဲဒါနဲ့ 'မင်း ဘာအားငယ်စရာလိုသလဲကွာ၊ မင်းလုပ်ထားတဲ့ ကုသိုလ်တွေ အများကြီးရှိတယ်လေ။ မင်းနေ့တိုင်း နိဗ္ဗာနကုသလ ဆွမ်းတွေလည်း လောင်းနေတာပဲ' စသည်ဖြင့် ကုသိုလ်လေးတွေ ပြန်သတိရအောင်လို့ စာဂါနုဿတိ။ ဘာတဲ့လဲ?

"စာဂါနုဿတိပါ ဘုရား"

စာဂ– စွန့်ကြဲပေးကမ်းခဲ့တာကို၊ နုဿတိ– အောက်မေ့တာ။ သတိရအောင် ဘေးက တိုက်တွန်းပေးတယ်။ 'အဲဒီအချိန်မှာ မင်းတို့ငါတို့ အားကိုးရာ အစစ်ကတော့ကွာ ဘုရားကလည်း ဟောထားတာပဲ' သူဘုရားနဲ့ ဝင်တော့မှာနော်။ သူသိသလောက်တော့ သူဝင်မှာပေါ့။

ဘုရားက ဟောထားတယ်လေ။

ကမ္မဿကောမှိ၊ ကမ္မဒါယာဒေါ၊ ကမ္မဗန္ဓု၊ ကမ္မပ္ပဋိသရဏော။ ယံ ကမ္မံ ကရိဿတိ ကလျာဏာဝါ ပါပကံဝါ။

ပါဠိလေး တစ်ခွန်းစ နှစ်ခွန်းစ စတတ်တော့ ဆရာကြီးဖြစ်သွားတာပေါ့လေ။ 'ကံသာအမိ ကံသာအဖတဲ့ကွ။ ဘုရားဟောထားတာလေ၊ ကံသာလျှင် မှီခိုရာ၊ ကိုးကွယ်ရာ၊ အားထားရာ၊ လဲလျောင်းရာ အစစ်ကွ။ ဒါကြောင့် တို့ ဗုဒ္ဓဘာသာတွေက ကံ ကံရဲ့အကျိုးကို ယုံကြည်တာပေါ့'။ 'ဟုတ်ပါတယ်ဗျာ'။ 'ဟုတ်တယ်ဆို မင်း ဘာအားငယ်စရာလိုလဲ၊ မင်းလုပ်ထားတဲ့ ကုသိုလ်လေးကို ပြန်သတိရလိုက်ပါလား'။ သူကလည်း သူသိသလောက် တိုက်တွန်းတာဆိုတော့။

သူသိတာကလည်း ကံလောက်သိတာဗျ။ ဘုရားဟောထားတဲ့ သစ္စာဉာဏ်၊ ဝိပဿနာဉာဏ်ကြီး ရှိပါသေးလားလို့ သူ သိရဲ့လား?

"မသိပါဘူး ဘုရား"

လာပြောတဲ့လူလည်း မသိဘူး၊ နားထောင်တဲ့လူတွေကလည်း ဘာမှ မတတ်ဘူး။ အဲဒီတော့ ကံလောက်ပဲ သိတဲ့အခါကျတော့ 'မင်း ကံနဲ့ ကံရဲ့အကျိုးပေးကို ယုံကြည်ရတယ်ကွ'ဆိုပြီး ကံချည်း

ပြောလိုက်တော့ တို့ကလည်း ကံသာလျှင် အမိ၊ ကံသာလျှင် အဖ ဆိုတာနဲ့ တစ်သက်လုံး နေလာခဲ့ကြတာဗျ။ ဉာဏ်အမိ၊ ဉာဏ်အဖ ဆိုပြီး ကြားဖူးကြရဲ့လား?

"မကြားဖူးပါဘူး ဘုရား"

ဘဝတစ်လျှောက်လုံး ကံတွေနဲ့ချည်း အချိန်ကုန်ခဲ့တာ။ ကိုယ် လုပ်ခဲ့တဲ့ ကံတုန်းကလည်း ပြန်ကြည့်ဗျ။ သစ္စသိ လုပ်ခဲ့တာလား။ မသိ လုပ်ခဲ့တာလား?

"မသိ လုပ်ခဲ့တာပါ ဘုရား"

မသိတာက အဝိဇ္ဇာ၊ ပြုလုပ်တာက?

"သင်္ခါရပါဘုရား"

အဝိဇ္ဇာပစ္စယာ?

"သင်္ခါရာပါဘုရား"

ပဋိစ္စသမုပ္ပါဒ် အလိုအရ (၁)အကွက် အကျိုးတရားလား၊ အကြောင်းတရားလား?

"အကြောင်းတရားပါ ဘုရား"

ဘာသစ္စာလဲ?

"သမုဒယသစ္စာပါ ဘုရား"

သမုဒယသစ္စာ မြန်မာလိုပြန်ပါဦး?

"ဆင်းရဲကြောင်း အမှန်ပါဘုရား"

ဘာမသိတဲ့ ကုသိုလ်ပါလိမ့်?

"သစ္စာမသိတဲ့ ကုသိုလ်ပါဘုရား"

ကြိုက်တဲ့ကုသိုလ်လုပ်၊ သစ္စာမသိတဲ့ ကုသိုလ်မှန်သမျှ ချမ်းသာ ကြောင်းလား၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါ ဘုရား"

## အကုသိုလ်ရောရင် မသန့်ရှင်းတဲ့ ကုသိုလ်ပဲ

ယောဂီတို့၊ ဘုန်းကြီးတို့ အတိတ်တုန်းက ဆင်းရဲကြောင်းတွေ မလုပ်ဖူးလား၊ လုပ်ခဲ့လား?

"လုပ်ခဲ့ပါတယ် ဘုရား"

ကုသိုလ်လုပ်ပေမယ့်လည်း သစ္စာမသိတဲ့ ကုသိုလ်ချည်း လုပ်ခဲ့တယ်။ အဲဒါကို ဘေးကလာပြောတဲ့ ပုဂ္ဂိုလ်က 'သူလုပ်ထားတဲ့ ကုသိုလ်တွေဟာ ဆင်းရဲကြောင်း ကုသိုလ်တွေပါလား၊ သမုဒယသစ္စာတွေ ပွားထားပါလား' လို့ သိရဲ့လား?

"မသိပါဘူးဘုရား"

မသိတော့ သူကလည်း သူသိသလောက်လေး တွန်းတာပေါ့ဗျာ။ တွန်းတော့ ကာယကံရှင် ကိုယ်တိုင်ကလည်း 'ငါလုပ်ထားတဲ့ ကုသိုလ်က သစ္စာမသိတဲ့ ကုသိုလ်ပါလား၊ ဆင်းရဲကြောင်းကုသိုလ်ပါလား၊ ကုသိုလ်ထဲ အကုသိုလ်ရောတဲ့ ကုသိုလ်ပါလား၊ မသန့်ရှင်းတဲ့ ကုသိုလ်ပါလား၊ ကုသိုလ်တုတွေပါလား၊ သာသနာပကုသိုလ်ကြီးပါလား' လို့ သူ့ဟာနဲ့သူရော ခွဲခြားဝေဖန်လို့ သိရဲ့လား?

"မသိပါဘူး ဘုရား"

ဘယ်မှာသိမှာတုန်း။ ဒီတရားမျိုး နာမှ မနာဘူးတာကို။ ပဋိစ္စသမုပ္ပါဒ်တရားကို မနာဘူးလို့ကတော့ သိကို မသိဘူး။ နာဖူးဦးတောင်မှ အပေါ်ယံကလေးနဲ့တင် ထောက်သွားလို့ကတော့ နားကို မလည်ဘူး။ သစ္စာ မသိတာက အဝိဇ္ဇာ၊ ကုသိုလ်လုပ်တာက သင်္ခါရ၊ အဝိဇ္ဇာတရားကိုယ်ကောက်တော့ မောဟ၊ ဆုတောင်းတော့ တဏှာ၊ တရားကိုယ်ကောက်တော့ လောဘ၊ ငါလုပ် ငါရမှာပေါ့ ဆိုတာက ဒိဋ္ဌိ။

ကုသိုလ်လား၊ အကုသိုလ်လား?

"အကုသိုလ်ပါဘုရား"

ဒါဖြင့် ဆွမ်းတော်တင်၊ ပန်းကပ်တာက ကုသိုလ်၊ ဒီကြားထဲ မောဟရယ်၊ ဒေါသရယ်၊ ဒိဋ္ဌိရယ်က?

"အကုသိုလ်ပါ ဘုရား"

ဒါ အရပ်သုံးစကားနဲ့ ဒွဲပြောရရင် လောကီအာရုံ ကာမဂုဏ်တွေ ဆုတောင်းနေတာက?

"အကုသိုလ်ပါဘုရား"

ဆွမ်းတော်တင်၊ ပန်းကပ်နေတာက?

"ကုသိုလ်ပါဘုရား"

ကုသိုလ်ထဲ ဘာရောတုန်း။

"အကုသိုလ်ရောတာပါ ဘုရား"

အကုသိုလ်ရောတဲ့ ကုသိုလ်သည် အပြစ်ကင်းသော အလုပ်လား၊ အပြစ်ရှိသော အလုပ်လား?

"အပြစ်ရှိတဲ့ အလုပ်ပါဘုရား"

ကုသိုလ်အစစ်လို့ ခေါ်လို့ရမလား?

"မရပါဘူးဘုရား"

ဒါဖြင့် ဒီကုသိုလ်က အစစ်လား၊ အတုလား?

"အတုပါဘုရား"

## အဖြူကံကလည်း ဆင်းရဲကျိုးပဲ ပေးတယ်

ကုသိုလ်ကလည်း ကုသိုလ်သက်သက် အကျိုးပေးမှာပဲ။ အကုသိုလ်ကလည်း အကုသိုလ်သက်သက် အကျိုးပေးမှာပဲ။ မိဿကကံဗျ။ ဘာကံလဲ?

"မိဿကကံပါ ဘုရား"

ကုက္ကုဋ္ဌဝတီသုတ်နဲ့ ပြောရင် အဖြူ အမည်း ရောတဲ့ကံ။ ကုသိုလ်က အဖြူ၊ အကုသိုလ်က အမည်း။

အဖြူထဲ ဘာရော?

"အမည်းရောတာပါ ဘုရား"

ကိုယ်လုပ်ခဲ့တုန်းက သန့်သန့်ပြန့်ပြန့်ကြီး မဟုတ်ဖူး။ အဖြူ၊ အမည်း ရောတဲ့ကံကြီး လုပ်ခဲ့တာ။

ဘာမသိဘဲနဲ့ လုပ်ခဲ့တာလဲ?

"သစ္စာမသိဘဲ လုပ်ခဲ့တာပါဘုရား"

ဒါကြောင့် နိဗ္ဗာန်ရောက်ကြောင်းတရား ဟောချင်တယ်ဆိုရင် ကံဝေဖန်ရဦးမှာ။ ကံအကြောင်းကို ကောင်းကောင်း နားလည်ဖို့ မလိုဘူးလား၊ လိုသလား?

"လိုပါတယ်ဘုရား"

ဒါကြောင့် မနေ့က ယောဂီတို့ကို ပြောခဲ့တယ်။ ကုဏ္ဍုရဝတီ ကနေပြီးတော့ ကံဘယ်နှစ်မျိုးလဲ?

"လေးမျိုးပါ ဘုရား"

ကံလေးမျိုးမှာ တစ်– အဖြူကံ၊ ဘာကံလဲ?

"အဖြူကံပါ ဘုရား"

ဒါ ပုဏ္ဏ၊ သေနိယတို့ကို ဟောတဲ့ကံနော်။ တစ်က ဘာကံတဲ့ တုန်း။

"အဖြူကံပါ ဘုရား"

နှစ်က အမည်းကံ။ နှစ်က?

"အမည်းကံပါဘုရား"

သုံးက အဖြူ၊ အမည်း ရောတဲ့ကံ။ သုံးက?

"အဖြူ၊ အမည်း ရောတဲ့ကံပါ ဘုရား"

လေးက အဖြူ၊ အမည်း မရောတဲ့ကံ။ ဘာတဲ့တုန်း?

"အဖြူ၊ အမည်း မရောတဲ့ကံပါ ဘုရား"

ကံ ဘယ်နှစ်မျိုးပါလိမ့်?

"လေးမျိုးပါဘုရား"

အဖြူကံက ဖြူသောအကျိုး ပေးမှာပဲ။ အမည်းကံကလည်း မည်းသောအကျိုး ပေးမှာပဲ။ အဖြူ၊ အမည်း ရောတဲ့ကံကလည်း အဖြူအမည်း ရောတဲ့အကျိုးကို ပေးမှာပဲ။ အဖြူအမည်း မရောတဲ့ ကံကလည်း အဖြူအမည်း မရောတဲ့အကျိုးကို ပေးမှာပဲ။

ကံအားလုံး ဘယ်နှစ်မျိုးလဲ?

"လေးမျိုးပါ ဘုရား"

အဖြုကံဆိုတာ ကုသိုလ်သက်သက်ကို ပြောတာ။ အဖြုကံက အကျိုးပေးရင် ကုသိုလ်အကျိုးပေးမှာ။ 'ကုသလာ အနဝဇ္ဇ သုခဝိပါက လက္ခဏာ' ကုသိုလ်အကျိုးပေးရင် ချမ်းသာကျိုးပဲပေးမှာ။ ဘာအကျိုး ပေးမှာလဲ?

"ချမ်းသာကျိုးပေးမှာပါ ဘုရား"

လောကသမုတိစကားနဲ့ ပြောရရင် ကုသိုလ်က အကျိုးပေးတဲ့ အတွက်ကြောင့် လူ့ဘဝ လူ့ခန္ဓာ၊ နတ်ဘဝ နတ်ခန္ဓာ၊ ဗြဟ္မာဘဝ ဗြဟ္မခန္ဓာတွေ မရဘူးလား၊ ရသလား?

"ရပါတယ်ဘုရား"

အဲဒါ အဖြုကံက ဖြူသောအကျိုးပေးတာ။ အဖြုကံ ဖြူသော အကျိုး ပေးတယ်ဆိုပေမယ့် သစ္စာအားဖြင့် ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

ပြန်ပြောမယ်။ ဘုရားတည်၊ ကျောင်းဆောက်ထားတာသည် အမည်းကံလား၊ အဖြုကံလား?

"အဖြုကံပါဘုရား"

ပြီးတော့ သုစရိုက်တရား ဆယ်ပါးလေ။ ကာယသုစရိုက် သုံးပါး၊ ဝစီသုစရိုက် လေးပါး၊ မနောသုစရိုက် သုံးပါး၊ ပေါင်းလိုက်တော့ သုစရိုက်တရား ဘယ်နှစ်ပါးလဲ?

"ဆယ်ပါးပါ ဘုရား"

တခေါ် ကုသလကမ္မပထတရား ဆယ်ပါး၊ မရှိဘူးလား?

"ရှိပါတယ်ဘုရား"

ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ သတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မတာ တဲ့။ ဒါက ကုသလာ ကမ္မပထတရား ဆယ်ပါး။

အဲဒီ ကုသလကမ္မပထတရား၊ သုစရိုက်တရားတွေကို ကျင့်တာ သည် အမည်းကံလား၊ အဖြူကံလာ့?

"အဖြူကံပါဘုရား"

အဖြူကံက ဖြူသောအကျိုး ပေးမယ်၊ ပေးရင်လည်း လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝ၊ ခန္ဓာ ဘယ်နှစ်ပါးလဲ?

"ငါးပါးပါဘုရား"

ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

မြန်မာလိုပြော။

"ဆင်းရဲကျိုးအမှန်ပါဘုရား"

ယောဂီတို့ ကုသိုလ်ကောင်းမှုလုပ်တာ ဆင်းရဲချင်လို့လုပ်တာ လား၊ ချမ်းသာချင်လို့ လုပ်တာလား?

"ချမ်းသာချင်လို့လုပ်တာပါ ဘုရား"

အဖြူကံသက်သက်က အကျိုးပေးမှာက ချမ်းသာကျိုးလား၊ ဆင်းရဲကျိုးလား?

"ဆင်းရဲကျိုးပါဘုရား"

## ကံမှန်ရင် ခန္ဓာပဲ အကျိုးပေးသည်

ကံနဲ့ ကံရဲ့ အကျိုးပေးကို ယုံကြည်တယ်ဆို?

"ယုံကြည်ပါတယ်ဘုရား"

ယုံကြည်တယ်ဆိုရင် အခု အဖြူကံက အကျိုးပေးချလိုက်ပြီဗျ။ အဖြူကံက အကျိုးပေးတော့ ဖြူသောအကျိုး ပေးမှာပဲ။ လူ့ခန္ဓာ၊ နတ်နက္ခ၊ ဗြဟ္မခန္ဓာ။ အဲဒါ အကုသိုလ်က အကျိုးပေးတာလား၊ ကုသိုလ်က အကျိုးပေးတာလား?

"ကုသိုလ်က အကျိုးပေးတာပါ ဘုရား"

ကံနဲ့ပြောရင် ဘာကံလဲ?

"အဖြူကံပါဘုရား"

ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

မြန်မာလိုပြော?

"ဆင်းရဲကျိုးအမှန်ပါ ဘုရား"

ဘယ်ကံက အကျိုးပေးတာလဲ?

"အဖြူကံက အကျိုးပေးတာပါ ဘုရား"

ဆင်းရဲကျိုးပေးမှာဆိုရင် ဒီအဖြူကံသက်သက်ကို အားကိုးသင့်၊ အားမကိုးသင့်?

"အားမကိုးသင့်ပါ ဘုရား"

ဘာသစ္စာရမှာစိုးလို့?

"ဒုက္ခသစ္စာရမှာစိုးလို့ပါ ဘုရား"

မြန်မာလိုပြန်လိုက်တော့?

"ဆင်းရဲကျိုးအမှန်ပါဘုရား"

ဒါဖြင့် ဆင်းရဲကျိုးအမှန်ကို ရမှာစိုးရိမ်တဲ့အတွက် အဖြူကံသက်သက်ကလည်း အားမကိုးသင့်ဘူး။ မလုပ်နဲ့လို့ ပြောတာလား၊ အားမကိုးသင့်ဘူးလို့ ပြောတာလား?

"အားမကိုးသင့်ဘူးလို့ ပြောတာပါ ဘုရား"

ဆိုလိုတာကတော့ဗျာ၊ ကုသိုလ်တော့လုပ်ပါ။ တင်းတိမ်ရောင့်ရဲပြီး အချိန်မကုန်ပါစေနဲ့လို့ ပြောတာ။ ဒါနမလုပ်နဲ့၊ သီလမစောင့်နဲ့၊ သမထမပွားနဲ့လို့ပြောတာ ဟုတ်ရဲ့လား?

"မဟုတ်ပါဘူးဘုရား"

ဒါကို တချို့က မိုးကုတ်က ဒါနကို ပယ်တယ်တဲ့။ မပယ်ဘူး။ မိုးကုတ်မှာလည်း ပါးစပ်နဲ့လို့။ မိုးကုတ်ဒါန မပယ်ဘူး။ စမ်းမလား၊ စမ်းကြည့်ရအောင်လေ။ အခု လေးထပ်ကျောင်းဆောင်ကြီး၊ ဓမ္မဗိမာန်ကြီး၊ ဆွမ်းစားကျောင်းကြီး ဆောက်တော့မှာ။ အခု လှူမလား၊

သိန်းတစ်ရာ လှူမလား၊ သိန်းတစ်ထောင် လှူမလား။ မပယ်ဘူး လက်ခံမှာ။

မပယ်ပါဘူးဗျာ။ ဘုန်းကြီးတန်မယ့် ဒါနပယ်ရင် ငတ်သွားမှာပေါ့။ ကိုယ်ပိုင်လယ်၊ ကိုယ်ပိုင်ယာ ရှိတာမဟုတ်ဘူး။ ကိုယ်တိုင်ဘာမှမရှိတာ။ သူများ လှူတာလေး စားသောက်နေရတဲ့ဘဝဗျ။ သူများလှူတာ စားသောက်ပြီးမှ မာနတက်နေတာ အံ့သြပါရဲ့။ တချို့ပြောတာပါ။ တချို့က သူများအောင်မြင်ပြီဟော့ဆိုရင် ဣဿာ ပွားတတ်ကြသေးတယ်။ အမှန်က မုဒိတာပွားရမှာနော်။

ယောဂီတို့ နဖူးမှာ စာကပ်ထား။ 'သူများအကြောင်း၊ မကောင်းပြော၊ ငါရော လူကောင်းဟုတ်ရဲ့လား'။ နဖူးမှာကပ်ရင် ဘယ်လိုလုပ် ကိုယ့်ဟာကိုယ် မြင်ရတုန်း။ ဘယ်နေရာ ကပ်ရရင် ကောင်းမလဲ။ ညှော့ခန်းမှာ ကပ်ထား။ ညှော့သည်ဝင်ဝင်ချင်း မြင်အောင်ကပ်ထား။ သူဌေးအိမ်ဖြစ်ဖြစ်၊ ဆင်းရဲသားအိမ်ဖြစ်ဖြစ်၊ တိုက်အိမ်ဖြစ်ဖြစ်၊ ကပ်အိမ်ဖြစ်ဖြစ် ညှော့ခန်းမှာကပ်။ ညှော့သည်ဝင်လာလို့ သူများအကြောင်း ပြောတော့မယ်ဆိုရင် စာတန်းလေး ထိုးပြ။ သူများအကြောင်းပြောမှ တော့ ကိုယ်လည်း လူကောင်းမဟုတ်တော့ဘူး။

ဒါကြောင့်မို့ 'အတ္တာဟိ ကိရ ဒုတ္တမော'တဲ့။ ပါဠိက ဒီလို လာတာ။ ကိုယ့်ကိုယ်ကိုယ် ဆုံးမရဖို့က အလွန်အင်မတန်မှ ခဲယဉ်း တယ်။ အောင်မြင်ချင်ရင် ကိုယ့်ကိုယ်ကိုယ် ဆုံးမကြပါ။

ကဲ... ကံမှန်ရင် တခြားအကျိုးပေးမှာလား၊ ခန္ဓာလား?

"ခန္ဓာပါဘုရား"

ပါဠိကလည်း ရှိပြီးသားလေဗျာ။ 'ကုသလာ ကုသလံ။လ။ ကမ္မပစ္စယောန ပစ္စယော" ပဋ္ဌာန်းမှာ ပြန်ကြည့်လေ။ ကမ္မပစ္စယော၊ ဝိပါကပစ္စယော။ အခုမှ မေ့ချင်ယောင်ဆောင်မနေနဲ့။ ရတယ်မဟုတ် လား?

"ရပါတယ်ဘုရား"

## ဒါနသည် အားကိုးရာမဟုတ်ပါ

ဘာမှမသိလို့ ကိုယ်ပိုင်ဉာဏ်မရှိလို့ သူများလိမ်သမျှ ခံနေရတာ။

ဘာဉာဏ်မရှိလို့လဲ?

"ကိုယ်ပိုင်ဉာဏ် မရှိလို့ပါဘုရား"

ဓမ္မစကြာပြိုင်ပွဲတွေ ဝင်နေတာပဲဗျာ။ ဘုရားက ပြောသွားပဲ။

တံ ခေါ ပနိဒံ ဒုက္ခံ သမုဒယံ ပဟာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံ ဥဒါပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ။

ဘယ်ထဲမှာပါတုန်း။

"ဓမ္မစကြာထဲမှာ ပါတာပါဘုရား"

ဘာပြောတာတုန်း?

"မသိပါဘုရား"

ကိုယ်တိုင်ရွတ်နေတာပဲဗျ။ ဘုရားက ပြောတယ်၊ တံ ခေါ ပနိဒံ ဒုက္ခံ သမုဒယံ- ဒုက္ခဖြစ်ကြောင်း ဖြစ်တာ သမုဒယသစ္စာ။ ဒုက္ခသစ္စာဖြစ်ကြောင်းတဲ့၊ သမုဒယသစ္စာကို ပဟာတဗ္ဗန္တိ မေ ဘိက္ခဝေ- ပယ်လိုက်ပါတဲ့။

ဘာလုပ်ပါတဲ့တုန်း?

"ပယ်လိုက်ပါဘုရား"

တို့က ဘာလုပ်နေလဲ?

"ပွားနေပါတယ်ဘုရား"

ဘုရားတော်တော်ကြည်ညိုပုံရတယ်၊ ပြိုင်ပွဲတွေလုပ်ဖို့လောက်ပဲ စိတ်ကူးတာဗျ။ အနှစ်အသားတွေပါမယ့်စိတ် မကူးဘူး။ ဒါကြောင့်မို့ သာသနာမှာ လျော်ရင်း နစ်နေကြတာဗျ။ မဟာဂန္ဓာရုံဆရာတော်ကြီး ပြောသလို လျော်ရင်းနစ်နေကြတယ်။ တိုက်တာတွေ စေတီတွေကတော့ ထိုးထိုးထောင်ထောင် ပေါ်လာကြပါရဲ့။ ဒါပေမဲ့ ဗုဒ္ဓဘာသာတွေရဲ့

နှလုံးသားထဲမှာ စစ်မှန်တဲ့ ဓမ္မအသိဓာတ်တွေက ဆုတ်ယုတ် ဆုတ်ယုတ်လာပြီ။ ကိုးကွယ်မှုတွေက မှားလာပြီ၊ ကျင့်သုံးမှုတွေက ယောင်ချာချာဖြစ်လာပြီ။

ဒီလိုသာ နှလုံးသားမှာ ဉာဏ်ဘုရား မပွင့်ရင် အိန္ဒိယမှာလို ဖြစ်သွားမယ်။ ဘာဖြစ်သွားမလဲ။ သာသနာကွယ်သွားမှာပေါ့။ ဗုဒ္ဓဂယာ သွားကြည့်လေ။ မစင်ပုံနဲ့ ကုလားမဆာရီတွေပဲ တွေ့မယ်။ အခုမှ မနည်းလိုက်ရှင်းနေရတာ။ စဉ်းစားနော်။ အဲဒီလို ဘာသာရေး ကိုးကွယ်မှုမှာ အသိဉာဏ်တွေက ရောစွက်ရောစွက်နဲ့ ယောင်ချာချာ လုပ်ရင် သာသနာကွယ်ဖို့သာ ပြင်ထား။

ဒါကြောင့် သာသနာမကွယ်ချင်ရင် ဝမ်းထဲမှာ ဘာဘုရား ပွင့်အောင် လုပ်ရမှာလဲ?

"ဉာဏ်ဘုရားပွင့်အောင် လုပ်ရမှာပါဘုရား"

အဲဒါကြောင့်မို့လို့ သားတွေ၊ သမီးတွေရဲ့ နှလုံးသားထဲမှာ ဉာဏ်ဘုရား တည်နိုင်ဖို့လိုတယ်။ 'ယနေ့လူငယ်၊ နောင်ဝယ်လူကြီး' ယနေ့ လူငယ်တွေရဲ့ နှလုံးသားထဲမှာ သစ္စာအသိဉာဏ် သာသနာ အသိစိတ်ဓာတ် ပွင့်လင်းရှိးသားစွာ တည်ကိန်းနေမှသာလျှင် အနာဂတ် သာသနာ အရှည်ခံ့ တည်တံ့နိုင်မယ်မှတ်ပါ။ ဒါကြောင့် လူငယ်တွေ သိပ်အရေးကြီးပါတယ်။ လူကြီးဆိုတာက သေခါနီးလို့ ပြောတာပါပဲ။

လူကြီးဆိုတာ ဘာတုန်း?

"သေခါနီးကို ပြောတာပါဘုရား"

တချို့က လူကြီးဆိုရင် ပြုံးဖြီးဖြီးနဲ့လုပ်နေတာ။ အဲဒါ သေခါနီး ပျော်တဲ့။ သေပန်းပွင့်တာတဲ့ဗျ။

ဘာပန်းပွင့်တာလဲဟေ့?

"သေပန်းပွင့်တာပါဘုရား"

ဒီမှာ ကလေးနဲ့ လူကြီး ဘယ်ဟာကများတုန်း?

"လူကြီးကများပါတယ် ဘုရား"

လူကြီးဆိုတာ သူများအတွက် အသာထား၊ သူ့အတွက် အရင်လုပ်နေရသေးတာ။ ဒါကြောင့် လူငယ်တွေက အများကြီး နှလုံးသားထဲမှာ ဘာသာအသိတရား ကိန်းဝပ်ထားဖို့ မလိုဖူးလား၊ လိုသလား?

"လိုပါတယ်ဘုရား"

ကဲ... ဒါဖြင့် မှတ်ထား၊ မိုးကုတ်က ဒါနပယ်သလား?

"မပယ်ပါဘူးဘုရား"

မပယ်ပါဘူးဗျာ။ မယုံရင် ခဏနေကြ လာလှူလှည့်။ အကုန်လက်ခံတယ်။ သေချာပြောပြတာ။ တော်ကြာ ဒါနပယ်တယ်ပြောနေမှာစိုးလို့။ မပယ်ဘူး၊ မပယ်ဘူး။ သို့သော် သစ္စာမသိတဲ့ ဒါနဟာ အကျိုးပေးလို့ရှိရင် အဖြူခံသက်သက်သာ အကျိုးပေးရင် ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

အဲဒီ ဒုက္ခသစ္စာ အကျိုးပေးမှာစိုးလို့ အဖြူခံကုသိုလ်ချည်းအားကိုးသင့်၊ အားမကိုးသင့်?

"အားမကိုးသင့်ပါဘူး ဘုရား"

အဲဒါကို အခုနကပြောခဲ့တဲ့ လူမမာကရော 'ငါ့ အဖြူကံသက်သက်လေးပါလား'လို့ သိရဲ့လား?

"မသိပါဘူး ဘုရား"

သိမထားတော့ သူလုပ်ထားတဲ့ အဖြူကံသက်သက်ကလည်း သိလို့လုပ်တာလား၊ မသိဘဲလုပ်တာလား?

"မသိဘဲလုပ်တာပါ ဘုရား"

မသိဘဲလုပ်တဲ့ အလုပ်မှန်သမျှ ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါဘုရား"

ငါ အဖြူကံသက်သက် ဆင်းရဲကြောင်း သစ္စာပွားရင် ငါ အနာဂတ်ဆင်းရဲအကျိုးပေး ဒုက္ခသစ္စာ ရမှာပါလား၊ ဆင်းရဲကျိုးကြီး ရမှာပါလားလို့ လူမမာကရော သိရဲ့လား?

"မသိပါဘူးဘုရား"

မသိတော့ ဟိုက 'မင်း ဒါလေး အားကိုးရမှာ၊ ဒါလေး သတိရလိုက်ပါလား'ဆိုတော့ 'ဟုတ်တယ်'ဆိုပြီး အားမကိုးဘူးလား?

"အားကိုးပါတယ် ဘုရား"

## မည်းသောအကျိုးပေးတဲ့ အမည်းကံ

ကောင်းပြီ။ အမည်းကံက မည်းသောအကျိုးပေးမယ်တဲ့။ အမည်းကံဆိုတာ ဒုစရိုက်ဆယ်ပါးပေါ့ဗျာ။ ကာယဒုစရိုက် သုံးပါး– ပါဏာတိပါတ၊ အဒိန္နဒါန၊ ကာမေသုမိစ္ဆာစာရ။ ဝစီဒုစရိုက် လေးပါး–မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဝါစာ။ မနောဒုစရိုက်သုံးပါး– အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ။ ဒုစရိုက် ဆယ်ပါးမှာ မိစ္ဆာဒိဋ္ဌိ ပါတယ်ဗျ။

မှတ်ထား ယောဂီတို့။ သက္ကာယဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိ သုံးမျိုးသည် သုဂတိကိုတော့ မကန့်ကွက်ဘူး။ သူကန့်ကွက်တာက မဂ်ဖိုလ်နိဗ္ဗာန်ပဲ ကန့်ကွက်တာ။ သက္ကာယ၊ ဥစ္ဆေဒ၊ သဿတ သုံးမျိုးသည် သုဂတိကို မကန့်ကွက်ပါ။

သက္ကာယဒိဋ္ဌိတန်းလန်းနဲ့ သေ၊ ဒါန သီလက အကျိုးပေးမယ်ဆိုရင်တော့ နတ်ပြည်ရောက်နိုင်ပါသေးတယ်။ သက္ကာယ၊ ဥစ္ဆေဒ၊ သဿတ ဒိဋ္ဌိသုံးမျိုး ကန့်ကွက်တာ မဂ်ဖိုလ်နိဗ္ဗာန်ပါ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် မရအောင် သူကန့်ကွက်တယ်၊ မှတ်ထားနော်။

မနေ့က ပြောပြလိုက်တဲ့ နိယတ မိစ္ဆာဒိဋ္ဌိကတော့ သုဂတိကိုလည်း ကန့်ကွက်မယ်၊ နိဗ္ဗာန်ကိုလည်း ကန့်ကွက်မယ်။ အပါယ်လေးပါးကိုလည်း ဆွဲချမယ်။ မိစ္ဆာဒိဋ္ဌိဗျ သဘောကျရဲ့လား။

ဒါကြောင့်မို့လို့ ဒိဋ္ဌိမှာ ယောဂီတို့ကို သင်ပေးထားတာ၊ သက္ကာယ၊ ဥစ္ဆေဒ၊ သဿတ သုံးမျိုးကိုလည်း သင်တယ်။ ပြီးတော့ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ။ ဒီ ဒိဋ္ဌိသုံးမျိုးအကြောင်းကိုလည်း မပြောခဲ့ဘူးလား?

"ပြောခဲ့ပါတယ်ဘုရား"

အတိုင်းပဲ။ ဒီလောက် ထန်မာန်နေရင် ရလိမ့်ဦးမယ်’တဲ့။ ရောင်းမကောင်းတော့လည်း မကောင်းလို့၊ ကောင်းတော့လည်း ကောင်းလို့။ အဲဒီလို သူများအကြောင်း ပစိပစပ်များတာ အဘိဇ္ဈာတဲ့။

အမျိုးသမီးတွေ အဘိဇ္ဈာများလွန်းလို့ ဘာဖြစ်လာလဲဆိုတော့ ‘မောင်ကြီးခြေရာ’နဲ့ချည်း တွေ့တာပဲ။ ခဏခဏ အကန်ခံရတယ်ပြောတာ။ မောင်ကြီးခြေရာဆိုတာ အကန်ခံရတာ ပြောတာပေါ့။ အထုအထောင်း အကန်ခံရမှာပေါ့၊ အတင်းက အတော်နှက်တာကိုးဗျ။ မပြောရရင်ကို မနေနိုင်တော့ဘူး။

ဒါ တခြားကံလား၊ အမည်းကံလား?

“အမည်းကံပါ ဘုရား”

အမည်းကံက မည်းသောအကျိုးပေးတယ်။ ဒါဖြင့် သားရေး၊ သမီးရေး၊ စီးပွားရေးဆိုတာက အဖြူကံလား၊ အမည်းကံလား?

“အမည်းကံပါဘုရား”

ဒါဖြင့် တစ်နေကုန် တစ်နေခန်း မိုးလင်းကနေ မိုးချုပ် အရောင်းအဝယ်နဲ့ အချိန်ကုန်နေတဲ့သူတွေ၊ ဘယ်ကံနဲ့ အချိန်ကုန်နေတာလဲ?

“အမည်းကံနဲ့ အချိန်ကုန်နေတာပါဘုရား”

အကျိုးပေးရင် မည်းသောအကျိုး၊ မည်းသောအကျိုးဆိုတော့ တခြားလား၊ အပါယ်လေးပါးလား?

“အပါယ်လေးပါးပါ ဘုရား”

ဘာသစ္စာလဲ?

“ဒုက္ခသစ္စာပါဘုရား”

ဒုက္ခသစ္စာကို မြန်မာလိုပြန်တော့?

“ဆင်းရဲကျိုးအမှန်ပါ ဘုရား”

အမည်းကံက ဘာသစ္စာ?

“သမုဒယသစ္စာပါ ဘုရား”

မြန်မာလိုပြန်လိုက်ဦး?

အဲဒီ သုံးမျိုးထဲမှာ အဟောတုကဒိဋ္ဌိက ခွဲထွက်လာတဲ့ သီလဗ္ဗတပရာမာသဒိဋ္ဌိနဲ့ ဣဿရနိမ္မာနဒိဋ္ဌိ။ ၃၇ မင်းကို ကိုးကွယ်တာက သီလဗ္ဗတ ပရာမာသဒိဋ္ဌိ။ ဘိုးတော် ဘွားတော်တွေကို ကိုးကွယ်တာက ဣဿရနိမ္မာနဒိဋ္ဌိ။

ဘယ်ဒိဋ္ဌိနဲ့ ဒယ်အိုးထဲသွားချင်တုန်း?

"ဘယ်ဟာနဲ့မှ မသွားချင်ပါဘူး ဘုရား"

ဘယ်ဒိဋ္ဌိနဲ့မှ မသွားချင်ရင် အိမ်ရောက်တော့ ဘာလုပ်မှာတုန်း။ စဉ်းစားဗျ။ တချို့က ဖြေကို မဖြေရဲအောင် ဖြစ်နေပြီ။ စဉ်းစားနော်။ ကိုယ့်ကိုယ်ကိုယ်လည်း မလိမ်ပါနဲ့။ သူများကိုလည်း မလိမ်မိပါစေနဲ့။ အားလုံး ရှင်းရော၊ ရှင်းရဲ့လား?

"ရှင်းပါတယ်ဘုရား"

ဒီလောက်ဟောလို့မှ သဘောမပေါက်ရင် ဘုန်းကြီးလည်း မတတ်နိုင်တော့ဘူး။

ကောင်းပြီ။ ဒါဖြင့် အမည်းကံက မည်းသောအကျိုးပေးမယ်။ မည်းသောအကျိုးပေးဆိုတာ တခြားလား၊ အပါယ်လေးဘုံလား?

"အပါယ်လေးဘုံပါဘုရား"

အဲဒီ အမည်းကံထဲမှာ မိစ္ဆာဒိဋ္ဌိ မပါဘူးလား?

"ပါပါတယ်ဘုရား"

မိစ္ဆာဒိဋ္ဌိကို အကျယ်ပြောရင် နိယတမိစ္ဆာဒိဋ္ဌိကို ပြောတာ မှတ်ထား။ အဘိဓမ္မာဆိုတာ ပစိပစပ်များတာ။ အောင်မြင်ရင် အောင်မြင်ပြန်ပြီ၊ ဈေးရောင်းကောင်းရင် ဈေးရောင်းကောင်းပြန်ပြီ။ မကောင်းတော့လည်း မကောင်းလို့။ ကြည့်လေ... သူများတွေ ဈေးရောင်းကောင်းနေရင် 'ကောင်းမှာပေါ့၊ ကောင်မတွေကိုက ကြည့်ပါလား၊ မျက်နှာပေးကိုက။ မကြာခင် ကုန်ပစ္စည်းတင်မကဘူး၊ လူပါ ပါမှာ' တဲ့။ အဘိဓမ္မာက အတော်များတာ။ ရောင်းမကောင်းတော့လည်း 'ကြည့်ပါလား၊ မျက်နှာကိုက၊ တစ်နိုင်ငံလုံး သူ့လုပ်စာ စားထားတဲ့

"ဆင်းရဲကြောင်းအမှန်ပါ ဘုရား"

သင်္ခါရနဲ့ပြောတော့ အပုညာဘိသင်္ခါရ။

ဘာသင်္ခါရလဲ?

"အပုညာဘိသင်္ခါရပါ ဘုရား"

အားကိုးသင့်၊ အားမကိုးသင့်?

"အားမကိုးသင့်ပါဘူး ဘုရား"

## လျှုတာ အဖြူကံ၊ ဆိုင်းထည့်တာ အမည်းကံ

တချို့ သားရေး၊ သမီးရေး၊ စီးပွားရေးတွေနဲ့ အချိန်ကုန်တာတွေ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

သူတို့များ တရားလေး နာပါဦးလား၊ တရားလေး ထိုင်ပါဦးလားလို့ တိုက်တွန်းကြည့်ပါလား။ 'သူတို့လို တစ်ကောင်ကြွက် မဟုတ်ဘူး'တဲ့။ ကိုင်း... ဟောမိကတဲ့ပုဂ္ဂိုလ် ကြွက်ဖြစ်သွားရော။ 'ကိုယ်တော်တို့လို အထီးကျန် တစ်ကောင်ကြွက်မဟုတ်ဘူး'တဲ့။ 'ကိုယ်တော်တို့က ပြောအားရှိတာပေါ့၊ ခြေသလုံးအိမ်တိုင်'တဲ့။ သူတို့ကို ဟောမိမှ လူ့ကို အခြေမဲ့ အနေမဲ့ ရောက်သွားတယ်။

'ကိုယ်တော်တို့လို မဟုတ်ဘူး။ ကိုယ်တော်တို့ကတော့ အိုးမရှိ အိမ်မရှိ ခြေသလုံးအိမ်တိုင်။ အရှင်ဘုရားတို့က တစ်ကောင်ကြွက်။ တပည့်တော်တို့မှာ အသိုက်နဲ့ အအုံနဲ့'တဲ့။ အသိုက်အအုံနဲ့နေတာ ငှက်ပေါ့။

အသိုက်နဲ့ အအုံနဲ့နေတာက?

"ငှက်ပါဘုရား"

ဒါဖြင့် တရားဟောတဲ့ဘုန်းကြီးက?

"ကြွက်ပါဘုရား"

သွားပြီ အကုန်လုံး။ ဆရာတော်ဘုရားကြီးက ပြောတယ်။

'မင်းတို့ကို ဟောမိတာ အကုန်လုံး တစ်ရုံးလုံးတော့ တိရစ္ဆာန်တွေ ဖြင်ကုန်ပြီ'။ ဆရာတော်ကြီးပြောသွားတာ တော်တော်ပေါ်လွင်တယ်။ တို့ဆရာတော်ဘုရားကြီးကလေ တော်တော်ပြောတတ်တာ။ ဒါကြောင့် ဆရာတော်ဘုရားကြီးရဲ့ တရားကို များများနာလို့ ပြောတာ။

'ခွင်'တည့်သလို ထည့်သွားလို့ရတယ်။ အကုန်လုံး ရှေ့နောက် စဉ်ပေးစရာမလိုအောင် ခေတ်မီတယ်။ ဆရာတော်ဘုရားကြီးရဲ့တရားက အမြဲတမ်း ထာဝရ လန်းဆန်းနေတယ်။ ရိုးအီမသွားဘူး။ ရိုးသွားတယ်လို့ မရှိဘူး။ ကိုယ်ကိုယ်၌က ရိုးပြီးသားမို့လို့ ယဉ်ကျေးတယ်။ သဘောကျရဲ့လား။

ယောဂီတို့၊ ဘုန်းကြီးတို့မှာ အတိတ်တုန်းက ပြုလုပ်ခဲ့တဲ့ ကံတွေမှာ ကြည့်စမ်း၊ အမည်းကံတွေ ရှိမနေဘူးလား?

"ရှိနေပါတယ်ဘုရား"

သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ အချိန်ကုန်တာ ဘာတွေတုန်း?

"အမည်းခံပါဘုရား"

ဒါဖြင့် အမည်းကံက မည်းသောအကျိုးပေးရင် ဘာသစ္စာ?

"ဒုက္ခသစ္စာပါဘုရား"

ဟုတ်တာပေါ့။ ဒုဂ္ဂတိ ဒုက္ခသစ္စာ။?

တစ်ခါ အဖြူ အမည်း ရောထားတဲ့ကံက ဘာကံတဲ့?

"အဖြူ အမည်း ရောသောကံပါဘုရား"

အဖြူအမည်း ရောသောကံဆိုတာက ကုသိုလ်ကောင်းမှုတွေ လုပ်ပြီးတော့ ဇာတ်ပွဲ၊ အငြိမ့်ပွဲတွေနဲ့ လုပ်နေတာ မရှိဘူးလား?

"ရှိပါတယ် ဘုရား"

အေး... အဲဒါ မနက်ဖြန်ကျမှ ဝင့်သုံးဝနဲ့ သေသေချာချာကို ဟောပြဦးမယ်။ ကုသိုလ်ထဲမှာ အကုသိုလ်ရောတာ မှန်သမျှ အဖြူ အမည်း ရောတဲ့ကံပဲ။ အဖြူ အမည်း ရောတဲ့ကံက အဖြူ အမည်း

ရောတဲ့အကျိုး ပေးမှာပဲ။

ဆိုလိုတာက လျှုလိုက်တာက အဖြူကံ၊ အရက်နဲ့ ညှော်ခံတာက?

"အမည်းကံပါဘုရား"

သားရှင်ပြု၊ သမီးနားသတာက အဖြူကံ၊ ဆိုင်းဝိုင်းကန္နားကြီးတွေနဲ့ ညှော်ခံတာက အမည်းကံ။

ဟုတ်ပြီနော်။ အဖြူထဲ ဘာရောတာတုန်း?

"အမည်းရောတာပါ ဘုရား"

အဖြူ အမည်း ရောတဲ့ကံက ဒီအတိုင်းနေမှာလား၊ အကျိုးပေးမှာလား?

"အကျိုးပေးမှာပါ ဘုရား"

အဖြူအမည်း ရောတဲ့ကံက အဖြူအမည်းရောတဲ့ အကျိုးပေးမှာပေါ့။ ဆင်ဖြူတော်တစ်ကောင် ဆိုပါတော့၊ ဆင်ဖြူတော်မှာ အဖြူရောင် ဖြစ်ရတာက အဖြူကံ၊ ဆင်ဖြစ်ရတာက အမည်းကံ။ ရွှေဇလုံနဲ့ စားရတယ်။ နန်းတော်အိမ်မှာ နေရတယ်။

ရွှေဇလုံနဲ့စားရတာ မစားချင်ဘူးလား?

"မစားချင်ပါဘူး ဘုရား"

နန်းတော်မှာ နေရတာလေ၊ မနေချင်ဘူးလား?

"မနေချင်ပါဘူး ဘုရား"

သစ်တုံးမဆွဲရဘူးဗျ။ ရှင်ဘုရင်စီးတာ၊ မဖြစ်ချင်ဖူးလား?

"မဖြစ်ချင်ပါဘူး ဘုရား"

မဖြစ်ချင်ရင် သတိထား။ ပြောလိုက်ရင် 'မဖြစ်ချင်ဘူးဘုရား၊ မဖြစ်ချင်ဘူးဘုရား' နဲ့။ လုပ်လိုက်မှဖြင့် အလှူကနောက်ထား၊ ပကာသနက အရင်။ ပရိက္ခရာက ဘယ်နေမှန်း မသိဘူး။ အလှူ့အမ ချိတ်ထမီက အရင်မှာရတယ်။ ဒါမျိုးတွေ မရှိဖူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

နေဦး၊ မနက်ဖြန်မှ ဟောပြမယ်။ ဝင့်ကျမှ ကျယ်ကျယ်ပြန့်ပြန့်ကို ဟောပြဦးမယ်။

အဲဒါတွေက အဖြူထဲမှာ ဘာရောတာလဲ?

"အမည်းရောတာပါဘုရား"

ဒါကြောင့် ဆင်ဖြူတော် ဆင်ဖြစ်ရတာက အမည်းကံ၊ အဖြူဖြစ်ရတာက အဖြူကံ၊ အဖြူအမည်း ရောတဲ့ကံက အကျိုးပေးလိုက်တာ။ ရွှေနဂါးမှာ ရွှေရောင်ဖြစ်ရတာက အဖြူကံ၊ နဂါးဖြစ်ရတာက အမည်းကံ။ ကြေးနီရောင် မသန်းဘူး။ ရွှေရောင်လေး တောက်နေတာ မဖြစ်ချင်ဘူးလား?

"မဖြစ်ချင်ပါဘူး ဘုရား"

သတိထားနော်။ ဆင်ဖြူတော်ရယ်၊ ရွှေနဂါးရယ်။ ယမမင်းရှိသေးတယ်။ ယမမင်းက ကိုယ်တိုင်ရော့ ဒုက္ခမခံရပါဘူး။ ဒါပေမဲ့ ငရဲသားတွေရဲ့ အော်ဟစ်သံကိုတော့ စိတ်မချမ်းသာစွာ နေ့တိုင်း မကြားရဖူးလား၊ ကြားလား?

"ကြားရပါတယ် ဘုရား"

ကိုယ်တိုင် မခံရတာက အဖြူကံ၊ အော်ဟစ်နေတဲ့အသံ နေ့တိုင်း ကြားနေရတာက အမည်းကံ။ ကိုယ်ကိုယ်တိုင်တော့ မခံရဘူးလေ။ ဆရာကြီးလုပ်ရတာ။ မဖြစ်ချင်ဘူးလား?

"မဖြစ်ချင်ပါဘူးဘုရား"

## အဖြူ အမည်း မရောမှ နိဗ္ဗာန်ရမည်

မှတ်ထား။ ဆရာကြီးဂိုက်ဖမ်းထားတဲ့သူတွေ သတိထား။ ခါးထောက်၊ လက်ညှိုးထိုးဘဝနဲ့ အချိန်ကုန်နေတဲ့သူတွေ သတိသာထားပေတော့။ ဘာမှ ကိုယ်ပိုင်ဉာဏ်ရှိတာလည်း မဟုတ်ဘူး။ ကိုယ်တိုင်လည်း လုပ်တတ်တာ မဟုတ်ဘူး။

တချို့များ ဆရာကြီးသာလုပ်တာ။ ပိုက်ဆံရှိလို့သာ ပွဲရုံထောင်

ထားတာ။ ထန်းလျက်အကြောင်း နားမလည် ဘာမလည်နဲ့။ 'ဆရာ ရယ် ပွဲရုံထဲမှာ ထန်းလျက်တွေ အရည်ပျော်ကုန်ပြီ။ တချို့ထန်းလျက် ကတော့ ကောင်းပါသေးတယ်' ဆိုတော့ 'အဲဒါဆိုရင် ကောင်းတဲ့ ထန်းလျက်ကို မျိုးချန်ထား၊ ကျန်တဲ့ ထန်းလျက်ကို ရောင်းပစ်လိုက် တော့'တဲ့။ ထန်းလျက် မျိုးချန်ခိုင်းတယ်။

တစ်ခါကလည်း သူဌေးတစ်ယောက် ပိုက်ဆံရှိလို့ လယ်ဝယ် မလို့ လယ်ကွက်ကို သွားကြည့်ပြီး 'ကောင်းလိုက်တဲ့ လယ်ကွာ' ဆိုတော့ ဘေးက လယ်သမားတွေက ကြည့်ပြီး မျက်လုံးပြူးတယ်။ တယောက်က ဘေးကနေကပ်ပြောတာ 'ဆရာ အဲဒါ စပါးတွေမဟုတ် ဘူး၊ မြက်တွေ'တဲ့။

ကိုင်း... စပါးနဲ့ မြက်တောင် မကွဲတဲ့ သူဌေးရော မရှိဘူးလား၊ ရှိလား?

"ရှိပါတယ်ဘုရား"

အဲဒါ သူဌေးလို့သာပြောတာ။ ကျန်တာ နာမ်စား၊ ကိုယ့်ဟာ ကိုယ် ထည့်သုံး၊ တချို့ ဘာမှမသိဘဲနဲ့ ဆရာကြီးဂိုက် ဖမ်းနေတာ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ဘာမှမသိဘဲနဲ့ ဆရာကြီးလုပ်နေတာ မွဲမယ်သာ ပြင်ထား။ အားလုံး သဘောကျပြီနော်။ အဖြူ အမည်း ရောတဲ့ကံက အဖြူ အမည်း ရောတဲ့အကျိုး ပေးမှာပဲ။

နံပါတ်လေး အကျိုးပေးတာက အသူရကာယ်တဲ့။ ဘာတဲ့လဲ?

"အသူရကာယ်ပါ ဘုရား"

နေ့စံ ညခံ၊ ညစံ နေ့ခံ စသည်အားဖြင့် ခုနစ်ရက်ခံ၊ ခုနစ် ရက်စံ၊ တပက္ခစံ၊ တပက္ခခံ။ အဲဒီတော့ စံရတာက အဖြူကံ၊ ခံရတာက အမည်းကံ။ ဖြစ်ချင်သလား။

"မဖြစ်ချင်ပါဘူး ဘုရား"

သတိထား။ ဒါဖြင့်ရင် ဆိုင်းနဲ့ ဝိုင်းနဲ့ အပျော်နဲ့ အပါးနဲ့ ကန္နားနဲ့ ဟေးလားဝါးလား သောက်သောက်စားစား မူးမူးရူးရူးနဲ့ လုပ်ခဲ့တဲ့ ကုသိုလ်တွေကရော အားကိုးသင့်၊ အားမကိုးသင့်?

"အားမကိုးသင့်ပါဘူး ဘုရား"

ဘာကံမို့လို့လဲ?

"အဖြူအမည်း ရောတဲ့ကံမို့လို့ပါ ဘုရား"

ဘာသစ္စာ ပွားခဲ့တာလဲ?

"သမုဒယသစ္စာ ပွားခဲ့တာပါ ဘုရား"

ဒါ မလုပ်ကောင်းပါလားလို့ သူ သိရဲ့လား?

"မသိပါဘူးဘုရား"

မသိတာက?

"အဝိဇ္ဇာပါဘုရား"

ရမ်းလုပ်တာက?

"သင်္ခါရပါဘုရား"

အဝိဇ္ဇာပစ္စယာ?

"သင်္ခါရပါဘုရား"

အကျိုးတရားလား၊ အကြောင်းတရားလား?

"အကြောင်းတာပါဘုရား"

အကြောင်းတရားက အကျိုးပေးလိုက်လို့ရှိရင် ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

ချမ်းသာကျိုးလား၊ ဆင်းရဲကျိုးလား?

"ဆင်းရဲကျိုးပါဘုရား"

အကျိုးပေး ဘယ်နှစ်မျိုးပါလိမ့်?

"လေးမျိုးပါ ဘုရား"

ဆင်ဖြူတော်၊ ရွှေနဂါး၊ ယမမင်း၊ အသူရကာယ်။ ဘယ်ဟာ ကြိုက်တုန်း?

"ဘယ်ဟာမှ မကြိုက်ပါဘူး ဘုရား"

ဘယ်ဟာမှသာ မကြိုက်ဘူးပြောတာ။ ကျူးလွန်ထားတဲ့ ကံတွေက ရှိ၊ မရှိ?

"ရှိပါတယ်ဘုရား"

ဒီအထဲမှာ အများကြီးပဲဗျ။ ယောဂီတို့မှ မဟုတ်ဘူး။ ဘုန်းကြီးကအစ၊ အားမငယ်နဲ့။ ဒီကံတွေ လုပ်ထားတာတွေ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

အဖြူကံသက်သက် လုပ်တာလည်းရှိတယ်၊ အမည်းကံသက်သက် လုပ်တာလည်း ရှိတယ်။ အဖြူအမည်းကံ လုပ်ထားတာလဲ?

"ရှိပါတယ်ဘုရား"

ဒါဖြင့် ကံရဲ့အကျိုးပေးထားတဲ့ သစ္စာမှန်သမျှ ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

ဒီ ကံအားလုံးရဲ့ အကျိုးပေးသည် ဒုက္ခရမှာမို့ ဒီ ဒုက္ခတွေ မရအောင် ဖြတ်ရမှာသည် ဘာနဲ့ဖြတ်ရမှာလဲ?

"ဉာဏ်နဲ့ ဖြစ်ရမှာပါ ဘုရား"

ဉာဏ်နဲ့ ဖြတ်ရမှာဆိုရင် ခန္ဓာပေါ် ဘာရောက်အောင် လုပ်ရမှာလဲ?

"ဉာဏ်ရောက်အောင် လုပ်ရမှာပါ ဘုရား"

ဒါဖြင့် ခန္ဓာပေါ် ဉာဏ်ရောက်အောင် လုပ်တဲ့အလုပ်သည် တခြား အလုပ်လား၊ ဝိပဿနာအလုပ်လား?

"ဝိပဿနာအလုပ်ပါ ဘုရား"

အဲဒီ ဝိပဿနာအလုပ်ကတော့ အဖြူအမည်း မရောတဲ့ကံ။ ဘာကံလဲ?

"အဖြူအမည်း မရောတဲ့ကံပါ ဘုရား"

အဖြူအမည်း မရောတဲ့ကံက အဖြူအမည်း မရောတဲ့အကျိုးပေးမယ်ဆိုတော့ အဖြူအကျိုးပေးလည်း ဒုက္ခသစ္စာ၊ အမည်းအကျိုးပေးလည်း ဒုက္ခသစ္စာ၊ အဖြူအမည်းရောတဲ့ အကျိုးပေးလည်း ဒုက္ခ

သစ္စာ။ အဖြူအမည်းမရောတဲ့ အကျိုးပေးဆိုတာ နိရောဓသစ္စာ နိဗ္ဗာန်ဗျ၊ ရှင်းပြီလား။

အဖြူအမည်း မရောတဲ့ကံက အကျိုးပေးရင် ဘာတုန်း?

"နိဗ္ဗာန်ပါဘုရား"

## ကံ အားကိုးပါမှ တဏှာအစပ်ခံရသည်။

ကံ ဘယ်နှစ်မျိုးပါလိမ့်?

"လေးမျိုးပါဘုရား"

ဒါဖြင့် ဝိပဿနာအလုပ်ဆိုတာ ဘာအလုပ်လဲ မေးရင် ကံဖြတ်တဲ့အလုပ်။

ဘာအလုပ်လဲ?

"ကံဖြတ်တဲ့အလုပ်ပါ ဘုရား"

ဘာဖြစ်လို့ ကံဖြတ်တဲ့အလုပ်ကို လုပ်စေချင်တာလည်း မေးရင်၊ ယောဂီတို့၊ ဘုန်းကြီးတို့ လုပ်ထားတဲ့ ကံမှန်သမျှက ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါ ဘုရား"

ပဋိစ္စသမုပ္ပါဒ် နားမလည်တဲ့ ဗုဒ္ဓဘာသာတွေ ဘယ်လောက်သနားဖို့ကောင်းသလဲ။ ဘုရားရဲ့ အတွေးအခေါ်၊ ဘုရားရဲ့ အယူအဆ၊ ဘုရားပြောပြတဲ့ စကားလုံးတွေကို တိုက်ရိုက်နားလည်ဖို့ ခဲယဉ်းတယ်ဗျ။ အခု ယောဂီတို့ ကြည့်လိုက်ပါလား။ ပဋိစ္စသမုပ္ပါဒ် အကြိမ်ကြိမ် သင်တန်းတက်ထားတာတောင်မှ စေ့စေ့တွေး?

"ရေးရေးပေါ်ပါ ဘုရား"

စေ့စေ့စပ်စပ် ပြောတာတောင်မှ ရေးတေးတေးလေးပေါ်တာ။ တချို့က ဒဲ့ဟောတာတောင်မှ ငါ့များ စောင်းဟောနေသလားတဲ့။ ဒဲ့ဟောပါတယ်ဆိုမှ စောင်းနေသလားဆိုရင် အဲဒါ အ,လို့သာမှတ်။ စောင်းဟောတာ မဟုတ်ဘူး။ ဒဲ့ဟောတာဟေ့။ အဲဒါ တချို့က

စောင်းဟောတယ် ထင်တာကိုက အ,တာ။ လူအ,ကို နိဗ္ဗာန်က လက်မခံဘူးဗျ။

ယောဂီတို့က လူအတွေလား၊ လူလည်တွေလား?

"လူလည်တွေပါ ဘုရား"

သိပါတယ်။ လည်ပါတယ်။ တော်တော်အပါးလည်တာ။ အပါးလည်တော့?

"အပါယ်လားတာပါ ဘုရား"

အေး... ဒါကြောင့်မို့ ယောဂီတို့ရေ၊ အ,လည်း မအနဲ့၊ အပါးလည်း မလည်နဲ့။

ခန္ဓာပေါ် ဘာရောက်ရမယ်?

"ဉာဏ်ရောက်ရပါမယ် ဘုရား"

ဒါဖြင့် သေချာမှတ်ပါ။ ကံချည်းပဲသက်သက်ဆိုရင် အဖြူကံလည်း အားကိုးလို့ မရဘူး။ အမည်းကံလည်း အားကိုးလို့ မရဘူး။ အဖြူအမည်းရောတဲ့ ကံလည်း?

"အားကိုးလို့မရပါဘူး ဘုရား"

ကိုင်း... ဒါဖြင့် ကံလေးမျိုးလုံးမှာ တို့အားကိုးရမည့် ကံက အဖြူအမင်း မရောတဲ့ကံ။ အတိုကောက်ပြောရရင် အဖြူအမည်း မရောတဲ့ကံ ဆိုတာ တခြားလား၊ ဉာဏ်လား?

"ဉာဏ်ပါဘုရား"

ဉာဏ်အားကိုးရမှာ။ အဲဒီတော့ ဟိုက လူမမာကို ရပ်ကွက်က လာပြောတာက 'မင်း ကံအားကိုးပေါ့ကွာ'၊ ဟော... ဉာဏ်အားကို ဆိုတာကို မပြောတတ်ဘူး။ ဒီတရားမျိုး မနာဘူးလို့ကတော့ ပြောကို မပြောတတ်ဘူး စိတ်ချ။ လူမမာဖြစ်ကြည့်၊ တစ်ရာလာရင် ၉၉ ယောက်က ကံစကားပြောတာဗျ။

တချို့လူမမာကျတော့ 'တရားလေး နာပါလား၊ တရားလေး မှတ်ပါလား'လို့ ပြောလိုက်ရင် 'ငါ သေကာနီးမို့ လာပြောနေတာ' တဲ့။ ဉာဏ်စကားပြောရင်ကို လူမမာက မကြိုက်တာ။ 'အဲဒီ ဒွေ့သည်

နောက် မလာစေနဲ့၊ လာရင် နင်တို့ဘာသာ နင်တို့လက်ခံ'တဲ့။ လူမမာကိုယ်တိုင်က အူကြောင်ကြောင် ဖြစ်နေတာနော်။

ဘာမှ နားမလည်ဘူး၊ သေခါနီး ကိုယ်ဘာတရားနားထောင်လို့ ထောင်ရမှန်း မသိဘူးဗျ။ တချို့ ပရိတ်ကြီးခွေ ဖွင့်သတဲ့။ နေကောင်း တုန်း သွားနိုင်၊ လာနိုင်တုန်းကတောင် ကိုယ်ဘာမှမသိတဲ့ ပရိတ်ကြီး ကို သေခါနီးကျတော့ နားလည်ဦးမလား?

"နားမလည်ပါဘူး ဘုရား"

လူကြားကောင်းတာပဲ ရှိတယ်။ ဘာမှလည်း နားမလည်ဘူး။ တချို့ ပရိတ်နေ့တိုင်းရွတ်ပါရဲ့၊ ဘာမှ နားမလည်ဘူး။ ပရိတ်ကြီးကို ကန့်ကွက်နေတာ မဟုတ်ဘူး။ အချိန်မကုန်စေချင်တာလို့ မှတ်၊ ရှင်း ပြီးလား။

အဓိကက ယောဂီတို့ရေ... အန္တရာယ်ကင်းစေချင်ရင် ကိုယ့် ကာယကံ၊ ဝစီကံ၊ မနောကံကို စောင့်ရှောက်ရမှာ။ ဒါတော့ မစောင့် ရှောက်ဘူး။ ပရိတ်ပဲ ဖွင့်နေတယ်။ ဟက်သာပါးသွားမယ်၊ တိတ် ကြိုးတွေသာ ပြတ်ထွက်သွားမယ်၊ ဘာမှ ဖြစ်မလာဘူးဗျ။

အန္တရာယ်ကင်းချင်ရင် ကိုယ့်ကံကို ကိုယ်စောင့်ရှောက်ဖို့ မလို ဘူးလား?

"လိုပါတယ်ဘုရား"

ဒါဖြင့် ဒုက္ခက လွတ်ကင်းချင်ရင် ဘယ်ကံ အားကိုးရမလဲ။ အဖြူအမည်း မရောတဲ့ကံကို အားကိုးရမယ်။ ဒါတွေ နားမလည်တဲ့ အခါကျတော့ 'မင်းလုပ်ထားတဲ့ ကံလေး'ဆိုတော့ လူမမာကလည်း 'ဟုတ်တယ်၊ ငါလုပ်ထားတဲ့ ကံတွေရှိတယ်' ဆိုပြီး ကုသိုလ်ကို သတိလည်းရတယ်၊ သာလည်း သာယာတယ်။ အားလည်းကိုးပြီ။

ဘာလုပ်တာလဲ?

"အားကိုးတာပါ ဘုရား"

ဟုတ်တယ်၊ ဟုတ်တယ်။ 'ငါ ဘာအားငယ်စရာရှိသလဲ'

ဆိုပြီးတော့ သူ့ကုသိုလ်ကို သူ ဘာလုပ်တာလဲ?

"အားကိုးတာပါ ဘုရား"

အားလည်းကိုးတယ်၊ သာလည်း သာယာတယ်။ သာယာတဲ့အခါကျတော့ 'ဖဿ'ဆို မရဏာသန္နဇောလည်း ဇောရော၊ ကုသိုလ်ကံဇောလေး ဇောသွားတာ။ အဲဒီလို ကုသိုလ်ကံလည်း ဇောရော၊ ကုသိုလ်အရိပ်တွေ ဖပ်ခနဲ၊ ဖပ်ခနဲ ပေါ်လာ၊ ဝမ်းထဲမှာ ကုသိုလ်က အကျိုးပေးတော့မှာဆိုတော့ သုဂတိ လူခန္ဓာ နတ်ခန္ဓာ ဗြဟ္မာခန္ဓာ တစ်ဘုံဘုံပေါ်ဖို့ နိမိတ်ပေါ်လာပြီ။

ပေါ်ပြီ။ 'ဖဿ'ဆိုလည်း သေရော သင်္ခါရပစ္စယာ ဝိညာဏံ။ လာပြီ ခန္ဓာငါးပါး။ အဲဒီတော့ ကုသိုလ်သာယာတယ်ဆိုတာ တခြားလား၊ တဏှာလား?

"တဏှာပါဘုရား"

ကုသိုလ်ကို သာယာတာ ဘယ်သူပါလိမ့်?

"တဏှာပါဘုရား"

တဏှာ သိဗ္ဗိနီ။ တဏှာ– တဏှာသည်၊ သိဗ္ဗိနီ– အပ်ချုပ်သမားနှင့် တူ၏တဲ့။ တဏှာက ဘာနဲ့တူတုန်း?

"အပ်ချုပ်သမားနဲ့ တူပါတယ်ဘုရား"

တဏှာအပ်ချုပ်သမားက စပ်ပေးတော့မယ်။

တဏှာအပ်ချုပ်သမားက ဘာလုပ်တော့မှာလဲ?

"စပ်တော့မှာပါ ဘုရား"

## သားသမီးကို ခွေးတောင်မှ ချစ်တတ်တယ်

ဒါဖြင့် အခု ယောဂီတို့၊ ဘုန်းကြီးတို့ ရနေတာ ခန္ဓာ ဘယ်နှစ်ပါးတုန်း?

"ငါးပါးပါ ဘုရား"

ဒုဂ္ဂတိလား၊ သုဂတိလား?

"သုဂတိပါဘုရား"

အလိုလိုရတာလား၊ စပ်ခဲ့လို့လား?

"စပ်ခဲ့လို့ပါ ဘုရား"

အတိတ်ကလုပ်ခဲ့တဲ့ သင်္ခါရ။

အကျိုးလား၊ အကြောင်းလား?

"အကြောင်းပါဘုရား"

အခုရနေတဲ့ ခန္ဓာက?

"အကျိုးပါဘုရား"

ဒါဖြင့် အကြောင်းအကျိုး ဘာလုပ်ခဲ့တာတုန်း?

"စပ်ခဲ့တာပါ ဘုရား"

ဘယ်သူက စပ်ပေးတာတုန်း?

"တဏှာက စပ်ပေးတာပါ ဘုရား"

အကုသိုလ်နဲ့ စပ်ပေးလိုက်တာလား၊ ကုသိုလ်နဲ့ စပ်ပေးလိုက်တာလား။

"ကုသိုလ်နဲ့ စပ်ပေးလိုက်တာပါ ဘုရား"

တော်တော့ တော်သေးတာပေါ့ဗျာ။ ကုသိုလ်နဲ့ စပ်ပေးလိုက်လို့။ ကုသိုလ်ပေမယ့် သစ္စာမသိတဲ့ အဖြူကံသက်သက်မို့ ဘာသစ္စာနဲ့ ပွားခဲ့တာလဲ?

"သမုဒယသစ္စာနဲ့ ပွားခဲ့တာပါ ဘုရား"

ဒါဖြင့် သမုဒယသစ္စာပွားခဲ့တော့ ဘာသစ္စာ ရခဲ့တာတုန်း?

"ဒုက္ခသစ္စာ ရခဲ့တာပါဘုရား"

ဒါဖြင့် ဘယ်သစ္စာနဲ့ ဘယ်သစ္စာ စပ်ပေးခဲ့တာတုန်း။

"သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ စပ်ပေးခဲ့တာပါ ဘုရား"

သေချာရဲ့လား၊ စပ်ပြီးပြီလား?

"စပ်ပြီးပါပြီဘုရား"

သေချာတယ်လို့ ဘယ်သူသက်သေပြ?

"ခန္ဓာက သက်သေပြပါတယ် ဘုရား"

ဒါကြောင့်မို့ ဒီအစပ်ကို ကေန်အစပ်တဲ့။ ဘာအစပ်?

"ကေန်အစပ်ပါဘုရား"

မနေ့က ညပိုင်းမှာ ဒီလောက်ကျယ်ကျယ်ပြန့်ပြန့် မဟောဘူး နော်။ ဒီနေ့ ကံလေးမျိုးနဲ့ ဝေဖန်ပြတာ ဘာဖြစ်လို့လဲဆိုတော့ တို့ ဗုဒ္ဓဘာသာတွေက ကံချည်းအားကိုးရမယ် အောက်မေ့တာ။ အားကိုး ကောင်းတဲ့ကံ၊ အားမကိုးကောင်းတဲ့ကံ ဆိုပြီး မခွဲခြားတတ်ဘူး။

ဒီနေ့တော့ ခွဲခြားလို့ မရဘူးလား၊ ရပြီလား?

"ရပါပြီဘုရား"

သေပျော်တဲ့တရားလို့ မှတ်ပါ။ ဒါဖြင့် အားကိုးရမည့် ကံက အဖြူ အမည်း မရောတဲ့ကံ။ ဒီကံ အားကိုးရမှာပါလားလို့ တစ်ခါမှ မသိခဲ့ဘူး။ ဘုရားက မဟောဘူး မဟုတ်ဘူး၊ ဟောတယ်။ သမ္မပ္ပဓာန် တရားလေးပါးမှာ ပြန်ကြည့်။

အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒယ ဝါယာမော။

အနုပ္ပန္နာနံ– မဖြစ်ပေါ်သေးသော၊ ကုသလာနံ– ကုသိုလ်တရား တို့ကို၊ ဥပ္ပါဒါယ– ဖြစ်ပေါ်လာအောင်၊ ဝါယာမော– ကြိုးစားပေးပါ။

မဖြစ်သေးတဲ့ ကုသိုလ်၊ မလုပ်ဘူးသေးတဲ့ ကုသိုလ်ကို လုပ်ဖြစ် အောင် လုပ်စမ်းပါ။ မလုပ်ဘူးသေးတဲ့ ကုသိုလ်ဆိုတာ တစ်သံသရာလုံး တို့မလုပ်ဘူးသေးတဲ့ကုသိုလ် ပြန်ကြည့်။ ယောဂီတို့၊ ဘုန်းကြီးတို့ ဘုရားတည်တဲ့ကုသိုလ်၊ ကျောင်းဆောက်တဲ့ကုသိုလ် အကုန်လုပ်ခဲ့ဖူး တယ်။ အတိတ်က တို့မလုပ်ဘူးတဲ့ကုသိုလ်ဆိုတာ မဂ်ကုသိုလ်ဗျ။

တို့မလုပ်ဘူးတဲ့ ကုသိုလ်က ဘာကုသိုလ်လဲ?

"မဂ်ကုသိုလ်ပါ ဘုရား"

တို့ မပွားဘူးတဲ့ ကုသိုလ်က မဂ်ကုသိုလ်။ တို့မကျင့်ဘူးတဲ့ ကုသိုလ်က?

"မဂ်ကုသိုလ်ပါ ဘုရား"

အဲဒီ ကုသိုလ်ကို လုပ်ခိုင်းနေတာ၊ မလုပ်ဘူးသေးတဲ့ကုသိုလ် ဆိုတာ မဂ်ကုသိုလ်ကိုပြောတာ။ တို့ ဗုဒ္ဓဘာသာတော်တော်များများ မလုပ်ဘူးတာ ဘယ်ကုသိုလ်လဲ?

"မဂ်ကုသိုလ်ပါဘုရား"

ဒါကျတော့ လုပ်ရကောင်းမှန်း မသိဘူး။ တကယ့် အားကိုးရမည့် အဖြူအမည်း မရောတဲ့ ကံကျတော့ အားကိုးရကောင်းမှန်း မသိကြဘူး။ အားမကိုးကောင်းတဲ့ ကုသိုလ်ကျတော့ ဘာဖြစ်တုန်း?

"အားကိုးပါတယ်ဘုရား"

သတ္တဝါတွေ အားကိုးနေကြတယ်။ ဒါကြောင့် အတိတ်ဘဝက စပ်ခဲ့လို့ ကေန်အစပ်နော်။ တစ်ခါ ဒီဘဝမှာ ရထားတာ ခန္ဓာ ဘယ်နှစ်ပါးတုန်း?

"ငါးပါးပါ ဘုရား"

သားခန္ဓာလည်း ငါးပါး၊ သမီးခန္ဓာလည်း ငါးပါး။ ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

ဒုက္ခသစ္စာဆိုတာ ချမ်းသာကျိုးလား၊ ဆင်းရဲကျိုး အမှန်လား?

"ဆင်းရဲကျိုးအမှန်ပါဘုရား"

အဲဒီတော့ ခန္ဓာငါးပါး မသိ၊ ဒုက္ခသစ္စာလို့ မသိ၊ မသိတဲ့အတိုင်း ကိုယ့်သားကိုယ်တော့ ခင်ရမှာပေါ့။ ကိုယ့်သမီးကိုတော့ ခင်ရမှာပေါ့။ ကိုယ့်ကိုယ်ကိုယ်တော့ ခင်ရမှာပေါ့။ တချို့ပြောပါတယ်။ 'ကိုယ့်သားသမီးကို ဒီလောက်မခင်နဲ့' ဆိုတော့ 'ကိုယ့်သားသမီး မချစ်ရအောင် ခွေးမို့လား' တဲ့။ ပြောသေးတာ။

ခွေးလည်း သူ့သားသမီး မခင်ဖူးလား?

"ခင်ပါတယ်ဘုရား"

ခွေးတစ်ခါမွေး ဘယ်နှစ်ကောင်တုန်း။ ဆယ်ကောင်၊ တစ်ဒါဇင် စသည်အားဖြင့် မမွေးဖူးလား၊ မွေးသလား?

"မွေးပါတယ်ဘုရား"

ခွေးကလေးတွေ အမေ့နို့အုံကို ဝိုင်းစို့ကြတာ။ သူတို့သွားချွန်ချွန်လေးနဲ့ ကိုက်ဆွဲကြတာ သွေးတောင်စို့နေပြီဗျ။ ဒါတောင် အမေကြီးက 'ဟင်'ဆိုပြီး ထ,မာန်သလား?

"မမာန်ပါဘူးဘုရား"

ဒါဖြင့် သူ့သားသမီးကို နို့တိုက်တာ ပြုံးတိုက်တာလား၊ မဲ့တိုက်တာလား?

"ပြုံးတိုက်တာပါဘုရား"

ဒါက မချစ်လို့လား၊ ချစ်လို့လား?

"ချစ်လို့ပါဘုရား"

ခွေးသားအုပ် နို့တိုက်တာ မြင်ဖူးလား?

"မြင်ဖူးပါတယ် ဘုရား"

## စပ်မှာလား၊ ဖြတ်မှာလား

သခင် အပြင်ကပြန်လာရင် ခွေးက မကြိုဖူးလား၊ ကြိုလား?

"ကြိုပါတယ်ဘုရား"

အမြီးကုပ်ပြီး ကြိုတာလား၊ ခါပြီးကြိုတာလား?

"ခါပြီးကြိုတာပါဘုရား"

အဲဒါ ခွေးပြုံးတာဗျ။ ခွေးမကြီးက သူ့သားသမီးကို နို့တိုက်တာများ ဘုတ်ခနဲ ဘုတ်ခနဲ အမြီးခါပြီး တိုက်နေတာ မချစ်လို့လား၊ ချစ်လို့လား?

"ချစ်လို့ပါဘုရား"

ပြောလိုက်ပါဦးလား 'ကိုယ့်သားသမီးကို မချစ်ရင် ခွေးလား'လို့။ ခွေးလည်း သူ့သားသမီးကို မချစ်ဘူးလား"

"ချစ်ပါတယ်ဘုရား"

တောဒေယျကြီး သားတစ်ယောက်တည်း မွေးထားတာ။ ၇၈ ကုဋေသော ဥစ္စာတွေ ခင်မင်စွဲလမ်းပြီး သေတော့ ခွေးဖြစ်တယ်။ တောဒေယျကြီး ခွေးဖြစ်တော့ ခင်လို့တဲ့။ တို့ဒကာ၊ ဒကာမတွေ

ကိုယ့်သားသမီးကို ခင်ကြလား?

“ခင်ပါတယ်ဘုရား”

အဲဒါ ဂွင်ဗျ။ ဂွင်လို့ခေါ်တယ်။ တို့ဒကာ၊ ဒကာမတွေ ကိုယ့်သားသမီးကို ခင်ကြလား?

“ခင်ပါတယ်ဘုရား”

မခင်ခွေးလား၊ ခင်ခွေးလား?

“ခင်ခွေးပါဘုရား”

ခင် ဘာနဲ့ ခင်?

“ခကွေးနဲ့ပါဘုရား”

“ခွေး ဘာနဲ့ ခွေး?

“ခကွေးနဲ့ပါဘုရား”

တစ်ထပ်တည်းပဲ။ ခင်ရင် ဘာဖြစ်မလဲ။

“ခွေးဖြစ်မှာပါဘုရား”

မေ့မေ့ဝမ်းထဲက တဏှာနဲ့ သမီးခန္ဓာနဲ့ ဘာလုပ်လိုက်တာတုန်း?

“ခပ်လိုက်တာပါဘုရား”

ခင်မှ ခင်ဖူးရဲ့လား?

“ခင်ဖူးပါတယ်ဘုရား”

တစ်နေ့ တစ်နေ့ လောဘနဲ့စပ်၊ ဒေါသနဲ့စပ်၊ မောဟနဲ့စပ်၊ ဒိဋ္ဌိနဲ့စပ်။ တစ်နေ့ကို ဘယ်နှစ်ကြိမ်လောက် စပ်နေတုန်း?

“မရေတွက်နိုင်ပါဘူး ဘုရား”

(၂)အကွက်ကနေ ဘယ်အကွက် ကူးနေတာလဲ။

“(၃)အကွက် ကူးနေတာပါဘုရား”

အတိတ်မှာလား၊ ပစ္စုပ္ပန်မှာလား?

“ပစ္စုပ္ပန်မှာပါဘုရား”

ဒါဖြင့် ဘာလုပ်နေကြတာတုန်း?

“စပ်နေကြတာပါဘုရား”

မစပ်ရရင်ကို့?

"မနေတတ်တာပါဘုရား"

မစပ်ရရင် မနေနိုင်တာ ငရုတ်သီးမျိုး၊ ဘာအမျိုးတုန်း?

"ငရုတ်သီးမျိုးပါ ဘုရား"

ဒါဖြင့် ယောဂီတို့၊ ဘုန်းကြီးတို့ နေ့တိုင်းနေ့တိုင်း ဘာလုပ်နေကြတာတုန်း?

"စပ်နေကြတာပါ ဘုရား"

သွားရေး သမီးရေး စီးပွားရေးဆိုတာ ဘာလုပ်နေကြတာတုန်း?

"စပ်နေကြတာပါဘုရား"

ခန္ဓာဉာဏ်ရောက် အလုပ်လုပ်နေတာက?

"ဖြတ်နေတာပါဘုရား"

သွားရေး သမီးရေး စီးပွားရေးနဲ့ အချိန်ကုန်နေတာက?

"စပ်နေကြတာပါဘုရား"

ဒါဖြင့် ယောဂီတို့ ဖြတ်တဲ့အချိန်နဲ့ စပ်တဲ့အချိန် ဘယ်ဟာက များနေတုန်း?

"စပ်တဲ့အချိန်က များနေပါတာပါ ဘုရား"

ကိုယ့်အကြောင်း ကိုယ်သိ ကျေနပ်ပါပြီဗျာ။ စပ်တာကလည်း ကုသိုလ်နဲ့ အကုသိုလ် ဘယ်ဟာက များတုန်း?

"အကုသိုလ်က များပါတယ် ဘုရား"

ဒါဖြင့် ဒီအကုသိုလ်တွေက ဒီအတိုင်းနေမှာလား၊ အကျိုးပေးမှာလား?

"အကျိုးပေးမှာပါ ဘုရား"

အကျိုးပေးရင် တခြားလား၊ အပါယ်လေးပါးလား?

"အပါယ်လေးပါးပါ ဘုရား"

ကျချင်သလား?

"မကျချင်ပါဘူး ဘုရား"

မကျချင်ရင် ဘာလုပ်ရမှာလဲ?
"ဖြုတ်ရမှာပါ ဘုရား"
ဖြုတ်ဆိုရင် ခန္ဓာပေါ် ဘာရောက်အောင် လုပ်ရမလဲ?
"ဉာဏ်ရောက်အောင် လုပ်ရပါမယ်ဘုရား"
ကဲ... နာရီစေ့ပြီ။ တော်ကြဦးစို့။

## သတ္တမနေ့ဟောစဉ်

### တရားအဖွင့် ပဏာမ

ဆိုရိုးလေးတွေ ဆိုလိုက်ကြရအောင်။

(မူလနှစ်ဖြာ ဆိုသည်မှာ စသော ဆိုရိုး။ ဒုတိယနေ့ဟောစဉ် အစပိုင်းမှာ ရှုပါ။)

အားလုံး လက်အုပ်ချီလေးတွေ ချထား။ မှျတသော ဣရိယာပုထ်ဖြင့် စိတ်ချမ်းသာသလို ထိုင်ပြီး ဟောကြားလတ္တံ့သော တရားဓမ္မများကို အာရုံတစ်ပါး စိတ်မသွားဘဲ ဆက်လက်နာယူ မှတ်သားနိုင်ကြပါပြီ။

တို့အားလုံး ယောဂီအပေါင်း သူတော်ကောင်းတို့၊ ယောဂီတို့၊ ဘုန်းကြီးတို့ အပါအဝင် ၃၁ ဘုံ သတ္တဝါ အနန္တသံသရာ ကျင်လည်ရတယ်ဆိုတာ ယောကျ်ား၊ မိန်းမ သတ္တဝါအဖြစ်နဲ့ ကျင်လည်တာလား၊ အကြောင်းအကျိုးအကြောင့် ကျင်လည်တာလား?

"အကြောင်းအကျိုးကြောင့် ကျင်လည်တာပါဘုရား"

အေး . . . ဒါဖြင့် အကြောင်းတရားဆိုတာလည်း တခြားလား၊ ဓမ္မလား?

"ဓမ္မပါဘုရား"

အကျိုးတရားဆိုတာလည်း တခြားလား၊ ဓမ္မလား?

"ခမ္မပါဘုရား"

အဲဒီလို အကြောင်းအကျိုးတွေနဲ့ သံသရာလည်ရအောင် စပ်ပေးလိုက်တဲ့ အစပ်က ဘယ်နှစ်ပါးလဲ?

"သုံးပါးပါ ဘုရား"

အစပ်သုံးပါးကို မနေ့က သင်ထားတယ်။ ဘာတွေလဲ ပြော?

"သင်္ခါရနဲ့ ဝိညာဏ် တစ်စပ်၊

ဝေဒနာနဲ့ တဏှာ တစ်စပ်၊

ကမ္မဘဝနဲ့ ဇာတိ တစ်စပ်"

အစပ် ဘယ်နှစ်ပါးလဲ?

"သုံးပါးပါ ဘုရား"

ကိုင်း... မနေ့က ပြောခဲ့ပါပြီ။ ယောဂီတို့၊ ဘုန်းကြီးတို့ အတိတ်ကကုသိုလ်ကို သေခါနီးမှာ သွားသတိရတော့ ကုသိုလ်ဖက်မှာ သတိရတာမို့ စာဂါနုဿတိပေါ့ဗျာ။ စာဂ– ပေးကမ်းစွန့်ကြဲတာ၊ အနုဿတိ– ပြန်သတိရတယ်။ 'ဟုတ်တယ်၊ ငါ ကုသိုလ်လုပ်ခဲ့တယ်'။ အဲဒီကုသိုလ်လေးကို ပြန်သတိရပြီးတော့မှ 'ဟုတ်တယ်၊ ငါ့မှာ ဘာအားငယ်စရာ ရှိသလဲ'။ အဲဒီကုသိုလ်လေးကို သတိလည်းရ၊ အားလည်းကိုးတယ်။ ပြီးတော့ သူ့ရဲ့ကုသိုလ်ကို သာလည်း သာယာတယ်။

သာယာတာ တခြားလား၊ တဏှာလား?

"တဏှာပါဘုရား"

သေခါနီးမှာ မရဏာသန္နဇောလည်း ဇောရော၊ ဝမ်းထဲမှာ လောဘဇော ဇောတယ်။

ဘာဇော ဇောတာလဲ?

"လောဘဇော ဇောတာပါဘုရား"

သာယာတယ်ဆိုကတည်းက တဏှာ။ တဏှာ တရားကိုယ်ကောက်တော့ လောဘ၊ လောဘဇော ဇောတော့ တဏှာကလည်း သူ့အလုပ် သူမလုပ်ဖူးလား?

"လုပ်ပါတယ်ဘုရား"

တဏှာ သိဗ္ဗနီ။ တဏှာ– တဏှာသည်၊ သိဗ္ဗနီ– အပ်ချုပ်သမားနဲ့ တူတယ်။ တဏှာဟာ ဘာနဲ့တူတာလဲ?

"အပ်ချုပ်သမားနဲ့ တူပါတယ်ဘုရား"

အပ်ချုပ်သမားက ဘာလုပ်ဦးမှာလဲ?

"စပ်ပေးမှာပါဘုရား"

ဒါကြောင့် ကုသိုလ်နဲ့ စပ်ပေးလိုက်တော့ အခု သုဂတိခန္ဓာ မရဖူးလား?

"ရပါတယ်ဘုရား"

သားရေး သမီးရေးနဲ့ အချိန်ကုန်သွားလို့၊ သားသမီးကို သတိရရင် အဲဒါ ကုသိုလ်ကို သတိရတာလား၊ အကုသိုလ်ကို သတိရတာလား?

"အကုသိုလ်ကို သတိရတာပါ ဘုရား"

အကယ်၍များ အဲဒီ အကုသိုလ် အာရုံနိမိတ်တွေ မြင်ပြီးတော့မှ အကုသိုလ်နဲ့များ စပ်ပေးလိုက်ရင် အခုရမည့် ခန္ဓာက ဒုဂ္ဂတိခန္ဓာ၊ ဟုတ်ပြီနော်။ တစ်ခါ သမထဈာန် အဘိညာဉ် စသည်ဖြင့်ပေါ့ဗျာ။ ဘုရားဂုဏ်တော်များ ပွားလိုက်ရင်၊ သမထကုသိုလ်နဲ့များ စပ်ပေးလိုက်ရင် ဘာခန္ဓာလဲ?

"ဗြဟ္မာခန္ဓာပါဘုရား"

ဘယ်ခန္ဓာရရ အလိုလိုရတာလား၊ စပ်လို့ရတာလား?

"စပ်လို့ရတာပါဘုရား"

အခု ယောဂီတို့၊ ဘုန်းကြီးတို့ ဒီခန္ဓာရနေတာ ဘာဖြစ်လို့ ရခဲ့တာလဲ?

"စပ်လို့ ရတာပါဘုရား"

ကုသိုလ်နဲ့ စပ်ပေးတာလား။ အကုသိုလ်နဲ့ စပ်ပေးတာလား?

"ကုသိုလ်နဲ့ စပ်ပေးတာပါ ဘုရား"

ဘယ်သူ စပ်ပေးတာလဲ?

"တဏှာက စပ်ပေးတာပါ ဘုရား"

(၂)အကွက်ကို ဖော်ပေးနေတာနော်။ အတိတ်က ကုသိုလ်နဲ့ လက်ရှိ သုဂတိခန္ဓာနဲ့ ဘာလုပ်ပေးလိုက်တာလဲ?

"စပ်ပေးလိုက်တာပါ ဘုရား"

အဲဒီ စပ်ဆိုတဲ့နေရာမှာ ဘယ်သူ့ကည့်ပေးမှာလဲ?

"တဏှာပါဘုရား"

သေချာပြီနော်။ သေချာပေါက် စပ်ပေးခဲ့တာပါလို့ ဘယ်သူက သက်သေပြတာလဲ?

"ခန္ဓာက သက်သေပြတာပါ ဘုရား"

သေချာပေါက်စပ်ခဲ့လို့။ အဲဒီအစပ်ကို ဘာအစပ်လို့ ခေါ်တာလဲ?

"ကောန်အစပ်ပါ ဘုရား"

အသေနဲ့ အနေ စပ်လို့လည်း မရဖူးလား?

"ရပါတယ်ဘုရား"

## သာခုမခေါ်နိုင်တဲ့ ဘဝ

ရှေ့အသေတစ်စပ်နဲ့ နောက်အနေတစ်စပ်တဲ့။ ရှေ့က သေခဲ့ပြီ။ အခု နေနေရတယ်၊ ဟုတ်လား။ ဒါကြောင့် ရှေ့အသေနဲ့ နောက်အနေ တစ်စပ်။ တစ်ခါ ဒီဘဝမှာ ပြန်ကြည့်လိုက်တော့ နေ့တိုင်း နေ့တိုင်း ဒီခန္ဓာကိုယ်ကြီးက အကြောင်းပြုပြီးတော့မှ ဒီခန္ဓာကို အရင်းပြုပြီး တော့မှ ဒီခန္ဓာကို လှဖို့ ပဖို့ လူချင်းတူတူ သူချင်းမျှမျှ နေရဖို့ နေ့တိုင်း ယောဂီတို့၊ ဘုန်းကြီးတို့ စီးပွားမရှာဖူးလား၊ ရှာလား?

"ရှာပါတယ်ဘုရား"

စီးပွားရှာတာ မလိုချင်လို့လား၊ လိုချင်လို့လား?

"လိုချင်လို့ပါဘုရား"

တစ်သောင်းရင်းလို့ တစ်သိန်းများရရင် မပျော်ဖူးလား?

"ပျော်ပါတယ်ဘုရား"

အဲဒီတော့ ဘာနဲ့စပ်တုန်း?

"တဏှာနဲ့စပ်ပါဘုရား"

စီးပွားရေးရှာရင်းနဲ့ အဆင်မပြေတဲ့အခါကျတော့ 'ဟာ... တစ်နေကုန် ဈေးထဲထိုင်နေရပြီးတော့ကွာ၊ ဈေးဦးမပေါက်ပါဘူး၊ စိတ်ညစ်လိုက်တာ' ဆိုပြီးတော့ ဘာနဲ့စပ်?

"ဒေါသနဲ့ စပ်တာပါ ဘုရား"

ဒီကြားထဲမှာ တွေဝေမိန်းမောပြီးတော့မှနေရင် ဘာနဲ့စပ်?

"မောဟနဲ့ စပ်တာပါ ဘုရား"

ငါမပါ ဘယ်မပြီး၊ ငါပါတော့လည်း ဘယ်မပြီး။ ငါတကော ကောတော့ ဘာနဲ့စပ်?

"ဒိဋ္ဌိနဲ့ စပ်တာပါ ဘုရား"

အတိတ်မှာလား၊ ပစ္စုပ္ပန်မှာလား?

"ပစ္စုပ္ပန်မှာပါဘုရား"

ဒါဖြင့် ယောဂီတို့ရေ... နေ့တိုင်း နေ့တိုင်း သားရေး၊ သမီးရေးနဲ့ နပန်းလုံးနေရတယ်ဆိုတာ ဘာလုပ်နေကြတာလဲ?

"စပ်နေကြတာပါ ဘုရား"

ကုသိုလ်နဲ့ စပ်နေတာလား?

"အကုသိုလ်နဲ့ စပ်နေတာပါ ဘုရား"

ဘယ်အကွက်ကနေ ဘယ်အကွက် ကူးနေတာလဲ?

"(၂)အကွက်ကနေ (၃)အကွက် ကူးနေတာပါ ဘုရား"

(၂)အကွက်က အကြောင်းတရားလား၊ အကျိုးတရားလား?

"အကျိုးတရားပါဘုရား"

ဘာသစ္စာ?

"ဒုက္ခသစ္စာပါဘုရား"

မြန်မာလိုပြောတော့ ဆင်းရဲကျိုးအမှန်။

(၃)အကွက်က အကျိုးလား၊ အကြောင်းလား?

"အကြောင်းပါဘုရား"

ဘာသစ္စာ?

"သမုဒယသစ္စာပါဘုရား"

မြန်မာလိုပြောပါဦး?

"ဆင်းရဲကြောင်းအမှန်ပါ ဘုရား"

ဒါဖြင့် နေ့တိုင်း နေ့တိုင်း သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ အချိန်ကုန်နေရာ ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား?

"ဆင်းရဲကြောင်းပါဘုရား"

အဲဒါကို ဒီတရားမျိုး မနာဘူးရင် 'တို့ ဘာအကုသိုလ်ရှိလို့ တုန်း'တဲ့။ ဒီတရားမျိုး မနာဖူးရင် ယောဂီတို့၊ ဘုန်းကြီးတို့ တော် တော်ကြောက်စရာကောင်းတယ်ဗျ။ လောကအလယ် ဘုရားပွင့်သွားလို့ သာဗျ။

ဘုရားပွင့်တော့ ဘုရားက မာဂဓဘာသာနဲ့ ဟောခဲ့တယ်ပေါ့ ဗျာ။ အဲဒီ ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားခဲ့တဲ့ တရားတွေကို မြန်မာစကား၊ မြန်မာနားနဲ့ ပီပီပြင်ပြင် ဟောပြတဲ့ မိုးကုတ်ဆရာတော် ဘုရားကြီးသာ မပေါ်ခဲ့ရင်တော့ ယောဂီတို့တော့ မပြောတတ်ဘူး၊ ဘုန်းကြီးတော့ တွေးတောင် မတွေးရဲဘူး။ ကိုယ်နေပုံ ထိုင်ပုံနဲ့လေ။

ဟာ... အပ်ဖျားပေါ်က နှမ်းလုံးပဲ။ မတိမ်းလိုက်နဲ့၊ တိမ်း လိုက်ရင် 'ဝုန်း'ခနဲပဲ။ သပိတ်သွတ်လွတ်၊ သပိတ်သွတ်လို့ကို မကျွတ်တာ။ သပိတ်သွတ်တိုင်း သွတ်တိုင်း ကိုယ်က လွတ်နေလို့။ သာဓု မခေါ်နိုင်တဲ့ ဘဝကိုဗျ။

ငရဲကျလိုက်၊ တိရစ္ဆာန်ဖြစ်လိုက်နဲ့ သာဓုခေါ်လို့ ရဦးမလား?

"မရတော့ပါဘူး ဘုရား"

## သံသရာချိန်ခွင်လျှာ အောက်စိုက်နေပြီ

စဉ်းစားလေ။ ကိုယ့်နေပုံ ထိုင်ပုံ ကြည့်ဦးလေ။ လောဘနဲ့ ပြောလိုက်၊ ဒေါသနဲ့ ပြောလိုက်၊ မောဟနဲ့ ပြောလိုက်၊ ဒိဋ္ဌိနဲ့ ပြောလိုက်၊ မာနနဲ့ ပြောလိုက်၊ ဣဿာနဲ့ ပြောလိုက်၊ မစ္ဆရိယနဲ့ ပြောလိုက်။ နည်းတာတွေ မဟုတ်ဘူးဗျာ။

တစ်ရက်တစ်ရက် ကုသိုလ်နဲ့ အကုသိုလ် ဘယ်သူက များလဲ?

"အကုသိုလ်က များပါတယ်ဘုရား"

ကုသိုလ်ကို တစ်ဖက်၊ အကုသိုလ်ကို တစ်ဖက် ချိန်ခွင်လျှာထဲ ထည့်ချိန်လိုက်ရင် ဘယ်သူက လေးမယ်ထင်တုန်း?

"အကုသိုလ်က လေးမှာပါ ဘုရား"

ယောဂီတို့ ချိန်ခွင်မှာ ဘာပါတုန်း?

"လျှာ ပါပါတယ်ဘုရား"

လျှာက ပေါ့တဲ့ဖက် ပြမှာလား၊ လေးတဲ့ဖက် ပြမှာလား?

"လေးတဲ့ဖက် ပြမှာပါဘုရား"

ကုသိုလ်ဖက်က လေးတာလား၊ အကုသိုလ်ဖက်က လေးတာလား?

"အကုသိုလ်ဖက်က လေးတာပါဘုရား"

လေးတဲ့ဖက် လျှာက ပြမှာလား၊ မပြဘူးလား?

"ပြမှာပါဘုရား"

လေးလွန်းမက လေးလာတဲ့အခါကျတော့ လျှာက အပေါ်ထောင်မှာလား၊ အောက်စိုက်မှာလား?

"အောက်စိုက်မှာပါ ဘုရား"

ယောဂီတို့ရဲ့ သံသရာချိန်ခွင်လျှာ အောက်စိုက်နေပြီ။ ဒီအတိုင်းပဲ နေကြတော့မှာလား။ မနေရင် ဘယ်လိုလုပ်မှာလဲ။ လုပ်ပါ။ ခန္ဓာဉာဏ်ရောက် လုပ်ပါ။ ခန္ဓာဉာဏ်ရောက် အလုပ်သည် ဘာအလုပ်လဲ မေးတော့ ကံဖြတ်တဲ့အလုပ်။

ဝိပဿနာအလုပ်ဆိုတာ ဘာအလုပ်လဲ?

"ကံဖြတ်တဲ့ အလုပ်ပါဘုရား"

ဒါတွေ မသိရှာကြလို့ သနားစရာကောင်းနေတာ။ ကိုယ့်ရဲ့ သံသရာချိန်ခွင်က အောက်စိုက်နေပြီ ယောဂီတို့။ ဘာဖြစ်လို့ အကျိုးမပေးသေးတာလဲ။ မသေသေးလို့။ ဉာဏ်မဦးဘဲနဲ့ အသေဦးသွားရင် ရေထဲ ခဲချတယ်လို့ မှတ်။

ဒါတောင် ကျေးဇူးရှင်ကြီးက ပြောတယ်။ 'ခင်ဗျားတို့ကို ကျောက်ရေချလို့ပြောတာ၊ ကျောက်ခဲလေးဘဝ သနားတယ်။ ကျောက်ခဲက သောင်ထွန်းရင် ပေါ်ဦးမှာ"တဲ့။

ယောဂီတို့၊ ဘုန်းကြီးတို့ဘဝက ပြန်ပေါ်လာစရာ အကြောင်းရှိလား?

"မရှိပါဘူး ဘုရား"

"ဒကာကြွယ်တို့၊ ဦးလှဘူးတို့ မှတ်ထား။ ခင်ဗျားတို့ ကျသွားလို့ကတော့ ဆီသုတ်ထားတဲ့ ကြေးအိုးထဲ ကြွက်ကျပြီလို့သာမှတ်'တဲ့။ ဆရာတော်ကြီးက ပေါ်လွင်အောင်ကို ပြောတာဗျ။ ဆီသုတ်ထားတဲ့ ကြေးအိုးထဲကို ကြွက်ကျသွားလို့ကတော့ ကုပ်တက်လိုက်၊ ပြုတ်ကျလိုက်။ ကုပ်တက်လိုက်၊ ပြုတ်ကျလိုက်နဲ့ အပေါ်ရောက်စရာ ရှိသေးရဲ့လား?

"မရှိပါဘူးဘုရား"

နောက်ဆုံးတော့ ဆီအိုးထဲတင် သေခြင်းဆိုးနဲ့ သေရရော။ ဟုတ်ရော ဟုတ်ရဲ့လား။ အခုလည်း ယောဂီတို့၊ ဘုန်းကြီးတို့ ဘဝလည်း နီးနေပြီဗျ။

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပ ဂတိံ ဂတာ။

ဘဝဂ္ဂန္တမ္ပိ သမ္ပတ္တာ၊ ပုန အာယန္တိ ဒုဂ္ဂတိံ။

တဲ့။ တို့တစ်တွေ သောတာပန်တည်ပြီး ပြီလား?

"မတည်သေးပါဘူး ဘုရား"

အဲဒါ ဆရာတော်ဘုရားကြီးက ပြောတာ။ 'ခင်ဗျားတို့ ပြုံးချိန် မတန်ဘဲနဲ့ မပြုံးစမ်းပါနဲ့၊ ဒကာကြွယ်တို့၊ ဦးလှဘူးတို့က အတော် ပြုံးတာကိုး၊ ခင်ဗျားတို့က အရူးပြုံး'တဲ့။ ဘာပြုံးတဲ့တုန်း။

"အရူးပြုံးပါဘုရား"

## ဥပနိဿယအတိုင်းသာ ဟောပြပါ

ဒီလိုစကားမျိုး ဆရာတော်ဘုရားကြီးမို့လို့ ပြောရဲတာနော်။ သူ ဘယ်လိုပြောပြော မတင့်တယ်ဖူးလား၊ တင့်တယ်သလား?

"တင့်တယ်ပါတယ်ဘုရား"

ကျန်တဲ့လူက ဒီစကားမျိုး လျှောက်ပြောရင် တင့်တယ်ပါဦး မလား?

"မတင့်တယ်ပါဘူး ဘုရား"

ဒါကြောင့်မို့ မပြောဘူး မှတ်ထား။ အရှင်ဘုရားများ နက်နဲတဲ့ စကားကို ကိုယ့်အပြော ဘယ်တော့မှ မလုပ်နဲ့။ ဆရာတော်ဘုရား ကြီးရဲ့ ဂုဏ်တော်ကို အခွန်းငါးဆယ်လောက် သင်ပြီးပြောတော့ ကိုယ့်ဂုဏ်မကျတဲ့အပြင် ကိုယ့်ကိုယ်တောင် ကြည်ညိုပါသေးတယ်။

ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော်ကို အခွန်းခြောက်ဆယ် လောက်ပြောလည်း ကြည်ညိုပါတယ်ဗျာ။ ဘာဖြစ်လို့လဲ။ ဆရာတော် ဘုရားကြီးရဲ့ ဒီနက်နဲတဲ့ တရားတွေ နားလည်တတ်အောင်၊ နာနိုင် အောင်လို့ အရှင်ဘုရားတို့၊ တပည့်တော်တို့က ကျေးဇူးပြုပေးတာ၊ တွန်းပို့ပေးတာ။ တပည့်တော်တို့ဟောတဲ့ တရားကို နားလည်တာထက် ဆရာတော်ဘုရားကြီးဟောတဲ့ တရားကို သူတို့ နားလည်ရာက အများကြီး ကျေးဇူးများတယ်။

ဘာဖြစ်လို့လဲ။ တပည့်တော်တို့က ကိလေသာထုလဗျစ် ပုထုဇဉ် အဖြစ်နဲ့ ဟောတာ။ ဟိုက ကိလေသာ ကုန်ခန်း ရဟန္တာအဖြစ်နဲ့ ဟောတာ၊ မကွာဘူးလား၊ ကွာလား?

"ကျွာပါတယ်ဘုရား"

အဲဒါ ကိုယ့်အတိုင်းနဲ့ကိုယ် နားလည်ကြ။ သူ့ရဲ့ ဂုဏ်သတင်းကြောင့် ကျောင်းတွေရတယ်။ ဆွမ်းတွေ ဘုဉ်းပေးရတယ်။ ကြည်ညိုတဲ့ ဒကာ၊ ဒကာမတွေ ပေါတယ်။ ဆရာကို ပယ်တဲ့တပည့် ဘယ်တော့မှ မကြီးပွားဘူးလို့ အရှင်ဘုရားတို့၊ တပည့်တော်တို့ သိပြီးသားပဲဘုရား။ ဟုတ်တယ် မဟုတ်လား။ ဆရာကိုအာခံ အာခေါင် ဘာစူးတဲ့?

"လုံ့စူးပါ ဘုရား"

ဆရာတော်ဘုရားကြီး ဥပနိဿယ လို့တော့ ပြောတာပဲ။ ဥပနိဿယ ကျချင်မှ ကျ၊ အော်ချင်ရာ အော်၊ ဟစ်ချင်ရာ ဟစ်၊ ကဗျာတွေရော၊ လင်္ကာတွေရော ရှုပ်ယှက်ကို ခတ်နေတာပဲ။ အနှစ်အသားလေး ဟောတာက တစ်နာရီလောက်ပဲဟောတာ။ မှတ်သားစရာ အနှစ်သာရတွေ လျော့သွားရင် ပေးဆပ်လိုက်ရတဲ့ အချိန်တွေဟာ ငွေနဲ့ဝယ်လို့ မရဘူးဆိုတာ အားလုံး သိပြီးသားပါ။

အခုလို ဓမ္မကထိကသင်တန်းနဲ့ ကျေးဇူးဆပ်ခွင့်ရတာကိုက တပည့်တော် အများကြီး ကုသိုလ်ရတာပါဘုရား။ အရှင်ဘုရားတို့ကို အများကြီး တိုးတက်စေချင်ပါတယ်။ ယောဂီသူတော်ကောင်းများ လည်းပဲ ပဋိစ္စသမုပ္ပါဒ်သင်တန်း တက်ရကျိုးနပ်စေချင်ပါတယ်။ အရှင်ဘုရားတို့ကို ပို့ချတဲ့ ပဋိစ္စသမုပ္ပါဒ်သင်တန်းကိုလည်း လေးလေးနက်နက် ထိထိမိမိ ရစေချင်ပါတယ်။

အဓိက အရေးကြီးတာက ပါရမီမြောက်ချင်ရင် ငါကောင်းစားရေး ဝါဒကို စွန့်လွှတ်ပြီး အလုပ်လုပ်မယ်ဆိုရင်တော့ အောင်မြင်မှာပါ။ ငါကောင်းစားရေးအတွက်၊ ငါတိုးတက်ဖို့အတွက်၊ ငါ့ကိုကြည်ညိုဖို့အတွက် ဆိုရင်တော့ အစကတည်းက မဟောရင် ကောင်းမယ်ထင်တယ်ဘုရား။ ပူလောင်လွန်းလို့ပါ ဘုရား။

ဒီဟာတွေက အလွန်ပူလောင်ပါတယ်။ ဘာဖြစ်လို့လဲ။ အပြိုင်အဆိုင်တွေ များလာမယ်။ အပြိုင်အဆိုင်တွေ များလာလေ၊ ရင်ထဲ

ပူလောင်ရလေလို့ မှတ်ပါဘုရား။ ငြိမ်းအေးကြောင်းတရားကို ဟော ကတည်းက ရင်ထဲမှာ အပြိုင်အဆိုင်တွေနဲ့ ပူလောင်နေရင် မကောင်း ပါဘူး။ မီးသတ်ရုံကို မီးလောင်ရင် ဘယ်သူ လာငြိမ်းမှာလဲ ဘုရား။

ဥပမာကတော့ အဲဒီလို ထင်းခနဲ ပေးချလိုက်။ အဲဒါဆို အကုန် သဘောပေါက်တယ်။ မီးသတ်ရုံက မီးလောင်နေမှတော့ ဘယ်သူ လာငြိမ်းပေးမှာလဲ။

ဒါကြောင့် ဥပနိဿယအတိုင်း ဟောပါ။ အရှင်ဘုရားတို့ ကျကို မကျဘူး။ အရှင်ဘုရားတို့ ကြည်ညိုတာတွေ၊ သဒ္ဓါတရားတွေ ပိုတိုးလာမယ်။ ကိုယ့်ကိုယ်တိုင်လည်း ဆရာတော်ဘုရားကြီးရဲ့ တရား တွေကို နက်နက်နဲနဲ ဟောနိုင်အောင် ကြိုးစားရတော့ သူများကို တစ်မတ်ဖိုးပေးချင်ရင် ကိုယ်ကိုယ်တိုင်က ငါးမူးဖိုး ကြိုးစားရပြီ။ အဲဒီကျတော့ ကိုယ့်အတွက် အများကြီး မရဘူးလား၊ ရသလား?

"ရပါတယ်ဘုရား"

တပည့်တော်တို့ရဲ့ဆရာ ကျေးဇူးရှင် ဆရာတော် ဦးသြဒါတာသိရိ ဘိဝံသ ဆိုတာ ရှိတယ်။ အဲဒီ ဆရာတော်က ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ဘုရားကြီးရဲ့ ဝိနိစ္ဆယကို အဓိက ဆုံးဖြတ်ပေးတဲ့ ဆရာတော်။ သူက တပည့်တော်ငယ်ငယ်တုန်းက ပဋ္ဌာန်းယမိုက် ပို့ချခဲ့တဲ့ အဝေရာရာမ ရန်ကင်းဆရာတော် အမိန့်ရှိတယ်။

"သုနန္ဒ၊ ငါလေ အရင်တုန်းက မိုးကုတ်ဆရာတော်ဘုရားကြီး ကို ကြည်ညိုပါတယ်။ ဒီလောက်မဟုတ်ဘူး။ နိုင်ငံတော်က ငါ့ကို ဝိနိစ္ဆယတာဝန် ပေးလိုက်တော့ ပါဠိတော် အဋ္ဌကထာ ဋီကာတွေ အများကြီးကြည့်ရတယ်။ ဆရာတော်ဘုရားကြီးဟောတဲ့ တရားတွေ ငါ အကုန်ကြည့်ရတယ်။ ပိုက်စိပ်တိုက် ထပ်ကာ ထပ်ကာ လုပ်ရ တယ်။ တချို့တရားတွေဆိုရင် အလုပ်နဲ့ သွားတာဆိုတော့ စာနဲ့ ညှိမရတော့ ကိုယ်ကိုယ်တိုင် လုပ်ကြည့်ရဟာယ်။ နှစ်နှစ်, သုံးနှစ်လောက်

လုပ်ကြည့်လိုက်တော့မှ ဆရာတော်ဘုရားကြီးကို ငါ သိပ်ကြည်ညို သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်လို သာမန်လုပ်လို့မရတော့ ဘူးကွ"

လို့ ဆရာတော် ဦးသြဒါတာသိရိဘိဝံသက အမိန့်ရှိပါတယ်။ အဲဒီ အတိုင်းပဲပေါ့ဗျာ။ အရှင်ဘုရားတို့၊ တပည့်တော်တို့က သူများကို ပြန်ပြီး ကျေးဇူးဆပ်မယ်ဆိုရင် ပိုပြီးတော့ ကြိုးစားရမယ်။ ပိုပြီးတော့ ကြိုးစားလေလေ၊ အသိက ပိုတိုးလေလေ။ ဆရာတော်ဘုရားကြီးရဲ့ အာဘော်တွေ မိလေလေ၊ ဆရာတော်ဘုရားကြီးအပေါ်မှာ ကြည်ညို လေလေပဲ။ ဆရာတော်ဘုရားကြီးအပေါ် ကြည်ညိုလေလေ၊ ဆရာတော် ဘုရားကြီးကို ကျေးဇူးဆပ်ချင်လေလေပဲ။ ဆရာတော်ဘုရားကြီးကို ကျေးဇူးဆပ်ချင်လေလေ၊ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်သတင်းကို ပြောလေလေပဲ။

ဓမ္မကထိက တစ်ပါးဟာ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဥပနိဿယပါဆိုရင် ဆရာတော်ဘုရားကြီးကို ဘယ်လောက်ကြည်ညို တယ်ဆိုတာ တောက်လျှောက် သိပြီးသားပဲ။ ဒါပေမဲ့ ဆရာတော် ဘုရားကြီး မပြောတာတွေရော၊ ခေတ်အမြင်တွေရော၊ လောကီစကား တွေရော သိပ်ပြီးတော့မှ ဟောင်ဖွာဟောင်ဖွာတွေ များလာပြီ၊ ကိုယ် ရည်ကိုယ်သွေးတွေ၊ ကဗျာ လင်္ကာတွေနဲ့ ရှုပ်ယှက်ခတ်လာပြီဆိုရင် တော့ ဆရာတော်ကြီးကို ကြည်ညိုတယ်ဆိုတာ စားကောင်းရုံ နာမည် တပ်ထားတာပဲ ရှိတယ်။

ဆရာတော်ဘုရားကြီး ကြိုးစားဆောင်ရွက်ခဲ့လို့ တပည့်တော်တို့ အရှင်ဘုရားတို့၊ နာယူခွင့် ရတာပါဘုရား။ ဒီတရားတော်ကြီးကို ဟောရင် ပဋိစ္စသမုပ္ပါဒ်ကို လက်မလွှတ်နဲ့။ ခန္ဓာကို လက်မလွှတ်နဲ့။ ဆရာတော်ဘုရားကြီး ဥပနိဿယအတိုင်း တိတိကျကျ ဟောပေးပါလို့ တပည့်တော် ပြောလိုပါတယ်။

## အာသန္နကံ အကုသိုလ်နဲ့ စပ်မိလျှင်

ခန္ဓာကို လက်မလွှတ်နဲ့ဆိုတော့—

အညေခန္ဓာ အညေနိဗ္ဗာနန္တိ ခန္ဓပဋိပတ္တာ မေဝါ တိ နိဗ္ဗာနံ။

ခန္ဓာသည် အလိုလိုရတာလား၊ စပ်လို့ရတာလား။ ဒါကြောင့်မို့ သေချာစပ်ခဲ့လို့၊ ဘာအစပ်လဲ။

"ကေန်အစပ်ပါ ဘုရား"

ဒီဘဝမှာ ပြုလုပ်ဆောင်ရွက်နေကြတာလည်း ကုသိုလ်နဲ့ အကုသိုလ် ဘယ်ဟာက များလဲ?

"အကုသိုလ်က များပါတယ်ဘုရား"

အကုသိုလ်တွေက စပ်လို့ရှိရင် ယောဂီတို့၊ ဘုန်းကြီးတို့ ဒုတိယဘဝမှာ အကျိုးပေးရင် တခြားလား၊ အပါယ်လေးဘုံလား?

"အပါယ်လေးဘုံပါဘုရား"

ဒီဘဝမှာ လုပ်ထားတဲ့ ကုသိုလ်တွေ မရှိဖူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ကုသိုလ်နဲ့စပ် သေမယ်၊ အကုသိုလ်နဲ့စပ် သေမယ်လို့ သေချာ ပေါက် သိရဲ့လား?

"မသိပါဘူး ဘုရား"

ဟာ... ဒါကြောင့်မို့ သေခါနီးကျတော့ 'ဒီပုဂ္ဂိုလ် သိပ်ကို ကုသိုလ်များတာ၊ ဘုရားသွား၊ ကျောင်းတက် သိပ်မှန်တာ၊ ဒါနတွေ လုပ်လိုက်တာ၊ အမလေး... နိဗ္ဗာန်နဲ့ နီးပေါ့'။ အိုး... အဝေးကြီးပါ ယောဂီတို့ရေ၊ အဝေးကြီးပါ။ အရမ်းမဝေဖန်လိုက်ပါနဲ့။

မလ္လိကာတို့ ဒီလောက် ဒါနတွေလုပ်တာ သေတော့ အဝီစိမကျရ ဘူးလား?

"ကျရပါတယ်ဘုရား"

အဲဒါ ဘာနဲ့စပ် သေလို့လဲ?

"အကုသိုလ်နဲ့စပ် သေလို့ပါဘုရား"

အာစိဏ္ဏကံမှာ ကုသိုလ်များခဲ့ပေမယ့် အာသန္နကံမှာ အကုသိုလ်ဝင်ချသွားတာ။ အာစိဏ္ဏကံ ဆိုတာက နေ့စဉ်လုပ်နေတဲ့ ဘုရားကျောင်းသုံးခေါက်ရောက်တဲ့ ကုသိုလ်၊ အာသန္နကံ ဆိုတာက အာသန္နကမ္မ။ အာသန္န– သေခါနီးမှ ကပ်ပြီးပေါ်လာတဲ့၊ ကမ္မ– ကံ။ ခင်ပွန်းသည်ကို လိမ်ခဲ့ ညာခဲ့မိတဲ့ အကုသိုလ်ကံ။ အဲဒီ အကုသိုလ်ကံက အကျိုးပေးချလိုက်တော့ 'ဩော်... ငါ အရှင်မင်းကြီးကို လိမ်မိပါပေါ့လား' ဆိုပြီး အများကြီး လိမ်လာတာလား၊ တစ်ခါတည်း လိမ်တာလား?

"တစ်ခါတည်း လိမ်တာပါဘုရား"

တစ်ခါတည်းလိမ်တာကို သေတဲ့အခါကျတော့ တစ်ခါတည်း အဝီစိကို 'ဖပ်'ခနဲ ကျတယ်။ အဝီစိမှာ ဘယ်နှစ်ရက် ကျလဲ?

"ခုနစ်ရက်ပါဘုရား"

ဒါကြောင့်မို့ အရှင်ဘုရားများ ဓာတ်လမ်းများ မပြောနဲ့။ နောကျေနေတာ။ အဲဒါ မှတ်ထား။ 'ဇဝံ မေ သုတံ– နိဋ္ဌိတံ'ဆိုရင် အဲဒါ အ,လို့ မှတ်သား။ ဘယ်တော့မှ သူတို့ကို မပြောနဲ့။ 'ဓာတ်လမ်းဆိုရင် သူတို့ နောကျေပြီးသာ။ သူတို့မတတ်တာဆိုလို့ ဒီစက်ဝိုင်းပဲ၊ မှတ်ထား။ သူတို့ သစ္စာသာ မပြောတတ်နေရမယ်၊ ဓာတ်လမ်းဝတ္ထု သွားမဟောနဲ့၊ ဘာဟောတော့မယ်ဆိုတာ သိပြီးသား၊ ဆိုလိုချင်တာက–

လင်ကို တစ်ခါလိမ်မိတာနဲ့ အဝီစိ ဘယ်နှစ်ရက် ကျတုန်း?

"ခုနစ်ရက်ကျပါတယ် ဘုရား"

ကဲ... ဒကာမကြီးတွေ ဒကာကြီးတွေပေါ်မှာ လိမ်ဖူးသလား?

"လိမ်ဖူးပါတယ်ဘုရား"

အဲဒီလို မိအောင်ထု။ ကဲ... လိမ်ဖူးသလား?

"လိမ်ဖူးပါတယ်ဘုရား"

ဝါးတားတားမလုပ်နဲ့၊ နားသိပ်မကောင်းဘူး။ အဲဒီလို ဝါးတားတား လက်မခံနဲ့။ ပြတ်ပြတ်သားသားပဲ လက်ခံ။

လိမ်ဖူးသလားဟေ့?

"လိမ်ဖူးပါရယ်ဘုရား"

ဘယ်နှစ်ခါလောက်များ လိမ်ဖူးတုန်း။ ဟိုမှာ တစ်ခါတည် လိမ်တာနဲ့ အဝီစိ ဘယ်နှစ်ရက်ကျသလဲ?

"ခုနစ်ရက်ပါ ဘုရား"

ဒကာကြီးတွေ ဒကာမကြီးတွေအပေါ် လိမ်ဖူးသလား?

"လိမ်ဖူးပါတယ် ဘုရား"

ဒါ ဘုန်းကြီးစစ်လိုက်လို့။ အိမ်ရောက်မှ 'တော် ကျွန်မကို ဘယ်နှစ်ခါ လိမ်တာလဲ'၊ 'ငါ မင်းကို ဘယ်တုန်းက လိမ်လို့လဲ၊ တွယ်လိုက်လို့'။ အိမ်ကျတော့ ဒကာကြီးတွေက ဒကာမကြီးတွေ အပေါ်ဆို သိပ်အနိုင်ကျင့်တာ။ ဘုန်းကြီးကလည်း ဒကာမကြီးတွေ အပေါ် အနိုင်ကျင့်ရင် ကြိုက်ကို မကြိုက်ဘူး။ ဘာဖြစ်လို့ မကြိုက်လဲ ဆိုတော့ ကြည့်လေ... 'ဒကာကြည်ညိုတော့ ခြေတိုတယ်၊ ဒကာမ ကြည်ညိုတော့ ဆီစိုတယ်'တဲ့။

ဟုတ်တယ်။ ဒကာကြည်ညိုတော့ 'အရှင်ဘုရား ဟိုကြွပါဦး၊ အရှင်ဘုရား ဒီကြွပါဦး'နဲ့ ခြေတိုတယ်။ ရောက်တဲ့နေရာကျတော့ 'အရှင်ဘုရား ဒီနား သီတင်းသုံးဦး' ဆိုပြီးတော့ သူတို့က ပျောက် သွားရော။ 'ဘုန်းဘုန်း အချိုဘုဉ်းပေးမလား၊ အချဉ်ဘုဉ်းပေးမလား' လာတော့ ဘယ်သူလာတာလဲ၊ ဒကာမကြီးတွေ လာတာဗျ။

ဒါကြောင့် ဒကာကြည်ညိုတော့?

"ခြေတိုပါတယ်ဘုရား"

ဒကာမကြည်ညိုတော့?

"ဆီစိုပါတယ်ဘုရား"

ဒါကြောင့် ဘုန်းကြီးအမေတွေ၊ အဒေါ်တွေ၊ အစ်မတွေ၊ ညီမ တွေ အဲဒီလို နှိပ်ရင် ကြိုက်ကို မကြိုက်ဘူး။ ပြန်မေးဦးမယ်။ ဒကာ ကြီးတွေ ဒကာမကြီးတို့များ လိမ်ဖူးသလား?

"လိမ်ဖူးပါတယ်ဘုရား"

လိမ်ဖူးတယ်။ ဘယ်နှစ်ခါ လိမ်ဖူးတုန်း။ မရေမတွက်နိုင်ဘူး။ အေး... ဟုတ်ပြီ။ ဟိုမှာ တစ်ခါလိမ်တာ ဘယ်နှစ်ရက်?

"ခုနစ်ရက်ပါဘုရား"

ဒါဖြင့် အခု ဘယ်နှစ်ရက်လို့ ပြောရမှာလဲ။ လွတ်ရက်များ ရှိသေးရဲ့လား?

"မရှိတော့ပါဘူး ဘုရား"

မရှိဘူးနော်။ စဉ်းစားကြည့်။ ဟိုမှာ မဟာတိဿ ရဟန်းတို့များ နှစ်ပေါင်း နှစ်သောင်း သီလတွေ ထိန်းလာတာ။ ကုသိုလ်လား၊ အကုသိုလ်လား?

"အကုသိုလ်ပါဘုရား"

သမန်းမြက်ကလေး ဆွဲဖြတ်မိလိုက်တာနဲ့ သေခါနီး ဝိနယ သံသယလေး ဖြစ်လိုက်တာနဲ့ 'ဖပ်'ခနဲလည်း သေရော၊ ကဲ... ကြည့်စမ်း၊ ဘာဖြစ်တာတုန်း?

"နဂါးဖြစ်တာပါ ဘုရား"

၂၂၇ သွယ်သော သိက္ခာပုဒ်ထဲက အများကြီးကျိုးတာလား၊ တစ်ခုတည်းလား?

"တစ်ခုတည်းပါဘုရား"

တစ်ခုတည်းကျိုးပြီး သတိရပြီး 'ဖပ်'ခနဲ သေလည်း သေရော ဘာဖြစ်သွားတာလဲ?

"နဂါးဖြစ်သွားတာပါ ဘုရား"

## ပြုလုပ်တာက ကမ္မ၊ အကျိုးပေးမှာက ဘဝ

ယောဂီတို့ ငါးပါးသီလ လုံရဲ့လား?

"မလုံပါဘူး ဘုရား"

၂၂၇ သွယ်သော သိက္ခာပုဒ်ထဲက တစ်ပါးတည်းကျိုးတာတောင် နဂါးဖြစ်သေးရင် ဒကာကြီးတို့ ကျယ်ကျယ်ပြော၊ ငါးပါးသီလလုံရဲ့လား?

"မလုံပါဘူးဘုရား"

ငါးပါးသီလကို အသက်နဲ့ လဲပြီးတော့ လုံပါတယ်ဆိုတာ သောတာပန်တို့ရဲ့ လက္ခဏာပဲ။ ယောဂီတို့ ငါးပါးသီလ လုံရဲ့လား?

"မလုံပါဘူးဘုရား"

ဒါဆိုရင် ယောဂီတို့၊ ဘုန်းကြီးတို့ကတော့ တီကောင်လောက်တော့ သေချာတယ်။ မှတ်ထား၊ တချို့က မတင်းတိမ်ကောင်းတဲ့ ဒါနလောက်နဲ့ တင်းတိမ်နေတာ။ သီလနဲ့ တင်းတိမ်၊ သမထနဲ့ တင်းတိမ်။ တင်းတိမ်တာတွေ မရှိဘူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ဒါဖြင့် သေခါနီးကျရင် ကုသိုလ်နဲ့ သေချာပေါက်စပ်မယ်၊ အကုသိုလ်နဲ့ သေချာပေါက်စပ်မယ်။ သမထကံနဲ့ သေချာပေါက်စပ်မယ်လို့ ဘယ်သူပြောနိုင်သလဲ?

"မပြောနိုင်ပါဘူး ဘုရား"

အဲဒီတော့ ဘယ်ကံနဲ့မှ မစပ်ချင်ပါဘူးဆိုရင် အခုကတည်းက ဘာနဲ့ ဖြတ်ရမှာလဲ?

"ဉာဏ်နဲ့ဖြတ်ရမှာပါ ဘုရား"

သေခါနီးမှာ ကပ်ဖြတ်လို့ ရမလား?

"မရပါဘူးဘုရား"

မီးစွဲလောင်မှ၊ ရေကို တ,သော်၊ မရဖြစ်အင်၊ ပုံနှိုင်းယှဉ်၍' တဲ့။ တပည့်တော် ဟောနေတဲ့ တရားတွေအကုန်လုံး မိုးကုတ်ဆရာတော်ဘုရားကြီး ဟောတဲ့ တရားတွေထဲကချည်းပဲ။ တပည့်တော် ကိုယ်သိ ကိုယ်တတ်နဲ့ ထွင်တာတစ်လုံးမှ မပါဘူး။ ဆရာတော်ဘုရားကြီးရဲ့ တရားတွေက သိပ်ကောင်းတာ၊ နာလို့လည်း သိပ် အသိဉာဏ်ကြွယ်တာ။

တပည့်တော်ကို လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က သံဃာတော်တစ်ပါးက 'အရှင်ဘုရား၊ နောက်ထပ် ဆရာတစ်ယောက်ရှာဖို့ စိတ်ကူး

သေးလား’ မေးတော့ တပည့်တော်က ပြောလိုက်တယ်။ မှန်လှပါဘုရား၊ မိုးကုတ်ဆရာတော်ဘုရားကြီးထက် ဟောရေး, ပြောရေးတော်တဲ့ သုခပဋိပဒါခိပ္ပာဘိညာဖြစ်အောင် ပေးနိုင်တဲ့ ဆရာများရှိရင် တပည့်တော် ရှာကောင်းရှာမယ်၊ ယူကောင်းယူမယ်၊ ရွေးကောင်း ရွေးပါမယ် ဘုရား၊ လက်ရှိအခြေအနေကတော့ မိုးကုတ်ဆရာတော် ဘုရားကြီးရဲ့ ဥပနိဿယအတိုင်း ကျင့်ကြံပါမယ်ဘုရား’လို့။

ပေါ်ပြီလား?

“မပေါ်သေးပါဘူး ဘုရား”

ဒါပဲ။ မပေါ်သေးရင် မရွေ့သေးဘူး၊ မရွေ့ဘူးလို့လည်းပြောတာ မဟုတ်ဘူး။ ရွေ့မယ်လို့လည်း ပြောတာမဟုတ်ဘူး။ ပေါ်ခဲ့ရင် ရွေ့မယ်၊ အခု ပေါ်မှ မပေါ်သေးဘဲနဲ့။

မှတ်ထား။

* အင်း ကန်းတော့ လယ်တည်၊
လယ်တည်တော့ ငှက်ကျ၊
ငှက်ကျတော့ ထွန်စင်း
ထွန်စင်းတော့ မိုးရွာ၊
ဒီတစ်ခါ ရွာတဲ့မိုး၊ ဝအောင်သာချိုး၊
ချိုးဖြစ်အောင်ချိုး၊ ဝအောင်သာချိုး။

သဘောကျရဲ့လား။ ဒါကြောင့် ဘုန်းကြီးကတော့ ယုံကြည်တယ်။ ကိုယ့်ဆရာသမားကို သိပ်ယုံကြည်တာပဲ။ ယုံကြည်မှ တိုးတက်မှာဗျ။ မျက်ကန်း ယုံတာမျိုးတော့ မဖြစ်စေနဲ့။ ဝေဖန်စိစစ်ခွတ်ဖို့ မလိုဖူးလား၊ လိုသလား?

“လိုပါတယ်ဘုရား”

ဆရာတော်ဘုရားကြီးလည်း ခဏခဏ ပြောတာပဲ။ ‘သူများ ပါးစပ် လမ်းမဆုံးစေနဲ့’ ဆရာတော်ဘုရားကြီးက မပြောဖူးလား၊ ပြောသလား?

"ပြောပါတယ်ဘုရား"

ဒီအတိုင်းပဲ ယောဂီတို့၊ သူများပါးစပ် လမ်းမဆုံးစေနဲ့၊ ကိုယ်သေခါနီးကျတော့ ဘယ်ကံနဲ့စပ်စပ်၊ ကုသိုလ်ကံနဲ့စပ်သေလည်း သုဂတိခန္ဓာ၊ အကုသိုလ်ကံနဲ့စပ်သေတော့ ဒုဂ္ဂတိခန္ဓာ၊ သမထကံနဲ့ စပ်သေတော့ ဗြဟ္မာခန္ဓာ။

ဘယ်ဇာတိရရ ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

ဒါကြောင့်မို့ ဘယ်ကံနဲ့ စပ်သေမယ်ဆိုတာ သေချာသိရဲ့လား?

"မသိပါဘူး ဘုရား"

မသိသေးလို့၊ မသေသေးလို့၊ မသေချာသေးလို့၊ မရောက်သေးလို့ ဟောဒီ ကမ္မဘဝနဲ့ ဇာတိက အနေကန်တစ်စပ်၊ မနေ့က မပြောလိုက်ရလို့ ကျေးဇူးဖြည့်ပေးတယ် မှတ်ရမယ်နော်။

ဒါ ဘာအစပ်လဲ။ အနေကန်တစ်စပ်။ ဟိုဘက်ကတော့ လူ့ခန္ဓာ ရပြီးသားမို့ ကေန်အစပ်။ ဒီဘက်က ကမ္မဘဝနဲ့ ဇာတိက မသေချာသေးလို့ အနေကန်တစ်စပ်။

ကုသိုလ်နဲ့ စပ်သေတာရှိသလို၊ အကုသိုလ်နဲ့ စပ်သေတာလည်း ရှိတယ်။ သမထနဲ့စပ်သောတာလည်းရှိတာပဲ။ ကုသိုလ်ရော၊ အကုသိုလ် ရော၊ သမထရော။

လုပ်သမျှ အလုပ်တွေကလည်း ကံမှန်ရင် တခြားအကျိုးပေးမှာလား၊ ဘဝအကျိုးပေးမှာလား?

"ဘဝအကျိုးပေးမှာပါ ဘုရား"

အဲဒါကြောင့်မို့ ပြုလုပ်ရာက ကမ္မ၊ အကျိုးပေးမှာက ဘဝ၊ ပေါင်းလိုက်တော့ ကမ္မဘဝ။ သဘောကျပြီလား။

ဘဝအကျိုးပေးမည့်ကံကို ဖြတ်ထားတဲ့ ဘုရား ရဟန္တာတွေ မရှိဘူးလား?

"ရှိပါတယ်ဘုရား"

အဲဒီ ဘုရား၊ အရိယာ စသော ပုဂ္ဂိုလ်များ၊ ကျင့်ဆဲပုဂ္ဂိုလ်များ၊ ဟောဒီ ဟ,ပေးထားတာလေဗျာ။ ဘုန်းကြီး ရှင်းခဲ့ပြီးပြီနော်။ နောက်ရက်ကျလည်း ထပ်ရှင်းပါဦးမယ်။

ကဲ . . . ကောင်းပြီ။ ဒါဖြင့်ရင် တို့ဒကာ၊ ဒကာမတို့ မှတ်ထားပါ။ ဒီအစပ်သည် မသေချာလို့ ဘာအစပ်တဲ့လဲ?

"အနေကန်အစပ်ပါ ဘုရား"

မသေချာခြင်းရဲ့ အကြောင်းတရားသည် ဘာလို့လဲ။ မရောက်သေးတာ တစ်ကြောင်း၊ မသေသေးတာလည်း တစ်ကြောင်း၊ ကိုယ့်ဟာနဲ့ကိုယ် ဉာဏ်နဲ့ မဖြတ်နိုင်တာက တစ်ကြောင်း။ ဤအကြောင်းကြောင့်မို့ ဒီအစပ်က ဘာတဲ့လဲ?

"အနေကန်အစပ်ပါဘုရား"

ဟောဒီ ဝေဒနာနဲ့ တဏှာ အစပ်ကတော့ ဖြတ်လို့မရဘူးလား?

"ဖြတ်လို့ရပါတယ် ဘုရား"

စပ်လို့လည်း မရဘူးလား?

"ရပါတယ်ဘုရား"

နေ့တိုင်း နေ့တိုင်း ယောဂီတို့ စပ်လည်း စပ်တယ်၊ ဖြတ်လည်း ဖြတ်တယ်။

သားရေး၊ သမီးရေး၊ စီးပွားရေးဆိုတာ ဘာလုပ်တာလဲ?

"စပ်တာပါဘုရား"

ပြီးတော့ ကိုယ်စွမ်းနိုင်သလောက်ပေါ့။ မနက်စောစောတစ်ကြိမ်၊ ညကျတော့ လူခြေတိတ် ဝိဝေကဖြစ်တဲ့အချိန်လေး တစ်ကြိမ်၊ နေ့ခင်းလေး,တစ်ကြိမ်။ ခန္ဓာအရှိ ဖြစ်ပျက်၊ ဉာဏ်အသိမဂ်နဲ့ ကိုက်အောင်ကြိုးစားနေတာ ဘာလဲ?

"ဖြတ်နေတာပါဘုရား"

စပ်တဲ့လူ ရှိသလို၊ ဖြတ်တဲ့လူလဲ?

"ရှိပါတယ်ဘုရား"

ဒါကြောင့် စပ်ရင်လည်မယ်၊ ဖြတ်ရင် လွတ်မယ်။ ဟော... ဒီမှာ မြှားကလေးက ကြည့်လေ၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ ပဋိစ္စသမုပ္ပါဒ် ထွက်လမ်းတဲ့။ ဝေဒနာနိရောဓဆိုတာ ခန္ဓာဖြစ်ပျက်ကို ပြောတာ။

ဒါဖြင့် ခန္ဓာက ဖြစ်ပျက်။ ရှုတဲ့ ဉာဏ်က မဂ်။

အဲဒီလို ဖြစ်ပျက်မဂ် ကိုက်နေတဲ့အတွက်ကြောင့်မို့ တဏှာ ပေါ်ခွင့် ရဦးမလား?

"မရခဲ့ပါဘူး ဘုရား"

ဒါကြောင့် ခန္ဓာက ဖြစ်ချုပ်၊ တဏှာက မဖြစ်ဘဲနဲ့ ချုပ်။ တဏှာက ဖြစ်ခွင့်ကို မလာဘဲနဲ့ ချုပ်နေတာ။ စာလိုသုံးရင် ခန္ဓာက ဥပ္ပါဒနိရောဓ။ ဥပ္ပါဒက ဖြစ်တယ်၊ နိရောဓက ချုပ်တယ်။ အရှုခံက ဖြစ်ချုပ်။ အဲဒါကို မရှိပါလားလို့ သိနေတာကြီးက ဘယ်သူတုန်း?

"ဉာဏ်ပါဘုရား"

အဲဒီလို သိတဲ့အတွက်ကြောင့် ဝမ်းထဲမှာ တဏှာပေါ်သေးလား?

"မပေါ်တော့ပါဘူး ဘုရား"

တဏှာပေါ်ခွင့် မရတော့ဘူးဗျာ။ တဏှာပေါ်ခွင့် မရဘဲနဲ့ကို ဘာလုပ်နေတာလဲ?

"ချုပ်နေတာပါဘုရား"

စာလိုသုံးတော့ အနုပ္ပါဒနိရောဓ၊ ဖြစ်ခွင့်မရဘဲနဲ့ကို ချုပ်နေတာဗျ။ ပကတိအားဖြင့် ငြိမ်းနေတာဗျ။ ထုံးစံအတိုင်းကတော လာမှာပေါ့။ လောဘလည်း လာမှာပဲ၊ ဒေါသလည်း လာမှာပဲ၊ ဝမ်းထဲမှာ ပေါ်မှာပဲ။

ဘာဖြစ်လို့လဲဆိုတော့ ပုထုဇဉ် ဖြစ်ပျက် မဂ်ကိုက်နေတော့ 'နင်မလာနဲ့၊ နင်သွားတော့'လို့ ပြောနေစရာ လိုသေးလား?

"မလိုပါဘူး ဘုရား"

ဝမ်းထဲမှာ မဂ်ကလေးပေါ်နေတာနဲ့ သူပေါ်ခွင့်ရသေးရဲ့လား?

"မရတော့ပါဘူးဘုရား"

"ဒါကြောင့် သူက ပေါ်ခွင့်မရဘဲနဲ့ ချုပ်နေလို့ အနုပ္ပါဒနိရောဓ။, ဒါကြောင့်မို့ ဝေဒနာနိရောဓာ တဏှာနိရောဓော။ ယောဂီတို့ ဝေဒနာချုပ်လို့ တဏှာချုပ်တယ် ဆိုတာက အပေါ်ယံ ဘာသာပြန်တဲ့သဘောပဲ ရှိတယ်။

'ဝေဒနာချုပ်ရင် တဏှာချုပ်တာ ဘယ်လိုလဲဘုရား' မေးရင် ဒီလိုဟော့... ဝေဒနာရဲ့ ဖြစ်ပျက်ကို ဉာဏ်ကလေးနဲ့ မြင်နေရင် အဲဒီဉာဏ်က ပေါ်ရင် ဘယ်မှာပေါ်လဲ။ မနောမှာ ပေါ်တယ်။

မနောမှာ ဉာဏ်ဦးစီးနေတော့ တဏှာက ဝမ်းထဲမှာ ပေါ်နေလား?

"မပေါ်ပါဘူး ဘုရား"

ဒေါသက ပေါ်ခွင့်ရသလား?

"မရပါဘူးဘုရား"

မောဟက ပေါ်ခွင့်ရသလား?

"မရပါဘူးဘုရား"

အဲဒီတော့ ပေါ်ခွင့်မရဘဲ ချုပ်နေတာ ဝမ်းထဲမှာ ဘာကိန်းနေလို့လဲ?

"ဉာဏ်ကိန်းနေလို့ပါ ဘုရား"

ဝေဒနာဖြစ်ပျက်ကို မြင်မှ ဟောဒီ တဏှာဖြစ်ခွင့် မရတာဗျ။ **ခန္ဓာ**ရဲ့ ဖြစ်ပျက်ကို မြင်မှ ဟောဒီ လောဘ၊ ဒေါသ၊ မောဟက ပေါ်ခွင့် မရတာဗျ။ ဟိုကချုပ်လို့ ဒီကချုပ်တယ်လို့ သွားမယူနဲ့ဗျ။

ဒီဖက်က ခန္ဓာကတော့ ဖြစ်ပျက်၊ ရှုတဲ့ ဉာဏ်က?

"မဂ်ပါဘုရား"

မဂ်ကလေး ဝမ်းထဲမှာ ကိန်းနေမှ တဏှာဥပါဒါန်က ဝမ်းထဲမှာ ပေါ်ခွင့်မရတာ။ ဒါကြောင့်မို့လို့ ဝေဒနာနိရောဓာ တဏှာနိရောဓော။ ဝေဒနာနိရောဓ ဆိုတာ ခန္ဓာက ဖြစ်ပျက်။ တဏှာနိရောဓ

ဆိုတာ မဂ်။

တဏှာနိရောဓ ဆိုတာ ဘာတုန်း။

"မဂ်ပါဘုရား"

ဒီ ဝေဒနာချုပ်လို့ တဏှာချုပ်တယ်ဆိုတာ ကြားထဲမှာ ဘယ်သူ ဝင်သွားလို့လဲ?

"မဂ်ဝင်သွားလို့ပါဘုရား"

ဒီ မဂ်မဝင်ရင်တော့ ထုံးစံအတိုင်းပဲ၊ ဘယ်သူ ဝင်လာမလဲ?

"တဏှာ လာမှာပါ ဘုရား"

မကျေနပ်တော့ ဒေါသ၊ တွေဝေသွားတော့ မောဟ၊ သုခဆိုရင် လောဘ၊ ဒုက္ခဆိုရင် ဒေါသ၊ ဥပေက္ခာဆိုရင် မောဟ။ ဒါ ထုံးစံ အတိုင်း လာမှာဗျ။

ယောဂီတို့က အရိယာလား၊ ပုထုဇဉ်လား?

"ပုထုဇဉ်ပါဘုရား"

သူ မလာချင်ရင် ဝမ်းထဲမှာ ဘယ်သူပေါ်အောင် လုပ်ရမှာလဲ?

"မဂ်ပေါ်အောင် လုပ်ရမှာပါ ဘုရား"

ဆရာတော်ဘုရားကြီးရဲ့ ဝေဒနာခန်းတွေ သွားကြည့်။ ဒါတွေ ရှင်းထားတာဗျ။ ကောင်းလိုက်တာ။ ဆရာတော်ဘုရားကြီး တရား တွေက အလုပ်လုပ်ကြည့်ရင် ပိုကောင်းသေးတယ်ဗျာ။

တို့ဒကာ၊ ဒကာမတွေက ဒီနေရာမှာ ဝေဒနာနိရောဓာ တဏှာ နိရောဓော၊ တဏှာမှ ချုပ်ပေါ့။ ဥပါဒါန် လာဦးမလား?

"မလာတော့ပါဘူး ဘုရား"

ဥပါဒါန်မှ ချုပ်ပေါ့။ ဟိုဘုံ ဒီဘဝ ရကြောင်းကံတွေ လာပါ ဦးမလား?

"မလာတော့ပါဘူး ဘုရား"

ကံမှချုပ်ပေါ့၊ အပါယ်လေးပါး ဇာတိရစရာ လိုဦးမလား?

"မလိုတော့ပါဘူး ဘုရား"

ဒါဖြင့် အပါယ်လေးပါး သံသရာက မလွတ်ဘူးလား၊ လွတ်သလား?

"လွတ်ပါတယ်ဘုရား"

ဒါကြောင့်မို့ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ ပဋိစ္စသမုပ္ပါဒ်ထွက်လမ်း။ ယောဂီတို့၊ ဘုန်းကြီးတို့က အပါယ်လေးပါးကျမည့် ပဋိစ္စသမုပ္ပါဒ်ကို အရင်ဖြတ်ဖို့ လိုတယ်ဗျ။ အပါယ်သံသရာ ပဋိစ္စသမုပ္ပါဒ် ဖြတ်ဖို့ မလိုဘူးလား၊ လိုသလား။

"လိုပါတယ်ဘုရား"

## ဝဋ်သုံးပါးနှင့် လည်ခဲ့ရပုံ

အပါယ်လေးပါးကျရမည့် အကြောင်းတရားက ဒိဋ္ဌိ၊ အကျိုးတရားကတော့ အပါယ်လေးပါးပေါ့ဗျာ။

ဒါဖြင့် ဒိဋ္ဌိက အကြောင်း၊ အပါယ်လေးဘုံက?

"အကျိုးပါဘုရား"

အကြောင်းသည်?

"ပဋိစ္စပါဘုရား"

အကျိုးသည်?

"သမုပ္ပါဒ်ပါဘုရား"

ပေါင်းလိုက်တော့?

"ပဋိစ္စသမုပ္ပါဒ်ပါ ဘုရား"

အပါယ်သံသရာကို ချဲ့ထွင်တတ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို ယောဂီတို့၊ ဘုန်းကြီးတို့က ဘာနဲ့ ဖြတ်ရမှာတုန်း။

"ဉာဏ်နဲ့ ဖြတ်ရမှာပါဘုရား"

သူ့ကို ဖြတ်ချင်ရင် ဘယ်သူ့ကို အရင်ကြည့်ရမှာတုန်း။ ခန္ဓာကို ကြည့်။ ဒါကြောင့် အကြောင်းကို ဖြတ်ချင်ရင် အကျိုးကိုကြည့်။ ဗုဒ္ဓဘာသာ ဘယ်ဝါဒရှိသလဲ မေးရင် အကြောင်းသဟ်ဝါဒ ရှိတယ်လို့

ဖြေပါ။

ဗုဒ္ဓဘာသာ ဘယ်ဝါဒရှိသလဲ?

"အကြောင်းသတ်ဝါဒ ရှိပါတယ်ဘုရား"

အကြောင်းသတ်ချင်ရင် ဘယ်သူ့ကို ကြည့်ရမလဲ?

"အကျိုးကို ကြည့်ရပါမယ်ဘုရား"

အကျိုးဆိုတာ တခြားလား၊ ခန္ဓာလား?

"ခန္ဓာပါဘုရား"

ဒါဖြင့် ဗုဒ္ဓဘာသာသည် အကြောင်းသတ်ဝါဒလား၊ အကျိုးသတ်ဝါဒလား?

"အကြောင်းသတ်ဝါဒပါ ဘုရား"

မနေ့က အကျိုးသတ်ဝါဒမှာ ကျင့်စဉ်လေးဖြာနဲ့ အထူးသင်တန်းမှာ သင်တန်းမပေးဘူးလား?

"ပေးခဲ့ပါတယ်ဘုရား"

ဒါကြောင့်မို့ အကျိုးသတ်တွေ မဖြစ်ဘဲနဲ့ အကြောင်းသတ်တွေဖြစ်ဖို့ သုခပဋိပဒါခိပ္ပာဘိညာ အဆင့်က ကျင့်ဖို့မလိုဘူးလား?

"လိုပါတယ်ဘုရား"

ဒီအစပ်ကို ဖြတ်ရင် ထွက်မယ်၊ စပ်ရင် လည်မယ်။ ဒါကြောင့် ဒီအစပ်ကို ထွက်ရာ ပတ်လည်အစပ်။ ပြော၊ ဘာတဲ့လဲ?

"ထွက်ရာပတ်လည်အစပ်ပါ ဘုရား"

ယောဂီတို့၊ ဘုန်းကြီးတို့က တစ်သံသရာလုံးက ဖြတ်ခဲ့တာလား၊ စပ်ခဲ့တာလား?

"စပ်ခဲ့တာပါဘုရား"

အဲဒီလို စပ်ခဲ့တာကြောင့် သံသရာမှာ အဝိုင်းပြေး မပြေးခဲ့ရဖူးလား?

"ပြေးခဲ့ရပါတယ် ဘုရား"

ကြက်ဥ အစရှာမရသလို လုံးလည်ပလိုက်ဘူးလား၊ လိုက်ခဲ့

လား?

"လိုက်ခဲ့ပါတယ်ဘုရား"

လုံးလည်လိုက်ခဲ့ရတာက ယောဂီတို့ ဖြတ်လို့လား၊ စပ်လို့လား?

"စပ်လို့ပါဘုရား"

စပ်ပြီး လုံးလည်လိုက်တာကို ဝဋ်လို့ခေါ်တယ်။ 'သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝ'ကို ပြောချင်လို့ပါ။ သုံးပါးအစပ်နဲ့ ဝဋ်သုံးဝ စပ်ပုံ အနွယ်ကလေး၊ ဟောဒီလို စပ်နေကြလို့ ယောဂီတို့၊ ဘုန်းကြီးတို့ လည်ခဲ့ကြတာ တစ်ဘဝတည်းလား၊ အများကြီးလား?

"အများကြီးပါဘုရား"

ကြက်ဥ အစရှာမရသလို လုံးလည်လိုက်နေကြတာ ဘာကြောင့် လုံးလည်လိုက်နေကြတာတုန်း။ စပ်လို့။ စပ်ရင် လုံးလည်လိုက်မှာပဲ။ လုံးလည်လိုက်တာကို စာလိုသုံးတော့ ဝဋ်။ ဝဋ်ကို ပါဠိလို အပြည့် သုံးတော့ ဝဋ္ဋ၊ မြန်မာလိုပြန်ရင် လုံးလည်လိုက်ခြင်းတဲ့။ စာပေသမား များ အတွက်တော့ ကျေးဇူးများသွားတာပေါ့။

သတ္တဝါတွေ သံသရာမှာ ကျင်လည်ခဲ့ရတာ ဘုရားက ဝဋ် ဘယ်နှစ်ပါးနဲ့ လည်ရတာလို့ ဟောခဲ့လဲ။

"ဝဋ်သုံးပါးနဲ့ လည်ခဲ့ရတာပါ ဘုရား"

ဝဋ်သုံးဝ ဆိုသည်မှာ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်။

ကိလေသဝဋ် သုံးပါးဆိုသည်မှာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။

ကမ္မဝဋ် နှစ်ပါးဆိုသည်မှာ သင်္ခါရနှင့် ကမ္မဘဝ။

ဝိပါကဝဋ် ရှစ်ပါးဆိုသည်မှာ ဝိညာဏ်၊ နာမ်ရုပ်။

သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာ၊ မရဏ။

ဟော... ဝဋ် ဘယ်နှစ်ပါးလဲ?

"သုံးပါးပါဘုရား"

ဘုန်းကြီးတို့၊ ယောဂီတို့ အခု တရားဟော၊ တရားနာနေရတာ ခန္ဓာ ဘယ်နှစ်ပါးလဲ?

"ငါးပါးပါဘုရား"

အတိတ်မှာလား၊ ပစ္စုပ္ပန်မှာလား?

"ပစ္စုပ္ပန်မှာပါ ဘုရား"

ပစ္စုပ္ပန်မှာ ရနေတဲ့ ခန္ဓာငါးပါးသည် အကြောင်းတရားလား၊ အကျိုးတရားလား?

"အကျိုးတရားပါဘုရား"

ဘယ်တရားကွက်ကိုပဲပြောင်းပြောင်း၊ ပြောင်းတော့မယ်ဆိုရင် အရှင်ဘုရားများ၊ ယောဂီများမှတ်ထား။ မူတည်လိုက်ရမှာက ခန္ဓာသာ မူတည်လိုက်တော့။ တရားကွက် တစ်ကွက်ကို ဝင်တော့မယ်ဆို ခန္ဓာနဲ့ ဝင်ချလိုက်တော့။

အခု ယောဂီတို့၊ ဘုန်းကြီးတို့ တရားဟော တရားနာတာ ခန္ဓာ ဘယ်နှစ်ပါးလဲ?

"ငါးပါးပါ ဘုရား"

ရနေတဲ့ခန္ဓာ အကြောင်းတရားလား၊ အကျိုးတရားလား?

"အကျိုးတရားပါဘုရား"

အကျိုးပေးမို့လို့ စာလိုသုံးတော့ ဝိပါက။ မြန်မာလိုပြန်ရင် အကျိုးပေးတဲ့။

စာလိုသုံးတော့?

"ဝိပါကပါ ဘုရား"


မြန်မာလိုသုံးတော့?

"အကျိုးပေးပါဘုရား"

## ဒုက္ခမီးတောင် အမြဲလောင်

ဘာတွေ အကျိုးပေးနေလဲ ပြန်ကြည့်လိုက်တဲ့အခါကျတော့ မအိုချင်လဲ?

"အိုရပါတယ်ဘုရား"




ဝဋ်သုံးပါးလည်ပုံ

ဝဋ်သုံးဝနှင့် သံသရာလည်နေကြရာတွင် ကိလေသာဝဋ်သုံးပါးမှ (အဝိဇ္ဇာ) ဤကဲ့သို့ဝိုင်းထားရခြင်းမှာ တစ်သံသရာလုံး အဝိဇ္ဇာရဲ့ ဖုံးလွှမ်း ခြင်းကို အပြည့်အဝ ခံခဲ့ရသည်ဟူသော အဓိပ္ပာယ်။

(တဏှာ– ဥပါဒါန်) ဤကဲ့သို့ ဝိုင်းထားရခြင်းမှာ ပုထုဇဉ်တို့ သဘာဝအတိုင်း ဖြစ်လေရာဘဝ သာယာပျော်ပါး စွဲလန်းခြင်းအဓိပ္ပာယ်။

(ကမ္မ / ဘဝ) ဤကဲ့သို့ ဟထားရခြင်း အဓိပ္ပာယ်မှာ အရိယာ သူတော်ကောင်းများ (ဝါ) ဝိပဿနာ ရှုမှတ်ခြင်းဟူသော ကံဖြတ်သည့် အလုပ်ကိုလုပ်သော အရိယာလောင်းလျာများ ဆိုင်ရာ ဝိပါကဝဋ်မှ လွတ်မြောက်တော်မူကြသည်ကို သိစေတော်မူလိုသောကြောင့် ဤကဲ့သို့ ဟပြထားပါသည်။

မှတ်ချက်။ ။ဟလို့ဖတ်လျှင် "ထွက်"။ လလို့ ဖတ်လျှင် "လွတ်" ထွက်မြောက်ခြင်းနှင့် လွတ်မြောက်ခြင်း အဓိပ္ပာယ် ပေါ်လွင်စေရန် ရေးသားတင်ပြထားခြင်း ဖြစ်ပါသည်။

ကြိုး (၂) ချောင်းသွယ်တန်းနေခြင်းသည် ဝဋ်သွယ်ပုံကိုပြခြင်း ဖြစ်ပါသည်၊

မနာချင်လဲ?

"နာရပါတယ်ဘုရား"

မသေချင်လဲ?

"သေရပါတယ်ဘုရား"

ဒါဖြင့် အိုအောင်၊ နာအောင်၊ သေအောင် လုပ်တတ်တဲ့တရားက အပြင်မှာလား၊ ခန္ဓာမှာလား?

"ခန္ဓာမှာပါ ဘုရား"

မစ္ဆုသလ္လေန– ဆိပ်ရည်စိမ်ထား သေမင်းများဖြင့်၊ မရန္တိ– ဂုဏ်ထူးတွေကို စွန့်ပစ်၊ အချစ်တွေကို ခွဲခွာ၊ ဥစ္စာတွေကိုပါ ကွေကွင်း၍ သေခြင်းကြီး သေကြတဲ့၊ သက်မဲ့သူတွေက ပထဝီ တေဇော အာပေါ ဝါယော ဓာတ်ကြီး ဘယ်နှစ်ပါးလဲ?

"လေးပါးပါဘုရား"

အဲဒါမှတ်ထား။ ဓာတ်ကြီးလေးလက်လို့လည်း ပြောတယ်။ လုံကြီးလေးချောင်းလို့လည်း ပြောတယ်။ အဆိပ်ရည်စိမ်ထားတဲ့ သေမင်းမြားကြီး လေးချောင်းလို့လည်း ပြောတယ်။ မြွေကြီးလေးကောင်လို့လည်း ပြောတယ်။

ဒီတရားတွေက ယောဂီတို့၊ ဘုန်းကြီးတို့ကို မအို အိုအောင်၊ မနာ နာအောင်၊ မသေ သေအောင် မနှိပ်စက်ဘူးလား၊ နှိပ်စက်လား၊ နှိပ်စက်မှာလား?

"နှိပ်စက်မှာပါဘုရား"

ဒါကြောင့်မို့ မအို အိုအောင်လည်း ယောဂီတို့၊ ဘုန်းကြီးတို့ ခန္ဓာထဲမှာ လောင်ကျွမ်းနေလိုက်တာ။ ငယ်ငယ်တုန်းက အသားအရည်လေးများ ရှိသေးလား?

"မရှိတော့ပါ ဘုရား"

'ဆံကေသာထုံးနှောင်၊ ပိတုန်းရောင်အသွေး၊ ဇရာဝင်ပျက်ရှာကြတဲ့ နက်ရာမှဖွေး'တဲ့။ နက်ရာကနေ ဘာဖြစ်လာပြီလဲ?

“ဖွေးလာပါပြီ ဘုရား”

ကြာဆန်ထုပ်ကြီး တင်ထားရသလိုပဲ။ ဘယ်သူ့ရဲ့ လက်ချက်တုန်း။ ဇရာ။ ကိုယ့်ခန္ဓာကိုယ် စမ်းကြည့်လိုက်၊ ပူပူနွေးနွေး အေးအေးလေးတွေ မတွေ့ဘူးလား?

“တွေ့ပါတယ်ဘုရား”

အဲဒါ ဘာလုပ်ခံနေရတာလဲ မေးတော့ အလောင်ခံနေရတာ။ ဘာလုပ်ခံနေရတာလဲ?

“အလောင်ခံရတာပါ ဘုရား”

ပူပါတယ်ဆိုမှ အလောင်ခံရတာပေါ့ဗျာ။ ဓမ္မသင်္ဂဏီနဲ့ ပဋ္ဌာန် သမ္မိဒါမဂ်မှာ လာတဲ့ သစ္စာအနက် ၁၆ ချက်မှာ—

ဒုက္ခဿ သန္တာပဋ္ဌော။ ဒုက္ခဿ— ဒုက္ခသစ္စာ၏၊ သန္တာပဋ္ဌော— ကိလေသာမီး ဒုက္ခမီးတို့ ညီးညီးတောက်ပြောင် ရှံခါမသွေ အမြဲလောင်ခံနေရတဲ့ အနက်သဘောသည်လည်းကောင်းတဲ့။

အရှင်ဘုရားတို့ အသံမပြိုင်နဲ့ဘုရား။ နားလည်မှုလိုတာ။ အသံပြိုင်နေလို့ အသံလုပ်နေရင် အဲဒီအသံပေါ် သာယာနေရင် ဒီအသံကြီးကို လုပ်နေရတာနဲ့ ဂရုစိုက်နေရတာနဲ့ တရားသားတွေက ပျောက်ကုန်ရော။ ကိုယ့်ပကတိအတိုင်း အကျိုးပေးလေးအတိုင်းပဲ ယုံကြည်လိုက်။

မင်္ဂလာတရားတော်မှာ ရှိပါတယ်။ ‘သန္တုဋ္ဌီစ ကတညုတာ’ သန္တုဋ္ဌီ ဆိုတာ ဘာပြောတာလဲ?

“ရောင့်ရဲတာပါ ဘုရား”

ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ။ ရှိတဲ့အသံနဲ့ ကျေနပ်။ ဘုန်းကြီးကတော့ ကိုယ့်အရုပ်နဲ့ ကိုယ်ကျေနပ်တယ်။ မကျေနပ်တော့လည်း ဘာတတ်နိုင်မှာလဲ။ ပုလို့ ပုတယ်ပြောတာ လက်ခံပေးပေါ့။ မည်းလို့ မည်းတယ်ပြောတာ လက်ခံပေးလိုက်။ လက်မခံနိုင်ရင် ရန်ဖြစ်မယ် မှတ်ထား။

အေး...ဒါကြောင့်မို့ လောကကြီးနဲ့ အဆင်ပြေချင်ရင် လက်ခံပေးလိုက်၊ နားလည်မှုတွေ အများကြီးပေးလိုက်။ သူလည်း ငြိမ်းချမ်းမယ်။ ကိုယ်လည်း ငြိမ်းချမ်းမယ်။ လက်တွေ့ သောတာပန်တည်ချင်ရင် အဲဒါတွေကအစ အရေးကြီးတယ်ဗျ။ အရှိတရား၊ အမှန်အတိုင်း ဒကာ၊ ဒကာမတွေ ကျေးဇူးဆပ်။ အဲဒါဆို အရှင်ဘုရားတို့ဘဝ အများကြီး တိုးတက်သွားမယ်။

အရှင်ဘုရားတို့ ကိုယ်တိုင်လည်း တရားကိန်းမယ်၊ သူများကိုလည်း တရားပေးနိုင်တယ်ဆိုရင်လေ၊ ဒီကံက ဒီအတိုင်းနေမှာလား၊ ကိုယ့်ကို အကျိုးပေးမှာလား?

"အကျိုးပေးမှာပါ ဘုရား"

တဒင်္ဂအားဖြင့် အထည်လေးပေါ်မှာ မသာယာဘဲနဲ့ အနှစ်သာရရောက်အောင် ကြိုးစားကြစို့နော်။ တပည့်တော်တို့ ညီအစ်ကိုတစ်တွေ လက်တွဲပြီး သာသနာပြုမယ်၊ ဒါမှ ဒကာ၊ ဒကာမတွေ တကယ် ကျေးဇူးဆပ်ရာရောက်မယ်။ တရားစခန်းကပြီးတော့မှာဆိုတော့ သံဃာတွေလည်း တွန်းရတယ်။ ယောဂီတို့လည်း နားလည်အောင် ပဋိစ္စသမုပ္ပါဒ် ဒိုင်းခနဲ ဒိုင်းခနဲ ဝင်အောင် ပြောရတယ်။ လွယ်တော့ မလွယ်ဘူး။

ဒါ ဘေးဖောက်ပြောတာမဟုတ်ဘူး။ သာသနာအတွက် အရေးမကြီးဖူးလား၊ ကြီးသလား?

"ကြီးပါတယ်ဘုရား"

ပေါ်လစီ မလိုက်ကြနဲ့။ အတွေးအခေါ်ကိုက သူတောင်းစားဆန်ဆန် တွေးတာ။ အဲဒီအတွေးမျိုး မလာစေနဲ့။ အောက်တန်းကျတဲ့ အတွေးတွေ မလာစေနဲ့။ ရှင်တော်မြတ်ဗုဒ္ဓရဲ့ ရွှေနှုတ်က မြွက်ကြားခဲ့တဲ့ သစ္စာသာသနာကြီး၊ သစ္စာတရားတော်ကြီး၊ လူသားတိုင်းရဲ့ နှလုံးသားထဲမှာ ရောက်အောင် ငါကျေးဇူးဆပ်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့ အလုပ်လုပ်ပါ။

တချို့က 'သူ့မှီ တို့စားနေရတာပါကွ'။ အဲဒါ သူတောင်းစား လေသံ ခေါ်တယ်။ မလုပ်နဲ့။ အဲဒီလေသံမျိုး။ ဘယ်တော့မှ အောက်တန်းကျတဲ့စိတ်မမွေးနဲ့။ အထက်ကျတဲ့ တရားကို ဟောရင် အထက်တန်းကျတဲ့ အတွေးအခေါ်မျိုး မွေးရမှာ။

ယောဂီတို့ အထက်တန်းကျတဲ့ တရားတွေ မနာဖူးလား၊ နာလား?

"နာပါတယ်ဘုရား"

အထက်တန်းကျတဲ့ ဧကရာဇ်ဆို လူက လှေကားထစ်ကို ပြန်မဆင်းချင်နဲ့။ အမြတ်ဆုံး သစ္စာတရားကို နာရင် နတ်ကတော်နား မသွားနဲ့တော့။ 'ဖြူစင်သော လက်သည် အရာရာကို မကိုင်ပါနဲ့' တဲ့။ သစ္စဉာဏ် ကတဉာဏ် ဆရာတော်ကြီးပြောတဲ့ဟာ သွားကြည့်၊ ဒီအတိုင်းပဲ။

ယောဂီတို့ အခုလက်ရှိ ရှိနေတဲ့ ခန္ဓာကြီးက အမြဲမပြတ် လောင်ကျွမ်းမခံရဘူးလား၊ ခံရလား?

"ခံရပါတယ်ဘုရား"

## အနှိပ်စက်ခံရတာ ခန္ဓာရဲ့အလုပ်

ဒုက္ခသ သန္တပတ္တော။ ဒုက္ခသ– ဒုက္ခသစ္စာ၏။ သန္တာပတ္တော– ကိလေသာမီး၊ ဒုက္ခမီးတို့ လောင်နေတယ်။ ဒီကြားထဲ လောဘကြောင့် ပျာယာခတ်၊ ဒေါသကြောင့် ပျာယာခတ်၊ မောဟကြောင့် ပျာယာခတ်။ အဲဒီကျတော့ ဘာမီးလောင်တာလဲ?

"ကိလေသာမီး လောင်တာပါဘုရား"

ဇာတိ ဇရာ ဗျာဓိ မရဏ ဆိုတာ ဘာမီးလဲ။ ဒုက္ခမီး။ ပြီးတော့ သောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသ မစားနိုင်၊ မသောက်နိုင် တလိန်လိန် တပိန်ပိန်ဖြစ်နေတာကျတော့ ဒုက္ခရဲ့ အကျိုးဆက်မီးတဲ့ဗျ။

ဒါကြောင့် လောဘ၊ ဒေါသ၊ မောဟ ကိလေသာမီး သုံးပါး။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဒုက္ခမီး သုံးပါး။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊

ဒေါမနဿ၊ ဥပါယာသ ဆိုပြီးတော့ ဒုက္ခရဲ့အကျိုးဆက် မီး၄ါးပါး။ သုံး–သုံး–ငါး ပေါင်းလိုက်တော့ ဘယ်လောက်တုန်း?

"၁၁ ပါးပါ ဘုရား"

အဲဒါကို ဘာ (၁၁)ပါးတဲ့လဲ?

"မီး ၁၁ ပါးပါ ဘုရား"

အဲဒီ မီး ၁၁ ပါးက ဘယ်သူ့ကို လောင်နေတာလဲ?

"ခန္ဓာကို လောင်နေတာပါ ဘုရား"

အလောင်ခံနေရတာက တစ်ယောက်တည်း၊ ဝိုင်းလောင်တာက ၁၁ မျိုး။ ကျွမ်းမှ ကျွမ်းပါ့မလား?

"ကျွမ်းပါတယ်ဘုရား"

စိတ်ချ။ ကျွမ်းသေမှာ။ ဒီအတိုင်းသာဆို ကျွမ်းသေမှာ။ ဒါဖြင့် ခန္ဓာရရင် အကောင်းပဲလား၊ အဆိုးပဲလား?

"အဆိုးပါဘုရား"

ရတဲ့ဘဝတိုင်း ဘာလုပ်ခံနေရသလဲ?

"အလောင်ခံနေရတာပါ ဘုရား"

ယောဂီတို့၊ ဘုန်းကြီးတို့ နေနေရတာက တခြားထဲမှာလား၊ မီးကြားထဲမှာလား?

"မီးကြားမှာပါဘုရား"

ဆိုလိုတာက ဘုန်းကြီးတို့၊ ယောဂီတို့ရဲ့ ခန္ဓာက မီးကျီးတွင်းကြီးနဲ့ တူတယ်။ ဒီခန္ဓာကို မှီပြီးမှ ဖြစ်ပျက်ကိုသိတဲ့ဉာဏ်က သစ္စာကြာပန်းလေးနဲ့ တူတယ်။ ဒီတော့ မီးကျီးတွင်းကို မှီပြီးတော့မှ ဘာတွေ ပွင့်ရတာလဲ။ ကြာပွင့်တွေ ပွင့်ရတာ။

ဒီခန္ဓာကို မှီပြီး ဘာတွေ သိရတာလဲ?

"သစ္စာတွေ သိရတာပါဘုရား"

ဒါကြောင့် ဓမ္မပဒ ပုပ္ဖဝဂ်မှာ ကြည့်ပါ။ ကြာပန်းတွေ ပွင့်တယ်ဆိုတာ ရွံ့နွံ့ထဲမှာ ဖြစ်ရတာပဲ။ ဒီအတိုင်းပဲ သစ္စာဉာဏ်တွေ ရတယ်ဆိုကာ ဘယ်သူ့ကိုမှီပြီး ရတာလဲ?

"ခန္ဓာကိုမှီပြီး ရတာပါဘုရား"

ဒီခန္ဓာကို မှီပြီးတော့မှ သစ္စာဉာဏ်ရဖို့ မလိုဘူးလား၊ လိုသလား?

"လိုပါတယ်ဘုရား"

ဒီခန္ဓာ နေ့တိုင်း ဘာလုပ်ခံနေရတာလဲ?

"အလောင်ခံနေရတာပါ ဘုရား"

အလောင်ခံနေရလို့ ချမ်းသာသလား၊ ဆင်းရဲသလား?

"ဆင်းရဲပါတယ် ဘုရား"

ပြီးတဲ့အခါကျတော့ ဒီခန္ဓာကိုယ်ကြီးထဲမှာ ပြန်ကြည့်လိုက်ပါဦး။ သူတော်ကောင်းအလုပ်လုပ်၊ တရားနာနေတာလေ။ ကောင်းတဲ့အချိန်လား၊ မကောင်းတဲ့အချိန်လား?

"ကောင်းတဲ့အချိန်ပါဘုရား"

ကောင်းတဲ့အချိန်တောင်မှ ခန္ဓာကိုယ်က ဖောက်ပြန်မှုတွေ ပြမနေဘူးလား?

"ပြနေပါတယ်ဘုရား"

အဲဒါ တခြားလား၊ နှိပ်စက်ခံနေရတာလား?

"နှိပ်စက်ခံနေရတာပါဘုရား"

ယားတာပေါ့လဲ?

"နှိပ်စက်ပါတယ်ဘုရား"

ကြဉ်တာပေါ့လဲ?

"နှိပ်စက်ပါတယ်ဘုရား"

အောင့်တာပေါ့လဲ?

"နှိပ်စက်ပါတယ်ဘုရား"

လှုပ်တာပေါ့လဲ?

"နှိပ်စက်ပါတယ်ဘုရား"

အနှိပ်စက်ခံရလို့ ချမ်းသာသလား၊ ဆင်းရဲသလား?

"ဆင်းရဲပါတယ်ဘုရား"

ဒါကြောင့်မို့ ယောဂီတို့ ယားတာပေါ်ရင်လည်း ဉာဏ်ကလေး ကူပေး။ အနှိပ်စက်ခံနေရတာ ဒီခန္ဓာ ချမ်းသာသလား၊ ဆင်းရဲသလား?

"ဆင်းရဲပါတယ်ဘုရား"

ဆင်းရဲတာက ဒုက္ခ၊ မှန်တာက သစ္စာ။ ဘယ်သွားသွား ဘယ်လာလာ ယားတာ၊ အောင့်တာ၊ ကျဉ်တာ ပေါ်လာရင်တော့ ဘာသစ္စာ ပေါ်တာလဲ?

"ဒုက္ခသစ္စာပေါ်တာပါ ဘုရား"

ယားနေတာက ဒုက္ခသစ္စာ၊ သိနေတာက ဉာဏ်။ သစ္စာကို သိတဲ့ဉာဏ်မို့လို့ ဘာဉာဏ်လဲ?

"သစ္စာဉာဏ်ပါဘုရား"

အဲဒီ ယားတာ၊ အောင့်တာလေးပေါ်ရင် နေရတာက ဆင်းရဲသလား၊ ချမ်းသာသလား?

"ဆင်းရဲပါတယ်ဘုရား"

ဒါဖြင့် သူပေါ်လာတာ ယောဂီတို့ ချမ်းသာဖို့လား၊ ဆင်းရဲဖို့လား?

"ဆင်းရဲဖို့ပါဘုရား"

ယားတာပေါ်လည်း နှိပ်စက်ပြန်ပြီ၊ ကျဉ်တာပေါ်လည်း နှိပ်စက်ပြန်ပြီ။ ဘာနဲ့ ဆုံးဖြတ်မှာလဲ?

"ဉာဏ်နဲ့ ဆုံးဖြတ်ရမှာပါ ဘုရား"

အဲဒီတော့ ယားတာ၊ အောင့်တာလေးကို မေးကြည့်၊ 'မင်းက ဘာလို့ ပေါ်လာတာလဲ'၊ 'ကျွန်တော် နှိပ်စက်ဖို့ ပေါ်လာတာဗျ'၊ သူ ဘာလုပ်ဖို့ ပေါ်လာတာလဲ?

"နှိပ်စက်ဖို့ပါဘုရား"

ခန္ဓာကို မေးကြည့်ဦး။ 'မင်း နေ့တိုင်း ဘာလုပ်ခံနေရတာလဲ'၊ 'ကျွန်တော် နှိပ်စက်ခံနေရပါတယ်'။ သူ နေ့တိုင်း ဘာလုပ်ခံနေရလဲ?

"နှိပ်စက်ခံရပါတယ် ဘုရား"

အခုဆို ယောဂီတို့ တရားအားထုတ်တာ ဘယ်နှစ်ရက်ရှိပြီလဲ?

"ခုနစ်ရက်ပါ ဘုရား"

တရားထိုင်ရတဲ့အချိန်မှာ မနာမကျဉ် မထုံမကိုက် အနှိပ်စက် မခံရတဲ့နေ့ ပြောကြည့်စမ်း?

"မရှိပါဘူး ဘုရား"

နေ့တိုင်း ဘာလုပ်ခံနေရတာလဲ?

"နှိပ်စက်ခံနေရတာပါ ဘုရား"

သူများလား၊ ခန္ဓာလား?

"ခန္ဓာပါဘုရား"

ကျဉ်တာပေါ့လဲ?

"နှိပ်စက်ခံရတာပါဘုရား"

အောင့်တာပေါ့လဲ?

"နှိပ်စက်ခံရတာပါဘုရား"

နှိပ်စက်ခံတာ ဘယ်သူ့ရဲ့ အလုပ်လဲ?

"ခန္ဓာရဲ့အလုပ်ပါဘုရား"

အလုပ်သည် ကိစ္စ။ ဒါဖြင့် အနှိပ်စက်ခံရတာ ဘယ်သူ့ရဲ့ အလုပ်လဲ?

"ခန္ဓာရဲ့အလုပ်ပါ ဘုရား"

## သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်

အနှိပ်စက်ခံရတဲ့ အလုပ်ဟာ တခြားက လာတာလား၊ ခန္ဓာထဲက လာတာလား?

"ခန္ဓာထဲကလာတာပါ ဘုရား"

နှိပ်စက်တတ်တဲ့ တရားကလည်း ဘယ်ထဲကလဲ?

"ခန္ဓာထဲကပါဘုရား"

အနှိပ်စက်ခံရတာ ဘယ်သူတုန်း?

"ခန္ဓာပါဘုရား"

ဒါဖြင့် ပြန်မေးမယ်။ 'ဟော့ . . . ခန္ဓာ မင်း ဘာလုပ်ခံရတာလဲ' ဆိုရင်?

"အနှိပ်စက်ခံရတာပါ ဘုရား"

'မင်း နေ့တိုင်း ဘာလုပ်တတ်လဲ' ဆိုတော့?

"နှိပ်စက်တတ်ပါတယ် ဘုရား"

နှိပ်စက်တာလည်း သူပဲ။ အနှိပ်စက်ခံရတာလည်း သူပဲ။ အဲဒါ ပြောတာပေါ့။ မိုးကုတ်ဆရာတော်ဘုရားကြီး အသေအချာ ပြော သွားတာ။ 'အသားထဲက လောက်ထွက်တာဗျ' တဲ့။ ဒီအတိုင်းပဲ ယောဂီတို့ရေ။ ထေရဝါဒ သာသနာကနေ သွေဖီပြီးတော့မှ နတ်ကို ဦးချတာ။ အဲဒါ အသားထဲက လောက်ထွက်တာဗျ။ ရှက်မှ မရှက် တာဗျာ။

ဘုရားမျက်နှာတော်မှ မထောက်။ ခေတ်ဦးချ၊ နတ်ဦးချနဲ့ တချို့ မရှိဘူးလား?

"ရှိပါတယ်ဘုရား"

အဲဒါ အသားထဲက ဘာထွက်တာလဲ?

"လောက်ထွက်တာပါဘုရား"

ဒါတွေများလာရင် အရှင်ဘုရားတို့၊ တပည့်တော်တို့ သာသနာ ကွယ်ကိန်းမြင်တယ်ဗျ။ ဒီလိုပုဂ္ဂိုလ်တွေ များလာရင် သာသနာကွယ် မယ်ဗျ။ ဒါ ရှင်းသင့်၊ မရှင်းသင့်။

"ရှင်းသင့်ပါတယ်ဘုရား"

တစ်ပါးသူကို ဘယ်လိုမှ မြင်လို့မဟုတ်ဘူး။ သာသနာကွယ် သွားမှာစိုးလို့။ 'ယိုသူမရှက် မြင်သူရှက်' တဲ့။ သူတို့အနေနဲ့ လုပ်ရဲ ပေမယ့် တကယ်သိတဲ့ ပုဂ္ဂိုလ်တွေကျတော့ သာသနာကွယ်သွားမှာကို စိုးရိမ်တယ်ဗျ။ ဘုန်းကြီးကမှ သာသနာကွယ်ကြောင်းနဲ့ ကိုးကွယ်မှု မှားနေရင် သူတို့ယုံကြည်ထားရတဲ့ ဒကာ၊ ဒကာမတွေ ဘယ့်နှယ် လုပ်ကြမလဲဗျာ။

ဘုန်းကြီးဝမ်းထဲမှာ သရဏဂုံ မရှိရင် သူတို့ကိုးကွယ်တဲ့ ဒကာ၊ ဒကာမဝမ်းထဲမှာ သရဏဂုံကိန်းဖို့ လွယ်မလား?

"မလွယ်ပါဘူး ဘုရား"

ဒါကြောင့် အရှင်မဟာကဿပတို့၊ ပထမသင်္ဂါယနာတင်တာလည်း အကြောင်းရှိလို့တင်တာဗျ။ ဒါ အရှင်ဘုရားများတော့ သိတာပေါ့။ ဘုရားပရိနိဗ္ဗာန်စံတော်မူတဲ့အခါ ပုထုဇဉ် ရဟန်းတွေ ငိုတယ်။ အဲဒီအခါ သုဘဒ္ဒဆိုတဲ့ ရဟန်းကြီးက 'ကိုယ်တော်တို့ ဘာငိုစရာရှိသလဲ၊ မငိုနဲ့။ သူရှိတုန်းက ဟိုဟာမလုပ်နဲ့၊ ဒါမလုပ်နဲ့၊ အမျိုးမျိုးကန့်ကွက်နေတာ၊ အခု သူသေပြီ။ လွတ်လမ်းပြီ။ အေးအေးဆေးဆေး ကိုယ်နေချင်သလို နေလို့ရတယ်'။ မှတ်ထား။ ပြောရင်လည်း ဠှာန်နဲ့မာန်နဲ့ ပီအောင်ပြော။

အဲဒါနဲ့ ရှင်မဟာကဿပက သိသွားတာ။ 'ဩော်... ဘုရားမှ တေဇောခတ်တောင် မလောင်ကျွမ်းရသေးဘူး၊ သာသနာဖျက်မည့် ပုဂ္ဂိုလ်များ ပေါ်လာပြီ။ အသားထဲက လောက်ထွက်လာပြီ'။ သံကို သံဖျက် သံချေးတက်နေပြီ။ ဒါကြောင့် ပထမ သင်္ဂါယနာကို အဇာတသတ်မင်းရဲ့ ပစ္စယာနုဂ္ဂဟကို ခံယူပြီးတော့ မတင်ရဖူးလား၊ တင်ရသလား?

"တင်ရပါတယ်ဘုရား"

အဲဒီလို အတုအယောင်တွေ လောကမှာ များလာလို့နော်။ အရှင်မဟာမောဂ္ဂလာန် အရှင်မြတ်ကြီးတို့ကြည့်ပါလား။ အတုအယောင်များ သိမ်ထဲပါလာရင် 'အရှင်ဘုရားများ' ဆိုပြီး တောင်းပန်လျှောက်ထားတယ်။ တောင်းပန်လို့မရရင် ဆွဲထုတ်ပစ်တာ။

ဒီလို ရဲရဲတောက် အရှင်ကောင်း၊ အရှင်မြတ်ကြီးတွေက ထေရဝါဒ သာသနာတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ကြလို့သာ ဘုန်းကြီးတို့၊ ယောဂီတို့ အခုလို သိခွင့်ရတာဗျ။ နေရာတကာ လျှော့တိလျှော့ရဲ လုပ်လို့ကတော့ ယောတိရောရာ ယောဆရာတွေနဲ့ ရောပြွမ်းပြီးတော့ ဆရာရော၊ တပည့်ပါ ဆင်းသွားကြရလိမ့်မယ်။

ဒီလိုမဖြစ်ရအောင် အားလုံးမှာ တာဝန်ရှိသလား၊ မရှိဖူးလား?

"ရှိပါတယ်ဘုရား"

ဒါကြောင့် သူ့ကို ပြန်ကျေးဇူးဆပ်ကြရမယ်။ ဟောဒီ ထေရဝါဒ ကြောင့်မို့ သိခွင့်ရရင် ထေရဝါဒကို တည်တံ့အောင် ကာကွယ်ထိန်း သိမ်းဖို့ဟာ အားလုံးမှာ တာဝန်မရှိဖူးလား၊ ရှိသလား?

"ရှိပါတယ်ဘုရား"

ဒါကြောင့်မို့ ဒီခန္ဓာကြီးက ယောဂီတို့၊ ဘုန်းကြီးတို့ စောင့် ကြည့်လိုက်စမ်း။ နေ့တိုင်း နေ့တိုင်း ဘာလုပ်ခံနေရတာလဲ?

"နှိပ်စက်ခံနေရတာပါ ဘုရား"

အနှိပ်စက်ခံနေတာ ဘယ်သူ့ရဲ့အလုပ်လဲ?

"ခန္ဓာရဲ့အလုပ်ပါဘုရား"

အလုပ်သည် ကိစ္စ၊ သိလိုက်တာက?

"ဉာဏ်ပါဘုရား"

ကိစ္စနဲ့ ဉာဏ်နဲ့ပေါင်း?

"ကိစ္စဉာဏ်ပါ ဘုရား"

နှိပ်စက်ခံရတာကိုမှ သိရဖန်များလာတော့ ဒီနှိပ်စက်တဲ့ ခန္ဓာ ကြီးနဲ့ အတူနေ၊ မနေတော့ပါဘူးဆိုတာ အခုမှ လာတာဗျ။ ပေါင် ကြည့်၊ ပေါင်းကြည့်လို့မှ အကျိုးမရှိရင် ဆက်လက်တွဲမှာလား၊ ဖြုတ်ချလိုက်မှာလား?

"ဖြုတ်ချလိုက်မှာပါ ဘုရား"

ဒီအတိုင်းပဲ ဒီခန္ဓာကို နှိပ်စက်ခံရတာ များလာတော့ ဒီခန္ဓာနဲ့ အတူနေချင်ဦးမလား?

"မနေချင်တော့ပါဘူး ဘုရား"

"ဒီခန္ဓာနဲ့ အတူမနေချင်တော့ပါဘူးဆိုပြီး ဖျတ်ခနဲ ပေါ်လာတဲ့ ဉာဏ်က ကတဉာဏ်တဲ့။

ဘာဉာဏ်လဲ?

"ကတညာဏ်ပါဘုရား"

ဉာဏ် ဘယ်နှစ်မျိုးလဲ?

"သုံးမျိုးပါဘုရား"

## ဉာဏ်သုံးမျိုးရလျှင် သောတာပန်

ဉာဏ်သုံးမျိုးက ဘယ်သူ့ကို မှီရတာလဲ?

"ခန္ဓာကို မှီရတာပါ ဘုရား"

ဒီခန္ဓာကို မှီပြီးတော့မှ ရတာချည်းပါပဲ။ ဒီခန္ဓာကို မှီပြီးတော့ 'မသုံးတတ်တော့ ဘေး၊ သုံးတတ်တော့ ဆေး'။ ဒီခန္ဓာကို မှီ၍ မသုံးတတ်တဲ့သူများ အပါယ်ကျသွားရော၊ သုံးတတ်တဲ့သူများ သစ္စ ကိစ္စ ကတညာဏ် ရသွားပြီး နိဗ္ဗာန်ရောက်သွားရော။

ဒါဖြင့် ယောဂီတို့က ဘေးဖြစ်အောင် သုံးမှာလား၊ ဆေးဖြစ်အောင် သုံးမှာလား?

"ဆေးဖြစ်အောင် သုံးမှာပါဘုရား"

အဲဒီတော့ ယောဂီတို့၊ ဘုန်းကြီးတို့ ရထားတဲ့ ခန္ဓာကိုယ်ကြီးက အကျိုးလား၊ အကြောင်းလား?

"အကျိုးပါဘုရား"

အကျိုးပေးမို့လို့ ဘာတဲ့လဲ။ ဝိပါက။

နေ့တိုင်း ဘာအလုပ်ခံနေရလဲ?

"အနှိပ်စက်ခံနေရပါတယ် ဘုရား"

အနှိပ်စက်ခံနေရလို့ ဝဋ်တဲ့ဗျ၊ ဝိပါကနဲ့ ဝဋ်နဲ့ပေါင်း?

"ဝိပါကဝဋ်ပါဘုရား"

ဒါဖြင့် ခန္ဓာကြီးက ဘာသစ္စာလဲ?

"ဒုက္ခသစ္စာပါဘုရား"

ဒီခန္ဓာကို ဘာဖြစ်လို့ ဒုက္ခသစ္စာလို့ ပြောတာလဲ?

"အနှိပ်စက်ခံရလို့ပါဘုရား"

ဘုရားကတော့ 'ခန္ဓာငါးပါး ဒုက္ခသစ္စာ'လို့ ဟောပါရဲ့။ ဒါပေမဲ့ ဘာဖြစ်လို့ ဒုက္ခသစ္စာမှန်း မသိကြဘူး။ အခုလို သိခွင့်ရလိုက်တော့ ဉာဏ်က ထိုးထိုးထွင်းထွင်း သိလိုက်ပြီး ဘာဖြစ်လို့ မြတ်စွာဘုရားက ခန္ဓာကို ဒုက္ခသစ္စာလို့ ဟောရတာလဲ?

"အနှိပ်စက်ခံရလို့ပါဘုရား"

တစ်ရက်တည်းလား၊ နေ့တိုင်းလား?

"နေ့တိုင်းပါဘုရား"

သူများလား၊ ကိုယ်တိုင်လား?

"ကိုယ်တိုင်ပါဘုရား"

တကယ့်ကိုလည်း နေ့တိုင်း အနှိပ်စက်မခံရဘူးလား?

"ခံရပါတယ်ဘုရား"

အနှိပ်စက်ခံရလို့ ချမ်းသာသလား၊ ဆင်းရဲသလား?

"ဆင်းရဲပါတယ်ဘုရား"

ဆင်းရဲတာက ဒုက္ခ၊ မှန်တာက သစ္စာ။ ပေါင်းလိုက်တော့ ဒုက္ခသစ္စာ။ သိလိုက်တာ တခြားလား၊ ဉာဏ်လား?

"ဉာဏ်ပါဘုရား"

သစ္စာကို သိတဲ့ဉာဏ်မို့လို့ သစ္စဉာဏ်။ အပေါင်း အပေါင်းကို သိတဲ့ဉာဏ်သည် သစ္စဉာဏ်။

ဒါဖြင့် နေ့တိုင်း နေ့တိုင်း ယားတာပေါ်တာလည်း ဘာလုပ်ခံရတာလဲ?

"အနှိပ်စက်ခံရတာပါဘုရား"

ကျဉ်တာပေါ်လား?

"အနှိပ်စက်ခံရတာပါဘုရား"

အနှိပ်စက်ခံရတာ ဘယ်သူ့ရဲ့ အလုပ်လဲ?

"ခန္ဓာရဲ့အလုပ်ပါဘုရား"

အဲဒီလို နှိပ်စက်ပြန်ပြီလို့ သိလိုက်တာသည် ဘာဉာဏ်လဲ?

"ကိစ္စဉာဏ်ပါဘုရား"

အစိတ် အစိတ်ကို သိတဲ့ဉာဏ်သည် ကိစ္စဉာဏ်။ အပေါင်း အပေါင်းကို သိတာသည်?

"သစ္စဉာဏ်ပါဘုရား"

အဲဒီကနေ လမ်းဆုံးအထိ ဖြစ်ပျက်ကလေးကို သိလိုက်တော့ 'ဩော်... လမ်းဆုံးပြီ'လို့ သိတဲ့ဉာဏ်သည်?

"ကတဉာဏ်ပါဘုရား"

ဉာဏ် ဘယ်နှစ်မျိုးလဲ?

"သုံးမျိုးပါဘုရား"

သောတာပန်တည်ချင်ရင် ဉာဏ် ဘယ်နှစ်မျိုး ရရမှာလဲ?

"သုံးမျိုးပါဘုရား"

ဘာဉာဏ်တွေတုန်း။ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်။ ဒီဉာဏ် သုံးမျိုးရချင်ရင် ဘယ်သူ့ကို မှီရမလဲ?

"ခန္ဓာကို မှီရပါမယ် ဘုရား"

ခန္ဓာကြီးက အကြောင်းလား၊ အကျိုးလား?

"အကျိုးပါဘုရား"

အကျိုးပေးမို့?

"ဝိပါကပါဘုရား"

နေ့တိုင်း အနှိပ်စက်ခံနေရလို့?

"ဝဋ်ပါဘုရား"

ပေါင်းလိုက်ပါဦး?

"ဝိပါကဝဋ်ပါဘုရား"

ဝိပါကဝဋ်ကိုမှီ၍ ဉာဏ်ဘယ်နှစ်မျိုးရအောင် လုပ်ရမလဲ?

"သုံးမျိုးရအောင် လုပ်ရပါမယ်ဘုရား"

ဘာဉာဏ်တွေလဲ?

"သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ပါဘုရား"

ဒီဉာဏ် သုံးမျိုးရရင် ဒီဘဝ ဘာတည်မှာလဲ?

"သောတာပန် တည်မှာပါဘုရား"

'အညာသိ ဝတ ဘော ကောဏ္ဍညော' ဆိုတာ ဒီဉာဏ်သုံးမျိုး ရသွားတာဗျ။

ဝဋ်ဘယ်နှစ်ပါး ဟောမှာလဲ?

"သုံးပါးပါ ဘုရား"

အခု ဘယ်နှစ်ပါးပြောတာလဲ?

"တစ်ပါးပါဘုရား"

နောက် ဘယ်နှစ်ပါးကျန်သေးလဲ?

"နှစ်ပါးပါဘုရား"

ကျန်တဲ့နှစ်ပါး မနက်ဖြန်ကျမှ ဟောကြစို့။ နာရီစေပြီ။ တော်ကြဦးစို့ဗျာ။

■

## အင်္ဂါမနေ့ ဟောစဉ်

### တရားအဖွင့် ပဏာမ

အားလုံးပဲ လက်အုပ်ချီကလေးတွေ ချထား၊ မှုတသော ဣရိယာပုသ်ဖြင့် ချမ်းသာသလို ထိုင်ပြီး ဟောကြားလတ္တံ့သော တရားဓမ္မများကို အာရုံတစ်ပါး စိတ်မသွားဘဲ ဆက်လက်နာယူ မှတ်သားနိုင်ကြပါပြီ။

တို့အားလုံး ယောဂီအပေါင်း သူတော်ကောင်းတို့

ယောဂီတို့ ဘုရားရှိခိုးပြီးတဲ့အခါပဲ ဖြစ်ဖြစ်၊ ကုသိုလ်ကောင်းမှု တစ်ခုခု ပြုလုပ်ပြီးတဲ့အခါမှာပဲ ဖြစ်ဖြစ် 'ဤကဲ့သို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရတဲ့ ကောင်းမှုကံ စေတနာတို့ကြောင့် သံသရာဝဋ်ဒုက္ခမှ မြန်မကြာ လွတ်ရပါလို၏ ဘုရား' ဆိုပြီး ဆုမတောင်းဘူးလား တောင်းကြလား။

"တောင်းကြပါတယ်ဘုရား..."

အဲဒီလို ဆုတောင်းတဲ့အခါကျတော့ သံသရာ ဝဋ်ဒုက္ခဆိုတာကို သံသရာဝဋ်လည်ပုံကို ပိုင်ပိုင်နိုင်နိုင် သိပြီးတော့မှ တောင်းတဲ့ပုဂ္ဂိုလ်ရယ် သံသရာဝဋ်ဒုက္ခလည်ပုံကို ဘာမှ နားမလည်ဘဲနဲ့ ရမ်းတောင်းတဲ့ ပုဂ္ဂိုလ်ရယ်... ဘယ်ပုဂ္ဂိုလ်က များလဲ။

"ရမ်းတောင်းတဲ့ ပုဂ္ဂိုလ်က များပါတယ်ဘုရား..."

ထုံးစံအတိုင်း တောင်းတဲ့ပုဂ္ဂိုလ်က များတယ်၊ သူများရဲ့ ဆုတောင်းလေး လိုက်ပြီးတော့မှ တောင်းတဲ့သူတွေ၊ ရိုးရာအရ တောင်းနေကြတာနော်၊ ရှေ့ကလူတွေ ဒီလိုတောင်းလို့ နောက်ကလူတွေကလည်း ဒီလိုပဲ တောင်းတာ၊ တကယ်တမ်း သိပြီးတော့မှ ဆုတောင်းတဲ့ပုဂ္ဂိုလ်က အင်မတန်မှ နည်းတယ် ရှားတယ်။

ပြီးတော့ သံသရာဝဋ္ဋဒုက္ခကို အမှန်အကန် ခန္ဓာဉာဏ်ရောက် သိထားကြတဲ့ ပုဂ္ဂိုလ်ကျတော့လည်း တောင်းနေလို့ ဘာမှ ဖြစ်မလာပါဘူး၊ လက်တွေ့ကျင့်ယူရမှာပါလားလို့ ပိုင်ပိုင်နိုင်နိုင် သိထားကြတော့ အနှစ်ကို သိနေတဲ့အတွက် ဆုတောင်းတာ တဖြည်းဖြည်းနဲ့ နည်းလာတယ်လို့ မှတ်ရမယ်နော်။ အဲဒီတော့ ဆုတောင်းတွေ ရှည်တယ်ဆိုတော့ ဘာ့ကြောင့်လဲလို့ မေးရင် အနှစ်ကို မတွေ့သေးလို့ မှတ်ပါ။

ဘာမတွေ့သေးလို့ပါလိမ့် ?

"အနှစ်ကို မတွေ့သေးလို့ပါ ဘုရား..."

ဒါဖြင့် ယောဂီတို့... ဘုန်းကြီးတို့ သတ္တဝါတွေ သံသရာမှာ ကျင်လည်ရတာ ဝဋ္ဋဘယ်နှစ်ပါးနဲ့ လည်ရတာလဲ ?

"ဝဋ္ဋသုံးပါးနဲ့ လည်ရတာပါဘုရား..."

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် 'တိဏ္ဏောတာရေယျံ' တဲ့။ သူကိုယ်တိုင်လည်း ဝဋ္ဋသုံးပါးက လွတ်မြောက်ခဲ့သလို ယောဂီတို့ ဘုန်းကြီးတို့ကိုလည်း ဝဋ္ဋသုံးပါးက လွတ်မြောက်စေချင်တဲ့သဘော မရှိဘူးလား ရှိလား ?

"ရှိပါတယ်ဘုရား..."

ကိုင်း... ဒါဖြင့် တို့ယောဂီအပေါင်း သူတော်ကောင်းတို့ ဝဋ္ဋသုံးပါးက တကယ်လွတ်ချင်တယ် ဆိုရင် ဝဋ္ဋတို့ရဲ့ လွတ်မြောက်ရာသည် ဘာပါလိမ့် ?

"နိဗ္ဗာန်ပါဘုရား..."

ဒါဖြင့် နိဗ္ဗာန်ကို တကယ်လိုချင်တယ် ရချင်တယ်ဆိုရင် 'အညေခန္ဓာ အညေနိဗ္ဗာနန္တိ ခန္ဓပဋိပတ္တ မေဝတိ နိဗ္ဗာနံ' တကယ် နိဗ္ဗာန်ကို လိုချင်တယ်၊ တကယ် ဝဋ်က ကျွတ်ချင်တယ်ဆိုရင် ဒီခန္ဓာကို အမှန်အတိုင်းသိဖို့ မလိုဘူးလား လိုသလား ?

"လိုပါတယ်ဘုရား..."

ဒီခန္ဓာအကြောင်း သိအောင် ကြိုးစားဆိုတော့ ယောဂီတို့ ဘုန်းကြီးတို့ တရားဟော တရားနာနေတာ အတိတ်မှာလား ပစ္စုပ္ပန်မှာလား ?

"ပစ္စုပ္ပန်မှာပါဘုရား..."

ပစ္စုပ္ပန်မှာဆိုရင် ပဋိစ္စ သမုပ္ပါဒ်အလိုအရ ဘယ်အတွက်ပါလိမ့် ?

"(၂) အကွက်ပါဘုရား..."

(၂) အကွက် ခန္ဓာ ဘယ်နှစ်ပါးပါလိမ့် ?

"ငါးပါးပါဘုရား..."

အဲဒီခန္ဓာသည် အကြောင်းတရားလား အကျိုးတရားလား ?

"အကျိုးတရားပါဘုရား..."

ဒါကြောင့် မနေ့က သင်ခဲ့ပါတယ်၊ အကျိုးပေးမို့လို့ ဘာတဲ့လဲ?

"ဝိပါကပါ ဘုရား..."

အဲဒီတော့ အကျိုးပေးတဲ့ခန္ဓာမှာ ပြန်ကြည့်တော့ နေ့တိုင်း မအိုချင်လည်း ?

"အိုနေပါတယ် ဘုရား..."

မနာချင်လည်း ?

"နာနေပါတယ်ဘုရား..."

မသေချင်လည်း ?

"သေနေပါတယ်ဘုရား..."

မအိုအောင် မနာအောင် မသေအောင် နှိပ်စက်နေတဲ့ တရားတွေသည် ဘယ်မှာ ရှိနေတာလဲ ?

"ခန္ဓာမှာ ရှိနေတာပါဘုရား..."

## ဇရာဝင် အရွယ်ထောက်တော့

ဇရာမီးကလည်း လောင်နေလိုက်တာ၊ ဗျာဓိမီးကလည်း လောင်၊ မကြာခင် မရဏမီးကလည်း သေအောင် သတ်တော့မယ်နော်။ ဒါကြောင့် မီးဆိုတဲ့ နေရာမှာ စာလိုပြောတော့ တေဇောဓာတ်ပေါ့။ အဲဒီ တေဇော ဆိုတဲ့ မီးကလည်း နှစ်မျိုးရှိတယ်။

ဘာလဲလို့မေးရင် ဥဏှတေဇော ဘာလဲ ?

"ဥဏှတေဇောပါဘုရား"

နှစ်က သီတတေဇောတဲ့ ဘာတဲ့တုန်း ?

"သီတတေဇောပါဘုရား"

တေဇော ဘယ်နှစ်မျိုးတုန်း ?

"နှစ်မျိုးပါဘုရား"

မီးနှစ်မျိုးလို့ မှတ်ပေါ့ဗျာ။ ဥဏှတေဇော ဆိုတာက အပူမီး၊ သီတတေဇော ဆိုတာက အအေးမီး၊ ဒီမီးနှစ်ပါးက ဘာလုပ်ပေးလဲ မေးရင် အပူမီးက အိုအောင် လောင်တယ်။

အပူမီးက ဘယ်လိုလောင်လဲ ?

"အိုအောင် လောင်ပါတယ်ဘုရား..."

အအေးမီးက သေအောင် သတ်တယ်။ အအေးမီးက ?

"သေအောင် သတ်ပါတယ် ဘုရား..."

အခု ယောဂီတို့ကိုယ်ခန္ဓာကို စမ်းကြည့်လိုက်မယ်။ ရှိန်းရှိန်း သုတ်သုတ် နွေးနွေးလေး ဖြစ်မနေဘူးလား။ အဲဒါ ဘာမီးလောင်နေတာလဲ ?

"အပူမီးလောင်နေတာပါဘုရား..."

အဲဒီလို အပူမီးလောင်တဲ့အခါကျတော့ တဖြည်းဖြည်းနဲ့ ယောဂီတို့ ဘုန်းကြီးတို့ခန္ဓာကိုယ်က အသားအရည်လေးက နုလာတာလား ရင့်လာတာလား ?

"ရင့်လာတာပါဘုရား..."

ကြည့်ပါလား... ယောဂီတို့ စိမ်းစိုနေတဲ့ သစ်ရွက်ကလေးကို ခူးပြီးသကာလ ဖယောင်းတိုင်မီး စသည်ဖြင့် မီးလေးနဲ့ အုံကြည့်လိုက်တော့ ဒီစိမ်းစို လန်းဆန်းနေတဲ့ သစ်ရွက်ကလေးက တဖြည်းဖြည်းနဲ့ ညှိုးလာတယ်။ ပြီးတော့ ခြောက်လာတယ်။

အဲဒီတော့ လန်းဆန်းဖျတ်လတ်နေတဲ့ ဒီသစ်ရွက်ကလေးဟာ ရော်လာတယ်၊ ညှိုးလာတယ်၊ ခြောက်လာတယ်ဆိုတာ တခြားနဲ့ တွေ့လို့လား မီးနဲ့ တွေ့လို့လား ?

"မီးနဲ့တွေ့လို့ပါဘုရား"

ဒါကြောင့် ယောဂီတို့ ဘုန်းကြီးတို့ရဲ့ အသားအရည်ဟာလည်း လတ်လတ်ဆတ်ဆတ် ဖျတ်ဖျတ်လတ်လတ် မာမာကြောကြော မရှိတော့ဘူး။ တဖြည်းတဖြည်းနဲ့ လျော့တိလျော့ရဲတွေ ဖြစ်လာပြီ၊ မျက်စိမှုန် နားထိုင်း ခါးကိုင်းလို့ သွားကြေ ပါးရေ နားရေ တွန့်လာပြီ။

ဘယ်သူ့ရဲ့လက်ချက်တုန်း ?

"အပူမီးရဲ့ လက်ချက်ပါ ဘုရား"

အပူမီးက အပြင်မှာ လောင်တာလား၊ အတွင်းမှာ လောင်တာလား ?

"အတွင်းမှာ လောင်တာပါဘုရား"

အတွင်းထဲမှာ လောင်နေတာဗျ။ အဲဒီအပူမီးကို ဇရာမီးလို့လည်း မသုံးဘူးလား ?

"သုံးပါတယ်ဘုရား"

ဒါဖြင့် ဇရာမီးက တစ်ခါတည်း လောင်တာလား၊ နေ့တိုင်း လောင်တာလား ?

"နေ့တိုင်းလောင်တာပါဘုရား"

ဇရာမီးက လောင်ထားလို့ ကြည့်ပါလား။

'ရွှန်းလက်ကယ် ကြယ်စင် ငယ်စဉ်က မျက်စိ

ဇရာဝင် ပျက်ရာကြတယ်၊ အပ်ပေါက်ချော်ထိ' တဲ့။

ငယ်တုန်းက မျက်စိ အလွန် အင်မတန်မှ ကြည်လင်တယ်။ ဇရာဝင်လာပြီဆိုတော့ ကိုယ့်ဟာနဲ့ ကိုယ် အပ်ပေါက်များ ထိုးလို့ ရသေးရဲ့လား ?

"မရတော့ပါဘူးဘုရား"

ပြတ်သားကြည်လင် ငယ်စဉ်က နား ဇရာဝင် အရွယ်ထောက်တော့ အော်တောင် မကြား' တဲ့။ အော်လို့တောင် ကြားသေးရဲ့လား ?

"မကြားတော့ပါဘူးဘုရား"

'မာကြောကြည်လင် ငယ်စဉ်က အသား၊ ဇရာဝင် အရွယ်ထောက်တော့ ရှုံ့တိရှုံ့တွ' တဲ့။ ခရမ်းချဉ်သီး မီးဖုတ်ထားတာ ကျနေတာပဲ။ အကုန် ရှုံ့တိရှုံ့တွ ဖြစ်ကုန်ပြီ။ ဒီကြားထဲ ငယ်တုန်းကဆို ဖျတ်ခနဲ ထလိုက် ထိုင်လိုက် သွားလိုက် သွက်သွက်လက်လက်နဲ့ ဇရာမီးက လောင်ထားတဲ့အခါ အပူမီးက လောင်ထားတဲ့အခါ တုန်ချည့်တုန်ချည့်နဲ့ ကြံ့ဘိ အခုလိုပုံ၊ ဒုက္ခတွေကြုံ တဲအုံပျက်အဆွေး အမယ်အိုသူအားထားတာက ဝါးတုတ်တောင်ဝှေး' တဲ့။ နောက်ဆုံးကျတော့ လက်ထဲ ဘာရောက်လာတာလဲ ?

"ဝါးတောင်ဝှေးလေး ရောက်လာပါတယ်ဘုရား"

ဘယ်သူက လောင်တာလဲ ?

"ဇရာမီးကပါဘုရား"

အဲဒီတော့ ဇရာမီးရဲ့အလောင်ကို တစ်နေ့ထဲ အလောင်ခံရတာလား နေ့တိုင်း အလောင်ခံရတာလား ?

"နေ့တိုင်း အလောင်ခံရတာပါဘုရား"

ဒီကြားထဲ ဇရာမီးက လောင်သလို ဗျာဓိမီးကလည်း နှိပ်စက်လိုက်တာ၊ ယားတာ အောင့်တာ ကျဉ်တာ ပေါ်လာရင် တခြားခံရတာလား အနှိပ်စက်ခံရတာလား ?

"အနှိပ်စက်ခံရတာပါဘုရား"

ဒီထဲ ရှေ့တိုးရင် မရဏမီးကလည်း သတ်တော့မှာ၊ အဲဒီတော့ ယောဂီတို့ ဘုန်းကြီးတို့ ခန္ဓာကိုယ်ထဲမှာ နေ့တိုင်း အလောင်ကျွမ်းခံနေရသလို နေ့တိုင်း နေ့တိုင်းလည်း အနှိပ်စက်မခံရဘူးလား ခံရသလား ?

"ခံရပါတယ်ဘုရား"

## ဝဋ်ကောင်လေးနဲ့ ဝဋ်ကောင်ကြီး

အဲဒီလို ဇရာ၊ ဗျာဓိ၊ မရဏမီးတွေရဲ့ အလောင်အကျွမ်း အနှိပ်အစက် ခံနေရလို့ ဒီခန္ဓာကို ဝဋ်လို့ခေါ်တယ်။ ဘာခေါ်သလဲ ?

"ဝဋ်လို့ ခေါ်တာပါဘုရား"

ဒါဖြင့် ရတဲ့ ခန္ဓာကြီးက အကြောင်းတရားလား အကျိုးတရားလား ?

"အကျိုးတရားပါဘုရား"

ဒါကြောင့် အကျိုးပေးမို့ ဝိပါက၊ မဝဋ်နဲ့ဦး တစ်လုံးစီရှင်းတာ။ အကျိုးပေးမို့လို့ ဘာတဲ့တုန်း ?

"ဝိပါကပါဘုရား"

နေ့တိုင်းနေ့တိုင်း အလောင်အကျွမ်း အနှိပ်အစက်ခံနေရလို့ ဝဋ်။ ပေါင်းလိုက်တော့ ဘာဝဋ် ?

"ဝိပါကဝဋ်ပါ ဘုရား"

အပူမီးက အိုအောင်လောင်တော့ အအေးမီးက ဘာလုပ်တောင်လောင်သလဲ ?

"သေအောင် လောင်တာပါဘုရား"

သေတဲ့မသာတွေ သွားစမ်းကြည့်ပါ။ အေးစက်နေတာပဲ။ အဲဒါ ဘာမီးက သတ်တာလဲ ?

"အအေးမီးက သတ်တာပါဘုရား"

အပူမီးက အိုအောင်လောင်၊ အအေးမီးက သေအောင်သတ်။ ဒါဖြင့် ခန္ဓာဆုတောင်းကတည်းက ဒါတွေက ပါလား မပါဘူးလား ?

"ပါပါတယ်ဘုရား"

ဒါကြောင့်မို့

**မာရော မာရောတိ ဘန္တေ ဝုစ္စတိ။ ကိတ္တာဝတာနုခေါ ဘန္တေ မာရောတိ ဝုစ္စတိ။**

အရှင်ဘုရား သေမင်း သေမင်းဆိုတာ ဘာလဲဘုရားလို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို လျှောက်တော့ မြတ်စွာဘုရားက

**ရူပံ မာရော ဝေဒနာမာရော သညာမာရော သင်္ခါရော မာရော ဝိညာဏံ မာရော။**

ချစ်သားရေ- ခန္ဓာငါးပါးဟာ လူသတ်ယောက်ျားကွ တဲ့။ ခန္ဓာငါးပါးက ဘာတဲ့တုန်း ?

"လူသတ်ယောက်ျားပါဘုရား"

ခန္ဓာငါးပါးက လူသတ်ယောက်ျားဆိုတော့ သူ့လက်နက် သူပဲ သေရကြေရတာနော်။ ခန္ဓာဆုတောင်းမှန်သမျှ အချိန်တန်တော့ မသေဘဲ နေမှာလား သေမှာလား ?

"သေမှာပါဘုရား"

အပြင်က သတ်တာလား၊ အတွင်းက သတ်တာလား ?

"အတွင်းက သတ်တာပါဘုရား"

အဲဒါ ဘာရထားတာလဲ ?

"ခန္ဓာ ရထားတာပါဘုရား"

ခန္ဓာ ရထားလို့ နေ့တိုင်း အနှိပ်စက်ခံနေရလို့ တခြားလား ဝဋ်လား ?

"ဝဋ်ပါဘုရား"

ဘာဝဋ်လဲ ?

"ဝိပါက ဝဋ်ပါဘုရား"

မနာ မထုံမကျဉ် မကိုက်မခဲတဲ့နေ့ရယ်လို့ ရှိသလား ?

"မရှိပါဘူးဘုရား"

နေ့တိုင်း နေ့တိုင်း ဘာခံနေရတာလဲ ?

"အနှိပ်စက်ခံနေရဟာပါဘုရား"

အနှိပ်စက်ခံနေရတာ တခြားလား၊ ဝဋ်ခံနေရတာလား ?

"ဝဋ်ခံနေရတာပါဘုရား"

ဒါကြောင့် ဆရာတော်ဘုရားကြီးက မေးတယ်။ 'ဒကာကြွယ်တို့ ဦးလှဘူးတို့က နေ့တိုင်း နေ့တိုင်း ဝဋ်ခံနေရတော့ ဘာကောင်တွေလဲ' တဲ့။ ဆရာတော်ကြီးက ပြောတာနော်။ ဘုန်းကြီးတို့ကတော့ မပြောရဲဘူး။ ဆရာတော်ဘုရားကြီးက ဘယ်လိုမေးမေး တင့်တယ်တယ်ဗျ။ ဘုန်းကြီးတို့က 'ဘာကောင်တွေလဲ' လို့ မေးရင် တော်မလား။ အရှင်ဘုရားတို့ ရမ်းရမ်းမပြောလိုက်နဲ့။ ပြောချင်ရင်တောင်မှ ဆရာတော်ဘုရားကြီးက ဒကာကြွယ် ဦးလှဘူးတို့ ဒီလို ပြောလိုက်တယ် ဆိုတော့ ဒီဒကာ ဒကာမတွေလည်း ဦးလှဘူးတို့ဘက်ကနေ လိုက်ဖြေကြည့်ပါ ဘာကောင်တွေလဲ အဲဒီလိုမေးနော်။

ဘာကောင်တွေလဲတဲ့ ?

"ဝဋ်ကောင်တွေပါ ဘုရား"

အဲဒါကို တချို့က ပြောသေးတာ၊ 'ငါလိုကောင်မ ဘာမှတ်လို့လဲ' တဲ့။ ဘာမှ မမှတ်ဘူး။ ဝဋ်ကောင်မလို့ပဲ မှတ်တယ်။ တချို့ ဒကာ ဒကာမတွေက အရပ်ထဲ တော်တော်ကဲတယ်။ 'ငါလိုကောင်မ ဘာမှတ်တုန်း' ရဲရဲပြော ကိုယ့်အလှည့်ကျမှ တိုးမနေနဲ့ ?

"ဝဋ်ကောင်ပါဘုရား"

ဘုန်းကြီးကလည်း ဘာကြီးတုန်း၊ ဝဋ်ကောင်ကြီး ယောဂီတို့လည်း ဘာကြီးတုန်း ?

"ဝဋ်ကောင်ကြီးပါဘုရား"

နေ့တိုင်း ဘာလုပ်ခံနေရတာလဲ ?

"အနှိပ်စက်ခံနေရတာပါဘုရား"

ကိုယ့်ဟာကိုယ် ဝဋ်ကောင်မှန်း မသိဘူး။ ဟာ သူများကရပ်ထဲ ရွာထဲ 'ကလေးမွေးတယ်၊ မီးဖွားတယ်ဟေ့' ဆိုတော့ ထုံးစံအတိုင်း လိုက်ကြည့်ပြီလေ။ မွေးလာတဲ့ကလေးက နဖူးမောက် နှာရောင်ကောက် အသားကမည်း၊ သွားက ခေါ၊ မျက်လုံးတစ်ဖက်ကမပါ၊ ပါတဲ့တစ်ဖက်က ရှေ့စူထွက်။ နားရွက်တစ်ဖက်က သေးသေးတစ်ဖက်က ကြီးကြီး။ လက်ကလေးတွေက ပိန်လှီပြီး ပိုလီယိုခြေထောက်နှစ်ချောင်းကလည်း တရွတ်ဆွဲ၊ စကားကလည်း မပီကလာပီကလာ 'အိညံ့ အိညံ့' လုပ်။

ဩော် မွေးလာတဲ့ကလေး ကြည့်ပါဦး။ အင်္ဂါခြေလက်လည်း မစုံဘူး။ ပိုလီယိုလေးတဲ့၊ ဝဋ်ကောင်လေးတဲ့၊ မပြောဘူးလား ပြောသလား ?

"ပြောပါတယ်ဘုရား"

ကြည့်ပါဦး မွေးလာတဲ့ ကလေးကလည်း အင်္ဂါခြေလက် မစုံဘူး သနားပါတယ်၊ ဘာကောင်းလေးတဲ့တုန်း ?

"ဝဋ်ကောင်လေးပါဘုရား"

ယောဂီတို့ ဘုန်းကြီးတို့က အင်္ဂါခြေလက် မစုံဘူးလား ?

"စုံပါတယ်ဘုရား"

အင်္ဂါခြေလက်မစုံရင် ဘာကောင်လေးတုန်း ?

"ဝဋ်ကောင်လေးပါဘုရား။

အင်္ဂါခြေလက်စုံတော့ ?

"ဝဋ္ဋကောင်ကြီးပါဘုရား"

ဒါဖြင့် ယောဂီတို့ ဘုန်းကြီးတို့က ဘာကောင်ကြီးတုန်း ?

"ဝဋ္ဋကောင်ကြီးပါဘုရား"

ဟုတ်တယ် ကိုယ့်အကြောင်း ကိုယ်သိရင် ပြီးတာပဲ။ ကိုယ့်အကြောင်း ကိုယ်မသိရင် ကြွားတာဗျ။ မကြွားဘူးလား ကြွားသလား ?

"ကြွားပါတယ်ဘုရား"

## ခန္ဓာရပေမယ့် ဉာဏ်မရခဲ့ပါ

ဒါဖြင့် ဒီလောက်ခံနေရတဲ့ ဝဋ္ဋကြီးက တစ်ဘဝထဲ ရတာလား ဘဝတိုင်း ရခဲ့တာလား ?

"ဘဝတိုင်း ရခဲ့တာပါဘုရား"

အတိတ်တုန်းကလည်း လူဖြစ်ခဲ့သလား နတ်ဖြစ်ခဲ့သလား ခန္ဓာရခဲ့တာပဲလား ?

"ခန္ဓာရခဲ့တာပါဘုရား"

ခန္ဓာရခဲ့တော့ မအိုချင်လည်း ?

"အိုရမှာပါဘုရား"

မနာချင်လည်း ?

"နာခဲ့ရပါတယ်ဘုရား"

မသေချင်လည်း ?

"သေခဲ့ရပါတယ်ဘုရား"

ဒါဖြင့် အအို အနာ အသေပွဲတွေ သူများ နွှဲခဲ့တာလား၊ ကိုယ်တိုင် နွှဲခဲ့တာလား ?

"ကိုယ်တိုင် နွှဲခဲ့တာပါဘုရား"

ဒီခန္ဓာရတော့ ကိုယ်တိုင် အနှိပ်စက်မခံရဘူးလား ခံရလား ?

"ခံရပါတယ်ဘုရား"

ခံပင် ခံရငြားသော်လည်း ဘယ်ဘဝ ဘယ်ခန္ဓာရရ အနှိပ်စက်

ခံရမှာပါလား၊ ဒုက္ခသစ္စာကြီးပါလားလို့ အမှန်အတိုင်း သစ္စဉာဏ်များ ရခဲ့ရဲ့လား ?

"မရခဲ့ပါဘူးဘုရား"

ဖောက်ပြန် ပျက်စီးမှုတွေ နေ့တိုင်းနေ့တိုင်း မကြုံခဲ့ရဘူးလား ကြုံခဲ့ရလား ?

"ကြုံခဲ့ရပါတယ်ဘုရား"

နေ့တိုင်း စစ်ခနဲ မွှားခနဲ ရိပ်ခနဲ ပေါ်လာတာက တခြားလား အနှိပ်စက်ခံနေရတာလား ?

အနှိပ်စက်ခံနေရတဲ့ ခန္ဓာကြီး၊ နှိပ်စက်ပြန်ပြီ နှိပ်စက်ပြန်ပြီလို့ သစ္စဉာဏ်နဲ့ရော သိရဲ့လား ?

"မသိပါဘူးဘုရား"

အပေါင်း အပေါင်းဆိုတဲ့ သစ္စဉာဏ်နဲ့လည်း မသိဘူး။ အစိတ်အစိတ်ဆိုတဲ့ ကိစ္စဉာဏ်နဲ့လည်း မသိဘူး။ ကဲ သစ္စဉာဏ်လည်း မသိဘူး၊ ကိစ္စဉာဏ်လည်း မသိဘူး ဆိုတော့ ကတဉာဏ်ဆိုတာက အဝေးကြီးဗျာ။

အတိတ်တုန်းက ခန္ဓာကြီး ရခဲ့ပေမယ့် ဉာဏ်သုံးဉာဏ်ရခဲ့အောင်များ ကြိုးစားခဲ့ရဲ့လား ?

"မကြိုးစားခဲ့ပါဘူးဘုရား"

ယောဂီတို့ ဘုန်းကြီးတို့က ဒီခန္ဓာကြီးကို မှီပြီးတော့ ဒီဉာဏ်သုံးဉာဏ်ရော ရခဲ့ရဲ့လား ?

"မရပါဘူးဘုရား"

မရအောင် ဖုံးထားတာ ဘာပါလိမ့် ?

"အဝိဇ္ဇာပါဘုရား"

အဝိဇ္ဇာကို အထက်နား တိုးကြည့်ပါဦး။ ယောဂီတို့ရေ တက်ကြည့်လိုက်စမ်း၊ ဘာဝင်္ဂတဲ့တုန်း ?

"ကိလေသဝဋ္ဋပါဘုရား"

ကိလေသဝဋ်က ဘယ်နှစ်ပါးတဲ့တုန်း ?

"သုံးပါးပါဘုရား"

"သုံးပါးက ဘာတဲ့တုန်း ပြောကြည့်စမ်းပါ"

"အဝိဇ္ဇာ တဏှာ ဥပါဒါန်ပါဘုရား"

ဒီတော့ ကိလေသဝဋ် ဘယ်နှစ်ပါးတုန်း ?

"သုံးပါးပါဘုရား"

ဒါဖြင့် အတိတ်တုန်းက ယောဂီတို့ ဘုန်းကြီးတို့ ဒီလို ဝိပါကဝဋ်ခန္ဓာကြီး မရခဲ့ဘူးလား ?

"ရခဲ့ပါတယ်ဘုရား"

ရခဲ့ပေမယ့်လည်း ဘယ်ဘဝ ဘယ်ခန္ဓာရရ ဒီလိုပဲ အနှိပ်စက်ခံနေရပါလားလို့ သိခဲ့ရဲ့လား ?

"မသိခဲ့ပါဘူးဘုရား"

မသိခဲ့တာက ?

"အဝိဇ္ဇာပါဘုရား"

မသိဘဲနဲ့ ဟိုဘုံ ဒီဘဝ လိုချင် ရချင်တဲ့ သဘောနဲ့ ကုသိုလ်တွေ မလုပ်ခဲ့ဘူးလား၊ လုပ်ခဲ့သလား ?

"လုပ်ခဲ့ပါတယ် ဘုရား"

မလိုချင်လို့လား လိုချင်လို့လား ?

"လိုချင်လို့ပါဘုရား"

"လိုချင်တာက ?

"တဏှာပါဘုရား"

တဏှာနဲ့ ဆုတောင်းပြီ။ တောင်းပြီးတဲ့အခါကျတော့ မရမနေနိုင် စွဲလန်းတာက ?

"ဥပါဒါန်ပါဘုရား"

တွတ်တွက် တွတ်တွက်နဲ့ ဆုတောင်းပြီ။ ဘုရားရှေ့မှာလေ။ တောင်းပြီဆိုကတည်းက သစ္စာသိတောင်းလား မသိ တောင်းလား ?

"မသိတောင်းတာပါဘုရား"

မသိခဲ့တာက ?

"အဝိဇ္ဇာပါဘုရား"

အဝိဇ္ဇာ အထက်နားတက်ကြည့်တော့ ဘာဝဋ်တုန်း ?

"ကိလေသဝဋ်ပါဘုရား"

## ညစ်နွမ်းကြောင်းနဲ့ အချိန်ကုန်ခဲ့ကြ

ကိလေသာဆိုတာ ညစ်နွမ်းကြောင်းတဲ့။ ကိလေသာဆိုတာ ဘာလဲ ?

"ညစ်နွမ်းကြောင်းပါဘုရား"

ဘယ်ဘဝတုန်းကများ ယောဂီတို့ ဘုန်းကြီးတို့ သစ္စာသိခဲ့တုန်း ?

"မသိခဲ့ပါဘူးဘုရား"

ဘဝတိုင်း ဘဝတိုင်း ဘယ်သူ့အုပ်ချုပ် ခံခဲ့ရတာတုန်း ?

"အဝိဇ္ဇာပါဘုရား"

တစ်ဝက်တပျက်လား အပြည့်လား ?

"အပြည့်ပါဘုရား"

အဝိဇ္ဇာရဲ့အအုပ်အချုပ် အပြည့်အဝ ခံခဲ့ရပါတယ် ဆိုတာ သိရအောင်လို့ အဝိဇ္ဇာရဲ့ဘေးမှာ ဘာလုပ်ပြထားတာလဲ ?

"ဝိုင်းပြထားတာပါဘုရား"

ဒါ နှစ်ကြိမ်မြောက် ယောဂီတို့ကို ရှင်းပြခြင်းပဲ။ ည အထူး သင်တန်းမှာ မသင်ခဲ့ဘူးလား သင်ခဲ့လား ?

"သင်ခဲ့ပါတယ်ဘုရား"

ဒါဖြင့် အဝိဇ္ဇာဘေးမှာ ဝိုင်းပြထားတာ ဆေးပိုလို့ အလှဆွဲ ထားတာ ဟုတ်ရဲ့လား ?

"မဟုတ်ပါဘူးဘုရား"

ဆေးပိုလို့ အလှဆွဲထားတာ မဟုတ်ပါဘူး။ အဝိဇ္ဇာရဲ့ အုပ်ချုပ်မှုကို အပြည့်အဝ ခံခဲ့ရတယ် ဆိုတာ သိစေချင်လို့ ဘာလုပ်ပြထားတာလဲ ?

"ဝိုင်းပြထားတာပါဘုရား"

အဲဒါကို အနမတဂ္ဂသံယုတ်က ဘာပြောထားလဲ။

အနမတဂ္ဂေါ ယံ ဘိက္ခဝေ သံသာရော

ပုဗ္ဗကောဋိ နပညာယတိ အဝိဇ္ဇာ နီဝရဏာနံ တဏှာ

သံယောဇနာနံ သန္ဓာဝတံ သံသရိတံ။

အဝိဇ္ဇာ နီဝရဏာနံ။ အဝိဇ္ဇာဆိုတဲ့ တရားရဲ့၊ နီဝရဏ၊ နံ- ...ရဏ ဆိုတာ အမှန်တရားကို မသိအောင် တားမြစ်တာ။

ခန္ဓာကြီးကို ဒုက္ခသစ္စာလို့ မသိအောင် ဖုံးလွှမ်းတားမြစ်ထားတာ ဘယ်သူတုန်း ?

"အဝိဇ္ဇာပါဘုရား"

အဝိဇ္ဇာက တားမြစ်ထားပြီးတော့မှ ယောဂီတို့ ဘုန်းကြီးတို့က ဟိုဘုံ ဒီဘဝ လိုချင်ကြတဲ့ တဏှာနဲ့ ဆုတောင်းကြပြီ။ မရ မနေနိုင် စွဲလန်းကြပြီ။

စွဲလန်းတဲ့အခါကျတော့ ကိုယ့်ဝမ်းထဲမှာ ကိန်းသွားတာက အမှန်တရားလား ကိလေသာတွေလား ?

"ကိလေသာတွေပါဘုရား"

ကိလေသာ ဆိုတာ ဖြူစင်တဲ့ တရားလား ညစ်နွမ်းတဲ့ တရားလား ?

"ညစ်နွမ်းတဲ့တရားပါဘုရား"

ဒါကြောင့်မို့ ကိလေသာကို ဘာသာပြန်ရင် ညစ်နွမ်းကြောင်းတဲ့ဗျ။ 'ကြောင်း' ဆိုရင် အကြောင်းတရားပဲ။ ဒီမှာလေ (၁) အကွက်မှာ ကြည့်။ အကျိုးတရားလား အကြောင်းတရားလား ?

"အကြောင်းတရားပါဘုရား"

ဒါကြောင့်မို့ ညစ်နွမ်းကြောင်းလို့ ဘာသာပြန်တာ၊ ရှင်းပြီလား။ သစ္စာမသိဘဲ ဒီအတိုင်း နေခဲ့တာလား၊ အလုပ်လုပ်ခဲ့တာလား ?

"အလုပ်လုပ်ခဲ့တာပါဘုရား"

ကိလေသာရဲ့ဘေးနားမှာ ဘုန်းကြီးတို့ ယောဂီတို့ ပြန်ကြည့်ပါ။ ကိလေသာက ညစ်နွမ်းကြောင်း၊ ဘယ်ဘဝတုန်းကမှ သစ္စာမသိခဲ့ဘူး။ သစ္စာမသိဘဲနဲ့ အချိန်ကုန်ခဲ့တာ။

ဒါကြောင့် ဝဋ်ဆိုတာ အချိန်ကုန်တာ။

ဝဋ်ဆိုတာ ဘာတဲ့တုန်း ?

"အချိန်ကုန်တာပါဘုရား"

ဘယ်အချိန်ကုန်တာလဲ မေးတော့ ညစ်နွမ်းကြောင်းနဲ့ အချိန်ကုန်တာ။ ပြောပါ။

"ညစ်နွမ်းကြောင်းနဲ့ အချိန်ကုန်တာပါဘုရား"

ဒါတွေနဲ့ အချိန်ကုန်ခံပြီးသကာလ ယောဂီတို့ ဘုန်းကြီးတို့က ဒီအတိုင်း နေတာလား၊ အလုပ်လုပ်တာလား ?

"အလုပ်လုပ်တာပါဘုရား"

ပြုလုပ်တာက ?

"သင်္ခါရပါဘုရား"

သင်္ခါရ ဘယ်နှစ်မျိုးပါလိမ့် ?

"သုံးမျိုးပါဘုရား"

ဘာတွေလဲ ပြောပါ။

"ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္စာဘိ သင်္ခါရပါဘုရား"

အဲဒီ သင်္ခါရသုံးမျိုးမှာ ပုည ဆိုတာက ကုသိုလ်၊ အပုည ဆိုတာက အကုသိုလ်၊ အာနဉ္စ ဆိုတာက သမထ။ ပေါင်းလိုက်တော့ ကုသိုလ်နဲ့ သမထနဲ့က အတူတူပဲ။ သမထက ကုသိုလ်ထဲမှာ ပါတယ်။ အနှစ်ချုပ်လိုက်တော့ ကုသိုလ်နဲ့ အကုသိုလ် နှစ်မျိုးပဲ ရှိတယ်။

အတိတ်က ကုသိုလ်လုပ်ခဲ့ပေမယ့် သစ္စာသိ လုပ်ခဲ့တာလား မသိဘဲ လုပ်ခဲ့တာလား ?

"မသိဘဲ လုပ်ခဲ့တာပါဘုရား"

မသိတာက ?

"အဝိဇ္ဇာပါဘုရား"

ပြုလုပ်တာက ?

"သင်္ခါရပါဘုရား"

ဝင်္ဂနဲ့ ကြည့်လိုက်တော့ ဘာဝဋ်တုန်း ?

"ကမ္မဝဋ်ပါဘုရား"

**ညစ်နွမ်းကြောင်းလုပ်မှတော့ ဆင်းရဲကြောင်းပေါ့**

ကမ္မဝဋ်က ဘယ်နှစ်ပါးတုန်း ?

"နှစ်ပါးပါဘုရား"

ပြော ဘာတွေတုန်း ?

"သင်္ခါရနဲ့ ကမ္မဘဝပါဘုရား"

သင်္ခါရဆိုတာ ပြုလုပ်တာ။ အဲဒီတော့ ပြုလုပ်တဲ့အခါမှာ ကုသိုလ်လည်း မလုပ်ခဲ့ဘူးလား ?

"လုပ်ခဲ့ပါတယ်ဘုရား"

အကုသိုလ်လည်း ?

"လုပ်ခဲ့ပါတယ်ဘုရား"

လုပ်တဲ့နေရာမှာ ယောဂီတို့ရေ ကံ ဘယ်နှစ်မျိုးနဲ့ လုပ်ခဲ့တာလဲ ?

"သုံးမျိုးနဲ့ လုပ်ခဲ့တာပါဘုရား"

ကြည့်လေ ကုသိုလ်လေးတစ်ခု ဆောင်ရွက်ဖို့အတွက် ကိုယ်ကိုယ်တိုင်လည်း ခင်းရတယ် ကျင်းရတယ်။ ချက်ရတယ် ပြုတ်ရတယ်။ တခြားလား ကာယကံလား ?

"ကာယကံပါဘုရား"

ကာယကံ– ကမ္မ။ တစ်ခါ 'ကျွန်တော့်အလှူ ကျွန်မအလှူ ဝိုင်းလို့ ကူပါဦးဗျာ' လို့ ဆော်ဩမှုတွေ မလုပ်ရဘူးလား ?

လုပ်ရပါတယ်ဘုရား"

ဝစီကံ ကမ္မ။ ဒီကြားထဲ 'ငါ့ အလှူ ဘယ်လိုလုပ်လိုက်မလဲ' ဆိုပြီးတော့မှ စိတ်ကူးထားတာမျိုး မရှိဘူးလား ?

"ရှိပါတယ်ဘုရား"

မနောကံ ကမ္မ။ ကံ ဘယ်နှစ်မျိုးလဲ ?

"သုံးမျိုးပါဘုရား"

ကာယကံ၊ ဝစီကံ၊ မနောကံ။ ကုသိုလ်လုပ်တော့ ကံသုံးမျိုးနဲ့ လုပ်သလို အကုသိုလ်လုပ်တော့လည်း ကံသုံးမျိုးနဲ့ လုပ်တယ်။ ကြံတင် စိတ်ကူးတာက မနောကံ၊ ကိုယ်တိုင်လုပ်ချလိုက်တာက ကာယကံ၊ ပြောရင်း ဆဲဆိုနေတာက ဝစီကံ။

ကိုင်း အကုသိုလ်လုပ်တော့လည်း ကံ ဘယ်နှစ်မျိုးတုန်း ?

"သုံးမျိုးပါဘုရား"

ကုသိုလ်လုပ်တော့လည်း ကံဘယ်နှစ်မျိုးတုန်း ?

"သုံးမျိုးပါဘုရား"

ကုသိုလ်လုပ်တော့လည်း သစ္စာသိ လုပ်တာလား၊ မသိဘဲ လုပ်တာလား ?

"မသိဘဲ လုပ်တာပါဘုရား"

မသိတာက ?

"အဝိဇ္ဇာပါဘုရား"

မသိဘဲနဲ့ ဟိုဘုံ ဒီဘဝ လိုချင်တာက ?

"တဏှာပါဘုရား"

မရ မနေနိုင် စွဲလန်းတာက ?

"ဥပါဒါန်ပါဘုရား"

ကုသိုလ်လုပ်တော့လည်း ရိုးရိုးလုပ်တာလား၊ ဘဝတောင့်တ လုပ်တာလား ?

"ဘဝတောင့်တ လုပ်တာပါဘုရား"

တောင့်တတာက ဘဝ၊ ပြုလုပ်တာက ကမ္မ ပေါင်းလိုက်ပါဦး"

"ကမ္မဘဝပါဘုရား"

ဒါဖြင့် ကုသိုလ်လုပ်ကတည်းက ဟိုဘုံ ဒီဘဝ ဆုတောင်းပြီ ဆိုကတည်းက ဝမ်းထဲမှာ ဘာဝဋ်နဲ့ ဘာဝဋ် ကိန်းလုပ်နေတာလဲ ?

"ကိလေသဝဋ်နဲ့ ကမ္မဝဋ် ကိန်းလုပ်နေပါတယ်ဘုရား"

ဒါဖြင့် ကမ္မဆိုတာ အလုပ်။ ကမ္မဆိုတာ ဘာတဲ့တုန်း ?

"အလုပ်ပါဘုရား"

ကောင်းပြီ၊ ကမ္မဝဋ်ရဲ့ အထက်နားမှာ ဘာတဲ့တုန်း ?

"ကိလေသာဝဋ်ပါဘုရား"

ကိလေသာက ညစ်နွမ်းကြောင်း၊ ကမ္မက ?

"အလုပ်ပါဘုရား"

ပေါင်းလိုက်စမ်း ?

"ညစ်နွမ်းကြောင်း အလုပ်ပါဘုရား။ ဘယ်တုန်းက လုပ်ခဲ့ တာလဲ ?

"အတိတ်တုန်းက လုပ်ခဲ့တာပါဘုရား"

သေချာရဲ့လား ?

"သေချာပါတယ်ဘုရား"

သေချာပါတယ်လို့ ဘယ်သူ သက်သေပြတုန်း ?

"ခန္ဓာက သက်သေပြပါတယ်ဘုရား"

ငြင်းစမ်း ?

"ငြင်းမရပါဘူးဘုရား"

ဘာရှိထားလို့လဲ ?

"ခန္ဓာရှိထားလို့ပါဘုရား"

ဒါကြောင့် ဘယ်သူမှ ငြင်းလို့ မရအောင် ခန္ဓာကိုင်ဟောလို့ ပြောတာ။ ဘယ်သူမှ ငြင်းလို့ မရဘူး။ ဘာရထားလို့တုန်း ?

"ခန္ဓာရထားလို့ပါဘုရား"

အတိတ်က ယောဂီတို့ ဘုန်းကြီးတို့ လုပ်ထားခဲ့တာ သစ္စာ မသိတာ မှန်သမျှ ဘာဝဋ်နဲ့ ဘာဝဋ် ပေါင်းလုပ်တာတုန်း ?

"ကိလေသဝဋ်နဲ့ ကမ္မဝဋ်ပါဘုရား"

အကျိုးတရားလား အကြောင်းတရားလား ?

"အကြောင်းတရားပါဘုရား"

ကိလေသာက ညစ်နွမ်းကြောင်း၊ ကမ္မက အလုပ်၊ ပေါင်းလိုက်တော့ ?

"ညစ်နွမ်းကြောင်းအလုပ်ပါဘုရား"

ညစ်နွမ်းကြောင်းလုပ်မှတော့ ချမ်းသာကြောင်း ဖြစ်မလား။ ဆင်းရဲကြောင်း ဖြစ်မလား ?

"ဆင်းရဲကြောင်းပါဘုရား"

အတွင်းထောက်ကြည့်ပါလား၊ ဘာသစ္စာတုန်း ?

"သမုဒယသစ္စာပါဘုရား"

မြန်မာလို ပြန်ပါဦး ?

"ဆင်းရဲကြောင်းအမှန်ပါဘုရား"

ဟုတ်တာပေါ့၊ ညစ်နွမ်းကြောင်းလုပ်မှတော့ ဆင်းရဲကြောင်းပေါ့။ ရှင်းပြီလား။ ဘုရားကိုယ်တော်မြတ်ကြီး အလိုတော်ကျ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ကျကျနန တကယ့်ကိုပဲ ဉာဏ်ကြီးမားစွာဖြင့် သေချာစီစဉ်ပေးသွားလို့ ဘုန်းကြီးတို့ ယောဂီတို့ သိခွင့်ရတာနော်။ ကိုယ်သိ ကိုယ်တတ်နဲ့များ ဒီလိုနားလည်ဖို့ လွယ်မလား ?

"မလွယ်ပါဘူးဘုရား"

မလွယ်ဘူး။ ဘုန်းကြီးတို့လည်း ငယ်လတ်ကြီး၊ ဓမ္မာစရိယ

စသည်အားဖြင့် ဒီစာတွေ သင်ခဲ့တယ်။ သာမဏေကျော်လက်ာရ ပ, ဒ, တ အဆင့်တွေ ဘုန်းကြီးတို့ သင်ခဲ့ပါတယ်။ ဒီပဋိစ္စ သမုပ္ပါဒ် စက်ဝိုင်းဒေသမှာ ကြည့်လိုက်တော့ ဘာတွေပါလိမ့်။ ဒါ အဘိဓမ္မာမှာ အကုန်ပါတယ်ဗျ နော်။ 'ဘာတွေလဲဟ' ဆိုပြီးတော့ ဘယ်ကနေ ဘယ်လိုဖတ်ရမှန်း မသိဘူးဗျ။ နားမလည်ဘူး၊ မသင်ရင် နားကို မလည်ဘူး။

အေး ပဋိစ္စ သမုပ္ပါဒ်ကို သေချာသင်ထားမှ နားလည်တာနော်၊ တချို့ သစ္စာသိပြီး လှူပါ ဆိုတာ လက်မခံဘူး။ သစ္စာသိမှ လှူပါ ဆိုတော့ 'ရဟန္တာဖြစ်မှ လှူရမှာလားကွ' တဲ့။ ဘုရားရှင်ကိုယ်တော် မြတ်ကြီးက 'မင်းတို့ သစ္စာမသိဘဲ လှူလို့ရှိရင် သံသရာလည်မှာ' တဲ့။ အဲဒါကြောင့် သစ္စာသိအောင် လုပ်ပါ။

ဒုက္ခသစ္စာကို သိမှ သမုဒယသစ္စာကို ပယ်နိုင်မှာ။ ဒုက္ခသစ္စာကို သိဖို့ ဆိုတာလည်း ဆုတောင်းနဲ့ မရနိုင်ဘူး။ ပွားမှ ရမှာကွ။ ပွားများနိုင်မှသာလျှင် ငြိမ်းအေးတဲ့ နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်မှာကွ' လို့ ဘုရား သေသေချာချာ မဟောဘူးလား ဟောသလား ?

"ဟောပါတယ်ဘုရား"

ဟောရက်သားနဲ့ သစ္စာသိမှ လှူရမှာလားကွ ဆိုတာ ရွဲ့တာ။ ဘယ်သူ့ကို ရွဲ့နေတာတုန်း ?

"ဘုရားကို ရွဲ့နေတာပါဘုရား"

အလွန်အင်မတန် ကြောက်စရာ မကောင်းဘူးလား၊ ကောင်းသလား ?

"ကောင်းပါတယ်ဘုရား"

ဒါကြောင့်မို့ ယောဂီတို့ရေ သာသနာမှာ 'လှော်ရင်းနဲ့ နစ်' မဖြစ်ရလေအောင်လို့ ဒီအသိဉာဏ်တွေ ကိုယ်စီကိုယ်ငှ သိထားဖို့ မလိုဘူးလား လိုသလား ?

"လိုပါတယ်ဘုရား"

သစ္စာမသိဘဲ လုပ်လို့ရှိရင် ဘာဝဋ်နဲ့ ဘာဝဋ်ပေါင်းတာလဲ ?

"ကိလေသဝဋ်နဲ့ ကမ္မဝဋ် ပေါင်းတာပါဘုရား"

ဒါဖြင့် ကိလေသာဆိုတာ ညစ်နွမ်းကြောင်း ကမ္မကအလုပ်။ ပေါင်းပါဦး ယောဂီတို့ရေ ?

"ညစ်နွမ်းကြောင်းအလုပ်ပါဘုရား"

ချမ်းသာကြောင်းအလုပ်လား ဆင်းရဲကြောင်းအလုပ်လား ?

"ဆင်းရဲကြောင်းအလုပ်ပါဘုရား"

အဲဒီလိုဖြစ်မှာစိုးလို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'ဝိဇ္ဇာစရဏ သမ္ပန္နော။ ဝိဇ္ဇာ– သိပြီးမှ၊ စရဏ–ကျင့်၊ သိသင့်သိထိုက်တဲ့ သစ္စာကို အရင် သိအောင်လုပ်ကွ။ ပြီးတော့ ဒါန သီလ ဘာဝနာ ကျင့်တာပေါ့' တဲ့။ ဒါ ဘုရား သေချာမဟောဘူးလား၊ ဟောသလား ?

"ဟောပါတယ်ဘုရား"

အဲဒါ 'သိပြီးမှ ကျင့်ရမှာလား ဆိုတော့ နားယောင်ပါးယောင်တွေဖြစ်မှာစိုးလို့ ယောဂီတို့ရဲ့ သဒ္ဓါတရားက မခိုင်မြဲသေးဘူးဗျ။

ပုထုဇဉ်သဒ္ဓါတရားက ခိုင်မြဲပြီလား ?

"မခိုင်သေးပါဘူးဘုရား"

မခိုင်သေးရင် နာမည်ကြီးတဲ့ ပုဂ္ဂိုလ်က ပြောရင် 'နာနာသတ္ထာ ဥလ္လောကန ဘေး သင့်နိုင်သေးတယ်ဗျ။ နာနာ– အသီးအသီးသော၊ သတ္ထာ–ဆရာကို၊ ဥလ္လောကန–နာမည်ကြီးရင် ကြီးသလောက် အရူးလို လိုက်လိမ့်ဦးမယ်တဲ့။ မြို့ကြီးသားတွေ ပိုဆိုးတယ်ဗျ။ ယောင်ပြီဆိုရင် သူတို့ချည်းပဲ။ ဝါးတားတားလုပ်ရင် သူတို့ချည်းပဲ။ ဟုတ်လားမဟုတ်လား မသိဘူး။ အုန်းအုန်းလုပ် သူတို့ချည်းပဲ။ ဘုန်းကြီး ဒီလောက်ပြောနေရတာ 'အ–လွန်းလို့' ပြောနေရတာနော်။

မသိဘဲနဲ့ ရမ်းလုပ်ခဲ့လို့ တစ်သံသရာလုံး ဒုက္ခမရောက်ခဲ့ဘူးလား ?

"ရောက်ခဲ့ပါတယ်ဘုရား"

အဲဒီဒုက္ခက လွတ်စေချင်လို့နော်။ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ရန်ကုန်မှာ ၆၁ ခု ၇ လပိုင်း ၄ ရက်နေ့ကနေ ၁၄ ရက်အထိ ကျကျနန ဟောခဲ့တယ်။ ၁၅ ရက်နေ့ကျတော့ ဝါဆိုလပြည့်ကျော်တစ်ရက်နေ့ဆို မန္တလေး ပြန်ဝါဆိုတယ်။ အဲဒီတော့ ဝါဆိုဦးကာလ ၆၂ မှာ နောက်ဆုံးဟောတာ။

'ရန်ကုန်က ဒကာ ဒကာမတွေ ကျုပ်နဲ့ တွေ့တာ၊ အတွေ့နောက်ကျတယ်ဗျာ' တဲ့။ ဆရာတော်ဘုရားကြီးက ရန်ကုန်မှာဟောတာ သိပ်မများဘူး။ အကုန်လုံးမှ ၁၉ ခွေပဲ ရှိတာ။ အဲဒီခွေထဲမှာ နာကြည့်လိုက်၊ ပြတ်ပြတ်သားသားကို ဆရာတော်ဘုရားကြီး ပြောတာ။ မန္တလေးဟောနဲ့ ရန်ကုန်ဟောတောင် မတူဘူး။ မန္တလေးကို ခပ်ပျော့ပျော့လေး ဟောတယ်။ မန္တလေးက ဆရာတော်ကြီးနဲ့ နှစ်ပေါင်း ၃၀ လောက် လက်တွဲလာတာ ဆိုတော့ နှစ်ပေါင်းကြာပြီ။

ရန်ကုန်က ခုမှ တွေ့တာဆိုတော့ 'ရန်ကုန်သူ ရန်ကုန်သားတွေ အောက်ခြေလွတ်တာများတယ်' တဲ့။ ဆရာတော်ဘုရားကြီးက ပြတ်ပြတ်သားသား ဟောတာဗျ။ သိသလား ဆိုတော့လည်း မသိဘူးတဲ့။ မသိဘူးလား ဆိုတော့ သိသယောင်ယောင်တဲ့။ ကိုယ့်ဟာကိုယ်ကျတော့ စတယ်နဲ့ ဟုတ်သယောင် ထင်နေတယ်။ အိမ်ရှေ့က နတ်စင်ကြီးကျတော့ တန်းလန်းကြီးတဲ့။ ဒါ ဆရာတော်ကြီးက သိလို့ ပြတ်ပြတ်သားသားလို့ ပြောတာ။ ဘုန်းကြီးပြောတာ လွန်သလား ?

"မလွန်ပါဘူးဘုရား"

စခန်းကျတော့ အပြိုင်ဝင်တယ်။ အိမ်ရှေ့က နတ်စင်ကျတော့ ဒီအတိုင်း ရှိနေတုန်းပဲ။ ဘုရားစင်များ သွားကြည့် 'တို့ဘုရား ဘယ်ရောက်နေသလဲ' လို့ မနည်း ချောင်းကြည့်ရတယ်။ ဟိုကိုယ်တော်ပုံ ဘွားတော်ပုံတွေက အိမ်အပြည့်ဗျ။ 'ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ' ဆိုပေမယ့်၊ 'ဒေဝေါ မေ သရဏံ ဂစ္ဆာမိ' တွေက များနေတာ။ ဘုရား

သွားတာတောင်မှ ဘုရားသွားတိုင်း ကြည်ညိုတယ် အောက်မေ့မနေနဲ့၊ ဂြိုဟ်ပြေ နံပြေရှေ့သွားနေတာ။

အတိတ်ကလည်း ကိလေသဝဋ္ဋနဲ့ ကမ္မဝဋ္ဋ ပေါင်းလုပ်ခဲ့ပြီးပြီ။ ပေါင်းလုပ်လို့လည်း အခု ဘာသစ္စာ ရနေတာလဲ ?

"ဒုက္ခသစ္စာ ရနေတာပါဘုရား"

ဒုက္ခရနေတဲ့ ခန္ဓာကလည်း နေ့တိုင်း နေ့တိုင်း ဘာလုပ်ခံနေရလဲ ?

"အနှိပ်စက်ခံနေရတာပါဘုရား"

အနှိပ်စက်ခံနေရလို့ ချမ်းသာသလား၊ ဆင်းရဲသလား ?

"ဆင်းရဲပါတယ်ဘုရား"

ဆင်းရဲတာက ဒုက္ခ မှန်တာက ?

"သစ္စာပါဘုရား"

ခန္ဓာကြီးက ဘာသစ္စာလဲ ?

"ဒုက္ခသစ္စာပါဘုရား"

နှိမ်တယ်လို့ ဒီလို မယူပါနဲ့၊ ဝါးတားတားလုပ်တာတွေ များလွန်းလို့။ 'ငါတို့လည်း မဝါးတော့ဘူးဟဲ့၊ သူများကိုလည်း မဝါးအောင် လုပ်မယ်ဟဲ့' ဆိုတဲ့ စိတ်ကလေးများပေါ်အောင် သတိပေးတယ်လို့ မှတ်ပါ။

## အမြင်မှန်ရစေရာ မေတ္တာနဲ့သာ ဟောပေးပါ

မှတ်ထား ယောဂီတို့ ကိုယ့်ကို နာနာကျင်ကျင် ပြောနေကတည်းက တော်ရုံတန်ရုံ စေတနာနဲ့ ပြောနေမလား ?

"မပြောပါဘူးဘုရား"

ဘုန်းကြီးတို့က အကြည်ညိုခံ ဟောရမှာလား၊ အမြင်မှန်ရအောင် ဟောရမှာလား ?

"အမြင်မှန်ရအောင် ဟောရမှာပါဘုရား"

အကြည်ညိုခံတော့ မဟောနိုင်ဘူး။ ကြည်ညိုလည်း ဆွမ်းတစ်နပ်ပဲ၊ မကြည်ညိုလည်း ဆွမ်းတစ်နပ်ပဲ။ ယောဂီတို့ တအားကြည်ညိုတယ်ဆိုရင်လည်း ည ဆွမ်းစားရတာ မဟုတ်ဘူးဗျ။ သူများကြည်ညိုနေရတာ ဘာမှ မခက်ဘူး။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ကြည်ညိုအောင်နေဖို့က ခက်တယ်။

ယောဂီတို့ ကြည်ညိုတာကိုတော့ ဘုန်းကြီးက ခံပါရဲ့။ ဒါပေမဲ့ ယောဂီတို့ မှားနေတာကို ပြင်မပေးရင် ကြည်ညိုရကျိုး နပ်မလား ?

"မနပ်ပါဘူးဘုရား"

'မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်' တဲ့ဗျ။ မကောင်းတာတွေလည်း တားမြစ်ရမှာပဲ။ ကောင်းတာကိုလည်း ညွှန်ကြားရမှာပဲ။ အဲဒါတွေအတွက် ဒီစာပေတွေ သင်ထားတာလေ။ ဒီတရားတွေ လေ့လာနေတာ ဒီလိုကျေးဇူးဆပ်ဖို့အတွက်၊ ရည်ရွယ်ချက်တော့ အရှင်ဘုရားများ မပျောက်စေနဲ့နော်။

ကိုယ်စာသင်တာ၊ ကိုယ်တရားတက်တာ၊ ကိုယ်သင်တန်းတက်တာ ဘာရည်ရွယ်ချက်လဲ ဆိုတာတော့ မမေ့နဲ့နော်။ ကိုယ့်ရပ်ကိုယ့်ရွာကိုယ့်ဒေသက ဒကာ ဒကာမတွေ မသိရှာလို့ မှားနေတာ၊ အမှန်ပြင်ပေးမယ်ဆိုတဲ့ စေတနာ မေတ္တာကို အရင်းခံရမယ်လို့ မှတ်လိုက်ပါ။

အနှစ်ကို ရင်ထဲမှာ ထားလိုက်လို့ကတော့ အကာဆိုတာ ရင်ဘတ်စည်းတားတာတောင် မရပါဘူး။ ဒကာတွေ ကျောင်းလာမဆောက်နဲ့ ဆိုလည်း ဆောက်မှာပဲ။ မလှူနဲ့ဆိုလည်း လှူမှာပဲ။ ဆွမ်းမကပ်နဲ့ ဆိုလည်း ကပ်မှာပဲ။ သင်္ကန်းမလှူနဲ့ ဆိုလည်း လှူမှာပဲ။ အခုတပည့်တော် တရားပွဲပြီးတယ်ဆိုရင် 'ဖပ်' ခနဲဆို တံခါးပိတ်ရတာ။ ဒကာ ဒကာမတွေ လာတယ်၊ ကန်တော့တယ်။ သင်္ကန်းတောင် မလဲရသေးဘူး၊ ချက်ချင်းရောက်လာတာ။ သူတို့ဆီက ဘာမျှော်လင့်ချက်မှ မထားဘူး။ အကြောင်းရှိရင် အကျိုးဆိုတာတော့ ပေါ်လာမှာပဲ။

ဒါကြောင့် ဟိုဘက်ကဟာတော့ ဘာမှ မျှော်မနေနဲ့။ ကိုယ်လုပ်ရမည့် အလုပ်ကို ဘယ်သူ့မျက်နှာမှ မထောက်နဲ့။ မဟောခင် မေတ္တာ၊ ဟောလျှင် သစ္စာ၊ ဟောပြီး ဥပေက္ခာ။ မှတ်ထား အမှန်တရားကို နှုတ်ထဲက ထွက်ဖို့အတွက် အရင်းခံက အရေးကြီးတယ်ဗျ။

အေး ဒီဘဝမှာ ဒီလောက် အနှိပ်စက်ခံနေရတာတောင်မှ ဒီတရားမျိုး မနာဖူးရင် သိမလား ?

"မသိပါဘူးဘုရား"

မသိရင် မသိတဲ့အတိုင်း၊ ယောဂီတို့ မသိတာက ?

"အဝိဇ္ဇာပါဘုရား"

မသိဘဲနဲ့ ဒီဘဝ နောက်ထပ်ခန္ဓာ လိုချင်တာက ?

"တဏှာပါဘုရား"

## ကိုယ်ကျိုးမျှော် မတော်တရော် ဘုရားလှူနေကြ

ဒကာ ဒကာမတွေက ထောအောင်လို့တဲ့ ဘုရားကို ဘာလှူတုန်း ?

"ထောပတ်သီးပါဘုရား"

ထောပတ်သီးလှူတာ အမှည့် လှူတာလား၊ အစိမ်းလှူတာလား ?

"အစိမ်းလှူတာပါဘုရား"

မှည့်တော့ ဘာလုပ်တုန်း၊ ကိုက်စားတယ်၊ စားတဲ့အခါကျတော့ အဲဒီလို အလုံးလိုက်ကြီး စားတာလား ?

"မစားပါဘူးဘုရား"

သူ့ချည်း စားသလား ?

"မစားပါဘူးဘုရား"

နို့ဆီနဲ့ သကြားနဲ့ အတုံးအတုံးကလေးတွေ တုံးပြီးမှ စားတာလား၊ ခေါက်ပြီးမှ စားတာလား ?

"ခေါက်ပြီးမှ စားတာပါဘုရား"

ကိုယ့်အလှည့်ကျတော့ နို့ဆီရယ် သကြားရယ် ကျကျနန ကျေနေအောင် ခေါက်ပြီးမှ စားတယ်။ ဘုရားကျကော့ ဘယ်လို လှူတုန်း။ ကလေးတွေ လာပြီး ထောပတ်သီးလေးမှည့်လို့ မျက်စောင်း ထိုးရင် 'ဟဲ့ နောက်ဆုတ် ဘုရားလှူထားတာ' တဲ့။ ဘုရားကို အစောင့်ချထားတာနော်။ မှည့်ရင် သူ ခွဲစားတော့မှာ။ သဒ္ဓါတရား ရှိသလိုလိုနဲ့ လုပ်ထားလိုက်ပုံက။ နောက်ဆိုရင် မှတ်ထား။ ဘုရားကို ထောပတ်သီး လှူမယ်ဆိုရင် နို့ဆီရယ်၊ သကြားရယ်၊ ဓားရယ်၊ ပန်းကန်ရယ် အပြည့်အစုံ အဲဒီနားထား၊ 'ကိုယ်တော်ကြီး မှည့်ရင် ကိုယ့်ဘာသာ ခွဲစား' လို့ ပြော။

စဉ်းစားဗျ။ အဲဒီလိုလုပ်တာ မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

တချို့များ မွေးနေ့မှာ လှူလိုက်တာ ကြာကြာစံရအောင်လို့တဲ့ ?

"ကြာဖုံလှူပါတယ်ဘုရား"

အခု ရထားတာက ခန္ဓာ ဘယ်နှစ်ပါးတုန်း ?

"ငါးပါးပါဘုရား"

ဘာသစ္စာလဲ ?

"ဒုက္ခသစ္စာပါဘုရား"

မြန်မာလိုပြန်တော့ ?

"ဆင်းရဲကျိုးပါဘုရား"

ဘယ်ထဲ ကြာကြာစံမှာတုန်း ?

"ဒုက္ခထဲ ကြာကြာစံမှာပါဘုရား"

ဘုရားနဲ့ တပည့်သာဝကတွေ သစ္စာတရား ဟောတယ်ဆိုတာ ဘယ်ကနေ ထွက်စေချင်လို့တုန်း ?

"ဆင်းရဲကျိုးက လွတ်စေချင်လို့ပါဘုရား"

သူတို့က ဆင်းရဲထဲ ကြာကြာစံချင်တာကို ကိုယ်က ဆင်းရဲ

တွင်းက ထွက်စေချင်တာ ဆိုတော့ ရှေ့ဆက်ဟောရင် ရန်ဖြစ်ရုံပဲ ရှိတော့တာဗျ။ ဟောရဦးမလားဟင် ?

"ဟောပါဘုရား"

အဲဒီလို ဆင်းရဲဒုက္ခမှန်း အမှန်မသိအောင် ဖုံးထားတာ ဘယ်သူ တုန်း ?

"အဝိဇ္ဇာပါဘုရား"

ဆင်းရဲထဲ ကြာကြာစံချင်တာက ?

"တဏှာပါဘုရား"

မစံရ မနေနိုင်တာက ?

"ဥပါဒါန်ပါဘုရား"

သွားပြီ သွားပြီဗျ ဘာဝဋ်တုန်း ?

"ကိလေသဝဋ်ပါဘုရား"

အမယ်လေး တချို့များ အကြံအစည်ကောင်းအောင်လို့တဲ့ ?

"ကြံလျှုတာပါဘုရား"

ကြံတောင်မှ ပိုပြီးတော့ အာနိသင်ကောင်းအောင်လို့တဲ့။ ပဥ္စ ငါးပါး အကုန်ပါတယ်ဗျ။ အမြစ်တွေရော အရွက်တွေရော အကုန်ပါ တယ်။ ဘုရားနား သွားထောင်ထားတာ။ ကိုယ်စားတဲ့အခါကျ အဲဒါ အကုန်စားသလား ?

"မစားပါဘူးဘုရား"

ကိုယ်စားတဲ့အခါကျတော့ ကျကျနန ရေဆေးပြီးတော့မှ အခွံ ခွာ၊ တုတ်ချောင်းနဲ့ ထိုး၊ စားကာနီးတောင် ဆိုးထားတဲ့ နှုတ်ခမ်းနီ ပျက်မှာစိုးလို့ နှုတ်ခမ်းတောင် ထော်စားလိုက်သေးတယ်။ ကိုယ့် အလှည့်ကျ ကျကျနန လုပ်စားတယ်ဗျ။ ဘုရားကျတော့ အချောင်း လိုက်ကြီး။ တို့ဗုဒ္ဓဘာသာတွေ ဘုရားကြည်ညိုရင် လုပ်လိုက်ရင် အလွဲချည်းပဲ။

ပြီးတော့ လုပ်လိုက်သေးတယ်။ ပေါက်ပေါက်ရောက်ရောက် ရှိအောင်လို့ ?

"ပေါက်ပေါက်လှူတာပါဘုရား"

အကုန်တတ်တယ်။ သူတို့ ဒါတွေ အကုန်တတ်တယ်နော်။ သစ္စာသာ အာပေါက်အောင် ဟောရတာ။

ပေါက်ပေါက်ဆုပ်ရော စားသလား ?

"မစားပါဘူးဘုရား"

ဘယ်သူ့ကျွေးတုန်း ဆိုတော့ ငါးကျွေးတာ။ ငါးကျွေးတဲ့ ပေါက်ပေါက် ဘာလုပ်တုန်း ?

"ဘုရားလှူတာပါဘုရား"

ဒါတင် မကသေးဘူး၊ ထိထိရောက်ရောက်ဖြစ်အောင်လို့တဲ့ ခွက်ထဲက ပေါက်ပေါက်ဆုပ် လက်နဲ့နှိုက်ပြီး 'အင့်' ခနဲ 'အင့်' ခနဲ မျက်နှာကို ပေါက်တာ။ အဲဒါ ဘာဝဋ်နဲ့ ဘာဝဋ် ပေါင်းတာလဲ ?

"ကိလေသဝဋ်နဲ့ ကမ္မဝဋ်ပေါင်းတာပါဘုရား"

ချမ်းသာကြောင်းတွေလား ဆင်းရဲကြောင်းတွေလား ?

"ဆင်းရဲကြောင်းတွေပါဘုရား"

သူများလုပ်တာလား ကိုယ်တိုင်လုပ်တာလား ?

"ကိုယ်တိုင်လုပ်တာပါဘုရား"

မယိုမဖိတ်အောင်လို့တဲ့ ယိုကိုးမျိုးလေ။ တို့ဘုရားများ သူငယ် နုပ်စားလေးများ မှတ်နေလား မသိဘူး။ ဇီးထုပ်တွေရော အကုန်စုံ နေတာပဲ။

ဘေးဘယာကြော်သွားအောင်လို့တဲ့ ဘုရားကို ဘာလှူတုန်း ?

"ဘယာကြော်လှူပါတယ်ဘုရား"

ဘုရားကျတော့ မနက်အရုဏ်ဆွမ်းကပ်တော့ ဘယာကြော်နဲ့ ကပ်ပြီး ကိုယ့်ကျ ကြက်သားဟင်းနဲ့ စားတယ်။ မွေးနေ့ဆိုလို့ ဗေဒင် သွားမေး၊ ဗေဒင်ကလည်း ဟောလိုက်တာ အသက် (၆၀) ဆိုတော့

ရေလိုအေးလို့ ပန်းလိုမွှေးရအောင် သက်စေ့ ဘုရားကို ရေသပ္ပါယ် ရမယ်တဲ့။ ပြာသိုလပြည့် ဘုရားခေါင်းက စ,လောင်းတယ်။ ခွက်ပေါင်း (၆၀) နဲ့၊ အောက်က တို့ဘုရား နူတ်ခမ်းကို ပြာလို့။

ကိုယ့်ကို ပြာသိုလ ရေတစ်ခွက်နဲ့ပက်ရင် ကြိုက်သလား ?

"မကြိုက်ပါဘူးဘုရား"

ဘယ်က စလောင်းတာလဲ ?

"ခေါင်းက စ,လောင်းတာပါဘုရား"

ကိုယ်ချင်းမစာဘူး သူတို့က။ အဲဒါ ဘုရားကြည်ညိုလို့လား ကိုယ့်အတွက်လား ?

"ကိုယ့်အတွက် လုပ်တာပါဘုရား"

ဉာဏ်ပန်းတွေ ပွင့်အောင်လို့၊ ဉာဏ်တွေထက်အောင်လို့ ဆီမီး ပူဇော်ရမယ်။ ဖယောင်းတိုင် အတိုင် (၆၀) နဲ့ တပေါင်းလပြည့်ကြီး အမွှေးတိုင် (၆၀) ဘုရားရဲ့မျက်နှာများ ကြပ်ခိုးတွေ စွဲလို့။

ဒါကြောင့်မို့လည်း 'ကမ္မံ သတ္တေ ဝိပဇ္ဇတိ' ကံတူ အကျိုးပေ လာတာ။ သူတို့ရဲ့မျက်နှာကြီးတွေက ဘာတွေနဲ့ဖို့ဖို့ နောက်ဆုံး မျက်နှာသစ်တော့ မှဲ့ခြောက်တွေနဲ့ချည်းပဲ။ တန်ခိုးကြီးဘုရားတွေ သွားကြည့်၊ ဗရုတ်သုတ်ခတွေပဲ တွေ့ရတာပဲ။

ရန်ကုန်က ဒကာတွေ ဘုန်းကြီးပြောတာ လွန်များသွားသလား မသိဘူး ?

"မလွန်ပါဘူးဘုရား"

မလွန်ဘူး။ ရွှေတိဂုံ မယ်လမု သွားကြည့်။ ဒါတွေချည်း ဗရုတ်သုက္ခတွေချည်းပဲ။ ဘုရားတည်လို့မှ မပြီးသေးဘူး။ နတ်စင်က အရင်ဆောက်ပြီးနေပြီ။ ဘိုးတော်ပုံ ဘွားတော်ပုံ ဓာတ်ရုပ် နတ်ရုပ် တွေက တည်ပြီ။

ဒါတွေကိုက သာသနာကွယ်အောင် လုပ်နေကြတာ။ ဝိုင်းပြီး

ဖျက်ဆီးနေတာပဲ။ အဲဒီတော့ ထေရဝါဒ သံဃာတော်တွေက အကာ အကွယ်ပေးနေတာတော့ မသင့်ဘူး။

## ခဏတာ လူ့ဘဝ အနှစ်ရှိအောင် ကြိုးစားကြ

သာသနာ ဘာဖြစ်လို့ ကွယ်တာလဲ။ အချိန်တန်လို့ ကွယ်တာ။ ကွယ်ချိန်တန်လို့ ကွယ်တာ။ ခေတ်ကိုက ကောက်ညှင်းခေတ်။ ကောက်ညှင်းများ ဆုပ်လိုက်ရင် ဘယ်လိုနေတုန်း။ ဆုပ်ရင် ကပ်တယ်။ ဘာ ဘုန်း ?

"ဆုပ်ကပ်ပါဘုရား"

အများတွေ အမှန်ထင်နေလို့ ဘုရားတောင် ဟောလို့ မကျွတ်ဘူး။ ယောဂီတို့ရေ တိုးတက်ဖို့လမ်း ရှိဦးမလား ?

"မရှိပါဘူးဘုရား"

ဒါကြောင့် သိပ်ကောင်းတဲ့ သိပ်သန့်ရှင်းတဲ့ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးကို ဝိုင်းဝန်းပြီးတော့မှ အရှည်ခန့် တည်တံ့အောင် မွမ်းမံစောင့်ရှောက်ဖို့ လိုမလား၊ မလိုဘူးလား ?

"လိုပါတယ်ဘုရား"

အခုဟာက ဗဟိဒ္ဓ သာသနာပဲ ပြုတော့၊ ဘုရားတွေ ဟော တစ်ဆူ ဟော တစ်ဆူ တည်နေကြတယ်။ ကိုယ်မွေးထားတဲ့ သားသမီးတွေ ဘာသာခြားနောက် ပါသွားတာကျတော့ ထည့်မတွက်ကြဘူး။ ဘာဖြစ်လို့လဲ နှလုံးသားထဲ အဇ္ဈတ္တသာသနာ ကိန်းအောင်း မလုပ်နိုင်ကြလို့လေ။ အဝိဇ္ဇာက သက်မဲ့တွေပဲ ဦးစားပေးနေကြတယ်။ သဝိဇ္ဇာက လူငယ်တွေရဲ့ နှလုံးသားထဲမှာ ဘာသာ ယဉ်ကျေးမှု အမွေအနှစ် ပေးရကောင်းမှန်း မသိကြဘူး။

ကွက်လပ်ကလေးတွေ ဖြည့်လိုက်ပါနော်။ လိုတာလေးတွေ ဖြည့်လိုက်ကြစမ်းပါ။ ဒါကြောင့်မို့ ဒီလိုသင်တန်းမျိုး တက်ပြီးတော့မှ

စခန်းက ထွက်ပြီးတော့မှ အသွားအလာ အနေအထိုင် အမူအရာ အကိုးအကွယ် အကျင့်အကြံ ယုံကြည်မှုတွေမှ ပြုပြင်ပြောင်းလဲမှု မရှိသေးဘူးဆိုရင် ယောဂီယို့ သင်တန်းကျေတဲ့ ယောဂီလို့ ပြောလို့ ရမလား ?

"မရပါဘူးဘုရား"

ဘုန်းကြီးတို့သင်တန်းတရား စကတည်းကနေ တွက်ရင် ရှစ်ရက်ရပြီ။ ပဋိစ္စ သမုပ္ပါဒ်ကို အခြေခံထားပြီး ပြုပြင်ရေးတရားတွေပဲ ပြောနေတာ။ မှတ်ထား အရှင်ဘုရားတို့၊ ပဋိစ္စ သမုပ္ပါဒ်တရားမှာ ပြုပြင်ရေးတရား ဖြစ်အောင်လည်း လုပ်လို့ရတယ်။ သဒ္ဓါတရားဖြစ်အောင်လည်း ဟောလို့ရတယ်။ သံဝေဂတရား ဖြစ်အောင်လည် ဟောလို့ရတယ်။ သူ့ဆိုက်နဲ့ သူသွားနေတာ။

ဒီကနေ့ ခေတ်ကာလအခြေအနေအရ ပြုပြင်ရေးတရားတွေ အများကြီးလိုအပ်နေလို့ ပြုပြင်ရေးကို ဦးစားပေး ဓောင်းပေးပြီး သွားနေတယ်လို့ မှတ်ပါ။

ပြုပြင်ရေးမရှိသမျှ ဘာသာရေး မှီလိုပေါက်အောင် လုပ်နေဦး တော့ အမြင်မှန်မျက်လုံး ရပါဦးမလား ?

"မရပါဘူးဘုရား"

ယောဂီတို့ရေ အမှန်တရားနဲ့ ဖြောင့်ဖြောင့်တန်းတန်း သွားတာနဲ့ ကောက်ကောက်ကွေ့ကွေ့သွားတာ ဘယ်ဟာက များတုန်း ?

"ကောက်ကောက်ကွေ့ကွေ့ သွားတာက များပါတယ်ဘုရား"

နိဗ္ဗာန်သွားရင် အကောက်လမ်းက သွားမှာလား၊ အဖြောင့် လမ်းက သွားမှာလား ?

"အဖြောင့်လမ်းက သွားမှာပါဘုရား"

ဒါကြောင့် ဥဇုပ္ပဋိပန္နောလို့ ဆိုတာကိုးဗျ။ ဥဇုပ္ပဋိပန္နော– ဖြောင့်မှန်သောအကျင့်ကို ကျင့်ဆဲ ကျင့်ပြီးဖြစ်သော အရိယာသံဃာ တော်အပေါင်းပါတကား။

ယောဂီတို့ ဝိပဿနာတရားအားထုတ်တာ ဘယ်နယ်ကနေ ဘယ်နယ်ကို တက်လှမ်းတာလဲ ?

"ပုထုဇဉ်နယ်ကနေ အရိယာနယ် တက်လှမ်းတာပါဘုရား"

အရိယာဖြစ်ချင်တဲ့ပုဂ္ဂိုလ်က ကောက်နေလို့ ရမလား ?

"မရပါဘူးဘုရား"

မကောက်ချင်ရင် ဘာလုပ်ရမှာလဲ ?

"ဖြောင့်ရမှာပါဘုရား"

လောကကြီးမှာ အဖြောင့်နဲ့ အကောက် ဘယ်ဟာက များလဲ ?

"အကောက်က များပါတယ်ဘုရား"

ဒါတောင် ကိုယ်တောင်မှ ဖြောင့်ပါ့မလားလို့ အခု တရား စခန်းဝင်တာလေ။ မသိတဲ့လူနဲ့စာရင် နည်းနည်းလေးသိတော့ နည်းနည်းလေး မဖြောင့်ဘူးလား ?

"ဖြောင့်ပါတယ်ဘုရား"

အကောက်ထဲမှာ အဖြောင့်ရှာ။ 'နည်းနည်းကောက်တာ အဖြောင့်ဆုံးပဲ' လုံးဝကောက်နေတဲ့အထဲက နည်းနည်းလေးကောက်တော့ ယောဂီတို့က အဖြောင့်ဆုံးပဲ။ လုံးလုံးကြီး စင်းလုံးချောရယ်လို့ ဘယ်သူမှ မရှိနိုင်ဘူး။ အဲဒါကို ဘုန်းကြီးတို့လည်း နားလည်ပါတယ်။

အဲဒီတော့ အားလုံးကြီး သာသနာကွယ်အောင်တော့ မလုပ်ကြပါနဲ့။ ဘုရားကို ကြည်ညိုသလိုလိုနဲ့ ပြစားမှုတွေ မဖြစ်ပါစေနဲ့။ ဗန်းပြမှုတွေ မဖြစ်ပါစေနဲ့။

အရှင်ဘုရားများဘုရား ဒကာ ဒကာမတွေအတွက် တကယ့်ကို ဘာသာ သာသနာအတွက် ပြုပြင်ပေးမယ်ဆိုရင် ကျေးဇူးရှင် နမ္မား ဆရာတော်ဘုရားကြီးရေးတဲ့ 'နိဗ္ဗာန်ကိုသွား ဉာဏ်ရထား' ဆိုတဲ့ တရားစာအုပ်မျိုးတွေ၊ 'ဓမ္မရုံးတော် ဉာဏ်မဟော်' ဆိုတဲ့ စာအုပ်မျိုးတွေ၊ ဆရာကြီးဦးဘကြည်၊ ဆရာကြီးဦးရွှေအောင်တို့ စာအုပ်မျိုးတွေ။ ထေရဝါဒ သာသနာမှာ ထုတ်ဝေတဲ့ ဓမ္မရံသီစာစောင် ဓမ္မရတနာ

စာစောင်တွေ အများကြီးဖတ်ပေးတော်မူကြပါဘုရား။

အဲဒီစာပေတွေကသာလျှင် တပည့်တော်တို့ ထေရဝါဒ သာသနာကို မားမားမတ်မတ် ရပ်တည်ပြီးမှ ရေးသားကြတဲ့ စာစောင်တွေ ဖြစ်ပါတယ်ဘုရား။ ကျန်တာတွေကတော့ ရောင်းကောင်းအောင် ဘာသာရေးကို ပေါ်လစီလုပ်နေကြတာ ခပ်များများပါဘုရား။

ဒါကြောင့် အနှစ်အသားပါတဲ့ စာစောင်တွေ ရွေးဖတ်ဖို့ လိုသလား၊ မလိုဘူးလား ?

"လိုပါတယ်ဘုရား"

ဒကာမတွေရင်ထဲမှာ ဘာမှ မထားတဲ့အတွက် ပြင်စရာရှိရင် ပြင်ကြမှာလို့ ရဲရဲကြီး ပြောရဲပါတယ်ဘုရား။ သူတို့နားက အကြည်ညိုခံစိတ်ဓာတ်တွေ ရင်ထဲမှာရှိနေရင် အမှန်တရားက ပြောမထွက်ပါဘူး။ လာဘ်လာဘနည်းမှာ ကြောက်တာတို့၊ ကတိတွေနဲ့ နေတာတို့ရှိရင်တော့ အမှန်တရားပြောလို့ မဖြစ်တော့ပါဘူးဘုရား။ တပည့်တော်တို့ အရှင်ဘုရားတို့ နေရတာ မကြာပါဘူးဘုရား။

ယောဂီတို့ ဘုန်းကြီးတို့ဘဝ နေရတာ အကြာကြီးလား၊ ခဏလား ?

"ခဏပါဘုရား"

'တစ်ခဏဖြစ်ရ လူ့ဘဝ၊ အနှစ်ရှိအောင် ကြိုးစားကြ' တစ်ခဏနေရတဲ့ လူ့ဘဝမှာ အကာတောမှာ မျောနေရင် ယောဂီတို့ ဘုန်းကြီးတို့ဘဝ ဆင်းရဲစရာ အကြောင်းမရှိဘူးလား ?

"ရှိပါတယ်ဘုရား"

## သစ္စာသိမှ ဝဋ်ကျွတ်မယ်

ဒါကြောင့်မို့ ဒီလိုတရားမျိုး၊ မနာဖူးတော့ ဘုရားရှေ့သွားပြီတော့ ဗရုတ်သုတ်ခတွေလုပ်နေတာ ဘာဝဋ်နဲ့ ဘာဝဋ် ပေါင်းလုပ်နေရတာလဲ ?

"ကိလေသာဝဋ်နဲ့ ကမ္မဝဋ် ပေါင်းလုပ်နေတာပါဘုရား"

ဒါဖြင့် ကိလေသာဆိုတာ ညစ်နွမ်းကြောင်း၊ ကမ္မဆိုတာ အလုပ် ပေါင်းလိုက်တော့ ?

"ညစ်နွမ်းကြောင်းအလုပ်ပါဘုရား"

ကိလေသဝဋ်နဲ့ ကမ္မဝဋ် ပေါင်းလုပ်တော့ ကမ္မဘဝ ပစ္စယာ ?

"ဇာတိပါဘုရား"

ဇာတိအစ ခန္ဓာဘယ်နှစ်ပါးတုန်း ?

"ငါးပါးပါဘုရား"

အကြောင်းတရားလား၊ အကျိုးတရားလား ?

"အကျိုးတရားပါဘုရား"

အကျိုးပေးဆိုတော့ ဝဋ်နဲ့ကြည့်၊ ဘာဝဋ်တုန်း ?

"ဝိပါကဝဋ်ပါဘုရား"

ဒီဘဝ ဒီလောက် ပယ်ပယ်နယ်နယ် ဟောတာတောင်မှ အမှန် အတိုင်း မသိသေးဘူးဆိုရင် ဒုတိယဘဝမှာ အခုလို ကိုယ့်ကို သစ္စာ တရားတွေ ပယ်ပယ်နယ်နယ်ဟောပေးမည့် ဆရာကောင်း သမား ကောင်းနဲ့ တွေ့မယ်လို့ သေချာပေါက် ပြောနိုင်မလား ?

"မပြောနိုင်ပါဘူးဘုရား"

မပြောနိုင်ရင် ယောဂီတို့ ဘုန်းကြီးတို့ သိဦးမလား ?

"မသိတော့ပါဘူးဘုရား"

ကဲ မသိရင် မသိတာက ?

"အဝိဇ္ဇာပါဘုရား"

ဝဋ်နဲ့ကြည့် ဘာဝဋ်တုန်း ?

"ကိလေသဝဋ်ပါဘုရား"

လုပ်ချင်ရာ လုပ်ပြန်တာက ?

"သင်္ခါရပါဘုရား"

ဝဋ်နဲ့ကြည့် ဘာဝဋ်တုန်း ?

"ကမ္မဝဋ္ဋ်ပါဘုရား"

ကမ္မဝဋ်လုပ်ရင် ဘာဝဋ်ကြီး ပြန်ရမယ် ?

"ဝိပါကဝဋ် ပြန်ရမှာပါဘုရား"

ကိုင်း ခန္ဓာ ဘယ်နှစ်ပါးပြန်ရ ?

"ငါးပါးပါဘုရား"

သိဦးမလား မေးတော့လည်း မသိဘူး။ မသိတော့လည်း မသိတဲ့အလျောက် ဘာဝဋ်ကြီး ပြန်သွား ?

"ကိလေသဝဋ် ပြန်သွားတာပါဘုရား"

ဘာဝဋ်ကြီး ပြန်လုပ် ?

"ကမ္မဝဋ်ကြီး ပြန်လုပ်တာပါဘုရား"

ကမ္မဝဋ်ကြီးလုပ်တော့ ဘာဝဋ်ကြီး ပြန်ရ ?

"ဝိပါကဝဋ်ကြီး ပြန်ရပါတယ်ဘုရား၊ သိဦးမလား ?

"မသိပါဘူးဘုရား"

မသိရင် မသိတဲ့အလျောက် ဘာဝဋ်ကြီး ပြန်သွား ?

"ကိလေသာဝဋ်ကြီး ပြန်သွားပါဘုရား"

ဘာဝဋ်ကြီး ပြန်လုပ် ?

"ကမ္မဝဋ်ကြီး ပြန်လုပ်ပါဘုရား"

ဘာဝဋ်ကြီး ပြန်ရ ?

"ဝိပါကဝဋ်ကြီး ပြန်ရပါတယ်ဘုရား"

သိဦးမလား ?

"မသိပါဘူးဘုရား"

သိတော့လေ မောနေပြီ။ ဝဋ်ဘယ်နှစ်ပါး လည်နေတာလဲ ?

"သုံးပါးပါဘုရား"

အဲဒီလို ဝဋ်သုံးပါးလည်နေလို့ 'ဝဋ္ဋ' တဲ့ဗျ။

ဝဋ်သုံးပါး လည်နေလို့ ဘာတဲ့တုန်း ?

"ဝဋ္ဋပါဘုရား"

ကြက်ဥ အစရှာမရသလိုပဲ။ ဒါကြောင့်မို့ သစ္စာမသိတဲ့ အလုပ်မှန်သမျှ ဒါနလုပ်လည်း ဝဋ္ဋဒါန။ ဝဋ်လည်ကြောင်း အလှူတဲ့ဗျ။

ဘာမသိဘဲ လုပ်တဲ့ အလှူလဲ ?

"သစ္စာမသိဘဲ လုပ်တဲ့ အလှူပါဘုရား"

သစ္စာမသိတာက ?

"အဝိဇ္ဇာပါဘုရား"

အလှူ လှူတာက ?

"သင်္ခါရပါဘုရား"

အဝိဇ္ဇာပစ္စယာ ?

"သင်္ခါရပါဘုရား"

ဘာလည်ကြောင်း အလှူလဲ ?

"ဝဋ်လည်ကြောင်း အလှူပါဘုရား"

ဒါကြောင့် သစ္စာမသိတဲ့ ဒါနက ဝဋ္ဋဒါန၊ သစ္စာသိပြီး လုပ်တဲ့ ဒါနက ဝိဝဋ္ဋဒါန။

အရှင်ဘုရားတို့ ပြောသင့်ပြောထိုက်တဲ့ ပါဠိကို ပြောပါ။ အများကြီး မပြောပါနဲ့။ နားထောင်ကောင်းအောင် မပြောပါနဲ့။ နားလည်အောင် ပြောပါ။ နားထောင်ကောင်းအောင် ပြောရခြင်းထက် နားလည်အောင်ပြောတာ ဘယ်ဟာက ကောင်းတုန်း ?

"နားလည်အောင်ပြောတာက ကောင်းပါတယ်ဘုရား"

တချို့ နားလည်တာတောင် မပြင်တာက ရှိသေးတယ်ဗျ။ နားလည်ပြီး မပြင်တာကို ဒွိဟိတ်လို့ ခေါ်တယ်။ နားလည်ပြီးမှ ပြင်တာကို တိဟိတ်လို့ ခေါ်တယ်။

ဒါဖြင့် ယောဂီတို့က ဒွိဟိတ်လား တိဟိတ်လား ?

"တိဟိတ်ပါဘုရား"

မဖြေတတ်မှာစိုးလို့ ဖြေပေးတာနော်။ ဒွိဟိတ်ဆိုရင် ဒီဘဝ

သောတာပန် မတည်ဘူး။ တိဟိတ်ကျမှ ဒီဘဝ သောတာပန်တည်တာ။ တိဟိတ်မဟုတ်ဘူး။ ဟုတ်တယ် သိချင်ရင် ခန္ဓာပေါ် ဉာဏ်ရောက်အောင် လုပ်ကြည့်။ လုပ်ကြည့်လို့ ဖြစ်ပျက်မြင်ရင် တိဟိတ်။ အမှားအမှန်ကို နာယူကြည့်၊ မှားမှန်းသိလို့ အမှန်ကို ပြင်ရဲရင် တိဟိတ်။ မှားမှန်းသိရက်သားနဲ့ အဲဒီအမှားကို မပြင်ရဲရင် ဒွိဟိတ်။

အဲဒီတော့ အိမ်က ဘုရားစင်ရောက်မှ ဝေဖန်ပေါ့။ တချို့က မိဆိုင်ဖဆိုင် ဆိုပြီးတော့မှ ပြောနေသေးတယ်။ အမိဆိုင်က ဦးကြီး ဦးလေး၊ အဖဆိုင်တာ ဒေါ်ကြီး ဒေါ်လေးဗျ။ ညီအစ်ကို မောင်နှမတွေ ပြုစုစောင့်ရှောက်ခဲ့လို့ ဒီအရွယ်ရောက်လာတာ။ အဲဒါကို မိဆိုင် ဖဆိုင်ဆိုပြီး ဘာမှ အမျိုးမတော်တဲ့ ကိုကြီးကျော် တင်လို တင်၊ မနဲလေး တင်လို တင်နဲ့။ ဒါတွေ အိမ်ပေါ်တင်ထားတာ မရှိဘူးလား ရှိသလား။

"ရှိပါတယ်ဘုရား"

ကဲ ဒါဖြင့် ကိလေသဝဋ္ဋ်နဲ့ ကမ္မဝဋ္ဋ် ပေါင်းလုပ်ရင် ဘာဝဋ္ဋ်ကြီး ရမလဲ ?

"ဝိပါကဝဋ္ဋ် ရပါမယ်ဘုရား"

ဒါကြောင့် တစ်သံသရာလုံး ဝဋ္ဋ် ဘယ်နှစ်ပါးနဲ့ လည်နေတာတုန်း ?

"သုံးပါးနဲ့ပါဘုရား"

အဲဒီတော့ ဝဋ္ဋ်က လွတ်ချင်ရင် ခန္ဓာပေါ် ဘာရောက်အောင် လုပ်ရမှာလဲ"

"ဉာဏ်ရောက်အောင် လုပ်ရမှာပါဘုရား"

"ဒီခန္ဓာ နေ့တိုင်း ဘာလုပ်ခံနေရတာလဲ ?

"အနှိပ်စက်ခံနေရတာပါဘုရား"

အနှိပ်စက်ခန္ဓာကြီး ဖြစ်ပျက် အနှိပ်စက်ခံနေရလို့ ဘာသစ္စာ ?

"ဒုက္ခသစ္စာပါဘုရား"

နိုပ်စက်ပြန်ပြီ။ နိုပ်စက်ပြန်ပြီလို့ သိနေတာက ဘာသစ္စာ ?

"မဂ္ဂသစ္စာပါဘုရား"

သိလိုက်တော့ မသိတဲ့ အဝိဇ္ဇာလည်းချုပ်၊ ဘုံဘဝလိုချင်တဲ့ တဏှာလည်းချုပ်၊ စွဲလန်းတဲ့ ဉပါဒါန်လည်း ချုပ်၊ အဝိဇ္ဇာ တဏှာ ဉပါဒါန်ချုပ်လိုက်တော့ ဘာဝဋ် သေတာလဲ ?

"ကိလေသဝဋ် သေတာပါဘုရား"

ကိလေသဝဋ် သေတော့ ဘဝရကြောင်း ဗရုတ်သုတ်ခတွေ လုပ်ဦးမလား ?

"မလုပ်တော့ပါဘူးဘုရား"

ဗရုတ်သုတ်ခအလုပ်တွေ မလုပ်တော့ပါဘူး ဆိုကတည်းက ဘာဝဋ်ကြီး သေတာလဲ ?

"ကမ္မဝဋ် သေတာပါဘုရား"

ကိလေသဝဋ် ကမ္မဝဋ်သေတာ ဘာသစ္စာ သေတာလဲ ?

"သမုဒယသစ္စာ သေတာပါဘုရား"

သမုဒယသစ္စာ သေမှတော့ ဝိပါကဝဋ် အပါယ်လေးပါးရဲ့ ချုပ်ရာ ငြိမ်းရာ သိမ်းရာက ဘာသစ္စာလဲ ?

"နိရောဓသစ္စာပါဘုရား"

သစ္စာ ဘယ်နှစ်ချက်လဲ ?

"လေးချက်ပါဘုရား"

ဒါဖြင့် သစ္စာသိမှ ဝဋ်ကျွတ်မယ်ဆိုတာ မှတ်ပါ။ ဒီလို သစ္စာ သိတဲ့ အလျှုမှသာလျှင် ဝိဝဋ္ဋဒါန ဝဋ်လွတ်ကြောင်းအလှူ ဖြစ်မယ် လို့ ဆုံးဖြတ်ပါ။

ကဲ နာရီလည်း စေ့ပြီ။ တော်ကြဦးစို့ဗျာ။

■

## နဝမနေ့ဟောစဉ်

### တရားအဖွင့် ပဏာမ

ဆရာတော်ဘုရားကြီး ရေးသားတော်မူတဲ့ အမှတ် (၁) လင်္ကာ ဆောင်ပုဒ်ကို ညီညာဖြဖြ ရွတ်ဖတ်ပူဇော်ပြီး တရားပွဲ စ,လိုက်ကြရ အောင်။

*အဝိဇ္ဇာနှင့် တဏှာအရင်းခံ
ဥပါဒါန်၊ ကံကြောင့် ရုပ်နာမ်ပေါ်။
အပင်မှမျိုး၊ မျိုးမှ အပင်
အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်
ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံ
အဖန်ဖန်၊ ဖြစ်ပြန်နည်းအလျော်။
ဗြဟ္မာသိကြား၊ စသည်များကား
ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း
အကြောင်းရင်းကြောင့်
လူနတ်များစွာ၊ သတ္တဝါတို့
ဖြစ်လာရမူ၊ မဟုတ်ဟု
ဉာဏ်ဖြင့် ရှု၍ မျှော်။

အားလုံးပဲ လက်အုပ်ချီကလေးတွေ ချထား။ မျှတသော ဣရိယာပုသ်ဖြင့် စိတ်ချမ်းသာသလို ထိုင်ပြီး ဟောကြားလတ္တံ့သော တရားဓမ္မများကို အာရုံတစ်ပါး စိတ်မသွားဘဲ ဆက်လက်နာယူ မှတ်သားနိုင်ကြပါပြီ။

တို့အားလုံး ယောဂီအပေါင်း သူတော်ကောင်းတို့ ဤခန္ဓာ ဉာဏ်ရောက် ဓမ္မဒေသနာတော်ကို ပိုင်ပိုင်နိုင်နိုင် သိရှိနားလည်ခြင်းအားဖြင့် ဘယ်က လွတ်မှာပါလိမ့် ?

"သံသရာက လွတ်မှာပါဘုရား"

ကဲ သံသရာတို့ရဲ့လွတ်ရာ ငြိမ်းရာ သိမ်းရာသည် ဘာပါလိမ့် ?

"နိဗ္ဗာန်ပါဘုရား"

နိဗ္ဗာန်ကို သွားချင်ရင် တခြားလမ်းက သွားရမှာလား၊ ဉာဏ်လမ်းက သွားရမှာလား ?

"ဉာဏ်လမ်းက သွားရမှာပါဘုရား"

ဒါကြောင့်မို့ လင်္ကာထဲမှာ 'ဉာဏ်ဖြင့် ရှုမျှော်' လို့ မပါဘူးလား ပါသလား ?

"ပါပါတယ်ဘုရား"

အေး ဉာဏ်နဲ့ ခန္ဓာကို ရှုမှသာလျှင် နိဗ္ဗာန်ကို မျှော်မှန်းနိုင်မယ်လို့ မှက်ရမယ်နော်။ ဒါဖြင့် ယောဂီတို့ ဘုန်းကြီးတို့ ဘဝသံသရာ လွတ်ချင်တယ်ဆိုရင် သံသရာရဲ့ ဝဋ္ဋလည်ပုံကို ကောင်းစွာ မွန်စွာ နားလည်ထားဖို့ မလိုဘူးလား လိုသလား ?

"လိုပါတယ်ဘုရား"

အဲဒီလို သံသရာရဲ့ဝဋ္ဋလည်ပုံကို ကောင်းစွာ မွန်စွာ ပိုင်ပိုင်ထိထိမိမိနားလည်ခြင်း မရှိကြလို့လည်းပဲ ယောဂီတို့ ဘုန်းကြီးတို့ ဟိုဘဝ ဟိုဟာဖြစ်ချင်တာလိုလို၊ ဒီဘဝ ဒီဟာဖြစ်ချင်တာလိုလို၊ ဒီဘဝ ဆင်းရဲတယ်၊ နောင်ဘဝ ချမ်းသာနိုး မျှော်ကိုးပြီးတော့မှ

ဘုရားရှေ့မှာ ကုသိုလ်ကောင်းမှုတွေ လုပ်ပြီး အလီလီ အဖန်ဖန် အထပ်ထပ် မတောင်းဘူးလား တောင်းခဲ့လား ?

"တောင်းခဲ့ပါတယ်ဘုရား"

တောင်းခဲ့တော့လည်း ဘယ်ဘဝ ဘယ်ခန္ဓာရရ ယောဂီတို့ ဘုန်းကြီးတို့ကလေ အိုခြင်း နာခြင်း သေခြင်းတွေနဲ့ မတွေ့ခဲ့ရဘူး လား၊ တွေ့ခဲ့ရသလား ?

"တွေ့ခဲ့ရပါတယ်ဘုရား"

အဲဒီလို အိုနာသေ သံသရာ သေချင်းဆိုးတွေနဲ့ တွေ့ခဲ့ရတာ ဘယ်သူ့ရဲ့လက်ချက်လဲလို့ မေးရင် ကာလရဲ့လက်ချက်လို့ မှတ်စမ်းပါ။ ဘယ်သူ့ရဲ့လက်ချက်ပါလိမ့် ?

"ကာလရဲ့ လက်ချက်ပါဘုရား"

ဒါကြောင့်မို့ ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အလိုတော်ကျ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ကာလ သုံးဖြာလို့ မဟောခဲ့ဘူးလား ?

"ဟောခဲ့ပါတယ်ဘုရား"

## ကာလနှစ်ဖြာ သိဖွယ်ရာ


ကာလသုံးဖြာဆိုတာ ဘာတွေတုန်း ပြောပြစမ်းပါ ?

"လွန်လေပြီးသော အတိတ်ကာလ၊ ယခုရောက်ဆဲ ပစ္စုပ္ပန် ကာလ၊ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလပါဘုရား"

ကာလ ဘယ်နှစ်ဖြာပါလိမ့် ?

"သုံးဖြာပါဘုရား"

အဲဒီတော့ ကာလဆိုတာ ဘာပြောတာလဲလို့ မေးရင် 'ကာလော သတ္တေ ဘက္ခတိတိ ကာလော။ သတ္တေ– သတ္တဝါတို့၏ ခန္ဓာကိုယ်ကို၊ ဘက္ခတိ– ဝါးမျိုတတ်၏။ ဣတိတသ္မာ–ထို့ကြောင့်၊ ကာလော– ကာလမည်၏ တဲ့။




ကာလသုံးဖြာထည့်ပုံ

ကာလဟူသည် သတ္တဝါတို့ကို အိုအောင်၊ နာအောင်၊ သေအောင်၊ ဝါးမျိုတတ်သော လက္ခဏာရှိ၏။ ကာလ လက်ချက်မိ၍ အတိတ်ကလည်း သေခဲ့ရ၏။ ယခုလည်း သေရဦးမည် နောင်အနာဂတ် ခန္ဓာပြန်ရလျှင်လည်း သေရဦးမည်။ ကာလမှန်လျှင် မည်သည့်ကာလမျှ မကောင်း။ သို့အတွက် ကာလလက်မှ လွတ်မြောက်ရလေအောင် သံဝေဂဉာဏ် အရင်းခံ၍ သတိသံဝေဂမှ ဉာဏသံဝေဂသို့ ကူးပြောင်းနိုင်ပါစေခြင်း အကျိုးငှာ ကာလသုံးပါးမှ လွတ်မြောက်နိုင်ရေးအတွက် "ကာလဝိမုတ္တိ နိဗ္ဗာန်"အရှင်တော်မြတ်ဗုဒ္ဓ အလိုတော်ကျ ရေးသားစီစဉ်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

သတ္တဝါတို့၏ ခန္ဓာကိုယ်ကို ဝါးမျိုတတ်သောကြောင့် ဘာလို့ ခေါ်ပါလိမ့် ?

"ကာလလို့ ခေါ်ပါတယ်ဘုရား"

အဲဒီတော့ သတ္တဝါတို့ရဲ့ခန္ဓာကို ဝါးမျိုတယ် ဆိုတဲ့ နေရာမှာ ကာလက နှစ်မျိုးရှိတယ်လို့ မှတ်ပါ။ ကာလ ဘယ်နှစ်မျိုးပါလိမ့် ?

"နှစ်မျိုးပါဘုရား"

အဲဒီကာလနှစ်မျိုးက ဘာလဲလို့မေးရင် တစ်– သမုတိကာလ။ တစ်က ဘာလဲဟေ့ ?

"သမုတိကာလပါဘုရား"

နှစ်က ပရမတ္ထကာလ တဲ့။ နှစ်က ?

"ပရမတ္ထကာလပါဘုရား"

သမုတိကာလ ဆိုတာ စက္ကန့်မှ မိနစ်၊ မိနစ်မှ နာရီ၊ နာရီမှ ရက်၊ ရက်မှ လ၊ လမှ နှစ်၊ နှစ်မှ ရာသီ၊ ဋ္ဌမိုးဆောင်း စသည်အားဖြင့် ပြောင်းလဲ ပြောင်းလဲပြီး သွားနေကြတယ်။ ကုန်လွန်သွားတဲ့ အချိန်တွေက ပြန်လည်ပြီးတော့ တမ်းတလို့ မရတော့ဘူးဆိုတာ လူတိုင်း သိတယ်နော်။

ဖြစ်ပေါ်လာတဲ့ အချိန်တွေကို ကုန်လွန် ကုန်လွန်စားသွားပစ်လိုက်တာသည် ဘယ်သူ့ရဲ့လက်ချက်တုန်း ?

"ကာလရဲ့လက်ချက်ပါဘုရား"

အဲဒီလို စက္ကန့် မိနစ် ရက် လ နှစ်၊ ဒါတွေကို ဝါးစားနေတဲ့ ကာလကိုတော့ သမုတိကာလ။ ဘာကာလလဲဟေ့ ?

"သမုတိကာလပါဘုရား"

ပရမတ္ထကာလ ဆိုတာက ယောဂီတို့ ဘုန်းကြီးတို့ခန္ဓာထဲမှာ ဘယ်ခမ္မလေးပဲ ပေါ်လာ ပေါ်လာ။ ပူတာပေါ်ပေါ် အေးတာပေါ်ပေါ် လှုပ်တာပေါ်ပေါ်။ ဘယ်ခမ္မလေးပဲ ပေါ်ပေါ်၊ ပေါ်လာတဲ့ခမ္မ ဖြစ်ပြီး ဘာနဲ့ ?

"ပျက်တာပါဘုရား"

ပျက်တယ်ဆိုတာ သေတာဗျာ။ ပျက်တယ်ဆိုတာ ?

"သေတာပါဘုရား"

ဒါဖြင့် ပေါ်လာတဲ့ ခမ္မမှန်သမျှ ပျောက်ပျောက်ကုန်ကုန် ကုန်ကုန်သွား၊ ခယ ဝယဖြစ်အောင် စားဝါးသွားတာ ဘာပါလိမ့် ?

"ပရမတ္ထကာလပါဘုရား"

ခန္ဓာကိုယ်ထဲမှာ ပေါ်လာသမျှ ခမ္မလေးတွေ ကုန်ခန်း ကုန်ခန်း သွားအောင် စားဝါးတတ်တဲ့ ကာလကိုတော့ ပရမတ္ထကာလတဲ့။ ဘာကာလလဲ ?

"ပရမတ္ထကာလပါဘုရား"

အပြင်မှာ စက္ကန့်မိနစ် နာရီ နေ့မိုးဆောင်းရာသီတွေ ကုန်ဆုံး သွားအောင် စားဝါးပစ်လိုက်တာသည် ဘာကာလတုန်း ?

"သမုတိကာလပါဘုရား"

ခန္ဓာကိုယ်ထဲ ဖြစ်ပျက်သမျှ ခမ္မလေးတွေ ပျက်ပျက်ကုန်ကုန် ကုန်ကုန်ဆုံးဆုံး၊ ဆုံးဆုံးသွားအောင် စားဝါးပစ်လိုက်တာ ဘယ်သူ ပါလိမ့် ?

"ပရမတ္ထကာလပါဘုရား"

ဒါဖြင့် ယောဂီတို့ ဘုန်းကြီးတို့ ငယ်ငယ်တုန်းက မာကြော တောင့်တင်းနေတဲ့ ကြည်လင်ပြတ်သားနေတဲ့ အသားအရည်လေးတွေ အခု ရှိသေးလား ?

"မရှိတော့ပါဘူးဘုရား"

ဘယ်သူ့လက်ချက် မိသွားလဲ ?

"ကာလရဲ့လက်ချက် မိသွားတာပါဘုရား"

တစ်စွန်းတစ်စ တစ်စိလေးတောင် ကျန်သေးရဲ့လား ?

"မကျန်တော့ပါဘူးဘုရား"

မကျန်အောင်ကို စားဝါးပစ်လိုက်တာဗျ။ နုဖပ်နေတဲ့ အသား

အရည်လေးကို ရင့်ထော်နေတဲ့ အသားအရည်က အစားထိုးမလာဘူးလား ?

"လာပါတယ်ဘုရား"

## ကာလက ဝါးမြိုစားသောက်ခဲ့တယ်

ကာလက စားသောက်ဝါးမျိုပစ်လိုက်လို့ နောက်ထပ် အစားထိုးမည့် အကြောင်းတရားက ပြုပြင်မပေးဘူးဆိုရင် ယောဂီတို့ ဘုန်းကြီးတို့ ဗိုင်းဗိုင်းလဲသေတာ ကြာလှပြီ။ သမင်မွေးရင်း ကျားစားရင်း သမင်မွေးရင်းကျားစားရင်း။ အကြောင်းတရားတွေက ပြုပြင်ရင်း ကာလက စားရင်း။

အကြောင်းတရား ပြုပြင်တယ်ဆိုတာ ရုပ်မှာလည်း ကံ စိတ် ဥတု အာဟာရ ဘယ်နှစ်ပါးလဲ ?

"လေးပါးပါဘုရား"

နာမ်မှာလည်း အာရုံ ဒွါရ အကြောင်းတရား ဘယ်နှစ်ပါးတုန်း ?

"နှစ်ပါးပါဘုရား"

ဒါ မုချဒေသနာပေါ့ဗျာ။ ဘုန်းကြီးကို အဘိဓမ္မာ ဒေသနာနည်းနဲ့ ကြည့်ရင် အာရုံဒွါရက မုချဒေသနာ။ နိယတဒေသနာ–သုတ္တန်နည်းနဲ့ ကြည့်မယ်ဆိုရင် နာမ်ခတ်လေးတစ်ခု ဖြစ်ပေါ်ဖို့ရာအတွက် အကြောင်းတရားလေးပါး ရှိတယ်။ အဲဒီ အကြောင်းတရားလေးပါးက ဘာလဲဆိုတော့ အာရုံရယ်၊ ဒွါရရယ်၊ အလင်းရောင်ရယ် ပုံအသွင်ရယ်တဲ့။

အကြောင်းတရား ဘယ်နှစ်ပါးလဲ ?

"လေးပါးပါဘုရား"

ဒါ သုတ္တန်နည်းနဲ့ နိယတဒေသနာတဲ့။ သူကတော့ မုချဒေသနာလို့ ပြောလို့မရဘူး။ ဘာဖြစ်လို့ မုချဒေသနာ ပြောမရတာလဲလို့

မေးရင် မြင်စိတ်မှာ အလင်းရောင်လိုပေမယ့်လည်း ကြားစိတ်မှာ အလင်းရောင် လိုသလား ?

"မလိုပါဘူးဘုရား"

အလင်းရောင်မလိုလို့လည်း အမှောင်ထဲမှာ မှောင်ရိပ်ခိုပြီးတော့ တိုးတိုးတိတ်တိတ် ပြောနေတာတွေ မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

အေး ဘာတွေပြောခဲ့သလဲ ဆိုတာတော့ ငယ်ရာက ကြီးလာတဲ့ တို့ယောဂီအားလုံး သိပါတယ်။ ဒါ ဘုန်းကြီးက အထူးပြောစရာ လို သေးလား ?

"မလိုပါဘူးဘုရား"

ကဲ မလိုရင် မပြောတော့ပါဘူး။ အဲဒီအသံတွေက အလင်းရောင် လိုသလား ?

"မလိုပါဘူးဘုရား"

ဒါကြောင့်မို့ မျက်စိအကြည်ပေါ်လာမည့် တိုက်လာမည့် မြင်စိတ်အတွက်သာလျှင် အလင်းရောင်က လိုတာ။ ကျန်တဲ့ ကြားစိတ် နံစိတ် စားစိတ်မှာ အလင်းရောင် လိုသလား ?

"မလိုပါဘူးဘုရား။

မလိုပါဘူးဗျာ။ ကြမ်းပိုးများဖမ်းရင် သန်းခေါင်ကျော်လည်း 'ဖပ်'ဆို မိတာ ဟုတ်ရဲ့လား။ ဖြစ်ပျက်သာ မမိရင် နေမယ်။ ကြမ်းပိုး က မိတာ တော်တယ်ဗျာ။ ဒါ ဘုန်းကြီးပြောတာ မဟုတ်ဘူး။ ဆရာ တော်ဘုရားကြီး ပြောသွားတဲ့စကားပါ။ 'ဒကာကြွယ်တို့က မဟုတ်တဲ့ နေရာကျတော့ တော်တော်သွက်တယ်။ ဒကာကြွယ်တို့က သန်းခေါင် ကျော် ကြမ်းပိုးများဖမ်းရင် တန်းနေတာပဲ' တဲ့။ ခန္ဓာကိုယ်ထဲက ဒီလောက်ထိ ထင်ထင်ရှားရှား ဖောက်ပြန် ပျက်စီးပြနေတာလေးကို ဟိုချော်ထွက်သွား ဒီချော်ထွက်သွားနဲ့။ ဒကာကြွယ်တို့က အပါယ် သွားမှာကျတော့ ယဉ်လိုက်တာ။ နိဗ္ဗာန်သွားမှာကျတော့ ခဲရာခဲဆစ်နဲ့

လုပ်နေကြရတယ်။ ဒါကြောင့် ဒကာကြွယ်တို့ကို ထပ်ခါ ထပ်ခါ ပြောနေရတာဗျ' တဲ့။ ဒါကြောင့် ဆရာတော်ဘုရားကြီးက တော်တော်ကို ထွန်းထွန်းပေါက်ပေါက် ယောဂီတို့ ဘုန်းကြီးတို့ရဲ့အပေါ်မှာ ကျကျနနနဲ့ ကျေးဇူးပြုခဲ့တယ်လို့ မှတ်ရမယ်နော်။

ကိုင်း ကောင်းပြီ။ ယောဂီတို့ ဘုန်းကြီးတို့ သံသရာမှာ သတ္တဝါတွေ အို နာ သေ မွဲ ကွဲ ဘေးတွေနဲ့ ရင်ဆိုင်နေရတာ ဘယ်သူ့လက်ချက်တုန်း ?

"ကာလရဲ့လက်ချက်ပါဘုရား"

ဘယ်ဘဝ ဘယ်ခန္ဓာရောက်ရောက်၊ ကာလရဲ့စားသောက်ဝါးဖတ်သင့်မှာပါလားလို့ အမှန်အတိုင်း သိခဲ့ရဲ့လား ?

"မသိပါဘူးဘုရား"

မသိတာက ?

"အဝိဇ္ဇာပါဘုရား"

မသိဘဲနဲ့ ယောဂီတို့ ဘုန်းကြီးတို့ကလေ ဟိုဘုံလိုချင် ဒီဘုံလိုချင် လိုချင်တာက ?

"တဏှာပါဘုရား"

မရ မနေနိုင် စွဲလန်းတာက ?

"ဥပါဒါန်ပါဘုရား"

ရအောင် အားထုတ်တာက ?

"ကမ္မဘဝပါဘုရား"

အကြောင်းတရား ဘယ်နှစ်ပါးလဲ ?

"လေးပါးပါဘုရား"

ခုနက ဆိုလိုက်တဲ့ လင်္ကာလေးက ပြော ?

"အဝိဇ္ဇာနှင့် တဏှာအရင်းခံ ဥပါဒါန်၊ ကံကြောင့်နာမ်ရုပ်ပေါ်"

တော်ပြီ။ ကံကြောင့်ဆိုရင် အကျိုးတရားလား အကြောင်းတရားလား ?

"အကြောင်းတရားပါဘုရား"

ဒါဖြင့် ယောဂီတို့ ဘုန်းကြီးတို့ အတိတ်တုန်းက ကာလရဲ့ စားသောက်ဝါးဖတ်သင့်ပြီးတော့ အချိန်သာ ကုန်လာတာ။

'ဩော် အချိန်သာ ကုန်လာတာ။ ကာလရဲ့ စားသောက် ဝါးဖတ်သင့်တာပါလား' လို့ အတိတ်တုန်းက အစားခံ အဝါးခံ အမှန်အတိုင်း သိခဲ့ရဲ့လား ?

"မသိပါဘူးဘုရား"

ဒီခန္ဓာ အစားခံရရင် နောင်ခန္ဓာ အစားခံရမှာပါလားလို့ မသိတဲ့အခါကျတော့ ကုသိုလ်ကောင်းမှု ပြုပြီးတော့ 'ဟိုကာလလက်ထဲ ရောက်ပါရစေ၊ ဒီကာလလက်ထဲ ရောက်ပါရစေ' ဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ ဟိုကာလရောက်ရင် ဘာဖြစ်တော့မှာလိုလို ဒီကာလရောက်ရင် ဘာဖြစ်တော့မှာလိုလို။ အခုကာလ မကောင်းပါဘူးလေ။ နောက်ဘဝကျမှ ချမ်းသာမှာလိုလို။

လူ့ဘဝ ချမ်းသာနိုးနိုး၊ နတ်ဘဝ ချမ်းသာနိုးနိုး၊ ဟိုဘုံ ဒီဘဝ လိုချင်တာ ဘယ်သူပါလိမ့် ?

"တဏှာပါဘုရား""

မရ မနေနိုင်ပါလို့ စွဲလန်းတာ ဘယ်သူတုန်း ?

"ဥပါဒါန်ပါဘုရား"

ရအောင်ကို အားထုတ်တာက ?

"ကမ္မဘဝပါဘုရား"

အကြောင်းတရား ဘယ်နှစ်ပါးတုန်း ?

"လေးပါးပါဘုရား"

## နုံးမြေသာမြင် ကြက်မမြင်တဲ့ တီကောင်ပမာ

ဒီလိုနဲ့ပဲ ယောဂီတို့ ဘုန်းကြီးတို့ သစ္စာမသိဘဲနဲ့ ရမ်းသမ်းလုပ်ပြီးတော့မှသာလျှင် လောကကြီးကို ခါးစောင်းတင် အချိန်တွေ ကုန်ခဲ့ကြ

တယ်လို့ မှတ်ပါ။ ကိုယ်ကသာ မသိမည် နေရတာ ခန္ဓာကတော့ စားရင်းဝါးရင်း အစားခံရက် အဝါးခံရက်ပဲ။

ဘယ်သူက ဝါးစားနေတာတုန်း ?

"ကာလကပါဘုရား"

ဒါဖြင့် တငွေ့ငွေ့ တရွေ့ရွေ့ အသက်တွေကြီးလာတယ် ဆိုတာ ဘယ်သူ့ရဲ့လက်ချက်တုန်း ?

"ကာလရဲ့လက်ချက်ပါဘုရား"

ကာလရဲ့လက်ချက်။ ဟိုလူကြောင့် ဒီလူကြောင့် သွားမပြောနဲ့။ ဘယ်သူ့ရဲ့လက်ချက်တုန်း ?

"ကာလရဲ့လက်ချက်ပါဘုရား"

အဲဒါကို ယောဂီတို့ ဘုန်းကြီးတို့က မသိဘူး။ ဒီအတိုင်း **ရွေ့**လာတာဗျ။ ဘယ်ဘဝ ဘယ်ခန္ဓာရရ 'ဩော် ဒီလိုပဲ အစားခံ အဝါးခံဖြစ်မှာပါလား' လို့ အမှန်အတိုင်းမသိတော့ ယောဂီတို့ ဘုန်းကြီးတို့ရဲ့ ဘဝဟာ ဘာနဲ့ တူသလဲဆိုတဲ့ အခါကျတော့ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ဥပမာပေးထားပါတယ်။ တီကောင်တည်းဟူသော သတ္တဝါတဲ့။

သူ့မှာလည်း သမုဒ္ဒရာ ဝမ်းတစ်ထွာ။ သူ့မှာလည်း ခန္ဓာရှိတော့ ဝမ်းစာ မရှာရဘူးလား။ ရှာရလား ?

"ရှာရပါတယ်ဘုရား"

ကိုင်း ရှာရတဲ့အခါကျတော့ တီရဲ့အစာက နုံးမြေပေါ့ဗျာ။ တီကောင်ကလေးကလည်း သူ့ဟာနဲ့သူ ရှာတာပေါ့။ ရှာရင်းနဲ့ သူကြိုက်တဲ့ နုံးမြေသန့်သန့်လေးတွေ တွေ့ရင် ဝမ်းမြောက်ဝမ်းသာနဲ့ သူ မစားဘူးလား ?

"စားပါတယ်ဘုရား"

စားတယ်။ ရှေ့တိုးတယ်။ ဒီအတိုင်းပဲ ကြက်တည်းဟူသော သတ္တဝါက သူ့မှာလည်း ခန္ဓာရှိတော့ သူလည်းပဲ အချိန်တန် အစာ

မရှာရဘူးလား ရှာမှာလား ?

"ရှာမှာပါဘုရား"

ကြက်ရဲ့အစာက ?

"တီကောင်ပါဘုရား"

အဲဒီတော့ ကြက်ကလည်း ခြေကလေး ယက်ကာ ယက်ကာနဲ့ အစာမရှာဘူးလား ရှာသလား ?

"ရှာပါတယ်ဘုရား"

သူကလည်း ခြေကလေးယက်ကာနဲ့ အစာတွေ့ရင် 'ဖပ်' ခနဲဆို ကောက်လိုက်တယ်။ သူကလည်း ရှေ့ကို အစာရှာနေတာ။ တီကောင်ကလည်း ရှေ့တိုး အစာရှာနေတာ။ တီကောင်မှာ မျက်လုံးပါပေမယ့် အသားလုံးတွေက ပိတ်နေတော့ လောကကြီးကို အန္တရာယ်တွေ ဘေးတွေ မြင်ရဲ့လား ?

"မမြင်ပါဘူးဘုရား"

တီကောင်ဆိုတာ စုံလုံးကန်းနေတာပေါ့ဗျာ။ အန္တရာယ်ရှိတာ မသိဘူး။ သူကလည်း ရှေ့တိုး၊ ကြက်ကလည်း အစာရှာရင်းနဲ့ ရှေ့တိုး၊ ငါ့ရဲ့သေမင်းတည်းဟူသော ကြက်ကြီးက ငါ့ရဲ့ မလှမ်းမကမ်းမှာ ရှိနေတာပါလား ငါ ရှေ့တိုးလေ သေဖို့ နီးလေပါလား' လို့ တီကောင်ခမျာ သိရဲ့လား ?

"မသိပါဘူးဘုရား"

မသိဘူး။ ယောဂီတို့ ဘုန်းကြီးတို့ သတ္တဝါတွေမှာလည်း လူရယ်လို့ ဖြစ်လာပေမယ့် ပြန်ကြည့်လိုက်ပါဦး။ နေ့စဉ်နေ့တိုင်း သားရေးသမီးရေး ရောင်းရေးဝယ်တာတွေနဲ့ အချိန်တွေ ကုန်ပြီးတော့ ကာလရဲ့စားသောက်ဝါးဖတ်သင့်လို့ သေခါသာ နီးလာတယ်။ သြော် ငါတော့ ဒီအတိုင်းသွားရင် သေခါနီးပြီ။ ငါ အသေမဦးခင် ဉာဏ်ဦးအောင် လုပ်မှပဲ။ တစ်ခဏဖြစ်ရ လူ့ဘဝ အနှစ်သာရရှိအောင် လုပ်မယ်' လို့ တွေးမိရဲ့လား။

"ဖြစ်ပျက်မမြင်ဘဲ အသက်တစ်ရာ ရှည်ရတာ အလကားး ယုတ်သောအသက်ရှည်ခြင်း' ဖြစ်ပျက်မြင်ပြီး တစ်ရက်အသက်ရှည်ရတာ မြတ်သောအသက်ရှည်ခြင်း' လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောထားတယ်။ ငါတော့ မြတ်သောအသက်ရှည်ခြင်းနဲ့ သေနိုင်အောင် ကြိုးစားတော့မယ်လို့ လုံ့လဝီရိယလေးနဲ့ ဉာဏ်ဓာတ်ကလေးမရှိတဲ့ လူနဲ့ ရှိတဲ့လူ ဘယ်ဟာက များသလဲ ?

"မရှိတဲ့လူက များပါတယ်ဘုရား"

မရှိတဲ့လူက များတယ်။ တချို့က သေခါသာနီးသွားတယ်။ ခန္ဓာမေးလို့ မရဘူး။ အာယတန မေးလို့ မရဘူး။ သစ္စာ မေးလို့ မရဘူး။ ဖြစ်ပျက်ဆိုတာ အဝေးကြီးပဲ။ သူ့ရဲ့ခန္ဓာကလည်း ယောဂီတို့ရေ 'တစ်နေကုန်ပြန်၊ ငါ့ရုပ်နာမ်၊ သေရန် တစ်ရက်နီးခဲ့ပြီ။ တစ်လကုန်ပြန်၊ ငါ့ရုပ်နာမ်၊ သေရန် တစ်လနီးခဲ့ပြီ။ တစ်နှစ်ကုန်ပြန်၊ ငါ့ရုပ်နာမ်၊ သေရန် တစ်နှစ်နီးခဲ့ပြီ' နော်။

တငွေ့ငွေ့ တရွေ့ရွေ့နဲ့ ယောဂီတို့ ဘုန်းကြီးတို့ရဲ့ခန္ဓာကိုယ်ကြီးက ဘယ်သွားနေတာလဲ ?

"သေရာ သွားနေတာပါဘုရား"

ကိုယ့်ဟာကိုယ် သေရာသွားနေတာကို 'ဩော် ငါ ရှေ့တိုးလေ သေဖို့နီးလေ' လို့ သိရဲ့လား ?

"မသိပါဘူးဘုရား"

ဟိုတီကောင်ကလည်း ယောဂီတို့ရေ ရှေ့တိုးရင် ဘာနဲ့ နီး ?

"သေဖို့နီးတာပါဘုရား"

တီကောင်ရဲ့ရှေ့မှာ သေမင်းတည်း ဟူသော ကြက်ကြီး မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

ရှေ့တိုးလေ ငါသေဖို့နီးလေလို့ တီကောင်က သိရော သိရဲ့လား ?

"မသိပါဘူးဘုရား"

ထူထူထောင်ထောင်နဲ့ ကျန်းကျန်းမာမာနဲ့ ဘုန်းကြီးတို့ သက်တူရွယ်တူပါပဲ။ မောင်ဒွေး သွားပြီဗျ။ သံဝေဂရဖို့ ဘယ်လောက်ကောင်းတုန်း။ ကြွကြွရွရွနဲ့ ဒီလိုနေရင်းကနေ မောင်ဒွေး သွားပြီ။ မောင်ဒွေး အလှည့်ပြီးတော့ မောင်သုအလှည့်ရောက်မယ်ထင်တယ်။ သက်တူရွယ်မျှတွေဗျ။

ဆိုလိုတာက

*ငါနှင့်ရွယ်တူ၊ ငါ့အောက်လူ၊ ကြီးသူသေကြ များလှပြီ။

ခန္ဓာမစဲ၊ အိုစမြဲ၊ ကိုယ်လည်း သေဘက် နီးခဲ့ပြီ။

ဇရာမီးတောင်၊ ကိုယ့်တည်းလောင်၊ သေအောင်မြိုက်တော့သည်။

ခန္ဓာကိုယ်ထဲမှာ မြိုက်နေတဲ့ စားဖတ်ဝါးဖတ်တွေ မရှိဘူးလား။ ရှိသလား ?

"ရှိပါတယ်ဘုရား"

ဇရာမီးကလည်း မြိုက်လိုက်တာဗျာ။ ဗျာဓိမီးကလည်း နှိပ်စက်၊ မရဏမီးကလည်း သေအောင် သတ်တော့မှာဗျ။ သေမှာပေါ့။ ကိုယ့်ဆုတောင်းနဲ့ ကိုယ် လာတာလေ။ ကာလရဲ့ စားဖတ်ဝါးဖတ် သင့်ပါရစေလို့ မပြောရုံတမည်လေး ကျန်တော့တယ်။

ဘယ်ဘဝရရ ဒီကာလရဲ့စားဖတ်ဝါးဖတ်သင့်၊ သေချင်းဆိုးနဲ့ သေမှာပါလားလို့ အမှန်အတိုင်း သိခဲ့ရဲ့လား ?

"မသိပါဘူးဘုရား"

ရှေ့တိုးလေ သေဖို့နီးလေ။ တီကောင်လေးဟာ ရှေ့တိုးသေဖို့သာ နီးတာ။ နံ့မြေသန့်သန့်လေးတွေ့တော့ သူ မပျော်ဘူးလား ပျော်သလား ?

"ပျော်ပါတယ်ဘုရား"

## ခန္ဓာကိုယ်အသုဘရှု သတိမူစေချင်

ယောဂီတို့ တစ်သောင်းရင်းလို့ တစ်သိန်းများမြတ်ရင် ဘယ်လိုနေတုန်း ?

"ပျော်ပါတယ်ဘုရား"

ဘာပျော် ပျော်တာလဲ မေးတော့ သေခါနီးပျော်။

ဘာပျော် ပျော်တာလဲ ?

"သေခါနီး ပျော်ပါဘုရား"

အဲဒါကို ယောဂီတို့ ဘုန်းကြီးတို့က ဘဝကို ကာလ စားဖတ်ဝါးဖတ်သင့်တာကို မသိအောင် ဖုံးထားတာက အဝိဇ္ဇာ၊ တစ်သောင်းရင်းလို့ တစ်သိန်းမြတ်တာက ?

"တဏှာပါဘုရား"

ဒါလေးနဲ့မှ အကျိုးပေးတာပါလို့ စွဲလန်းနေတာက ?

"ဥပါဒါန်ပါဘုရား"

အဲဒီအလုပ်နဲ့ပဲ အချိန်ကုန်နေတာက ?

"ကမ္မဘဝပါဘုရား"

အကြောင်းတရား ဘယ်နှစ်ပါးလဲ ?

"လေးပါးပါဘုရား"

သူများလား ကိုယ်ကိုယ်တိုင်လား ?

"ကိုယ်ကိုယ်တိုင်ပါဘုရား"

ကိုယ်ကိုယ်တိုင် အတိတ်က အချိန်တွေ ကုန်ခဲ့တယ်။ အဲဒီတော့ ယောဂီတို့ ဘုန်းကြီးတို့ ရှေ့တိုးလေ၊ အခုန တီကောင်က ရှေ့တိုးလေ ?

"သေဖို့ နီးလေပါဘုရား"

ဟော ရောက်ပြီလည်းဆိုရော၊ ကြက်က သူ့ရဲ့အစာဖြစ်တဲ့ တီကောင်ကို 'ဖပ်'ခနဲဆို တစ်ခါတည်း ကောက်မျိုပစ်လိုက်ရော။ ပေါက်သတ်ပစ်လိုက်ရော။

ဒါဖြင့် တီကောင်ရဲ့သင်္ချိုင်းကုန်ဟာ ဘာတုန်း ?

"ကြက်ရဲ့ပါးစပ်ပါဘုရား"

အဲဒီကြက်ရဲ့ သင်္ချိုင်းကုန်းက ?

"လူရဲ့ပါးစပ်ပါဘုရား"

ဒါဖြင့် ယောဂီတို့ ဘုန်းကြီးတို့ရဲ့ ပါးစပ်ကြီးက ဘာကြီးတုန်း ?

"သင်္ချိုင်းကြီးပါဘုရား"

အဲဒါ တချို့က ဘာမှ နားမလည်ဘူး။ နှုတ်ခမ်းနီ အပြာ ဆိုးရတာနဲ့ အနက်ဆိုးရတာနဲ့။ အမျိုးမျိုးဆွဲပြီး ကြွားနေလိုက်သေးတယ်။ သင်္ချိုင်းကုန်း ဆေးသုတ်ထားတာဗျ။ အဲဒါ တချို့ဒကာတွေကလည်း နားမလည်ဘူး။ နှုတ်ခမ်းမွှေးလေး တသသ မုတ်ဆိတ်မွှေးလေး တသသနဲ့ သူက သင်္ချိုင်းကုန်း ခြံစည်းရိုးပင် စိုက်ထားတာ"

ဟုတ်တယ်။ ဒါတွေ နားမလည်ဘဲနဲ့ ကြွားလိုက်ဝါလိုက်နဲ့။ သူ့ပါးစပ် ကိုယ့်ပါးစပ် ဘယ်သူ့ပါးစပ်ကြည့်ကြည့် သတ္တဝါပေါင်းစုံရဲ့ ဘာကြီးတုန်း ?

"သင်္ချိုင်းကုန်းကြီးပါဘုရား"

အဲဒီသင်္ချိုင်းကုန်းကြီးမှာကျတော့ ဂူတွေ မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

ဂူထဲမှာ ထည့်ထားတာတွေက ဘာတွေတုန်း ?

"အသုဘတွေပါဘုရား"

ဒါဖြင့် ယောဂီတို့ ဘုန်းကြီးတို့ရဲ့ ဟောဒီခန္ဓာကိုယ်ကြီးထဲမှာ ရှိသမျှတွေဟာ 'တစ်ဒွါရမှ စားကြခဲဖွယ်၊ ကိုးဒွါရမှ ထွက်ကျ သွယ်သွယ်။ အသုဘဟု ရှုမှတ်ကြကွယ်' တဲ့။

ယောဂီတို့ ဘုန်းကြီးတို့ ခန္ဓာကိုယ်ထဲက ထွက်လာသမျှ သုဘတွေလား အသုဘတွေလား ?

"အသုဘတွေပါဘုရား"

ကြိုက်တာတွေလုပ်။ ကြိုက်တဲ့အရောင်တွေဆွဲ။ ရွှေသမင်

မျက်လုံးလို လှပါတယ်ဆိုတဲ့အထဲက ဘာထွက်တုန်း ?

"မျက်ချေးထွက်ပါတယ်ဘုရား"

အဲဒီ ထွက်လာတဲ့ မျက်ချေးများ 'ငါ နင့်ကို နေ့တိုင်းသ, ထားရတာ နမြောတယ် မသုတ်ဘူး' ဆိုပြီး လျက်သလား ?

"မလျက်ပါဘူးဘုရား"

ဘာဖြစ်လို့ မလျက်တာတုန်း။ ရွံလို့ မသတီလို့ ဟုတ်ရဲ့လား။ တင့်တယ်လို့လား မတင့်တယ်လို့လား ?

"မတင့်တယ်လို့ပါဘုရား"

မတင့်တယ်တာကို စာလို သုံးတော့ ?

"အသုဘပါဘုရား"

ရတနာတွေစီခြယ်ထားတဲ့ နားရွက်ထဲက ဘာထွက် ?

"နဖာချေးတွေ ထွက်ပါတယ်ဘုရား"

သုဘတွေလား အသုဘတွေလား ?

"အသုဘတွေပါဘုရား"

နှာခေါင်းထဲက ဘာထွက် ?

"နှပ်ချေးထွက်ပါတယ်ဘုရား"

ဟုတ်ပါတယ်။ နှာတံတွေ ဆွဲလိုက်တာဗျာ။ တချို့ နှာခေါင်းတောင် ဖောက်ဆွဲလိုက်ကြသေးတယ်။ ဂေါရခါးမကြီးတွေ။ ဟိန္ဒူမကြီးတွေ ကြည့်ပါလား။ နှာခေါင်းကိုဖောက်ပြီးတော့များ မနာဘူးလား မသိဘူး။ ဒါကျတော့ နားဆွဲမခေါ်ဘဲနဲ့ နှာခေါင်းဆွဲ ခေါ်ရမလား မသိဘူးနော်။

အဲဒီလိုမွမ်းမံပြင်ဆင်တာတွေ မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

သွယ်လျပါတယ်ဆိုတဲ့ နှာခေါင်းထဲကလည်း ဘာတွေထွက်တုန်း ?

"နှပ်ချေးထွက်ပါတယ်ဘုရား"

ရွှေကွပ်ကွပ် ငွေကွပ်ကွပ်ဗျ။ နေ့တိုင်း ဘာသွားတိုက်ဆေး တွေပဲ တိုက်နေနေ၊ သွားကြားထဲက ဘာထွက်၊ ထွက်ချင်ရာတွေ ထွက်၊ သုတတွေလား အသုဘတွေလား ?

"အသုဘတွေပါဘုရား"

ဒွါရကိုးပေါက်က ထွက်လာလေသမျှ အသုဘဆိုတော့ နဂို ကတည်းက ဒီခန္ဓာကိုယ်ထဲမှာ ဘာတွေ အောင်းနေတာတုန်း ?

"အသုဘတွေ အောင်းနေတာပါဘုရား"

အသုဘတွေ အောင်းနေလို့ ဒီခန္ဓာကိုယ်ဟာ ဂူနဲ့ တူတယ်။ ဘာနဲ့ တူပါလိမ့် ?

"ဂူနဲ့တူပါတယ်ဘုရား"

ဒါဖြင့် မျက်နှာကို ဆေးဆိုးပန်းရိုက်လုပ်နေကြတာ လိမ်းခြယ် ပြုပြင်နေကြတာဟာ ဂူ ဘာလုပ်နေကြတာလဲ ?

"ဆေးသုတ်နေကြတာပါဘုရား"

အဝတ်အစားအမျိုးမျိုးတွေနဲ့ ခြံရံဝတ်စားပြီးသကာလ 'ငါတို့ ဟာ ဒီလိုအဝတ်မှ ဝတ်နိုင်တာဟေ့၊ ဘာအဝတ်မှ ဝတ်နိုင်တာဟေ့' စသည်အားဖြင့် အဝတ်အစားနဲ့ ပတ်သက်ပြီးတော့မှ ကြွားနေတာ အမှန်တော့ ဂူကို ပတ်တီးစည်းပေးထားတာ။

ဂူကို ဘာလုပ်ထားတာတုန်း ?

"ပတ်တီးစည်းထားတာပါဘုရား"

အဲဒါတွေနဲ့ လှည့်ပတ်ကြွားနေတာ မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

## မာနခံက တရားထူးမရနိုင်

ယောဂီတို့ အသက်ဆယ့်ငါးနှစ် အနှစ်နှစ်ဆယ် လှချင်ပချင်တဲ့ အရွယ်လေးတွေကို ဂူတွေ အသုဘတွေပြောရင် ကြိုက်မလား ?

"မကြိုက်ပါဘူးဘုရား"

မာဂဏ္ဍီတို့လည်း မကြိုက်ခဲ့ဘူးဗျာ။ ဘုန်းကြီးတို့လည်း တစ်နေရာ သွားဟောတဲ့အခါကျတော့ စခန်းပွဲမှာ ကလေးတွေလည်း ပါတာပေါ့။ လှချင်ပချင်တဲ့ အရွယ်လေးတွေ။ သူတို့ကို ဂူဆေးသုတ်တယ်ပြောတော့ ဆရာသမားမို့သာ အောင့်နေရတာ ဘယ်ကြိုက်မလဲဗျ။

တစ်ရက်မှာ တရားဟောပြီးတော့ ဘုန်းကြီးနဲ့ ဆရာတော်ဦးကုမာရနဲ့ ဆံရှင်းနေတာ၊ ခေါင်းရိတ်နေတာ။ ကလေးတွေက သူတို့နာတဲ့အချိန် လက်ကလေးတွေပိုက်ပြီး လမ်းလျှောက်လာတယ်။ ကလေးသုံးယောက် ဘုန်းကြီးတို့ဆံချတဲ့ ဘေးနားကနေ ဖြတ်သွားပြီးတော့မှ 'ဟော့ ဟော့ ဟိုမှာ ဂူရှင်းနေတယ်' တဲ့။

ဘုန်းကြီးတွေ ဆံချတာ ဘာလုပ်တာတဲ့လဲ ?

"ဂူရှင်းတာပါဘုရား"

တို့ဒကာ ဒကာမတွေ မှတ်ထား၊ ဒီခန္ဓာကိုယ်ကြီးဟာ ဘယ်လောက်ပဲစားစား ဘယ်လောက်ပဲပြုပြင် ပြုပြင် သုဘတွေလား အသုဘတွေလား ?

"အသုဘတွေပါဘုရား"

ဒါများ တစ်ယောက်နဲ့ တစ်ယောက် မာနတွေတက်ပြီးတော့ ကြွားနေကြတာ မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

ကြွားမည့်သာ ကြွားနေကြတာနော်။ ကဲ ဒကာကြီးတွေ ပြောကြည့်စမ်းပါ။ လူနဲ့ တိရစ္ဆာန် ဘယ်ဟာက တန်ဖိုးရှိတုန်း ?

"လူက တန်ဖိုးရှိပါတယ်ဘုရား"

အေးပေါ့ ဒါ အားလုံးက သိတာပဲ။ ကောင်းပြီ ဒါဆိုရင် အိမ်က မွေးထားတဲ့ ကြက်ကလေး လမ်းဘေးက ခွေးလေခွေးလွင့်က ကိုက်လို့ သေ၊ ကြက်ကလည်း နှစ်ပိဿာခွဲလောက်ရှိတဲ့ ကြက်ကြီး။ သေတဲ့အခါကျတော့ ကိုယ်မွေးထားတဲ့ကြက်မို့ သံယောဇဉ်ရှိပြီး ချက်မစားရက်ဘူး။ ဒါနဲ့ ခွေးကိုက်သေတဲ့ ကြက်မသာကို ခြေထောက်

ကဆွဲပြီး အရပ်ထဲလှည့် 'ကျွန်တော်တို့အိမ်က မနက်ကမှ လောလော လတ်လတ် ခွေးကိုက်လို့သေတဲ့ ကြက်မသား နှစ်ပိဿာခွဲလောက် ရှိပါတယ်။ တစ်ရာနဲ့ ဝယ်ကြမလား' ဆိုရင် ကဲ ဒကာကြီးတွေ ?

"ဝယ်မှာပါဘုရား"

ကိုင်း ကျွန်မတို့အိမ်က မနက်ကမှ ဥစ္စာပေါ ရုပ်ချော ပညာ တတ် အပျိုစစ်စစ် လူပျိုစစ်စစ် ဦးနှောက်သွေးကြောပြတ်ပြီးတော့မှ သေသွားပါတယ်။ ဘယ်အိမ်ကများ တစ်ရာနဲ့ ဝယ်ကြမတုန်း ?

"မဝယ်ပါဘူးဘုရား"

ငါးဆယ် ?

"မဝယ်ပါဘူးဘုရား"

အစိတ် ?

"မဝယ်ပါဘူးဘုရား"

အလကားပေးမယ် ?

"မယူပါဘူးဘုရား"

ကဲ ဒါဆို ခွေးကိုက်သေတဲ့ ကြက်မသာကမှ တစ်ရာတန်သေး တယ်။ ယောဂီတို့ မသာကြီးက ဘယ်လောက်ရတုန်း။ တချို့ကတော့ ပြောတယ်။ 'သေမှတော့ မထူးပါဘူး။ ငှက်ပျောတုံး လက်ပံတုံးလို ပါပဲ' တဲ့။ အဲဒီလို ရမ်းမအော်နဲ့။ ငှက်ပျောတုံးက စိတ်နာတယ်။ ဘာဖြစ်လို့တုန်း ယောဂီတို့၊ ငှက်ပျောတုံးက မုန့်ဟင်းခါးဆိုင်သွား ပေးရင် လက်ခံတယ်။ ယောဂီတို့ မသာကြီး ဘယ်မုန့်ဟင်းခါးဆိုင်က လက်ခံမလဲ ?

"လက်မခံပါဘူးဘုရား"

ဒါများ ကြွားနေသေးတယ်။ ဘာမှလည်း တန်ဖိုးမရှိဘဲနဲ့။ ဂုဏ်ကြောင့် တက်ရတာနဲ့။ ရုပ်ရုံကြောင့် တက်ရတာနဲ့။ ခနကြောင့် တက်ရတာနဲ့။ ပညာတတ်လို့ တက်ရတာနဲ့။ ဘွဲ့ရလို့ တက်ရတာနဲ့။ ဒီမာနတွေက တော်တော်ကြောက်စရာကောင်းပါလား။

မှတ်ထား ယောဂီတို့။ မာနဆိုတဲ့ တရားက ယောဂီတို့ ဘုန်းကြီးတို့လို သာမညကို မပြောနဲ့။ အနာဂါမ်ကိုတောင် ရဟန္တာမဖြစ်အောင် ကန့်ကွက်နိုင်တယ် မှတ်ပါ။ အရှင်အနုရာဓတို့ ကြည့်ပါလား။ အဘိညာဉ်ဝင်စားတဲ့နေရာမှာဆို ဇေတဂ်တောင် ရတာဗျ။ 'ငါ့လောက် အဘိညာဉ်ဝင်စားနိုင်တာ လောကမှာ ဘယ်သူရှိသေးသလဲ၊ ငါ့လောက် အဘိညာဉ် ဝသီဘော်နိုင်တာ ဘယ်သူရှိသေးသလဲ' လို့ အဲဒီအပေါ်မှာ မာန်လေးတက်နေတော့ အနာဂါမ်တည်ပြီးတာတောင် ရဟန္တာမဖြစ်ဘူး။ နောက်ဆုံး အရှင်သာရိပုတ္တရာက ပြန်လည် ကယ်တင်ပြီးတော့ ပြောပြမှ မာန်ကို လျှော့လိုက်လို့ ရဟန္တာဖြစ်တာဗျ။

ကိုင်း အနာဂါမ်တည်ပြီးတာတောင်မှ ရဟန္တာမဖြစ်အောင် ကန့်ကွက်တာသည် တခြားလား မာနလား ?

"မာနပါဘုရား"

ဒါကြောင့် ဘုန်းကြီးတို့ရဲ့ကျေးဇူးရှင်ကြီးက ခဏခဏ ပြောပါတယ်။ 'ဝိပဿနာအားထုတ်တဲ့ ယောဂီတွေဟာ မာနမထားသင့်ဘူး။ ဂုဏ်တုဂုဏ်ပြိုင် မလုပ်သင့်ဘူး' တဲ့။ ဒါကြောင့်မို့ ဘုန်းကြီးတို့ ရိပ်သာဗျာ။ တရားစခန်းဝင်ရင် တရားဝင်ကို ကြေညာထားလိုက်တာ။ 'ရွှေငွေ လက်ဝတ်ရတနာ လုံးဝ ဝတ်မလာရ' အကုန်ဖြုတ်ခိုင်းတာ။

ပါလာတယ်နော်။ ချက်ချင်းဖြုတ်။ အကယ်၍များ အဝေးကြီးကနေ လာလို့ လူရှိသေ ရှင်ရှိသေဖြစ်အောင် ဝတ်လာတယ် ဆိုပါတော့။ ကျောင်းရောက်လာတာနဲ့ တစ်ပြိုင်နက်တည်း 'ကဲ လာခဲ့ ဖြုတ်' ဖြုတ်ပြီးတော့မှ မှတ်ပုံတင်နဲ့တကွ ဆိုင်ရာဌာနမှာ သေချာအပ်ရတယ်။ သူ စခန်းထွက်ပြီ ဆိုတော့မှ မှတ်ပုံတင်နဲ့တကွ စစ်ဆေးပြီး ပြန်ပေးတာ။ ဝတ်ခွင့် လုံးဝမပေးဘူး။ နာရီတောင် ကြည့်ခွင့်မပေးဘူး။

ဘာဖြစ်လို့လဲဆိုတော့ ဒီက တရားဟောနေပြီ။ သူတို့က

အကျင့်ဖြစ်နေတော့ နာရီ ကောက်ကောက်ကြည့်တာ။ ဒီက ဘာပြော လိုက်မှန်း သူတို့ မသိတော့ဘူး။ ကြည့်စရာမလိုဘူး။ ဒီမှာ နာရီရှိပြီး သား။ စိတ်သာချ၊ ကိုယ့်ကိုယ်ကိုတော့ လိပ်ခေါင်းအထွက်မခံနိုင်ဘူး။

ကောင်းပြီ၊ ဒါဖြင့် တို့ဒကာ ဒကာမတွေ မှတ်ထားပါ။ ဂုဏ်တု ဂုဏ်ပြိုင်နဲ့ မာန်တွေခံနေရင် တရားထူး ရပါ့မလား ?

"မရပါဘူးဘုရား"

## ကလေးလိမ္မာမှ လူကြီး တရားမြန်မြန်ရ

ကိုယ်ခံယူလိုက်တဲ့ မာန ဆိုတာကလည်း ကိုယ့်မှာ ဘွဲ့တွေ ဘယ်လောက်ရပါစေ။ မာနတွေခံနေရင် ရထားတဲ့ပညာတွေ မြောင်းထဲ ပစ်လိုက်။ လောကထဲမှာ သုံးမဖြစ်ဘူး။ စာမတတ်ရင် သုံးမရဘူး။ သူများလိမ်သမျှ ခံနေရတာ။

*စာမတတ်မူ၊ အခေါက်ထူ၊ လူထဲရှင်ထဲ အသုံးမကျ။

စာတတ်ပြန်လျှင်၊ စိတ်ကြီးဝင်၊ လူမြင်တိုင်းက အော့ချင်ကြ။

ဟိုက သင်ပေးလိုက်တာက အလှဆင်ဖို့ သင်ပေးလိုက်တာ။ ဒီက ဘွဲ့လည်းရရော ကတ္တီပါကော်ဇောပေါ်မှာ ကတ္တီပါဖိနပ်လေးစီးပြီး မင်းသားလို စတိုင်ထုတ်နေတာ လောကမှာ မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

တချို့သားသမီးတွေ ပညာတွေ တတ်ပြီးတော့မှ မိဘကို စော်ကားတာ မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

အဘိုးကြီး အဘွားကြီးတွေက undate တွေ ဘာပညာမှ တတ်တာ မဟုတ်ဘူးတဲ့။ မိဘတွေက တို့လို ပညာမတတ်ရင် တို့ကို ပင်ပန်းမှာစိုးလို့ ပညာအမွေတွေ မပေးဘူးလား ပေးသလား ?

"ပေးပါတယ်ဘုရား"

သားသမီးတွေက ပညာတတ်လာတော့ ကျေးဇူးမဆပ်ဘူး။

မိဘတွေကို ပခုံးချင်းတိုင်း ခြေရာချင်းယှဉ်၊ 'အမေတို့က ဘာမှ မသိပါဘူးဗျာ' မရိုမသေ မလေးမစားနဲ့ အမေ့များ သူငယ်ချင်းပေါင်းပေါင်းပစ်လိုက်တာ။ ဒါက တော်သေးတယ်။ တချို့က သားသမီးအိမ်ထောင်ကျလို့ မြေးတွေ မြစ်တွေ ရနေပြီ။ အမေက မီးဖိုချောင်ဝင်နေရတုန်း။ အမေကို ကျွန်လိုထားတဲ့ သားသမီးတွေ လောကမှာ မရှိဘူးလား ?

"ရှိပါတယ်ဘုရား"

စားတော့ တစ်ပြုံကြီးစားတယ်။ ချက်တော့ အမေက၊ ဈေးလိုက်တော့ အမေက။ ပိုက်ဆံတောင်းတဲ့အခါကျတော့ 'အမေတို့ကလည်းဗျာ၊ အသုံးကြမ်းလိုက်တာ' တဲ့။ ကဲ ကြည့်စမ်း။ ရှာဖွေပြီးတော့ ကျွေးမွေးခဲ့တာက ဒီအမေပါ။ ပြီးတော့ အမေကို ပိုက်ဆံပေးတာတောင် စားပွဲပေါ်မှာ 'ဖပ်'ခနဲ ပစ်တင်ပေးလိုက်သေးတယ်။

အဲဒီလို မိဘအပေါ်မှာ မရိုမသေ မလေးမစားလုပ်တဲ့ သားသမီးမှတ်ထား ကြီးပွား တစ်ခဏပဲ။ နောက်ဆုံးခဏက ၇၅ နှစ်က ဟိုဘက်ကျော်သွားတော့ ဟိုဘက်ကျတော့ သူမအတွက် ကောင်းစားနိုင်စရာအကြောင်း ရှိသေးရဲ့လား ?

"မရှိတော့ပါဘူးဘုရား"

ဝေးဝေးမကြည့်နဲ့ ခု ဗုဒ္ဓရာတို့ ဘာမှအမျိုးမတော်တဲ့ ရဟန္တာဘိက္ခုနီမကို အလုပြင်တဲ့ ကြုတ်ဖူးလေး ယူခိုင်းလိုက်မိတာနဲ့ ဘဝပေါင်းငါးရာ ကျွန်ခံရတယ်ဗျ။ တစ်ခါလေး ခိုင်းမိတာတဲ့။ ဒါက အမေအရင်းနော်။ အမေကို အိမ်ရှေ့ခန်းမထားဘဲနဲ့ အိမ်နောက်ခန်း မီးဖိုချောင်ထဲကကို မထွက်ရဘူး။

အမေက မြေးအတွက် ထိန်းရ၊ သမီးအတွက် ချက်ရ။ သားသမီးတွေက ဈေးအကြောင်းပြ၊ ကျောင်းအကြောင်းပြ၊ ရုံးအကြောင်းပြ။ ပြန်လာတော့ မိဘချက်ကျွေးတာ အေးဆေးမစားဘဲ ချေးများနေသေး

တယ်။ အမေကို ချက်ခိုင်းတာကိုက လွန်လှပြီဗျ။ တချို့များ ကျောင်းက ပြန်လာတဲ့ သမီးကို ရေခဲသေတ္တာထဲက ရေထုတ်တိုက်ရတယ်။ အမေကတော့ ကိုယ့်သမီး မောမှာစိုးလို့ပေါ့။ ဒါပေမဲ့ သောက်ရဲတာ အံ့ဩလို့ မဆုံးဘူး။

အမေရှုံးကျွေးတဲ့ ထမင်းကို ခရင်းနဲ့ ဇွန်းနဲ့ ဇိမ်ခံစားပြီးတော့မှ အမေကို ပန်ကန်ဆေးခိုင်းတာ အံ့ဩလို့ မဆုံးဘူး။ ဒါကြောင့် မင်္ဂလာတရားတော်က သုသိက္ခိတော တဲ့။ 'လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာသင်ကြား နားလည်စေ' တဲ့။ ၃၈ ဖြာ မင်္ဂလာမှာ အဲဒါတွေ ပယ်ပယ်နယ်နယ် ပြောထားတယ်။ မိသားစုရဲ့ ငြိမ်းချမ်းရေး ရချင်ရင် အဲဒီတရားတွေနာမှ ရမှာ။ ကိုယ့်သားသမီးကို လိမ္မာစေချင်တယ်။ အသက်ကြီးမှ ကိုယ့်သားသမီးက ကိုယ့်ရဲ့ဗိုက်ကို ဓားနဲ့ မထောက်စေချင်ဘူးဆိုရင် အခုကတည်းက မင်္ဂလာရှိအောင် လုပ်ထား။ ယဉ်ကျေးသိမ်မွေ့အောင် လုပ်တာ။

ဖြစ်ပျက်က ဒုက္ခသစ္စာ၊ အကုန်ဖြစ်ပျက်ကချည်း လုပ်လို့ မရဘူး။ လူတိုင်း ဉာဏ်ရင့်တာ မဟုတ်ဘူး။ ဟောတဲ့နေ့မှာ ဉာဏ်နုဉာဏ်လတ် ဉာဏ်ရင့် မရှိဘူးလား၊ ရှိသလား ?

"ရှိပါတယ်ဘုရား"

အဲဒီတော့ ယဉ်ကျေးမှုလည်း ရှိရမယ်။ ယဉ်ကျေးမှုရှိပြီး မာန်မာနတွေ ကင်းမှသာလျှင် လိုချင်တဲ့ နိဗ္ဗာန်နန်းကို ဆိုက်ရောက်မယ်။ 'ဂါရဝေါစ နိဝါတောစ၊ သန္တုဋ္ဌီစ ကတညုတာ' မင်္ဂလာတရား မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

'အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊ ဆည်းကပ်ခစား ရိုသေသေ၊ မာနတံခွန် ဂုဏ်မကြွားနဲ့၊ ကိုယ်ကို နှိမ့်ချ အမြဲနေ' ဒါမျိုးတွေကျတော့ ဒီနေ့လူငယ်တွေ တတ်ရကောင်းမှန်း မသိဘူး။ မဟုတ်တဲ့

'ယောက်ဖရေ' ကျတော့ ရတယ်ဗျ။

မှတ်ထား၊ အရှင်ဘုရားတို့။ အကုန်လုံး ယူထားရတယ်။ စုံအောင်ကို လေ့လာထားရတယ်။ ဂွင်တည့် တည့်သလို ထည့်ပေးရတယ်။ ဘုရားလက်ထက်ကဟာတွေ သွားပြောလို့ သူတို့ နားမလည်ဘူး။ အခုခေတ်ထဲမှာ ဖြစ်နေတာတွေကို ဒိုင်းခနဲ ဒိုင်းခနဲဟောမှ ဉာဏ်က 'ဖျတ်' ခနဲ 'ဖျတ်' ခနဲ ပွင့်သွားတာ။

ဒါကြောင့် ကလေးတွေကိုလည်း လိမ္မာစေချင်တယ်။ လူကြီးတွေကိုလည်း ငြိမ်းချမ်းစေချင်တယ်။ အိမ်နောက်လုံတော့ အိမ်ရှေ့ချမ်းသာတာပေါ့။ အိမ်နောက်ပူရင် အိမ်ရှေ့ မချမ်းသာဘူးတဲ့။ သားသမီးစိတ်မချရင် မိဘက ဘယ်လိုလုပ် တရားအားထုတ်နိုင်မလဲ။ သားသမီးတွေ လိမ္မာတော့ မိဘတွေ အေးအေးချမ်းချမ်း လွတ်လွတ်လပ်လပ် စိတ်ချလက်ချ အားထုတ်တော့ မြန်မြန်ဆန်ဆန် သံသယကင်းကင်းနဲ့ အားထုတ်တော့ သောတာပန် မြန်မြန်တည်တာပေါ့ဗျာ။

ဒါကြောင့် ကလေးတွေ လိမ္မာယဉ်ကျေးဖို့ လိုသလား၊ မလိုဘူးလား ?

"လိုပါတယ်ဘုရား"

## အတိတ်အကြောင်းဆိုတာ ဓမ္မပါ

ဒီလိုနဲ့ တငွေ့ငွေ့ တရွေ့ရွေ့နဲ့ လူကသာ ရှေ့တိုးလေ သေဖို့နီးလေ။ ပြီးတော့ 'သကြိန်မွေဦး' ဘာတဲ့ ?

"တူးပို့ တူးပို့ပါဘုရား"

ဟုတ်တယ်။ တူးပြီးဖို့ ရတော့မှာပဲ။ သေခါနီးပြီလို့ ပြောနေတာ။ ဘာပြောနေတာတုန်း ?

"သေခါနီးပြီလို့ ပြောတာပါဘုရား"

ရှိသေးတယ်။ ရှာပုံတော်မင်းသားကြီးတဲ့။ ကိုယ့်ခန္ဓာထဲရှာဖို့

တော့ စိတ်မကူးဘူး။ ဒါတွေနဲ့ အချိန်ကုန်တာရော မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

တချို့က ကိုယ့်အသက်အရွယ်မှ အားမနာဘူး။ အသက်ခုနစ်ဆယ် ရှစ်ဆယ်ကလည်း မိန်းမဝတ်တဲ့ ပါတိတ်ကြီးကို အင်္ကျီလုပ်ပြီး ဝတ်နေတာ ရှိသေးတယ်ဗျ။ အဲဒီလို ကို့ရိုးကားရားလုပ်တဲ့အထဲမှာ တို့ယောဂီများ ပါသေးလား ?

"မပါပါဘူးဘုရား"

ဒါ ဘုန်းကြီး ရယ်စရာပြောနေတယ် မထင်နဲ့။ ကာလရဲ့ စားသောက်ဝါးဖတ်သင့်နေတာကို မသိဘဲနဲ့ မာနတွေ ထောင်နေကြတာကို ပြောနေတာ။ ဒီလိုနဲ့ သတ္တဝါတွေဟာ သံသရာမှာ ကျင်လည်ခဲ့ကြရတယ်။

ယောဂီတို့ ဘုန်းကြီးတို့ဟာ ဒုက္ခပေါင်းစုံနဲ့ ကျင်လည်ခဲ့ရတာ မများဘူးလား၊ များခဲ့လား ?

"များပါတယ်ဘုရား"

တခြားမသိတာလား ကာလလက်ချက် မသိတာလား ?

"ကာလလက်ချက် မသိတာပါဘုရား"

မသိအောင် ဖုံးထားတာက ဘယ်သူတုန်း ?

"အဝိဇ္ဇာပါဘုရား"

မသိဘဲနဲ့ ရတဲ့ဘဝမှာ ပျော်နေတာက ?

"တဏှာပါဘုရား"

မရ မနေနိုင် စွဲလန်းတာက ?

"ဥပါဒါန်ပါဘုရား"

နောက်ထပ် ဘဝတွေရကြောင်း ပြုလုပ်တာက ?

"ကမ္မဘဝပါဘုရား"

အတိတ်အကြောင်း ဘယ်နှစ်ပါးတုန်း ?

"လေးပါးပါဘုရား"

ဘယ်သူတွေလဲ ပြော ?

"အဝိဇ္ဇာနှင့် တဏှာအရင်းခံ ဥပါဒါန်
ကံကြောင့် ရုပ်နာမ်ပေါ်"

အတိတ်က ကာလရဲ့ စားသောက်ဝါးဖတ်သင့်လို့သာ သေချင်းဆိုးနဲ့သာ သေခဲ့ရတာ ခန္ဓာပေါ် ဉာဏ်ရောက်ခဲ့ရဲ့လား ?

"မရောက်ခဲ့ပါဘူးဘုရား"

မရောက်အောင် ကန့်ကွက်တာ ဘယ်သူပါလိမ့် ?

"အဝိဇ္ဇာပါဘုရား"

ဒါဖြင့် အဝိဇ္ဇာက ခေါင်းဆောင်ကန့်ကွက် အကြောင်းတရားတွေ လုပ်ခဲ့ မလုပ်ခဲ့ ?

"လုပ်ခဲ့ပါတယ်ဘုရား"

လုပ်ခဲ့ပါတယ်လို့ ဘယ်သူက သက်သေပြတုန်း ?

"ခန္ဓာက သက်သေပြတာပါဘုရား"

အဲဒါကြောင့် အဝိဇ္ဇာ တဏှာ ဥပါဒါန်ကံ။ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ သိကြား ဗြဟ္မာ ထာဝရဘုရားပါရဲ့လားဟေ့ ?

"မပါပါဘူးဘုရား"

ဒီမှာကြည့်လေ၊ အခြင်းအရာတုန်းက ဘယ်နှစ်ပါးလဲ ?

"ငါးပါးပါဘုရား"

အခုလက်ထဲမှာကျ ဘယ်နှစ်ပါးလဲ ?

"လေးပါးပါဘုရား"

ငါးပါးကနေ လေးပါး ဘာကြောင့်ဖြစ်သွားရတာတုန်း။ တစ်ပါး ဆွမ်းခံကြွနေလို့ နေမှာ။ ဒီမှာလေ ယောဂီတို့။ သင်္ခါရပေါ့နော်။ သင်္ခါရကို တရားကိုယ်ကောက်ရင် စေတနာ။ ဒီဘက်က ကမ္မဘဝကို တရားကိုယ်ကောက်ရင်လည်း စေတနာ။ အဲဒီလို တရားကိုယ်ချင်းတူတဲ့ အတွက်မို့လို့ ပေါင်းလိုက်တာ။ ဒါကြောင့်မို့ နှစ်ခုကို တစ်ခုတည်း

ပေါင်းလိုက်လို့ ငါးပါးကနေ ဘယ်နှစ်ပါး ဖြစ်သွားရတာလဲ။

"လေးပါးဖြစ်သွားရတာပါဘုရား"

ဘာကြောင့်ပါလိမ့်။

"တရားကိုယ်ချင်း တူလို့ပါဘုရား"

ယောဂီတို့ ဘုန်းကြီးတို့မှာ အတိတ်က ပြုလုပ်ခဲ့တဲ့ အကြောင်းတရား ဘယ်နှစ်ပါးရှိသလဲ ?

"လေးပါးပါဘုရား"

အဲဒီအကြောင်းတရားလေးပါးဟာ ပုဂ္ဂိုလ်သတ္တဝါလား၊ ဓမ္မလား ?

"ဓမ္မပါဘုရား"

ကဲ ကုသိုလ်ကောင်းမှုလုပ်တော့လည်း သစ္စာသိ လုပ်တာလား၊ မသိဘဲ လုပ်တာလား ?

"မသိဘဲ လုပ်တာပါဘုရား"

မသိတာက ?

"အဝိဇ္ဇာပါဘုရား"

မသိဘဲ ဟိုဘုံ ဒီဘဝ လိုချင်တာက ?

"တဏှာပါဘုရား"

မရ မနေနိုင် စွဲလန်းတာက ?

"ဥပါဒါန်ပါဘုရား"

လက်အုပ်ကလေးချီကာ ဆုတောင်းနေတာက ?

"ကမ္မဘဝပါဘုရား"

အတိတ်အကြောင်း ဘယ်နှစ်ပါးတုန်း ?

"လေးပါးပါဘုရား"

ဒီအကြောင်းတရားလေးပါးဟာ ပုဂ္ဂိုလ်သတ္တဝါလား ဓမ္မလား?

"ဓမ္မပါဘုရား"

အကျိုးတရားလား အကြောင်းတရားလား ?

"အကြောင်းတရားပါဘုရား"

ဘယ်ကာလက လုပ်ခဲ့တာလဲ ?

"အတိတ်ကာလကပါဘုရား"

ဘာသစ္စာပွားခဲ့တာလဲ ?

"သမုဒယသစ္စာ ပွားခဲ့တာပါဘုရား"

ပဋိစ္စ သမုပ္ပါဒ်အလိုအရ ဘယ်အကွက်တုန်း ?

"(၁) အကွက်ပါဘုရား"

အဲဒီတော့ အတိတ်က အကြောင်းတရားလေးပါး၊ သမုဒယသစ္စာပွားခဲ့လို့ ကံကြောင့် ဘာပေါ်တာလဲ ?

"ရုပ်နာမ်ပေါ်တာပါဘုရား"

ဟော အခု ရုပ်နာမ်မပေါ်ဘူးလား ပေါ်သလား ?

"ပေါ်ပါတယ်ဘုရား"

ဖြန့်လိုက်တော့ ခန္ဓာ ဘယ်နှစ်ပါးတုန်း ?

"ငါးပါးပါဘုရား"

ခန္ဓာအကျဉ်းချုပ် ဘာနဲ့ ဘာ ?

"ရုပ်နဲ့ နာမ်ပါဘုရား"

ဒီခန္ဓာရတော့လည်း ဘယ်ကာလမှာ ရနေတာလဲ ?

"ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှာပါဘုရား"

ဒါဖြင့် ကာလမှန်ရင် ဘာလုပ်တော့မှာလဲ ?

"စားတော့မှာပါဘုရား"

အဲဒီလို အစားခံ အဝါးခံရလို့လည်း ငယ်တုန်းက အသားအရည်တွေ ရှိသေးရဲ့လား ?

"မရှိတော့ပါဘူးဘုရား"

ဘယ်သူ့လက်ချက်မိတာတုန်း ?

"ကာလလက်ချက်မိတာပါဘုရား"

## မွေးသေ သစ်ဟောင်း ဖြစ်ပျက် ကာလရဲ့လက်ချက်

အတိတ်ကလည်း ကာလလက်ချက်မိပြီနော်။ သူများပါးစပ် လမ်းဆုံးခဲ့ရပြီးပြီ။ ဘယ်သူ့ပါးစပ် ?

"သူများပါးစပ်ပါဘုရား"

ဟုတ်တယ် သူများပါးစပ် လမ်းဆုံးခဲ့ရပြီ။ မရဏမင်း ပါးစပ် ဖျားမှာ လမ်းဆုံးခဲ့ရတယ်လေ။ ကြက်ဖြစ်တော့လည်း သူများပါးစပ် လမ်းဆုံး ဝက်ဖြစ်တော့လည်း ?

သူများပါးစပ် လမ်းဆုံးပါဘုရား"

မှတ်ထား ယောဂီတို့။ သစ္စာမသိရင် ခေါင်းအမျိုးမျိုးပြောင်းပြီး သံသရာ လည်ရမှာ။ ကြက်ဖြစ်လည်း သူများပါးစပ်၊ ဝက်ဖြစ်လည်း သူများပါးစပ်၊ ပုရစ်ဖြစ်လည်း သူများပါးစပ်ပဲ။ တီကောင်ဖြစ်တောင် သူများပါးစပ်ပဲ။ တစ်နေ့က ဂျာနယ်ထဲမှာ ဖတ်လိုက်ရတယ်။ တီကောင် အကောင်ရေ ၅၅၀ ကို နှစ်မိနစ်ထဲနဲ့ အပြီးစားတာတဲ့။ တရုတ် ပြည်မှာလေ။

ဘုန်းကြီးတို့ ရွှေလီရောက်တော့ အာဟာရသုံးဆောင်ကြမယ် လုပ်တော့ 'ဘုန်းဘုန်းဘုရား ကျွိသုံးကျွိ သုံးဆောင်မလားဘုရား' ဆိုတော့ 'ဘာလဲကွ ကျွိသုံးကျွိ' မေးလိုက်မိတယ်။ ကျွိသုံးကျွိ ဆိုတာ တခြားမဟုတ်ဘူး။ ကြွက်နီတာရဲလေးတွေ ပြောတာဗျ။ ကြွက်နီတာ ရဲလေးကို အုပ်ဆောင်းနဲ့ အုပ်ထားတာ။ ကြွက်ကလေးတွေက သေး သေးလေးတွေ၊ ဒီကြားထဲ ဆီသုတ်ထားတော့ ကြွက်သေးသေးလေး တွေဆိုတော့ လက်သည်းမရှိ ဘာမရှိနဲ့ ဘယ်တက်နိုင်ပါ့မလဲ။

အဲဒါကို အုပ်ကလေးဖွင့်ပြီးတော့ 'စားတော့' တဲ့။ 'ငါစားတာ တော့ မစားချင်ဘူးကွာ။ ဗဟုသုတအဖြစ် ကြည့်ချင်လို့' ဆိုတော့ 'ဒါဆိုရင်ဘုရား သီးသန့်မှာ မနေတော့ဘူး။ သူများစားတာ ကြည့်ကြ တာပေါ့' ဒါနဲ့ အဝေးကပဲ ကြည့်နေလိုက်တယ်။ စားတဲ့လူက ကြွက်

ကလေးကို တူနဲ့ ညှပ်လိုက်တော့ ကြွက်ကလေးက 'ကျွီ' လို့အော်တယ်။ အဲဒါကို အချည်ရည်နဲ့ တို့တာ။ အရှင်လတ်လတ်ကြီးနော်။ ကြွက်ရဲ့အသားအရည်က အချဉ်နဲ့တွေ့တော့ စပ်တာပေါ့ဗျ။ အဲဒါ 'ကျွီ' ခနဲ အော်လိုက်။ ပထမ တူနဲ့ ညှပ်တုန်းက 'ကျွီ' တစ်ကျွီ ရှိသွားပြီ။ နောက်တစ်ခါ အချဉ်ရည်နဲ့ တို့လိုက်တော့ 'ကျွီ' နှစ်ကျွီ ရှိသွားပြီ။ အဲဒီမှာ ပါးစပ်ထဲထည့်ပြီး ကိုက်လိုက်ရော 'ကျွီ' အဲဒါ ကျွီသုံးကျွီ တဲ့။

လူတွေက စားပြီဆိုရင် ပက်ပက်စက်စက်ကို စားတာ။ လူသားတစ်ယောက်ရဲ့ အသိစိတ်ဓာတ် ဘာမှ မရှိတော့ဘူး။ ဒါကြောင့်ပြောတာ 'လူက ဘီလူး' ဆိုတာ ဟုတ်တယ်။ ပျက်စီးမည့်ကာလရောက်င် 'ဘုန်းကြီးက လူ၊ လူက ဘီလူး' တဲ့။ ဘုန်းကြီးတွေကလည်း လူတွေ စတိုင် ဖြစ်ကုန်ပြီတဲ့။ ဆောက်တဲ့ကျောင်းတောင် ကျောင်းနဲ့ မတူဘူး။ အိမ်နဲ့ တူလာပြီ။ လူတွေအိမ်တွေနဲ့ ရောကုန်ပြီ။

ဒါကြောင့်မို့ မတူသင့်တာတွေ သွားတူလို့ရှိရင် မစည်ကားသင့်တဲ့အရပ်မှာ သွားစည်ကားလို့ရှိရင် အဲဒီလောကကြီး ပျက်စီးတော့မယ်တဲ့။ မစည်ကားသင့်တဲ့ ရေဝေးမှာ စည်ကားနေတာ။ ရုံးဂတ်ကန္နား ဆေးရုံတွေမှာ စည်ကားနေတာ ကြည့်။ အဲဒါ လောကပျက်စီးဖို့ အကြောင်းတရား။ ယောကျ်ားနဲ့ မိန်းမ ကြည့်လေ။ ရှေ့က ကြည့်ကြည့်၊ နောက်က ကြည့်ကြည့်၊ ဘယ်ဟာက မိန်းမ၊ ဘယ်ဟာက ယောကျ်ား မှန်း မသိတော့ဘူး။ ခွဲမရတော့ဘူးဗျ။

ဒါကြောင့် အစားပက်စက်တာတွေ၊ အနေပက်စက်တာတွေ နဂိုကတည်းက ကာလက စားချင် ဝါးချင်ပါတယ်ဆိုမှ 'ကျွန်မ မြန်မြန်စားလှည့်ပါ၊ ကျွန်တော့် မြန်မြန်စားလှည့်ပါ' မဖိတ်ခေါ်သော်လည်း ဖိတ်ခေါ်သကဲ့သို့ နဂိုကတည်းက အနိုပ်စက်ခံနေရပါတယ်ဆိုမှ ကိုယ်က အနေအထိုင်မတတ်တော့ ပိုတောင် ဆိုးသေးတယ်။

ဒီလိုနဲ့ ငယ်ငယ်နဲ့ သေသွားတာ မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

ဒါကြောင့် ကိုယ် ဘယ်နေရာ ဘယ်နေရာ၊ ဘယ်အချိန် ဘယ်ကာလ၊ ဘယ်ရောဂါနဲ့ ဘယ်လိုသေမလဲ ဆိုတာ ဘယ်သူသိတုန်း ?

"မသိပါဘူးဘုရား"

သေမှာကတော့ ?

"သိပါတယ်ဘုရား"

သေချာတာပေါ့ ဘယ်သူ့ရဲ့စားဖတ် ဝါးဖတ် ?

"ကာလရဲ့ စားဖတ် ဝါးဖတ်ပါဘုရား"

ဘယ်သူ့လက်ထဲ ရောက်နေလို့လဲ ?

"ကာလလက်ထဲ ရောက်နေလို့ပါဘုရား"

အဲဒီ ကာလအကြောင်းမသိ၊ လောကအကြောင်းမသိ၊ လောကဆိုတာလည်း ပြန်ကြည့်တော့ လောက ဘယ်နှစ်မျိုး ရှိသလဲ ?

"သုံးမျိုးပါဘုရား"

လောကဝိဒူ ဆိုတဲ့ ဂုဏ်ပုဒ်ကြီးက အလကား မဟုတ်ဘူး၊ လောကအကြောင်း အကုန်သိရမယ်တဲ့။ လောကသုံးပါးက ဘာတွေလဲ ?

"ဩကာသလောက သတ္တလောက သင်္ခါရလောကပါဘုရား"

သတ္တလောက ဆိုတာ လူနတ်ဗြဟ္မာ ၃၁ ဘုံ သတ္တဝါတွေ။ အဲဒီ သတ္တဝါတွေအားလုံး ဘာလောကတုန်း ?

"သတ္တလောကပါဘုရား"

သတ္တလောကမှာ ပြန်ကြည့်လိုက်။ အမွေးနဲ့ အသေကြားမှာ ဘာဂုဏ် ဘာဟိတ် ဘာဟန်တွေပဲ လုပ်နေနေ၊ နောက်ဆုံးကျတော့ မွေးခြင်းအစ သေခြင်းအဆုံး မွေးသေပဲ။ ကြာလေ ကြာလေ ယောဂီတို့ ဘုန်းကြီးတို့ရဲ့ဘဝက ပုခက်နဲ့ဝေးပြီး ကြေးစည်နဲ့ နီးနီးလာပြီ။

ဘာနဲ့ဝေး ?

"ပုခက်နဲ့ ဝေးပါဘုရား"

ဘာနဲ့နီး ?

"ကြေးစည်နဲ့ နီးပါဘုရား"

ပုခက်နဲ့ ဝေးလေ၊ ကြေးစည်နဲ့ နီးလေ။ ငါ လူလားမြောက်ပြီ ဆိုပြီး မြောက်မနေနဲ့။ သေခါနီးပြီလို့ ပြောတာ။

အဲဒီတော့ မွေးခြင်းက အစ ?

"သေခြင်းအဆုံးပါ ဘုရား"

ဒါကြောင့် သတ္တလောကကိုကြည့်ရင် မွေးပြီး သေရတာ ဘယ်သူ့ရဲ့လက်ချက် ?

"ကာလရဲ့လက်ချက်ပါဘုရား"

တချို့က ကာလဆို ကာလသုံးပါးပဲ သိတယ်။ ကာလရဲ့ သဘောတရားကို နက်နက်နဲနဲသိတဲ့လူ ရှားတယ်ဗျ။ ကဲ ကောင်းပြီ ယောဂီတို့ရေ ယောဂီတို့ ဘုန်းကြီးတို့ မှီတင်းနေထိုင်တဲ့ ခတ်ကြီး လေးပါး၊ ဥတု ရေမြေတောတောင် ရာသီ မရှိဘူးလား။ ပြီးတော့ကျ အိုးအိမ်တိုက်တာ ရတနာတွေ မရှိဘူးလား ?

"ရှိပါတယ်ဘုရား"

စားဖွယ်သောက်ဖွယ် အရာဝတ္ထု အကုန်မရှိဘူးလား ?

"ရှိပါတယ်ဘုရား"

အဲဒီ လူ့လောက အသုံးအဆောင်မှန်သမျှတို့သည် ဩကာသ လောက ဘာလောကလဲ ?

"ဩကာသလောကပါဘုရား"

ဩကာသလောကဆိုတာလည်း သစ်ပြီးရင် ?

"ဟောင်းပါမယ်ဘုရား"

ဘယ်သူ့ရဲ့လက်ချက်တုန်း ?

"ကာလရဲ့လက်ချက်ပါဘုရား"

သတ္တလောကရဲ့ မွေးသေက ဘယ်သူ့လက်ချက် ?

"ကာလရဲ့လက်ချက်ပါဘုရား"

ပစ္စည်းဝတ္ထု သြကာသလောကရဲ့ သစ်ပြီးဟောင်းတာ ဘယ်သူ့လက်ချက် ?

"ကာလရဲ့လက်ချက်ပါဘုရား"

ဘယ်ဟာများ မြဲတယ် ခိုင်တယ် တည်တယ် ခန့်တယ်ဆိုတာ ရှိသလား ?

"မရှိပါဘူးဘုရား"

ကဲ ကောင်းပြီ၊ သင်္ခါရလောက။ အခု ဘုန်းကြီးတို့ ယောဂီတို့ ရထားတာ ခန္ဓာ ဘယ်နှစ်ပါးတုန်း ?

"ငါးပါးပါဘုရား"

ဒီခန္ဓာရတာ အလိုလိုရတာလား၊ အကြောင်းတရားကြောင့်လား ?

"အကြောင်းတရားကြောင့်ပါဘုရား"

အကြောင်းတရားကို ကြည့်တော့ အကြောင်းတရား ဘယ်နှစ်ပါးလဲ ?

"လေးပါးပါဘုရား"

လင်္ကာက ဘယ်လိုဆိုတုန်း ?

"အဝိဇ္ဇာနှင့် တဏှာအရင်းခံ ဥပါဒါန်

ကံကြောင့် ရုပ်နာမ်ပေါ်"

အခု မပေါ်ဘူးလား ပေါ်ပြီလား ?

"ပေါ်ပါပြီဘုရား"

အကြောင်းတရားက ပြုပြင်လို့ ပေါ်လာတဲ့ ခန္ဓာမို့ တခြားလား၊ သင်္ခါရတရားလား ?

"သင်္ခါရတရားပါဘုရား"

ဒါကြောင့် ယောဂီတို့ ဘုန်းကြီးတို့ ခန္ဓာကိုယ်ကြီးက ဘာတရားတုန်း ?

"သင်္ခါရတရားပါဘုရား"

ဘာဖြစ်လို့ သင်္ခါရလို့ ပြောတာလဲလို့ မေးရင် သူများပြုပြင်၍ ဖြစ်ပေါ်လာသောကြောင့် သင်္ခါရတရား ပြော ?

"သူများပြုပြင်၍ ဖြစ်ပေါ်လာသောကြောင့် သင်္ခါရတရားပါ ဘုရား"

ဒါဖြင့် ယားတာပေါ်လည်း သင်္ခါရ၊ ကျဉ်တာပေါ်လည်း သင်္ခါရ၊ အောင့်တာပေါ်လည်း သင်္ခါရ၊ သင်္ခါရကို သင်္ခါရလို့ သိထားတဲ့ အတွက်ကြောင့် ငါအောင့်တယ် ငါနာတယ်ဆိုတဲ့ အယူ ယူပါဦး မလား ?

"မယူတော့ပါဘူးဘုရား"

သင်္ခါရပေါ် ဉာဏ်ရှင်းတော့ ဘယ်သူပြုတ်တာတုန်း ?

"ဒိဋ္ဌိပြုတ်ပါတယ်ဘုရား"

သင်္ခါရေ သဿတာ နိစ္စိ။ သင်္ခါရေ– သင်္ခါရတရား၌၊ သဿတာ– ခိုင်တယ် မြဲတယ် တည်တံ့တယ် ဆိုတာ ရှိသလားဟေ့ ?

"မရှိပါဘူးဘုရား"

အဲဒီတော့ ဘယ်ခမ္မလေး ပေါ်လာ ပေါ်လာ ဖြစ်ပြီးတာနဲ့ ?

"ပျက်ပါတယ်ဘုရား"

ဖြစ်ပြီး ပျက်တာက ဘယ်သူ့လက်ချက် ?

"ကာလရဲ့လက်ချက်ပါဘုရား"

မွေးပြီး သေရတာရော ?

"ကာလရဲ့လက်ချက်ပါဘုရား"

သစ်ပြီး ဟောင်းတာရော ?

"ကာလရဲ့လက်ချက်ပါဘုရား"

ဒါဖြင့် လောကသုံးပါ။ ဘာကြောင့် လောကလို့ ပြောသလဲ။ 'လုစ္စန ပလုစ္စန တေန လောကော' ဖြစ်ပြီး ပျက်နေလို့ လောက၊ မွေးပြီး သေလို့ လောက၊ သစ်ပြီး ဟောင်းနေလို့ လောက။

မွေးပြီး သေတာ ဘာလောက ?

"သတ္တလောကပါဘုရား"

သစ်ပြီး ဟောင်းတာ ?

"သြကာသလောကပါဘုရား"

ဖြစ်ပြီး ပျက်တာ ?

"သင်္ခါရလောကပါဘုရား"

ဟော လောက ဘယ်နှစ်ပါးတုန်း ?

"သုံးပါးပါဘုရား"

ဘယ်လောက မြဲတုန်း ?

"မမြဲပါဘူးဘုရား"

ဘယ်လောကမှ မမြဲအောင် စားဝါးပစ်တာ ဘယ်သူတုန်း ?

"ကာလပါဘုရား"

## အဆိပ်ပင်ခန္ဓာ မျိုးတွေ ပြန့်ပွားလာခဲ့

ကာလလက်ထရောက်လို့ လောကထဲမှာရရင် **ဘယ်လောက**ရရ ဘယ်ဘဝရရ ဘယ်ဟာမှ မမြဲပါလားလို့ သိရင် **ခိုင်တယ် မြဲတယ်** ဆိုတဲ့ မာနတွေ လာဦးမလား ?

"မလာတော့ပါဘူးဘုရား"

ဘာဒိဋ္ဌိစင်မှာလဲ ?

"သဿတဒိဋ္ဌိ စင်မှာပါဘုရား"

ပျက်ပြီးရင် ဒီအတိုင်းနေမှာလား၊ အစားထိုးမှာလား ?

"အစားထိုးမှာပါဘုရား"

အစားထိုးတာလေး သိလိုက်တော့ ဘာဒိဋ္ဌိစင်မှာလဲ ?

"ဉစ္ဆေဒဒိဋ္ဌိ စင်မှာပါဘုရား"

ဒီလောကကြီးက ကြည့်စမ်းပါဦး။ လောကသုံးပါး အလိုလို ဖြစ်တာဟာ အကြောင်းကြောင့် အကျိုးပေါ်တာလား ?

"အကြောင်းကြောင့် အကျိုးပေါ်တာပါဘုရား"

ဒါဖြင့် အကြောင်းမမှုကြောင့် အကျိုးပေါ်တာပဲ။ အကြောင်းတရားလေးပါးကြောင့် အကျိုးရုပ်နာမ်ပေါ်တာပဲလို့ ပိုင်ပိုင်နိုင်နိုင် သိလိုက်တော့ 'ဗြဟ္မာကြီးက ဖန်ဆင်းတာလား၊ နတ်မင်းကြီးက ဖန်ဆင်းတာလား' ဆိုတဲ့ သံသယ လာစရာ လိုသေးလား ?

"မလိုတော့ပါဘူးဘုရား"

အကြောင်းတရားပေါ် ဉာဏ်ရှင်းတော့ ဘာသေ ?

"ဝိစိကိစ္ဆာ သေပါတယ်ဘုရား"

အကျိုးတရားပေါ် ဉာဏ်ရှင်းတော့ ဘာပြုတ် ?

"ဒိဋ္ဌိပြုတ်ပါတယ်ဘုရား"

ဒါဖြင့် အကြောင်းအကျိုးကို ဉာဏ်နဲ့ ရှင်းအောင် သင်ပေးနေတာ ဘယ်သူနဲ့ ဘယ်သူ ပြုတ်စေချင်လို့လဲ ?

"ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ပြုတ်စေချင်လို့ပါဘုရား"

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပြုတ်မှ ဒီဘဝ ဘာတည်မှာလဲ ?

"သောတာပန် တည်မှာပါဘုရား"

ရည်ရွယ်နေတာက ဒိဋ္ဌိဝိစိကိစ္ဆာ ပြုတ်ဖို့နော်။ ဒါကြောင့် ပဋိစ္စ သမုပ္ပါဒ် သင်တယ်ဆိုရင် သင်တဲ့ရည်ရွယ်ချက် ပါပါစေ။ သစ္စာ ပါရမယ်၊ သံဝေဂပါရမယ်။ ပဋိစ္စ သမုပ္ပါဒ် ပါရမယ်။ ဒိဋ္ဌိပြုတ် ပါရမယ်။ အလုပ်ပေးရပါမယ်။ ဒီအင်္ဂါငါးရပ်နဲ့ ပြည့်စုံခြင်းကို မိုးကုတ် ဥပနိဿယလို့ ခေါ်တာဗျ။

ဒါ့ကြောင့် ဘယ်မှာ ဘယ်လိုဟောလာလာ၊ ပဋိစ္စ သမုပ္ပါဒ်နဲ့ ကင်းပြီး ဟောလာတဲ့နေ့ရယ်လို့ ရှိသလား ?

"မရှိပါဘူးဘုရား"

ဒါကြောင့် ဆရာတော်ဘုရားကြီးရဲ့ ဥပနိဿယဟာ တကယ့် ဣစ္ဆာသယကြီးပါဗျာ။ သုံးလို့ကို မကုန်နိုင်ပါဘူး။ ဟောလို့ကို မကုန်နိုင်ပါဘူး။ အရှင်ဘုရားဗျာ ပညာလည်းတတ် စာလည်း တတ်ပြီး

သွားပါဘုရား။ ပဋိစ္စ သမုပ္ပါဒ် အခြေခံသင်တန်းလေးနဲ့ ခန္ဓာဉာဏ် ရောက် တရားလေးကို ကိုယ်တိုင်လုပ်လို့၊ ပညတ် ပရမတ်တရား လေးကို ကိုယ်တိုင်ကွဲလို့ ဖြစ်ပျက်ကို ဖြိုင်နေအောင် ရင်ထဲအေးလို့ မြင်အောင် လုပ်ထားပါဘုရား။ မမြင်ဘဲနဲ့ မဟောပါနဲ့။ ပလ္လင်ပေါ် တင် ချွေးပျံသွားပါလိမ့်မယ်။ ဟောကာနီးပြီ ဆိုရင် ရေသောက်ရမှာလို ခြေထောက်ရေဆေးရမှာလို ဖြစ်ရတာ အခြေခံ မနိုင်နင်းလို့ပါဘုရား။ ကြိုးစားပါဘုရား။

ပဋိစ္စ သမုပ္ပါဒ်သင်တန်းပို့ချတယ် ဆိုတာ ဘယ်သူနဲ့ ဘယ်သူ ပြုတ်စေချင်လို့ ?

"ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ပြုတ်စေချင်လို့ပါဘုရား"

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာသေမှ ဘာတည်မှာလဲ ?

"သောတာပန် တည်မှာပါဘုရား"

ကဲ သောတာပန်တည်တော့ ပထမနိဗ္ဗာန် မရဘူးလား ရမလား ?

"ရပါတယ်ဘုရား"

ယောဂီတို့ တရားစခန်းဝင်တာ ဘာရချင်လို့လဲ ?

"နိဗ္ဗာန်ရချင်လို့ပါဘုရား"

ပထမနိဗ္ဗာန် လိုချင်ရင် ဘယ်သူနဲ့ ဘယ်သူ့ကို ဖြုတ်ရမှာလဲ ?

"ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို ဖြုတ်ရမှာပါဘုရား"

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ဖြုတ်ချင်ရင် ဘာနားလည်အောင် လုပ်ရမှာလဲ ?

"ပဋိစ္စ သမုပ္ပါဒ် နားလည်အောင် လုပ်မှာပါဘုရား"

ပဋိစ္စ သမုပ္ပါဒ် ဆိုတာ တခြားအကြောင်းလား၊ ခန္ဓာအကြောင်းလား ?

"ခန္ဓာအကြောင်းပါဘုရား"

ဒါကြောင့် အကြောင်းသည် ?

"ပဋိစ္စပါဘုရား"

အကျိုးသည် ?

"သမုပ္ပါဒ်ပါဘုရား"

ယခု ရနေတဲ့ ခန္ဓာကလည်း ယောဂီတို့ ပြန်ကြည့်၊ ခန္ဓာရရင် မအိုချင်လည်း ?

"အိုရမှာပါဘုရား"

မနာချင်လည်း ?

"နာရမှာပါဘုရား"

မသေချင်လည်း ?

"သေရမှာပါဘုရား"

အိုရ နာရ သေရလို့ ယောဂီတို့ရေ ဒီခန္ဓာ ရတိုင်း ရတိုင်း အပြင်က လာသတ်တာလား၊ ခန္ဓာထဲက သတ်တာလား ?

"ခန္ဓာထဲက သတ်တာပါဘုရား"

ဒီခန္ဓာထဲမှာ အိုအောင် နာအောင် သေအောင်သတ်တဲ့ တရားတွေ မရှိဘူးလား ?

"ရှိပါတယ်ဘုရား"

ဒါ့ကြောင့် ဒီခန္ဓာကို စွဲ၊ စွဲတဲ့ခန္ဓာ သေမှာပဲ။ ဒါကြောင့် ဒီခန္ဓာကို စွဲလိုက်၊ သိတာနဲ့ စားလိုက်မိတာနဲ့ မျိုလိုက်မိတာနဲ့ ဘာဖြစ်ရမှာတုန်း ?

"သေရမှာပါဘုရား"

ဟုတ်တယ်။ အတိတ်က တောင်းမ်လို့ အသေခန္ဓာကြီး၊ မသာခန္ဓာကြီး ရနေတာ။ ဒီခန္ဓာစွဲပြီးတော့ နောက်ခန္ဓာတောင်းရင် နောက်ခန္ဓာလည်း ဘာဖြစ်ရမှာတုန်း ?

"သေရဦးမှာပါဘုရား"

ဒါကြောင့် ဒီခန္ဓာကို မစွဲမလန်းစေနဲ့ကွယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သေသေချာချာ ဟောလိုက်တာ။ ဒီခန္ဓာကြီးက အဆိပ်ပင်ကြီးနဲ့ တူတယ်ကွယ်ကဲ့။ ဘာပင်လဲဟေ့ ?

"အဆိပ်ပင်ပါဘုရား"

အဲဒီတော့ အဆိပ်ပင်ကို အဆိပ်ပင်လို့ မသိတာက ?

"အဝိဇ္ဇာပါဘုရား"

ဒီအပင်မျိုး နောက်ထပ် လိုချင်တာက ?

"တဏှာပါဘုရား"

အားထုတ်တာက ?

"ကမ္မဘဝပါဘုရား"

ကဲ အဆိပ်ပင်ထဲကနေ ဘာတွေ ပြန့်ပွားတုန်း ?

"မျိုးတွေ ပြန့်ပွားပါတယ်ဘုရား"

အပင်မှ ဘာတုန်း ?

"မျိုးပါဘုရား"

အဲဒီလမ်း သွားမလို့။ နာရီက စေ့သွားပြီ။ မနက်ဖြန်ကျမှ ပဋ္ဌိစ္စ သမုပ္ပါဒ် နောက်ဆုံး အောင်ပွဲနေ့မှာ ထွက်ရပ်လမ်းစဉ်အမှန် နိဗ္ဗာန်သွားရာ လမ်းပြမြေပုံကို တိကျစွာ ဟောကြဦးစို့။ နာရီစေ့သွားပြီ။ တော်ကြဦးစို့ဗျာ။

■

# ဒသမနေ့ ဟောစဉ်

## တရားအဖွင့်ပဏာမ

တရားပဲ အာရုံပြုကြ၊ တရားပဲ နှလုံးသွင်းကြ။ ဟောကြားလတ္တံ့သော တရားမေ့မျှားကို အာရုံတစ်ပါး စိတ်မသွားဘဲ ဆက်လက်နာယူ မှတ်သားနိုင်ကြပါပြီ။

တို့အားလုံး ယောဂီအပေါင်း သူတော်ကောင်းတို့ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာဖြစ်တဲ့ မြတ်နိဗ္ဗာန်ကို တကယ်လိုချင်ပါတယ်။ ရချင်ပါတယ်ဆိုရင် ဘယ်သူ့အကြောင်း ကောင်းကောင်းသိရမှာပါလိမ့် ?

"ခန္ဓ ပဋိစ္စ သမုပ္ပါဒ်အကြောင်း ကောင်းကောင်းသိရမှာပါဘုရား"

အေး ဒါကြောင့်မို့ လင်္ကာထဲမှာ 'ဉာဏ်ဖြင့် ရှု၍မျှော်' တဲ့။ ဉာဏ်ဖြင့် ရှုရမယ်ဆိုတာ ဘယ်သူ့ကို ရှုရမှာလဲ ?

"ခန္ဓာကို ရှုရမှာပါဘုရား"

ဘုန်းကြီးတို့ ခဏခဏ ပြောပါတယ်။ 'အညေခန္ဓာ အညေ နိဗ္ဗာနန္တိ ခန္ဓပဋိပတ္တမေဝါတိ နိဗ္ဗာနံ' တဲ့။ ဒီခန္ဓာအကြောင်း မသိဘဲနဲ့ နိဗ္ဗာန်ရတယ်လို့ ထုံးစံမရှိပါဘူး။

ဒါဖြင့် ဒီခန္ဓာကြီးသည် သစ္စာနဲ့ဖွဲ့ရင် ဘာသစ္စာပါလိမ့် ?

"ဒုက္ခသစ္စာပါဘုရား"

အေး သစ္စဉာဏ်လည်း မပါ၊ ကိစ္စဉာဏ်လည်း မပါဘဲနဲ့ ဘယ်သူဖြင့် သောတာပန်တည်တယ်။ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်၊ ဉာဏ်သုံးချက် မမိဘဲနဲ့ မည်သူမည်ဝါဖြင့် သောတာပန် တည်တယ်။ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်တယ် ဆိုရင် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အလိုတော်ကျအတိုင်း ဥပမာပေးထားပါတယ်။

အိမ်တစ်ခု ဆောက်ပြီဆိုတဲ့ အခါကျတော့ ဒိုင်းမတင်ရဘူးလား ?

"တင်ရပါတယ်ဘုရား"

ဒိုင်းတင်တဲ့အခါကျတော့ ဘာအခြေခံရမလဲ။ တိုင်မပါဘဲ ဒိုင်းတင်လို့ ရရဲ့လား ?

"မရပါဘူးဘုရား"

တိုင်မပါဘဲနဲ့ ဒိုင်းတင်လို့ မရသလို ဉာဏ်သုံးမျိုးနဲ့ ပိုင်းခြား မသိဘဲနဲ့ နိဗ္ဗာန်ဝင်စံနိုင်တယ်၊ သောတာပန်တည်နိုင်တယ်လို့ ထုံးစံ မရှိပါဘူး။ ဉာဏ်သုံးမျိုး မပါဘဲနဲ့ သောတာပန်တည်တယ်ဆိုရင် တိုင်မပါဘဲနဲ့ ဒိုင်းတင်တာနဲ့ အတူတူပဲတဲ့။

နောက်တစ်ခါ ဥပမာပေးလိုက်တာက 'ဟာ သူငယ်ချင်း မင်း သိပ်မောလှပြီကွာ၊ မင်း အမောပြေသောက်ရအောင်လို့ ငါ ဖီးရွက်နဲ့ ရေထုပ်လာတယ်' လို့ ပြောရင် ယောဂီတွေ ယုံမလား ?

"မယုံပါဘူးဘုရား"

ဖီးရွက်ပါဆိုမှ ရေထုပ်လို့ ရမလား ?

"မရပါဘူးဘုရား"

အေး ဖီးရွက်နဲ့ ရေထုပ်လို့ မရသလို သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်မပါဘဲနဲ့ သောတာပန်တည်တယ်လို့ ပြောတဲ့ စကားသည်

ယုံတမ်းစကားလို့သာ မှတ်။ ဘာစကားပါလိမ့် ?

"ယုံတမ်းစကားပါဘုရား"

ဒါ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ဘုရားရှင် ကိုယ်တော်မြတ်ကြီးအလိုတော်ကျ ဥပမာပေးခဲ့တယ်လို့ မှတ်ရမယ် နော်။ ဒါဖြင့် ယောဂီတို့ ဘုန်းကြီးတို့လည်း သောတာပန်တည်ချင် တယ်ဆိုရင် ဘာအကြောင်း ကောင်းကောင်းသိအောင် လုပ်ရမလဲ ?

"ခန္ဓာအကြောင်း ကောင်းကောင်းသိအောင် လုပ်ရမှာပါဘုရား"

ဒီခန္ဓာကတော့ ဘယ်ဘဝ ဘယ်ခန္ဓာရရ မအိုချင်လည်း ?

"အိုရမှာပါဘုရား"

မနာချင်လည်း ?

"နာရမှာပါဘုရား"

မသေချင်လည်း ?

"သေရမှာပါဘုရား"

အိုရ နာရ သေရတာ ချမ်းသာသလား၊ ဆင်းရဲသလား ?

"ဆင်းရဲပါတယ်ဘုရား"

ဒီ အိုနာသေပွဲတွေ ဘာကြောင့်နွှဲရသလဲလို့ မေးရင် ဒီခန္ဓာကို စွဲလန်းလို့၊ ပြော ဘာတဲ့တုန်း ?

"ဒီခန္ဓာကို စွဲလန်းလို့ပါဘုရား"

ယောဂီတို့ ဘုန်းကြီးတို့ အတိတ်တုန်းကလည်းပဲ တခြားရ တာလား၊ ခန္ဓာ ရခဲ့တာလား ?

"ခန္ဓာရခဲ့တာပါဘုရား"

ခန္ဓာရတော့ အိုနာသေပွဲတွေ မနွှဲခဲ့ရဘူးလား ?

"နွှဲရပါတယ်ဘုရား"

ဘယ်ဘဝ ဘယ်ခန္ဓာရရ ဒီလို အိုနာသေပွဲတွေ နွှဲရမှာပါလား လို့ အတိတ်က သိခဲ့ရဲ့လား ?

"မသိခဲ့ပါဘူးဘုရား"

မသိတာက ?

"အဝိဇ္ဇာပါဘုရား"

မသိဘဲနဲ့ ယောဂီတို့ ဟိုဘုံ ဒီဘဝ လိုချင်တာက ?

"တဏှာပါဘုရား"

မရ မနေနိုင် စွဲလန်းတာက ?

"ဥပါဒါန်ပါဘုရား"

စွဲလန်းမှုနဲ့ မရရအောင် ပြုလုပ်တာက ?

"ကမ္မဘဝပါဘုရား"

အတိတ်အကြောင်း ဘယ်နှစ်ပါးတုန်း ?

"လေးပါးပါဘုရား"

"အခြင်းအရာအားဖြင့် ဘယ်နှစ်ပါးတုန်း ?

"ငါးပါးပါဘုရား"

သင်္ခါရနဲ့ ကမ္မဘဝ တရားကိုယ်ချင်းတူလို့ ပေါင်းလိုက်တယ်လို့ မှတ်ပါ။ 'အဝိဇ္ဇာ တဏှာအရင်းခံ၊ ဥပါဒါန် ကံကြောင့် ရုပ်နာမ်ပေါ်' တဲ့။ ဒါဖြင့် အကြောင်းတရားက ဘယ်နှစ်ပါးလဲ ?

"လေးပါးပါဘုရား"

## ခန္ဓာပြောတာ ယုံလိုက်ပါ

အကြောင်းတရားလေးပါးမှာ ဥပါဒါန်မပါဘူးလား ပါသလား ?

"ပါပါတယ်ဘုရား"

ဥပါဒါန်အစွဲအလန်းလေးနဲ့ ဟိုဘုံတောင်းလိုက် ဒီဘုံတောင်းလုက် ဒီဘဝတောင်းလိုက် မတောင်းဘူးလား ?

"တောင်းပါတယ်ဘုရား"

တောင်းခဲ့လို့ စွဲလန်းမှုကြောင့် အခု ခန္ဓာမရဘူးလား ရလား ?

"ရပါတယ်ဘုရား"

ဒါကြောင့် ဒီခန္ဓာသည် အစွဲကြောင့်ရတဲ့ ခန္ဓာမို့လို့ 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာတိ ဒုက္ခသစ္စာ' တဲ့။ ဓမ္မစကြာမှာ သေချာမဟော ဘူးလား ဟောသလား ?

"ဟောပါတယ်ဘုရား"

သံခိတ္တေန– အကျဉ်းအားဖြင့် ငါ မင်းတို့ကို ပြောရရင် ရတဲ့ ခန္ဓာမှန်သမျှ အစွဲအလန်းကြောင့် ရတာမို့ ဉပါဒါနက္ခန္ဓာ။

ရတာက ခန္ဓာ၊ စွဲလန်းတာက ဉပါဒါန် ပေါင်းလိုက်ပါဦး ?

"ဉပါဒါနက္ခန္ဓာပါဘုရား"

အစွဲအလန်းကြောင့်ရတဲ့ ခန္ဓာမို့လို့ ဉပါဒါနက္ခန္ဓာတဲ့။ သဘောကျ ရဲ့လား။ အေး ဘုန်းကြီးတို့ ဓမ္မမာဝေဒလ္လသုတ်မှာ ဝိသာခသူဌေးက အနာဂါမ်သူဌေးပေါ့။ ဓမ္မဒိန္နာ ဆိုတဲ့ အရှင်မကို 'ရှင်မရေ ခန္ဓာနဲ့ ဉပါဒါန်၊ ဉပါဒါန်နဲ့ ခန္ဓာ အတူတူလား၊ တခြားစီလား' မေးတော့ 'ဟာ ဒကာကြီးရေ အတူတူလို့လည်း ပြောလို့မရဘူး၊ တခြားစီလို့ လည်း ပြောလို့မရဘူး' တဲ့။

အဲဒါက ဘာကိုပြောတာလဲလို့ မေးရင် ယောဂီတို့ ဘုန်းကြီးတို့ အခုရထားတာက တခြားလား ခန္ဓာလား ?

"ခန္ဓာပါဘုရား"

ဒါ အတိတ်အကြောင်းနဲ့ ပြောလို့ရှိရင် ဉပါဒါန်ကြောင့်ရတဲ့ ခန္ဓာမို့လို့ ဉပါဒါနက္ခန္ဓာလို့ တစ်စိတ်တစ်ပိုင်းပြောလို့ မရဘူးလား၊ ရသလား ?

"ရပါတယ်ဘုရား"

ကောင်းပြီ၊ ဉပါဒါန်မချုပ်သမျှရော နိဗ္ဗာန်ရပါ့မလား ?

"မရပါဘူးဘုရား"

ဒါဖြင့် ဘုရားမှာလည်း ခန္ဓာ ဘယ်နှစ်ပါးရှိတုန်း ?

"ငါးပါးပါဘုရား"

ရဟန္တာများလည်း ခန္ဓာငါးပါးပေါ့ဗျာ။ အဲဒီတော့ ခန္ဓာငါးပါးကြီးရှိထားတော့ ခန္ဓာရယ်လို့ ဖြစ်လာရင် ခန္ဓာထဲမှာ အေးတယ် ပူတယ် ထုံတယ် ကျဉ်တယ် ကိုက်တယ် ခဲတယ် ဆိုတဲ့ ဝေဒနာအမျိုးမျိုးရဲ့ အနှိပ်စက်ကို ခံရဘူးလား ခံရမှာလား ?

"ခံရပါတယ်ဘုရား"

ခံရတယ်ဆိုတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့ကတော့ 'ငါ့ကျမှ ဖြစ်မှ ဖြစ်ရလေခြင်း' ဆိုပြီး ဒီခန္ဓာပေါ်မှာ ဒိဋ္ဌုပါဒါန်များ စွဲသေးသလား ?

"မစွဲတော့ပါဘူးဘုရား"

ဒီခန္ဓာကြီးသည် အသုဘခန္ဓာဆိုတာ ပိုင်ပိုင်နိုင်နိုင် ပိုင်းခြားပြီး သိထားတဲ့ ရှင်တော်မြတ်ဗုဒ္ဓတို့ ရဟန္တာအရှင်မြတ်များကိုကျတော့ 'ဒီခန္ဓာကြီးက ကောင်းမွန်တဲ့ ခန္ဓာကြီး' လို့ စွဲသေးသလား ?

"မစွဲတော့ပါဘူးဘုရား"

ကာမုပါဒါန်နဲ့လည်း မစွဲတော့ဘူး။ ငါးဖြာအာရုံ ကာမဂုဏ်လိုချင်တယ်။ လာဘ်လာဘ လိုချင်တယ်ပေါ့။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး (၄၅) ဝါကာလပတ်လုံး နေ့မနား ညမနား တရားဟောခဲ့တာ လာဘ်လာဘ လိုချင်လို့လား၊ သတ္တဝါတွေ ကယ်တင်ချင်လို့လား ?

"သတ္တဝါတွေ ကယ်တင်ချင်လို့ပါဘုရား"

အဲဒီတော့ လာဘ်လာဘကို တကယ်ငဲ့ပြီး မဟောတဲ့အတွက် ကာမုပါဒါန်လို့ ပြောလို့ ရပါဦးမလား ?

"မရတော့ပါဘူးဘုရား"

ကာမုပါဒါန်လည်း မဟုတ်တော့ဘူး။ ဒိဋ္ဌုပါဒါန်လည်း မဟုတ်တော့ဘူး။ သီလဗ္ဗတုပါဒါန် ဆိုတာကတော့ အဝေးကြီး အဝေးကြီးပဲ။ အတ္တဝါဒုပါဒါန်နဲ့ရော 'ငါ့ကိုယ်ငါ အဟုတ်၊ ငါပြောတာမှ အမှန်' လို့ ဘုရား ဒီလိုများ သုံးခဲ့သလား ?

"မသုံးခဲ့ပါဘူးဘုရား"

ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားပါကွယ်တဲ့။ ကေသမုတ္တိ သုတ္တန် မှာ ကာလမမင်းတွေကို ဟောထားတာများ သွားကြည့်။ ဘုရားရှင် ကိုယ်တော်မြတ်က နံပါတ် (၁၀) အနေနဲ့ 'သမဏော နော ဂုရု တ္တိ မာ ဂဏှိတ္ထ' ငါတို့ ကိုးကွယ်တဲ့။ ငါတို့ကို ကမ္မဋ္ဌာန်းပြပေးတဲ့ ဆရာဂုရုကြီးပဲ ဆိုပြီးတော့လည်း သူပြောတိုင်း ရမ်းမယုံပါနဲ့တဲ့။

'ရှင်းရှင်းပြောမယ်။ အခု ငါဘုရားနဲ့ မောင်တို့ မိတို့နဲ့ တွေ့ပြီ။ ငါဘုရားပြောတိုင်းလည်း ဟုတ်လှပြီ ဆိုပြီးတော့ မယူလိုက် ပါနဲ့' တဲ့။ အဲဒီတော့ ကာလမ မင်းတွေက သေချာ ပြန်မေးတယ် လေ။ 'အရှင်ကြီးဂေါတမ တပည့်တော်တို့အတွက် ဘာကို မူတည် ထားပြီးတော့ ဘယ်ဟာကို အဓိကသက်သေ ထားပြီးတော့ ယုံရမှာလဲ။ မဏ္ဍိုင်ထားပြီးတော့ သုံးရမှာလဲ' မေးတော့ 'သူများပါးစပ် လမ်း မဆုံးစေနဲ့၊ ခန္ဓာပြောတာ ယုံ' တဲ့။

ဘယ်သူပြောတာ ယုံရမှာလဲ ?

"ခန္ဓာပြောတာ ယုံပါဘုရား"

ဒါဖြင့် ယောဂီတို့ ဘုန်းကြီးတို့ အလုပ်သမားတွေ မှန်ရင်တော့ ဘယ်သူက ဘာပြောနေနေ၊ ခန္ဓာပြောတာ ယုံလိုက်။ ဗေဒင်ဆရာက အသက်ရာကျော် ရှည်စေသတည်း ဆိုပေမယ့်လည်း ခြောက်ဆယ်နဲ့ သေသွားတာလည်း ကိုယ်တွေ့ပဲ။

အေး ဒါကြောင့်မို့ ဗေဒင်ပြောတာကို လက်ခံနေရမှာလား၊ အရှိတရားကို လက်ခံနေရမှာလား ?

"အရှိတရားကို လက်ခံရမှာပါဘုရား"

ဒီအတိုင်းပဲ ယောဂီတို့ ကျင့်စဉ်အပိုင်းမှာလည်း သူများပြောတာ လမ်းဆုံးမနေဘဲ ခန္ဓာပေါ် ဘာရောက်အောင် လုပ်ရမှာလဲ ?

"ဉာဏ်ရောက်အောင် လုပ်ရမှာပါဘုရား"

## အစွဲဥပါဒါန် ကင်းပါစေ

တို့ဘုရားက သိပ်သမာသမတ်ကျတဲ့ ဘုရားလို့ မှတ်ရမယ်နော်။ သူကိုယ်တိုင်လည်း ဥပါဒါန်ကင်းအောင် မကျင့်ဘူးလား ကျင့်သလား ?

"ကျင့်ပါတယ်ဘုရား"

အမှန်တရားကို ရှာဖွေတဲ့ ယောဂီသူတော်စင်မှန်ရင် ဥပါဒါန်ကင်းအောင် လုပ်ပါ။ ဥပါဒါန်ဆိုတာ ဂိုဏ်းစွဲဂဏနစွဲ ဆရာစွဲ ပုဂ္ဂိုလ်စွဲ မူစွဲ၊ အဲဒီအစွဲအလန်းတွေ ကင်းပြီးတော့မှ ခန္ဓာပေါ် ဉာဏ်ရောက်အောင် မှန်မှန်ကန်ကန်သိတတ်တဲ့ နည်းနာနိဿယကို ကျကျနနလေ့လာထားဖို့ မလိုဘူးလား လိုသလား ?

"လိုပါတယ်ဘုရား"

သောတာပန်တည်ပြီးသွားတဲ့ ပုဂ္ဂိုလ်များ 'ဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာမဟုတ်ဘူးလို့ ပြော။ မပြောရင် သတ်ပစ်မယ်' လို့ ပြောလည်း သောတာပန်တည်ပြီးတဲ့ပုဂ္ဂိုလ်ကလေး အသက်သာ အသေခံမယ်၊ ဘယ်တော့မှ မပြောဘူး။

ပုထုဇဉ်ကတော့ ပြောသေးတာပေါ့ဗျာ။ ကိုယ်နဲ့ အဆင်ပြေရင် ပြေ မပြေရင် ဘုရားတောင် ရန်လုပ်သေးတာ။ ဘုရား ရန်လုပ်ပြီးတော့ ဗေဒင်ဆရာက သောကြာသားနဲ့ သီးသားနဲ့ထုထားတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ရုပ်ပွားတော်ကို တနင်္လာသားဖြစ်တဲ့ ပုဂ္ဂိုလ်က ဖျားနာနေတော့ 'လူမမာ ဘာနေ့သားလဲ' 'တနင်္လာသား' 'ဘုရား ဘာနဲ့ ထုတာလဲ' 'သီးသားနဲ့' 'ဓမ္မသောက အင်းဝရာဇာ၊ အိမ်ထောင်ဖက်၊ အသက်မရှည်ရာ၊ ခင်ဗျားတို့ ဒီဘုရားက ခိုက်နေတာ။ အဲဒီတော့ ခင်ဗျားကြိုက်တာရွေး၊ ခင်ဗျားတို့ အိမ်ဦးနတ်ကြီးပဲ အသေခံမလား၊ ဘုရားကိုပဲ ဒီအတိုင်း ဆက်ထားမလား' အဲဒီလို မေးလာပြီဆိုရင် တော်တော်များများ အောက်တန်းစား ဗုဒ္ဓဘာသာဝင်တွေက ဘယ်သူ့ကို စွန့်မယ် ထင်တုန်း ?

"ဘုရားကို စွန့်မှာပါဘုရား"

အဲဒါ ဘုရားကို ရန်လုပ်တာ ဟုတ်ရဲ့လား၊ ဗေဒင်ဆရာလက်ထဲ လမ်းဆုံးနေတာ။ တချို့က ကျောက်ဆင်းတုဘုရား မကိုးကွယ်ကောင်း တာလိုလို ပေါကြောင်ကြောင်တွေက ရှိသေးတယ်။ ကလေးတွေကို သူတို့က လမ်းပြပြီးတော့ အတုအယောင်နဲ့ အယူမှားအောင်လုပ်တာ။ စာမေးပွဲဖြေတဲ့အခါကျတော့ ဘဲဥမစားနဲ့၊ ကြက်ဥမစားနဲ့တဲ့၊ ဘာဖြစ် လို့လည်းဆိုတော့ ဘဲဥမကွဲမှာ စိုးလို့တဲ့။

ဒါကြောင့်မို့ လူတွေဟာ ကံတစ်ခုကို ပြုလုပ်ပြီဆိုရင် အစွဲ အတိုင်းလုပ်တာ မများဘူးလား များလား ?

"များပါတယ်ဘုရား"

အမှန်တရားကို လိုချင်တဲ့ပုဂ္ဂိုလ်၊ အမှန်တရားကို ရှာဖွေနေတဲ့ အချိန်မှာ အစွဲဥပါဒါန် ဘေးဖယ်ထားပါ။ နောက် ဝဿကာရသုတ် မှာ ဝဿကာရပုဏ္ဏားကလေ အရှင်အာနန္ဒာကို ဘုရား ပရိနိဗ္ဗာန်စံ ခါနီးကပ်နေတဲ့အခါမှာ မေးတယ်။ 'ဘုရားက ဘယ်ပုဂ္ဂိုလ်ကို ကိုး ကွယ်ရစ်လို့ မှာသလဲ' အရှင်အာနန္ဒာက 'အဲဒီလိုတော့ မမှာရစ်ဘူး' 'ဒီလိုဆိုရင် တပည့်တော်တို့က အမိမဲ့သား ရေနည်းငါး၊ သောင်ပြင် လွတ်တဲ့ ပုဂ္ဂိုလ်လို ဖြစ်နေတော့မှာပေါ့ဘုရား၊ တပည့်တော်တို့ ဘယ် လိုလုပ်ရမတုန်း၊ ကိုးကွယ်ရာ မရှိတော့ဘူး' တဲ့။

ဒီလိုပါ ဒကာကြီး။ ဘုရားက ဘယ်ပုဂ္ဂိုလ်ကို ကိုးကွယ်ရစ်၊ ဘယ်ပုဂ္ဂိုလ်အတွက် သာသနာတော်ကြီးကို အပ်ခဲ့တာ မရှိပါဘူး။ ဒါဖြင့် ဘယ်လိုလုပ်ရမှာလဲ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပြောသွား တာကတော့ ငါဘုရားရှင်ဟောထားတဲ့ တရားတော်အတိုင်း ကျကျနန အားထုတ်တဲ့ ဆရာကောင်း သမားကောင်းတွေ့ရင်တော့ ဆည်းကပ် လာတဲ့ ဘယ်ပုဂ္ဂိုလ်ကို ဆိုပြီး အသေအပ်ခဲ့တာ ရှိသလား ?

"မရှိပါဘူးဘုရား"

တရားတော်နဲ့အညီ ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ သုတဗုဒ္ဓတို့

စသည်အားဖြင့်ပေါ့လေ။ သုတဗုဒ္ဓဆိုတာ တိပိဋကရေ စသဖြင့် မြတ်ဗုဒ္ဓရဲ့ ဓမ္မဒေသနာတော်ကို အာဂုံနှုတ်ငုံ ဆောင်ပြီးတော့ သာသနာတော် အရှည်ခံ တည်တံ့အောင် ဆောင်ရွက်တော်မူကြတဲ့ ပရိယတ္တိ အရှင်ကောင်း အရှင်မြတ်တွေကိုတော့ ကိုးကွယ်ရစ်ကြ။ သံဃာ့ဂုဏ် အာရုံပြုပြီးတော့ ကိုးကွယ်ရစ်ကြတဲ့။

ဘယ်ပုဂ္ဂိုလ်ရယ်လို့ ပြောခဲ့တာ ဟုတ်သလား ?

"မဟုတ်ပါဘူးဘုရား"

ပုဂ္ဂိုလ်ဆိုရင် အဲဒီပုဂ္ဂိုလ်က ပြန်တော်မူသွားမယ်။ အဲဒီပုဂ္ဂိုလ် ကွယ်သွားရင် သာသနာက ?

"ကွယ်သွားမှာပါဘုရား"

အဲဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အဆုံးအမအတိုင်း လိုက်နာကျင့်ကြံကြလို့ ယနေ့ သာသနာ ၂၅၅၁ အထိ သာသနာတော် အစစ်အမှန်တွေ မကျန်ဘူးလား ကျန်သလား ?

"ကျန်ပါတယ်ဘုရား"

အဲဒါ ပုဂ္ဂိုလ်ပေါ်မှာ ဝကွက် အပ်မထားခဲ့လို့ သာသနာကျန်နေတာ။ ပုဂ္ဂိုလ်ကို ကိုးကွယ်ကြတဲ့ သာသနာတွေမှာ ပြန်ကြည့်။ အဲဒီ ပုဂ္ဂိုလ်လည်း ပြန်တော်မူသွားရော၊ သာသနာလည်း ကွယ်ရော။ ဆောက်ထားတဲ့ အဆောက်အဦးက လင်းနို့ချေးတွေ၊ ငှက်ချေးတွေနဲ့။ ကြမ်းတွေက ကျွံလို့၊ ခြတွေက စားလို့။ ပြုပြင်မွမ်းမံတဲ့ပုဂ္ဂိုလ်က မရှိ။ စာသင်စာချက မရှိ။ ကမ္မဋ္ဌာန်းပြမည့်ပုဂ္ဂိုလ်က မရှိ။ တရားထိုင်မည့်ပုဂ္ဂိုလ်က မရှိ။ ဒီလိုနဲ့ ပျက်စီးသွားတဲ့ အဆောက်အဦက ဒုနဲ့ ဒေး။ အများကြီး အများကြီး။

သာသနာကို သံဝေဂဉာဏ်ကလေးနဲ့တော့ ဝေဖန် ဆန်းစစ် တတ်ဖို့ လိုသလား မလိုဘူးလား ?

"လိုပါတယ်ဘုရား"

တို့ဒကာ ဒကာမတွေ သာသနာပြုတတ်စေချင်လို့ ပြောနေ

ပါတယ်။ အဲဒီတော့ အမှန်တရားကို ရှာဖွေတဲ့နေရာမှာ အစွဲဥပါဒါန်ကို ဘာလုပ်ရမှာလဲ ?

"ပယ်ရမှာပါဘုရား"

ယောဂီတို့ ဘုန်းကြီးတို့ ခန္ဓာရနေတာကိုက အလိုလို ရတာလား၊ ဥပါဒါန်ကြောင့်လား ?

"ဥပါဒါန်ကြောင့်ပါဘုရား"

## ခန္ဓာဉာဏ်ရောက်လျှင် ဥပါဒါန်ကင်းစင်

'ဥပါဒါန်ကြောင့် ကံတွေပြု၊ ဇာတိ ရလို့မှု' တဲ့။ ဥပါဒါန်ကြောင့် ဘာတွေပြုကြတာလဲ ?

"ကံတွေပြုကြတာပါ ဘုရား"

ကံတွေပြုတော့ ကိုယ့်အစွဲအတိုင်းပဲ။ နတ်ဖြစ်ချင်ရတာနဲ့ ဗြဟ္မာဖြစ်ချင်ရတာနဲ့၊ လူမင်းစည်းစိမ် နတ်မင်းစည်းစိမ် ဗြဟ္မာမင်းစည်းစိမ် အကြိမ်ကြိမ် ရချင်တာနဲ့ ဆုတောင်းနေကြတာ မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

ဘုရားရှေ့သွားပြီး ဆုတောင်းရှည်နေကြတာ တခြားကြောင့်လား ဥပါဒါန်ကြောင့်လား ?

"ဥပါဒါန်ကြောင့်ပါဘုရား"

ဥပါဒါန်ကြောင့် ဘာတွေ လုပ်ကြတာလဲ ?


"ကံတွေလုပ်ကြတာပါဘုရား"

ဥပါဒါန်ကံ ဆိုတာ အကျိုးတရားလား၊ အကြောင်းတရားလား ?

"အကြောင်းတရားပါဘုရား"

အကြောင်းခမ္မကြောင့် ဘာပေါ်တာလဲ ?

"အကျိုးခမ္မ ပေါ်တာပါဘုရား"




(က) ဤမျှား သင်္ကေတမှာ ဝေဒနာ အစရှိသော ခန္ဓာ၏ ဖြစ်ပျက်ကို မရှုနိုင်၍ "သုခဝေဒနာ ပစ္စယာ တဏှာ၊ ဒုက္ခဝေဒနာ ပစ္စယာ ဒေါမနဿ၊ ဥပေက္ခာဝေဒနာ ပစ္စယာ မောဟ ဟု ဆို အပ်သော ချမ်းသာလိုချင်တော့ လောဘ၊ ဆင်းရဲမှု မကျေနပ်တော့ ဒေါသ၊ ဥပေက္ခာ မသိလိုက်တော့ မောဟ ဝင်ပြီး သားရေး၊ သမီးရေး စီးပွားရေးဖြင့် အချိန်ကုန်နေပါက သံသရာလည်လိမ့် ဦးမည်ကို သိစေလိုသောကြောင့် "ဝေဒနာ ပစ္စယာ တဏှာ၊ ပဋိစ္စသမုပ္ပါဒ်လည်လမ်း" ကို ပြခြင်း။

ဖြစ်ပျက်၊ မဂ်ကိုက်၍ "ဝေဒနာ နိရောဓာ တဏှာ နိရောဓော" ပဋိစ္စသမုပ္ပါဒ်ထွက်လမ်း" ကို ပြခြင်း၊ အာသဝမှ လွတ်မြောက်ပုံကို သိစေတော်မူလိုသောကြောင့် ဤသင်္ကေတကို ရေးဆွဲပြခဲ့ပါသည်။

## (ခ) အပြာဝိုင်းဖြင့် အနားကွတ်ခြင်း သင်္ကေတ

သံသရာရေယဉ်ကြော မျောနေကြရသော သတ္တဝါ အနန္တ ဘယ်ဘဝရောက်ရောက် အို၊ နာ၊ သေပွဲ မလွဲမသွေ တွေ့ကြုံ ကြရမည် ဖြစ်ပေသည်။

ထို့ကြောင့် အဝိဇ္ဇာခေါင်းဆောင်သည့် ကိလေသဝဋ်ကြောင့် ကမ္မဝဋ် လုပ်မိပြီး ဝိပါကဝဋ်တည်းဟူသော အို၊ နာ၊ သေ သံသရာယဉ်ကြော မျောနေကြရပုံနှင့် ၃၁ ဘုံသားမှန်သမျှ သံသရာ ပင်လယ်ပြာမှာ မျောချည် မြုပ်ချည် ကြင်လည်ကြရမည်ဖြစ်ပြီး သစ္စာမသိသမျှ အို၊ နာ၊ သေ မလွတ်မြောက်နိုင်ပုံကို သိစေ တော်မူလိုသောကြောင့် အပြာဝိုင်းဖြင့် အနားကွတ်ထားရခြင်း ဖြစ်ပေသည်။

## (ဂ) အပေါ်ပိုင်းမျှား အတွင်းစိုက်သင်္ကေတ

၎င်းမျှားမှာ အာသဝလက္ခဏာဖြစ်သည်။ ပုထုဇဉ် သတ္တဝါ မှန်သမျှ သေခါနီးကာလ ခန္ဓာဉာဏ်မရောက်သဖြင့် သားရေး၊ သမီးရေးနှင့် ငါးဖြာအာရုံ ကာမဂုဏ် ခင်မင်စွဲလန်းခြင်း ကာမာ သဝ၊ ဘဝကို မစွန့်လွှတ်နိုင်ခြင်း၊ ဘဝါသဝ ငါမှဖြစ်ရလေခြင်း၊ ဒိဋ္ဌာသဝ ဖြစ်ပျက်မမြင် သစ္စာမသိခြင်း၊ အဝိဇ္ဇာသဝ တည်းဟူ သော အာသဝပြန်ဝင်ခြင်း "အာသဝါနံ သမုပ္ပါဒါ ဝိဇ္ဇာစ ပဝတ္တတိ" ဒေသနာကို ထောက်၍ အာသဝဝင်ရိုး မချိုးနိုင်သမျှ အဝိဇ္ဇာ ပြန်ဝင်၍ သံသရာလည်ရဦးမည်ကို သိစေလိုသောကြောင့် "အာ သဝဝင်ရိုးမျှား" ကို အတွင်းသို့ စိုက်ထားခြင်း ဖြစ်ပါသည်။

ဘုရားအရိယာ သူတော်စင်တွေကျတော့ အဲဒီလို အစွဲတွေ ရှိသေးရဲ့လား ?

"မရှိတော့ပါဘူးဘုရား"

အေး ဒါကြောင့်မို့ ခန္ဓာသာမြင်၍ ဥပါဒါန်အစွဲအလန်းနဲ့ ငါ့သားလေး ငါ့သမီးလေး စသည်အားဖြင့်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရာဟုလာ အမွေလာတောင်းတော့ ငါ့သားလေးပဲ ဆိုပြီး 'ရော့ အင့်' လို့ လောကီအမွေတွေ ပေးသလား ?

"မပေးပါဘူးဘုရား"

ရွှေအိုးကြီးလေးလုံးကို ပေးသလား ?

"မပေးပါဘူးဘုရား"

ဘုရားရှင်ကိုယ်တော်မြတ် ပေးလိုက်တာက လောကုတ္တရာ အမွေဗျ။ ဒါတောင် ငါ့သားအမှတ်နဲ့ ပေးလိုက်တာလား၊ ကျွတ်တန်းဝင်စေချင်လို့လား ?

"ကျွတ်တန်းဝင်စေချင်လို့ပါဘုရား"

ဒါဖြင့် ငါ့သား ဆိုတဲ့ အစွဲအလန်း ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့သန္တာန်မှာ ရှိရဲ့လား ?

"မရှိပါဘူးဘုရား"

ရာဟုလာခေါ်တဲ့ သားတော်လေးမှာ ရှိတာလည်း ခန္ဓာ ဘယ်နှစ်ပါးလဲ ?

"ငါးပါးပါဘုရား"

သားရဲ့ခန္ဓာငါးပါးနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဝမ်းထဲမှာ ဥပါဒါန်ရဲ့ အစွဲအလန်းများ ပေါ်ရဲ့လား ?

"မပေါ်ပါဘူးဘုရား"

ဘယ်ခန္ဓာမှ မစွဲလန်းနဲ့။ စွဲလန်းရင် ဥပါဒါနက္ခန္ဓာ၊ ဥပါဒါန်ဖြင့် စွဲလန်းအပ်သော ခန္ဓာ။ ဟိုဟာလိုချင်တယ်၊ ဥပါဒါနက္ခန္ဓာပဲ။ ဒီဟာလိုချင်တယ်။ ဥပါဒါနက္ခန္ဓပဲ။ တချို့က အစွဲနဲ့ ပြောနေကြတာလေ။

လောဘစွဲနဲ့ ပြောနေတာ။ ဒေါသစွဲနဲ့ ပြောနေတာ။ မောဟစွဲနဲ့ ပြောနေတာ မရှိဘူးလား၊ ရှိသလား ?

"ရှိပါတယ်ဘုရား"

အစွဲအတိုင်း လုပ်နေတာ ပြောနေတာ လိုချင်တာမှန်သမျှ ဘာခန္ဓာလဲ ?

"ဉပါဒါနက္ခန္ဓာပါဘုရား"

ခန္ဓာသာ ဉာဏ်ရောက်ထားတဲ့ ပုဂ္ဂိုလ်ကျတော့ ခန္ဓာသာမည် ပြီးတော့ ဉပါဒါနက္ခန္ဓာ မမည်ပါဘူးတဲ့။ စူဠဝေဒလ္လသုတ်မှာ ဝိသာခ သူဌေးကို အရှင်မ ဓမ္မဒိန္နာ ရဟန္တာထေရီမက ရှင်းပြသွားတယ်။

ခန္ဓာသာမည်၍ ဘာမမည်တာလဲ ?

"ဉပါဒါန်မမည်တာပါဘုရား"

ဆိုလိုတာက ဉပါဒါနက္ခန္ဓာ မဖြစ်ဘူးပေါ့ဗျာ။ ဒီအတိုင်းပဲ ယောဂီတို့လည်း 'ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်' ကိုက်နေပစေ။ နာနာ လွန်းတယ် ဆိုတဲ့ စွဲလန်းတဲ့ ဉပါဒါန်တွေ လာဦးမလား ?

"မလာတော့ပါဘူးဘုရား"

သက်သာသွားတော့လည်း တော်သေးတယ် ဆိုတဲ့ ကာမုပါဒါန် ကြီးနဲ့ လာဦးမှာလား ?

"မလာတော့ပါဘူးဘုရား"

ငါမှ ဖြစ်မှ ဖြစ်ရလေခြင်း ဆိုတဲ့ ဒိဋ္ဌုပါဒါန် လာဦးမလား ?

"မလာတော့ပါဘူးဘုရား"

မလာတော့ဘူး ဆိုကတည်းက 'ဖြစ်ပျက်မဂ် ဖြစ်ပျက်မဂ်' ကိုက်နေတဲ့ ပုဂ္ဂိုလ်အတွက် ဉပါဒါန်မကင်းဘူးလား ကင်းသလား ?

"ကင်းပါတယ်ဘုရား"

ဒါကြောင့်မို့လို့ ဉပါဒါန်ကြောင့် ကံတွေပြုရင် ဘာရမှာလဲ ?

"ဇာတိရမှာပါဘုရား"

ဇာတိဆိုကတည်းက ခန္ဓာ ဘယ်နှစ်ပါးလဲ ?

"ငါးပါးပါဘုရား"

အလိုလိုရတာလား အကြောင်းတရားကြောင့်လား ?

"အကြောင်းတရားကြောင့်ပါဘုရား"

အစွဲအလန်းနဲ့လှူတဲ့ အလှူကြီး

မနေ့က ပြောခဲ့တယ်။ ရတဲ့ ခန္ဓာကြီးက ဘာအပင်တဲ့တုန်း ?

"အဆိပ်ပင်ကြီးပါဘုရား"

ဒီခန္ဓာကိုယ်ထဲမှာ ပထဝီ တေဇော အာပေါ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါး မရှိဘူးလား"

"ရှိပါတယ်ဘုရား"

'မရှုန္တိဂုဏ်ထူးတွေကို စွန့်ပစ်၊ ရာထူးတွေကို စွန့်ခွာ၊ ဥစ္စာတွေပါ ကွေကွင်း၍ သေခြင်းကြီး သေကြရလေကုန်၏' တဲ့။ အဲဒီလို သေကြ ကျေကြရတယ် ဆိုတာက သူ့အဆိပ်နဲ့သူ သေကြရတယ် မှတ်၊ ဘာ သေသင့်တာလဲ ?

"အဆိပ်သင့်သေတာပါဘုရား"

ဒါဖြင့် ဒီခန္ဓာကိုယ်ထဲမှာ မအို အိုအောင်လုပ်တဲ့ တရားတွေ ရှိ မရှိ ?

"ရှိပါတယ်ဘုရား"

မနာ နာအောင်၊ မသေ သေအောင်လုပ်တဲ့ တရားတွေလည်း ?

"ရှိပါတယ်ဘုရား"

ဒါဖြင့် ဒီခန္ဓာကို မသေ သေအောင် သတ်နေတာ တခြားလား၊ အဆိပ်လား ?

"အဆိပ်ပါဘုရား"

ဒါကြောင့် ဘုရားက ဒီခန္ဓာကို ဘာပင်လို့ ဟော ?

"အဆိပ်ပင်လို့ ဟောပါတယ်ဘုရား"

ဘုရားရှင်အလိုတော်ကျ ဆရာတော်ဘုရားကြီးက ဒီခန္ဓာကို အပင်လို့ ပေးတယ်၊ ဘာလို့ ပေးတာလဲ ?

"အပင်လို့ပေးပါတယ်ဘုရား"

ဘာပင်လဲ ?

"အဆိပ်ပင်ပါဘုရား"

ဒါဖြင့် အဆိပ်ပင်ကို အဆိပ်ပင်မှန်း မသိဘူး။ မသိရင်တော့ စွဲလန်းမှာပဲ။ မသိရင်တော့ ဘာဖြစ်မှာတုန်း ?

"စွဲလန်းမှာပါဘုရား"

ဒီခန္ဓာမျိုးရအောင် မလုပ်ဘူးလား လုပ်မှာလား ?

"လုပ်မှာပါဘုရား"

အစွဲအတိုင်း လုပ်မှာပဲ၊ ဘေးကပြော ပြောသလောက် လုပ်မှာပဲ၊ အောက်တန်းကျ ကျသလောက် လုပ်မှာပဲ၊ အပင်ကနေပြီးတော့မှ အဆိပ်တွေ ပြန်ကျမှာပဲ။

အပင်ကနေ ဘာပြန်ကျမလဲ ?

"အဆိပ်တွေကျမှာပါဘုရား"

ဒီခန္ဓာကို ဒုက္ခသစ္စာလို့ အမှန်အတိုင်း မသိတာက ?

"အဝိဇ္ဇာပါဘုရား"

မသိဘဲနဲ့ ဒီခန္ဓာကြီးကို ခင်မင်၊ နောက်ဘဝ နောက်ခန္ဓာ ပြန်လိုချင်တာက ?

"တဏှာပါဘုရား"

စွဲလန်းတာက ?

"ဥပါဒါန်ပါဘုရား"

ပြီးတော့ ဒီခန္ဓာမျိုး ပြန်ရအောင် ပြုလုပ်ဆောင်ရွက်နေတာက ?

"ကမ္မဘဝပါဘုရား"

ဒီဘဝလည်း လုပ်နေကြတာ မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

## အစွဲအလန်းနဲ့ လှူတဲ့ အလှူကြီး

အလှူ လှူတာလေးက အစ အစွဲအလန်းလေးနဲ့။ အဲဒီတော့ သားသမီးရှင်ပြုတာ ကောင်းပါတယ်။ ခက်တာက ဘေးစကားကို စွဲလန်းတာက ခက်တာ။ ဘေးက 'မဏ္ဍပ်တွေ ငှားပစ်လိုက်စမ်းပါ၊ ဆိုင်းတွေ ငှားပစ်လိုက်စမ်းပါ'။ ဘေးက လျှောက်မြှောက်တော့ အလှူ့ရှင် တတ်နိုင်တယ် ဆိုပါတော့။ ရက်သတ်မှတ်တာတောင် ဘုန်းကြီးပေးတဲ့ ရက် မဟုတ်ဘူးဗျ။ ဆိုင်းအားတဲ့ရက်သတ်မှတ်တာ။

ဆိုင်းကျတော့ ကြီးကြီးကျယ်ကျယ်ငှား။ မဏ္ဍပ်ကျတော့လည်း ကြီးကြီးကျယ်ကျယ်ငှား။ အလှူလုပ်တော့မည့်အခါ 'ကျွန်တော့်အလှူ ကျွန်မအလှူက မှန်းထားတာက ဖိတ်စာငါးရာ၊ ဘေးကမြှောက်ပေးတော့ တစ်ထောင်ဖြစ်။ တစ်ထောင်ဆိုပေမယ့် လာတဲ့ ပရိသတ်က ကျောပိုးရော လက်ဆွဲရော ခါးထစ်ခွင်ရော။ ဒီကြားထဲ ခါးပုံကြားထဲမှာ ကြွပ်ကြွပ်အိတ်က ပါသေးတယ်။ ဖိနပ်ပျောက်မှာ စိုးလို့ပါ။ အဲဒါတွေနဲ့ လာတာ။ ပရိသတ်က ထောင့်ငါးရာ။

ထောင့်ငါးရာ ဆိုတော့ ဝော်ရုံ တန်ရုံနဲ့ မရတော့ဘူး။ ဘာလုပ်တယ်မှတ်တုန်း။ နွားသတ်ရုံ အမဲရုံ ကြက်ရုံတို့ သွားပြီးတော့ 'ကျွန်တော့်အလှူအတွက် ပိသာချိန်ဘယ်လောက်' ကြိုမှာတာ။ ကိုယ်ကတော့ အလှူကြီးနွဲလို့၊ ဟိုကတော့ လင်ကွဲ မယားကွဲဖြစ်လို့။ တိရစ္ဆာန်တွေမှာလည်း သူ့မိသားစုနဲ့ သူ မရှိဘူးလား ?

"ရှိပါတယ်ဘုရား"

ကိုယ်ကတော့ အလှူကြီးနွဲလို့။ ဟိုမှာက ရက်ရက်စက်စက် အသတ်ခံနေရပြီဗျ။ ဒါတွေ ဘာမှ မစဉ်းစားဘူး။ တို့ဗုဒ္ဓဘာသာဝင်တွေ လုပ်ချင်ရင် စွတ်လုပ်ပစ်လိုက်တာတွေ မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

မဏ္ဍပ်ကြီးကလည်း ဟီးလို့၊ ဆိုင်းကလည်း နာမည်ကြီးဆိုင်း၊ ဘိသိက်ဆရာကလည်း တစ်နာရီ နှစ်သိန်းခွဲနဲ့၊ မနက် ၉ နာရီလောက်က

ဟဲလိုက်တာ ညနေ ၃ နာရီအထိပဲ။ ဒီကြားထဲ ပရိသတ်များရင် များ သလောက် ဟင်းအိုးက မတည်ရဘူးလား တည်ရလား ?

"တည်ရပါတယ်ဘုရား"

တည်ရပြီဆိုတော့ အိုးသူကြီးဖိုးတွေ ပေးမှ ပေးရရဲ့လား ?

"ပေးရပါတယ်ဘုရား"

ဘာတွေပေးတုန်း။ အရက် ဟုတ်လား။ ဒါဖြင့် အိုးသူကြီးအဖွဲ့ ကလည်း အလှူ့ဒကာ အလှူ့အမပေးတဲ့ အရက်ကို အလှူပြီးမှ သောက်တာလား။ ညတွင်းချင်း သောက်တာလား ?

"ညတွင်းချင်း သောက်တာပါဘုရား"

ဟိုက ပေးတာက အရည်ပဲ ပေးတာလေ။ အဖတ်မပါဘူး။ 'သူကြီးမရှိတော့ ရွာဆူ၊ အမြည်းမရှိတော့ အာပူ' ဆိုပြီးတော့ အမြည်း မရှိရင် အဝေးကြီးက ရှာမှာလား၊ အိုးထဲက နှိုက်မှာလား ?

"အိုးထဲက နှိုက်မှာပါဘုရား"

ဘုန်းကြီးတွေ ကပ်ပြီးပြီလား ?

"မကပ်ရသေးပါဘူးဘုရား"

ဒါတွေလည်း အစွဲအလန်းတွေနဲ့ လုပ်နေတာ မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

ဒီလိုမှ မလုပ်ရင် အလှူက အလှူပိန်တဲ့။ ဒီလို ပကာသန မပါရင် အလှူက ဘာတဲ့တုန်း ?

"အလှူပိန်ပါဘုရား"

တို့မြန်မာနိုင်ငံမှာ ကိုယ့်အိုး ကိုယ့်ဆန် တန်ရာနဲ့ မလှူလို့ လှူပြီး မွဲသွားတာတွေ မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

တကယ်တော့ လှူလို့ မွဲတာလား၊ ဖြုန်းလို့ မွဲတာလား ?

"ဖြုန်းလို့ မွဲပါတယ်ဘုရား"

ဒါတွေဟာ ပြင်ပေးသင့် မပြင်ပေးသင့် ?

“ပြင်ပေးသင့်ပါတယ်ဘုရား”

ဒါတွေ မလုပ်ကောင်းပါလားလို့ မသိတာက ?

“ဝိဇ္ဇာပါဘုရား”

ဂုဏ်ပကာသနတွေ မက်နေတာက ?

“တဏှာပါဘုရား”

ဒါကို စွဲလန်းနေတာက ?

“ဥပါဒါန်ပါဘုရား”

အဲဒီအတိုင်း အကောင်အထည်ဖော်နေတာက ?

“ကမ္မဘဝပါဘုရား”

ကဲ စဉ်းစားကြည့်၊ ခန္ဓာပေါ် ဥာဏ်များ ရောက်ရဲ့လား ?

“မရောက်ပါဘူးဘုရား”

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ။ စဉ်းစားကြည့် ဝဋ္ဋနဲ့ ကြည့်ရင် ဘာဝဋ္ဋနဲ့ ဘာဝဋ္ဋ ပေါင်းနေတာလဲ ?

“ကိလေသဝဋ္ဋနဲ့ ကမ္မဝဋ္ဋပါဘုရား”

ချမ်းသာကြောင်းလား ဆင်းရဲကြောင်းလား ?

“ဆင်းရဲကြောင်းပါဘုရား”

ဆင်းရဲကြောင်းမို့ ဘာသစ္စာတွေလဲ ?

“သမုဒယသစ္စာပါဘုရား”

ငွေကုန် လူပန်းဆိုတာ ဒါတွေပဲ။ အကျိုးပေးတဲ့အခါကျတော့လည်း ဒုက္ခသစ္စာ ရဦးမယ်။

## ရမ်းလုပ်တဲ့ ပုညာဘိသင်္ခါရ

ဟော ညနေစောင်းပြီ ဆိုတဲ့အခါကျတော့ သံဃာစင်ပေါ် သံဃာတွေ မတက်ဘူးလား ?

“တက်ပါတယ်ဘုရား”

သံဃာတွေ တက်လာပြီ။ တရားဟော ဓမ္မကထိကလည်း ပလ္လင်ပေါ်ရောက်နေပြီ ဆိုတော့ အလှူကို ဦးဆောင်လုပ်တဲ့လူကြီးတွေက နားနားကပ်လာပြီး 'အရှင်ဘုရား တိုတိုနော်' တဲ့။ ဒါနဲ့ ဘုန်းကြီးတွေ ပရိတ်လည်း ရွယ်မယ်ကြံရော၊ မဏ္ဍပ်က စ,ဖျက်ပြီ။ ဟစ်နေကုန် ပကာသနနဲ့ ညှော်ခံထားတယ်။ ဘုန်းကြီးတွေ ပရိတ်ရွတ်မှ မဏ္ဍပ်ကို ဘာလုပ်တာလဲ ?

"ဖျက်တာပါဘုရား"

နောက်ဆို အဲဒီလိုမျိုး အလှူတွေ ပင့်မယ်ဆိုရင် 'အရှင်ဘုရားတို့ဘုရား ပရိတ်ရွတ်လည်းကြွပါ၊ အလှူခံလည်းကြွပါ၊ မဏ္ဍပ်ဖျက်ကလေးပါ ကူပါ' လို့။ အဲဒီလိုသာပင့် ကျုပ်တို့ ခါးတောင်းကျိုက်ပြီး ကြွခဲ့မယ်။ တချို့က လုပ်လိုက်ရင် တလွဲချည်းလုပ်တာ မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

ဒီလို ဘာမှ သစ္စာမသိ ခန္ဓာဉာဏ်မရောက် အပင်မှ အမျိုးဆင်းရဲကျိုးခန္ဓာ ဆိုတာတွေ မသိဘဲ ဆင်းရဲကြောင်း သမုဒယသစ္စာတွေ ပွားနေတဲ့အလုပ် ထေရဝါဒနဲ့ရော ညီရဲ့လား ?

"မညီပါဘူးဘုရား"

ဒါနဲ့ 'အလှူ့ဒကာနဲ့ အလှူ့အမ ရေစက်ချမယ် လာ' ဆိုတဲ့အခါကျတော့ အလှူ့ဒကာက တွဲလာရတယ်ဗျ။ တစ်နေကုန် ညှော်ခံရတော့ ပင်ပန်းပြီလေ။ အလှူနေ့ကြီး ဘာလုပ်ထားတာတုန်း ?

"အရက်သောက်ထားတာပါဘုရား"

ကဲ ဒါနဲ့ ရှေ့ရောက်တော့ အလှူ့ဒကာနဲ့ အလှူ့အမ 'နိဗ္ဗာန်အာရုံပြု' ဆိုတော့ အလှူ့ဒကာနဲ့ အလှူ့အမကလည်း နိဗ္ဗာန်ကို အာရုံပြုလိုက်တာ စိုက်ကနဲ စိုက်ကနဲ နေတာပဲ။ ဘာလုပ်နေတာလဲ ?

"ငိုက်နေတာပါဘုရား"

ရတော့မယ် ကုသိုလ်ကြီးတော့။ ဒါ ပြင်သင့် မပြင်သင့် ?

"ပြင်သင့်ပါတယ်ဘုရား"

အောက်တန်းစား ဗုဒ္ဓဘာသာ တော်တော်များများ ဒီအလုပ်တွေ လုပ်နေတယ်။ ဘုရားက ဒီအလုပ်တွေ လုပ်ပါလို့ ပြောသလား ?

"မပြောပါဘူးဘုရား"

ဘုန်းကြီးက သမုတိကို ပယ်နေတယ်လို့ မယူနဲ့နော်။ လွဲတာကို အမှန်ပြင်ဖို့အတွက် ပဋိစ္စသမုပါဒ် ဆိုတာ နိဗ္ဗာန်သွားရာ လမ်းပြမြေပုံ။

အလှူလှူတယ် ဆိုတာ ဘာလိုချင်လို့ပါလိမ့် ?

"နိဗ္ဗာန်လိုချင်လို့ပါဘုရား"

အဲဒီနိဗ္ဗာန်ကို မရအောင် ကန့်ကွက်မည့် ပကာသနတွေ၊ အဆိပ်ပင်ကနေ အဆိပ်မျိုးတွေပြန်ကျရင် အကျိုးပေးရင် နိဗ္ဗာန်ရမှာလား အဆိပ်ပင်ပဲ အကျိုးပေးမှာလား ?

"အဆိပ်ပင်ပဲ အကျိုးပေးမှာပါဘုရား"

ဒါကြောင့်မို့ ဒီတရားတွေ ဟောဟောနေရတယ်လို့ မှတ်ပါ။ ပဋိစ္စ သမုပ္ပါဒ်သင်တန်းလည်း တက်သေးတယ်။ တရားလည်း နာသေးတယ်။ ဘာဝနာလည်း ပွားသေးတယ်။ ဒီကြားထဲ ကုသိုလ်ပြုတော့ တလွဲချည်းပဲ ဆိုရင် ယောဂီတို့ရေ သင်တန်းတက်ရကျိုး ဟောရကျိုး နပ်ပါဦးမလား ?

"မနပ်တော့ပါဘူးဘုရား"

တစ်ခါတည်းပဲ ရေစက်ချပြီးပြီ ဆိုတဲ့အခါကျတော့ ငှားထားတဲ့ ဆိုင်းတွေက ဗြောမတီးဘူးလား၊ တီးသလား ?

"တီးပါတယ်ဘုရား"

ဗြောက ဘယ်လိုတီးတုန်း၊ ဘုန်းကြီး တီးပြမယ်။ သစ္စာမသိ ပကာသနသက်သက် လုပ်နေတဲ့ အလှူသည် လှူတာလား ဖြုန်းတာလား ?

"ဖြုန်းတာပါဘုရား"

အဲဒီမှာ ဖြော စတီးပြီ။ ထွက်လာတဲ့ အသံကိုက ကြည့်။ 'ဖြန်း ဖြန်း ဖြန်း ပြုတ် ပြုတယ် ပြန်းအောင် ဖြန်း' အဲဒီအလှူကို ပြုတ်ပြုတ်ဖြန်း အလှူတဲ့ဗျ။

ဘာအလှူတဲ့လဲ ?

"ပြုတ်ပြုတ်ဖြန်း အလှူပါဘုရား"

ဆိုင်းထဲ ဝိုင်းထဲမှာ နှဲမပါဘူးလား ?

"ပါပါတယ်ဘုရား"

ကိုင်း နှဲလည်း မှုတ်ပြဦးမယ်။ ထွက်လာတဲ့ အသံကိုက နားထောင်ကြည့် 'တွယ် တွယ် တွယ် တက်တက်ပြောင်အောင်ကွယ် အကုန်သာတွယ်' တဲ့။ ဆိုင်းထဲမှာ လင်းကွင်းကြီးလည်း မပါဘူးလား ?

"ပါပါတယ်ဘုရား"

သူလည်း တီးဦးမယ်။ ဒီလို ဆိုင်းနဲ့ ကန္နားနဲ့ သားသတ်ဖားသတ်လှူတဲ့ အလှူသည် နှုးညံ့တဲ့အလှူလား ကြမ်းတမ်းတဲ့ အလှူလား ?

"ကြမ်းတမ်းတဲ့အလှူပါဘုရား"

လာမယ် လင်းကွင်းကြီးက တီးပြီ။ ထွက်လာတဲ့ အသံ နားထောင်ကြည့်ပါ။ 'ကြမ်း ကြမ်း ကြမ်း ကြမ်းချင်ရာတွေ ကြမ်း၊ အိမ်ရော ယာရောပေါင်ပြီး ကြမ်း၊ နားရွက်ကလေး နားကပ်ကလေး ဖြုတ်ပြီး ကြမ်း၊ အကြွေးတင်အောင် ကြမ်း၊ ကြမ်း ကြမ်း ကြမ်း' တောသွားကြည့်ဗျ။ လှူပြီးတာနဲ့ လယ်ပေါင်လိုက်ရတာနဲ့၊ ယာပေါင်လိုက်ရတာနဲ့ ဒါတွေ အများကြီး မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

ကဲ လှူလို့ ပေါင်လိုက်ရတာလား၊ ဖြုန်းလို့ ပေါင်လိုက်ရတာလား ?

"ဖြန်းလို့ ပေါင်ရတာပါဘုရား"

အဲဒီတော့ ဆိုင်းထဲမှာ စည်းနဲ့ဝါးရော မပါဘူးလား ?

"ပါပါတယ်ဘုရား"

လာဦးမယ်။ 'ကျွန်တော့်ကို အထင်မသေးပါနဲ့။ ကျွန်တော်လည်း တီးတတ်ပါတယ်' တဲ့။ ထွက်လာတဲ့ အသံက 'ကုန်ကွ ကုန်ကွ' တဲ့။ ကုန်တာပဲ။

ဒါကြောင့် ပုညာဘိသင်္ခါရ ဆိုတာ ပုညာဘိ, ကုန်တာရှိတဲ့ဗျ။ ကုန်တာပဲ ရှိတယ်တဲ့။ ပုည–ကုသိုလ်၊ အဘိ–အလွန်အကျွံလုပ်တာဗျ။ ဘာမသိဘဲ ရမ်းလုပ်တာလဲ ?

"သစ္စာမသိဘဲ ရမ်းလုပ်တာပါဘုရား"

သစ္စာမသိတာက ?

"အဝိဇ္ဇာပါဘုရား"

အဲဒီအလုပ်ကြီး ရမ်းလုပ်ပြီးတော့ သာယာနေတာက ?

"တဏှာပါဘုရား"

စွဲလန်းတာက ?

"ဥပါဒါန်ပါဘုရား"

အဲဒီအလုပ်ကြီးကို အကောင်အထည်ဖော် ဆောင်ရွက်နေ တာက ?

"ကမ္မဘဝပါဘုရား"

အကြောင်းတရား ဘယ်နှစ်ပါးလဲ ?

"လေးပါးပါဘုရား"

အတိတ်မှာလား ပစ္စုပ္ပန်မှာလား ?

"ပစ္စုပ္ပန်မှာပါဘုရား"

ခန္ဓာပေါ် ဘာမရောက်လို့ ?

"ဉာဏ်မရောက်လို့ပါဘုရား"

ဒါကြောင့် သစ္စာမသိဘဲ လှူတာ ရမ်းလှူတာလို့ မှတ်။ ရမ်းလုပ်လို့ ဘုရားရှင်ကိုယ်တော်မြတ်က ပုညာဘိသင်္ခါရလို့ ဆိုထားတာဗျ။

## အဆိပ်မျိုးက အဆိပ်ပင်ပဲ ပေါက်မယ်

ပုညာဘိသင်္ခါရကုသိုလ်ကို အလွန်အကျွံ ရမ်းလုပ်တာ။ ဘာမသိဘဲ ရမ်းလုပ်တာပဲ ?

"သစ္စာမသိဘဲ ရမ်းလုပ်တာပါဘုရား"

ဘယ်အကွက်ကနေ ဘယ်အကွက် ကူးနေတာလဲ ?

"(၂) အကွက်ကနေ (၃) အကွက် ကူးနေတာပါဘုရား၊ အရပ်သုံးစကားနဲ့ဆိုရင် ကိုယ့်အတွက်၊ စာလိုသုံးတော့ ခန္ဓာအတွက်။ ဒီခန္ဓာကြီး ဝတ်ရဖို့ စားရဖို့ နေရဖို့ မရှာဘူးလား ရှာသလား ?

"ရှာပါတယ်ဘုရား"

ရှာနေတာ မလိုချင်လို့လား လိုချင်လို့လာ ?

"လိုချင်လို့ပါဘုရား"

လိုချင်တာက ?

"တဏှာပါဘုရား"

စွဲလန်းတာက ?

"ဥပါဒါန်ပါဘုရား"

နေ့တိုင်း ရုန်းကန်ရှာဖွေနေတာက ?

"ကမ္မဘဝပါဘုရား"

ရှာရင်း ဖွေရင်း ရုန်းရင်းကန်ရင်းနဲ့

"သွားချင်တာက နာမ်၊ သွားတဲ့ဟန်က ရုပ်။
သူမဟုတ် ငါ မဟုတ် တကယ်သွားနေတာ နာမ်နဲ့ ရုပ်။
နာမ်ရုပ်နှစ်ကွင်း၊ အမြင်ရှင်း
လမ်းသွားရင်းနဲ့ အလုပ်လုပ်' တဲ့။

လုပ်ရော လုပ်ဖူးလို့လား ?

"မလုပ်ဖူးပါဘူးဘုရား"

မလုပ်ဖူးပါဘူး။ မလုပ်နဲ့ လုပ်ရင် နိဗ္ဗာန်ရောက်သွားလိမ့်မယ်။ လုပ်ရကောင်းမှန်းတောင်မှ ?

"မသိပါဘူး ဆရာ"

မသိအောင် ဖုံးထားတာက ?

"အဝိဇ္ဇာပါဘုရား"

နေ့တိုင်း စီးပွားရှာနေတာကလည်း ဘယ်အကွက်ကနေ ဘယ်အကွက် ကူးနေတာလဲ?

"(၂) အကွက်ကနေ (၃) အတွက် ကူးနေတာပါဘုရား" ကုသိုလ်ကောင်းမှု ပြုလိုက်ပြန်တော့လည်း သစ္စာမသိတာက ?

"အဝိဇ္ဇာပါဘုရား"

ဘုံဘဝ လိုချင်တာက ?

"တဏှာပါဘုရား"

မရ မနေနိုင် စွဲလန်းတာက ?

"ဥပါဒါန်ပါဘုရား"

ရအောင် လုပ်နေတာက ?

"ကမ္မဘဝပါဘုရား"

ဒီခန္ဓာကို အခြေခံပြုပြီးတော့မှ ခန္ဓာပေါ် ဉာဏ်မရောက်တော့ ခန္ဓာက ဘာအပင်တုန်း ?

"အဆိပ်ပင်ပါဘုရား"

နောက်ထပ် ဒီခန္ဓာကို မှီပြီးမှ ဖြစ်ပေါ်လာတဲ့ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံတွေက ဘာတွေလဲ ?

"မျိုးပါဘုရား"

ဒါဖြင့် ဘာမျိုးပါလိမ့် ?

"အဆိပ်မျိုးပါဘုရား"

ဒါဖြင့် အပင်မှ မျိုး၊ မျိုးမှ ?

"အပင်ပါဘုရား"

မျိုးက ဘာမျိုးတုန်း ?

"အဆိပ်မျိုးပါဘုရား"

ပြန်ပေါက်မည့်အပင်က ဘာပင်ပေါက်မှာလဲ ?

"အဆိပ်ပင်ပေါက်မှာပါဘုရား"

## အဖြူထဲမှာ အမည်းမရောပါနဲ့

ပကာသနတွေနဲ့လုပ်တဲ့ အလှူလေ။ မူလပဏ္ဏာသ ပါဠိတော် ကုက္ကုရဝတီသုတ်မှာ ခွေးလိုကျင့်တဲ့ သေနိယနဲ့ နွားလိုကျင့်တဲ့ ပုဏ္ဏ အကြောင်း တစ်နေ့က ဘုန်းကြီးပြောခဲ့တယ်။ ကံလေးမျိုးတဲ့။

ကံလေးမျိုးထဲက အဖြူကံ အမည်းကံ အဖြူအမည်းရောတဲ့ ကံ၊ အဖြူအမည်းမရောတဲ့ကံ။ အဲဒီထဲမှာ အဖြူအမည်းရောတဲ့ကံက အကျိုးပေးရင် စာလိုသုံးရင် မိဿကကံတဲ့။ ရောပြွမ်းနေတဲ့ကံပေါ့။ အကျိုးပေးတဲ့အခါကျတော့ တစ်က ဘာလဲ ?

"ဆင်ဖြူတော်ပါဘုရား"

ဆင်ဖြစ်ရတာက အမည်းကံ၊ အဖြူရောင်ဖြစ်ရတာက အဖြူကံ၊ နန်းတော်အိမ်တော်မှာ နေရတယ်။ ရွှေဇလုံကြီးနဲ့ စားရတယ်။ ရွှေဇလုံကြီးနဲ့ မစားချင်ဘူးလား ?

"မစားချင်ပါဘူးဘုရား"

ဆင်မည်းကြီး မဟုတ်ဘူးလေ အဖြူလေ။ တိုင်းပြည်ရတနာလေ မဖြစ်ချင်ဘူးလား ?

"မဖြစ်ချင်ပါဘူးဘုရား"

သေချာတယ်နော်၊ သေချာပေါက် မဖြစ်ချင်ရင် ကုသိုလ်လုပ်ရင် သတိထား။ သစ္စာသိအောင်လုပ်မယ် စိတ်မကူးဘူး။ တို့ရန်ကုန်သူ

ရန်ကုန်သားတွေက သဒ္ဓါတရား အလွန်ကောင်းတယ်။ ဒါပေမဲ့ သဒ္ဓါတရားနောက်က ဘာပါစေချင်တာလဲ ?

"ပညာပါစေချင်တာပါဘုရား"

'သဒ္ဓါလွန်တော့ တဏှာကျွန်' တဲ့။ ကြည်ညိုစရာရှိတော့ စွတ်ပြီး ကြည်ညိုလိုက်ရော။ အဲဒီကျတော့ ဝေဖန်ပိုင်းခြားမှု မရှိတော့ဘူး။ **အဲဒီ**တော့ တဏှာကျွန်နဲ့ပဲ ထင်ရာ မြင်ရာတွေ လျှောက်လုပ်နေကြတာ အများကြီး မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

ဒါတွေ မသိဘဲနဲ့ စွတ်စွတ်ပြီး လုပ်နေတော့ တစ်– ဆင်ဖြူတော်၊ နှစ်– ရွှေနဂါးတဲ့။ နဂါးဖြစ်ရတာက အမည်းကံ၊ ရွှေရောင်တောက်ရတာက ?

"အဖြူကံပါဘုရား"

ရွှေရောင်လေးတွေ တဖျပ်ဖျပ်တောက်လို့ လှလိုက်တာဗျာ။ မလှချင်ဘူးလား ?

"မလှချင်ပါဘူးဘုရား"

အဲဒီလို ရွှေရောင်တောက်တဲ့ နဂါးကြီး မဖြစ်ချင်ဘူးလား ?

"မဖြစ်ချင်ပါဘူးဘုရား"

မဖြစ်ချင်ရင် လှူတဲ့အချိန် သတိထား။ သုံး– ယမမင်းတဲ့။ ယမမင်းဆိုတာ ကိုယ်တိုင်တော့ ငရဲမခံရပါဘူးတဲ့။ ဒါပေမဲ့ ငရဲခံနေတဲ့ ပုဂ္ဂိုလ်တွေရဲ့ နေ့တိုင်း နေ့တိုင်း အော်ဟစ်နေတဲ့ အသံ သူမကြားရဘူးလား ?

"ကြားရပါတယ်ဘုရား"

ဘယ်သူ ဘယ်ငရဲဆိုတာ ဒီဂရီချနေရတာကလည်း သူ့တာဝန်ပဲ။ သူကိုယ်တိုင် ငရဲမခံရပေမယ့် ငရဲသားတွေ အော်နေတဲ့ အသံတွေ မကြားရဘူးလား ကြားရလား ?

"ကြားရပါတယ်ဘုရား"

အဲဒီတော့ ကိုယ်တိုင် ငရဲမခံရတာက အဖြူကံ၊ ငရဲကျနေတဲ့ သူတွေရဲ့ စိတ်မချမ်းသာစရာ အသံတွေ နေ့စဉ်နဲ့အမျှ ကြားနေရ တာက အမည်းကံ။ အဲဒါ ဘာနဲ့ ဘာ ရောခဲ့လို့လဲ ?

"အဖြူကံနဲ့ အမည်းကံ ရောခဲ့လို့ပါဘုရား"

အကျိုးပေးတော့လည်း အဖြူအမည်းရောပြီး ပေးတော့တာပဲ။ နံပါတ်လေး– အသူရကာယ်တဲ့။ နေ့စံ ညခံ၊ ညစံ နေ့ခံ။ ခုနစ်ရက်ခံ ခုနစ်ရက်စံ၊ တပက္ခစံ တပက္ခခံ၊ အသူရကာယ်ဗျ။ စံရတော့ လည်း နတ်စည်းစိမ် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်နေရတာ။ ခံရပြီ ဆိုရင်လည်း အဲဒီ အသူရကာယ် ရွာသူကြီးကနေ ဆော်ဩလိုက်တယ်။ 'ထွက်ကြစို့ဟေ့ ထွက်ကြစို့' ညနေ ခြောက်နာရီထိုးလို့ နေဝင်ဖျိုးဖျ ဆိုရင် အော်ပြီ။ အဲဒီကျတော့ တစ်ရွာလုံးက အသူရကာယ်တွေ ထွက်ရ တာ။ သတ်မှတ်ထားတဲ့ နယ်နိမိတ်ကို ခြေလေးတစ်ဖက်လည်း ချ လိုက်ရော မွေးညင်းပေါက်တွေက ကျယ်လာပြီး ထွက်လာတဲ့အမွေး တွေက ဝက်မွေးလိုပဲ။ လက်သည်းတွေ ရှည်ထွက်၊ မျက်လုံးက ပြူးပြီး ရှေ့စူထွက်လာတယ်။ ခန္ဓာကိုယ်က ဘုတွေထွက်၊ ဘုတွေထဲမှာ သွေးပုပ် ပြည်ပုပ်တွေနဲ့၊ တစ်ကောင်သော အသူရာရဲ့ သွေးပုပ်ကို တစ်ကောင်က လက်သည်းရှည်ကြီးတွေနဲ့ ကုပ်တယ်။ ကုပ်လိုက်တဲ့အခါကျတော့ ပြည်ပုပ် သွေးပုပ် အရိအရွဲတွေက သူ့လက်ထဲ ပါလာတာ။ အဲဒါကို စားတာတဲ့။

အကုန်လုံး ဒီအတိုင်းပဲနော်။ အသူရာတစ်ကောင်က ပက်လက် လှန်ပေး၊ တစ်ကောင်က ခုတ်၊ အပေါ်ကနေ ရိုက်၊ ကျလာတဲ့သွေး တွေကို တစ်ကောင်က သောက်။ သူတို့က အော်ရသေးတယ်။ 'ရိုက်ပါ ရိုက်ပါ ခုတ်ပါ ခုတ်ပါ' နဲ့ အရိုက်ခံရ အခုတ်ခံရမှ သက်သာတာ တဲ့ဗျ။ တစ်ညလုံး ဒုက္ခခံရပြီး အရုဏ်တက်ခါနီးရင်တော့ 'ပြန်ကြစို့ ဟေ့ ပြန်ကြစို့' ဆိုပြီး အသံနက်ကြီးနဲ့ အော်တော့ အကုန် ပြန်ကြ

တာပေါ့။ အဲဒီမှာ စံရမည့်နေရာလည်း ရောက်ရော၊ မွေးညင်းပေါက်တွေ ကျဉ်းပြီး အရင်အတိုင်းဖြစ်သွားပြီ။ ကြော့လို့ မော့လို့။ တစ်နေကုန်စံ ညကျတော့ 'ထွက်ကြစို့ဟေ့' ဆိုရင် ပြန်ထွက်နဲ့။ နေ့စံ ညခံတဲ့။

စံရတာက အဖြူကံ ခံရတာက ?

"အမည်းကံပါဘုရား"

ဖြစ်ချင်သလား ?

"မဖြစ်ချင်ပါဘူးဘုရား"

စဉ်းစား အလွန်အင်မတန် ကျွတ်ဖို့ လွတ်ဖို့ ခဲယဉ်းတယ်တဲ့ဗျ။ အသူရာသက်တမ်းက အနှစ်ခြောက်သောင်းတဲ့။ အနှစ် ဘယ်လောက် တုန်း ?

"ခြောက်သောင်းပါဘုရား"

သူ့တစ်နှစ်ကို လူ့အနှစ်နဲ့ တွက်ရင် ၇၃ ကုဋေနဲ့ ၆ သန်းတဲ့။ ဘယ်လောက်သက်တမ်းရှည်သလဲ ဆိုတာ တွက်ကြည့်ဗျ။ ကြောက်စရာ မကောင်းဘူးလား ကောင်းသလား ?

"ကောင်းပါတယ်ဘုရား"

ဒါကြောင့်မို့ ဒါတွေ ဖြစ်မှာစိုးလို့ ဒီတရားတွေ ဟောပေးနေ တာဗျ။ ဒါတွေမသိဘူး။ အဆိပ်ပင်ထဲကနေ မျိုးတွေ ပြန်ကျဖို့လောက်ပဲ စိတ်ကူးနေတော့ စခန်းလည်း ဝင်ပါရဲ့။ တရားလည်း ထိုင်ပါရဲ့။ လျှုပြီဟေ့ဆိုရင် ဗရုတ်သုက္ခတွေက လုပ်လာပြီ။ စဉ်းစားပါ။ အများ အကြိုက် လိုက်မှာလား၊ ဘုရားအကြိုက် လိုက်မှာလား ?

"ဘုရားအကြိုက် လိုက်မှာပါဘုရား"

## သိမှ သံသရာအဝိုင်း ပြေးဓာတ်ရပ်မယ်

ကဲ တို့ဒကာ ဒကာမတွေ ရပ်ထဲရွာထဲ အိမ်ပြန်ရောက်ရင် ဘယ်သူ့အကြိုက် လိုက်ရမလဲ ?

"ဘုရားအကြိုက် လိုက်မှာပါဘုရား"

ဘုရားအကြိုက် လိုက်ချင်တယ်ဆိုရင် ဘာသိပြီးမှ လှူရမှာလဲ ?

သစ္စာသိပြီးမှ လှူရမှာပါဘုရား"

ဒါဖြင့် အဆိပ်မျိုးကနေ ဘာတွေ ပေါက်ထွက်လာတာလဲ ?

"အဆိပ်ပင်ပေါက်တာပါဘုရား"

ဒါကြောင့် 'အပင်မှမျိုး မျိုးမှအပင်'၊ အပင်နဲ့ မျိုး ဘယ်က အရင်တုန်း။ မျိုးက အရင်လို ပြောရအောင်ကလည်း အဲဒီမျိုး ဘယ်က လာတာတုန်း ?

"အပင်ကပါဘုရား"

အပင်လို့ ပြောရအောင်ကလည်း အဲဒီအပင် ဘယ်က လာတာတုန်း ?

"မျိုးကပါဘုရား"

ကဲ ဘယ်သူအရင်တုန်း။ အစရှာလို့ ရသလား ?

"မရပါဘူးဘုရား"

ဒါကြောင့်မို့ ပါဠိတော်က 'အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ န ပညာယတိ' တဲ့။ ရှေးတုန်းက ဘယ်လောက်လည်ခဲ့ပြီ ဆိုတာလည်း ဘယ်သူ အစရှာလို့ ရသလဲ ?

"မရပါဘူးဘုရား"

ဒါကြောင့် မြတ်စွာဘုရားက 'မင်းတို့ မရှာနဲ့၊ မောတယ် ငါ ရှာပေးမယ်' တဲ့။ အဝိဇ္ဇာ နီဝရဏံ တဏှာ သံယောဇနာန' တဲ့။ အပင်မှ မျိုး၊ မျိုးမှ အပင်ကျရခြင်းအကြောင်းကို ငါရှာပေးမယ်။ အဲဒါ သစ္စာမသိလို့တဲ့ကွ တဲ့။ ဘာမသိလို့လဲ ?

"သစ္စာမသိလို့ပါဘုရား"

ဒါဖြင့် အကြောင်းအကျိုး ဇာတ်လမ်းတွေ သိမ်းချင်တယ်။ အဆိပ်ပင် အဆိပ်မျိုး သိမ်းချင်တယ်ဆိုရင် ဘာသိအောင် လုပ်ရမယ် ?

"သစ္စာသိအောင် လုပ်ရပါမယ်ဘုရား"

ဒါကြောင့် 'မသိက တစ်ပတ်ပတ်' တဲ့။ မသိလို့ သံသရာ တစ်ပတ်ပြီး တစ်ပတ် လည်မနေဘူးလား ?

"လည်နေပါတယ်ဘုရား"

မသိတာက ?

"အဝိဇ္ဇာပါဘုရား"

မသိဘဲ လုပ်ချင်ရာ လုပ်ခဲ့တာက ?

"သင်္ခါရပါဘုရား"

အဲဒီလို မသိဘဲနဲ့ တစ်ပတ်ပြီး တစ်ပတ် မဝိုင်းခဲ့ဘူးလား ?

"ဝိုင်းခဲ့ပါတယ်ဘုရား"

နောက်ဆုံး ဘယ်ဘဝ ဘယ်ခန္ဓာရရ မသေဘဲ နေမှာလား၊ သေမှာလား ?

"သေမှာပါဘုရား"

သေတာက မရဏ၊ သေတဲ့အခါကျတော့ ရုပ်ကလာပ်ကြီးက လှည့်လာပြီ ဆိုတဲ့အခါကျတော့ ဘယ်သူဘယ်ဝါ လှည့်တယ်လို့ ပြောသလား မသာလှည့်တယ်လို့ ပြောသလား ?

"မသာလှည့်တယ်လို့ ပြောပါတယ်ဘုရား"

မသာပွဲ နွှဲရတာ ဘာမသိလို့ပါလိမ့် ?

"သစ္စာမသိလို့ပါဘုရား"

မသိလို့ ဘာပွဲ နွှဲရတာလဲ ?

"မသာပွဲ နွှဲရတာပါဘုရား"

ဒါကြောင့် ပြောတာပေါ့ မသိမသာတဲ့။ ဘာတဲ့တုန်း ?

"မသိမသာပါဘုရား"

မသိတာက ?

"အဝိဇ္ဇာပါဘုရား"

မသာဖြစ်ရတာက ?

"မရဏပါဘုရား"

မှတ်ထား မသိရင် မသာဖြစ်ရမယ်တဲ့။ မသိရင် ဘာဖြစ်မှာတုန်း ?

"မသာဖြစ်ရမှာပါဘုရား"

စဉ်းစားနော် မသိရင် ဘာပွဲနွှဲရမှာတုန်း ?

"မသာပွဲ နွှဲရမှာပါဘုရား"

မသိလို့ အဝိုင်းဝိုင်းခဲ့တာ တစ်ဝိုင်းထဲလား အဝိုင်းပေါင်း များစွာလား ?

"အဝိုင်းပေါင်းများစွာပါဘုရား"

ဒါကြောင့် မသိက တစ်ပတ်ပတ်၊ တစ်ပတ်ပြီး တစ်ပတ်၊ တစ်ပတ်ပြီး တစ်ပတ် မပြေးခဲ့ရဘူးလား ?

"ပြေးခဲ့ရပါတယ်ဘုရား"

အဝိုင်းအစပ်တွေများ ရပ်တယ်များ ရှိရဲ့လား ?

"မရှိပါဘူးဘုရား"

တစ်သံသရာလုံး အဝိုင်းပြေး ပြေးခဲ့တာ ဝိုင်းကြီးပတ်ပတ် ?

"ဒူဝေဝေပါဘုရား"

ဟုတ်တယ်လေ၊ အဝိုင်းပြေး ပြေးတဲ့အခါ နောက်ဆုံး မသာပို့တော့ ဘာနဲ့ပို့တုန်း ?

"ကြေးစည်နဲ့ ပို့ပါတယ်ဘုရား"

အဲဒီတော့ ကြေးစည်က ထုလိုက်တော့ ဘာသံထွက်တုန်း ?

"ဒူဝေဝေလို့ ထွက်ပါတယ်ဘုရား"

စဉ်းစားကြည့်ဗျ။ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေပွဲ နွှဲနေရတာ ဘာမသိလို့ပါလိမ့် ?

"သစ္စာမသိလို့ပါဘုရား"

မသိတာက ?

"အဝိဇ္ဇာပါဘုရား"

တစ်ကြိမ်ထဲလား အကြိမ်ကြိမ်လားဟေ့ ?

"အကြိမ်ကြိမ်ပါဘုရား"

ဒါကြောင့် အပင်မှ မျိုး၊ မျိုးမှ အပင် ပြတ်တယ်လို့များ ရှိသေးရဲ့လား ?

"မရှိပါဘူးဘုရား"

မှတ်ထား သစ္စာမသိသေးသမျှ ဘယ်တော့မှ အဝိုင်းပြေးဇာတ် မရပ်ဘူး မှတ်ပါ။ 'မသိက တစ်ပတ်ပတ် သိမှ အပြေးရပ်' တဲ့။ သိမှ ဘာတဲ့တုန်း ?

"အပြေးရပ်မှာပါဘုရား"

သံသရာအဝိုင်းပြေးဇာတ် ရပ်မယ်လို့ ပြောတာ။ သံသရာ လည်ရခြင်းရဲ့အစက မသိက စတာ။ မသိတာ ဘယ်သူတုန်း ?

"အဝိဇ္ဇာပါဘုရား"

လုပ်ချင်ရာ လုပ်ခဲ့တာက ?

"သင်္ခါရပါဘုရား"

## သစ္စာနှစ်ပါးနဲ့သာ လည်ခဲ့တာ

'မသိက စ၊ သိက အဆုံး၊ ကိစ္စတုံး၏' တဲ့။ သိက အဆုံး ဆိုတာ သစ္စာများ သိသွားရင် အဒိုကိစ္စ အနာကိစ္စ အသေကိစ္စတွေ တုံးမယ်တဲ့။ 'ကံမွဲ ဉာဏ်နုံ့၊ မလုံ့မလ၊ နတ်မမဘူး' တဲ့။ ဘယ်ဘုရားမှ နိဗ္ဗာန် မဂ်ဖိုလ် ရက်တိုတိုကိုလည်း မရဘူး၊ ရှည်လည်း မရဘူး တောင်းမနေနဲ့။

ဒါဖြင့် သံသရာက လွတ်ချင်ရင် ဘုရား နားပူနားဆာလုပ်ရမှာလား၊ သစ္စာသိအောင် လုပ်ရမှာလား ?

"သစ္စာသိအောင် လုပ်ရမှာပါဘုရား"

ကံကလည်း မွဲသေး၊ ဉာဏ်ကလည်း နည်းသေး၊ လုံ့လ ဝီရိယကလည်း မရှိဘူး။ ခန္ဓာဉာဏ်ရောက် အလုပ်မလုပ်ချင်ဘဲနဲ့

ဘုရားနားသွားပြီးတော့ ပေါချောင်ကောင်းကြီးနဲ့ ဆုတောင်းရှည်နေတာတွေ မရှိဘူးလား ရှိသလား ?

"ရှိပါတယ်ဘုရား"

ဘာကောင်းလဲ ?

"ပေါချောင်ကောင်းပါဘုရား"

ပေါချောင်ကောင်း၊ ပေါတောတော လူတန်းစားတို့သည် အချောင်သမားဝါဒဖြင့် အကောင်းဆုံးဖြစ်သော နိဗ္ဗာန်ကို ဆုတောင်း၍ နေကြကုန်၏ တဲ့။ ဒါဖြင့် ပေါချောင်ကောင်းဆိုတာ ဘာအလုပ်မှ မလုပ်ဘဲနဲ့ ဘုရားနားသွားပြီး ဆုတောင်းတာကို ပြောတာ။ အဲဒါ ပေါချောင်ကောင်းထဲမှာ ယောဂီတို့ ပါသေးလား ?

"မပါပါဘူးဘုရား"

ဒါကြောင့် 'ကံမွဲ ဉာဏ်နုံ့၊ မလုံ့မလ၊ နုတ်မမဘူး' 'အပင်မှမျိုး၊ မျိုးမှ အပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်' တဲ့။

မျိုးဆိုတာ တခြားလား အကြောင်းတရားလား ?

"အကြောင်းတရားပါဘုရား"

အပင်က ?

"အကျိုးတရားပါဘုရား"

နောက်က မျိုးတွေ ကျတာက ?

"အကြောင်းတရားပါဘုရား"

နောက်က အပင်တွေပေါက်တာက ?

"အကျိုးတရားပါဘုရား"

ဒါဖြင့် အကြောင်းအကျိုးတွေက လည်ချင်လို့ လည်တာလား၊ စပ်လို့ လည်တာလား ?

"စပ်လို့ လည်တာပါဘုရား"

ဒါကြောင့် 'အမျှင်မပြတ် ဆက်စပ်သည့်ဟန်' ပြီးတော့ အနီးကပ်ဆုံး ကြည့်လိုက်ရင် 'ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံ'

ဒီခန္ဓာကြီး အကြောင်းပြုပြီး နေ့တိုင်း ကံတွေ မြောက်နေတာ မရှိဘူးလား ?

"ရှိပါတယ်ဘုရား"

ကုသိုလ်ကံ မြောက်သလို သားရေးသမီးရေး အကုသိုလ်ကံလည်း ?

"မြောက်ပါတယ်ဘုရား"

ဒါကြောင့် 'ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံ'၊ ယောဂီတို့လုပ်ခဲ့တဲ့ ကံက သစ္စာသိလို့ လုပ်ခဲ့တာလား၊ မသိဘဲ လုပ်ခဲ့တာလား ?

"မသိဘဲ လုပ်ခဲ့တာပါဘုရား"

မသိတာက ?

"အဝိဇ္ဇာပါဘုရား"

ကံတွေ ပြုလုပ်တာက ?

"သင်္ခါရပါဘုရား"

အဝိဇ္ဇာ ပစ္စယာ ?

"သင်္ခါရာပါဘုရား"

အောက်ဆွဲကြည့် အကျိုးတရားလား အကြောင်းတရားလား ?

"အကြောင်းတရားပါဘုရား"

ဘာသစ္စာလဲ ?

"သမုဒယသစ္စာပါဘုရား"

မြန်မာလို ပြန်ပါဦး ?

"ဆင်းရဲကြောင်းအမှန်ပါဘုရား"

ဆင်းရဲကြောင်းအမှန် လုပ်မှတော့ ရလာတဲ့ အကျိုးက ချမ်းသာကျိုးလား ဆင်းရဲကျိုးလား ?

"ဆင်းရဲကျိုးပါဘုရား"

ဒါကြောင့်မို့ ဆင်းရဲကြောင်းလုပ်လို့ ဆင်းရဲကျိုးရတယ်။

သမုဒယသစ္စာပွားလို့ ဒုက္ခသစ္စာရတာ။ ဒါကြောင့် 'ဖြစ်ပြန် နည်းအလျော်၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံ၊ အဖန်ဖန်' တစ်ကြိမ်ထဲလား အကြိမ်ကြိမ်လား ?

"အကြိမ်ကြိမ်ပါဘုရား"

အကြိမ်ကြိမ်အဖန်ဖန် အထပ်ထပ်မို့ ဘာတဲ့တုန်း ?

"အလွှာပါဘုရား"

အလွှာ ဘယ်နှစ်လွှာရှိတုန်း ?

"လေးလွှာပါဘုရား"

'ဖြစ်ပြန် နည်းအလျော်' ကြည့်လိုက်စမ်း။ ဘာနဲ့ လျော်နေတုန်းဆိုတော့ သစ္စာ။ ဆင်းရဲကြောင်းလုပ်ရင် ?

"ဆင်းရဲကျိုး ရပါတယ်ဘုရား"

ဆင်းရဲကျိုးမသိရင် ဘာပြန်လုပ်မှာလဲ ?

"ဆင်းရဲကြောင်း ပြန်လုပ်မှာပါဘုရား"

ဆင်းရဲကြောင်းပြန်လုပ်ရင် ဘာပြန်ရ ?

"ဆင်းရဲကျိုး ပြန်ရတာပါဘုရား"

တစ်သံသရာလုံး သစ္စာ ဘယ်နှစ်ပါးနဲ့ လည်ခဲ့တာလဲ ?

"နှစ်ပါးပါဘုရား"

မှတ်ထား။ ဆရာတော်ဘုရားကြီးက ပဋိစ္စ သမုပ္ပါဒ်ထဲမှာ သစ္စာနှစ်ပါးတည်း ထည့်ထားတာက ဖြစ်စဉ်ကို ဟောထားတာ။ ဟောစဉ်မှာ သစ္စာလေးပါးလုံး ဟောမယ်။ ဒုက္ခ၊ သမုဒယ၊ မဂ္ဂ၊ နိရောဓ။ အဲဒါ ဟောစဉ်။ ဖြစ်စဉ်မှာ နှစ်ပါးထဲ ဟောတယ်၊

ဖြစ်စဉ်က ဘယ်နှစ်ပါးလဲ ?

"နှစ်ပါးပါဘုရား"

ဘယ်သစ္စာနဲ့ ဘယ်သစ္စာ ?

"သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပါဘုရား"

ကျင့်စဉ်က ဘယ်သစ္စာနဲ့ ဘယ်သစ္စာ ?

"မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာပါဘုရား"

ခန္ဓာဉာဏ်ရောက် သစ္စာမကျင့်တဲ့ ပုဂ္ဂိုလ်အတွက် မဂ္ဂသစ္စာ ကိန်းမလား ?

"မကိန်းပါဘူးဘုရား"

မဂ္ဂသစ္စာမှာ မကိန်းရင် နိရောဓသစ္စာ မျက်မှောက်ပြုမလား ?

"မပြုပါဘူးဘုရား"

ဒါကြောင့်မို့ ကျင့်တဲ့ပုဂ္ဂိုလ်သန္တာန်မှာပဲ မဂ္ဂနဲ့ နိရောဓကေ ပေါ်မယ်။ မကျင့်တဲ့ပုဂ္ဂိုလ်က သံသရာလည်ရင် သစ္စာ ဘယ်နှစ်ပါးနဲ့ လည်သလဲ ?

"နှစ်ပါးနဲ့ပါဘုရား"

ဘာနဲ့ ဘာတုန်း ?

"သမုဒယနဲ့ ဒုက္ခပါဘုရား"

ဒါတွေက ပို့င့်တွေဗျ။ အရှင်ဘုရားတို့ မှတ်သာထား။

## နိဗ္ဗာန်နန်းတော် ဉာဏ်ဖြင့်မျှော်

ဟောစဉ်၊ ဖြစ်စဉ်၊ ကျင့်စဉ်တဲ့။ ဆရာတော်ဘုရားကြီး ရေး ထားတာက ဖြစ်စဉ်။ ဖြစ်စဉ်ကို နားလည်မှ သံဝေဂယူပြီးတော့ ဘာ လုပ်မှာလဲ ?

"ကျင့်မှာပါဘုရား"

ကျင့်မှ ယောဂီတို့ရေ မဂ္ဂနိရောဓကိန်းမှ ဒုက္ခကို ပိုင်းခြားသိ၊ သမုဒယကို ပယ်၊ မဂ္ဂကို ပွား၊ နိရောဓကို မျက်မှောက်ပြုတဲ့။

ဒါကြောင့်မို့လို့ ယောဂီတို့ ဘုန်းကြီးတို့က 'ဗြဟ္မာသိကြား စသည်များက ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်' ကြည့်လိုက်စမ်းပါဦး။ အကြောင်းတရားထဲမှ သိကြား ဗြဟ္မာ ထာဝရ ဘုရားပါလား ?

"မပါပါဘူးဘုရား"

အကြောင်းခမ္မကြောင့် ဘာပေါ်တာလဲ ?

"အကျိုးဓမ္မ ပေါ်တာပါဘုရား"

အကျိုးဓမ္မ ကြည့်တော့လည်း သမုတိသစ္စာကြည့်ရင် ယောကျ်ား မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါ ဘာပြောပြော တကယ်တမ်းကျတော့ ခန္ဓာ ဘယ်နှစ်ပါးတုန်း ?

"ငါးပါးပါဘုရား"

အကြောင်းဓမ္မကြောင့် ဘာပေါ်တာတုန်း ?

"အကျိုးဓမ္မပေါ်တာပါဘုရား"

အကျိုးဓမ္မကြည့်တော့လည်း တည်တံ့သလား ဖြစ်ပျက်လား ?

"ဖြစ်ပျက်ပါဘုရား"

ဒါကြောင့်မို့ ဖြစ်ပျက်က ဘာသစ္စာလဲ ?

"ဒုက္ခသစ္စာပါဘုရား"

သိတဲ့ ဉာဏ်က ?

"မဂ္ဂသစ္စာပါဘုရား"

သိလိုက်တော့ မသိတဲ့ အဝိဇ္ဇာလည်း ?

"ပြုတ်ပါတယ်ဘုရား"

ဘုံဘဝလိုချင်တဲ့ တဏှာလည်း ?

"ပြုတ်ပါတယ်ဘုရား"

စွဲလန်းတဲ့ ဥပါဒါန်လည်း ?

"ပြုတ်ပါတယ်ဘုရား"

အားထုတ်တဲ့ ကံလည်း ?

"ပြုတ်ပါတယ်ဘုရား"

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ သမုဒယသစ္စာမှ ချုပ်ပေါ့။ နောက်ထပ် အပါယ်သံသရာ ကျစရာ လိုဦးမလား ?

"မလိုတော့ပါဘူးဘုရား"

အပါယ်သံသရာ ဒုက္ခတို့ရဲ့ ချုပ်ရာ ငြိမ်းရာ သိမ်းရာက ဘာ သစ္စာလဲ ?

"နိရောဓသစ္စာပါဘုရား"

နိရောဓသစ္စာဆိုတာ တခြားလား နိဗ္ဗာန်လား ?

"နိဗ္ဗာန်ပါဘုရား"

နိဗ္ဗာန်လိုချင်ရင် အမှားကိုလည်း သိဖို့ မလိုဘူးလား ?

"လိုပါတယ်ဘုရား"

အမှန်ကိုလည်း သိဖို့ မလိုဘူးလား ?

"လိုပါတယ်ဘုရား"

အမှားအမှန် နှစ်ခုကို ဝေဖန်ပိုင်းခြားသိတာသည် ပုဂ္ဂိုလ်က သိတာလား ဉာဏ်က သိတာလား ?

"ဉာဏ်က သိတာပါဘုရား"

အဲဒီဉာဏ်ကလေး ရဖို့အတွက် ဘယ်တရားကို အခြေခံရ မှာလဲ ?

"ပဋိစ္စ သမုပ္ပါဒ်ပါဘုရား"

ပဋိစ္စ သမုပ္ပါဒ် တရားမနာဘဲနဲ့ အမှားအမှန် သိမလား ?

"မသိပါဘူးဘုရား"

မသိဘဲနဲ့ ကျင့်ရင် မှန်းကျင့် ရမ်းကျင့်၊ အကန်းကျင့်လို့သာ မှတ်။ အခုလို ကျကျနနသိရတော့ ခန္ဓာဉာဏ်ရောက်အောင် သိလိုက် တော့ ခန္ဓာအဖြစ်အပျက်က ဘာလဲ ?

"ဒုက္ခသစ္စာပါဘုရား"

သိတဲ့ဉာဏ်က ?

"မဂ္ဂသစ္စာပါဘုရား"

အဆိပ်ပင်မှန်း သိလိုက်တော့ နောက်ထပ် လိုချင် ရချင်တာ လာဦးမလား ?

"မလာတော့ပါဘူးဘုရား"

သေသွားတဲ့ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံက ဘာသစ္စာ သေတာလဲ ?

"သမုဒယသစ္စာ သေတာပါဘုရား"

သမုဒယသစ္စာမှ သေပေါ့ ယောဂီတို့ရေ၊ နောက်ထပ် ယမမင်းတွေ အသူရကာယ်တွေ အပါယ်လေးပါး ကျစရာ လိုသေးလား ?

"မလိုတော့ပါဘူးဘုရား"

အပါယ်လေးပါ ဒုက္ခတို့ရဲ့ ချုပ်ရာ ငြိမ်းရာ သိမ်းရာက ဘာသစ္စာလဲ ?

"နိရောဓသစ္စာပါဘုရား"

နိရောဓသစ္စာ ဆိုတာ တခြားလား နိဗ္ဗာန်လား ?

"နိဗ္ဗာန်ပါဘုရား"

နိဗ္ဗာန်လိုချင်ရင် ဘာဝင်ရမှာလဲ ?

"ဉာဏ်ဝင်ရပါမယ်ဘုရား"

အဲဒီဉာဏ်က မိုးပေါ်က ကျမှာလား ?

"မကျပါဘူးဘုရား"

ဆုတောင်းလို့ ရမလား ?

"မရပါဘူးဘုရား"

ခန္ဓာပေါ် ဘာရောက်အောင် လုပ်ရမှာလဲ ?

"ဉာဏ်ရောက်အောင် လုပ်ရပါမယ်ဘုရား"

ခန္ဓာကို ဉာဏ်နဲ့ ရှုနိုင်မှသာလျှင် ဘာကို မျှော်မှန်းနိုင်မလဲ ?

"နိဗ္ဗာန်ကို မျှော်မှန်းနိုင်မှာပါဘုရား"

ဒါကြောင့် 'ဉာဏ်ဖြင့် ရှု၍မျှော်' တဲ့။ တို့ဗုဒ္ဓဘာသာတွေ လုပ်တာ ရမ်းရမ်းလုပ်တဲ့အတွက် ကြာလေ နိဗ္ဗာန်နဲ့ ဝေးလေ။ ကြာလေ နိဗ္ဗာန်နဲ့ ဝေးလေ။ ဘာမပါလို့လဲ ?

"ဉာဏ်မပါလို့ပါဘုရား"

နိဗ္ဗာန်ကို သွားချင်ရင် ဘာရထားနဲ့ သွားရမှာလဲ ?

"ဉာဏ်ရထားနဲ့ သွားရမှာပါဘုရား"

နိဗ္ဗာန်အကျိုးကိုမျှော်ရင် ဘာနဲ့ မျှော်ရမလဲ ?

"ဉာဏ်နဲ့ မျှော်ရမှာပါဘုရား"

ဒီလိုသာ ငါတို့ ဗုဒ္ဓအလိုတော်ကျ ကျင့်နိုင်ရင် သံသရာဝဋ်ဒုက္ခက လွတ်မြောက်၍ နိဗ္ဗာန်ကို ရလိမ့် ရောက်လိမ့်မယ်လို့ ဆုံးဖြတ်ချက်ချပြီး သာဓုခေါ်ကြပါကုန်။

**(သာဓု သာဓု သာဓုပါဘုရား)**

■

# သမ္မဒါနီ ဓမ္မဒါနီ ဗိနာတိ

## ဓမ္မရံသီ မိုးကုတ်စာစဉ်များ ပြန့်ပွားရေး ဓမ္မပဒေသာ မတည်အလှူရှင်များ

### ကျပ်တစ်သိန်းအလှူရှင်

၁။ ဒေါ်ညီမ (မြေး) မောင်သီဟထွန်း–ရူပါစတား ဆန်ရောင်းဝယ်ရေး၊ လားရှိုးမြို့။

၂။ ဦးတင်အောင်–ဒေါ်ငြိမ်းရင်၊ သား သမီး မြေးတစ်စု ကောင်းမှု၊ လားရှိုးမြို့။

၃။ ဦးမောင်တိုး–ဒေါ်စောတင် သား ဗိုလ်မှူး စိုင်းညီတိုး၊ သမီး နန်းမီမီတိုး၊ နန်းရတနာတိုး – စစ်ငြိမ်းပန်း စာပေမိသားစု၊ လားရှိုး။

၄။ ဦးကျော်ဝင်း – ဒေါ်စန်းစန်းပျို မိသားစု၊ မင်းတံတားရပ်၊ မိုးကုတ်မြို့။

### ကျပ်ငါးသောင်းအလှူရှင်

၅။ မိဘာနှစ်ပါး အမှူးထား၍ ဒေါ်ထားထား၊ သား စိုင်းအောင်ဇော်ဦး၊ အမှတ် (၇) မောသီရိကွက်သစ်၊ လားရှိုးမြို့။

၆။ ဦးအေးကျော် – ဒေါ်နွယ်လေးနိုင်၊ သား ဗိုလ်ကြီး အေးဇေယျာကျော်၊ ဗိုလ်အေးသူကျော်၊ သမီး မအေးသက်ထားနွယ်၊ မအေးထိပ်ထားနွယ် မိသားစု၊ လားရှိုးမြို့။
၇။ ဦးမောင်နီ – ဒေါ်စောလှိုင် မိသားစု၊ တောင်ကြီး တာယာ လေထိုးဆိုင် (၁၇၆) မြောက်ကျောင်းလမ်း။
၈။ သစ္စာမေ့သဘင် ဖြစ်မြောက်ရေး သာကျိုးဆောင်အဖွဲ့၊ လားရှိုးမြို့။
၉။ ဦးအုံးရီ – ဒေါ်လှလှ မြေး၊ စိုးလင်းထိုက် – နေခွေးကို မိသားစု၊ မင်းတံတားရပ်၊ မိုးကုတ်မြို့။

## ကျပ်သုံးသောင်းအလှူရှင်

၁၀။ ကိုထွန်းထွန်းဦး – မခါးတမာ၊ တော်ဝင်မိုး လက်ဘက် မိသားစု၊ လားရှိုးမြို့။
၁၁။ မိဘများအား အမှူးထား၍ ဒေါ်လှကြည်၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်မော်မော်၊ စန်းစန်းဝင်း ငါးပိ/ ခြောက် ရောင်းဝယ်ရေး၊ လားရှိုးမြို့။
၁၂။ ဦးသန်းညွန့်မောင် – ဆရာမကြီး ဒေါ်စန်းကြည်၊ ရပ်ကွက် (၇)၊ လားရှိုးမြို့။
၁၃။ ဦးမောင်မောင် – ဒေါ်ကြည်ကြည် မိသားစု၊ ရက (၂)၊ သိန္နီလမ်း (၅၇) လားရှိုးမြို့။

## ကျပ်တစ်သောင်းခွဲအလှူရှင်

၁၄။ ဦးအောင်ကျော်ကျော် – ဒေါ်နန်းခင်စန်း၊ သား ဟိန်းထက်အောင်၊ သမီး ခင်သီရိခင်၊ ရပ်ကွက် (၈)၊ လားရှိုးမြို့။

## ကျပ်တစ်သောင်းအလှူရှင်

၁၅။ မိခင်ကြီး ဒေါ်မြ အား အမှူးထား၍ ဒေါ်နှင်းနွယ် မိသားစု၊ ရပ်ကွက် (၈)၊ လားရှိုးမြို့။

၁၆။ နှစ်ဘက်မိဘ အမှူးထား၍ ကိုးမျိုး – မသဲသဲ မိသားစု၊ ရက (၇) မောသီရိကွက်သစ်၊ လားရှိုးမြို့။

## ကျပ်ငါးထောင်အလှူရှင်

၁၇။ ဒေါ်နန်းမြကြည်၊ ရပ်ကွက် (၄)၊ လားရှိုးမြို့။

၁၈။ မကျော့ခိုင်၊ ရပ်ကွက် (၈)၊ လားရှိုးမြို့။

## မိုးကုတ် မန္တလေး မုံရွာ ဓမ္မရံသီရိပ်သာကြီးများ၏ ဥက္ကဋ္ဌ ဦးစီးပဓာနနာယက နိုင်ငံတော်ကမ္မဋ္ဌာနာစရိယ ၂၁ သာသနာပြု နယ်လှည့်ဓမ္မကထိက

## ဆရာတော် ဘဒ္ဒန္တသုနန္ဒ အရှင်သူမြတ် ဟောကြား ရေးသားထုတ်ဝေပြီး စာအုပ်များ

ဓမ္မရံသီစာစဉ် ၁
ဗုဒ္ဓဘာသာ ငါးမျိုးနှင့် သစ္စာလေးပါးတရားတော်

ဓမ္မရံသီစာစဉ် ၂
သူလိုမိန်းမသား ရှာမှရှား

ဓမ္မရံသီစာစဉ် ၃
ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပျောက်
ပဋိစ္စသမုပ္ပါဒ်သင်တန်း တရားတော်

### ဓမ္မရံသီစာစဉ်မှ ဆက်လက်ထွက်တော့မည့် စာအုပ်ကောင်းများ

ဓမ္မရံသီစာစဉ် ၄
အခြေခံဝိပဿနာရှုပွားနည်း (ကာယာနုပဿနာ)

ဓမ္မရံသီစာစဉ် ၅

ဗုဒ္ဓရည်မှန်း မြတ်ပဋ္ဌာန်း

ဓမ္မရံသီစာစဉ် ၆

၃၈ ဖြာ မင်္ဂလာ (အသုံးချပညာ)

ဆရာတော်ဘုရား ဟောကြားရေးသားအပ်သော ဓမ္မစာပေနှင့် တိတ်ခွေ VCD, M.P 3, CD, DVD တရားတော်များ ဖြန့်ချိရေးမှ ရရှိသော ဓမ္မပူဇာ အဖြာဖြာဖြင့် ဆရာတော်ဦးစီးတည်ထောင်အပ်သော မိုးကုတ်၊ မန္တလေး၊ မုံရွာ ဓမ္မရံသီရိပ်သာကြီးများနှင့် တရားစခန်း အသီးသီးသို့ အများပေါင်းစု မြတ်ကောင်းမှုဖြင့် မတည်လှူဒါန်းသွားမည် ဖြစ်ပါသည်။

မှာယူပူဇော်လိုပါက အောက်ပါ အဖွဲ့ဝင် ဖုန်းနံပါတ်များ တိုက်ရိုက် ဆက်သွယ်မှာယူ ပူဇော်နိုင်ပါသည်။

၁။ ကိုသန်း ဓမ္မရံသီ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး သာသနာ့နုဂ္ဂဟအဖွဲ့၊ မန္တလေး။ ဖုန်း – ၀၉၉၀၅၁၃၁

၂။ ဓမ္မရံသီ မိုးကုတ်ရိပ်သာ ကုန်းမြင့်သာယာရပ်၊ မိုးကုတ်မြို့။ ဖုန်း – ၀၉၆၉၇၀၄၃၈၊ ၀၉၉၀ – ၃၀၂၆၅

၃။ ဦးအောင်ကျော် ဓမ္မရံသီ မိုးကုတ်ရိပ်သာ၊ မိုးကုတ်မြို့။ ဖုန်း – ၀၉၆၉၇၀၄၃

၄။ ဦးထွန်းထွန်းမင်း ဓမ္မရံသီ မိုးကုတ်ဝိပဿနာတရားစဉ် လုပ်ငန်းစဉ် ပြန့်ပွားရေး သာသနာ့နုဂ္ဂဟအဖွဲ့။ မုံရွာ။ ဖုန်း – ၀၇၁ – ၂၂၄၁၂

၅။ ဦးတင်ဆွေ၊ မုံရွာမြို့။ ဖုန်း – ၀၇၁ – ၂၁၇၉၈၊ ၀၇၁ – ၂၃၁၂၃

၆။ ဦးကျော်ဝင်း၊ မိုးကုတ်မြို့။ ဖုန်း – ၀၉၆ ၉၇၀၉၇၉

ဓမ္မရံသီဆရာတော် ၀၉၅၂၆၂၁၉၀၊ ၀၉၉၀၃၀၂၆၅
၀၉၅၃၄၁၁၂၆၊ ၀၉၂၁၃၃၀၅၈



## ကျမ်းစာအုပ်၌

- ဗုဒ္ဓဘာသာဆိုတာ ဘာကိုပြောတာလဲ ?
- ဗုဒ္ဓဘာသာအစ ဘယ်ကလဲ ?
- ပဋိစ္စသမုပ္ပါဒ် ဆိုတာဘယ်လိုတရားမျိုးလဲ ?
- ရှင်တော်မြတ်ဗုဒ္ဓ၏ ပဋိစ္စသမုပ္ပါဒ်တရားအပေါ်ထားရှိသည့် သဘောထားဘယ်လိုလဲ ?
- ပဋိစ္စသမုပ္ပါဒ်ကို နားလည်ခြင်းဖြင့် ဘယ်လိုအကျိုးကျေးဇူးများရနိုင်မလဲ ?
- ဘုရားဘယ်နှစ်မျိုးရှိသလဲ ?
- ရှင်တော်မြတ်ဗုဒ္ဓအလိုတော်ကျ ကုသိုလ်ကောင်းမှု ဘယ်လိုပြုရမှာလဲ ?
- ရတနာသုံးပါးအပေါ် ထေရဝါဒအထက်တန်းစား ဗုဒ္ဓဘာသာဝင်တစ်ဦးရဲ့ ချဉ်းကပ်ကိုးကွယ်မှုဆိုတာ ဘယ်လိုလဲ ?
- ပဋိစ္စသမုပ္ပါဒ်ရဲ့ အဓိကသောချက်ဟာဘာလဲ ?

စသည့် စသည်အားဖြင့် ငြိမ်းအေးသောဘဝပိုင်ရှင်၊ မြင့်မြတ်လိုသူတို့အတွ
မြင့်မြတ်သောနှလုံးသားဖြင့် ငါကောင်းစားရေးဝါဒကို စွန့်လွှတ်ပြီး စွန့်လွှတ်ခြင်းဖြင့် လော
ကို အလှဆင်နိုင်ဘို့ ရှင်တော်မြတ်ဗုဒ္ဓ အလိုတော်ကျ ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်း
သစ္စာနည်းများကို သစ္စာလင်းရောင်ဉာဏ်တန်ဆောင်ဖြင့် မိုက်မှောင်ပယ်ခွင်း နိဗ္ဗာန်ချဉ်း
ရည်ရွယ်မှန်းထား နှလုံးသားဖြင့် ပြန့်ပွားလိုသူ များရှင်လူအတွက် ရှင်လင်းပြတ်သားစွာပေ
ထားပါတယ်။

စီ စဉ် ပူ ဇော် သူ

အရှင်ဇောတိသာရ(စဉ့်ကူ